

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

3 FEB 2013

# ရွှေသမင် စာပေ

မှ စီစဉ်တင်ဆက်သည်။

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁- ၂၉၆၁၁၀၊ ၀၁- ၃၉၈၅၅၇၊
၀၁-၈၆၁၀၀၈၈

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဒေါ်ကေခိုင်ဦး (မြ-၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ - ဒေါ်နွဲ့နွဲ့ရီ (မြ-၀၉၈၇၀)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၄၂၃)၊ (၁)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အကြိမ် - ပထမအကြိမ်
၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀/-

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
သျှင်မ
ပန်းတို့၏ကာရန်/ သျှင်မ၊ -ရန်ကုန်။
ရွှေသမင်စာပေ၊ ၂၀၁၃။
၁၉၂ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) ပန်းတို့၏ကာရန်



## အခန်း (၁)

"အငြိုး နင်တို့ ဘယ်လိုလဲ .."
"ဘာလဲ .."
"လိမ္မာအောင် နဲ့လေ ..၊ သနားပါတယ်ဟာ .."
"အေးလေ .. နင် ဖွဲ့ဆုလေးဖြစ်ဖြစ်တော့ ပေးသင့်ပါတယ်"

အငြိုး မျက်နှာက လိမ္မာအောင့် အသံ ကြားလိုက်တာနှင့် သံပရာသီးအခြမ်းလိုက်ကို ကြိတ်ဝါးလိုက်မိသလို မဲ့ရွဲ့ ရှုံ့တွသွား၏။

"မပြောစမ်းပါနဲ့ .. စိတ်ညစ်စရာကြီး"

"ဘာ စိတ်ညစ်စရာရှိလို့လဲ ..၊ ရုပ်လေးလည်း ချောတယ်၊ နင်က ဆေးလိပ်ခုံက အလုပ်သမလေး .. သူက ဆေးလိပ်ဖက်တွေ ပို့တဲ့လူ .. ဘယ်လောက် အဆင်ပြေသလဲ၊ နင်တို့ချင်းက ရွေ့သွားနောက်လိုက်လည်း ညီတယ်လေ .."

ဆေးလိပ်ခုံမှာ ရှိသမျှ မိန်းကလေးတွေက လိမ္မာအောင် ရောက်လာချိန် ရောက်ပြီဆို ပြန်သွားတာနဲ့ အငြိုး ကို စနောက်သံတွေ မကြားချင်မှ အဆုံး ..။

ဆေးလိပ်ရုံ၏ တစ်ဖက်ခြမ်းမှာ သနပ်ဖက်ဖင်စီခံတွေ သင်ညိပ်လုပ်တဲ့ မိန်းကလေးတွေလည်း ရှိကြသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်မ်းကွာကြပေမယ့် ဒီဘက်ကအသံတွေကို ဟိုဘက်က ဒီတိုင်းကြားနေရလေသည်။ ထို့ကြောင့် နွယ်နွယ် က ထား ကို တံတောင်နဲ့ တို့ကာ ...

"မကြာတော့ဘူး ထား ..၊ အငြိုး မျက်လုံးတွေ နင့်ဆီ ရောက်လာလိမ့်မယ် .."

ထား က ထမင်းစားနေရင်း မျက်လွှာပင့်မကြည့်ဘဲ ခေါင်းညိတ်သည်။ ထင်သည့်အတိုင်းပင် ..၊

"ငါ့ထက် ပိုပြီးလိုက်ဖက်တဲ့လူ ရှိတာလည်း ထည့်ပြောဖို့ သတိထားကြပါဦး .. ဟွန်း .."

မျက်လုံးတွေက ထား ဆီကို စုပြုံရောက်လာကြသည်။ ပြီးတော့ ..

"သူတို့က မောင်နှမတွေလို နေတာပါဟယ် ..၊ လိမ္မာအောင် က နင့်ကိုပဲ တစ်ချိန်လုံး တစ်ဖက်သတ် ချစ်လာတာ တစ်မြို့လုံး သိတယ်"

"သူတို့ မောင်နှမ မဟုတ်မှန်းလည်း တစ်မြို့လုံး သိတာပဲလေ၊ နင်တို့ စနေတာကို ခုလောက်ဆို သူ့ရင်ထဲမှာ ကလိကလိ ဖြစ်နေပြီ .. သေချာတယ်၊ လိမ္မာအောင် လည်း သနားတော့ သနားပါတယ်လေ.."

အငြိုး က အသံကို တမင်မြှင့်၍ ပြောရင်း ထမင်းချိုင့် ဖွင့်သည်။

"ကိုယ့်ကို သေလောက်အောင် ကြိုက်နေတဲ့သူကိုတော့ ပြန်မကြိုက်ဘဲနဲ့ .. မကြိုက်ပါဘူးဆိုတဲ့ လူကိုမှ နှစ်နဲ့ချီပြီး အပင်ပန်းခံကြိုးစားနေတယ်"

ငါးခြောက်ကြော်လေး ခပ်ယူပြီး ထမင်းပေါ်တင်သည်။ ခွန်းနဲ့ ခပ်ယူဖို့ကို တော်တော်နဲ့ မလုပ်ဖြစ်ဘဲ ထား ပါးစပ်ထဲက ထမင်းတွေကိုလည်း မျိုမချနိုင် ..။

"အဲဒီတစ်ယောက် တော်တော်ကို လွန်နေပြီ .. တကယ်ပဲ"

"ဟုတ်တယ် ..၊ ထား က သည်းခံမှန်းသိလို့ ပိုဆိုးနေတာ၊ ငါ တကယ်ကို အသည်းယားတယ် .."





မျက်ခြယ် ကလည်း ထမင်းလုတ်ကို သွားနဲ့တိုက်မိအောင် တမင်ဆုပ်၍ မကျေနပ်တာတွေကို ပြချင်နေသည်။ နွယ်နွယ် က မသိမသာချောင်းဟန့်ကာ ...

"သွားမစနဲ့ မျက်ခြယ် ..၊ အဲဒီတစ်ယောက်က အရှက်ရှိတာမဟုတ်ဘူး"

"သိသားပဲ ..၊ တစ်ယောက်မဟုတ်ဘူး တစ်ဖွဲ့လုံး အရှက်မရှိကြဘာ .."

"အငြိုး ကနော် .. ရုပ်လေးလှသလောက် အပြောလည်း ပက်စက်တယ် .. လောဘလည်း ကြီးတယ်၊ နင်တို့ သိလား .. သူက ရုံပိုင်ကိုမှန်းနေတာ .."

သူမတို့ကတော့ ဟိုဘက်လူတွေလို အော်ကျယ်ဟစ်ကျယ် မပြောခဲ့ကြပါ။ မျက်လုံးတွေတောင် မရောက်စေဘဲ ထမင်းစားရင် ပုံစံမပျက်ပြောနေရတာ ဖြစ်သည်။

အလုပ်သံဘောကိုက ဖင်စီခံသမားတွေက တစ်ဆင့်မြင့်ကာ လူဦးရေလည်း နည်းသည်။ လစာ အခွင့်အရေးတွေလည်း ကွာခြား၏။

ဆေးလိပ်သမားတွေကျတော့ အလုပ်ကြမ်းအဆင့်သာသာပဲရှိကာ သူမတို့အတွက် အလုပ်လုပ်ရင်း စကားပြောတာ .. ရယ်မောတာကအစ ကန့်သတ် တားမြစ်ချက် မရှိ ..။

ဖင်စီခံလုပ်တဲ့ အလုပ်သမားတွေကိုလည်း ဘာမှတော့ ကန့်သတ်တာ မရှိပါ။ ဒါပေမယ့် နေထိုင်ပုံ အဆင့်အတန်းတွေက သူ့အလိုလို ကွာခြားသွားကြတာ ဖြစ်သည်။ ပြောရပါလျှင် ဆေးလိပ်ခုံလောက် မိန်းကလေးတွေ လွတ်လပ်တာ မရှိ ..။

"ဟော့.. ဖက်စီတဲ့ နောက်ဖေ မိန်းကလေးတွေ မပြီးသေးဘူးလား"

ဆေးလိပ်ခုံတာဝန်ခံက ဒေါ်စုစု ဖြစ်ကာ တစ်နေ့ကို နှစ်ကြိမ်လောက် ဝင်လာတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



အထဲကို လှမ်းမေးရင်း အငြိုး တို့ရှေ့မှာ ရပ်ကာ ...

"နင်တို့လည်း တော်တော် စကားများတယ်နော် ..၊ ဟိုးအပေါ်ထပ်ထိ နင်တို့အသံ ပေါက်တယ်"

"ဟုတ်လား အန်တီစု .. သူဌေး ဒေါကန်နေပြီလား မသိဘူး"

"အေးပေါ့အေ .. အပေါ်မှာ အလုပ်လုပ်လို့တောင် မရဘူး ထင်တယ်၊ နည်းနည်းပါးပါး ဆင်ခြင်ကြဦး .."

အငြိုး တို့ ဇက်လေးတွေ ပုသွားကြ၏။ ဒေါ်စုစု က ထား တို့ဘက်ကို ကူးသွားပြီး ...

"သမီးတို့ ထမင်းစားပြီးရင် အလုပ် သွက်သွက်လေး လုပ်ပေးနော် ..၊ တနင်္လာနေ့ ပစ္စည်းပို့ရမှာ ..၊ တော်ကြာ ဖင်စီခံမရလို့ဆိုပြီး ဟိုဘက်က အကြောင်းပြကောင်း ရသွားလိမ့်မယ် .."

"ဟုတ်ကဲ့ အန်တီစု ..၊ ပြီးအောင် လုပ်မှာပါ"

"ထား ကရော .. သမီးအမေ နေကောင်းသွားပြီလား"

"အမေက မကောင်းလိုက် ကောင်းလိုက်ပါပဲ အန်တီစု ရယ် ..၊ အသက်ကြီးမှ သွေးဆုံးကိုင်တော့ ပိုဆိုးတာပေါ့၊ အဖေ့သတင်းကလည်း ဘယ်လိုမှ မရဘူး .."

"အေးလေ .. စိတ်ထောင်းကိုယ်ကြေ ဖြစ်ရှာတာ၊ အကူအညီလိုရင် ပြောနော် သမီး ..၊ သမီးက အလုပ်ထဲမှာ ဘာကြွေးမှ မတင်ခဲ့ဖူးဘူး၊ လိုအပ်ရင် ပြော သိလား .. အန်တီ သူဌေးကို ပြောပေးမယ် .."

"ဟုတ်ကဲ့ပါ .."

ခေါင်းညိတ်၍ ထား က နေရာမှ ထကာ ထမင်းချိုင့်သွားသိမ်းသည်။ ဒေါ်စုစု က ပေါင်ထိအောင် ရှည်သည့် ထား ရဲ့ဆံနွယ်တွေကို ကြည့်၍ ပြုံးနေသည်။

ပြီးတော့ ဘာမှ မပြောတော့ဘဲ လှည့်ထွက်သွား၏။

"ထား .."





"ဟင် .."

"အန်တီစု က နင့်ကိုဆို အားလုံးထက် အရေးပေးတာ သိလား"

"မဟုတ်ပါဘူး ..၊ ငါက ဆူခံထိအောင်မှ မနေခဲ့တာ၊ အပြစ်ပြောစရာမရှိအောင် နေတော့ .."

"မဟုတ်ပါဘူး ထား ရယ် .. နင့်ကို ရုံပိုင်က သဘောကျနေမှန်းသူ မသိဘဲ နေမလား .."

"အဲဒါမျိုးတွေ ထပ်မပြောပါနဲ့တော့ မျက်ခြယ် ရယ် ..၊ မတန်ခရာတွေမှန်းပြီး ဒီ့ထက် အပြောခံရပါ့မယ်"

"အံမယ် .. မတန်မရာဆိုတာ ရှိသလား၊ အမိကက အချစ်ရှိကြဖို့ပဲ"

မျက်ခြယ် က အငြိုး တို့ဘက်ကို မျက်လုံးမရောက်ဘဲ ခပ်ဇွေဇွေကြည့်ပြ၍ ...

"ဟိုတစ်ယောက် သူဌေးကို တစ်ပိုင်းသေအောင် ကြိုက်နေတာလည်း လူတိုင်း သိတာပဲ၊ သူဌေးက နင့်ကို သဘောကျနေမှန်းတာလူမသိတာ .."

"ဘယ်သိမလဲဟဲ့ .. ဟိုကလည်း သိက္ခာရှိတယ်၊ ငါတို့ရဲ့ ထားကလည်း သူ့လို ဖျပ်ဖျပ်လူးနေတာမှ မဟုတ်ဘဲ .."

"ကဲ .. တော်ပါပြီ၊ ငါ့ကို ကိုကိုနဲ့ စောင်းမြောင့် ပြောလွန်းလို့တောင် နေစရာမရှိ ဖြစ်နေရတာ"

"အံမယ် .. ဒါ စောင်းပြောတာလား"

"အင်းလေ .. ဒီလောက် တည့်တည့်ကြီး ကြည့်ပြီး နေ့ရှိသမျှပြောနေတာကို .."

"တော်ပါတော့ဆို နွယ်နွယ် ရာ ..၊ ဟိုဘက်က မမြင့် ကြီးကြားကုန်ပါ့မယ်"

သူမတို့လိုပဲ ဖင်စီခံလုံးသည့် မိန်းကလေးတွေ ဒီဘက်တစ်ခြမ်းလုံး



www.burmeseclassic.com

www.burmeseclassic.com



မှာ အများကြီး ရှိသေးသည်။ သူတို့တွေလည်း အားလုံး သိနေကြတာ ပါပဲ ..။

ဒါပေမယ့် ဆေးလိပ်သမတွေလောက်တော့ ပါးစပ်တွေက ပေါက်ပေါက်ဖောက်နေကြတာ မဟုတ် ..။

"ငါ ကိုကို့ကိုတောင် လာမကြိုဖို့ ပြောထားတယ်၊ သူကလည်း အငြိုး ကို တွေ့ချင်လို့ ငါ့ကို လာကြိုတာပါ၊ ဒါပေမယ့် .."

"ဒါပေမယ့် ဟိုက မကြိုက်တော့ ဒါကိုပဲ ရယ်စရာလုပ်ပြီး နှစ်နှီ့ ဖိသိပ် ပေးစားနေတာ၊ ပြန်ရတာ သိပ်နီးတာ မဟုတ်ဘူးနော် ထား ..၊ ကိုယ့်အစ်ကိုနဲ့ စက်ဘီးလေးစီးပြီး ပြန်ရုံပဲကို .."

"ရတယ် .. ငါ စိတ်ညစ်တာကို မခံနိုင်ဆုံးပဲ"

ကိုယ့်ဘဝကိုလည်း ထား သိနေသည်။ ပတ်ဝန်းကျင် အားလုံးလည်း သိကြပါသည်။ မြို့ကြီးတွေမှာလို သီးသန့်ဆန်ဆန် နေကြတာ မဟုတ်တော့ နယ်မြို့လေးတွေမှာ တစ်အိမ်နဲ့တစ်အိမ် ဘာဖြစ်ဖြစ် လူမသိအောင် ဖုံးဖိထားလို့ မရ ..။

ထား က မွေးလာကတည်းက မိခင်မဲ့ခဲ့ရတာဖြစ်ကာ သူမ ခပ်ငယ်ငယ်တည်းက အဖေက ဒီလိုပဲ အပြင်မှာ အလုပ်ထွက်လုပ်နေတတ်တာ။ တစ်ခါသွားပြီဆို သုံးရက် .. တစ်ပတ် ..။ တစ်ခါတလေ ဆယ့်လေးငါးရက်ထိ ကြာတတ်သည်။

ငယ်ငယ်လေးတုန်းက သမီးကို ယောက္ခမနဲ့ ထားခဲ့တာဖြစ်ပြီး ယောက္ခမဆုံးသွားသည်နှင့် အလုပ်တွဲလုပ်နေကျ လိမ္မာအောင် ရဲ့အဖေ ဦးအောင်ထွန်း ရဲ့အိမ်မှာ အပ်ထားခဲ့တာတွေ များခဲ့သည်။

ဦးအောင်ထွန်း ရဲ့ဇနီး ဒေါ်ယဉ်မေ ကလည်း သဘောထား နူးညံ့သူဖြစ်၏။ သားနဲ့လည်း ကစားဖော်အရွယ်လေးမို့ တစ်ဦးတည်းသော သားသမီးချင်း အဖော်ရသည်လို့ တွက်သည်။

ထို့ကြောင့် ထား ကို သမီးလေးလိုပဲ စောင့်ရှောက်ခဲ့သည်။





အဖေ နှစ်ယောက်စလုံးက ကျပန်းအလုပ် လုပ်ကြပြီး လက်တွဲညီနေကာ အလုပ်သွားလိုက် ပြန်လာပြီး စရိတ်ထောက်လိုက်နှင့် အခြေအနေက မိသားစု ပြေလည်ရုံတော့ အဆင်ပြေနေခဲ့သည်။

အထက်မှာ အလုပ်သွားရှာမည်လို့ နှစ်ယောက် တိုင်ပင်ဆုံးဖြတ်ပြီးကာမှ ဒေါ်ယဉ်မေ ဘယ်လိုတားတား မရတော့တာ ဖြစ်၏။

ထား ကို ဒီတိုင်းပဲ အရင်လို အပ်နှံခဲ့လျက် အလုပ်ထွက်သွားကြတာ လူတွေလည်း ပြန်မလာ ..၊ ပိုက်ဆံလည်း အပို့ကျဲလာ၏။

လိမ္မာအောင် က ထား ထက် အသက်သုံးနှစ် ပိုကြီးသဖြင့် လူကောင်လည်း ပိုထွားသည်။ အိမ်မှာ ပိုက်ဆံကျပ်လာတော့ ဒေါ်ယဉ်မေ က တတ်ထားသည့်ပညာလေးနှင့် ဆေးလိပ်ခုံမှာ အလုပ်သွားလုပ်ရသလို လိမ္မာအောင် က မွေးမြူရေးခြံတစ်ခြံမှာ သန့်ရှင်းရေး ဝင်လုပ်ခဲ့၏။

ထား ကလည်း အားလုံး သိတတ်နေသည့်အချိန်မို့ အရင်းအချာ မဟုတ်ဘဲ နိုလှုံနေရသည့် ကိုယ့်ဘက်မှာ တာဝန်ပိုရှိသည်လို့ တွေးမိလာ၏။

အဖေတွေ လုံးဝ အဆက်အသွယ် ပြတ်တောက်သွားသည့်နောက်မှာတော့ ဒီလိုပဲ ဘဝကို ဖြစ်သလို ရုန်းကန်ရင်း ဒီနေ့လို တစ်ယောက်တစ်နေရာစီ တာဝန်ယူနေရခြင်းကို ဖြစ်စေခဲ့၏။

ရှေ့ရေးဆိုတာ ဖြောင့်ဖြူးသာယာသည့် အရိပ်အငွေ့ ဘာမှ မမြင်ပေမယ့် ပစ္စုပ္ပန်မှာ အဆင်ပြေလာခဲ့သည်။

ယခုကဲ့သို့ ပတ်ဝန်းကျင်၏ ရိုက်ခတ်လာသော လေဒဏ် မိုးဒဏ်များမှလွဲလျှင် လောကစံကို ထား ဂရုမစိုက်ပါ။ သို့သော် ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"အို .. သမီးကတော့ စိုက်ရမှာပဲ အဖေ ..၊ အဖေက နေ့ရှိသမျှ အရက်ချည်း ဖိသောက်နေတာ .. ဒီအိမ် တိုးတက်ဖို့၊ သမီးရှေ့ရေး ကောင်းဖို့ အဖေ့ခေါင်းထဲမှာ ဘာရှိလို့လဲ၊ ဆန်စက်မှာ ညစောင့်လုပ်တယ်၊ မနက်ပိုင်းလေး တရားရုံးမှာ ပြာတာလိုလို လက်တိုလက်တောင်း လိုလို .."

"ဟား .. နင့်အဖေက ပြာတာစစ်စစ်ပါ သမီးရာ .."

"လုပ်မနေပါနဲ့ ..၊ အဖေ အရက်ချိုးကပ်နေမှန်း သိလို့ သနားသဖြင့် ခေါ်နိုင်းနေတာပါ၊ ပြာတာဆိုတာလည်း လူတိုင်းကို ခိုင်းလို့ရတဲ့ နေရာမှ မဟုတ်တာ၊ အဖေ အဲဒီလောက်လေးတောင် နေရာယူနိုင်တာ မဟုတ်ဘူး .."

ဦးငြိမ်း ပက်လက်ကုလားထိုင်ပေါ်မှာ ခန့်ခန့်ကြီး ထိုင်နေပေမယ့် ကလေးဆူသလို အဆူခံနေရသည့်မျက်နှာက မခန့်ညားနိုင် ..။

"သမီးဆီက အရက်ဖိုးတောင်းရတဲ့ ငွေတွေရော မရှိခဲ့လို့လား..၊ အဲဒါတွေကြောင့် ဆင်းရဲတာကို သမီး မုန်းတယ်၊ အရက်သမားသမီးလို့





ပြောပေမယ့် ကြည့်တဲ့မျက်လုံးတွေကို မခံနိုင်ဘူး၊ ဒါကို အဖေကတော့ ရှေ့မှောက်နဲ့ ပြောမှာပေါ့၊ အဖေက အရက်ကို သေတဲ့အထိ သောက်သွား မယ့်လူကိုး .."

"တိုးတိုးပြောစမ်းပါ သမီးရာ .. အဖေက ဘာမှ ပွဲပါမသွားပါဘူး၊ ပတ်ဝန်းကျင်က နင့်ကို မိဘကို ပြောဆိုနေလိုက်တာဆိုပြီး ကဲ့ရဲ့ကြလိမ့် မယ် .."

"ဒါကျတော့ ပတ်ဝန်းကျင် ပါလာပြီလား .. အမျိုးမျိုး၊ အဲဒါ ကြောင့် အရက်သမားစကား အလကားလို့ ပြောကြတာ .."

အငြိုး ထဘီကို လက်တစ်ဖက်နဲ့ ဆတ်ခနဲ ဆွဲမပြီး အိမ်ထဲ လှည့် ဝင်ခဲ့သည်။

မှန်တင်ခုံရှေ့ရောက်တော့ ကိုယ့်ကိုယ်ကိုယ် စူးစိုက်ကြည့်မိ၏။

"နင်က ကိုယ်လုံး အရမ်းလှတာပဲ .. အရပ်ကလည်း မြင့်တော့ လေ ..၊ တကယ်ပြောတာ .. ဆေးလိပ်သမနဲ့ မတူဘူး၊ မင်းကတော်ရုပ် ပေါက်နေတာ"တဲ့ ..။

မှန်ထဲမှာကြည့်ရင်း မာန်ဝင့်လာသည့် မျက်ဝန်းတို့ဖြင့် မေးဖျားကို ဆတ်ခနဲ ပင့်လိုက်မိသည်။ မင်းကတော်ဖြစ်ဖို့ကို မမှန်းပါ။ သူဌေး ကတော် ဖြစ်ရရင် ပြီးပြီ ..။

သူငယ်ချင်းချင်း ကိုယ့်ကို 'ရုံပိုင်ကတော်'လို့ မော်ကြည့်လာကြဖို့ လို၏။ ရုံပိုင် သို့မဟုတ် သူဌေးလို့ ခေါ်ကြသည့်သူက ကောင်းမှူး ..။

သူ့မှာ မိဘ မရှိပေ။ အဒေါ်အရင်းလိုလို ဝမ်းကွဲလိုလို သူနဲ့ အတူ နေသည့် ဒေါ်မြမြစံ တစ်ယောက်ပဲ ဆွေမျိုးရှိကာ ဒေါ်စုစု လို ဂရုစိုက် စောင့်ရှောက်ကြသည့် အမျိုးသမီးကြီးတွေလည်း ရှိ၏။

ဘာပဲဖြစ်ဖြစ် 'ပဒုမ္မာ'ဆေးလိပ်ခုံပိုင်ရှင်အဖြစ် သူသာ အရှင် သခင် ..၊ သူပဲ ကြီးစိုး မင်းမူသူ ..။

အသက်အရွယ် ကွာသည်ဆိုတာလည်း ခန့်ညားချောမောသည့်



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားမို့ မိန်းကလေးက ငယ်နေပေမယ့် ရှေ့သွားနောက်လိုက်က ညီပြီးသား ...။

ခက်နေတာက ကိုယ့်ကို သူက စိတ်မဝင်စားပေ။ ယိမ်းနွဲ့နေပုံကို ကြည့်၍ ဘယ်လေတိုက်ပြီး ဒီသစ်ပင် ဘယ်ကိုယိမ်းတာလဲဆိုတာ ခန့်မှန်းလို့ ရသော်လည်း ...၊

ဒါကို ခေါင်းထဲထည့်လောက်စရာလို့ကို မတွေးချင်ခဲ့တာ ဖြစ်သည်။

"သိပ်တော့ မပေါ့နဲ့ အငြိုး .. နင့်လောက်မဟုတ်ပေမယ့် ထားကလည်း လှတာပဲ၊ အရပ်လေးတိုက်တိုက်နဲ့ ဆံပင်တွေက အရှည်ကြီး၊ ယောကျ်ားတွေ မျက်လုံးထဲမှာ ချစ်ဖို့ကောင်းတယ်လို့ မြင်သွားရင် ပြန်နွာထုတ်ဖို့ ခက်တယ်" တဲ့ ...။

မျက်ခြယ် က သတိပေးထားခဲ့၏။ ချစ်ဖို့ကောင်းတာ ဘယ်လိုပုံမျိုးလဲ ...၊

မိန်းမတစ်ယောက်ဟာ အလှတရားကို ပိုင်ဆိုင်ဖို့သာ အဓိကမဟုတ်ဘူးလား ...။

ကိုယ့်အတွေးနဲ့ကိုယ် မှန်ထဲမှာ ရှေ့နောက် လှည့်ပတ်ကြည့်မိသည်။ သူမအကျင့်ကိုက ကိုယ့်ကို ပိုးပန်းနှစ်သက်နေသည်ဆိုလျှင် ဘယ်လိုရုပ်ဆိုးဆိုး .. ပျိုပျိုအိုအို 'ငါလှလို့ ကြည့်တာပဲ' ဆိုပြီး ဂုဏ်ယူတတ်တာ ဖြစ်သည်။

ထို့ကြောင့် သူဌေးကို မုန်းထားပေမယ့် လိမ္မာအောင် က သေလုအောင် ကြိုက်နေတာကိုလည်း ကျေနပ်နေမိသေး၏။

သူဌေးကဆို ကိုယ်နဲ့ အသက်ကွာပေမယ့် လိမ္မာအောင် ကျတော့ သက်တူရွယ်တူ ...။

"နင်ကလည်း နီးနီးစပ်စပ် လိမ္မာအောင် ကိုပဲ စိတ်ကူးလိုက်ပါဟား.."

လို့ ပြောတဲ့သူငယ်ချင်း ရှိသလို ...၊





"သူဌေးက ဘဝင်မြင့်စကား မပြောတတ်ပေမယ့် မျက်နှာကတော့ တည်တယ်နော် ...၊ သူ့အရှည်အချင်း .. သူ့ရုပ်ရည်နဲ့ မိန်းမလည်း အချိန်မရွေး ယူလို့ရတာကိုး .. မာနတော့ ကြီးမှာပေါ့၊ နင်လည်း သတိထားဦး ...၊ ရိုးရိုးကျင့် မြင့်မြင့်ကြံ ဆိုတာ ဒါမျိုးကို ပြောတာ မဟုတ်ဘူး" တဲ့ ...။

ပြောသမျှ စကားတွေထဲမှာ သူဌေးဘက်က သူမအပေါ်မှာ တိမ်းညွတ်နိုင်သည့်ရာခိုင်နှုန်း ဘယ်လောက်နည်းနေသည်ကို ဖော်ပြနေသည်သာ ...။

ကိုယ့်မှာ အပြစ်ပြောဖို့ မရှိလောက်အောင် လှနေသည်ဆိုရင် သူဌေး ဦးကောင်းမှူး က ဘာဖြစ်လို့ စိတ်မဝင်စားတာလဲ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

"သားတို့ သုံးဖို့လည်း ယူထားကြဦးလေ .."

"သားက မလိုပါဘူး ..၊ အမေ့သမီးကိုပဲ မေး .."

"ထား ကရော ဘာသုံးစရာရှိလို့လဲ ကိုကိုရဲ့ .."

သားနဲ့သမီးက လိမ္မာရေးခြားရှိကြလေ .. ဒေါ်ယဉ်မေ စိတ်မကောင်း ဖြစ်ရလေပါ။ နှစ်ယောက်စလုံးရဲ့ မိဘတွေက ချို့ယွင်းချက်တွေ တစ်မျိုးစီနှင့် ဘဝက မလှပခဲ့ပေ ..။

ထို့ကြောင့် ဘွဲ့ရ ပညာရှံတဲ့အထိ ဘယ်သူ့မှာမှ ပညာမပါခဲ့ရှာ..။

"ဩော် ... အမေ့ .. ကျွန်တော် စက်ဘီးပြင်ရဦးမှာနော် ..၊ ပိုက်ဆံနည်းနည်းတော့ ပြန်ပေး .."

"ယူလေ သားရဲ့ ..၊ သမီးရော .. အဝတ်စားလေး ဘာလေး ဝယ်ပါလား၊ ညည်းမှာ တောက်တောက်ပြောင်ပြောင် ဘာမှမရှိတော့ဘဲနဲ့.."

"ရတယ် အမေ .. တောက်ပြောင်ဖို့လည်း မလိုပါဘူး၊ အဲဒီပိုက်ဆံလေး ပိုရင်သာ အမေ သုံးနေကျ ဆေးလေးတွေ ဝယ်ထားလိုက်ပါ၊ တော်ကြာ ဖြစ်လာမှဆိုရင် .. ပိုက်ဆံရှိမနေတဲ့အခါ အမေ ကြိတ်ခံနေရလိမ့်မယ် .."





"အေးပါ သမီးရယ် .. အေးပါ"

ထမင်းဝိုင်းလေး ပြင်ပြီးတော့ ထိုင်ခုံအပြားလေးတွေနဲ့ သုံးယောက်ချက်နှာချင်းဆိုင် ထိုင်မိကြသည်။

"ဘာဟင်းတွေလဲ သမီး .."

"အမေ ငါးစားချင်တယ်ဆိုလို့ မနက်က ငါးကြင်းလုံးလေးတွေ သွားဝယ်လာတာလေ၊ ကြော်မလို့ဟာ ဆီ သိပ်မရှိတာနဲ့ ခရမ်းချဉ်သီးနဲ့ ဆီပြန်လေးပဲ ချက်လိုက်တယ် .. မကြိုက်လို့လားဟင် အမေ .."

"မဟုတ်ပါဘူး သမီးရယ် .. ညည်း ထမင်းချိုင့်အတွက်ရော .."

"ပြင်ပြီးပြီ အမေ .. ထမင်းကြမ်းလည်း သမီး စားပြီးပြီ၊ ကိုကို့ .. ကိုကိုနဲ့ အမေ့အတွက် ဟင်းက ညမနက်နော် .."

"နင်ကရော .."

"ညီမလေးက ထမင်းချိုင့်မှာ ညစာ ကျန်နေတာ များတယ်၊ ခုလည်း များတယ် ကိုကိုရဲ့ .."

"ပြ .."

အဝတ်စားလဲမလို့ ခူးခပ်ပြင်ဆင်ပေးပြီး ထထွက်လာခဲ့ပေမယ့် လိမ္မာအောင် က 'ပြ ..' ဆိုပြီး ထမင်းချိုင့်နား ရောက်သွားသဖြင့် ထား ခြေလှမ်းတွေ တုံ့သွား၏။

"ဒီမှာ အမေ့သမီး ငါးဟင်းလည်း မဟုတ်ဘူး၊ လက်ဖက်တွေ ဆီရောပါရဲ့လား မသိဘူး"

"ဟင်!... ဟုတ်လား .."

လိမ္မာအောင် ထမင်းချိုင့်ကို အဆင့်ဖြုတ်ယူပြီး ဒေါ်ယဉ်မေ မြင်အောင် စောင်းပြလိုက်၊ လှိမ့်ပြလိုက်လုပ်ကာ .. ပြီးတော့ မျက်လုံးတွေ ထား ဆီ ရောက်လာသည်။

"မိထား .."

ထား ကိုဆို ဆူနေတာပဲ များတတ်တာမို့ .. ထား လိုကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမွန်မွန်ခေါ်တဲ့အကြိမ်ရေက လက်ချိုးရေထားလို့ ရလောက်သည်။

"လာစမ်း .. ဒီမှာ ပြန်ထိုင် .."

"ဘာလဲ ကိုကိုရာ .. ညီမလေးက လက်ဖက်သုပ်ကြိုက်လို့ဟာကို"

"အပိုတွေ မပြောနဲ့ ..၊ လာ အခု ပြန်သွန်ချ .. နေ့တိုင်း လက်ဖက်သုပ်၊ နှစ်ရက်ခြား .. သုံးရက်ခြား လက်ဖက်သုပ်၊ နင် အဲလောက်ထိ ချွေတာစုဆောင်းနေတာ ရှိုးရော ရှိုးရဲ့လား .."

"ကိုကိုနော် .. ညီမလေးက အမေ့ကို စိတ်ပူလို့ .."

"ဟ .. ဒီလောက် စိတ်ပူနေရအောင် အမေက ဓာတ်လမ်းတွေထဲကလို ခွဲရစိတ်ရတော့မယ့် လူနာလား .."

"ကိုကို ကြည့်စမ်း ..၊ မပြောကောင်း မဆိုကောင်း .."

"ဟုတ်တယ်လေ .. ဆေးဖိုး အသည်းအသန် ရှာပေးနေရတဲ့ လူမမာကြီးလည်း မဟုတ်ဘဲနဲ့ နင် စုဆောင်း အငတ်ခံနေတာက .."

"တော်ပါတော့ သားရယ် .. အမေ မျက်စိမှုန်နေလို့ မျက်မှန်တစ်လက် ဝယ်ကန်တော့ချင်လို့တဲ့ ..၊ ဆေးဖိုးသက်သက် စုတာလည်း မဟုတ်ပါဘူး"

"ဟာ!... အမေကလည်း .. အဲဒါ ကျွန်တော် ဝယ်ပေးမှာလေ"

"မရပါဘူး .. ညီမလေး ဝယ်ပေးမလို့ ပြောပြီးသား"

သားနဲ့သမီးကို ကြည့်၍ ဒေါ်ယဉ်မေ ပြုံးလည်း ပြုံးမိ ..၊ ရင်ထဲမှာလည်း နာကျင်ရပါ၏။ သားက ဖြူဖြူဝင်းဝင်း လူချောလေးဖြစ်သလို သမီးလေးကျတော့လည်း ဝါညက်ညက် ဝင်းစိုနေသည့် အသားရောင်မှာ မျက်ခုံးတန်းနက်နက်လေးတွေက ထင်းနေသည်။

ဘာကာလာမှမသုံးဘဲ မျက်ဝန်းလေးတွေက အနက်ရောင် ဘောင်ခတ်ထားသလိုရှိကာ မျက်တောင် တိုစိပ်စိပ်လေးတွေက မရှည်ပေမယ့် ကော့နေကြ၏။





တစ်ခါတလေ သားက ညီမဖြစ်သူကို 'မိထား .. ကုလားမ'လို့ နောက် ခေါ်တတ်တာ ရှိသည်။ ဒါပေမယ့် ထား က မျက်ဝန်းအိမ်လေး ရှည်၍ မေးသယောင်ရှိနေတာမို့ မြန်မာမလေးလိုပဲ လှတာပါ ..။

နှာတံလေးလည်း လှသည်။ ထူပြည့်သည့် နှုတ်ခမ်းလေးတွေကလည်း လှနေတာပဲဖြစ်ကာ တစ်ခုရှိတာက မြင်သူတကာ မျက်လုံးထဲမှာ ဆင်းခန့် မြင်မိသွားလောက်အောင်တော့ မဟုတ်ခဲ့ပေ ..။

ဒီမိန်းကလေးကို သမီးလေးလိုပဲ မွေးမြူလာခဲ့ရတာပေမယ့် သားရဲ့အဖေကို ခုချိန်ထိ မျှော်နေမိခဲ့သလို ..၊ သူမလေးရဲ့အဖေလည်း ပြန်လာနိုင်သေးတာပဲမို့လား ..။

မောင်နှမအရင်း မဟုတ်ကြတာကို ကလေးတွေကိုယ်တိုင် သိနေကြသလို ပတ်ဝန်းကျင်အားလုံးကလည်း သိနေကြသဖြင့် ဒီအရွယ်တွေ ရောက်လာကြတော့ ပြောစရာတွေ ဖြစ်လာခဲ့ရသည်။

ဒေါ်ယဉ်မေ ပင့်သက်မောနှင့်အတူ မောင်နှမနှစ်ယောက် စကားများရင်း အပြင်ရောက်သွားကြတာကိုတောင် သတိမထားမိလိုက် ..။

စားပွဲပေါ်မှာ ပဲပြုတ်နဲ့ ကြော်ထားသည့် ထမင်းကြော်ပန်းကန်ကို ငုံကြည့်မိမှ သား ပြန်ဝင်မလာသေးတာကို သတိရ၏။ ထိုစဉ် ...

"မိထား ထွက်သွားပြီ သိလား အမေ .."

လိမ္မာအောင် ပုဆိုးစတစ်ဖက် 'မ'၍ ပြန်ဝင်လာပြီး သူ့နေရာမှာ ဝင်ထိုင်၍ ပန်းကန်ဆွဲသည်။

"လိုက်မပို့နဲ့တော့လို့ မနက်တည်းက ပြောထားတာမို့လား သားရယ် .."

"မဟုတ်ဘူး အမေ .. အပြန် မကြိုနဲ့လို့ ပြောလို့၊ မကြိုတာလည်း သူ ပြန်ရောက်လာတော့ ဘယ်အချိန်လဲ ..၊ အမေ့သမီး ဘာလုပ်တာလဲ.. အဲဒါ"

"ကဲ .. ထမင်းကြော် စားပါဦး၊ မင်းညီမက အသက်နှစ်ဆယ်



www.burmeseclassic.com

www.burmeseclassic.com



ကျော်နေပြီ၊ ကလေးလေး မဟုတ်တော့ဘူး"

"အဲဒါကြောင့် ပြောတာပေါ့ .. အပြင်မှာ သွားလာနေတာ စိတ် မပြောင့်ရတာက တစ်မျိုး၊ အိမ်မှာလည်း အမေ့ကို ပြုစုမယ့် သမီး မိန်း ကလေးအဖော် လိုနေတာကို .."

ဒေါ်ယဉ်မေ က လိမ္မာအောင့် မျက်နှာကို စိုက်ကြည့်သည်။ ယ အရင်ကဆို ဒီသားကို ကြည့်မိတိုင်း ငါ့သားလေး ဖြူဖြူချောချောလေး ဆိုပြီး မျက်ခုံးတန်းလေးတွေ ကြည့် ..၊ နှုတ်ခမ်းသားလေးတွေကို ကြည့် ခုတော့ မျက်နှာပြင်တစ်ခုဟာ အနီးကပ် ကြည့်တာတောင် ဝ ချင်ချင်ရယ် ..။ မျက်ခုံး မျက်လုံးလေးတွေကို သေချာ ကြည့်လင် မမြင်ရတော့ဘာလည်း တစ်နှစ်ကျော် နှစ်နှစ်လောက် ရှိခဲ့ပြီ ..။

"အမေ .."

"ဟင် .."

"ဘာကို ယူတာလဲ ..၊ ပဲပင်ပေါက်ချဉ်မို့လား .."

"အေး .. ဟုတ်တယ် .."

"ဒီမှာလေ .. အဲ့ဒါ မှျစ်တွေ ရေစိမ်ထားတာ ..၊ မနက်ဖြန် ကြော် တဲ့ .."

"ဟုတ်လား .. စိတ်ကလည်း တောင်ရောက်မြောက်ရောက်နဲ့ မှ ကုန်ပြီပေါ့ကွယ် .."

စိတ်တွေ ဘယ်ရောက်နေမှန်းတော့ မသိပေမယ့် အမေ့ မျက်လုံ တွေ အခြေအနေဆိုးလာတာကတော့ တစ်နေ့တခြား သိသာလာပြီ ထမင်းကြော်စားရင်း လိမ္မာအောင် ငိုင်သွားမိသည်။

"အသက်ကြီးနာဆိုတော့ ခွဲစိတ်ဖို့ အခိကမဟုတ်တော့ပါဘူးကွ မျက်လုံးက မျက်မှန်တောင်းရင် မျက်မှန်တပ်ပြီး အလုပ်လုပ်ရတယ် မဟုတ်ရင် အာရုံကြောတွေ ပျက်စီးတတ်တယ်၊ ပျက်စီးသင့်တာထ ပိုပြီးတော့ပေါ့ကွာ .."





မိတ်ဆွေတစ်ယောက်ကလည်း ဤသို့ သတိပေးခဲ့ဖူးသည်။

"သား ထမင်းမစားဘဲ ဘာလုပ်နေတာလဲ .."

သားအမိနှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် အကဲခတ် ကြသလိုရှိလျက် ...

"အမေ့အတွက် ခေါင်းထဲရောက်သွားတာလား ..၊ ဘာမှ တွေး နဲ့ သား .. အမေ ခုလို မကျန်းမာတဲ့အချိန်မှာ သားတို့က အရွယ် တွေ ရပြီး သိတတ်လိမ္မာကြလို့ ခုလို မပူမပင် ပြုစုခံနေနိုင်တာလေ၊ မေ့အရွယ် တချို့လူကြီးတွေဆို ဟင်းရွက်တွေ ခူးရောင်း ..၊ အကြော် ည်ရောင်းနဲ့ အိုကြီးအိုမနဲ့ ဈေးတောင်း ခေါင်းပေါ်က ချရသေးတာ ဟုတ်ဘူး"

"ဒါလည်း ဒါပေါ့ အမေ .. ကျွန်တော်က အမေ့သားပဲ၊ အမေ့ကို န်တော်ကပဲ သားလိုရော .. သမီးလိုရော ပြုစုချင်တာ၊ ယား က ကလေးလည်း ဖြစ် .. အမေ့သမီးအရင်းလည်း မဟုတ်ဘူး၊ သူ့ကို တို့ စောင့်ရှောက်ထားရတာဆိုရင်တောင် အမေ့ကို ပြုစုရင်း မိန်း လေးပီပီသသ အေးဆေးနေရမှာပေါ့၊ ကျွန်တော် ရသလို သူ ဘွက် ဖို့ မလိုပါဘူး .."

"ငါ့သားက ဘာကို ပြောချင်တာဝုံး .."

"ကျွန်တော်က စိုးရိမ်လို့ပါ ..၊ ပတ်ဝန်းကျင် ပြောစကားတွေက ည်း ကျွန်တော်တို့ကို အမြဲတမ်း တတွဲတွဲ မြင်နေတဲ့အကြောင်းထဲ စါတာပဲ"

"အဲဒီစကားတွေကို သားက ဘယ်လို ခံစားမိသို့လဲ"

"ထား ကို သနားတာပေါ့ အမေ ..၊ နောင်တစ်ချိန် သူ့အဖေ ရောက်လာရင် သူ သပ်သပ် .. ကိုယ် သပ်သပ် ဖြစ်ကုန်ကြမှာပဲ၊ အခါကျရင် သူ့နောင်ရေးမှာ အဖုအထစ်တွေ ရှိလာနိုင်တယ်"

ဒေါ်ယဉ်မေ က ထမင်းကြော်ကို တို့တိတိစားရင်း ခေါင်းညိတ်



www.burmeseclassic.com

www.burmeseclassic.com



ကာ ...

"ခေါင်းရင်းအိမ်ကဆိုရင် အနေနီးကြတဲ့လူတွေ နောက်လည်း ငြိတွယ်ကုန်ကြမှာပဲ ..၊ တစ်ခါတည်း ပေးစားလိုက်ပါလားလို့တောင် ပြောနေကြတာ .."

"ဟာ!... အမေကလည်း မဟုတ်တာ .."

"သားက သားညီမလေးကို မချစ်ဘူးလား .."

"ချစ်တာက ဟိုလိုဒီလိုမှ မဟုတ်တာ အမေရ .."

သားရဲ့အသံကို နားထောင်ကြည့်လိုက်တာနှင့် ထား အပေါ်မှာ မရိုးသားစိတ် လုံးဝ မရှိခဲ့မှန်း ဒေါ်ယဉ်မေ နားလည်သွားသည်။

"သားက ဟိုမိန်းကလေးကိုပဲ မရမက ကြိုးစားဖို့ စိတ်ကူးထား တာလား .."

သိထားသည့်ကိစ္စတစ်ခုကို မေးလိုက်တော့ လိမ္မာအောင် အသံ တိတ်သွား၏။

"သားပဲ ..၊ သူက သားကို မကြိုက်ပါဘူးဆို .. အခြေအနေ အဆင့် အတန်းချင်းလည်း အတူတူပဲ သားရယ် ..၊ ကိုယ့်ကိုမှ ပြန်ကြိုက်ဖို့ အနေအထား မရှိဘူးဆိုရင် .."

"ကျွန်တော်က သူ့ကိုပဲ သဘောကျနေတာ အမေ၊ ဒါပေမယ့် အမေ သဘောမကျရင်တော့ ဆက်မကြိုးစားတော့ပါဘူး"

"မဟုတ်ဘူး .. မဟုတ်ဘူး ..၊ အမေက ငါ့သား သဘောကျနေတာ ကို ကြည်ဖြူနိုင်ပါတယ်၊ ဒါပေမယ့် ခုတောင်မှ အမေ့မျက်လုံးတွေက ဝါးကုန်ပြီ၊ အမေ ကိုယ့်လက်တွေနဲ့ကိုယ် ချီနိုင်ချနိုင်သေးတဲ့အချိန်မှာ သားကို အိမ်ထောင်ပြုစေချင်တယ်၊ မြေးလေးတွေကို ထိန်းကျောင်း ချီပွေ့သွားချင်သေးတယ် .."

"အမေကလည်း .."

သားအမိနှစ်ယောက်စလုံး ထမင်းကို ဟုတ်တိပတ်တိ မစားဖြစ်





ကြတော့ပေ ..။

"အစကလေ ပတ်ဝန်းကျင် ပြောနေကြသလိုပဲ မထူးတော့ပါဘူး ဆိုပြီး .."

"ဟာ!... မလုပ်နဲ့ အမေ .. အဲဒါတော့ မဖြစ်ဘူးနော် ..၊ ထား ကို ကျွန်တော် ညီမလေးတစ်ယောက်ထက် ပိုခဲ့တာ မဟုတ်ဘူး"

"ဟုတ်ပါတယ် .. သမီးကလည်း သားကို သူ့အစ်ကိုလို ချစ်ရှာ တာပါ၊ အခု မပို့ပါနဲ့ .. မကြိုပါနဲ့လို့ တားမြစ်လာတာကလည်း သားကို သူနဲ့ စနောက်ကြတာတွေကြောင့် .. အငြိုး နဲ့ သား အဆင်မပြေတာ တွေ ပိုတိုးကုန်မှာစိုးလို့တဲ့၊ ဆေးလိပ်ခုံဆိုတာ အမေလည်း နားလည်ပါ တယ်၊ မိန်းကလေးတွေ အရင်းနှီးကြဆုံး .. စကားအများဆုံးနေရာပဲ၊ သမီးခမျာလည်း ဒါတွေကို ကြားနေရတယ် ထင်ပါတယ် .."

ထား က နည်းနည်းလေးပဲ ပြောပေမယ့် လူကြီးမို့ ဒေါ်ယဉ်မေ နားလည်နေသည်။ ထို့ပြင် သူမကိုယ်တိုင်လည်း ဒီအရွယ် .. ဒီအလုပ်မှာ ကျွမ်းကျင်ခဲ့တာမို့ ...

"ဘာပဲဖြစ်ဖြစ် .. အငြိုး ဆိုလည်း တော်တော်လှကယ်လို့ နာမည် ကြီးနေတာပဲ၊ သား သဘောကျနေရင် ကြိုးစားလေ၊ အမေကတော့ သားတို့ အဆင်ပြေတာနဲ့ လက်ထပ်ကြစေချင်တယ်၊ တစ်ယောက်နဲ့ တစ်ယောက် အခြေအနေ အဆင့်အတန်းတူချင်း .."

လိမ္မာအောင် ရင်လေးသွားသည်။ သူ သိထားတာက တခြားမို့ပါ။

"အငြိုး က ရုပ်လေးလှသလောက် သချာ်တော်တယ်နော် လိမ္မာ အောင်၊ ယောကျာ်းလေးတွေနဲ့လည်း ရည်းစားလိုလို .. ဘာလိုလိုတွေ အများကြီးပဲ"တဲ့ ..။

သတိပေးကြတာတွေမှ အများကြီး ..။

"ကောင်မလေးက ပိုက်ဆံမက်တယ်ကွ ..၊ သူနဲ့ အိမ်ချင်းကပ် လျက်မှာ ငါ့ခယ်မ နေတာလေ၊ တစ်နေ့တစ်နေ့ ပိုက်ဆံအကြောင်းပဲ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ပြောနေတာတဲ့၊ ဖအေကိုတောင် သူက ဆရာကျတာတဲ့၊ မင်းသိပ်လည်း စွဲလမ်းမနေနဲ့ဦး ..”

“သူက ဘယ်သူ့ကိုမှ ပြန်မကြိုက်သေးပါဘူးဗျ၊ မိန်းကလေးဆိုတာ ငွေမက်ရတာပဲ .. အဲဒါ အပြစ်တော့ မဟုတ်ပါဘူး၊ ဒါမှ လောဘရှိတာ .. ဒါမှလည်း စုဆောင်းတတ်မှာပေါ့၊ ကျွန်တော်ကတော့ အငြိုးကို သဘောကျတယ် ..”

သူက ဒါကိုပဲ ခွဲနှဘဲနဲ့ ပြောနေတော့လည်း သတိပေးဖူးတဲ့လူတွေလည်း သိပ်တော့ အသံမထွက်ကြတော့ပါ။

တစ်ခုရှိတာက အမေက ဒါ သဘောမကျဘူးလို့ တစ်ခွန်းလောက်တားလိုက်မယ်ဆိုရင်တော့ ဘာတွေ ဘယ်လိုရှိရှိ သူ နောက်ဆုတ်ဖို့အဆင်သင့်ပင် ..။

ခုတော့ ..၊





အခန်း (၄)

“ဟောတော် .. ဒုက္ခပါပဲ”

ဖိနပ်ပြုတ်သွားတာကို ငုံ့ကြည့်ပြီး အငြိုး တက်ခေါက်လိုက်မိသည်။ အိမ်နဲ့ နီးသေးပေမယ့် ပြန်လှည့်သွားလည်း လဲစီးဖို့ ဖိနပ်အပိုကမရှိ ..။ အရေးထဲမှာ အလုပ်ရုံ၏အပေါ်ထပ်ကို အန်တီစု ခေါ်လို့ တစ်ခါတလေ သွားခဲ့ဖူးတာကို သတိရလိုက်သေးသည်။

ပြောင်လက် ညိုရဲနေသည့် ကျွန်းလှေကားကြီး၏ခြေရင်းမှာ ဖိနပ်စင် ရှိသည်။ ထိုပေါ်မှာ သူဌေးစီးတဲ့ ဖိနပ်တွေမှ ရှူးဖိနပ်တွေ အမျိုးမျိုး၊ ညှပ်ဖိနပ်တွေက သပ်သပ် ..။

ကိုယ်သာ သခင်မ ဆိုရင်တော့ ထိုဖိနပ်စင်ကြီးထဲမှာ ကိုယ့်ဖိနပ်တွေလည်း ဒီဇိုင်းမျိုးစုံနှင့် ရှိနေပေလိမ့်မည်။

ကိုယ့်ခြေထောက်ကို ငုံ့ကြည့်မိကာ မကျေမနပ် ခြေဆောင့်မိ၏။ ဒီလောက်ထိဆိုးတဲ့ဘဝမျိုး ရှိသေးရဲ့လား ..။

ဖအေတစ်ယောက်လုံးရှိပြီး သူ့မှာ သမီးအပျိုလေးတစ်ယောက်ရှိနေသေးပါလားဆိုတာတောင် သတိရသေးရဲ့လား မသိ။ ဘာတာဝန်မှလည်း မသိ ..၊ ဘာမှလည်း မကြည့် ..။

“ဘာဖြစ်နေတာလဲ အငြိုး ..”



www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်ဘဲ အနားရောက်လာသည့် စက်ဘီးတစ်စီးကို လှည့်ကြည့်လိုက်တော့ လိမ္မာအောင် ..။

ရှုပုပ်ပွနေသည့် ကိုယ့်မျက်နှာကို နည်းနည်း ပြန်လျော့လိုက်ရသည်။ ပြီးတော့ ထမင်းချိုင့်ပါသည့် ဆွဲခြင်းကို ဘယ်ညာပြောင်းကိုင်လိုက်ကာ ...

"ဒီမှာလေ .. ဖိနပ်ပြတ်သွားလို့ .."

"ဟုတ်လား .. ဟုတ်သားပဲ ..၊ ဒါဆို အိမ်နီးသေးတာပဲ ပြန်လှည့်လိုက်ပါလား"

စိတ်က တိုသွားသည်။ အိမ်နီးသေးတာ သူပြောမှလား ..။

"အိမ်က သော့ခတ်သွားပြီလေ၊ မနက်ဆို သားအဖ အတူထွက်ဖြစ်တဲ့နေ့ အဖေပဲ သော့ယူသွားတာ .."

"ဟုတ်လား .. ဒါဆို ကျွန်တော် ဘာကူညီပေးရမလဲ .."

"ဘာမှ မကူညီနဲ့ ..၊ ဘာလုပ်လို့မှ မရဘူး .. သေချင်တာပဲ"

လိမ္မာအောင် ခေါင်းကုတ်ရင်း စက်ဘီးပေါ်ကနေ ခြေထောက်ရပ်နေရာမှ ဆင်းလိုက်ခြင်းသို့ ရောက်ကာ ...

"ဆိုင်ကယ်လ်ကယ်ရီ စီးသွားပါလား"

"ဟင့်အင်း .. လမ်းလျှောက်သွားနေကျဆိုတော့ ကယ်ရီခလည်း ပါမှ မလာတာ .."

သူ ကိုယ့်အင်္ကျီအိတ်ကို ပြန်စမ်းလိုက်တာ မြင်တော့ မျက်နှာလွှဲထားလိုက်သည်။ ဒါပေမယ့် ...

"ကျွန်တော့်မှာလည်း မပါဘူး၊ ပစ္စည်းဖိုးတွေ ရှင်းလာတာ သူများ ပိုက်ဆံတွေ .."

သေလိုက်ပါလား ..။

အငြိုး နှုတ်ခမ်းလေး မဲ့ခနဲ ဖြစ်သွား၏။

"ဒီလိုလုပ်ဗျာ .. အငြိုး ကျွန်တော့်စက်ဘီးနဲ့လည်း လိုက်စီးမှာ





မဟုတ်ဘူး .."

"အို .. မစီးချင်ပါဘူး၊ သူများ တစ်မျိုးထင်မှာပေါ့"

"အဲဒါကြောင့် ပြောမလို့ပါ ..၊ ဒီဘီး ယူစီးသွားလိုက် .."

"နင်ကရော .."

"ဒီတိုင်း လျှောက်မှာပေါ့ ..၊ ကျွန်တော်လည်း 'ပဒုမ္မာ'ကိုပဲ သွားမှာ၊ ရော့ပါ .. ယူသွားပါ"

"ဟိုရောက်ရင် နင့်ညီမက ငါ့ကို အတင်းပြောဦးမှာ .."

လိမ္မာအောင် က ရယ်ကာ ...

"ထား က အဲဒီလို မပြောတတ်ပါဘူး အငြိုး ရဲ့ .."

စက်ဘီးလေးတော့ ပိုင်ဆိုင်မှုရှိသားလို့ အမှတ်ပေးချင်ပေမယ့်လည်း စီးကြည့်လိုက်တော့ နာစေးချောင်းဆိုးဖြစ်နေတဲ့ စက်ဘီးက တစ်လမ်းလုံး သံစုံမြည်၏။

"ဟား .. ဟား .. ဟား ..."

"ခစ် .. ခစ် .."

ရုံထဲရောက်လို့ ပြောပြလိုက်တာနှင့် နီလာ တို့က ဝိုင်းရယ်တော့သည်။ ဒီကြားထဲ စက်ဘီးနဲ့ သူမကို ကွက်ကြည့်ကွက်ကြည့် လုပ်နေသည့် ထား မျက်လုံးတွေကြောင့် စိတ်က တိုထွာ ခုန်ပေါက်ထွက်လျက်...

"တော်သေးတာပေါ့ဟယ် .. လူကို ပိုးကြေးပန်းကြေး ခေါ်တင်လာဖို့ လုပ်သေးတာ၊ နှစ်ယောက်များ ထိုင်စီးမိရင် လမ်းပေါ်မှာ စက်ဘီးရော တစ်စစီ လိုက်ကောက်ရမှာ .."

"အငြိုး ရယ် ,, နင်ကလည်း .. ခစ် .. ခစ် .."

"ဟဲ့ .. အဲဒီဘီးက နှစ်ယောက်စီးနေကျမို့လား .. နင့်ကျမှ .."

စောင်းချိတ်ပြောဖို့ ပါးစပ်ပြင်လိုက်တာနှင့် ထား မျက်နှာလေး ငုံ့ပစ်လိုက်ပြီးသား ဖြစ်သွားသည်။

"ဩော် .. အစုတ်ကို စီးနေကျဆိုတော့ စီးတတ်နေမှာပေါ့၊ ငါတို့



www.burmeseclassic.com

www.burmeseclassic.com



ကတော့ မစီးနိုင်ရင် စီးကို မစီးဘူး၊ နှစ်ယောက်တွဲစီးပြီး စိတ်ကူးယဉ်လို့တောင်မရတဲ့ဘီးကို ဘယ်လိုများ ကြံဖန် သာယာနေလဲ မသိပါဘူး.."

"ဒါကတော့ဟယ် .. ဒါကတော့ပေါ့နော် .."

"သမီးရေ .. ထား .."

ရယ်လက်စတွေ တိခနဲ ပြတ်ကျသွား၏။ ဒေါ်စုစု က ဝင်လာတည်းက ထား ကိုပဲ ခေါ်ကာ ...

"အန်တီနဲ့ အပေါ် ခဏလိုက်ခဲ့ပါဦး .."

"ဟုတ်ကဲ့ .."

တစ်ရုံလုံး တိတ်ကျသွားသည်။ ထား ချက်ချင်း ထရပ်လိုက်တော့ နှစ်ဖက်အုပ်စုတွေ တစ်ဖက်နဲ့တစ်ဖက် အကဲခတ်သည့် မျက်လုံးတွေ မြားတွေလို ပလူပျံသွားကြ၏။

ထို့ကြောင့် အငြိုး တို့အုပ်စု လက်တို့ ပြတာတွေ၊ ခေါင်းချင်းဆိုင် ပြောပြီး မဲ့ရွဲ့သွားတာတွေကို ဟိုဘက်က မျက်ခြယ် တို့ အားလုံး မြင်နေရ၏။

အပေါ်ထပ်ကို ခေါ်ပြီဆို နေရာတစ်ခုခု ရှင်းခိုင်းတာမျိုး၊ ပစ္စည်းပစ္စယတချို့ နေရာချ စီစဉ်တာမျိုး ...။ တစ်ခါတစ်ခါ သူဌေးရဲ့အဒေါ် ဒေါ်မြမြစံ အကြောင်းကိစ္စတစ်ခုနဲ့ အပြင်သွားမှာမျိုးမှာ အဖော်လိုက်ပေးရတာလည်း ရှိ၏။

"ဟဲ့ .. အပေါ်မှာ သူဌေး မရှိဘူးမို့လား .."

"သူဌေးက ရန်ကုန်မှာ လုပ်ငန်းချဲ့ဖို့ ခရီးသွားနေတာပဲ များတာ ဥစ္စာ .."

"မဟုတ်ဘူးဟာ .. အခု ရှိမရှိ နင် သိလားလို့ .."

ခင်မိုးမြင့် က နီလာ့ ကို ခေါင်းခါပြ၍ ...

"လပြည့်နေ့က ခရီးသွားတယ်ကြားတာ ပြန်ရောက်တာ မတွေ့သေးပါဘူး"





နှစ်ယောက် မေးဖြေနေတာကို နားထောင်ပြီး အငြိုး မျက်နှာမဲ့သွား၏။ ပြီးတော့ ...

"အဖြေကလည်း မရေမရာနဲ့ ...၊ တွေ့ရအောင် သူဌေးက ဒီဘက်ကိုများ ဘယ်တုန်းက ကိုယ်ယောင်ပြဖူးလို့လဲ .."

"မပြဖူးပေမယ့် ကား ဝင်တာထွက်တာ .. ကားပေါ်က ဆင်းတာတက်တာတော့ မြင်ရတာပဲလေ .. အဲဒါ မမြင်ဘူးလို့ ပြောတာ ...၊ ပုမနေစမ်းပါနဲ့ အငြိုး ရယ် .. နင်နဲ့ မိထား အကွာကြီးပါ"

"ဘာကွာတာလဲ .."

"ဟိုက ပါးလှပ်လှပ် .. နင်က တောင့်တောင့်ဖြောင့်ဖြောင့် ...၊ ပြီးတော့ ဒေါ်မြမြစံ အကြောင်းလည်း မသိတာ ကျနေတာပဲ၊ ဘယ်သူ့ကိုများ အကောင်းမြင်လို့လဲ .."

"ပြောလို့ ရမလား ...၊ ဒီမိန်းမက ပုံစံကိုက အိညောင့် အိညောင့် မတုန်မလှုပ် .."

"အဲဒါကြောင့် ပြောတာ .. ဒေါ်မြမြစံ က စိတ်မြန်လက်မြန်၊ ဟိုတစ်ခါတောင် အော်ငေါက်လွှတ်လိုက်လို့ မျက်ရည်လေးဝဲဝဲနဲ့ အဲဒီတစ်ယောက် ဆင်းလာရပုံ့ရော .."

တီးတိုးစကားသံတွေကို ကြားပါသည်။ ဒါပေမယ့် ဘာတွေ ပြောကြမှန်းတော့ ထား သေချာ မကြားခဲ့ပါ။ ဒီအလုပ်မှာ သူမ ပျော်ပေမယ့် အငြိုး နဲ့ မျက်နှာချင်းဆိုင် ရှိနေရသည့်အဖြစ်ကနေ နုတ်ထွက်ချင်တာတော့ အမှန်ပင် ...။

နေ့ရှိသမျှ အစ်ကိုလို ချစ်ခင်တွယ်တာခဲ့ရသူနဲ့ မကြားဝံ့မနာသာတွေ ပြောဆို စောင်းချိတ်သည်။ ဒီလိုအဖြစ်မျိုးကြုံပြီဆို သူဌေးနဲ့ ဘာလိုလိုထင်သည့် မျက်လုံးတွေနဲ့ ကြည့်ပြန်၏။

ပြန်ဆင်းသွားရင်တော့ သူမတို့ ဘယ်လိုတွေ ပြောဆို အတင်းတုပ်နေကြသည်ဆိုတာ နားမထောင်ချင်ပေမယ့် ကြားရဦးမှာပါ ...။



www.burmeseclassic.com

www.burmeseclassic.com



"အမလေး!..."

"ဟာ!... ဆောရီး .. ဆောရီး .. ချာတိတ် .."

'တက်သွားပြီး ညှော်ခန်းမှာ ခဏစောင့်နေ'လို့ အန်တီစု ပြောသဖြင့် တစ်ယောက်တည်း တက်လာရင်း စိတ်က အောက်ရောက်နေခဲ့မိသည်။

အပေါ်ထပ် ညှော်ခန်းကိုအဝင် ကျွန်းဗီရိုမြင့်ကြီးရှေ့က အဖြတ်မှာ ဖိုင်တွေ အထပ်လိုက် ခေါင်းပေါ် ပြိုကျလာ၏။ ခေါင်းပေါ်အရောက်မှာ တစ်ရွက်စီ တစ်ထပ်စီ ပြန့်ကျဲသွားလို့သာ ..၊

စာအုပ်ကြီးတွေသာဆို သူမ မလွယ်ပေ။ ဗီရို၏ဘေးကနေ ခွေးခြေလေးခု၍ ဘာယူနေမှန်း မသိသော ကောင်းမျိုး က ဖျတ်ခနဲ ခုန်ဆင်းကာ ထား ရဲ့ဘေးကို ပျာပျာသလဲ ရောက်လာပြီး ...

"မင်း ရောက်လာမှ တိုက်တိုက်ဆိုင်ဆိုင်ကွာ .. ဆောရီးနော် ..၊ နာသွားလား .."

"ဟွန်း .. ရပါတယ် .."

ငယ်ထိပ်မှာ ပူထူသွားပေမယ့် ရပါတယ် ပြောလိုက်ရ၏။ ပြီးတော့ ခေါင်းကို ပွတ်မိသဖြင့် ကောင်းမျိုး က ပြုံးလိုက်ကာ ...

"နည်းနည်းတော့ နာသွားတယ်မို့လား .. ကြည့်ရအောင် .."

"ဟင့်အင်း .. ဘာမှမဖြစ်ပါဘူး၊ ရပါတယ် .."

ထား ကမန်းကတန်း ခေါင်းခါငြင်း၍ လက်ကိုပါ ပြန်ချလိုက်ကာ ကြမ်းပေါ်မှာ ထိုင်ချလိုက်သည်။ ပြီးတော့ ငုတ်တုတ်လေးကနေ ပြန့်ကျဲကျနေသည့်စာရွက်တွေကို ပြန်ကောက်နေမိ၏။

ကောင်းမျိုး ကပါ ဘေးမှာ ထိုင်လိုက်ပြီး လိုက်ကောက်သည်။

"မင်းအမေ နေကောင်းရဲ့လား .."

"ဟုတ် .."

"မင်းရော .. အဆင်ပြေရဲ့လား .."





"ဟုတ် .. ဟင်!... ဘာကို ပြောတာလဲဟင် .."

"ဘာဖြစ်ဖြစ်ပါ ..၊ မိသားစု အဆင်မပြေမှုဆိုတာ ရှိသလို .. ကိုယ့်စိတ်နဲ့ ကိုယ့်ကိုယ် အဆင်မပြေတာတွေလည်း ရှိကြတာပဲ၊ မင်းဆံပင်တွေ ကြမ်းပေါ်မှာ ပုံနေပြီ .. ဆွဲသိမ်းထားလိုက်ပါလား .."

"ရှင်!..."

စကားပြောရင်း ဆံပင်အကြောင်း ပါသွားပေမယ့် ရုတ်တရက်မို့ ကြောင်သွားသည်။ ကောင်းမျိုး က ထား မျက်နှာလေးကို ငုံ့ကြည့်ပြီး ဆံပင်တွေကို မျက်လုံးနဲ့ ပြသည်။ ထို့ပြင် ...

"ဆံပင်တွေ ပေကုန်မှာစိုးလို့ .."

ကိုယ့်ဆံပင်ကို ပြောမှန်း သိလိုက်သဖြင့် ထား လက်ရောက်သွားချင် ကောင်းမျိုး က ကိုင်လိုက်တာနှင့် တစ်ပြိုင်တည်း ဖြစ်သွား၏။ သူ့လက်ပေါ်ကနေ ထား က ထပ်ကိုင်လိုက်သလို ဖြစ်သွားပြန်ကာ ...

"ကန်တော့ .. ကန်တော့နော် .."

လက်ကို အလန့်တကြား ပြန်ရုတ်ပြီး ဘာတွေ ပြောမိမှန်းလည်း မသိ ..၊ ကောင်းမျိုး က ထား ဆံပင်တွေကို ပခုံးလေးတစ်ဖက်ပေါ် သိမ်းတင်ပေးပြီး ပြုံးပြ၏။ ပြီးတော့ ...

"ရပြီ .. မကောက်နဲ့တော့၊ ဟိုမှာ သွားထိုင်နေ .."

"ရပါတယ် .. ညှော်ခန်းမှာ ဘယ်သူမှမှ မရှိတာ၊ အန်တီစု တက်လာမှပဲ .."

"အန်တီစု က တက်မလာတော့ဘူး .. မင်းကို ကိုယ် ခေါ်ခိုင်းလိုက်တာ"

"ရှင်!..."

ကောင်းမျိုး က သူ့ပဲ စာရွက်တွေကို တဖျတ်ဖျတ် ကောက်ထပ်စ်လိုက်ကာ နေရာမှ ထရပ်၏။ ထား မတ်တတ်ရပ်လိုက်တဲ့အ စောင့်ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ပြောစရာရှိလို့ .."

"ပြောစရာ .."

"အလုပ်ကိစ္စပါ ..၊ ဘာပြောမယ် ထင်လို့လဲ .."

ထား ပါးပြင်လေးတွေ ဖျန်းခနဲ ရဲတက်သွား၏။ ပြီးတော့ သူ ဦးဆောင်သွားတဲ့အတိုင်း ဧည့်ခန်းဆီကို နောက်ကနေ လိုက်ပါသွားခဲ့ ရင်း ...

"ထိုင် .."

ရှပ်အကျႌလက်ရှည်တွေချည်း ဝတ်တာ မြင်ဖူးနေခဲ့တဲ့အတိုင်း သနပ်ခါးရောင် ရှပ်လက်တိုပွပွကို လေးညှင်းရောင် ပုဆိုးကွက်စိပ်နှ ဝတ်ထားသော ကောင်းမျိုး က သူမနဲ့ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်၏။

အသားရောင်က ညိုဝင်းတာမျိုးဖြစ်ပေမယ့် အမြဲတမ်း ရှင်သန် ရသည့် ဘဝအနေအထားတွေ ကွာခြားလို့ ထင်သည်။ သူ ညိုပုံက ထာ တို့လို မဟုတ်ပေ ..။

ဖြူတော့မှာလိုလို .. အဝါရောင်သမ်းနေသလိုလိုနှင့် ထူနက်သော မျက်ခုံးတို့၏ အစိမ်းရောင်သမ်းပုံကြောင့် သူ့မျက်နှာ တစ်ပြင်လုံးသ မကဘဲ ခြေဖျားလက်ဖျားတို့ထိ ရှင်းသန့်နေလေသည်။

ထို့ကြောင့် ဦးကောင်းမျိုး လို့ ခေါ်ထိုက်အောင် လုပ်ငန်းတွေမှာ ဦးဆောင်နေတာ ..၊ တည်တည်တံ့တံ့ အမူအရာတွေက လေးစားဖွယ် တာ ဘယ်လိုနေနေ .. ဘယ်သူကမှ ဦးတပ်ပြီး မခေါ်ကြပေ။ ဒီအသ အရွယ်ထိ ဘာလို့ တစ်ယောက်တည်း နေတာလဲလို့ မေးရင်တော့ ..

"မင်း တစ်ယောက်တည်းနဲ့ ပြောချင်လို့ ခေါ်လိုက်တာ .."

"ဘာလဲဟင် .."

"ပြောမယ် .."

သူက ကိုင်ထားဆဲ စာရွက်တွေ အထပ်လိုက်ကို စားပွဲပေါ်မှာ ချထားလိုက်ပြီးမှ ဒူးနှစ်ဖက်ပေါ်မှာ တံတောင်နှစ်ဖက် တင်၍ ...





"ကိုယ့်ကြီးကြီး အတော် နေမကောင်းဖြစ်နေတာ .."

"ဟင် .. ဟုတ်လား ..၊ အဲဒါကြောင့် မတွေ့တာ ကြာပြီလို့ ထင် နေတာကိုး .."

သူက လက်ထောက်ထားရင်း လည်ဂုတ်ကို တစ်ချက်ပွတ်ကာ...

"ဟုတ်တယ် .. ကြီးကြီးအကြောင်းလည်း မင်း သိသင့်သလောက် သိမှာပေါ့၊ အရမ်း အသနကြိုက်တယ်၊ သူကလွဲပြီး တခြား ဘယ်သူ့ အပေါ်မှ အယုံအကြည် မရှိဘူး .."

ဒါတွေက ကိုယ်နဲ့ ဘယ်လိုများ သက်ဆိုင်နေလို့လဲ ..။

ထား စိတ်တွေ ရှုပ်ထွေးစ ပြုလာခဲ့၏။ ကောင်းမျိုး ဆိုသည့် လူနဲ့လည်း မျက်နှာချင်းဆိုင် တွေ့ဖူးတာ ခဏခဏ ရှိသလို သူက ပြုံးပြတာတောင် ထား ကတော့ ပြန်ပြုံးမပြခဲ့ဘူး ထင်သည်။

ဒါက ထား မာနကြီးလို့ မဟုတ်ပါ။ ကိုယ့်ဘက်က မာနထား လောက်အောင် မြင့်မားကြီးကျယ်တဲ့ အနေအထားလည်း ဘာမှ မရှိပေ..။

ကောင်းမျိုး ကိုယ်တိုင်က ဆေးလိပ်ခုံဘက်ကို ကိုယ်တိုင် တစ်ခါမှ လာခဲ့ဘူးဘဲ ဒေါ်မြမြစံ ကလည်း တစ်ခါတစ်ရံမှ တစ်ခေါက် .. နှစ်ခေါက် ..။

လွန်ခဲ့တဲ့ သုံးလကျော်ကတောင် အပေါ်ထပ်မှာ အလုပ်လုပ်စရာရှိ တယ်ဆိုပြီး နွယ်နွယ် နဲ့ ထား အတူလာဖို့ ခေါ်ခဲ့ဖူးသည်။ အဲဒီတုန်းက ဒေါ်မြမြစံ ရှေ့မှာ စိတ်က အရင်လိုပြီး လူက ပျာယာခတ်သလို ဖြစ် သွားကာ ဆံပင်အဖျားနဲ့ ပန်းခက် ငြိမိ၏။

ပန်းအိုးပါ လဲကျပြီး ကွဲသွားသဖြင့် ဒေါ်မြမြစံ ရင့်ရင့်သီးသီးတွေ ဆူတာ ထား ခေါင်းပင် မဖော်ရဲခဲ့ပါ။ ထို့ပြင် ကိုယ့်နေရာ ပြန်ရောက် တော့ ကိုယ့်ဟာကိုယ် သတိမထားမိလိုက်ဘဲ မျက်ရည်တွေ ကျနေခဲ့၏။

"သူ့ကို အနားမှာ ပြုစုပေးဖို့အတွက် မိန်းကလေးတစ်ယောက် လိုချင် ...

ဆိုယ် လိုတယ် .."



www.burmeseclassic.com

www.burmeseclassic.com



ထား အံ့ဩသွားသည်။ အဲဒီ မိန်းကလေးက သူမ ဖြစ်နေတာလား

"အန်တီစု ကလည်း ဆေးလိပ်ခုံအပိုင်းကို ကြည့်ရတယ် ..၊ ပစ္စည်း တင်တာ သွင်းတာကအစကွာ .. ကိုယ်က ဒါကို မိဘလက်ငုပ်လ ရင်းတစ်ခုမို့လို့ ..၊ ပြီးတော့ ကိုယ့်ရဲ့မွေးရပ်ဇာတိလည်း ဖြစ်နေတဲ့ အတွက် အလုပ်ကိုရော မြို့ကိုပါ စွန့်ခွာနိုင်တဲ့အထိ မလုပ်ဖြစ်ခဲ့တာ တကယ်ဆို ဘယ်လိုပြောရမလဲ ..၊ မိန်းကလေးတွေချည်းပဲ လိုအပ်နေတဲ့ ဒီအလုပ်ကို ဝါသနာလည်း မပါဘူး၊ စိတ်လည်း မဝင်စားဘူး၊ ပြောရရင် အန်တီစု ကလည်း ဖေဖေတို့ရှိစဉ်တည်းက သွေးသားလို ရင်းနှီးနေခဲ့တဲ့ သူပဲ၊ ဒါပေမယ့် ခုလို နာမကျန်းတာမျိုးကျတော့ ကြီးကြီးရဲ့ဘေးမှာ သူကိုယ်တိုင်ကိုပဲ မနေရဲတာ .."

"အဲ့ဒါက .. ထား နဲ့ ဆိုင်နေလို့လားဟင် .."

"ပြောလိုက်ရင် မင်း အံ့ဩသွားမလား မသိဘူး ..၊ ကြီးကြီး အတွက် မိန်းကလေးငယ်ငယ်တစ်ယောက်လောက် ရှာပေးမယ် ပြောလိုက်တာနဲ့ သူ မင်းကို တန်းပြီး လက်ညှိုးထိုးတာ .."

"ထား ကို .. ဟုတ်လား .."

လည်ကပ်ဆွယ်တာလက်တိုက ပန်းရောင်လေးမို့ ဝင်းနေနေသည့် မျက်နှာလေးကို ကောင်းမျိုး က စိုက်ကြည့်၏။ မျက်လုံးချင်းဆုံနေမိပြီး ထား မျက်နှာလေး ငုံ့သွားမှ သူ မျက်နှာလွှဲဖို့ သတိရ၏။

ဒါပေမယ့် သူမကိုပဲပြောနေတာကို မျက်လုံးတွေ ပြန်ရောက်လာ—

"ဒီလိုကွာ .. ဟော့ .. ဒီမှာ ကိုယ့်ကို ကြည့် .."

"ဟင်!..."

"မင်း .. ဒီမှာ ကိုယ်နဲ့နှစ်ယောက်တည်း ရှိနေရတာကို ကြောက် နေတာလား .."

"အို .. မဟုတ်တာ .."

"ဒါဆိုရင် နားထောင် .."





"ဟုတ် .."

"မင်း အလုပ်ဆင်းသလိုမျိုးပဲကွာ .. တစ်နေကုန် ကြီးကြီး နားမှာ နေပေးနိုင်မလား .. ပုံမှန် ပြန်ချိန်အတိုင်း ပြန်ရမယ်၊ ညပိုင်းကျတော့ အန်တီစု ရှိတယ်လေ .. နေ့ခင်းဆိုရင် အလုပ်တစ်ဖက်နဲ့ အပေါ်တက် လာနိုင်တော့ .. ကြီးကြီး က တစ်ယောက်တည်း ဖြစ်နေလို့ .."

ထား စိတ်ဆင်းရဲသွားမိသည်။ တစ်ခါတစ်ရံ အလုပ်ရှိလို့ တက် လာတာတောင် ကြည့်ကြတဲ့မျက်လုံးတွေကို ပြန်ဆင်းရင် ဖြတ်ကျော် သွားရမှာ ရင်မောနေတုန်း ...။

"ဘယ်လိုလဲ .. မင်းမှာ အခက်အခဲရှိနေလို့လား ..၊ အထင်တော့ လွဲနဲ့နော် .. မင်းကို အကူအညီတောင်းတာမျိုးပဲ၊ အိမ်အကူခေါ်သလို မျိုး မဟုတ်ဘူး .. ဒီမှာလည်း အိမ်ဗာဟိရ မင်း ဘာမှလုပ်ဖို့ မလိုဘူး..၊ ချက်ပြုတ်တာ လျှော်ဖွပ်တာ သူ့နေရာနဲ့သူ အလုပ်သမား ရှိတယ်၊ ကြီးကြီး နားမှာ သူတို့ကို ထားပေးဖို့က မဖြစ်လို့ .."

"ထား သိပါတယ် ဦးကောင်းမျိုး ရယ် .."

နာမည်တွေ ထည့်ပြီး မခေါ်ပြောဖူးသဖြင့် ကိုယ် အဆင်ပြေမယ် ထင်သလို ပြောလိုက်တော့ သူ့မျက်ခုံးတွေ မသိမသာ တွန့်သွားသည်။ ဒါပေမယ့် ခဏလေးပဲဖြစ်ကာ ...

"ဒါဆို ပြောလေ .. မင်းဘက်က မဖြစ်နိုင်တာရှိရင် .."

"ထား .. ထား ဘက်မှာ မဖြစ်နိုင်တာ မရှိပေမယ့် အလုပ်ရုံထဲမှာ ဟိုလိုဒီလိုတွေ ပြော .. အဲ့ .. ဟိုလေ .."

သူက မျက်မှောင်ကုတ်သွားပြီး နားစွင့်နေပုံရတော့ ထား စကား တွေ ထစ်ငေါ့ကုန်၏။

"ထား ကို အထင်မလွဲပါနဲ့နော် .. ဒါပေမယ့် ပတ်ဝန်းကျင်စကား တွေကိုတော့ ရင်မဆိုင်ရဲဘူး၊ တကယ်လို့ ကြီးကြီး အဆင်ပြေမယ်ဆိုရင် အခြား တစ်ယောက်ယောက်ကိုပဲ .."

ရွှေသမင်စာပေ

www.burmeseclassic.com



"ပြေမှာ မဟုတ်ဘူး .."

"ဟင်!..."

"ကြီးကြီးနဲ့တင် မဟုတ်ဘူး.. ကိုယ်နဲ့လည်း အဆင်ပြေမှာ မဟု ဘူး .."

ကောင်းမှူး က ပြောပြီး နေရာမှ ထရပ်လိုက်ကာ ...

"ဘာပဲဖြစ်ဖြစ်ကွာ .. မင်းကို အဆင်ပြေမလားလို့ မမေးတော့ ကိုယ် ပြောတာကို မင်း ကူညီမှ ဖြစ်မယ်၊ ဒါက ကြီးကြီး ရွေးချယ် လည်းဖြစ်တော့ မင်း ဂရုစိုက်တဲ့ ပတ်ဝန်းကျင်နဲ့ ဘယ်ဟာ ပိုအရေး လဲဆိုတာ ချိန်ကြည့်လေ ..၊ ကိုယ်ကတော့ အလုပ်ချိန်အတိုင်းပဲ ဖြ သွားရမှာဆိုတော့ အဆင်မပြေဖို့ မရှိဘူးလို့ တွက်ထားတာ ..'

ကောင်းမှူး မျက်နှာက အေးဆေး တည်ငြိမ်နေသဖြင့် အမိန့် သည့်အကြည့်တွေပါ ပါလာသည်။

သူမ ဘာကို ဆုံးဖြတ်ရမလဲဆိုတာကို နားလည်နေပေမယ့် စကာ သံတွေ .. အကြည့်တွေက လူကို ခြောက်လှန့်နေခဲ့ကြ၏။

ဒေါ်မြမြစံ ကရော ဘာဖြစ်လို့ ကိုယ့်ကိုမှ ခေါ်စေခဲ့တာလဲ ...

"ဆံပင်အရှည်ကြီးထားရင်လည်း သေသေသပ်သပ် ထိန်းသိ မွေးမြူနိုင်မှပေါ့၊ မိန်းကလေးဖြစ်ပြီး ထိုင်ကားယား ထကားယား မလု ရဘူး" တဲ့ ...။

ဒေါ်သတကြီး ဆူပူကြိမ်းမောင်းခဲ့ဖူးတာလည်း သူပဲ ဖြစ်လျက် ခုကျမှ ...။





## အခန်း (၅)

"ဟော .. အငြိုး ပါလား ...၊ ဒီကို ဘယ်လိုလုပ် ရောက်လာတာလဲ၊ အလုပ်မဆင်းဘူးလား .."

ဘယ်ဆင်းမလဲ ...၊ ဒေါ်သတွေ မခံရပ်နိုင်ခြင်းတွေ စုပြုံ စစ်ခင်းနေသည့်ရင်ထဲမှာ စားလို့မဝင်၊ အိပ်လို့မပျော် ဖြစ်နေခဲ့တာ နှစ်ရက်ရှိပြီ..။

ထား အခြေအနေ ပြောင်းနေခဲ့တာတွေ အစ်ကိုတစ်ယောက်လုံး ဖြစ်ပြီး မသိဘူးလား ...၊ နည်းနည်းလေးမှ ပတ်ဝန်းကျင်စကားကို ကြားမိဘူးလား ...။

ပြောချင်လွန်းလို့ ရောက်လာတာပေမယ့် 'ရေနံချေးဝနေသော အိမ်းရောင်ဆေးတို့နှင့် ပျဉ်ထောင်အိမ်လေးကို မြင်လိုက်တော့ သေချာ ကြည့်မိသည်။

လိမ္မာအောင် က ခြံအတွင်း ကျောက်စည်ကြီးရဲ့ဘေးမှာ ထဘီတွေ လျှော်နေတာမို့ ဒါ သူ့အိမ်ပဲဆိုတာ သိလိုက်ပြီး ...

"နင်က ထဘီတွေ လျှော်နေတယ် ဟုတ်လား .."

"အမေ့ထဘီတွေလေ ...၊ မိထား နဲ့ ကျွန်တော် ကြုံတဲ့လူက လျှော် ကြတာပဲ .."



www.burmeseclassic.com

www.burmeseclassic.com



မိထား နာမည် ပါလာတာနှင့် အငြိုး မျက်နှာ မဲ့ချင်သလို ဖြ
သွား၏။

"ဒါမျိုးက အမေတစ်ခု သားတစ်ခု လူတွေမှ လုပ်ကြတာ
လိမ္မာအောင် ရယ် .. မိန်းကလေးရှိတဲ့ အိမ်မှာတော့ သားလုပ်တဲ့လူ
ဒီလောက်ထိ လုပ်ပြဖို့ မလိုပါဘူး၊ အမေဆိုပေမယ့် မိန်းမပဲလေ ..
ဖင်မနိုင်ခေါင်းမနိုင် အသက်ကြီးနေလို့ .. မကျန်းမာလို့ဆိုရင်လည်း
တစ်မျိုး .."

"ဘယ်ဟုတ်မလဲ အငြိုး ရယ် .. ကျွန်တော်ကတော့ မိဘကိုပြု
ခွင့်ရသမျှ ကုသိုလ်လို့ပဲ သတ်မှတ်ထားတာ၊ ဘာထူးလို့လဲ .. အမေ
လည်း ဒီရက်ပိုင်းမှာ ကျန်းမာရေး ပိုဆိုးလာတယ်"

"ဪ .. ဟုတ်လား .."

"အငြိုး ဘယ်ကို လာတာလဲ ..၊ အရေးတကြီး ဆက်သွားဖို့မရှိရင်
အိမ်ထဲ ဝင်ပါဦးလား .."

"အထဲမှာ ဘယ်သူရှိလဲဟင် .."

"အမေပဲ ရှိတာပေါ့၊ ညီမလေးက အလုပ်ဆင်းနေတာလေ .. အငြိုး
ရော .."

"သိပ်နေမကောင်းလို့ မဆင်းဘူး"

နေမကောင်းတဲ့ပုံစံလေးကလည်း မျက်နှာလေးက မှုန်အုံ ဖြူဝင်း
နေကာ နီညိုရောင်တီရှပ်လက်ပြတ်လေးနဲ့ စကက်ရှည်ကပ်ကပ်ကြောင့်
ကိုယ်လုံးက ဆွဲညှစ်ပြထားသလို ထင်းနေသည်။

ဒီနေ့ကျမှ သူမ ဘာဖြစ်လို့ ကိုယ့်အိမ်ရှေ့ထိ ဆိုက်ဆိုက်မြိုက်
မြိုက် ရောက်လာခဲ့တာလဲလို့ တွေးရင်း ပီတိ ဖြစ်နေမိသည်။

ကံကြမ္မာဟာ ဘာဖြစ်လို့ အကောင်းတွေ အဆိုးတွေကို သီးခြားစီ
ခံစားခွင့် မပေးခဲ့တာလဲ ...၊

မေတ္တာရိပ်တစ်ခုကို ဆုံးရှုံးခဲ့ရပြီးမှ အချစ်က အိမ်ရှေ့ ရောက်လာ





ည်ဆိုလျှင် ...

"လာ .. အငြိုး .. အိမ်ပေါ် တက်၊ ခဏ ထိုင်ဦးနော် .. ထဘီတွေ
မိမှာစိုးလို့ သွားလှန်းလိုက်ဦးမယ်"

အိမ်လှေကားထစ်လေး အုတ်ခုံသုံးထစ်ကို လိုက်ပို့ပြီး ဧည့်ခန်း
းကို ညွှန်ပြကာ လိမ္မာအောင် က ပြန်ထွက်သွား၏။

အိမ်ထဲကို တစ်ယောက်တည်း ဝင်လာခဲ့ရသလို အထဲမှာလည်း
ယ်သူမှ မရှိ။ ချောင်းဟန့်သံပေးတာတောင် တုံ့ပြန်သံ မကြားရဘဲ...

"မျင်းနေပြီလား ...၊ အမေက နေမကောင်းဘူးဆိုရင် အိပ်ပဲ အိပ်နေ
တာ၊ နိုးနေရင်လည်း စိတ်ဆင်းရဲစရာတွေ ထိုင်တွေးနေလွန်းလို့
ပ်နေတာဆိုရင်တော့ ကျွန်တော်တို့လည်း မနှောင့်ယှက်ဘဲ နေလိုက်
တာတယ်"

ရွယ်တူချင်းပေမယ့် အငြိုး က တမင် ပိုင်စိုးပိုင်နင်း ပြောချင်လွန်း
နင် .. ငါနဲ့ ပြောနေတာဖြစ်ကာ လိမ္မာအောင် က ဘယ်တော့မှ
ပြောခဲ့ပေ။ ပြီးတော့ လူကိုမြင်လိုက်တာနှင့် လက်တုန်ခြေတုန်ဖြစ်
အောင် ပျာယာခတ်နေတတ်တာကြောင့် သူမ မျက်လုံးထဲမှာ ခပ်ကြောင်
ကြောင် လူတစ်ယောက်လို့ပဲ မြင်သည်။

လိမ္မာအောင် ကြောင့် အနှောင့်အယှက်ဖြစ်ရတာလည်း မရှိတော့
စိတ်ထဲမှာ မရှိတဲ့အတိုင်း ခေါင်းထဲလည်း မထည့်ခဲ့ ..။

'မကြိုက်ဘူးသာ ပြောနေတယ်၊ နင်က ငြင်းလည်း မငြင်းပါ
ဘူး'လို့ သူငယ်ချင်းတွေက ပြောလာကြတဲ့အထိ မငြင်းဆို ...။ သူမ
ည့်ကို မစဉ်းစားခဲ့တာ ဖြစ်၏။

ဒါပေမယ့် မြင်လိုက်ရတော့ အခြေအနေလေးက မဆိုးပါလား။
ည့်ခန်းလေးက သေသပ်သည်။ အိမ်လေးကလည်း အနေတော် တောင့်
တောင့်တင်းတင်း ...၊ ထို့ပြင် ...

ခေါင်မိုးမှာ မိုးယိုလွန်းလို့ သွပ်ပြားအစတိုလေးတွေ၊ ကော်ပြား



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ ဖြစ်သလို ထိုးထည့် ဖာထေးထားရသည့် ကိုယ့်အိမ်ထက် အမျာ
ကြီး ပိုကောင်း၏။

"ကျိုးပေါင်းရောဂါပဲဆိုပြီးတော့ နင့်အမေက ဘာဖြစ်လို့ ဒီလော
စိတ်ညစ်နေရတာလဲ"

ပထမဆုံး သေချာ စပ်စုမိခြင်းပါ။ လိမ္မာအောင် က ထိုင်မလိုဖြ
ပြီးမှ မထိုင်ဘဲ ...

"ပြီးမှ စကားပြောရအောင် ..၊ ကျွန်တော် စားစရာတစ်ခုခု ..

"ဟာ .. မလိုပါဘူး .. ထိုင်စမ်းပါ၊ မေးတာကို အရင်ဖြေ .."

"ဒီလိုပါ .."

လိမ္မာအောင် က တစ်ယောက်ထိုင် ခုံလေးမှာ ထိုင်ချလိုက်ကာ

"အသက်ကြီးပိုင်းကျမှ စိတ်ဆင်းရဲစရာတွေက စုပြုံဖြစ်လာတ
လေ ..၊ အရွယ်ကောင်းတုန်းက ရှာဖွေထားရတဲ့ဒဏ်တွေနဲ့ စုပြီး ဖြစ်က
တာပေါ့၊ ဒီရက်ပိုင်းမှာ စိတ်ဆင်းရဲစရာ ထပ်ကြုံတာက အဖေတ
ပြန်လာပြီလို့ ကြားရပြီး အိမ်ကို ရောက်မလာလို့ .."

"ဟင် .. ဘာဖြစ်လို့လဲ .."

"မကျန်းမာလို့ ဆေးရုံဝင်တက်နေရတယ်တဲ့၊ သတင်းကလည်
မတိကျသေးပါဘူး၊ အမေကလည်း အိပ်မက်တွေ မကောင်းဘူးဆိုပြ
စွဲလမ်းစိတ်ကြီးနဲ့ အိပ်ရာထဲ ပြန်လဲတော့ .. ခုချိန်ထိ မပြောရဲသေးဘူး"

"ဒါဆို လူမမာက ဘယ်လိုလုပ်ကြမှာလဲ"

"ကျွန်တော်ပဲ အရင်သွားတွေ့ရတော့မှာ ..၊ အမေ့အတွက် စိတ
မကောင်းပေမယ့် ဟိုမှာ အဖေ့ကျန်းမာရေး စိတ်ချရပြီဆိုမှပဲ ပြန်ခေါ
တော့မှာပဲ၊ အဲဒါကြောင့် အငြိုး အိမ်ရှေ့ရောက်လာတာ မြင်လိုက်တော
ကျွန်တော် တွေးမိသွားသေးတယ် .."

"ဘာလဲ .."

"ဩော် .. အဖေက စိုးရိမ်ရတဲ့အခြေအနေလေ .."





လိမ္မာအောင့် မျက်နှာက သိသာစွာ ညှိုးကျသွား၏။ ရင်ထဲမှာ
ဖြစ်သွားခဲ့တဲ့အတိုင်းကို ပြောမထွက်တော့ဘဲ ...

"ကျွန်တော် ခုလိုမျိုး ရင်းနှီးမှုတွေ အရမ်းလိုချင်ခဲ့တဲ့ အငြိုး
ကလည်း အိမ်ရှေ့ကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာတယ်၊ ကွဲကွာနေ
တာကြာပြီဖြစ်တဲ့ အဖေ့သတင်းကိုလည်း ပြန်ရခဲ့တယ်၊ ဒါပေမယ့် ဘာ
တစ်ခုမှလည်း ပျော်ခွင့်ရှိတဲ့ အစစ်အမှန်တွေ မဟုတ်သေးဘူး ဖြစ်နေ
တယ် .."

အငြိုး က သဘောပေါက်သည်။ သူ့အိမ်ရှေ့ထိ ကိုယ် ရောက်လာ
ခဲ့တာကို တိုက်ဆိုင်သည့် မမျှော်လင့်ခဲ့သော အခွင့်အရေးတစ်ခုလိုမြင်ပြီး
တကယ် မျှော်လင့်ချင်သည့်ဆန္ဒတွေကို ပြနေတာ ..။

မျက်ခုံးလေး မသိမသာပင့်၍ နှုတ်ခမ်းမှာ ရယ်မလိုမဲ့မလို ဖြစ်သွား
မိသည်။

"ဘာပဲဖြစ်ဖြစ်လေဟာ နင်နဲ့ ငါ ရင်းနှီးမှုတစ်ခုတော့ ရှိသွားကြ
တာပဲ၊ နင်က အဖေမဲ့ခဲ့သလို ငါ့မှာလည်း အမေ မရှိခဲ့ပါဘူး၊ ဘဝတူ
တွေလည်း ဖြစ်နေတာကိုး .."

"ကျွန်တော့်အဖေကတော့ အခု ပြန်လာပါပြီ၊ ကျန်းမာရေးက
တော့ ..၊ အင်း .."

အငြိုး က မျှော်လင့်တွေးဆနေသည့် လိမ္မာအောင့် မျက်နှာကို
ခပ်မဲ့မဲ့ ကြည့်၍ ...

"တကယ်တော့လည်း လူငယ်တွေ အရွယ်ရောက်လာကြတာနဲ့
မိဘတွေက လက်လွှတ်ချင်လာကြတာပါပဲ၊ ပညာစုံစုံ မစုံစုံ ကြင်ရာ
စုံတာ မစုံတာလည်း အရေးမပါဘူး၊ ကိုယ့်ဝမ်းကိုယ်ကျောင်း ကိုယ့်
လမ်း ကိုယ်လျှောက်ကြရတာ ..၊ မိဘမဲ့ခြင်း မမဲ့ခြင်းက သိပ်အော့
အရေးမပါပါဘူး"

"ဟင်!..."



www.burmeseclassic.com

www.burmeseclassic.com



လိမ္မာအောင် က ဖျတ်ခနဲ မျက်လွှာပင့်ကြည့်သည်။ ရယ်လက်စနှင့် နှုတ်ခမ်းတို့မှာ အုံ့သြရိပ်ထင်လျက် ...

"ဘယ်လို .."

"ဟုတ်တယ်လေ .. အခု နင်တို့ ငါတို့ကိုပဲ ကြည့် ..၊ နင့်အမေကို နင်တို့ ဆေးကု ပြုစုပေးနေရပြီ၊ ငါ့အဖေဆိုလည်း ငါကတောင် အရက်ဖိုး ပြန်ပေးနေရသေးတယ်၊ ငါတို့ ခုချိန်မှာ ထိုင်နေကြည့်ပါလား၊ မိဘလုပ်စာ ထိုင်စားတယ်ဆိုပြီး ကဲ့ရဲ့လိုက်မှာမှ ပွဲတောင်ကျဦးမယ်.."

"ဟား .. ဟား .. ဟား ..."

"ဘာရယ်တာလဲ .."

လူကို မသိနားမလည်လေခြင်းဆိုတဲ့ ရယ်သံမို့ အငြိုး စိတ်တိုသွားသည်။ လိမ္မာအောင် က တောင်းပန်သလို လက်ကာရင်း မျက်နှာကို ပြန်တည်ဖို့ ကြိုးစားကာ ...

"ကလေးဆန်သလိုလေး ပြောနေလို့ သဘောကျလို့ ရယ်တာပါ၊ အငြိုး ဘာလုပ်လုပ် ဘာပြောပြော ကျွန်တော့် မျက်လုံးထဲမှာ ကဲ့ရဲ့စရာလို့ ဘာတစ်ခုမှ မမြင်ပါဘူး၊ တကယ်ပြောတာ .."

"အံမယ် .. ကဲ့ရဲ့စရာတွေ ပြောနေတာမှ မဟုတ်တာ မြင်လို့ ရမလား"

"ဟုတ်ပါပြီ .. တကယ် မမြင်ပါဘူး"

လို့ ပြော၍ လိမ္မာအောင် က ပြုံးနေသည့်မျက်နှာနှင့် ...

"မိဘနဲ့ သားသမီးတွေ အပြန်အလှန်ထားကြတဲ့ မေတ္တာတရားကို အလဲအလှယ်ပစ္စည်းတွေလို ဘက်ညီမညီ ချိန်စက်ပြီး တန်ဖိုးဖြတ်လို့တော့ ဘယ်ရမလဲ အငြိုး ရယ် ..၊ မိဘတိုင်းက ပေးဆပ်ခြင်းနဲ့ ရပ်တည်တယ်၊ သားသမီးတွေကျတော့ ရယူခြင်းနဲ့ ထွက်ခွာတယ်၊ မိဘပေးတဲ့ ဘဝကို ရယူပြီးရင် သားသမီးဘက်က ပြန်ပြီး သိတတ်ဖို့ပဲ မဟုတ်ဘူးလား ..၊ ဒါက မိဘကျေးဇူးဆပ်ခြင်းပဲလေ၊ ကျွန်တော်တို့အတွက် မိဘ





တာ အသက်ရှည်နေမှ ကြာကြာ ကျေးဇူးဆပ်ခွင့်ရမှာပေါ့ .."

"သွားပြီ .. နင်နဲ့ငါ သူငယ်ချင်းဖြစ်ရမလားလို့ ကူးခဲ့တဲ့ စိတ်ကူးတွေ မှောက်ကုန်ပြီ .."

"ဟာ!... ဘာဖြစ်လို့လဲ .."

ရယ်နေတာတွေပါ ပျောက်ကုန်လျက် လိမ္မာအောင် ပျာပျာသလဲ မေးလိုက်တော့ အငြိုး က မျက်နှာကို ပို၍ ရှုံ့မဲ့ကြည့်ကာ ...

"နင်နဲ့ငါ စိတ်ကူးတွေ .. ခံယူချက်တွေမှ မတူကြတာ၊ အနာဂတ်ထိ ဘယ်လိုလုပ် လက်တွဲသွားမလဲ .."

"ဟင်!..."

အငြိုး ရဲ့ ဘာလိုလို စကားသံလေးကြောင့် လိမ္မာအောင် ရင်ခုန်သွားသည်။ 'ငါပြောတာ ဘာမှားသွားလို့လဲ' လို့ အပြေးအလွှား တွေးလိုက်မိကာ စိုးရိမ်စိတ်တွေ ချက်ချင်း ဖြစ်လာ၏။

အငြိုး က ပိုင်နိုင်သည့်အပြုံးလေးနှင့် မသိမသာ ငဲ့ကြည့်ပြီး ပခုံးလေး တွန့်သည်။ ပြီးမှ ...

"ခင်ခင်မင်မင် ရေရှည်ခင်သွားကြဖို့ ပြောတာလေ၊ ဒါလေးတွေက အသေးအဖွဲလေးတွေပေမယ့် ပြောဆိုဖြစ်ကြတိုင်း ငြင်းခုန်နေရမှတော့ .. ဘယ်လိုလုပ် ခင်မင်စိတ်တွေ ရှိတော့မှာလဲ၊ ခုတောင်မှ နင့်ကို ငါ စိတ်တိုချင်နေပြီ .."

"ဒီလိုတော့ မလုပ်နဲ့လေ .. တစ်ယောက်နဲ့တစ်ယောက် နားလည်မှုပဲ လိုတာပါ၊ နောက်ဆုံး အငြိုး ဘက်က မှားနေမှန်းသိရင်တောင် ကျွန်တော်က သည်းခံ နားလည်နိုင်ပါတယ်ဆိုရင် မဖြစ်ဘူးလား .."

ဒီလိုပဲ ဖြစ်ရမှာပေါ့ဆိုသည့် အောင်နိုင်သည့်အပြုံးလေး ဖျတ်ခနဲ ထင်ကာ အငြိုး က တည်တည်ကလေးပဲ နေ၏။

"အယူအဆဆိုတာ တစ်ယောက်နဲ့တစ်ယောက် အမြဲတမ်းတစ်ထပ်တည်း ကျမနေတတ်ပါဘူး၊ ခုမှပဲ ခင်မင်ခွင့်လေးရတာကို မုန်းစရာ



www.burmeseclassic.com

www.burmeseclassic.com



မဆိုပါနဲ့ဗျာ .."

တွေ့လား .. ဆိုပြီး နီလာ တို့ကို ဆွဲပြလိုက်ချင်သည်။ သူတို့တွေ ပြောကြတဲ့ 'သားလိမ္မာ'ဆိုတာကြီး .. အငြိုး ရှေ့မှာ ဘယ်လို ကွေးအောင် 'က'နေပြီလဲဆိုတာ ..။

"ဒါနဲ့ ပြောပါဦး ..၊ အငြိုး ဒီဘက်ကို ဘယ်လိုရောက်လာတာလဲ"

မျက်နှာလေး မကြည်သေးပုံပေါက်နေသဖြင့် မတည့်တာတွေ ဆက်ပြောလာမှာစိုးတော့ လိမ္မာအောင် က စကားလမ်းကြောင်း လွှဲဖို့ ကြိုးစားသည်။

အငြိုး ကလည်း ဒီလောက်ပါပဲ။ သူနဲ့ကိုယ်နဲ့ ဘာဆိုင်တာ မှတ်လို့ ..။

"ဒီလိုပါပဲ .. အဖေ ခိုင်းလိုက်တာ မလုပ်ချင်တာနဲ့ ထွက်လာရင်း လျှောက်မိလျှောက်ရာ .."

"ဟောဗျာ .. အဖေ ခိုင်းတာ မလုပ်ချင်လို့ .."

ကိုယ်ပဲ ထပ်မေးပြီး ပြုံးမိသွားကာမှ သတိရသည်။ သူမက ဒါတွေ ပြန်စလာရင် အကောင်းပြောမှာ မဟုတ်။ ထို့ကြောင့် မျက်နှာကို ပြန်တည်လိုက်ရကာ ...

"အရေးကြီးတာတစ်ခုခု ဖြစ်နေမလား .. ကျွန်တော် လုပ်ပေးနိုင်တာဆိုရင် လုပ်ပေးမယ်လေ၊ ဘာများလဲ .."

"သြော် .. အရေးကြီးတော့လည်း သူ့ အရေးကြီးတာ ..၊ ကိုယ် အရေးကြီးတာမှ မဟုတ်တာ .."

"အငြိုး ရယ် .."

"နင့်ညီမ အရေးကြီးနေတာကျတော့ မသိသေးတာလား ..၊ မသိချင်ယောင် ဆောင်နေတာလား .."

"ဟင်!... ဘာလဲ အငြိုး .."

လိမ္မာအောင် မျက်မှောင်ကုတ်သွားကာ ...





"ထား ကို ပြောတာလား .."

"ညီမလို့ ပြောမှတော့ နင့်မှာ အရင်းအချာမဟုတ်တဲ့ ညီမတောင်မှ ဒီတစ်ယောက်ပဲရှိတာ ..၊ တခြား ရင်းတာ မရင်းတာတွေ ဘယ်နှစ်ယောက်များ ရှိသေးလို့လဲ .."

လိမ္မာအောင့် စိတ်ထဲမှာတော့ တစ်မျိုးကြီး ဖြစ်သွားသည်။ မောင်နှမအရင်း မဟုတ်ကြတာ လူတိုင်း သိကြပေမယ့် ဒီလိုစကားမျိုးတွေ ကြားလိုက်ရတိုင်း ရင်ထဲမှာ မကောင်း ..။

"ထား .. ဘာဖြစ်လို့လဲ .."

"အလုပ်မဆင်းဘဲ သူဌေးနဲ့ သွားသွားတွေ့နေတာ .."

"ဘာ!..."

"ဘာညာလား မသိဘူးလို့ သူများတွေပြောကြတာကို ပြောတာပါ"

အငြိုး က လိမ္မာအောင့် မျက်နှာပေါ်က ဒေါသ၏ အရိပ်အယောင်ကို အကဲခတ်ရင်း ဒီလိုပြောရတာ စိတ်မကောင်းပါဘူးဆိုသည့် မျက်နှာပြေပြေလေးကို မော့ကာ ...

"အလုပ်ကိုတော့ လာတယ်လေ .. ခုံမှာတောင် မထိုင်ဘူး၊ အပေါ်ထပ် တန်းတက်သွားတာပဲ .."

"မဟုတ်တာ .."

"ဘာမဟုတ်တာလဲ ..၊ ငါက မဟုတ်တာတွေ လာပြောနေတယ်ထင်လို့လား .."

"မဟုတ်ဘူး .. အဲဒါကို ပြောတာ မဟုတ်ဘူး ..၊ ထား .. မိထား ဒီလိုမျိုး .."

"ဟုတ်မဟုတ် သိချင်ရင် မေးကြည့်ပေါ့၊ ငါက နင်တို့ သိတယ်မှတ်လို့ အံ့သြနေတာ၊ ငါတို့ဘက်ကလူတွေအကြောင်းလည်း နင် သိမှာပါ၊ ဝေဖန်စရာရှိပြီဆို ဘာကိုမှ ရှောင်တာ မဟုတ်ဘူး၊ ထား က ရောက်လာတည်းက တက်သွားပြီ၊ အလုပ်သိမ်းချိန် ကွက်တိ ပြန်ဆင်းလာတာ



www.burmeseclassic.com

www.burmeseclassic.com



ကို ဘာတွေပြောနေကြလဲ သိလား ..”

“ခဏ .. ခဏလေး နေပါဦး ..”

ရှက်သည့်စိတ်က နားတွေပါ ပူလာသလိုရှိကာ မျက်နှာတွေပဲ ထူအမ်းလာသလိုလို ..။

အငြိုး ကတော့ လာရကျိုးနပ်ပြီလို့ တွက်ကာ မျက်ဝန်းတွေမှာ ရယ်မြူးရိပ်တွေဆင်လျက် ...

“ဘာ ခဏလဲ ..၊ ငါ့ကို နီလာ တို့က နင်နဲ့ပဲ စနေကြတာ၊ သူ့ကို အဲဒီလို မြင်ကြတော့လည်း နင့်ယောက်မလောင်းတော့ သွားပြီ ထင်တယ်၊ သူ့ဒွေးက အတည်ကြံမယ် မှတ်နေလား မသိဘူးနဲ့ စုံနေတာ ပဲ၊ ငါလည်း မဆီမဆိုင် မျက်နှာပူနေရတာပဲ သိလား၊ အဲဒါ နင်နဲ့ပတ် သက်နေလို့ပေါ့၊ ဘာပဲဖြစ်ဖြစ် ပြောမှဖြစ်တော့မယ်ဆိုပြီး တွေးထား တာ .. ဒီနေ့ ကြုံကြိုက်လို့ ..”

လိမ္မာအောင် ဒေါသဖြစ်လို့မရအောင် ကိုယ့်ဘက်ကနေ သကာ လောင်းထားလိုက်သည်။ လူကို အသေအလဲ ပိုးပန်းနေသူမို့ ဘာလိုလို စကားလေးတွေ ပြောပေးနေသမျှ မျှော်လင့်ချက်တွေ ရှန်းကြွပြီး ကိုယ် ဘာပြောပြော သင်း ကျေနပ်သွားလိမ့်မည်။

ကိုယ်က အငြိုး ပဲ ..။

“သူ ဘယ်တုန်းတည်းကလဲ အငြိုး ..”

“သုံးရက်တောင် ရှိပြီ ..၊ နင်တို့ကလည်း တုံးပါ့ဟာ .. နင့်ညီမ ဒီရက်ပိုင်းလေးမှာ တောက်တောက်ပြောင်ပြောင်တွေ ရွေးဝတ်၊ သနပ် ခါး ခြေဆုံးခေါင်းဆုံးလိမ်းပြီး အသွားအပြန် အရောင်မမှိန်ဘဲ ကြော့မော့ နေတာတွေ ..”

အငြိုး ပြောသမျှတွေက ပုံရိပ်တွေအဖြစ် မျက်လုံးထဲမှာ ပေါ် လာသည်။ သူမမှာ အသစ်ဆိုတာ မရှိပေမယ့် ရှိတာလေးကို လှအောင် ဝတ်ပြီး ထွက်သည်။





ခါတိုင်း လတ်လတ်လေးဆို ဘယ်လိုနေရာမျိုးသွားမှ ဝတ်မယ် ဆိုတာမျိုး ရွေးဖယ် ချန်ခဲ့တတ်ပေမယ့် ခုတလော သူမ ဝတ်စားလာတာ ကို ခုမှ သတိထားမိ၏။

ပြီးတော့ အလုပ်ကအပြန် ပင်ပန်းနွမ်းဖတ်လာတဲ့ပုံစံက အငြိုး ပြောသလိုပါပဲ ..၊ ခုတစ်လော အိမ်ပြန်ရောက်လာချိန်တွေမှာ နဖူးက သနပ်ခါးတောင် မပျက် ..။

ဟုတ်သည် ..၊ ဒါတွေ ပြောင်းလဲနေခဲ့တာ မှန်သည်။ ဘယ်တုန်း ကမှ လူကြီးမသိအောင် မလုပ်ခဲ့ဘဲ ခုကျမှ ထား ဘာတွေ လုပ်နေတာ လဲ ..။ သူ့ဒွေး ဦးကောင်းမှူး ကရော ဒီလိုလူမျိုးလား ..၊

ယောကျ်ားဆိုတာတော့ ပြောလို့ မရပေမယ့် ထား ဒီလောက် အတွေးမတိမ်ဘူးလို့ပဲ ထင်နေဆဲမို့ ဘယ်လိုမှ နားမလည်နိုင် ..။

“စဉ်းစားမနေနဲ့ လိမ္မာအောင် ..၊ သူ့ပုံစံ ရိုးပုံရိုးပန်းကြောင့် နင် မယုံနိုင်ဘူးမို့လား ..၊ အဲဒါကြောင့် လူတစ်ယောက်ရဲ့ ဝတ်စား နေထိုင်ပုံ ကို အပေါ်ယံကြည့်ပြီး အကဲဖြတ်လို့ မရဘူးလို့ ပြောကြတာပေါ့၊ ငါ့ကို ဆို ကဲ့ရဲ့ခံရသလား မမေးနဲ့ .. အခု မထင်တဲ့လူက လုပ်ချသွားလိုက်တာ ကြည့်လေ ..၊ အံ့ပုန်းထတော့ ပြည်ကြွတယ်ဆိုတာမျိုး ..”

“နေပါဦး အငြိုး ရယ်.. ဒါ ဟုတ်နေရင်တောင် သူ့မှာ အကြောင်း ရှိမှာပါ၊ ထား ဒီလိုမျိုးတော့ ..”

“သူ ရိုးသားတယ်ဆိုရင် နင်တို့ကို ဘာလို့ မပြောလဲ ..၊ ကဲ ..”

“ဒီလိုပါ..၊ သူ့ဒွေးကလည်း အရမ်းကို အေးဆေးတည်ငြိမ်တဲ့လူပါ”

“ကြောင်သူတော် နေမှာပေါ့ ..”

“ထား ကလည်း ..”

“အံ့ပုန်းခံစားတတ်တဲ့လူတွေရဲ့ စိတ်ကူးယဉ်မှုက ပိုကြောက်ဖို့ ကောင်းတာဟ၊ နင့်ညီမက ဘယ်လိုလူမျိုးဖြစ်မလဲ နင် စဉ်းစားကြည့် ပေါ့ .. ငါ ပြန်တော့မယ်၊ မနေသာတော့လို့သာ ပြောမိတာပါ၊ အလိုလို



www.burmeseclassic.com

www.burmeseclassic.com



ကမှ သူနဲ့ငါက သိပ်တည့်တာ မဟုတ်ဘူး၊ သေချာတယ် .. ကွယ်ရာမှာ ငါ့ကို ကလော်တုတ်တော့မှာ .."

"ကျွန်တော်က အငြိုး နာမည်ကို လုံးဝ ထည့်မပြောဘဲ စုံစမ်းမှာပါ"

သိသားပဲ ..၊ ဒီလိုဖြစ်အောင် တမင် သတိပေးလိုက်တာ ..။

အငြိုး အောင်မြင်စွာ ထွက်ခွာခဲ့၏။ နားထဲမှာလည်း အန်တီစု ပြောသွားတာကို ကြားနေတုန်းပါ။

"မမစံ နေမကောင်းလို့ အနားမှာ အဖော်ရအောင် ခေါ်ထားတာပါ၊ လေးဖက်နာဖြစ်ပြီး မထနိုင် မကြွနိုင် ဖြစ်နေတော့ အနားမှာ အဖော်မရှိလို့ မဖြစ်ဘူးလေ ..၊ သူကိုယ်တိုင် ထား ကို ခေါ်ပေးပါပြောလို့ ရွေးခေါ်ရတာ ..၊ တောင်တောင်အီအီတွေ တွေးမနေကြနဲ့"တဲ့ ..။

အလုပ်ရှင်တွေကိုက ကိုယ့်အလုပ်သမားတွေအပေါ်မှာ ကျောသားရင်သား ခွဲခြားနေတာ ဘယ်လောက် ခံပြင်းဖို့ကောင်းလဲ ..။

သူ့ခွေးက တစ်နေကုန် အိမ်မှာရှိတတ်တဲ့နေ့ သိပ်မရှိဘူးဆိုတာ သိသားပဲ။ ဒါပေမယ့် မျက်နှာချင်းဆိုင်မိကြတဲ့အချိန်လေးတွေ ရှိလာမှာကို မလိုချင် ..။

ဒီသူ့ခွေးကိုမှ မရမက လိုချင်တပ်မက်နေတာမျိုး မဟုတ်ပေမယ့် လှတဲ့နေရာမှာ သူက ကိုယ့်လို နာမည်ကျော်တဲ့လူလား ..၊ ဒီလိုလူက ကျော်တက်သွားတာကို မခံနိုင် ..။

ကြည့်နေလိုက် မိထား ..၊ နင် ကြာကြာ ရင်ခုန်ခွင့်ရမှာ မဟုတ်ဘူးဆိုတာ ..။





အခန်း (၆)

ရက်တွေသာ ကြာသွားသည်။ ထား က အသွားမပျက် အလာမပျက်မို့ အငြိုး အောင်နိုင်စွာ ကြိမ်းဝါးထားသမျှတွေက အလကားဖြစ်ကုန်သလို အရှက်ရဖို့ ဖြစ်လာ၏။

"ဘယ်လိုလဲ အငြိုး .. နင် ပြောတော့ လိမ္မာအောင် ကို နင် ပြောခဲ့လိုက်တာ တစ်ထိုင်တည်း ကျောက်ရုပ်ကြီး ဖြစ်သွားသလိုပဲဆို..၊ နောက်နေ့ အလုပ်ကပါ ထွက်ရတော့မှာ မြင်ယောင်တယ်ဆို ..၊ ခုတော့ လိမ္မာအောင် သာ လုံးဝ ပေါ်မလာတော့တာ .. ဟိုတစ်ယောက်ကတော့ ပိုတောင် လှလှလာသလိုပဲ"တဲ့ ..။

အငြိုး သဝန်တို ဒေါသတွေနှင့် ဘာမှလည်း မပြောနိုင် ..။

တကယ်တော့ လိမ္မာအောင် တို့အိမ်မှာ ပြောင်းလဲမှုကြီးတစ်ခုဖြစ်ပျက်နေခဲ့လျက် ..၊ ထိုကိစ္စကတစ်ဖက် .. လူမမာတစ်ဖက်နဲ့မို့ လိမ္မာအောင် ဘာကိုမှ မပြောဖြစ်ခဲ့ခြင်း ဖြစ်သည်။

ပြဿနာတစ်ခုကို အစဖော်လိုက်မိတာနှင့် ငြင်းခုံတာတွေ ပါမည် ..၊ ဖြေရှင်းတာတွေ .. လက်မခံနိုင်တာတွေကြောင့် ခွန်းကြီးခွန်းငယ် ဆူညံပူညံတွေလည်း ဖြစ်ဖို့ ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူ မပြောဖြစ်ခဲ့ဘဲ အားလုံး ပြီးဆုံးခဲ့ပြီဆိုမှ ထား ဘုန်းကြီးကျောင်းရေကန်မှာ ကြာပန်းသွားချိုးမည်ဟု အကြောင်းပြ ထုတ်ခဲ့ပြီး ...

"အခု ငါတို့မိသားစုမှာ ဖြစ်နေတဲ့ပြဿနာ ပြီးပြီ၊ နင့်အဖေ ဆုံးခဲ့ရသလို ငါ့အဖေလည်း မရှိတော့ဘူး၊ ဒါပေမယ့် နှစ်ယောက် အသက်တွေကို ရင်းပြီး ငါတို့အတွက် ဘဝတက်လမ်း ဖွင့်ပေးခဲ့ တယ်၊ ဒီတော့ နင် ချမ်းသာချင်တယ်မို့လား..၊ ငါတို့ဆီက လိုသလော ခွဲယူ .. ကြိုက်သလို သုံး ..၊ သူဌေးကို မျှော်လင့်ကြီးပမ်းပြီး ငါတို့ အရှက်မခွဲနဲ့တော့ .."

"ကိုကို ဘာတွေ ပြောနေတာလဲ .."

"နင် လုပ်နေတာတွေ ငါ မသိဘူးများ မှတ်နေလား ထား .. အေး .. အမေ မသိသေးတာက ကျန်းမာရေးမကောင်းသေးလို့ မပြော ထားခဲ့တာ၊ နင်က ငါတို့သားအမိ မသိအောင် လုပ်နေပေမယ့် ငါ တော့ အမေ မသိအောင် ဘာမှမလုပ်ခဲ့ဘူး၊ အဲဒါကြောင့် အခု မျိုသိ ထားရတာလည်း လျှော်ယားလှပြီ"

"ဘာတွေမို့လို့လဲ ကိုကို ..၊ ထား ကို ဦးကောင်းမှူး နဲ့ စွပ်စွဲ တာလား .."

လိမ္မာအောင် က ခါးနှစ်ဖက်ထောက်၍ ကြာကန်ကြီးကို ကျော် ခိုင်းကာ ထား မျက်နှာကို စိုက်ကြည့်သည်။

"ငါ မန္တလေးကို ခရီးသွားနေရလို့ မပြောဘဲ ထားခဲ့တာ၊ နင် အလုပ်ဆင်းတာ အယောင်ပြပြီး သူဌေးနဲ့ .."

"မဟုတ်ဘူး ကိုကို .. ညီမလေးက .."

"ချမ်းသာချင်တာမို့လား ..၊ ဒီအရွယ် ဒီလိုစိတ်ကူးယဉ်တတ်ကြ တာ ငါ နားလည်တယ် မိထား ..၊ ဒါပေမယ့် နင့်ကို အဲဒီလို စိတ်ကူး ယဉ်ပြီး မိုက်မဲတတ်တဲ့မိန်းကလေးမျိုးလို့ မထင်ခဲ့ဘူး၊ နင် .. နင် ..





ဦးကောင်းမှူး ကိုမှ ဘာဖြစ်လို့ မှန်းရတာလဲ .."

ထား ဘယ်လို ဖြေရှင်းရမှန်း မသိတော့ပါ။ မပြောဘဲ ထားခဲ့မိတာ ကိုယ့်အမှား ...။

ဒါပေမယ့် အလုပ်သွားတဲ့အချိန်မှာပဲ အလုပ်ပဲ လုပ်နေတာလို့ ခဲ့သည်။ အိမ်မှာ အမေ့ကျန်းမာရေးဆိုးလာတာနှင့် ကိုကို အလုပ် နေတာကြောင့်လည်း ပြောပြဖို့ မကြိုးစားခဲ့တာ ဖြစ်၏။

"ဦးကောင်းမှူး က ဒီဆေးလိပ်ခုံလေးတစ်ခုကိုဦးစီးပြီး သူဌေးအခေါ် နေတယ် ထင်လို့လား ..၊ ရန်ကုန်မြို့ကြီးမှာ အိမ်ဆောက်ပစ္စည်းမျိုးစုံ တဲ့ ကုန်မာဆိုင်ကြီးတွေ တစ်ဆိုင်ပြီးတစ်ဆိုင် ခွဲဖွင့်နေတာ၊ အခုလည်း နစထရုပ်ရှင်လုပ်ငန်း ထူထောင်ဖို့ ကြိုးစားနေတဲ့လူ၊ သူ့လို ဥစ္စာပေါ ချော ပညာတတ်က နင့်ကို .. ကျွတ်!... ငါ မပြောလိုက်ချင်ဘူး.."

"ထား ကို အဲလောက်ထိ မပြောပါနဲ့ ကိုကိုရယ် .."

မျက်ရည်တွေ ပြည့်အိုင်လာသည့် မျက်ဝန်းလေးတွေကို သနား ားမိပေမယ့် ဒါကို မျိုသိပ်ထားခဲ့ရတဲ့ ရင်ထဲမှာ အပူရှိန်တွေ မြင့်နေ း၊က အရှက်တရားတွေပဲ ဖြစ်လိမ့်မည်။

"မပြောနဲ့ဆိုရင် အလုပ်သွားနေသလို ပုံမှန်ထွက်သွားပြီး သူဌေး တဲ့ အပေါ်ထပ်ကို .."

"ကြီးကြီးစံ လေးဖက်နာဖြစ်ပြီး အိပ်ရာထဲလဲနေလို့ပါ ကိုကို .."

"ဘာ!..."

"အဲဒါကို တစ်ရုံလုံး သိပါတယ် ..၊ အန်တီစု ကိုယ်တိုင်လည်း ား ကို အပေါ်ထပ်မှာ လူမမာကြည့်ပေးဖို့ ခေါ်ခိုင်းထားတဲ့အကြောင်း ဲမှာ ပြောပြထားပါတယ်၊ ကိုကို့ကို ဘယ်သူက ပြောလိုက်တာလဲ.."

လိမ္မာအောင် မျက်ခုံးနှစ်ဖက် တွန့်သွားပေမယ့် မဖြေပါ ..။

"လူမမာပြုစုဖို့က လူပေါင်း သုံးလေးဆယ်ရှိတဲ့ထဲမှာ နင်မှဖြစ် လား .."



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီးစံ ကိုယ်တိုင် ခေါ်နိုင်းလို့ဆိုပြီး အန်တီစု ပို့ပေးတာပါ တကယ်လည်း ဟုတ်ပါတယ် .."

"ဩော် .. လူမမာ ပြုစုဖို့အတွက် လှလှပပလေး ပြင်ပြီးတော့ပေါ့"

"ကြီးကြီးစံ က အဲဒီလိုနေတာပဲ ကြိုက်လို့ပါ ကိုကိုရယ် ..၊ နေ့လည် လည်း ရေချိုးနိုင်းတယ်၊ သနပ်ခါးလိမ်းထားမှ .. ဆံပင်စည်းထား သူ့အတွက် စားစရာ လုပ်ပေးရင်လည်း သူ့စိတ်ကြိုက် ကိုင်တွယ် သူ့စိတ်ဓာတ်ကိုလည်း အားလုံး သိကြပါတယ် .."

"သိသိမသိသိ အစက သိကြရင်လည်း အခု မသိတော့ဘူး မှ လိုက် မိထား ..၊ အလုပ်ပြောင်းနေရတယ်ဆိုရင် နင် ငါတို့ကို ပြော ပါလား .. နင် မရှိးသားတာ၊ ကိုယ့်ကိုယ်ကိုယ် ပြန်တွေး .."

ထား ပါးစပ်ပြင်လိုက်ပေမယ့် ဘာမှမပြောနိုင်။ မျက်ရည်တ စက်ကတော့ ပါးပြင်တစ်ဖက်မှာ သစ္စာမဲ့စွာ ဖြတ်ဆင်းပြေးပြီ ဖြစ်

"သဘာဝကျအောင် ထမင်းချိုင့်တောင် မပျက်မကွက် ယူသွ သေးတယ်၊ ပြန်လာတော့ ထမင်းဟင်းတွေက ဒီတိုင်း .."

"အဲဒါက .."

"ဘာဖြစ်ဖြစ် ဒီထမင်းချိုင့်ကို သွားလေရာ ယူသွားပါလား၊ စားစားမစားစား ပုံမှန်လှုပ်ရှားမှုမျိုးဆို ဘယ်သူ သတိထားမိမှာ နတော့ အိမ်က မသိဘူးဆိုတာ ကြော်ငြာနေသလိုပဲ၊ ယူသွားတဲ့ချိုင့် ထားခဲ့ပြီး ပြန်ဆင်းလာမှ ကောက်ဆွဲထွက်လာတယ်၊ ဘယ်လော ရှက်ဖို့ကောင်းလဲဟင် .. ပြီးတော့ .."

လိမ္မာအောင် က ထား မျက်နှာလေးကို အထင်မြင်သေးသ စိုက်ကြည့်ကာ ...

"ပြန်လာတော့လည်း သနပ်ခါး အဖွေးသားနဲ့ .."

"အရမ်း အသန့်ကြိုက်တဲ့သူကို ပြုစုပေးနေရလို့ပါ ကိုကိုရ သူ ဒီတိုင်းပဲ လုပ်ပါ ..၊ ဒီလိုနေပါဆိုလို့ ညီမလေး နေတာ၊ တ





သဘောမှ မပါပါဘူး၊ အိမ်ကို ပြန်မပြောခဲ့တာလည်း ဒီအိမ်မှာပဲ တိုင်း အချိန်မှန်မို့လို့ မကြီးကျယ်လောက်တဲ့ကိစ္စ ထင်ခဲ့လို့ပါ"

"ဘာပြောတယ် .. ဒါကို မကြီးကျယ်ဘူး .. ဟုတ်လား"

ခါးနှစ်ဖက်ထောက်ထားရင်း ရှေ့ကို ထပ်တိုး၍ မျက်နှာကို သေချာ ကြည့်သည်။ ထား မျက်နှာလေး ငုံ့ပစ်လိုက်လျှင် မျက်ရည်စက်တို့ ကောင်းစွာ ခုန်ဆင်းကုန်ကြ၏။

ကိုကို ဒီလောက် အပ်ချမတ်ချ ပြောနေတာကို ကြားကတည်းက ဘယ်သူ့ဆီက ထွက်လာတဲ့စကားသံလဲဆိုတာ သူမ ရိပ်မိနေပါပြီ။

"လက်လက်တောက်နေတဲ့ ကားကြီးတစီစီနဲ့ မင်းသားလိုလို၊ ဘာ လိုလို ညာပုဂ္ဂိုလ်လိုလို တခမ်းတနား နေနေတဲ့လူ ..၊ သူ့ကို မိန်းမ တွေ အရှယ်စုံ ဆိုက်စုံ ဘယ်လောက် စိတ်ဝင်စားကြလဲ နင် သိလား ..၊ ဆိုလိုနေရင်းနဲ့တောင် ပြောချင်ဆိုချင်နေကြတာ၊ အဲဒီလူရှိတဲ့နေရာကို သွားတဲ့ နင့်မှာ အပြစ်မရှိဘူးလို့ပဲ ထင်နေတာလား၊ ဒါမှမဟုတ် အရှက် ရှိ ငါ့ကို လိမ်နေတာလား .."

"မလိမ်ဘူး .. ထား ဘာကိုမှလည်း မက်မောတာ မဟုတ်ဘူး၊ အလုပ်ရှင် ကြည်ဖြူအောင် လုပ်ပေးဖို့ ဆုံးဖြတ်ခဲ့ရင်း ကိုယ့်မိဘလို သဘောထားပြီး တကယ့်စေတနာနဲ့ ပြုစုပေးနေတာ၊ နောက်ပြီး ကြီးကြီးစံ က အမေ့အတွက်လည်း ဆေးဖိုးဝါးခဖြစ်အောင်ဆိုပြီး အိမ်ပြန် ချိန်တိုင်း မုန့်ဖိုးပေးတယ်၊ အဲဒါကို ထား သေချာစုထားတာ ရှိတယ် ဆိုကို၊ အခုလည်း ပြဆို ပြနိုင်တယ်၊ အားလုံးက အမေ့ကျန်းမာရေး အတွက် တတ်နိုင်တဲ့ဘက်က ပါဝင် ပြုစုချင်တဲ့စိတ်နဲ့ပဲ တခြား ဘာ စိတ်မှ မရှိဘူး၊ ကိုကို မယုံကြည်ရင် အဲဒီကို ခု သွားပြီး ကြိုက်တဲ့လူကို သက်သေထိုး မေးလို့ ရတယ် .."

လိမ္မာအောင် က စိုက်ကြည့်နေပေမယ့် ယုံကြည်သွားသည့် အကြည့်မျိုး တစ်ချက်မှ မဖြစ် ...။



www.burmeseclassic.com

www.burmeseclassic.com



"ထားလိုက်တော့ ..၊ အဲဒါတွေ မပြောချင်တော့ဘူး ထားလိုက်တော့ မီထား ..၊ အခု ငါတို့ ချမ်းသာပြီ၊ နင် ဘာလုပ်မလဲ .."

မောင်နှမနှစ်ယောက် မျက်လုံးချင်း ဆုံသွားသည်။

"ငါ့အဖေ ရလာခဲ့တာဆိုပေမယ့် နင့်ကို စောင့်ရှောက်ဖို့ တာဖွဖွ မှာသွားခဲ့တာဆိုတော့ လူကြီးတွေရဲ့ သံယောဇဉ်ကလည်း မသေးကြဘူး။ ငါတို့ကလည်း နင့်ကို တကယ့်အရင်းအချာလို ချစ်ခဲ့ကြတာပေါ့"

"မှ ထား ကို ဒီပြဿနာကြောင့် မချစ်တော့ဘူးလို့ ကိုကို ပြောချင်တာလားဟင် .."

လိမ္မာအောင် က နာကျင်သည့်မျက်နှာကို တစ်ဖက်လွှဲပစ်ရင်း အံကြိတ်၏။ ပြီးမှ ပြန်လှည့်၍ ...

"အံ့သြတာ ..၊ ရင်ထဲမှာလည်း နည်းနည်းတော့ ဝေးကွာသွားသလို ခံစားရတာ အမှန်ပဲ၊ ယဉ်ကျေးလိမ္မာဖို့ ဟီရိဩတ္တပ္ပထားဖို့ ငါတို့အမေလောက် သင်ပြခဲ့တာ အမေပဲ ရှိတယ်၊ အဲဒါကြောင့် ငါက လိမ္မာအောင် ဖြစ်သလို .. နင့်ကိုတောင် ခင်ထားသက် ကနေ စိတ်ထားမြတ် လို့ နာမည်ပြောင်းပေးခဲ့တာလေ .."

"ထား သိပါတယ် ကိုကို .."

"အဲဒီတော့ ပြောပါ .. နင် အခု ဘာလုပ်မှာလဲ .."

ထား က မျက်ရည်တွေသုတ်လိုက်ပြီး တောင်းပန်သည့် မျက်နှာလေးနှင့် မော့ကြည့်ကာ ...

"ညီမလေးတို့ ရထားတဲ့ပစ္စည်းတွေက ခုချက်ချင်း ထုခွဲသုံးစွဲဖို့မှ မဖြစ်နိုင်သေးတာ ကိုကိုရယ် ..၊ ထား တို့ မောင်နှမ လုပ်လက်စ အလုပ်တွေကိုပဲ ဆက်လုပ်နေရဦးမှာလေ၊ နောက်ပြီး အန်တီစု တို့က ကိုကို့ကို အလုပ်လုပ်တဲ့နေရာမှာ အများကြီး ကူညီခဲ့ကြတဲ့လူတွေပါ"

အန်တီစု တို့ဆိုတာက ဦးကောင်းမျိုး ကိုပဲ ပြောချင်တာမှန်း လိမ္မာအောင် က သိသည်။ ချေးစော် ချွေးစော်နံနေသည့် မွေးမြူရေးခြံ





ခြံထဲမှာ ဟျှာအပြောင်သားနှင့် အင်္ကျီမကပ်နိုင်အောင် ရုန်းကန်နေရတဲ့ဘဝကနေ အလုပ်အကိုင်လေးနဲ့ ပြောင်ပြောင်ရောင်ရောင် ဖြစ်လာတာ ဦးကောင်းမျိုး ရဲ့ကျေးဇူး၏ စောင်မခြင်း၊ လက်၏စောင်မခြင်းတွေပါ။

ပြီးတော့ လူယုံကြည်မှု နည်းနေသည့်ကာလမှာ အဆင်မပြေတာ တွေ့ချည်း ဆက်တိုက် ကြုံနေခဲ့ရပေမယ့် ဦးကောင်းမျိုး က ကျောထောက်နောက်ခံအဖြစ် ရှိနေပေးခဲ့၏။

"လမ်းသွားနေရင်း ခလုတ်တိုက်တာ၊ ဆူးစူးတာလောက်တော့ ရှိတာပဲကွ၊ ဒါကြောင့် နောက်ပြန်လှည့်စရာ မလိုဘူး၊ ဘဝခရီးလမ်း ဆိုတာ ထိုင်နေလို့တော့ ဘာမှဖြစ်လာမှာ မဟုတ်ဘူး" တဲ့ ..။

အဲဒီတုန်းတည်းက သူ့အလုပ်သမား ဖြစ်နေပြီဖြစ်တဲ့ မီထား ကို ကြံရွယ်နေခဲ့တာလား ..။ တွေးကြည့်မိတော့လည်း မဖြစ်နိုင်ဘူးဆိုတဲ့ အဖြေပဲ ထွက်၏။ ဒါက ဦးကောင်းမျိုး ၏ဂုဏ်သိက္ခာကိုပဲ မသိစိတ်က ယုံကြည်နေခဲ့လို့လား ..၊

သူ ဘာကိုပြောမလို့ စခဲ့မိတာလဲ ..၊ အခု ဘာပြောချင်တာလဲ ..။ စကားပြောနေရသည့် ရည်ရွယ်ချက်တွေပါ ပျောက်ကုန်သည်။ အမေဖြုန်းသွားပြီဆိုသည့်နောက်မှာ အမေ့ကျန်းမာရေးက ပိုဆိုးသွားခဲ့သည်။

တစ်ခါတလေ ခေါ်တာကို ပြန်မထူးဘဲနေတဲ့အထိ ငိုင်နေတတ်တာ တစ်ခါက မီးဖိုပေါ်က ဟင်းအိုးအပူကြီးကို လက်နှီးခုမပါဘဲ ဒီတိုင်း လက်နဲ့ ကိုင်ချပစ်၏။

လက်ပူသွားကာမှ သူ့ကိုယ်သူ ဘယ်လိုလုပ်လိုက်မိတာလဲလို့ အံ့သြငေးယာခတ်သွားတာမျိုး..၊ ဒါပေမယ့် စကားပြောနေကြပြီဆို နည်းနည်းလေး သွေးအေးသလို ဖြစ်သွားတာကလွဲပြီး မှမမှန်တာ ဘာမှမရှိပေ..။

ထိုအဖြစ်တွေထက် ဆိုးတာတစ်ခုက အဖေမရှိတော့မှ သူ့ကို အိမ်ထောင်အမြန်ပြုစေချင်သည့်ဆန္ဒတွေ အမေ့စကားထဲက တရှောင်ရှောင်ဟပြောလာခဲ့ခြင်း ..။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအိမ်မှာ အဖေရယ် .. အမေရယ်လို့ ထူမတ်စရာ မရှိတော့ဘူးဆိုတာ သေချာသွားပြီဆိုတော့ အမေက တစ်ခြမ်းမဲ့လပေါ့လေ၊ ဒါပေမယ့် ဟောဒီ မိသားစုထဲမှာ အမေ မရနိုင်တော့တဲ့ ပြီးပြည့်စုံခြင်းကို အမေ လိုချင်တယ်၊ အမေ့လို သားနဲ့သမီး မဖြစ်စေချင်ဘူး၊ ဖြစ်နိုင်ရင်လေ သားကို အိမ်ထောင်ချပေးချင်တယ်၊ မင်းတို့အဖေ ထားခဲ့တဲ့ အမွေအနှစ်ကို အမေက ဘယ်အချိန်ထိ ထိန်းသိမ်းပေးနိုင်မှာလဲ သားရယ်..၊ အမေ့အတွက် အလိမ္မာ အိမ်ပါ ချွေးမလှလှလေး သား ရှာခဲ့ပါ၊ ဒါမှမဟုတ်ရင်လည်း အစတည်းက အမေ ဆန္ဒရှိခဲ့တဲ့အတိုင်းပဲ သမီးလေးနဲ့ သားကို လက်ထပ်ပေးချင်တယ်၊ တစ်ယောက်အပေါ်တစ်ယောက် နားလည်မှုတွေ၊ သံယောဇဉ်တွေ နိုင်မာကြပြီးသားဆိုတော့ .."

"မလုပ်ပါနဲ့ အမေ .. ထား ကို ကျွန်တော် လက်ရှိသံယောဇဉ်ထက် ဘယ်လိုမှ ပိုလို့ရမှာ မဟုတ်ပါဘူး၊ ကျွန်တော် ဘယ်သူ့ကို မျှော်လင့်နေတယ်ဆိုတာလည်း အမေ သိပါတယ်၊ သူ့ကိုမှ မရရင် ဒါမှမဟုတ် မဖြစ်မနေအခြေအနေမျိုး ကြုံလာလို့ ထား ကို လက်ထပ်ရမယ်ဆိုရင်လည်း ကျွန်တော် ပျော်နိုင်မှာ မဟုတ်ဘူး"

လို့ အမေ့ဆန္ဒတွေကို ကိုယ့်ဆန္ဒနဲ့ တားဆီးထားခဲ့မိ၏။

ထား ခုလို ဟိုသတင်း ဒီသတင်းတွေ ထွက်ပြီး အခြေအနေ ပျက်ယွင်းနေတာသာ အမေ သိခဲ့ရင် ဘယ်လို စီစဉ်ပေးမလဲဆိုတာ မသိ..၊

အမေကသာ ထား ကိုပဲ ယူရမယ် ..၊ မလွန်ဆန်ပါနဲ့တော့ဆိုရင် သူ ငြင်းနိုင်ပါ့မလား ..။

ဘယ်သူမှ မသိသေးသည့်စိတ်ကူးတို့ဖြင့် သူ ခေါင်းငိုက်စိုက်ကျလေသည်။





## အခန်း (၇)

"နည်းနည်း ထူပေးပါဦး၊ လှဲနေရင် မူးနေတာက ပိုဆိုးလာသလိုပဲ .."

"ဟုတ်ကဲ့ ကြီးစံ .."

ထား ကိုင်ထားသည့် ရေစလုံလေးကို ကပျာကယာ ပြန်ချကာ ဒေါ်မြမြစံ ကို ထူပေးလိုက်သည်။

ပြီးတော့ ထောင့်မှန်ကျ ရှိနေသည့် ပြတင်းပေါက်နှစ်ပေါက်ရဲ့ အနီးဆုံးမှာ ကုလားထိုင်နဲ့ ခြေတင်စရာပါ သေချာ ရွှေ့၍ ထိုင်လို့ရအောင် လုပ်ပေးလိုက်သည်။

"မစု တစ်ခါမှ တက်မလာဘူးလား .."

"ကြီးစံ အိပ်နေတုန်းက လာပါတယ်၊ ထမင်းစားနိုင်ရဲ့လားလို့လည်း မေးသွားတယ် .."

ဒေါ်မြမြစံ က အိပ်ရာကို သေချာပြန်ရှင်းကာ အိပ်ခင်းအသင့်လဲနေသည့် ထား ရဲ့လုပ်ကိုင်နေပုံလေးကို ထိုင်ရာကနေ လှမ်းကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခု နိုင်းလိုက်လျှင် ချက်ချင်း လုပ်ပေးတတ်သလို မေးတာ မြန်းတာရှိလျှင် အလုပ်လုပ်နေရင်း ပြန်ဖြေသွားတတ်တာလေးတွေက သဘောကျဖွယ် ဖြစ်၏။

အလုပ်လုပ်တာ မြန်တာမျိုးတော့ မဟုတ်ပေမယ့် သေသေသပ်သပ်လေးနဲ့ အံဝင်ခွင်ကျ ပြီးသွားတတ်တာ အားလုံး ထောင့်စေ့၏။

အချက်အပြုတ်ကို ဝင်ပါစရာမလိုဘူး ပြောထားတာတောင် 'ကြီးစံ အတွက် ဘာလေးလုပ်ပေးနော်' ဆိုတာမျိုး နောက်ပိုင်းမှာ သူမ အကြံပြု ညွှန်ကြားတာတွေပဲ ဖြစ်လာ၏။

ခုဆို သူမရောက်လာမှ နေ့လယ်စာ ဘယ်လိုချက်လိုက်ရမလဲဆိုတာ လာမေးရတဲ့အထိ ..။

"ဒီလို အချိန်မီလာဖို့အတွက် မနက်အစောကြီး အိမ်မှာ ထချက်ခဲ့ရတာပေါ့ .."

မေးလိုက်တော့ ထား က လှည့်တော့ လှည့်ကြည့်ပြီး မျက်လုံးမရောက်ခင် ရှေ့ပြန်လှည့်သွားကာ ...

"မနက်စောစောထတာက အလုပ်ဆင်းနေရတဲ့အတိုင်း ပုံမှန်ပါပဲ၊ ကြီးစံ ကို ပြုစုရမှာအတွက် ထား ဘက်မှာ ဘာတာဝန်မှ မပိုပါဘူး။ အလုပ်ချိန်ကိုက ရှစ်နာရီဆိုတော့ ဈေးသွားချိန်၊ ချက်ပြုတ်ချိန်တွေ အများကြီး ရှိနေတာပဲလေ .."

"အမေကလည်း နေမကောင်းဘူးမို့လား .. ညည်းကိုမှ ရွှေနိုင်းမိသလို ဖြစ်နေတာ ငါ တရားရဲ့လား မသိဘူး .."

"ဟွန်း .."

ထား က ရယ်လိုက်ပြီး အိပ်ခင်းအဟောင်းတွေကို လျှော်မယ့်ခြင်းထဲ သွားထည့်သည်။ ပြီးတော့ အိပ်ရာကို သေသပ်အောင် ပြင်ဆင်နေသဖြင့် နောက်မှာ ကလစ်နဲ့ စုညှပ်ချထားသည့် ဆံပင်ရှည်တွေက တင်သားပြည့်ပြည့်လေးထက်မှာ နွဲ့ခနဲ ဝေ့ခနဲ ခါနေ၏။





အိပ်ရာပေါ်မှာ တင်ပါးလွှဲလေး ထိုင်၍ လက်ထောက်ပြီး ငုံ့လိုက်တာတွေ၊ မရိတမိ လှမ်းလိုက်တာတွေမှာ ဆံနွယ်ရှည်တို့က ကျောထက်အနေ လျှောဆင်း၍ အိပ်ရာပေါ် ခွေဝိုက်ပုံကျသွားတတ်တာတွေလည်း ရှိ၏။

သေချာကြည့်လေ ကျက်သရေရှိလေ ..၊ တစိမ့်စိမ့်ကြည့်လေ ချစ်စရာကောင်းလေပါ ..။

အကယ်၍ တစ်စုံတစ်ယောက်ကသာ 'သေချာကြည့်ကြည့်ပါ၊ အရမ်းချစ်ဖို့ကောင်းတဲ့ မိန်းကလေးပါ' လို့ မပြောခဲ့ဘူးဆိုလျှင် သေချာလည်း ကြည့်ဖြစ်မှာ မဟုတ်။ သူမ ချစ်ဖို့ကောင်းမကောင်းကိုလည်း စိတ်ဝင်စားမိမှာ မဟုတ်ပေ ..။

"ဘာရယ်တာလဲ ထား .. ပြောလေ ..၊ ငါကလည်း မကျန်းမာနေတာနဲ့က ဘာဖြစ်လို့ ညည်းကိုမှ ခေါ်နိုင်းမိမှန်း မသိဘူး၊ အခု ညည်း ပြုစုကောင်းလို့ ထူထူထောင်ထောင် ဖြစ်လာတော့လည်း သူ့ အိမ်မှာ ဘယ်လို အဆင်ပြေအောင် နေရသလဲလို့ တွေးမိပြန်ရော .."

ဒေါ်မြမြစံ က ကိုယ့်စကားကို ပြန်စကာ ...

"လာစမ်း .. လာစမ်း .. ဒီမှာ လာထိုင်၊ အလုပ်လုပ်နေတာနဲ့ပဲ စကားပြောရတာ မျက်နှာချင်းဆိုင် မပြောရတော့ စကားလုံး မပြောင်ဘူး .."

ခေါ်လိုက်မှ ထား က ခုံလေးတစ်လုံးဆွဲပြီး ဘေးမှာ လာထိုင်သည်။ ဒါပေမယ့် လက်ထဲမှာ ဖက်လုံးနဲ့ ဖက်လုံးစွပ်ကို ကိုင်ထားလျက် ဖြစ်ကာ ...

"အကုန်လုံး အရင်အတိုင်းပဲ ဘာမှ အခက်အခဲ မရှိပါဘူး ကြီးစံ၊ အဲဒါကြောင့် ကြီးစံ စိတ်ပူတာကို ရယ်မိတာပါ၊ အမေ မကျန်းမာဘူးဆိုတာလည်း အစတည်းက စိတ်ထောင်းကိုယ်ကြေ ဖြစ်နေခဲ့တဲ့ ဖြစ်မှုတွေပဲ၊ အနီးကပ် ပြုစုပေးနေတာမျိုးလည်း အမေက မကြိုက်ဘူးလေ၊



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ကိုက သားသမီးတွေက သိတတ်စွာ ရှာဖွေ လုပ်ကိုင်ကျွေးနေတဲ့ကြားက လူမမာကြီးလို ပြုစုခံနေရဦးမယ်ဆိုရင် မတရားဘူးလို့ စွဲလမ်းနေတာ ..၊ အဲဒါကြောင့် တော်ရုံ နေထိုင်မကောင်းတာလောက်နဲ့ အမေ့ကို အကဲခတ်ဖို့ မလွယ်ဘူး .."

"သြော် .."

"ခုလည်း ကိုကိုက အလုပ်နားနေတော့ အိမ်မှာ ရှိနေတယ်လေ၊ အမေ့အတွက် မပူရပါဘူး"

"ကိုကိုဆိုတာ ဒီမှာ ဆေးလိပ်ဖက်ပို့နေတဲ့ နှစ်ယောက်ထဲက ဖြူဖြူချောချောကောင်လေးလား ..၊ သူ့နာမည်လေးကိုတောင် ငါ မှတ်မိနေပါသေးတယ်"

ဒေါ်မြမြစံ က ပြောရင်း စဉ်းစားသလို လုပ်နေသဖြင့် ...

"လိမ္မာအောင် ပါ ကြီးစံ"

"သြော် .. အင်း ...၊ သူကရော အခု အလုပ်ရုံထဲကနေ ဒီမှာ နေရာပြောင်း လုပ်တာကို သိရဲ့လား .."

"ရှင်!..."

"မစု ပြောပါတယ် .. အောက်ထပ်မှာ မိန်းကလေးတွေ စည်းကမ်းမရှိ ပြောဆိုနေကြတဲ့စကားတွေကို .."

ဒေါ်မြမြစံ မျက်နှာက နဂိုရှိရင်းစွဲ မာကျောခြင်းထက်ပို၍ အထင်မြင်သေးသော နှုတ်ခမ်းတွေကပါ မဲ့၍ ...

"ငါလည်း မိန်းမပါပဲ၊ ဒါပေမယ့် မိန်းမတွေရဲ့ သဘာဝအကျင့်တချို့ကို လုံးဝ မကြိုက်ဘူး၊ မိန်းမပီသတယ်ဆိုတာ မလိုအပ်တဲ့နေရာတွေမှာ မိန်းမ ပီသတာမျိုးက မကောင်းတဲ့အကျင့်စရိုက်တွေကို ခေတ်အဆက်ဆက် တည်မြဲဖို့ ထိန်းသိမ်းနေတာနဲ့ မတူဘူးလား၊ အဲ့ဒါမျိုးတွေကို သိပ်စိတ်ပျက်တာပဲ၊ ငါ အစကဆိုရင် ကောင်း ရဲ့မိဘတွေနဲ့ သိပ်တည့်တာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲ သိလား .. သူတို့အလုပ်က ဒီအလုပ်





ဝဲဆိုတော့ အလုပ်နဲ့ အလုပ်သမတွေကို သူတို့က သိပ်စာနာတတ်တာ၊ အရေးလည်း ပေးတယ်၊ တချို့ မိန်းကလေးတွေကျတော့ အေးအေးဆေးဆေးတွေရှိသလို တချို့ဆိုရင် အလုပ်ရှင်က သဘောကောင်းတော့ ဝင်မပါသင့်တဲ့ အတွင်းရေးတွေပါ ဝင်ပြော ဝင်ဆိုနဲ့လေ..၊ အဲ့ဒါတွေ ငါက မကြိုက်၊ သူတို့က အပြောမခံနဲ့ .. ဒါပါပဲ၊ တခြားပြဿနာတော့ မရှိဘူး .."

ဒေါ်မြမြစံ က မျက်နှာလေးမော့ နားထောင်ရင်း လက်က ဖက်လုံး စွပ်ထည့်နေသည့် ထား ကို သတိထားမိလာသလို ကြည့်သည်။ ပြီးတော့ ...

"စကားပြောနေရင်း သူများရဲ့စကားကို စိတ်ပါဝင်စားစွာ နားထောင်တတ်ခြင်းကလည်း ချစ်ခင်စေခြင်းတစ်မျိုးပဲ၊ အခု ဒီလိုမျိုး လုပ်နေတာက ပြောတဲ့စကားကို စိတ်မဝင်စားကြောင်း ပြပြီး ရိုင်းပျတာလို့ သတ်မှတ်လို့ ရတယ်"

"ဟုတ်ကဲ့ .. ထား မှတ်ထားပါ့မယ် .."

ထား က ခေါင်းလေးညိတ်ကာ ဖက်လုံးကို ကပျာကယာ ခုတင်ပေါ် သွားထားလိုက်ပြီးမှ ပြန်ထိုင်၏။

"ထား ပြန်သွားရင် နောက်လူ ဘာမှ ထပ်မလုပ်ရတော့အောင် ပြီးနိုင်သမျှ ပြီးသွားစေချင်လို့ပါ၊ အန်တီစု တက်လာရင်လည်း တစ်နေကုန် ပင်ပန်းထားတော့ နားချင်မှာလေ ..၊ ထား စိတ်လောသွားမိတာ တောင်းပန်ပါတယ်"

တောင်းပန်နေတော့လည်း အပြစ်တင်ရက်ဖွယ် မရှိ။ ဒေါ်မြမြစံ မျက်နှာပေါ်က တင်းမာရိပ်တို့ အနည်းငယ် ပြေကျကာ ...

"လူဆိုတာ ကိုယ့်ဘက်မှာ အားလုံး ပြည့်စုံအောင် ကြိုးစားလုပ်ရင်လည်း ဒါကို တစ်ကိုယ်ကောင်းဆန်တယ်လို့ ဆိုနိုင်တယ်၊ ဥပမာ ကိုယ့်ရဲ့ သိတတ်လိမ္မာမှုတွေက ကိုယ့်လို မသိတတ် မလိမ္မာတဲ့လူ



www.burmeseclassic.com

အတွက်ဆိုရင် သူ့ကို စော်ကားနေတာနဲ့ မတူဘူးလား ..''

ဒီစကားကြောင့် ကိုယ်တိုင် အမှတ်တမဲ့ ကျော်ဖြတ်လာခဲ့သမျှ အဖြစ်တချို့ကို ပြန်တွေးလိုက်မိကာ ထား နားလည်သွားခဲ့၏။ ဒါကို ထောက်ပြလိုက်တာမို့လည်း ကျေးဇူးတင်သွားမိသည်။

''ညည်းကို ငါက ကဲ့ရဲ့နေတာ မဟုတ်ပါဘူး၊ ခင်မင်တဲ့စိတ်ဖြစ်လာလို့ ညည်း ရင်ဆိုင်နေရတာတွေကို ပြန်ကြည့်ပြီး ပြောပြနေတာ..''

''ထား နားလည်ပါတယ် ကြီးစံ .. ကြီးစံ ပြောတဲ့အတိုင်းပါပဲ၊ ထား ဘယ်လိုနေနေ မလိုသူတွေရဲ့အမြင်မှာတော့ တစ်ခါမှ အကောင်း ဖြစ်သွားတယ်ဆိုတာ မရှိခဲ့ပါဘူး၊ ဒါပေမယ့် အားလုံးကို မမြင်သလို မကြားသလို နေတတ်အောင် ကြိုးစားပါတယ် ..''

''ကြိုးစားတိုင်း ရတတ်တာတော့ မဟုတ်ဘူးအေ .. ပြောရမယ်ဆိုရင် 'လူမိုက်တစ်သောင်း ကဲ့ရဲ့သော်ငြားလည်း လူလိမ္မာတစ်ယောက် ချီးမွမ်းသလောက် ခရီးမရောက်ဘူး' ဆိုတဲ့စကားက ပျော်စရာ မကောင်းပါဘူး''

ဒေါ်မြမြစံ ပြောသမျှ စကားတွေကို ထား နားလည်တာရော မလည်တာရော ရှုပ်ထွေးနေခဲ့၏။ ဒါပေမယ့် ...

''ဘာဖြစ်လို့လဲဆိုတော့ ညည်း ကြည့်ပါလား ...၊ ချီးမွမ်းတဲ့ လူလိမ္မာတစ်ယောက်ရဲ့အသံကို မကြားရခင် လူမိုက်တစ်သောင်းရဲ့ ကဲ့ရဲ့သံတွေကြောင့် လွင့်ပါကုန်တဲ့ဘဝတွေမှ အများကြီးပဲ၊ ဒီအသံတွေကို ကြံ့ကြံ့ခံ နေနိုင်တဲ့လူကရော သူ ပျော်နေပါ့မလား၊ အဲဒီတော့ ငါတို့ လုပ်ဖို့က ပေါင်းသင်းဆက်ဆံတတ်ဖို့ပဲ .. ချစ်နေရင် အပြစ်မမြင်ဘူးတဲ့၊ အားလုံးနဲ့ သင့်တင့်လျောက်ပတ်အောင် နေနိုင်ရင် မလိုသူတွေရဲ့ စကား ဆိုတာ ထွက်မလာတော့ဘူးပေါ့ .. မဟုတ်ဘူးလား''

''ဟုတ်ကဲ့ .. ထား နားလည်ပါပြီ''

''အင်း .. အင်း ..''





ဒေါ်မြမြစံ က စိတ်ကြည်လင်သွားသည့်မျက်နှာနှင့် ပင့်သက်ရှိုက်အနက် ...

''ဒါနဲ့ ပြောပါဦး ...၊ လိမ္မာအောင် က အလုပ်နားတယ်ဆိုတော့ တခြားအလုပ်တစ်ခုခု ပြောင်းမလို့လား ...၊ လူမမာတစ်ဖက်နဲ့ စားဝတ်နေရေးဆိုတော့ ..''

''ဟုတ်ကဲ့ .. ဒါပေမယ့် ခုမှ လှေလာရမှာပါ၊ အမေ့မိတ်ဆွေ ဆန်စက်ပိုင်တစ်ယောက်က သူ့စက်ထဲမှာ လှေလာဖို့ဆိုပြီး တစ်နေ့ နှစ်နာရီ သုံးနာရီတော့ လာလာခေါ်သွားတယ်၊ အမေ မကျန်းမာတာ သည်း သိလို့ တမင် ကူညီတဲ့သဘောပါ''

''ဪ .. အမေ့မိတ်ဆွေက ကူညီတာကိုး .. ကောင်းတာပေါ့''

မုသားတွေ သုံးလိုက်ရသဖြင့် ပြောပြီးတာနှင့် မျက်လွှာချလိုက်မိသည်။ ဆင်းရဲတဲ့လူတွေအတွက် ငွေကို အိတ်လိုက် ကောက်ရတာတောင် စိတ်ရှိသလောက် မသုံးရဲကြသလို ထား တို့မှာလည်း ရှင်းနီး ထုခွဲစရာ အထုပ်ရှိုက်ရထားပြီးပေမယ့် မထိရဲ .. မတို့ရဲ ...။

အဖေ အလုပ်ရှာရင်း ကျောက်တူးသမား ဖြစ်သွားခဲ့သည်။ 'သေမြေကြီး ရှင်ရွှေထီး' သဘောမိုက်ကာ မိသားစုကိုပါ ဥဒ္ဒေါက်ကြော်ထားပြီး ကြိုးစားခဲ့၏။

နောက်ဆုံး အောင်မြင်စွာ ပြန်လာနိုင်ခဲ့ပါသည်။ ဒါပေမယ့် မိသားစုအတွက် အသက်ပေးသွားခဲ့တဲ့အတိုင်း ရသမျှကို အပ်နှံပြီးတာနှင့် အဖေက လောကကြီးကို ထာဝရ ကျောခိုင်းသွားခဲ့၏။

ကိုယ့်အဖေ ပါမလာတော့ပေမယ့် ကိုကို့အဖေ ရှိနေရင်လည်း ဖြေသာဦးမှာပါ။ ခုတော့ ကိုကိုနဲ့ ထား တို့ဟာ ဘယ်လိုရေစက်တွေကြောင့် ကံတူအကျိုးပေးတွေအဖြစ် မွေးဖွား ဆုံစည်းခဲ့ကြတာလဲ ..။

ဒီအဖြစ်တွေကို ထား တို့မိသားစု သုံးယောက်သာ သိခဲ့တာ။ ဝစ္စည်းရှိပေမယ့် လောလောဆယ် ဘာမှ မလုပ်နိုင်သေးသလို ဒီတင်း

www.burmeseclassic.com



ကိုပါ ဖုံးထားရသည်။

ကိုယ်ရပ်ရွာကို စွန့်ခွာပြီး တစ်နယ်တစ်ကျေးမှာ ဘဝသစ်တစ်ခု ပြန်စဖို့ကျတော့လည်း အမေက အဖေကိုယ်တိုင် ဆောက်ခဲ့သည့် ဒီအိမ်လေးကို မစွန့်ခွာနိုင်ပါဟု ဆိုနေသည်။

ဒီရက်ပိုင်းမှာ ဖြစ်ပျက်ပြောင်းလဲနေတာတွေကို တွေးရင်း ထား မျက်နှာလေး ငိုင်တွေသွားခဲ့၏။ ဒါကို ဒေါ်မြမြစံ က အကဲခတ်၍ –

"အိမ်မှာ ပြဿနာတစ်ခုခုများ ရှိသလား ထား .."

"ရှင်!..."

"အခု ဆေးလိပ်ခုံက အလုပ်သမားလို့ သဘောမထားဘဲ ကိုယ့်အဒေါ်သားရင်းတစ်ယောက်လို သဘောထားပြီး အခက်အခဲရှိတာကို ပြောလို့ ရတယ်"

ထား အံ့သြသွားမိသည်။ ဒေါ်မြမြစံ ပြောနေတာမှ ဟုတ်ရဲ့လားလို့ ကောင်း ပြန်ကြည့်မိတဲ့အထိ ...။

"ဒီအတောအတွင်းမှာ ငါ့အတွက် ညည်း အရမ်းပင်ပန်းခဲ့တာပါ၊ ဘယ်လောက်ထိ ပင်ပန်းသလဲဆိုတာ ပြုစုခံနေရတဲ့ ငါ အသိဆုံးပဲ၊ နောက်ပြီး ဒီအလုပ်နဲ့ပတ်သက်ပြီး အိမ်မှာလည်း တစ်ခုခုတော့ ပြောရဆိုရကျပ်တာတွေ ရှိမှာပဲ"

"ကြီးစံ .."

"ရတယ် .. မရှင်းပြပါနဲ့၊ ညည်း ဘာပြောပြော ကျုပ် တွေးမိပါတယ်၊ ဘာလို့ တွေးမိနေတာလဲဆိုတော့ အသံတွေကို ကြားနေရလို့ပေါ့၊ ရှင်းရှင်းပြောရရင် အလုပ်ရှင်က အရေးပေးလာပြီဆင်ရင် အရေးပေးခံရတဲ့ အလုပ်သမားကို တခြားအလုပ်သမားတွေ မနာလိုဖြစ်ကြတာ သဘာဝပဲ၊ တကယ်တော့ ဒီပေါ်မှာ လူတစ်ယောက်ရဲ့ ကရိကထကို ပြုစု သည်းခံနေရတာ .. ဆေးလိပ်ထိုင်လိပ်နေရသလောက် မသက်သာဘူးဆိုတာ မမြင်ကြဘူး၊ သူတို့မြင်တာက ဟိုလိုဒီလိုတွေလေ ...၊ ဒီအလုပ်





ကို ဖြုတ်ပစ်ဖို့ထိ ကောင်း က စဉ်းစားနေတာ ကြာပြီ၊ ငါကလည်း ပေးချင်ပါဘူး၊ ဒါပေမယ့် မိဘမျက်နှာတွေကို ငဲ့ညှာနေရင်းနဲ့ ဒီနေ့ထိ ကိုင်းပဲ ရှိနေခဲ့တာ .."

"ဆေးလိပ်ခုံကြီးတစ်ခုလုံးကို ဖြုတ်ပစ်လိုက်မှာလား ကြီးစံ .."

"ဟုတ်တယ် .. သူက ရန်ကုန်မှာလည်း အလုပ်တွေက အခိုင်အမာ ရှိနေပြီလေ၊ ဖြုတ်ပစ်ပြီဆိုရင်တော့ အလုပ်ရော လူတွေပါ အားလုံး ပြောင်းလဲကုန်မှာပဲ၊ ဒါတွေက ကောင်း ရဲ့သဘောတစ်ခုပါပဲ၊ သူက တော့ အလုပ်ကို ဖြုတ်ချင်ပေမယ့် တစ်ခုကို ငဲ့ညှာပြီး .."

ဒေါ်မြမြစံ အကြည့်တွေက မျက်လွှာချထားသည့် ထား ရဲ့ မျက်တောင်ဖျားလေးတွေဆီ ကျရောက်နေ၏။ ပြီးတော့ ပြောမည့်စကားအတွက် ချင့်ချိန်နေပုံရှိကာ ထား မျက်လွှာလေး ပင့်တက်လာမှ ...

"ညည်းကရော ဒီအလုပ်ကလွဲပြီး တခြား လက်မှုပညာတစ်ခုခု တတ်ထားဘူးလား .."

မထင်မှတ်ဘဲ ကိုယ့်ဆီ မေးခွန်းရောက်လာသဖြင့် ထား ဘာပြောရမှန်းမသိ ဖြစ်သွားလျှင် ...

"ကြီးကြီးက ထိုင်လို့ပါလား .."

အပြင်က ပြန်လာသည့်ပုံစံနှင့် ကောင်းမှူး ရောက်လာကာ ...

"စကားတွေဘာတွေ ပြောလို့ .. ဒီနေ့ နေကောင်းလား .."

"အေး .. ဒီနေ့ စိတ်လည်း ကြည်နေသလိုပဲ၊ မင်း ခရီးမထွက်ဖြစ်ဘူးလား .."

"မထွက်ဖြစ်ဘူး ...၊ ဒီရက်ပိုင်းမှာ မိုးတွေချည်း ရွာနေလို့၊ ကားမမောင်းချင်ဘူး"

ကောင်းမှူး က ထား ရဲ့ဘေး ခပ်လှမ်းလှမ်းမှာ ထား လိုပဲ ခုံပုလေး ဆွဲထိုင်လိုက်၏။ လူကြီးရှေ့မှာ နှစ်ယောက် အတူထိုင်နေသလို ဖြစ်သွားသဖြင့် ထား ရှောင်ထွက်ဖို့ လှုပ်လှုပ်ရွရွ ဖြစ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ကောင်းမှူး ဆီက အနီးကပ် ကျီစယ်လာသည့် ရေမွှေး
ကြောင့် မနေတတ် ..။

"ကြီးစံ .. ညကျ ဆေးလိမ်းဖို့ ထား သွေးပေးခဲ့မယ်နော် .."

ပြောပြီး နေရာမှ ထထွက်လာခဲ့သည်။ နံရံကပ်နာရီကိုကြည့်
ညနေ ငါးနာရီထိုးနေပြီဖြစ်ကာ စကားပြောနေမိသည့်အတွက်
သွေးဖို့ အချိန်တွေ ကုန်သွားတာကို ထိတ်လန့်သွားမိသည်။

ခုလောက်ဆို နွယ်နွယ် တို့ ပြန်ဖို့ပြင်ရင်း သူမအလာကို
ကြည့်နေကြလောက်ပြီ ..။

"အား!..."

စိတ်လောကာ အတင်း အားစိုက်သွေးနေစဉ် ဆေးတုံးက
သွားသဖြင့် လက်ချောင်းထိပ်လေးတွေ ခေါက်သွားသည်။ နာကျ
ကြောင့် သတိလက်လွတ် အော်လိုက်ပြီးမှ ပါးစပ် ပြန်ပိတ်ကာ လ
ဖျားလေးတွေကို ခါလိုက် .. ပါးစပ်နဲ့ မှုတ်လိုက်နှင့် ..၊

"တော်တော် နာသွားပုံ ရတယ် .."

"ဟင်!..."

ကောင်းမှူး က သူမနောက်မှာ ရောက်နေလျက် ရှေ့ထိ လျှော
လာပြီး လက်ကို ကြည့်၏။

ထား လက်ကို လက်သီးဆုပ်လုပ်ပစ်ကာ စားပွဲအောက် ချ
လိုက်သည်။ ပြီးမှ ဘာမှဖြစ်သလို ဆေးတုံးကို ပြန်ကောက်ကိုင်သ
မတ်တတ်ရပ်ရင်း စားပွဲခုံပေါ်မှာ သွေးနေတာမို့ ကောင်းမှူး ဒီဘက်
ခြေတစ်လှမ်း တိုးကပ်လိုက်တာနှင့် ပခုံးချင်းထိမတတ် ဖြစ်သွားကာ

"လက်ထိပ်တွေ နီရဲသွားတာပဲ .. ပြစမ်း ..၊ လက်သည်းတွေ
တွေ လန်သွားလား"

"မလန်ပါဘူး .. ထား မှ လက်သည်းရှည် မထားတာ"

ထား က လက်ကို ကွယ်ပစ်ဖို့လုပ်လျှင် ကောင်းမှူး က ထိုလ





အားကို ဆွဲယူပြီး ဖြစ်လျက် ...

"တွေ့လား .. လက်သန်းထိပ်မှာ သွေးထွက်နေပြီ"

ရုက်နေတာနှင့် ကိုယ့်ကိုယ်ကိုယ်တောင် နာတာကျင်တာတွေကို
သတိမရတော့တဲ့အဖြစ် ..။

"အရက်ပြန် နည်းနည်း ဆွတ်ထားရအောင် .. လာ .."

ဘုရား!... ဘုရား ..၊

လက်ကို ဆွဲထုတ်သွားသဖြင့် ဒေါ်မြမြစံ လှမ်းမြင်တော့မှာကို တွေး
မိတာ ထား အတင်းအကျပ် ပြန်ရုန်းပစ်ချင်စိတ်တွေ ပေါက်လာ၏။
ရုန်းလည်း မရုန်းရဲဘဲ ခြေလှမ်းတွေတောင် မှားလေသည်။

"ရပြီ .. ရလောက်ပါပြီ ဦးကောင်းမှူး ရယ် .."

သူ အရက်ပြန် ဆွတ်ပေးနေတာကို ကြာကြာ ငြိမ်မနေရဲဘဲ လက်
ကို ပြန်ရုန်းမိ၏။ ထိုအခါကျမှ ကောင်းမှူး က သူမ လက်ဖဝါးလေးကို
ဆုပ်ကိုင်ထားလိုက်ကာ ...

"စိတ်ထားမြတ် .."

"ဟင်!..."

ထူးလိုက်တာမဟုတ်ဘဲ လန့်ဖျန့်မော့ကြည့်မိတာ ဖြစ်၏။ ရှပ်
အကျီ ပန်းရောင်နုနုနှင့် ကောင်းမှူး မျက်နှာက ချောမွန်နေသည်။ ပြီး
တော့ သူမကို စူးစိုက်ကြည့်၍ ...

"ကိုယ့်ရုပ်က အလုပ်သမလေးတစ်ယောက်ကို ဟိုလိုဒီလိုတွေ ကြံ
ချင်လို့ ချဉ်းကပ်နေတဲ့ပုံ ပေါက်နေသလား .."

"ဟင့်အင်း .. မဟုတ်ပါဘူး .."

"မဟုတ်ရင် ငြိမ်ငြိမ်နေ .. ကောင်းမှူး ဆိုတဲ့ ကိုယ့်ရာဇဝင်မှာ
ဒီတ်ထိက မပါဘဲ ဘယ်သူ့အတွက် ဘာကြောင့်မှ ဟန်ဆောင် သရုပ်ပြ
ခဲ့တာ မရှိဘူး၊ အထူးသဖြင့် မိန်းမတစ်ယောက်အတွက် အချိန်ကုန်
ခံတာမျိုး .."



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာပြောတာလဲ ..၊ နောက်ထပ်လည်း စောဒက မတက်ရဲ
ဘဲ ရင်ထဲမှာလည်း မေးခွန်းတွေပဲ ထပ်ရောက်လာခဲ့သည်။

"ထီးမပါဘူးမို့လား .. အန်တီစု ဆီမှာ ထီးတောင်းသွား ..၊ မိုး
နေတယ် .."

သူကတော့ တည်ငြိမ်သည့်မျက်နှာနဲ့ပဲဖြစ်လျက် ကိုယ်
ကတိမ်းကပါးတွေ လျှောက်တွေးနေတာလား ..။

အပြန်ကျတော့ ထား ရဲ့လက်သန်းထိပ်လေးမှာ ပလတ်စတာ
ကပ်လျက်သားမို့ လိမ္မာအောင် က မျက်မှောင်ကုတ်ကြည့်၏။

ဘာမှတော့ မမေး ..၊





## အခန်း (၈)

"အမေ .. အမေ .. ဘာလုပ်တာလဲ အမေရယ် .. ခုက္ခပါပဲ .."

"မသိပါဘူးအေ .. ပူလိုက်တာ၊ ကြောင်လျှာသီးလေး တို့ချင်လို့
ညီးနည်းလေးပဲ မီးပြတာကို မီးဖိုထဲ ပြုတ်ကျသွားတော့ .."

"အမေရယ် .."

ပူလွန်းလို့ တဖူးဖူးမှုတ်ရင်း ခါလို့မပြီးနိုင်တော့။ ထား မျက်ရည်
တွေ ကျလာမိသည်။

"နေဦး အမေ .. သမီး လုပ်ပေးမယ်၊ ဆေးပြာလည်း ကုန်နေပြီ..
ဒီလေး နေ .."

ထား ကျော့ကျစ်နှား ပြေးသွားကာ သွားတိုက်ဆေးဘူး သွားယူ
သည်။ အမေက ပူလောင်သွားမှ သတိရလာသလိုမျိုး အံကြိတ်၍ မျက်
ရည်တွေ ဝဲနေ၏။

"သမီး .."

"ရှင် .. အမေ .."

"အမေ ရှူးသွားပြီလားဟင် .."

"ဟင့်အင်း .. ဘာမှ မဖြစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



အပူလောင်ရာတွေပေါ်ကို သွားတိုက်ဆေး ညှစ်ချပြီး ဖွဖွလေး
ဆွဲသုတ်ပေးရင်း မျက်ရည်စက်က ပေါက်ခနဲ ပေါက်ခနဲ ဆင်း၏။

အမေဆိုတာ မသိခဲ့ ..၊ အဖေ့ကိုလည်း အားရအောင် မြင်တွေ့နွေး
ထွေးခဲ့ရခြင်း မရှိသည့် သူမဘဝမှာ ဒီအမေတစ်ယောက်သည်သာ အဖေ
လည်း ဟုတ်၊ အမေလည်း ဟုတ် ..။

အမေ့ကို ထား ကိုယ့်အမေအရင်းလိုပဲ ချစ်ခဲ့တာပါ။ အဖေဆုံးပြီး
ကာမှ သိသာစွာ ဆိုးဝါးလာသည့် အမေ့အခြေအနေက လူမကျန်းမာ
တာ မဟုတ်ပေ ..။

စိတ်မကျန်းမာခြင်းကို ဘယ်လို ကုစားရမလဲ ..၊

မီးသွေးမီးဖိုထဲကို လက်နဲ့ နှိုက်ထားသည့် အမေ့အဖြစ်ကြောင့်
ထား ဘယ်လိုမှ ဟန်ဆောင်ထိန်းချုပ်ထားလို့ မရတော့ပေ ..။ ထိုအခါ
သူမ မျက်ရည်ကြောင့် ဒေါ်ယဉ်မေ ကပါ ကိုယ့်အဖြစ်ကို နားလည်ကာ
မျက်ရည် တွေတွေကျလျက် ...

"ငါ ဘာတွေ လုပ်မိမှန်း တစ်ခါတစ်ခါ ဘယ်လိုမှ စဉ်းစားမရ
ဘူး၊ လုပ်ချင်လာတဲ့ စိတ်ကိုလည်း မသိဘူး၊ လုပ်ပြီးသွားရင်လည်း
ဘာကြောင့်ဆိုတာ မသိဘူး .. ငါ ရူးနေပါပြီ၊ ညာမနေကြပါနဲ့တော့
ငါ့ကိုယ်ငါ သိနေတာကို နင်တို့ ဖုံးထားရင်လည်း အလကားပဲ .."

"မဟုတ်ပါဘူး အမေရယ် .. အမေ ရူးနေရင် ဒီလိုစကားကောင်း
တွေ ပြောနိုင်ပါ့မလား၊ အမေ စိတ်မထိန်းနိုင် ဖြစ်ဖြစ်သွားတာ .."

ပြောနေရင်း မရှိုက်မိအောင် ထိန်းရသည်။ ပြီးတော့ မျက်ရည်တွေ
ကို သုတ်ပစ်လိုက်ပြီး ...

"အဖေ ဆုံးသွားခဲ့တဲ့ကိစ္စကြီးကို မမြဲသောတရားနဲ့ ဖြေနိုင်အောင်
ကြိုးစားပါ အမေရယ် .. နော် ..၊ သမီးဆိုရင် အဖေနှစ်ယောက်စလုံးကို
ဆုံးခဲ့ရတာပါ၊ ဒါပေမယ့် အမေနဲ့ ကိုကိုတို့ ရှိသေးတယ်ဆိုပြီး ဖြေသိမ့်
ခဲ့ရတာ၊ အမေ့မှာလည်း .. သမီးတို့မောင်နှမ ရှိသေးတယ်လေ၊ သမီးတို့





တွက်လည်း အမေ မရှိလို့ မဖြစ်ဘူး၊ ကျန်းမာအောင် နေပါ အမေ
..."

ဒေါ်ယဉ်မေ သည် မျက်ရည်တွေကျနေရင်း ခေါင်းခါနေလျက်...

"ကိုယ့်ကိုယ်ကိုယ် ဖြေပါဆိုတဲ့ စကားက အဲဒါ အရက်စက်ဆုံး
စကားပဲ၊ ငါ့ကို စာနာတယ်ဆိုရင် ဒီအချိန်မှာ ဒီစကားတွေနဲ့ မနှစ်သိမ့်
နဲ့အေ .."

ဒေါ်ယဉ်မေ လက်တွေကို မှုတ်လိုက်တိုင်း ထား ကပဲ လက်ကို
ဆွဲယူပြီး မှုတ်ပေးနေမိကာ ...

"အမေ အပြင်ထွက်တော့နော် .. ကြောင်လျှာသီးတစ်ပိုင်းကျန်တာ
သမီး ကင်ပေးမယ်"

"ခါးသွားမှာစိုးလို့ ငါ ဝင်လုပ်တာ .."

ထား က ဒေါ်ယဉ်မေ့ မျက်နှာပေါ်က မျက်ရည်တို့ကို တယုတယ
သုတ်ပေး၍ မတ်တတ်ရပ်ပြီးသားဖြစ်အောင် တွဲထူကာ ...

"နွမ်းသွားရုံလေး သမီး လုပ်တတ်ပါတယ်၊ အမေ စိတ်တိုင်းကျ
အောင် သေချာ ကင်ထားပေးမယ်၊ နောက်ကို မီးဖိုချောင်ထဲ ဝင်ဝင်
မလာပါနဲ့ အမေရယ် ..၊ သမီး ရှိနေတုန်း ချက်တာပဲ .. ဘာဖြစ်ဖြစ်
သမီးကို ခိုင်းပေါ့"

မီးဖိုပေါ် ရေနွေးအိုးတင်ထားခဲ့ပြီး အမေ့ကို အပြင်ခေါ်ထုတ်လာခဲ့
၏၊ ဒါပေမယ့် ဒေါ်ယဉ်မေ က တစ်ယောက်တည်း မဟုတ်ဘဲ ထား
ပါ သူ့ဘေးမှာ အတူထိုင်စေလျက် ...

"သမီးနဲ့ ပြောချင်နေတာ ကြာပြီ၊ ဒီနေ့ ညည်း အလုပ်မသွားရဘူး
လား .."

"နေ့လယ်ပိုင်းကျမှပဲ ဆင်းတော့မယ် အမေ .."

ကြီးစံ ဆရာဝန်ပြမယ့်နေ့ဆို ထား နေ့တစ်ဝက်တော့ နားရသည်။
အဲဒါကို ထည့်မပြောချင်တော့လို့ပါ ..။



www.burmeseclassic.com

"ညည်းတို့အဖေ ထားခဲ့တဲ့ပစ္စည်းတွေက ငါတို့ရဲ့ လက်ရှိအ[illegible] အနေကို လုံးဝ ပြောင်းလဲပစ်နိုင်တယ်ဆို .."

"ဘာဖြစ်လို့လဲ အမေ .. ကိုကို့ကို အဖေ ဒီတိုင်းပြောလိုက်တာ[illegible] သမီးတို့မှ မသိတာ .."

"ဟုတ်တယ် .. ငါ သိမ်းထားတဲ့ပစ္စည်းတွေ ဘယ်လောက်တန်[illegible] ကြီးမှန်း ငါ မသိပေမယ့် သူ ပြောတာ ဖြစ်နိုင်တယ်ဆိုတာ ငါ ယုံတယ်[illegible] ဒါတွေကိုလေ .."

ဒေါ်ယဉ်မေ က စကားစလိုက်ပြီး ထား ရဲ့ နဖူးဆံစလေးတွေ[illegible] သပ်တင်ပေးရင်း ကြည့်ကာ ...

"ညည်းတို့အဖေ အသက်လောက် တန်ဖိုးထားပြီး ရင်းနှီးခဲ့[illegible] ပစ္စည်းတွေမို့လို့ အမေက ညည်းတို့မောင်နှမအတွက်ပဲ ဖြစ်စေချင်တာ[illegible] ဘာပဲဖြစ်ဖြစ် အဖေနှစ်ယောက်စလုံး ကြိုးစားခဲ့ကြတာပဲလေ၊ သား[illegible] အဖေ တစ်ယောက်တည်း ဒီထိ ပြန်ရောက်လာလို့သာ တစ်မျက်နှာ[illegible] မြင်ရတာကိုး .."

"အမေ ဘာပြောမလို့လဲဟင် .."

"သားနဲ့သမီးတို့ကို အမေက .."

"အမေရေ .."

လိမ္မာအောင့် ခေါ်သံကြောင့် စကားက ရှေ့မဆက်ဖြစ်ခဲ့ပါ။ စ[illegible] ရုပ်အဝါရောင်၊ ဂျင်းဘောင်းဘီရှည်နှင့် မိုးဖွဲတွေ စိုလာသည့် ဆံပင်တွေ[illegible] ကို လက်နဲ့ ခါထုတ်နေရင်း လိမ္မာအောင် အိမ်ပေါ် ပြေးတက်လာသည်[illegible]

"ဘာလဲ သား .. အရေးတကြီးခေါ်ပြီး .."

"အပြင်မှာ အမေ့သူငယ်ချင်းကြီး ရောက်နေတယ် .."

"မခင်ရွှေ လား .."

"ဟုတ် .."

"သြော် .. သူကလည်း အသံလေးဘာလေးပေးတာတော့ မဟုတ်[illegible]





ဘူး၊ ဒါနဲ့ ငါ့သားက မိုးမိလာတာလား .."

"ရတယ် အမေ့ .. အိမ်နားရောက်မှ နည်းနည်းမိသွားတာ"

ဒေါ်ယဉ်မေ က နေ့ရာမှ ထရပ်လိုက်ပြီး ...

"သမီးအစ်ကို မနေ့တည်းက နှာစေးနေတာ .. ခေါင်းကို ရေသုတ်ပေးလိုက်ဦး"

လို့ မှာသွားသေးသည်။ ကိုကို ပြန်ဝင်လာတည်းက ပြတင်းပေါက်ကနေ လှမ်းကြည့်လိုက်လို့ အငြိုး ကို ထား မြင်လိုက်ပြီး ဖြစ်သည်။

ဒီထိ အတူတူ ပြန်လာကြတာဖြစ်ကာ စက်ဘီးတစ်စီးစီနှင့် ဘယ်ကိုသွားကြသည်တော့ မသိပေ။ အငြိုး မှာ စက်ဘီးမရှိပါ။ ဒါပေမယ့် တစ်ခါတစ်ခါ စီးထွက်လာတာ စက်ဘီးလေးက အသစ်လေးပဲ ဖြစ်သည်။

"ရော့ .. ကိုကို .."

တွေးနေရင်း တဘက်ကို ယူပေးလိုက်တော့ ဆံပင်တွေ ရေခါနေသဲ မျက်နှာက မော့ကြည့်လာပြီး ...

"ဘာရော့လဲ .. လာသုတ်ပေးလေ ..၊ အမေ့ရှေ့ကျတော့ တစ်မျိုး"

"မဟုတ်ပါဘူး ကိုကိုရယ် .."

ကိုကိုက ရည်းစားတောင် ထားနေကာမှ နောက်ထပ် ပြောစရာတွေဖြစ်အောင် မနေချင်တော့လို့ဆိုတာ မပြောဖြစ်ခဲ့ပေ ..။

ကုလားထိုင်ပေါ်မှာ လိမ္မာအောင် က အကျအန ထိုင်ချလိုက်သဖြင့် နောက်မှာသွားရပ်ရင်း တဘက်နဲ့ သုတ်ပေးလိုက်ရသည်။ ဒီနားကျမှ မိုးမိတယ်ဆိုပြီး ဆံပင်တွေက ခေါင်းလျှော်ထားသလို စိုရွဲလျက်..၊ အဝါရောင်က မသိသာဘဲ ကိုင်လိုက်ကာမှ ရေတွေ နစ်နေ၏။

"ကိုကို မိုးရေထဲမှာ လျှောက်သွားနေတာယ်မို့လား ..၊ အပျော်ကြီးပျော်နေတာ .."

"အဟွန်း .."

လိမ္မာအောင် က ရယ်ကျဲကျဲနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုဆို ကောင်းမှာပဲ .. ဒါပေမယ့် သူက ငါ့ကို ပျော်ခွင့်မပေးသေးပါဘူးဟာ .."

"ချစ်သူ မဖြစ်ကြသေးဘူးပေါ့၊ ဒါနဲ့ တွဲနေကြတယ် ဟုတ်လား"

"လမ်းမှာ ဆုံဖြစ်တာပါ၊ ဘာလဲ .. အငြိုး ကို တွေ့လိုက်လို့လား"

"အင်း .."

"အမေက အငြိုး နဲ့ ငါ့ကို သဘောမတူဘူး ထင်တယ် .."

"အဲလိုတော့ မဟုတ်လောက်ပါဘူး၊ အငြိုး က ကိုကို့ကို နှိမ့်ချတယ် .. အထင်သေးတယ်ဆိုတာတွေ ကြားထားတော့ မိဘရင်ထဲမှာ ဘယ်ကောင်းပါ့မလဲ .."

"ငါ့ကိုပဲ ဒီလိုဆက်ဆံတာ မဟုတ်ပါဘူးဟာ .. အငြိုး က ဘယ်ယောကျ်ားလေးကိုမဆို ဒီလိုပါပဲ၊ သူက မာနကြီးတာမျိုးပါ"

မာနကြီးရင်လည်း ယောကျ်ားလေးတိုင်းကို မျှော်လင့်ချက်တွေ ပေးပြီး စဉ်းစားနေသလိုလို .. မစဉ်းစားဘူးလိုလို ပုံစံတွေနဲ့ ခေါ်ပြော မပျက် နေစရာလား ..၊

သူမပုံစံက အထင်ကြီးတဲ့ယောကျ်ားလေးကိုလည်း ဦးစားပေးသည် ..၊ အထင်မကြီးတဲ့လူကိုလည်း အလွတ်မပေးချင် ..။

ဒီတော့ ပတ်ဝန်းကျင် အမြင်စောင်းကာ ဟိုလိုဒီလို ပြောသံတွေက အမေ့နားထဲထိ ပေါက်ခဲ့၏။

"ငါ သူ့ကို တကယ်ချစ်တာ မိထား ရ ..၊ အမေ သဘောမတူရင်လည်း ဖွတ်မလုပ်ချင်ဘူး၊ ငါ ဘယ်လိုလုပ်ရမလဲ .."

"ဘယ်လိုလုပ် သိမှာလဲ ..၊ ကိုကို့ဖာသာ စဉ်းစားပေါ့ .."

"ထား .."

"ဟင် .."

လိမ္မာအောင် က ရေသုတ်ပေးနေသည့် ထား ရဲ့လက်ကောက်ဝတ်လေးကို ဖျတ်ခနဲ ကိုင်ထားလိုက်ကာ နောက်ကို မျက်နှာမော့ လှန်ကြည့်၍ ..





"နင့်ကို အမေ ပြောလား .."

"ဘာလဲ .."

"ငါတို့ကို ပေးစားချင်တယ်လို့ .."

"ဟာ!... ကိုကိုကလည်း မဟုတ်တာ .."

"လာ .. ဒီမှာ ထိုင်ဦး"

လက်ကို မလွှတ်တမ်းဆွဲကာ သူ့ဘေးကို ပါလာပြီး ထိုင်ချလိုက်တဲ့အထိ ဆုပ်ထားလျက်နှင့် ...

"အဲဒါ မပြောဖြစ်သေးတာ ဖြစ်မယ် .. ဒါမှမဟုတ် ငါ့သဘောကို သိလို့ မျိုသိပ်နေလိုက်တာလည်း ဖြစ်ချင်ဖြစ်မယ်၊ ငါ့ကိုတော့ ပြောပြီးပြီ"

"ကိုကို ဘာပြန်ပြောလိုက်လဲ .."

"မဖြစ်နိုင်ဘူးလို့ပေါ့ .. ငါတို့က မောင်နှမလိုပဲ နေခဲ့ကြတာလေ၊ ဒါပေမယ့် .."

လိမ္မာအောင် က ထား လက်ဖဝါးလေးကို တင်းခနဲ ဖိဆုပ်ကာ...

"ငြင်းလိုက်ပြီးမှ ငါ အမေ့ကို သနားသွားတယ်ဟာ ..၊ အငြိုး နဲ့ ခိုးတွဲနေသလို လုပ်မိတာလည်း ငါ အပြစ်မကင်းသလို ခံစားရတယ်"

"အဲဒီတော့ ကိုကိုက ဘာပြောချင်လို့လဲ .."

"တကယ်လို့ အမေက နင့်ကို ပြောလာရင် .."

စကားသံ ခဏရပ်သွားပြီး ထား မျက်နှာလေးကို စိုက်ကြည့်ကာ...

"နင် မငြင်းလိုက်ပါနဲ့ .."

"ဟင်!... ဘယ်လို .."

"မချစ်နိုင်ကြဘူးဆိုပေမယ့် ငါတို့ လက်ထပ်မှ ဖြစ်မယ်"

ထား ခေါင်းခါလိုက်မိသည်။ မချစ်နိုင်ကြတာချင်း တူရင်တောင် ကိုကို့မှာ ချစ်နေရတဲ့သူက ရှိပြီးသား ..။ လက်ထပ်ဖြစ်ပြီးမှ စိတ်က တခြားလွင့်ပြီး တလွမ်းလွမ်း တဆွေးဆွေး ဖြစ်နေခဲ့လျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ..၊ နှင့်မှာ ချစ်သူ ရှိနေလို့လား .."

"မရှိပါဘူး ..၊ ကိုကို့မျက်စိအောက်မှာ ထား မှုမမှန်ဘဲ ခြေတစ်လှမ်းတောင် မလှမ်းခဲ့ဘူး"

"ဒါပေမယ့် နှင် အခု ဦးကောင်းမှူး ဆီ သွားနေတာပဲ"

"အဲဒါ ကိုကို မယုံရင် သွားမေးကြည့်ပါလို့ ပြောနေတာပဲ၊ ထားကို မကောင်းပြောချင်နေတဲ့တစ်ယောက်တလေကို မဟုတ်ဘဲ အားလုံးကို မသိမသာ စုံစမ်းကြည့်ပါ၊ လူမမာကို ပြုစုပေးနေတာကလွဲပြီး ထားဘက်က မရိုးသားတာ ဘာမှမပါဘူး .."

"နှင်က ရိုးသားပေမယ့် သူ့ဘွေးက မရိုးသားဘူးဆိုရင်ရော .."

"အဲဒါ သူများတွေ ကဲ့ရဲ့သံအတိုင်း ကိုကို ပြောတာ၊ သူ့လိုလူက ထား နဲ့ .."

"သူ့လိုလူဆိုတာ ဘာလဲ .. မိထား၊ အချစ်ဆိုတာမှာ အဆင့်အတန်း မလိုဘူး .. သူ့လို အရမ်းတော်နေတဲ့လူအတွက် ပိုတောင် မလိုသေးတယ်၊ နောက်ပြီးတော့ ငါ့ညီမက ချစ်ဖို့ကောင်းတဲ့ ဒီနိုင်းလေးနဲ့ပါ"

ပြောလိုက်ပြီး ပြုံးသည်။

"သူ နှင့်ကို စိတ်ဝင်စားနေတာမှန်ရင် သူများတွေ ကဲ့ရဲ့သံလို နှင့်ကို အပျော်သဘောနဲ့ဆိုတာ မဖြစ်နိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါတို့ အလုပ်လုပ်ဖြစ်ခဲ့တဲ့အချိန်ကစပြီး ခုထိ တွေးကြည့်ရင် ငါတို့ မောင်နှမအပေါ် သူ စိတ်ဝင်စားတယ်ဆိုတာ နှင့်ကြောင့်ပဲ၊ ငါ သူ့ရဲ့ အကူအညီတွေ အများကြီး ရခဲ့တာ နှင် သိပါတယ် .."

"တော်ပါတော့ ကိုကိုရာ .. မဟုတ်ကဟုတ်ကတွေ .."

ထား က ရှောင်ထွက်သွားဖို့ ပြင်လျှင် လက်ကို ဆုပ်ဆွဲထားသဖြင့် မအောင်မြင် ..။ ပြီးတော့ လိမ္မာအောင် က ထား ရဲ့ပါးလေးတစ်ဖက်ကို ခပ်ဖွဖွ လိမ်ဆွဲ၍ ...





"တွေ့လား .. ပါးလေးတွေ ရဲကုန်ပြီ .. အဲဒါလေးတွေက ချစ်ဖို့ကောင်းတာ၊ တကယ်ပြောတာ .. အငြိုး ကျတော့ သွက်တယ်၊ ငါ့အပေါ်မှာ ဆိုးနွဲ့သလို ပြောတာလေးတွေက စွဲလမ်းဖို့ ကောင်းတယ်၊ နှင့်မှာ အဲဒီလို မဟုတ်ပေမယ့် .."

"တော်ပါတော့ဆိုမှ .. ကိုကိုနော် .."

"ပြောဖို့က မပြီးသေးဘူးလေ .. နှင့်ရင်ထဲမှာ ဦးကောင်းမှူး တကယ်ရှိနေလား .. မရှိဘူးလား .."

"နာမည်ကြီး ထည့်ထည့်မပြောပါနဲ့ ကိုကိုရယ် ..၊ အလိုလိုကာမှ ပြောချင်ဆိုချင်နေကြတဲ့အထဲ .."

"နာမည်တော့ ပြောခွင့်ရှိပါတယ်ဟာ ..၊ ငါ မေးတာကို ဖြေစမ်းပါ၊ ကိုယ်နဲ့ မတူမတန်တဲ့လူဆိုပြီး စိတ်မကူးရဲတာမျိုးလား ..၊ နည်းနည်းမှ စိတ်မဝင်စားတာလား .."

"ကိုကိုရယ် .. ညီမလေးရင်ထဲမှာ ဘာမှ မရှိပါဘူးဆို .. တကယ်ပြောနေတာ၊ ညီမလေး လူတွေ ကဲ့ရဲ့ဝေဖန်ကြမှာကို ကြောက်တယ်၊ ဘယ်လိုနေနေ အပြောအဆို မလွတ်နိုင်တာကိုလည်း စိတ်ညစ်တယ်၊ ထပ်မမေးပါနဲ့တော့ .."

ထား တကယ် မျက်နှာလေးမဲ့လာတော့ လိမ္မာအောင် က သက်ပြင်းရှိုက်လိုက်ပြီး ...

"ငါ စိုးရိမ်နေမိလို့ပါ .."

"ဘာကိုလဲဟင် .."

"အမေက ပြောလာရင် ငါကတော့ အမေ့စိတ်တိုင်းကျပဲ ဖြစ်စေချင်တာလေ၊ ငါက ငါချစ်တဲ့သူကို စွန့်လွှတ်ပြီး လက်ခံနိုင်ပေမယ့် နှင့်ဘက်ကိုကျတော့ အဲဒီလို မဖြစ်စေချင်ဘူး၊ ငါတို့ရဲ့ အနေအထားလို အဲဒီအချိန်ကျမှ ခွဲခြားပြလိုက်သလို ဖြစ်မှာစိုးတယ်၊ နှင့်ကို အမေ မပြောသေးတာလည်း အဲဒါကြောင့်ပဲ ထင်တယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ပြောနေတာ ညီမလေး နားမလည်ဘူး"

"ဒါဆိုလည်း ရှင်းအောင် ပြောတော့မယ်၊ တကယ်လို့ နှင့်မှာ ချစ်ရမယ့်သူရှိနေသားနဲ့ အမေက ငါနဲ့ လက်ထပ်ပါလို့ ပြောလာရင် နှင့်ဘက်မှာ ဘယ်လိုဖြစ်သွားမလဲ .."

ထား က ဘာမှမဖြေဘဲ တခြားနေရာကို ငေးသွား၏။

"ငါလည်း အဲဒီလို မဖြစ်စေချင်ဘူး၊ တကယ်တော့ နှင့်အဖေနဲ့ ငါ့အဖေ ရှာခဲ့တဲ့ အမွေပစ္စည်းမို့လို့ ငါတို့ကိုပဲ အမေက အတူတူ ပိုင်ဆိုင်ခံစားစေချင်တာ .."

ထား စိတ်မကောင်း ဖြစ်မိသွားသည်။ တကယ်တမ်းကျတော့ အဖေက အရင်ဆုံးသွားတဲ့အကြောင်း..၊ လွန်ခဲ့တဲ့ တစ်နှစ်လောက်တည်း သတင်းသဲ့သဲ့ ကြားခဲ့တာပါ။ ဒါပေမယ့် ...

ဘယ်အဖေမှန်း မကွဲပြားခဲ့ဘဲ အခု ကိုကို့အဖေ ပြန်ရောက်လာမှ သာ အဖေ ဆုံးသွားတာမှန်း သေချာသွားခဲ့တာ ဖြစ်သည်။

ရလာတဲ့ပစ္စည်းက အဖေ့အင်အား မပါနိုင်ပါ။ ဒါကြောင့် ထား နဲ့လည်း ဘာမှ သက်ဆိုင်ဖို့ မရှိပေ ..။ အမေကတော့ ထား ကို အတူ ခံစားစေချင်တဲ့စေတနာနဲ့ပဲ ဖြစ်မှာပါ။

"ပစ္စည်းကြောင့်ဆိုရင် ထား နဲ့ ဘာမှ မဆိုင်ပါဘူး ကိုကိုရယ်.. ထား စိတ်ထဲမှာ အဲဒါတွေလည်း ဘာမှမရှိခဲ့ဘူး၊ အမေ့စိတ်ချမ်းသာရေး အတွက်ဆိုရင်သာ ထား ကို ဘာမှထည့်မတွက်ဘဲ ကိုကို အဆင်ပြေ သလို ဆုံးဖြတ်ပါ"

"အဆင်ပြေသလိုဆိုတာက ဘာလဲ .."

"ကိုကို့မှာပဲ ချစ်သူရှိတာလေ .."

"နှင့်မှာ မရှိဘူးပေါ့"

"ဘယ်တုန်းက ရှိခဲ့ဖူးလို့လဲ ..၊ ကိုကို ဒါပဲ လုပ်ပတ် အစ် မနေနဲ့ နော် .."





လိမ္မာအောင် က ထား ရဲ့ခေါင်းလေးကို နောက်ပစ်ထားသည့် လက်နဲ့ ဖက်ခနဲ ပုတ်ပစ်လိုက်ကာ ...

"ငါက နောင် ပြောစရာမရှိအောင် မေးထားတာ၊ အငြိုး ကို ငါ တပဲ သေအောင်ချစ်နေတာလေ ..၊ သူက ပြန်မှမချစ်သေးတာ၊ အဲဒါ ကြောင့် ချစ်သူရှိတယ်လို့တော့ မပြောပါနဲ့ .."

လိမ္မာအောင် က နာကျင်သည့်မျက်နှာမှာ အပြုံးယဲ့ယဲ့နှင့် ...

"သူ ငါ့ကို ခုတလော အခွင့်အရေးပေးလာတယ်လို့ထင်ပြီး အဆင် ပြေပြီပေါ့နော် .. ငါ တော်တော် တက်ကြွသွားခဲ့တာ .."

"အခု ဘာဖြစ်နေလို့လဲ .."

"ထင်သလို မဟုတ်တာတော့ သေချာတယ်"

ထား စိတ်မကောင်းပါ ..၊ ကိုကို ချစ်ရတဲ့သူက ထား နဲ့သာ ရင်းနှီးနေမယ်ဆို ကိုကို့အတွက် အောင်သွယ်ကောင်းတစ်ယောက် ရ နိုင်မှာ ဖြစ်သည်။

ခုတော့ ထား နဲ့ သူမက အနီးဆုံးလူတွေ ဖြစ်နေကြပေမယ့် ...

"သူနဲ့ နင် ဘာဖြစ်လို့ ဒီလိုအနေအထားတွေ ဖြစ်သွားခဲ့တာလဲ၊ တကယ်ဆို မိန်းကလေးချင်း ဖြစ်ပြီး .."

"ညီမလေးက ဘယ်သူ့ကိုမှ မလိုလားတဲ့မျက်လုံးနဲ့ မကြည့်ဘူး"

"ငါ သိပါတယ်"

ဒါကျတော့လည်း လိမ္မာအောင် က ခေါင်းညိတ်၏။

"ညီမစိတ်ကို ငါ သိပါတယ် .. ဒါပေမယ့် သူ့စိတ်ကို ဘယ်လို မှ ခန့်မှန်းလို့ မရဘူး၊ သူ ငါ့ကို အရင်းနှီးဆုံးလူတွေလိုပဲ ခုတစ်လော အရေးပေး ဆက်ဆံတယ်၊ ဒါပေမယ့် သူ ရင်းနှီးချင်တာက ငါ မဟုတ် သလိုကြီး ခံစားနေရတယ်၊ နင်သာ ယောကျ်ားလေးဆိုရင်တော့ ငါ့ကို ချစ်တာမဟုတ်ဘဲ နင့်ကိုများ သဘောကျနေသလားလို့ ထင်မိတယ် .."

"ကိုကိုကလည်း .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ထား .. နင် မသိလို့၊ သူ ပြောတဲ့စကားတွေထဲမှာ အများဆုံးက ငါ့အကြောင်း မဟုတ်ဘူး .. နင့်အကြောင်းတွေချည်းပဲ"

ထား က သိနေသည့်အပြုံးလေးနှင့် မျက်နှာငုံ့ပစ်သည်။ ထား အကြောင်းပြောတိုင်း တခြားတစ်ယောက်အကြောင်းရော မပါတတ်ဘူးလားလို့ မေးလိုက်လျှင် ကိုကို နားလည်သွားမှာပါ ..။

ဒါပေမယ့် ကိုကို ဒီ့ထက် နာကျင်ခံစားသွားရမှာ ဖြစ်သည်။

ဦးကောင်းမှူး နဲ့ ထား ကို ဒီအတိုင်း အနေနီးမနေဖို့ ကိုကိုနဲ့ အနီးကပ်နေပြီး သွေးထိုးစကားတွေ ပြောနေချင်တာ အငြိုး ရဲ့ ရည်ရွယ်ချက်တွေပဲ ..။

"ငါ ပြောတာ ကြားလား .."

"အင်း .."

"ငါ စဉ်းစားကြည့်တော့ နင့်ကို သူ တော်တော် ကြည့်မရဖြစ်နေပုံပဲ၊ ဒါဆိုလည်း ငါနဲ့ ဘာဖြစ်လို့ ရင်းနှီးအောင် နေခဲ့တာလဲ .."

"စဉ်းစားမနေပါနဲ့ ကိုကိုရယ် .. လူကြီးတွေပြောတဲ့စကား ကိုကို မကြားဖူးဘူးလား ..၊ ဖူးစာရှိနေရင် ပြေးမလွတ်ဘူးတဲ့ .. ကြံဖန် ဆုံစည်းကြတာပဲတဲ့၊ ကိုကို သူ့ကို ဘယ်လိုပုံစံနဲ့ပဲဖြစ်ဖြစ် ချစ်နေတာပဲမို့လား.."

"ဟုတ်တယ် .. ဒါလည်း ဝဋ်ကြွေးတစ်ခုပဲ ထင်တယ်"

သူ့ဟာသူပြောပြီး အသံမထွက်ဘဲ ရယ်သေးသည်။ ပြီးတော့ ထား ကို လှည့်ကြည့်၍ ...

"အဲဒါကြောင့် ငါလည်း သူ့အပေါ်မှာ သိပ်လောဘမထားပါဘူး၊ ဒီ့ထက်ပိုပြီး ရှုးသွပ်နေရင် နေမြင့်လေ အရှူးရင့်လေ ဖြစ်တော့မှာ၊ အမေက ချစ်သူရှိနေရင်တော့ ရွေးချယ်ပါလို့ ခွင့်ပြုတယ်၊ မရှိဘူးဆိုရင် နင်နဲ့ငါ့ကိုပဲ လက်ထပ်ဖို့ တိုက်တွန်းတာပေါ့၊ ငါ့မှာ ရွေးချယ်စရာလည်း မရှိဘူး၊ ချစ်မိတဲ့သူကလည်း ငါ့ကို ပြန်မချစ်ဘူးလေ၊ အဲဒါကြောင့် အမေ ပေးစားတဲ့လူကို ယူနိုင်ပါတယ်ဆိုတော့လည်း အဲဒီမိန်းကလေးက





နင် ဖြစ်နေတယ်၊ ငါတို့ လက်ထပ်ပြီးကာမှ နင် စိတ်ဆင်းရဲနေရမယ့်ဆိုရင် ဒီလိုနှောင်တမျိုးက ပြန်ပြင်လို့ရတာ မဟုတ်ဘူး .."

"အဲဒါလည်း ကိုကိုက ပေါ့ပေါ့လေး ပြောနေတာ၊ ကိုကိုကိုယ်တိုင် ချစ်မိတဲ့လူကို တမ်းတပြီး စိတ်ဆင်းရဲနေမှာကျတော့ ထည့်မတွေးဘူးလား .."

"တခြားမိန်းကလေးနဲ့ဆိုရင်တော့ ဟုတ်ချင်ဟုတ်မှာပေါ့၊ နင်နဲ့ဆိုရင် ဘာဖြစ်စရာရှိလို့လဲ ..၊ ပျင်းပျင်းရှိရင် စိတ်ဆိုးအောင် ထိုင်စနေမယ်၊ မငိုငိုအောင် စမယ် .. ပြီးတော့ ရန်ဖြစ်ကြတာပေါ့"

ပြောရင်း ပခုံးချင်းတိုက်ပစ်လိုက်ပြီး ရယ်သည်။ ကိုကို တမင်အမှုအရာတွေ လုပ်နေတာလား..၊ ဒါမှမဟုတ် အိမ်ထောင်ရေးကို ဒီတိုင်း လွယ်လွယ်လေးလို့ ထင်နေတာလား ..။

ထား ရင်ထဲမှာရော တကယ် ပေါ့ပေါ့ပါးပါး ထားလိုက်နိုင်ရဲ့လား..။

တွေးကြည့်လိုက်တော့ ကိုကိုနဲ့ နေရမယ်ဆိုလျှင် ဘယ်လိုပုံစံနဲ့ပဲဖြစ်ဖြစ် ထား ငြိုငြင်မိမှာ မဟုတ်ဘူးထင်သည်။ ကိုယ့်မှာ ချစ်ရမယ့်လူရှိခဲ့တာမှ မဟုတ်ဘဲ ..။

ကိုကို့ကျတော့ သေလောက်အောင် ချစ်နေရတဲ့သူက ရှိခဲ့ပြီးသား..။

ဒါဆို အမေက ပြောလာခဲ့ရင် ထား ဘယ်လို ဖြေရမှာလဲ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

"ဟဲ့ .. နင် ဒီနေ့တော့ အပေါ်မှာတက်ပြီး အခန်းမအောင်းတော့ဘူးလား .."

ကိုယ့်ရှေ့ထိ ဒီလို လာပြီး တည့်တည့်မေးမယ်လို့ ထား ဘယ်လိုမှ ထင်မထားခဲ့ပေ။ သူမလိုပင် နွယ်နွယ် တို့အားလုံးပါ အံ့သြကုန်ကြပြီး အနီးတစ်ဝိုက်မှာ လေငြိမ်ရပ်ဝန်းတစ်ခု ဖြစ်ထွန်းသွားခဲ့၏။

ပခုံးလောက်ဆံပင်တိုတိုလေးကို ရောင်စုံကော်လုံးလေးတွေ ညှပ်ကပ်ထားကာ ဝတ်ထားသည့်အင်္ကျီက အဝါနဲ့ ရွှေအိုရောင် ကွက်ကျားတွေပါသည့် ဆွဲသားခါးရှည် ပျော့ပျော့ကပ်ကပ် ဖြစ်၏။

အလုပ်လုပ်မှာမို့ ထဘီဝတ်ထားပေမယ့် ဗြုန်းခနဲကြည့်လျှင် ခြေသလုံးတစ်ဝက်လောက်ပဲရှိသည့် စကက်အကျပ်အတိုလေး ဝတ်ထားသည့်အတိုင်း ..။ တစ်ရုံလုံးမှာ သူမက အချောအလှဆုံး ဖြစ်သလို အင်္ကျီ အဝတ်အစားဆိုလည်း သူမပဲ အဝတ်နိုင်ဆုံး ဖြစ်သည်။

ဒါနဲ့တောင် ရှိတာလေး နဲ့ လှအောင်ဝတ်နေရသည့် ထား ကိုပဲ ဘာဖြစ်လို့ သူမ အမြင်စောင်းနေရတာလဲ ..။

အငြိုး ကို မြင်လိုက်တာနှင့် အားလုံး၏စိတ်ထဲမှာ ထား နဲ့ယှဉ်ပြီး တွေးမိကြသည့် မေးခွန်းချင်းက အတူတူပင် ..၊





"ဒါကြောင့် ဒီနေ့မနက် နေတွေပူနေတာ ထင်တယ်၊ နေရာပါ းပစ်လိုက်ပြီးမှ ပြန့်ခင်းပြီး တစ်ကနေ ပြန်စနေတာဆိုတော့ .."

"နေရာသိမ်းပစ်လိုက်တာက အလုပ်မလုပ်သေးဘဲနဲ့ ခုံကြီးချထား ရှုပ်လို့လေ .."

ထား က ဖြေတာ မဟုတ်ဘဲ နောက်က ပြောလိုက်တာမို့ အငြိုး နှာပေါက အပြုံးတွေ ပျောက်ကွယ်ကုန်၏။ ထို့ပြင် အသံရှင်က တိစု ဖြစ်နေရာ ...

"ညည်းက ကိုယ့်နေရာမှာ ကိုယ်မနေဘဲ ဒီထိတောင် လာပြီး တင်းမေးနေတာလား အငြိုး .."

ဈေးသွားမည့်ပုံနှင့် ဒေါ်စုစု လက်ထဲမှာ ဆွဲခြင်းကတစ်ဖက်၊ ပိုက်ဆံ တ်ကို တစ်ဖက် ..။

"အားလုံး ကိုယ့်အလုပ် ကိုယ်လုပ်နေကြတာ ညည်းက ဘာဖြစ် သူများအကြောင်း စိတ်ဝင်စားနေရတာလဲ .."

အလုပ်သမတွေ အများကြီးရှေ့မှာ ဆူခံထိတော့ အငြိုး မျက်နှာ ခြန်းလာခဲ့၏။

"သမီးက သူ့ကို ဒီလိုပဲ နောက်နေကျပါ"

"သူ့ကို နောက်တာဆိုရင်လည်း အပေါ်တက် အခန်းအောင်း ယ်ဆိုတဲ့စကားမျိုး မပါစေနဲ့၊ ငါတို့က အဲဒီလို ရွဲ့စောင်းစကားတွေကို ကြားရှင်းနေမှာလည်း မဟုတ်ဘူး၊ လုပ်စရာက တစ်ခုပဲ ရှိတယ် .."

ဒေါ်စုစု က မျက်နှာကို တည့်တည့်ကြည့်ပြီး ဝမ်တိန်ပေးသွား ည်။ အငြိုး သည် အားလုံး၏ သနားသောမျက်လုံးများရှေ့မှာ ဘာမှ ည်း မပြောနိုင်ဘဲ မျက်နှာတစ်ပြင်လုံး အရောင်ရင့်လာခဲ့လျက် ...

"ကိုယ့်နေရာကိုယ် ပြန်လာစမ်းပါ အငြိုး ရယ် ..၊ နင်ကလည်း.."

နီလာ့ အသံက သူငယ်ချင်းဘက်က မခံရပ်နိုင်သည့်အသံမှန်း သာနေ၏။ အားလုံးပဲ ကိုယ့်အလုပ်ကို ဆက်လုပ်နေကြတာမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ စိတ်ထားမြတ် .."

ထား ရဲ့ရှေ့ကခုံကို လက်နဲ့ ခပ်ဆတ်ဆတ်ပုတ်၍ မျက်နှာကို ရှေ့
တိုးကာ အံကြိတ်သံနှင့် ...

"လေတိုက်လို့ မြောက်တက်သွားတိုင်း မာန်မတက်နဲ့၊ တကယ်
တော့ နင်က အမှိုက်တစ်စပဲ .."

ပြောပြီးမှ လှည့်ထွက်သွား၏။

"သူ ဘာပြောသွားတာလဲ ထား .."

ပြောသွားပေမယ့် သဲသဲကွဲကွဲ မကြားလိုက်သည့် နွယ်နွယ် ထ
အနားတိုးလာပြီး မေးသည်။ မျက်ခြယ် ကလည်း နားစွင့်ထားရင်း လှမ်း
ကြည့်နေ၏။ ဒါပေမယ့် ထား က ခေါင်းပဲ ခါပြလိုက်သည်။

ရှေ့မှာရောက်လာပြီး မေးသွားတဲ့မေးခွန်း ..၊ လှည့်ထွက်ခါနီး
ချန်ထားရစ်ခဲ့သည့် ရက်စက်ရင့်သီးသော စကားလုံးတွေ ..။

အငြိုး ကိုယ့်အပေါ်မှာ ဘာဖြစ်လို့ ဒီလောက်တောင် ဖြစ်နေရတာ
လဲ ..၊ မျက်ခြယ် တို့ ပြောကြသလို ဦးကောင်းမှူး ကို မက်မောနေတာ
ဆိုရင်တောင် ဦးကောင်းမှူး ဘက်က သူမအတွက် မျှော်လင့်လောက်
စရာ ကြင်နာယုယမှုတွေ ပြနေခဲ့လို့လား ..။

ဒါမှမဟုတ် ထား ကို ဦးကောင်းမှူး မရိုးသားဘူးလို့ ထင်လောက်
စရာတွေများ မြင်နေခဲ့လို့လား ..၊ ဘာတစ်ခုမှ မဟုတ်ခဲ့ဘဲ သူမ ဘာဖြစ်
လို့ ခုလောက်ထိ သဝန်တိုစိတ်တွေပဲ မိုးမွှန်နေခဲ့တာလဲ ..။

ဖြစ်လာတာတွေက ကြီးစံ ကျန်းမာရေးကြောင့် ထား အပေါ်ထပ်
ရောက်သွားကတည်းက စလာခဲ့တာတွေ ဖြစ်သည်။ ထို့ကြောင့် ဒါ
ဆက်လုပ်သင့်မလုပ်သင့် ထား စဉ်းစားရတော့မည်။

ကြီးစံ လည်း တော်တော်လေး ကျန်းမာနေပြီပဲ ..။





## အခန်း (၁၀)

"ခေါင်းတွေ ကိုက်လိုက်တာ .. ကျွတ်!... ကျွတ် .."

"အမေ .."

အချိန်မတော်မှ ဘယ်လိုမှမခံနိုင်အောင် ကိုက်ခဲလာသဖြင့် ဒေါ်ယဉ်
... ခပ်ကြိတ်ကြိတ် ညည်းတာ ဖြစ်သည်။ ဒါပေမယ့် ထား ထိုအသံကို
ကြားကာ ချက်ချင်း ထထိုင်၏။

အမေ နေမကောင်းကာမှ တစ်ခန်းထဲမှာ အတူလာအိပ်တာ ကြာ
ပြီ။ ညမှုညတာဆို ထား က အိပ်ရေးဆတ်လွန်းသဖြင့် နည်းနည်းလေး
ညည်းသံကြားတာနှင့် မျက်လုံးပွင့်လာတတ်ကာ ...

"အမေ ခေါင်းကိုက်နေတာလား .."

"အင်း .. သမီး နိုးသွားပြီလား ..၊ အမေ့ကို အကိုက်အခဲပျောက်
ဆေး ရှာပေးစမ်းပါ"

"ဆရာဝန်ပေးထားတဲ့ ဆေးတစ်ခွက်စာ ရှိသေးတယ်လေ အမေရဲ့..၊
အကိုက်အခဲပျောက်ဆေးက မရှိသုံးသုံးတာပဲ ကောင်းပါတယ် .."

စိတ်ထဲမှာ စွဲနေတာက အကိုက်အခဲပျောက်ဆေး မျိုချလိုက်တာ
နှင့် ခဏအတွင်းမှာ အကိုက်အခဲတွေ ပျောက်သည်ဟု ..၊



www.burmeseclassic.com

www.burmeseclassic.com



"ရော့ .. အမေ .."

"အဲဒီဆေးတွေ သောက်ရတာ တစ်ပြုံတစ်မကြီးပါအေ..၊ နဲ့လိုက်
စော်လိုက်တာလည်း မပြောနဲ့တော့ .."

"အမေက အကိုက်အခဲပျောက်ဆေးပဲ အပျောက်မြန်တယ်
စိတ်က စွဲလမ်းနေလို့ပါ အမေရဲ့ ..၊ ဆရာဝန်ပေးထားတဲ့ဆေးက ပို
အန္တရာယ်ကင်းတာပေါ့ .. သောက်လိုက်ပါ အမေရယ် .."

"စိတ်ညစ်ပါတယ်အေ .. အဲဒါကြောင့် ညည်း နိုးသွားမှာစိုး
ဖြည်းဖြည်းထလိုက်တာကို .."

အမေ့ မျက်နှာ ကလေးလို မဲ့မဲ့လေး ဖြစ်နေတာကိုကြည့်၍ ထာ
ပြုံးလိုက်မိသည်။ ဆေးသောက်ဖြစ်ဖို့ကို မနည်း ဖျောင်းဖျ တိုက်လိုက်
ရကာ ပြေကျနေသည့် ဆံပင်တွေလည်း ခပ်ပြေပြေလေးနဲ့ ရှင်းသွာ
အောင် ထုံးပေးထားလိုက်သည်။

အသက်အရွယ်ကြောင့် ကျိုးပေါင်းကလည်း ဒုက္ခပေးနေသူဖြ
ဆံပင်ကို တင်းတင်းကြီး ထုံးဖွဲ့ထားလို့လည်း မရ..၊ ပြီးတော့ ...

အမေ့ခေါင်းအုံးကို ဖက်လုံးပုံ ခပ်လုံးလုံး အသေးလေးနဲ့ ရိုးရိုး
အပြား နှစ်မျိုး ထားပေးရကာ တစ်ညကို နှစ်ကြိမ် လဲပေးရ၏။

"ပြန်လှဲနေလိုက် အမေ .. ဆေးသောက်ပြီး မှိန်းနေရင် ပျောက်
သွားလိမ့်မယ်"

လှဲလိုက်ဆိုပြီး ကျောပြင်ကနေ လည်ဂုတ်ထိ လက်ချောင်းလေး
တွေနဲ့ ထောက်နှိပ်ပေးနေသဖြင့် ဒေါ်ယဉ်မေ မလှဲဖြစ်သေးဘဲ ငြိမ်သက်
စွာ ထိုင်နေလျက် ...

"အမေ့ကို အချိန်မတော် ထပြုစုပေးရလည်း ငါ့သမီးက တစ်ခါမှ
မငြီးငြင်ဘူးနော် .."

"ငြီးငြင်စရာလား အမေရယ် .. သမီးတို့မှာ ပြုစုရမယ့်လူ အမေ့
တစ်ယောက်ပဲ ရှိတော့တာ၊ အဲဒါတွေ ပြောမနေပါနဲ့.. တော်ကြာ အမေ





မျက်လုံးကျယ်သွားလိမ့်မယ် .."

"ကျယ်နေပါပြီအေ .. ညည်း ပြန်မအိပ်ချင်သေးဘူးဆိုရင် ပြော
စရာ ရှိသေးတယ် .."

အမေ ဘာပြောဖို့ရှိနေပြီကို တွေးမိလိုက်ပေမယ့် ဘာမှမပြောဘဲ
နားထောင်နေလိုက်မိသည်။

"ညည်းတို့အချင်းချင်း မောင်နှမ မဟုတ်ဘူးဆိုတာ သိနေပြီးသား
ပါအေ .."

ဒေါ်ယဉ်မေ က လိုရင်းကနေ အစချီလိုက်ကာ ကျောခိုင်းနေရာ
ကနေ ထား ဘက်ကို လှည့်ထိုင်လိုက်သည်။ ထို့ပြင် ကျောပြင်မှာ နှိပ်ပေး
နေသည့် လက်ကလေးတွေကို ဆုပ်ကိုင်ထားလိုက်ပြီး ...

"သမီးကိုပဲ အမေက သမီးချွေးမလေး တော်ချင်တာ .."

လှိုက်လှိုက်လှဲလှဲပြောရင်း ဖားလျားပြန့်ကျနေသည့် ထား ရဲ့
ဆံစလေးတွေကို တယုတယ ထိကိုင်၏။ ပြီးတော့ နဖူးပြင်လေးကို
သပ်၊ မေးဖျားလေးကို မော့ယူလိုက်ကာ စေ့စေ့ကြည့်၏။

"အမေ့မျက်လုံးတွေ မှုန်ဝါးဝါးဖြစ်နေလည်း သမီးရဲ့ မျက်ခုံးနက်
နက်လေးတွေကို မြင်နေရသေးတယ်၊ ပြီးတော့ သမီး သုံးနေကျ တရော်
ကင်ပွန်းနဲ့ ခေါင်းလျှော်ရည်နံ့လေးရယ် .. သနပ်ခါးနံ့လေးရယ်လေ..၊
သမီး အမေ့နားမှာ ရှိမနေတဲ့အချိန်တွေမှာလည်း အမေ့ နှာခေါင်းထဲမှာ
သမီးရဲ့ကိုယ်နံ့လေးက စွဲနေတယ်၊ အမြဲတမ်း အနားမှာ သမီး ရှိနေသလို
ပေါ့ .."

ပြောနေရင်း မျက်ရည်တွေ ဝေ့လာတော့ ထား စိတ်ပူသွား၏။

"အမေ မျက်ရည်တော့ မကျလိုက်ပါနဲ့ အမေရယ် .. ခေါင်းကိုက်
နေတုန်းမို့လို့ပါ၊ တော်ကြာ ခေါင်းကိုက်မပျောက်ရင် အကိုက်အခဲ
ပျောက်ဆေးတွေ ထပ်သောက်နေရလိမ့်မယ် .."

"အကိုက်အခဲပျောက်ဆေးမှ အမေ့ အသက်ကယ်ဆေးပါ၊ မပူပါ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ .. အမေ ပြောချင်တာ ပြောပါရစေ"

ဒေါ်ယဉ်မေ က မျက်တောင်တွေခတ်၍ မျက်ရည်မကျအောင် ထိန်းချုပ်နေလျက် ...

"အသက်ကြီးလာတော့ ငိုလွယ်ရယ်လွယ် ဖြစ်လာတယ်..၊ အရမ်း ထိခိုက်ခံစားနေရတာမျိုး မဟုတ်ဘဲလည်း ငိုချင်လာတာနဲ့ မျက်ရည်က အားကောင်းမောင်းသန် တန်းထွက်လာတာပဲ .."

ကိုယ့်အဖြစ်ကိုလည်း ရှင်းပြရှာသေးသည်။ ပြီးမှ ...

"ညည်းအစ်ကို စိတ်ဆင်းရဲသွားမလားလို့ အမေ မပြောဘဲနေတာ၊ သူ ချစ်နေတဲ့ မိန်းကလေးဟာ အရမ်းကို ထက်မြက် လည်ဝယ်လွန်းပြီး လူတိုင်း ပါးစပ်ထဲမှာ ကောင်းကြောင်းပြောသံ မကြားရတဲ့ မိန်းကလေး၊ အဲဒါတွေ သမီးနဲ့ အလုပ်အတူတူလုပ်နေကြတာ သမီး မသိဘူးလား ဟင် ..၊ ကိုယ့်အစ်ကိုကို မတော်တာ မြင်နေလျက်နဲ့ ဘာဖြစ်လို့ မတားတာလဲ .."

"အမေရယ် .. အငြိုး ဘယ်လိုမိန်းကလေးလဲဆိုတာထိ သမီးက ဘယ်လိုလုပ် သိမှာလဲ ..၊ အလုပ်လုပ်နေကြတဲ့အချိန်မှာ မျက်နှာချင်းဆိုင် ရှိနေကြတယ်၊ သူ သမီးကို အမြဲတမ်း မလိုလားတဲ့အကြည့်နဲ့ ကြည့်တယ် .. သမီး သိတာ အဲဒါပဲ၊ မိန်းကလေးချင်း မတည့်ကြတာ ဆန်းလည်း မဆန်းပါဘူး ..၊ ကိုကို့အပေါ်မှာတော့ သူ့သဘော ဘယ်လိုရှိတယ်ဆိုတာ .."

"ဘာပဲဖြစ်ဖြစ် အမေ သမီးကိုပဲ ပိုင်ချင်တာ"

"ခုလည်း အမေ့သမီးပါပဲ အမေရယ် .."

"ဒါဝေမယ့် တခြားယောကျ်ားနဲ့သာ အိမ်ထောင်ပြုလိုက်ရင် အမေ့ကို ထားခဲ့တော့မှာမို့လား၊ သားကို သမီးက လက်မထပ်နိုင်လို့လား ဟင် .."

"မဟုတ်ပါဘူး .."





"ဒါဆိုလည်း ခေါင်းညိတ်စမ်းပါ သမီးရယ် .. နော်၊ ရှေ့လျှောက် ရင် သားနဲ့ သမီးတို့ ချမ်းချမ်းသာသာ ထည်ထည်ဝါဝါနဲ့ ဘဝကို ကျ်လှမ်းကြတော့မှာ၊ အမေတို့သားအမိတွေ မရှိအတူ ရှိအတူ နေချင် ယ် သမီးရယ် ..၊ အမေတို့ကို ခွဲမသွားပါနဲ့ .. အမေပြောရင် ညည်း ကို ရှေ့ကို ဖွတ်တိုးမှာ မဟုတ်ဘူး .. အမေ သိတယ်၊ ဟိုမိန်းကလေး နဲ့ ဘာမှမလွှန်ကျူးခင် သမီးနဲ့လက်ထပ်ပေးချင်တယ် .. နော် .. သမီး က်ခံမယ်မို့လား .."

"အမေ စိတ်ချမ်းသာအောင် နေပါ အမေရယ် ..၊ ကိုကိုကလည်း မေ့ကို မလွန်ဆန်ဘူးမို့လား၊ သမီးက အစတည်းက အမေ့သမီး .. မေ့လက်ထဲမှာ သမီးဘဝပါ .."

ဒေါ်ယဉ်မေ မျက်ရည်တွေဝေ့လည်လျက် ခေါင်းတညိတ်ညိတ် ဖြစ်သွားခဲ့သည်။

ဒီမျက်ရည်တွေကတော့ ဝမ်းမြောက်ပျော်ရွှင်ခြင်းကြောင့်ဖြစ်သည့် မျက်ရည်တွေပဲ ဖြစ်လိမ့်မည် ထင်၏။

ထား လည်း ကျေနပ်ပါသည်။ လိုအပ်နေသေးတာက ကိုကို ကျေ နပ်ဖို့ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"ကိုကောင်းမှူး .."

စားပွဲမှာ ထိုင်လိုက်ပြီးမှ တခြားစားပွဲကနေ ခေါ်သံကြားလိုက်သဖြင့် လှမ်းကြည့်လိုက်မိသည်။

ကိုနေမျိုး က ဟိုဘက်ကနေ သူ့ဆီကို ကမန်းကတန်း ထလာကာ—

"ကိုကောင်းမှူး ပြန်ရောက်နေတာတောင် မသိလိုက်ဘူး .."

"မနက်ကမှ ရောက်တာ .. ထိုင်ပါဦး .."

ခုံကို မေးဆတ်ပြလိုက်မှ ရှေ့မှာ ထိုင်လိုက်ကာ ...

"ကျွန်တော် ခေါက်ဆွဲကြော် မှာထားလို့ စောင့်နေတာပါ။ ကိုကောင်းမှူး ညစ်သည် လာဦးမှာလား .."

"အင်း .. မိတ်ဆွေတစ်ယောက်ကို လာစောင့်တာ၊ ချိန်းတော့ မထားပါဘူး၊ ကိုနေမျိုး ကိစ္စရှိလို့လား .."

မေးရင်းနဲ့ ဝိတ်တာရောက်လာတော့ စားစရာ မှာလိုက်သည်။ သူ မှာနေတုန်း ကိုနေမျိုး မှာထားသည့် ခေါက်ဆွဲကြော် ရောက်လာသဖြင့် ...

"အဲဒါအတွက် ကိုယ့်စာရင်းထဲ ထည့်လိုက် .."





"ဟာ!... မလုပ်ပါနဲ့ .. ရပါတယ်၊ ကျွန်တော်က ကျွန်တော့်ညီ အခြေအနေလေး မေးချင်လို့ပါ"

"ပြောပါမယ် .. ဒါလည်း ယူပါ၊ အတူမစားဖြစ်ကြပေမယ့် လက်ဆောင်ပေါ့"

ကိုနေမျိုး တို့က ဆင်းရဲတဲ့လူတွေ မဟုတ်ပါ။ ဈေးကြီးထဲမှာ ရတနာရွှေဆိုင်ကြီးဖွင့်လျက် သန့်သန့်ခန့်ခန့် နေနိုင်တဲ့လူတွေ ဖြစ်သည်။

ဒါပေမယ့် အင်ဂျင်နီယာဘွဲ့ရကာစ လူငယ်လေးတစ်ယောက်ကို မြို့ကြီးမှာ လုပ်ငန်းခွင်ဝင်စေချင်သည့်ဆန္ဒနှင့် ကောင်းမှူး ကို အပ်နှံထားကြတာ ဖြစ်သည်။ ဤသို့သော လေးစားသမှုဖြင့် ကောင်းမှူး ကိုဆို လူငယ်ချင်းပေမယ့် အထက်လူကြီးတစ်ယောက်လို သဘောထား၍ ...

"အမေက သူ့သားကို စိတ်မချတာ တခြား မဟုတ်ပါဘူး .. ဒီမှာ အမြဲတမ်း ပေါ်ကြော့နေလာခဲ့တော့ ကိုကောင်းမှူး ဆိုတာလည်း ကိုယ့်နယ်သားပဲဆိုပြီး မလေးမစားနဲ့ ကျိုးနွံမှု မရှိမှာတွေပဲ .."

"ကျိုးနွံတယ်ဆိုတာလည်း သိပ်တော့ မလိုပါဘူးဗျာ .. ကျွန်တော့် အလုပ်ပေမယ့် ကျွန်တော်ကိုယ်တိုင်နဲ့ ထိတွေ့ ပြောဆိုနေရတာချည်းပဲ မဟုတ်ဘူး၊ သူ့အထက်လူတွေ အုပ်ချုပ်မှု ရှိပါတယ်၊ ပြီးတော့ သူကိုယ်တိုင်က ပညာတတ်လို့ နေရာရထားတာပဲ၊ မျက်နှာသိမို့ တမင် သွင်းထားတာမျိုးမှ မဟုတ်တာ .."

"ဟုတ်တော့ ဟုတ်ပါတယ် .. ဒါပေမယ့် ကျွန်တော့်ညီလေးကို တော့ နည်းနည်း ပိုပြီး ကြည့်ရှုစောင်မပေးပါနော်၊ ကျွန်တော်တို့က လည်း ကိုကောင်းမှူး ကို လေးစားလွန်းလို့၊ ညီလေး အဲဒီလို အားကျပြီး ကြိုးစားလာအောင် ရည်ရွယ်ထားကြလို့ပါ၊ အမေကဆို ကိုကောင်းမှူး အောင်မြင်နေတာကြားတိုင်း ကျွန်တော်တို့ကို တဖွဖွ ပြောနေတာ၊ သူ မွေးထားတဲ့သားတွေထဲမှာ ကိုကောင်းမှူး လိုသားမျိုး ဘာလို့ မပါရတာလဲ ဆိုပြီးတော့ .."



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ .. ညီညီ ကလည်း နေတတ်ပါတယ်၊ အန်တီ့ကို ပြောလိုက်ပါ .. ညီညီ့အတွက် သိပ်စိတ်မပူပါနဲ့လို့ .."

"ကျေးဇူးပါပဲဗျာ .. သတင်းကောင်းပါပဲ .."

ကိုနေမျိုး မထသေးခင် ညှော့သည်ရောက်လာသဖြင့် နှုတ်ဆက်ပြီး ချက်ချင်း ပြန်သွား၏။

"ညီညီနေ့ အကြောင်း လာမေးတာလား .."

"အင်း .."

စိုင်း က ထိုင်လိုက်တာနှင့် တန်းမေးသည်။ တစ်မြို့တည်းသားချင်းမို့ လူမြင်လိုက်တာနှင့် သိနေပြီဖြစ်ရာ ...

"ညီညီနေ က နွဲ့နွဲ့နှောင်းနှောင်း နေတတ်ပေမယ့် ဒီချာတိတ်က ရိုးပါတယ်"

"ဒီလိုပေါ့ .. လူကြီးမိဘဆိုတာ ကိုယ့်မျက်စိအောက်က လွတ်သွားတာနဲ့ လည်ပင်းရှည် ကြည့်တတ်ကြတာပဲ .."

"အဟွန်း .."

"ရယ်လိုက်ပုံက တစ်မျိုးပါလား ..၊ ဘာလဲ .."

ဒီတိုင်း ရယ်လက်စမျက်နှာနှင့် စားစရာတွေ ရောက်လာတာကို စိုင်း ကပဲ သေချာ နေရာချပေးကာ ...

"ဒါလေးပဲလား မှာဦးလေ ..၊ ဒီလို ဆုံဖြစ်ဖို့ကို မျှော်ရကျိုးလေး နပ်အောင်ပေါ့ .."

"အဲဒီလို ကျွေးမှာမျိုးတွေ မစားမိအောင် အထူးသတိထားနေတာ.."

"ဘာဖြစ်လို့လဲ .."

"ပြီးတော့ လက်ကျဲကြီးနဲ့လေ .."

"ဟား .. ဟား .. ဟား ..."

သူငယ်ချင်းလိုလည်း မဟုတ်၊ မိတ်ဆွေထက်လည်း ရင်းနှီးကာ စိုင်းထွတ် က သူ့အတွက် တကယ့်မိတ်ဆွေကောင်းတစ်ယောက်ပင်..။





ရန်ကုန်ကိုသွားတိုင်း စိုင်း နဲ့ မကြာခဏ အတူသွားဖြစ်ကာ ဟိုမှာလည်း အတူတူ သွားလာစားသောက်ဖြစ်ကြရင်း ရင်းနှီးသွားခဲ့တာ ဖြစ်သည်။ဟိုတုန်းကတော့ မျက်မှန်းတန်းမိနေခဲ့ကြပြီး ခင်ခင်မင်မင် မရှိခဲ့ဘဲ ခင်ပြီဆိုတော့လည်း ငယ်ပေါင်းကြီးဖော်လို ရင်းနှီးသွားကြတာ အံ့သြဖို့တော့ ကောင်း၏။

"မင်းရော မှာလေ .. ဘာမှ မစားဘူးလား .."

"ငါက ဘီယာပဲ ..၊ မင်းလို လစ်မစ်မထားတဲ့ကောင်ဆိုတော့ ရောက်တဲ့နေရာမှာ နည်းနည်းတော့ ပါရမှ .."

"မင်း အဆင်မပြေဘူးလား"

"ဘာဖြစ်လို့ မေးတာလဲ .."

"မသိဘူးလေ .. ငါ ပြန်လာဖို့ပဲ ဖုန်းတဂွမ်ဂွမ် ဆက်မေးနေတော့ ရင်ဖွင့်ချင်တာတွေများ လျှံထွက်နေသလားလို့ .."

"ကွက်တိပဲ .."

ခေါင်းရော မျက်ခုံးပါ ပါအောင် ဖြေလိုက်ပြီး စိုင်း က ရယ်သည်။ ကောင်းမှူး က မုန့်သုံးမျိုးလောက်ကို တို့တိတိ စားပြီးမှ ကော်ဖီကို ဖျော်သည်။

"အဲ့ဒီလို ကော်ဖီလေးဖျော်ပေးမယ့်လူ အနားမှာရှိနေရင် မကောင်းဘူးလား၊ ဘယ်လိုလဲ .. ဒီသီတင်းကျွတ်မှာလည်း အဒေါ်ကို ကန်တော့ပြီးတော့ပဲ ပြီးလိုက်ဦးမှာလား .."

စိုင်း က သူလုပ်နေတာကို ကြည့်ပြီး မေးခွန်းတွေ ထုတ်သည်။ ကော်ဖီမွှေရင်း သူ ပြုံးလိုက်ကာ ...

"မင်းရော .. ကော်ဖီဖျော်ပေးမယ့်သူတွေ တန်းစီထားနေတာ အဆင်ပြေလို့လား .."

"ပြန်မချိတ်ပါနဲ့ကွာ .. ဘာပဲဖြစ်ဖြစ် ရင်ထဲမှာ အမြဲတမ်းသိမ်းနေတာပေါ့၊ မင်း အဲဒီလို မပျော်တတ်ရင်လည်း မိန်းမယူကွာ .."



www.burmeseclassic.com

www.burmeseclassic.com



"ခွတ်ပါလား .."

"ငါတို့က အသက်တွေ ရလာပြီလေ၊ ဘယ်လိုပဲ နုပျိုပါတယ်ဆို ဆို အသက်က စကားပြောနေပြီ၊ တော်ကြာ .. သားသမီးတွေ မွေးလာ ရင်တောင် ကိုယ့်ကို အဖေလား .. အဘိုးလားလို့ မေးတော့မယ် .."

သူ ကော်ဖီသောက်ရင်း ရယ်လိုက်မိသည်။ ထိုစဉ် ဆိုင်ရှေ့ကနေ ဖြတ်သွားသည့် စက်ဘီးနှစ်စီးကို စိုင်း က သတိထားကြည့်လိုက်သဖြင့် ကောင်းမှူး ကပါ လှည့်ကြည့်သည်။

အငြိုး ရဲ့စက်ဘီးက ရှေ့ကဖြစ်ကာ နောက်မကျတကျလောက်မှာ ချာတိတ်တစ်ယောက် ..။

"လှတာကတော့ ငေးလောက်အောင်ပဲနော်.. နမြောစရာလေး"

"ဘာလဲ .."

"မင်းတို့ရုံက ချာတိတ်မလေ .."

စိုင်း က တော်တော်ကြီး သဘောပေါက်နေသည့်မျက်နှာနှင့် ...

"ငါ အံ့ဩနေတာ .."

"ဘာကြည့်တာလဲ .. လူကို"

"မင်းကို ကြည့်ရတာပေါ့ .. ကောင်မလေးက မင်းကို ချိန်နေတာလို့ တစ်မြို့လုံး ပြောနေကြတာ .."

ကောင်းမှူး မျက်နှာ တည်သွားသည်။ သူ မျက်နှာမူထားသည့် ခေါင်းရင်းခြမ်းမှန်ထဲမှာ မြင်နေရဆဲ အငြိုး ရဲ့ပုံရိပ်ဆီကိုလည်း နောက်ထပ် အကြည့်ရောက်၏။

တီရှပ်အနီရဲရဲ ဘောင်းဘီရှည် အညိုရောင်ကျပ်ကျပ်လေးနှင့် စက်ဘီးစီးပုံကလည်း စမတ်ကျကာ ကိုယ်လုံး၏အလှက ထင်းရှင်းနေ၏။

သူမ ဖြတ်သန်းသွားလေရာမှာ လူတွေ စောင်းငဲ့လိုက်ကြည့်နေကြတာက ဒီကိုယ်လုံးအလှကြောင့်လည်း ပါနိုင်သည်။

မျက်နှာကလည်း အရမ်းကာရော မဟုတ်ပေမယ့် လှသည်။ အရပ်





ကောင်း ကိုယ်လုံးအလှနှင့် တွဲစပ်လိုက်တော့ အရမ်းလှသည့် အငြိုး ဖြစ်သွားခဲ့၏။

"မင်းက မိန်းကလေးနဲ့ မပတ်သက်ချင်လို့ မိဘလုပ်ငန်းပေမယ့် ...ဝ ပြန်မကြည့် ဦးမစီးနေခဲ့တာပဲ၊ ဒါပေမယ့် အဲဒီတစ်ယောက်က.."

"မင်းမှာ တခြားအကြောင်းပြောဖို့ မရှိတော့ဘူးလား .."

"မင်းကို ငါက သူနဲ့ 'စ'မလို့ မဟုတ်ဘူး .. ရန်ကုန်ကိုပဲ သွားနေ ...န်းတဲ့ကောင် ဘာမသိညာမသိ ခံလိုက်ရမှာစိုးလို့၊ မင်းဘာသာ စီးပွား ...းလောကမှာ ကျွမ်းကျင်နိုင်နင်းတော့ ရှိရင်ရှိမယ်၊ ဒီလိုနေရာမှာတော့ ...င်း ငါ့လောက် မလည်သေးပါဘူး၊ ဒီကောင်မလေးရဲ့လောဘက ...ကြာက်ဖို့ကောင်းတယ် ဆရာ ..၊ မြို့ပေါ်မှာရှိသမျှ ခပ်ချောချော ထော ...သာတွေဆို အားလုံး ဝဲလ်ကမ်း၊ ပြီးတော့ ဘာတွေမှန်းလည်း မသိဘူး.. ...ကြည့်ရတာ လည်လည်း လည်တယ်ကွ .."

"မင်းလည်း ရောဂါရင့်နေပုံပဲ"

"မရင့်ပါဘူး .. ရင့်စရာလား၊ ဒီမှာ ကောင်းမှူး .. မင်းထက် ...တော်တာက တခြားနေရာမှာနော် .. ဒီနေရာမှာ ငါ မင်းထက် အများ ...ကြီး သာတယ်၊ ဒီကောင်မလေးက မိဘကိုတောင် ကလေးဆူသလို ...ဆူတာ နာမည်ကြီး ..၊ စိတ်မထင်ရင် ကြိုးတုပ်ပြီး ရိုက်မလားပဲ၊ ဖအေက ...ရက်သမားဆိုတော့ တစ်ခါတလေ စကားများကြပြီဆို ပြောပြန်ရင် ...ည်း ငရဲကြီးဦးမယ် .. အိမ်ထောင်သည်တွေ ရန်ဖြစ်နေတဲ့အတိုင်းပဲ ... .."

အလုပ်ထဲမှာလည်း ပြောဆိုမကောင်းလို့ အနံ့ ဒီစု ညည်းသံကြား ...ပြီဆို အငြိုး ပါပဲ ..။

"ဒီကောင်မလေး အလုပ်ကို စိတ်ဝင်စားတာ မဟုတ်ဘူး၊ အလုပ် ... ရောက်လာပြီး သူများ အတင်းအဖျင်းပြော ..၊ ရန်လုပ် .. စကားများ ...ဲ"တဲ့ ..။



www.burmeseclassic.com

www.burmeseclassic.com



စိတ်က အနှစ်တိစု ပြောတဲ့ အကြောင်းတွေဆီ ဖျတ်ခနဲ ရောက်သွား...သည်။

“မင်း သိမှာပါ၊ မင်းရုံမှာ ဆေးလိပ်ဖက်ပို့နေတဲ့ ချာတိတ်တွေထဲ...က ချောချောကောင်းလေးလေ ..”

“လိမ္မာအောင် ..”

“ဟုတ်လား .. ငါ နာမည်တော့ မသိဘူး၊ သူ တွဲတဲ့ထဲမှာ ဆင်း...ဆင်းရဲရဲလေးဆိုလို့ အဲဒီကောင်လေးပဲ ပါတယ်၊ ဒါပေမယ့် ထပ်ပြီး...တူးဆန်းတာက အဲဒီ လိမ္မာအောင် လေးကလည်း မိန်းမယူတော့မှာ..”

ကောင်းမျိုး က လျှောင်ရိပ်ယှင်သည့်အပြုံးနှင့် စိုင်း ကို ကြည့်ရှု...မုန့်တစ်ခုကို ခက်ရင်းနဲ့ ထောက်ဖွဲ့ကာ ...

“ဟွန်း .. မင်း ခေါင်းထဲမှာ အင်တာနက်ထက်တောင် စုံပါလား”

“ဒါကတော့ ယောကျ်ားပဲကွ .. ပေါ်လွင်တဲ့ မိန်းကလေးတစ်...ယောက်အကြောင်း မသိဘဲ နေမလား၊ ငါ့အထင်တော့ ကောင်လေး...လည်း သူ့ကို မျှော်လင့်ပြီး ဆန်စက်မှာ နေရာရအောင် ကြိုးစားတာ...ဖြစ်မယ်၊ ဒါပေမယ့် သူ့အမေက ဒီလိုမိန်းကလေးနဲ့ ဘယ်သဘော...မလဲ ..၊ ဘယ်မိဘဖြစ်ဖြစ် ဒီလိုသတင်းမျိုးစုံနဲ့ ပေါ်လွင်တဲ့မိန်းကလေ...ကိုတော့ အလိုရှိမှာ မဟုတ်ဘူး၊ ပြီးတော့ ကောင်လေးက ရိုးသားတယ်...

“အင်း ..”

“အခု သူ့အမေက မွေးစားသမီးနဲ့ပဲ သူ့သားကို လက်ထပ်ပေး...တော့မှာ ..၊ ကောင်မလေးက ဆံပင်အရှည်ကြီးနဲ့ ယဉ်စစလေး ..”

ဟင်!...

ကောင်းမျိုး ပါးစပ်ထဲရောက်လုလုမုန့်က နှုတ်ခမ်းလေးမှာတ...တို့ခနဲ ရပ်၏။ စိုင်း က သတိမထားမိပါ။

“အားချင်း စီစဉ်နေတာကိုက ဒီကောင်မလေးနဲ့ ငြိသွားမှာစိုး...နေမှာပေါ့ ..”





ကိုင်ထားသည့် ခက်ရင်းကို ပန်းကန်ထဲ ပြန်ထည့်ထားလိုက်ရ...[illegible] ..

“မင်းက အဲဒါတွေ ဘာဖြစ်လို့ ဒီလောက် သိနေတာလဲ ..”

“သိတာပေါ့ .. ငါ့ဦးလေးရဲ့ဆန်စက်မှာ ဒီချာတိတ် ရောက်လာ...သိပ်မကြာသေးတာ၊ ဘယ်သူနဲ့ ဆက်စပ်ပြီး ဝင်လာတာလဲတော့ ...သိဘူး၊ ဒါပေမယ့် ဦးလေးလှိုင် ကိုယ်တိုင် ကောင်လေးနဲ့ တွဲနေတာပဲ၊ ...တို့က ဆွေမျိုးတော်ပေမယ့် ဦးလေးလှိုင် ဆီ သိပ်မဝင်မထွက်ဖြစ်...တော့ .. ရောက်တဲ့အခါ စပ်စုမိတာလောက်ပဲ သိတာ ..”

“အားချင်း စီစဉ်နေတယ်ဆိုတော့ ဘယ်တော့လောက် ဖြစ်မယ်...ဆင်လဲ ..”

“သီတင်းကျွတ်တော့မှာပဲ .. ကျွတ်တာနဲ့ တန်းလုပ်လို့ ရတာပဲ...[illegible] .. မင်းက အတိအကျ သိချင်လို့လား ..၊ ဘာဖြစ်လို့လဲ ..”

ကောင်းမျိုး မျက်ခုံးတွေ တွန့်နေကာ .. တော်တော်နဲ့ မဖြေ ..။ အတန်ကြာမှ ...

“ငါနဲ့ ပတ်သက်နေတာ ရှိလို့ ..”



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

"မမြန်လွန်းဘူးလား အမေ ..၊ အမေ့ကို ကျွန်တော် လက်ထပ်ပါ့မယ်လို့ ကတိပေးထားတာပဲဟာ၊ မိထား က လည်း လက်ခံတယ်ဆို.."

"ဟုတ်တယ်လေ ..၊ ဒါပေမယ့် အမေ့ ကျန်းမာရေးက စိတ်ချရတာ မဟုတ်ဘူး၊ ရုတ်တရက်ပဲ သေသွားမလား ..၊ ဒီမျက်လုံးတွေ ဘယ်နေ့ စုံလုံးကန်းသွားမလဲနဲ့ မနက် အိပ်ရာထလာတိုင်း ရင်မောနေရတာ၊ သမီးလေးနဲ့ သားတို့ လက်ထပ်ပြီးပြီဆိုရင် အမေ ဘာဖြစ်သွားသွား မပူရတော့ဘူး .."

လိမ္မာအောင် အမေ့လက်ဖဝါးနှစ်ဖက်ကို ထွေးဆုပ်ထားလိုက်မိသည်။ အမေ့ကို သူ ချစ်ပါသည်။ ထို့ကြောင့် ကိုယ်ချစ်ရတဲ့လူကိုတောင် မေ့ပစ်ဖို့ ကြိုးစားခဲ့တဲ့အထိ အမေ့စိတ်ချမ်းသာရေးအတွက် သူ ဆုံးဖြတ်ခဲ့၏။ ဒါပေမယ့် ထား ဘက်ကိုလည်း ငဲ့ရဦးမှာ မဟုတ်ဘူးလား..၊

တစ်သက်လုံး မောင်နှမလို တွယ်တာခြင်းဖြင့် ပုတ်ခတ် ပွေ့ဖက်၍ ရင်းနှီး ပွင့်လင်းခဲ့ကြတာ ..၊ ဇနီးမောင်နှံလို ချက်ချင်းကြီး ပြောင်းလဲဖို့အတွက် သူတောင်မှ မျက်နှာပူနေရင် ထား ဘယ်လိုနေလဲ ..။

ပြီးတော့ အမေက ပြောသေးသည်။





"သားတို့ စိတ်ပြောင်းလဲသွားအောင် မြို့လယ်ခေါင်မှာ တိုက်ကြီးတစ်လုံး ဆောက်ပြီး လုပ်ငန်း အတည်တကျတစ်ခုနဲ့ အားလုံး ပြောင်းလဲပြီး နေပစ်လိုက်ကြ" တဲ့ ..။

သူ့မွေးလို ဝတ်စားပြောင်းလဲလိုက်တာနဲ့ပဲ စိတ်တွေကို ပြောင်းလဲဖို့ ရမလား ..။

"အမေ နေကောင်းလား .."

သူ တွေးနေတုန်း ထား ပြန်ရောက်လာသည်။ ကျောနောက်မှာ ကလစ်နဲ့ စုညှပ်ချထားသည့် ဆံပင်တွေ တနွဲ့နွဲ့နှင့် ဆွဲခြင်းလေးကိုင်ပြီး အိမ်ထဲ တန်းဝင်သွားတော့ သူမရဲ့နောက်ကျောအလှလေးကို ဘယ်လို ဆန္ဒနဲ့မှ မဟုတ်ဘဲ လိုက်ငေးနေမိ၏။

ကျောက်စိမ်းရောင်ထဘီ အဝါပွင့်လေးနှင့် အင်္ကျီကလည်း ဆင်တူဖြစ်ကာ ဝတ်စုံက အသစ်မဟုတ်ဘဲ ယဉ်ယဉ်လေးမို့ မရိုးဘဲ လှနေသည်။

အငြိုး ရဲ့အလှအပတွေလို ညှို့နိုင်စွမ်းသည့်အလှ မဟုတ်ပေမယ့် ဆံပင်အရှည်ကြီးနဲ့ မိန်းကလေးဆို လူသတိထား ကြည့်ကြတဲ့အတိုင်း ထား ကိုလည်း သတိထားပြီး ကြည့်ကြတာပဲ ဖြစ်သည်။

ဒါပေမယ့် အငြိုး ကို ကြည့်ကြသော ယစ်မူးရိုင်းစိုင်းသည့်အကြည့်မျိုးတွေနဲ့တော့ မဟုတ်ပေ ..။

အငြိုး နဲ့ ထား တို့ရဲ့ ဆန့်ကျင်ဘက် စရိုက်သဘာဝတွေကို သူ မသိလို့မဟုတ်။ ဒါပေမယ့် ငြိမ်သက်သာယာနေတာကို မမက်မောဘဲ လှုပ်ခတ်တုန်ယင်အောင် ဖြားယောင်းနိုင်ခြင်းကို သူ တပ်မက်ခဲ့သည်။

အငြိုး ကိုတော့ ဘယ်လိုဖြစ်ဖြစ် သူ ချစ်နိုင်လေသည်။ အချစ်နှင့်မသက်ဆိုင်သော ရုပ်ဝန်းတစ်ခုမှာဆိုရင်တော့ ထား ကို သူ ..၊

"ကိုကို ဘာဖြစ်လို့လဲ .."

"ဟင်!..."

အမေက ထမင်းရည်နဲ့ ထန်းလျက်ခဲကို သောက်နေကာ ထားမှာ



www.burmeseclassic.com

www.burmeseclassic.com



လိမ္မာအောင် က ငေးငေးငိုင်ငိုင် ထိုင်နေသဖြင့် ထား ပြန်ထွက်လာတာကိုတောင် သတိမထားမိခဲ့ ..။

"သမီး ဒီနေ့ ပြန်တာ စောသားပဲ"

"စောတယ် အမေ .. နောက်နေ့တွေလည်း အလုပ်နားတယ်၊ သုံးရက် .."

"ဟုတ်လား .. ဘာဖြစ်လို့လဲ .."

"ကြီးကြီးရဲ့ မွေးနေ့လေ .. လူလည်း မကျန်းမာနေတော့ ဘုန်းကြီးဆွမ်းကပ်မှာနဲ့ .. တခြားအလှူကိစ္စတွေလည်း ပါမှာမို့လို့၊ မွေးနေ့ကို အကျယ်ချဲ့မယ် ထင်တယ် .."

"အဲ့ဒါ သုံးရက်တောင် နားတာလား .."

"ဟုတ်တယ် .. လုပ်မယ့်ကိုင်မယ့်ရက် ယူတာ၊ လူတွေ ရှုပ်တာ မကြိုက်လို့ အများကြီး မခေါ်ဘူးတဲ့၊ အဲဒါကြောင့် အေးဆေးလုပ်လို့ရအောင် သုံးရက် ပိတ်လိုက်တာလို့ ပြောတာပဲ .."

"အလုပ်ရုံက မိန်းကလေးတွေတောင် ခေါ်မခိုင်းဘူးလား"

"မခေါ်ဘူးထင်တယ် အမေ .. သမီးတော့ ပြောသံမကြားဘူး"

"ဒါပေမယ့် နင်ကတော့ သွားရမှာမို့လား .."

လိမ္မာအောင် မေးလိုက်တော့ အမေ့ရှေ့မှာ ထိုင်လိုက်ပြီးမှ ထား က လှည့်ကြည့်သည်။ ပြီးတော့ ခေါင်းညိတ်၍ ...

"အင်း .. ထား က နေ့တိုင်း သွားရမှာ၊ ကြီးကြီးက လာခဲ့ပါလို့ သေချာပြောထားလို့ပါ .."

"ဟုတ်လား .."

အမေကတော့ ပေါ့ပေါ့ပါးပါးပဲဖြစ်ကာ မော့တောင်မကြည့်တော့ဘဲ ထမင်းရည်သောက်နေခဲ့၏။ လိမ္မာအောင် က ထား လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်လိုက်ပြီး ဘာမှမပြောဘဲ နောက်ခန်းထဲထိ ခေါ်ချလာကာ...

"ထား .."





"ဘာဖြစ်လို့လဲ ကိုကို .."

ဘာမပြော ညာမပြောနဲ့မို့ ထား က နားမလည်ဟန်လေးနဲ့ ဖြစ်နေလျက် ...

"အမေ တစ်ခုခု ဖြစ်လို့လား .."

ဒီအချိန်မှာ အမေ့ကျန်းမာရေးကို တိုးတိုးတိတ်တိတ်ပြောဖို့ပဲ ဖြစ်မှာလို့ တွေးမိသဖြင့် ...

"အမေ နေကောင်းလို့ ထမင်းရည်တောင် သောက်နေတာမို့လား.. ဘာဖြစ်လို့လဲဟင် .."

"အမေ့အကြောင်း ပြောမလို့ မဟုတ်ဘူး .. မေးစရာရှိလို့ .."

"ဘာလဲ .."

"အဲဒီလူတွေက နင့်ကိုမှ အသုံးချနေကြတာ ဘာသဘောတွေလဲ"

"အသုံးချတာ မဟုတ်ပါဘူး ကိုကိုရယ် .. ကြီးစံ က ထား ကိုပဲ တကယ် ရင်းနှီးနေလို့ပါ .."

"ဒီလောက်မောက်မာတဲ့ မိန်းမကြီးကလား ..၊ အလုပ်ရုံက ရှိသမျှ အလုပ်သမားတွေ အကုန်သိတယ်၊ ဒေါ်မြမြစံ ဘယ်လိုစိတ်မာတတ်ရှိမှန်း.."

"ညီမလေးလည်း ထင်ခဲ့တာပဲ .. ဒါပေမယ့် တကယ် ဆက်ဆံကြည့်တော့ စကားပြော ပြတ်တာပါ၊ စိတ်က မဆိုးပါဘူး"

"သူ့ဌေးကရော .."

"ဟင် .."

"ဦးကောင်းမှူး .."

"ဦးကောင်းမှူး ဘာဖြစ်လို့လဲ .."

ပြန်မေးနေသည့် ထား မျက်နှာကို လိမ္မာအောင် က စိုက်ကြည့်မိ၏။ မျက်ဝန်းညိုလေးတွေ စိုလဲ့နေကာ ဘာမှကို မထင်တတ်သော ဖြူစင်သည့်မျက်နှာလေးက ပြောမည့်စကားတွေကို နောက်တွန့်သွား၏။

ထို့ကြောင့် သက်ပြင်းရှည်ကြီး ချလိုက်မိကာ နောက်မှဖေး ဆင်း



www.burmeseclassic.com

www.burmeseclassic.com



သည့် လှေကားမှာပဲ စိတ်ပျက်လက်ပျက် ထိုင်လိုက်မိသည်။ ထား က
သူ့ဘေးမှာပဲ ထိုင်လိုက်၍ …

"ကိုကို ပြောလေ .."

"ငါတို့ သီတင်းကျွတ်တာနဲ့ လက်ထပ်ရတော့မှာ .."

"ဟင်!… သီတင်းကျွတ်ဖို့က ဆယ်ရက်လောက်ပဲ လိုတော့တာ
ကို .."

"အတိအကျတော့ မသိဘူး .. ဒါပေမယ့် .."

ထား ကို သူ ပြန်ငုံ့ကြည့်မိပြီး …

"ငါ တခြားမိန်းမကို လက်ထပ်ဖို့ မဖြစ်နိုင်သလို .. နင့်ကိုလည်း.."

ထား နဲ့ လိမ္မာအောင် မျက်လုံးချင်းဆုံကာ အကြာကြီး တိတ်ကျ
သွား၏။ ပြီးမှ …

"နင့်ကို မရိုးသားတဲ့စိတ်နဲ့တော့ မဟုတ်ပေမယ့် ခုချိန်မှာတော့
တခြားလူတစ်ယောက်နဲ့ အပါမခံနိုင်ဘူး ထား …၊ အဲဒါ အမေ့အတွက်
ပါ .."

ထား မျက်တောင်ဖျားလေးတွေ စိုက်ကျသွားသည်။ လိမ္မာအောင်
က ထိုမျက်တောင်ဖျားလေးတွေကို ငုံ့ကြည့်၍ …

"ငါ အဲဒီလို ပြောလိုက်ရတဲ့အတွက် မညှာတာသလို ဖြစ်သွားရင်
တောင်းပန်ပါတယ်ဟာ …၊ အမေ့အတွက် ငဲ့ညှာရမယ်ဆိုတာ နင်လည်း
နားလည်မှာပါ၊ ငါ အငြိုး ကိုတောင် ပြောလိုက်ပြီးပြီ .."

"ဟင်!…"

လိမ္မာအောင် ဟိုမေးဒီမေး ဖြစ်လာသည့် မယုံသင်္ကာမှုတွေ ဘယ်
ကလာမှန်း ထား နားလည်သွားသည်။

"မိန်းကလေးချင်း မသင့်မြတ်ကြလို့ ပြောတဲ့စကားကို ငါ နားလည်
တယ် ထား …၊ သူ ပြောသလို ဟုတ်ချင်မှ ဟုတ်မယ်ဆိုတာ .."

"သူက ဘာပြောလို့လဲဟင် .. ထား က သူ့ဒွေးကို .."





"ဟုတ်တယ် .. ဒါပေမယ့် ငါက ငါ့ညီမအကြောင်း သိပါတယ်၊
နင် ဒီလိုမိန်းကလေး မဟုတ်နိုင်ပါဘူး၊ ဒါပေမယ့် သူကတော့ စိတ်ကူး
ချင် ကူးနေမှာ …၊ ငါတို့လို လူတန်းစားက သူတို့လိုလူတွေရဲ့ ထားရာ
နေ .. စေရာသွားရမယ့်ဘဝတွေကိုး …၊ ဘာပဲဖြစ်ဖြစ်ဟာ အတည်ဖြစ်
ဖြစ် .. အပျော်ဖြစ်ဖြစ် ငါ နင့်ကို ဘယ်သဘောနဲ့မှ ပျက်စီးမခံနိုင်ဘူး၊
အမေက နင့်ကို သိပ်ချစ်တာ …၊ သူ့ရဲ့ချွေးမဟာ နင်ပဲ ဖြစ်ရမယ်ဆိုတဲ့
စိတ်က စွဲနေပြီ၊ ခုလည်း သူပြောတဲ့အတိုင်း ငါတို့ သဘောတူလိုက်လို့
ချက်ချင်းကြီး လူကောင်းလို ထဖြစ်လာတာ .."

"ထား သိပါတယ် .. ဒါပေမယ့် အခု အလှူကိစ္စလေးကိုတော့
သွားခွင့်ပြုပါ ကိုကိုရယ် .. ဘယ်သူတွေနဲ့ ဘယ်လိုလုပ်ကြမယ်ဆိုတာ
စီစဉ်ပြီးသား ဖြစ်နေလို့ပါ .."

"ဦးကောင်းမှူး ရှိနေတယ်မို့လား .."

"အလှူကိစ္စရှိနေတော့ သူ ရှိရတာပေါ့ ကိုကိုရဲ့ .. ဦးကောင်းမှူး
က စကား သိပ်မပြောပါဘူး၊ သူ့ဟာသူ နေတာ .."

ဒါပေမယ့် ခံစားမိနေသည်။ ဦးကောင်းမှူး ထား ကို မြတ်မြတ်
နိုးနိုးကို သဘောကျနေတာ ဟု …၊

ဒီလောက် ကွာခြားနေတဲ့ အဆင့်အတန်းချင်း ဘေးလူကြားရင်
ရယ်ကြမှာပါ။ ဒါပေမယ့် မသိစိတ်မှာ အမြဲတမ်း ရှိနေတာက ထား
ဟာ တန်ဖိုးထားအပ်တဲ့ မိန်းကလေးဆိုတာပဲ ဖြစ်သည်။

ထို့ကြောင့် သူ့ဒွေးက သဘောကျနေတယ်ဆိုတာ ယောကျာ်းလေး
ချင်းအမြင်နဲ့ဆို ဒါက ဖြစ်နိုင်သည့်ကိစ္စ …။

တကယ် ဖြစ်လာတာ မလာတာကတော့ …၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

ကားဝင်လာတာ မြင်သည်နှင့် အငြိုး ဖျတ်ခနဲ လှုပ်ရှားလိုက်သည်။

"ဟော့ .."

"အမလေး!..."

ကားရှေ့မှာ ခွေခနဲ ပုံကျကာ လက်ထဲကဆွဲခြင်း လွတ်ကျသွား၏။ အထဲမှာပါသည့် ချိုင့်က ဆင့်မထားသဖြင့် တစ်လုံးချင်း လိမ့်ထွက်သွားသလို လက်ဖက်သုပ်ဘူးလေးတွေ၊ ဘီးတွေ၊ လက်ကိုင်ပဝါတွေက အစ လျှံအံ ထွက်ကျလေသည်။

"ဘာဖြစ်သွားသေးလဲ .."

ကောင်းမှူး ကမန်းကတန်း ဆင်းလာမေးသည်။ ပြီးတော့ ပြန့်ကျဲနေတာတွေကို လိုက်ကောက်ပေးရင်း ...

"ခြေထောက် ထိသွားလား ..၊ ကားနဲ့တော့ မထိမိပါဘူး"

"မထိပါဘူး .. အငြိုး ဘာသာ လန့်ပြီး လဲသွားတာပါ၊ ဒါပေမယ့်.. အ!.."

ထရပ်ဖို့ ကြိုးစားရင်း ခြေထောက်ကို ဖိနှိပ်၍ မဲ့၏။





"ထလို့ မရဘူး .."

"ထလို့မရဘူး ထင်တယ် ..၊ ဟဲ့ .. ဟိုမှာ အငြိုး ကို သွားဝိုင်းတွဲကြစမ်း .."

အန်တီစု အသံ ခပ်စူးစူး ထွက်လာသည်။ ကောင်းမှူး က ဒူးတစ်ဖက်ထောက် ထိုင်နေရာကနေ ထရပ်လိုက်ကာ .. အငြိုး မျက်နှာပျက်၏။

ဘာတွေဖြစ်သွားမှန်း အချင်းချင်းတောင် မသိလိုက်ကြသဖြင့် ပြန်ဖို့ ပြင်နေကြသည့် နီလာ တို့တောင် ကြောင်အမ်းအမ်းတွေ ဖြစ်ကုန်ကြသည်။

ပြီးမှ ကမန်းကတန်း ပြေးတွဲကြ၏။

"အားလုံးပြီးမှ ပြန်ကြမှာကို .. နင်က ဘာလို့ တစ်ယောက်တည်း ထွက်သွားတာလဲ .."

"အေးလေ .. ကားတစ်စီးလုံး ဝင်လာတာကို လမ်းပေါ်မှာတည်းက အထဲကနေ လှမ်းမြင်ရတယ် .."

"အေးနော် .. ပြီးတော့ ကားက ကိုယ့်ခြံထဲ ကိုယ်ဝင်တာ ဖြည်းဖြည်း လိမ့်လာတဲ့ဥစ္စာ .."

တစ်ယောက်တစ်ခွန်း တီးတိုးစကားတွေက မကျယ်ပေမယ့် အနီးတစ်ဝိုက်မှာတော့ ကောင်းကောင်း ကြားရ၏။

အန်တီစု ပါ ရောက်လာပြီး ဖြစ်ပျက်နေပုံကို သေချာကြည့်၍...

"ဘယ်လိုဖြစ်ရတာလဲ အငြိုး ..၊ အလုပ်သိမ်းနေကာမှ တစ်ယောက်တည်း ပြေးထွက်ရသလား .."

"ဟုတ်တယ် အန်တီစု .. ဟိုလေ .. ထား နဲ့ လိမ္မာအောင် တို့ လက်ထပ်မယ့်အကြောင်း ပြောရမယ့်သူငယ်ချင်းတစ်ယောက်ကို လှမ်းမြင်လိုက်လို့ စိတ်လောပြီး ထွက်မိတာ .."

ပြောနေသည့် အငြိုး မျက်လုံးတွေက ကောင်းမှူး ဆီမှာပဲ ဝေ့နေ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် သူမ ဘယ်သူ့ကို သိစေချင်မှန်း အားလုံး ရိပ်မိသွားကြသည်။

ဒါကို တကယ်မသိသေးသည့် မိန်းကလေးတွေ အံ့သြနေကာ - သိပြီးတဲ့ နီလာ တို့ကျတော့ အငြိုး ပြောလိုက်တာ ထိရောက်မှုရှိလား - မရှိလား .. ကောင်းမှူး ကို မသိမသာ အကဲခတ်ကြ၏။

ကောင်းမှူး က ဘာမှ ထူးခြားမှု ဖြစ်မသွားသလို ကားထဲ ပြန်ဝင် ၏။ ပြီးမှ ...

"သူ့ကိုတွဲပြီး ဘေးနည်းနည်း ဖယ်ပေးကြပါ .."

"လာ .. လာ .. အငြိုး .. ညည်း ခြေထောက်နာသွားလား၊ လျှောက် ကြည့်ဦး .. ဒဏ်ရာဖြစ်သွားလည်း ဆေးခန်းလေးဘာလေး ပြရအောင်

"ရတယ် အန်တီစု .."

အနားရောက်လာပြီး လက်ကို ဆွဲလိုက်တော့ အငြိုး က ရှော လိုက်ရင်း ခေါင်းခါ၏။ သူမရဲ့လိုရင်းက ဒါမဟုတ် ..။

"နေ့လယ်ကစပြီး အလှူအတွက် လုပ်ကိုင်ကြမှာဆို ..၊ သမီးဝ ဝိုင်းကူပေးရမှာမို့လား .."

"ဩော် .. ညည်းမလဲ ခြေထောက်နာနေတာတောင်မှ .."

"နည်းနည်း မျက်သွားတာပါ .. ဆေးလိမ်းလိုက်ရင် ရပါတယ်

"အေး .. ပြန်ကောင်းသွားလည်း အိမ်မှာပဲ နားလိုက်တော့၊ သာ ကောင်းမှူး က လူရှုပ်တာကို မကြိုက်လို့ အလုပ်ကို သုံးရက်တော နားပေးလိုက်တာ .."

"ထား ကိုတော့ ခေါ်ထားတယ်နော် .."

"ထား က မပါမပြီးလေ ..၊ မစံ က ထား မှ ထား .."

အန်တီစု ပြောတာ ပိုလွန်းသည်လို့ ထင်ကာ အငြိုး မျက်နှာလေ တင်းသွား၏။

ထား ကို စိတ်ကူးနေမှာစိုးလို့ မောင်နှမအရင်း မဟုတ်တာချ ယူတော့မှာကို တမင် သိအောင် ကြိုးစားလိုက်ရတာ ခြေထောက်





ဘကယ်မျက်နေပြီ ဖြစ်သည်။

ဒါနဲ့တောင် ကောင်းမှူး ကလည်း မသိသလိုလို ..၊ အန်တီစု က သည်း ဒီအတိုင်း ဘာမှ မှုပျက်မသွားခဲ့ ..။

နီလာ တို့ ပြောကြသလို ထား ကို ကောင်းမှူး သဘောကျနေ ဘယ်ဆိုတာ မဖြစ်နိုင်ဘူးပဲလား ..။

ကောင်းမှူး ကတော့ အငြိုး ဆိုသည့် မိန်းကလေးရဲ့ ရွှေ့ကွက်တွေ ကို နားလည်သွားကာ စိတ်ထဲမှာလည်း တော်တော် ချဉ်နေမိ၏။

ဘယ်လို မိန်းကလေးမျိုးလဲ ..၊

"ကိုကောင်း .. ကား တစ်ခါတည်း ရေဆေးလိုက်ရတော့မလား"

"အေး .. ဆေးလိုက် .."

ကားကို ဂိုဒေါင်ရှေ့မှာပဲ ရပ်လိုက်ပြီး အိမ်ပေါ်တက်လာခဲ့တော့ သန့်ရှင်းရေးလုပ်ဖို့ ပစ္စည်းတချို့ကို ရွှေ့နေကြသည့်လူတွေကို တွေ့ သည်။

ဘုရားခန်းရှေ့က ဖြတ်လာကာမှ လိုက်ကာစတွေ ကိုင်၍ ထွက် လာသည့် ထား နဲ့ မျက်နှာချင်းဆိုင်မိကာ ...

"ထား .."

"ရှင် .."

"ခေါင်းတွေအုံနေလို့ သံပရာရည်တစ်ခွက်လောက် ဖျော်ပေးနိုင် လား .."

"ဟုတ်ကဲ့ ဖျော်ပေးပါ့မယ် .. ပြီးရင် ထမင်းစားခန်း လာပို့မယ် နော် .."

"မဟုတ်ဘူး .. ဝရန်တာကို ယူလာပေး .."

"ဟင်!..."

ဝရန်တာက အိမ်ရှေ့မှာပေမယ့် အိပ်ခန်းတွေကို ကျော်ဖြတ်သွားရ မှာ ဖြစ်သည်။ တိုက်ကြီးက အကြီးကြီး .. အခန်းတွေကလည်းများလည်း



www.burmeseclassic.com

www.burmeseclassic.com



များကာ ဝရန်တာကိုက သရက်ပင်ကြီးတွေ ပတ်လည် ဝိုင်းရံနေသည့် ကြားမှာ ..၊

"အို .. ကိုယ့်ဟာကိုယ်ပဲ သွားပို့လိုက်ပါ ညီမရယ် .. သူ့ဌေး ငါတို့ကို ခိုင်းတာမှ မဟုတ်တာ .."

ဒါလေး သွားပို့ပေးပါလို့ ပြောမိသဖြင့် ထမင်းချက် မစိုး က ခေါ် တခါခါနှင့် ...

"ငါက မီးဖိုချောင်မှာ နေရပေမယ့် သူ့ဌေးက ဘာစားမယ်၊ ဘ လုပ်ပေးပါ ဘယ်တုန်းကမှ မခိုင်းဖူးဘူး၊ သိပ်လည်း စားတာ မဟု ဘူး၊ သူက တစ်ခုခု စားလာခဲ့ရင် ပြီးနေတာ ထင်တယ်၊ မီးဖိုခန်း ဝင်လာရင် တစ်ခါတလေပဲ .."

လို့ ထပ်ပြောပြရင်း ရှောင်ထွက်သွား၏။ ထား ကိုယ်တိုင် ဖန်ခွက်လေးကိုင်၍ ပိတ်ထားသည့် အခန်းတွေကို ကျော်ဖြတ်ခဲ့ရသည်

အိမ်က လူနည်းသဖြင့် အခန်းတိုင်းလိုလို ပိတ်ထားကာ ဒီဘက် နေ့ဘက်ပေမယ့် လင်းလင်းချင်းချင်းလည်း မရှိ။ ပြီးတော့ တိတ်ဆိ နေသေးသည်။

ဝရန်တာရောက်တော့ ကောင်းမှူး က အပြင်ဘက်လှည့်၍ တ ပေါ် လက်တင်ပြီး ရပ်နေသည်။

မီးခိုးရောင်ရှပ်အင်္ကျီအစင်းလက်ရှည်ကို တံတောင်ဆစ်အော နားထိ ခေါက်တင်ထားကာ ဘောင်းဘီရှည်အနက်နှင့် ဖြစ်၏။

လှိုင်းတွန့်ရေးရေးထင်သော ဆံပင်တွေက အနည်းငယ်ထု သိမ်းလှန်ဖြီးထားပေမယ့် ကြည့်ကောင်းသည်။

ထား သူ့နောက်နားမှာ ခြေစုံရပ်ပြီးမှ အသက်ဝဝရှူနေရသည် ဒါပေမယ့် ကိုယ်က အသံမပေးရသေးခင် ကောင်းမှူး က ဒီဘက်လှ လာပြီး ...

"မင်းအစ်ကို လက်ထပ်တော့မယ်ဆို .."





"ဟင်!..."

သူ ကြည့်နေပြီမို့ ဒီတိုင်းပဲ ကမ်းပေးထားသည့် သံပရာရည်က လည်း ဆက်မတိုး ..၊ ပြန်လည်း မရုတ်ဖြစ် ..။

"ဘယ်သူနဲ့လဲ .."

"ဟို .."

ထား ပါးပြင်လေးတွေ ရဲတွတ်သွားတာ သိသာနေသဖြင့် ကောင်း က လက်ပိုက်လိုက်ပြီး မျက်နှာလွှဲကာ ...

"ကိုယ် ကြားခဲ့တာ တကယ်ထင်တယ် .."

လို့ ပြောပြီးမှ ပြန်ကြည့်၏။ ထား မျက်လွှာလေး ချပစ်မိရင်း ...

"အမေ့ကျန်းမာရေး အခြေအနေကြောင့်ပါ .."

"မင်းတို့ကို သူ စီစဉ်ပေးတာပေါ့"

"ဟုတ် .."

"မင်းတို့ထဲက တစ်ယောက်ယောက်က စိတ်ပြောင်းပြီး ဒီကိစ္စ လာတာ မဟုတ်ဘူးလို့ ဆိုလိုတာပေါ့ .."

"ထား တို့ ဘယ်တုန်းကမှ ဖောက်လွဲဖောက်ပြန်စိတ် မမွေးခဲ့ဖူး

မျက်နှာလေး တင်းသွားတာကို မြင်တော့ နှုတ်ခမ်းစေ့ထားလျက် သူ ပြုံးသည်။

"လူပြောများလွန်းတဲ့အကြောင်းတစ်ခု မေးချင်သေးတယ်၊ စပ်စု င်လို့ မထင်ဘူးမို့လား .."

"မေးလေ .."

"လီမွှာအောင် ချစ်နေတဲ့ မိန်းကလေး ရှိတယ်"

ထား မျက်နှာလေး ပျက်သွားသည်။ ဒါပေမယ့် ဒါက လူတိုင်း ပြီးသား အကြောင်းအရာတွေမို့ ..၊

"ထား ပြောသားပဲ ..၊ ကိုကိုနဲ့ ထား တို့က မရိုးသားခဲ့ကြတာ



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမရှိဘူးလို့ ..''

''ရိုးရိုးသားသား လက်ထပ်ပေါင်းသင်းကြတယ် ဆိုတာရော ကြ
ဖူးလို့လား ..''

''မသိဘူး ..''

ထား မျက်နှာလေးမှာ ရှုပ်ထွေးခြင်းတို့ သိသာစွာ ဖြစ်လာခဲ့လျက်

''အဲဒါတွေ ထား မဖြေလို့ မရဘူးလားဟင် ..''

''အခု ကိုယ့်ကို မဖြေခဲ့ရင်လည်း မင်း ဒီမေးခွန်းကြောင့် အိပ်လို့
ရမှာ မဟုတ်တော့ဘူး .. အဲဒါ သေချာတယ်''

''ဟင့်အင်း .. အဲဒါ မဖြစ်နိုင်ပါဘူး''

ထား က ဖန်ခွက်ကို လက်နှစ်ဖက်နဲ့ ဆုပ်ကိုင်ထားလိုက်ရင်း
မျက်လွှာချ၍ ...

''ဘာပဲဖြစ်ဖြစ် အမေ စိတ်ချမ်းသာဖို့က အဓိကပါ၊ ကိုကိုနဲ့ ထား
တို့ နှစ်ယောက်စလုံးအတွက် အဓိကက အဲဒါပဲ ..''

စိတ်ချမ်းသာချင်တဲ့လူကလည်း ဒီလူငယ်နှစ်ယောက်ဘက်က
တမင်တကာ ဆင်းရဲခံပြီး ပေးဆပ်ဖို့ ပြင်ဆင်ထားကြတာကိုသိရင် သူ
စိတ်ချမ်းသာဖို့အတွက် စီစဉ်ပါ့မလား ..။

ထားလိုက်ပါတော့ ..၊ ဒါတွေက ကိုယ်နဲ့ မဆိုင် ..၊

''ဟွန်း ..''

ကောင်းမှူး က ခပ်မဲ့မဲ့ ပြုံးလိုက်ကာ ...

''ချိတ်ဆက်တွေ လွဲနေတဲ့ အရုပ်တစ်ရုပ်ရဲ့အပိုင်းအစတွေကို မြင်
နေရသလိုပဲ ..''

တစ်ယောက်တည်း ပြောသလို ရေရွတ်ရင်း သူ့ကားရှေ့ ပြေးဝင်
သည့် အငြိုး ကို မြင်ယောင်သွားသည်။ ပြီးတော့ ထား လက်ထဲက
ဖန်ခွက်ကို သူ့ဘာသာ လှမ်းယူလိုက်ကာ ...

''ပေး .. အပူတွေဟပ်ပြီး အအေးတွေတောင် ပူကုန်ပြီ ထင်တယ်





ဘယ်သူ့အပူကို ပြောတာလဲ ..၊

ထား အတွေးတွေဝင်ကာ သူ့မျက်နှာကို ကြည့်မိသည်။ မျက်လုံး
ချင်းဆုံတော့ ကောင်းမှူး က ပြုံးလိုက်သည်။

''မင်း အဲဒီလို ကြည့်တတ်တာတွေပဲ ..''

နှုတ်ခမ်းလှုပ်ရုံ ပြောကာ သူမ ကို ကျောခိုင်းထားလိုက်ပြီးမှ ...

''ချစ်ဖို့ကောင်းတာ ..''

သူ တစ်ခုခု ဆက်ပြောလိုက်တာ သေချာသည်။ ကျောခိုင်းလိုက်
ပြီးမှ ကြားလိုက်တာမို့ ဘာမှန်းမသိ ..၊

တစ်ဖက်လှည့် ပြုံးနေသည့် ကောင်းမှူး မျက်နှာကိုရော ပြုံးလိုက်
သည့် နှုတ်ခမ်းတို့ကိုပါ ထား ဘာမှ မမြင်လိုက် ..၊ မကြားလိုက်ဘဲရှိရာ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"ရေတ်သီးကြော်တွေ အနံ့သေအောင် ပြတင်းပေါက် ဖွင့်ထားတာလား ထား .."

"ဟုတ်ကဲ့ အန်တီစု .. ပြန်ပိတ်လို့ ရပါပြီ၊ သမီး ပြန်ပိတ်ပြီး အဲကွန်းတွေ ဖွင့်ထားလိုက်မယ်နော် .."

"နေပစေ ထား ..၊ မစံ က ညအိပ်ချိန်ရောက်မှ သူ ဖုန်းဆက်မယ်တဲ့၊ အခု သွားခေါ်ရမှာ မဟုတ်ဘူး၊ အခန်းတံခါးတွေလည်း ငါပဲ ဝင်ပိတ်လိုက်မယ် .."

"ဟုတ် .."

"သမီး ရေချိုးပြီးမှ ပြန်နော် ..၊ ကြော်လှော်ထားတော့ ချော်နံ့တွေဘာတွေနဲ့ .. အန်တီစု အခန်းထဲဝင်ပြီး ရေချိုး သနပ်ခါးလိမ်း .. လွတ်လွတ်လပ်လပ် လုပ် .."

အလှူအတွက် ဒီနေ့က အပြီးသတ် ပြင်ဆင်ရတာမို့ ပိုပင်ပန်းသည်။ မီးဖိုချောင်ထဲမှာ လူငါးယောက် ရှိနေပေမယ့် ထား ပြင်ဆင်ပြောပြနေရတာမို့ ကိုယ်ပဲ စီစဉ် .. ကိုယ်ပဲ ဝင်လုပ်နေရတာမျိုး ..။

"မထား .."





"ဟင် .."

"အံမယ် .. သနပ်ခါးပါးကွက်လေးနဲ့ လှလို့ပါလား ..၊ အစ်မတို့ တော့မယ် .. အန်တီစု ကို မတွေ့လို့ .."

"ဟုတ်လား .. ပြန်လေ၊ အန်တီစု ပစ္စည်းလိုတာရှိလို့ ကုန်တိုက် တယ် ထင်တယ် ..၊ ထား ပဲ စောင့်နေလိုက်မယ် .."

"အင်း .. အင်း .. အပေါ်ထပ်မှာ တရားနာဖို့ ပြင်ထားတဲ့ အခန်း ချွင်းတွေလည်း သွားကြည့်လိုက်ပါဦး ..၊ အန်တီစု ပြောတဲ့အတိုင်း ပေးထားတာပဲ .. ဒါပေမယ့် တို့ ပြန်သွားကာမှ စိတ်တိုင်းမကျတာ နေမှာစိုးလို့ .."

"ဟုတ်ကဲ့ .. ကြည့်လိုက်ပါ့မယ်"

ထား သနပ်ခါးတောင် မခြောက်သေးဘဲ အပေါ်ထပ် ပြန်တက် ခဲ့ရသည်။ အားလုံးပဲ ပြန်ကုန်ကြပြီဖြစ်ကာ အန်တီစု လာရင်တော့ မလည်း ပြန်ဖို့ အဆင်သင့် ပြင်ထားပြီးပြီ ..။

ဘုန်းကြီး တရားဟောဖို့ ချခင်းထားသည့် ကျွန်းဆိုဖာထိုင်ခုံကြီး င့် ဘောခုံတွေရော.. ရှေ့မှာ အရှည်လိုက် ခင်းထားသည့်စားပွဲနှင့် စားပွဲ င်းတွေ ..၊ ပန်းအိုးတွေကအစ အားလုံး နေရာတကျ အဆင်ပြေနေတာ ဘာမှ ဖြည့်စွက်ဖို့ မလို ..။

"မင်း တစ်ယောက်တည်းလား .."

"ဟင်!..."

နောက်ကအသံကြောင့် လှည့်ကြည့်လိုက်တော့ မျက်နှာမူန်အစ် အစ်နှင့် ခေါင်းစွတ်ဆွယ်တာလက်ရှည် အနက်ရောင်ကို ဝတ်ထားသည့် ကောင်းမှူး ..၊

ပွချင်သလို ဖြစ်နေသည့် ဆံပင်တွေကို နဖူးကနေ ဖြစ်သလို ထိုး သိပ် ဖိသပ်ထားပုံဖြစ်ကာ အသံတွေပါ အက်ရှရှဖြစ်နေသဖြင့် အအိပ် လွန်ထားတာမျိုး ..။



www.burmeseclassic.com

www.burmeseclassic.com



နှာခေါင်းသံတွေ ပါနေတာကြောင့် နေများမကောင်းတာလား
လည်း တွေးမိသည်။ ထား က သူ ရပ်နေသည့်ဆီ လှမ်းကြည့်ပြီး ခေါ
ညိတ်၍ ...

"အန်တီစု အပြင်ခဏသွားတယ်၊ ဝိုင်းလုပ်ပေးတဲ့ မအေးနှ
တို့တော့ ပြန်သွားကြပြီ၊ ဦးကောင်းမှူး ဘာခိုင်းစရာရှိလို့လဲ .. ဟင်..

"သိပ်နေမကောင်းချင်ဘူး ဖြစ်နေတယ် ..၊ အန်တီစု ဆေးတွေ
ဘယ်နားပြောင်းထားလိုက်မှန်း မသိလို့ .."

"ထား အန်တီစု လာရင် ပြောပေးမယ်လေ ..၊ အခု သွားရှာပေး
မလား .."

"နေပစေ .. မင်း သိမှာမဟုတ်ဘူး"

ကောင်းမှူး က အထဲပြန်ဝင်သွား၏။ သူ ဒီမှာပဲ တစ်နေ့ကုန်
နေတာလား ..၊

တစ်နေကုန်လုပ်နေတဲ့ အသျော်တွေ ခံပြီး ထိုင်းမှိုင်း ကိုက်ခဲနေ
တာလည်း ဖြစ်နိုင်၏။ ထို့ကြောင့် အန်တီစု ကို မျှော်ရသည့်အလုပ်
ပို၍ ရင်မောစွာ ဖြစ်လာခဲ့သည်။

ပြီးတော့ မိုးတွေညိုလာသဖြင့် ညနေစောင်း အလင်းရောင်က ညို
ရိပ်သမ်းနေခဲ့လျက် ...

"အားနာလိုက်တာ ထား ရယ် .. ငါ့တူမ ပြန်မှာ မဟုတ်သေးဘူး
ဆိုတာ အန်တီစု သိတယ် .."

ဒေါ်စုစု ပြန်လာတော့ မိုးစက်တွေ စတင်၍ ခုန်ပေါက် ဆင်းလာ
ကြပြီ ဖြစ်သည်။

"ခင်စိုး တို့ ဘာလုပ်နေကြသလဲ .."

ဒေါ်စုစု က အထဲဝင်ခြင်း၊ အိမ်ပေါ် ကပျာကယာတက်သွားခြင်း
အားလုံးမှာ တစ်ခုခု ထပ်လုပ်စရာရှိနေသည့်သရုပ်ကို ပြနေခဲ့လျက် ..၊
ထား ကိုလည်း ပြန်တော့လို့ မပြောသေး။ ထို့ကြောင့် ...





အောက်မှာပဲ ထား ရပ်စောင့်နေလိုက်မိသည်။ သိပ်မကြာလိုက်ခင်
ဒေါ်စုစု ထီးတစ်လက်နှင့် တဘက်တစ်ထည်ကို ကိုင်၍ ပြန်ဆင်းလာ
တာ ...

"ဪ .. ပြန်လေ ထား ..၊ ငါလည်း ကိုယ့်ဇာနဲ့ကိုယ် မေ့သွား
တယ်၊ ထီးပါတယ်မို့လား .."

"ဟုတ် .. အယ် .. အန်တီ ကမန်းကတန်း ပြေးလွှားနေတာ
မြင်လိုက်တာနဲ့ ထား မေ့သွားတယ်၊ ဆေး .. ဆေး ဘယ်မှာလဲတဲ့ .."

"ဘယ်သူကလဲ .."

"ဦးကောင်းမှူး ..၊ သိပ်နေမကောင်းဘူး ထင်တယ်"

"ဟုတ်တယ် ..၊ ဟုတ်သားပဲ .. မနေ့က ပစ္စည်းတွေ ရွှေ့ဟယ်
သိမ်းဟယ်နဲ့ ဆေးဗီရိုကိုပါ တခြား လှယ်ထားလိုက်တာ .. ဒုက္ခပါပဲ.."

ဒေါ်စု ထွက်တော့မလို ဝင်တော့မလို ဖြစ်နေလျက် ...

"ခင်စိုး တို့ကိုလည်း မခိုင်းချင်ဘူး .."

ဟု တီးတိုး ရေရွတ်၍ ...

"မစံ က တိုင်ပင်စရာရှိလို့တဲ့ ထား ရယ် .. ကားလွှတ်လိုက်ရင်
အန်တီ့ကိုပါ လိုက်ခဲ့ပါတဲ့၊ ဆေးကလည်း အလွယ်တကူ ယူလို့ရမှာ
မဟုတ်ဘူး၊ သမီး ခဏနေလို့ ရသေးရင် ဘုရားခန်း နောက်လမ်းကြား
လေးထဲက ဒုတိယအခန်းမှာလေ .. စတိုခန်းလို ကျဉ်းကျဉ်းလေး .."

"ဟုတ် .."

"အဲဒီမှာ ဘူးတွေနဲ့အတိုင်း စုထားတာ၊ အပြာရောင်ဘူးရှည်လေး
ဆီ ယူသွားပြီး ပေးလိုက်၊ အထဲမှာ သူ သောက်နေကျဆေး သူ့ဘာ
သာ ယူလိမ့်မယ် .."

"ဟုတ်ကဲ့ .."

ထား ရဲ့ အင်တင်တင် ဟုတ်ကဲ့သံကို သတိမထားမိတာလား..၊
ကယ် အရေးကြီးနေလို့ တမင်တကာ မသိချင်ယောင်ဆောင်ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားတာလား မသိ ..။

စက်မသပ်ဘဲ ရပ်ထားသည့် ကားပေါ်ကို ထီးမပွင့်ဘဲ ခေါင်းပေါ် တင်ပြီး အပြေးအလွှား ထွက်သွားတာ တစ်ချက်မှ လှည့်မကြည့်တော့ ပေ ..။

ဆေး ယူပေးရတာ ပြဿနာမဟုတ်ပေမယ့် သွားပေးရမှာက ဦးကောင်းမှူး ရဲ့အိပ်ခန်းထဲထိလား ..၊ ပြန်ထက်လာခဲ့ပြီး အပြာရောင် ကော်ဘူးရှည်လေးကို ထုတ်ယူလိုက်သည်။

အိမ်မှာ ထမင်းချက်နှင့် အဝတ်လျှော် နှစ်ယောက်ပဲ လူပိုရှိက အပေါ်ထပ်ကို အကြောင်းမရှိဘဲ တက်ခွင့်မရှိပေ။ ထို့ကြောင့် မီးတွေဖွင့် လိုက်လို့ လင်းနေပေမယ့် အပေါ်မှာ တိတ်ဆိတ်နေခဲ့၏။

သူများတွေ ပြောတာလည်း ပြောစရာပါ ..။

သူမအဖြစ်တွေက ဒီကာလတွေမှာ ကိုယ့်ကိုယ်ကိုယ်တောင် မယုံ နိုင်ခဲ့ပေ ..။

ပဒုမ္မာမိသားစုတွေက ကိုယ့်ကိုမှ လူရင်းတစ်ယောက်လို သဘော ထားလာခဲ့၏။ ဘာဖြစ်ဖြစ် ကိုယ်သာ လိုအပ်နေခဲ့သလို ဖြစ်နေခဲ့၏။

ဒီအိမ်မှာ မောက်မာသည်၊ မာနကြီးသည်လို့ သတင်းကြီးနေသော ဒေါ်မြမြစံ မှစ၍ အားလုံးနဲ့ကင်းကင်းနေတတ်သည်ဆိုသော ဦးကောင်း မှူး ကိုယ်တိုင်က ကိုယ့်ကျမှ တရင်းတနှီး မေးမြန်း ဆက်ဆံလာတာ တွေက အထူးခြားဆုံး ..။

ထို့ပြင် တစ်သက်လုံးက အိပ်မက်တောင် မမက်ခဲ့ဖူးသော အဖြ ကြီးတစ်ခုဟာ ကိုကိုနဲ့မှ အိမ်ထောင်ဖက်ရဖို့ ဖြစ်လာခဲ့သည့် ကံအကြောင်း တရား ..၊

"အဟမ်း .."

ဦးကောင်းမှူး ၏ အိပ်ခန်းရှေ့မှာ ခြေစုံရပ်မိတာ စက္ကန့်တွေ ရွေ့ လျားသွားကြ၏။ ခဏကြာမှ ချောင်းသံလေး မရဲတရဲ ပေးမိသည်။





"တံခါးဖွင့်ထားတာ .. ဝင်ခဲ့လေ .."

"ဟို .. အန်တီစု မအားလို့ ဆေးလာပို့ပေးတာပါ"

"သိတယ် .. မင်း ဝင်လာဖို့ ပြောနေတာ .."

ရင်ထဲမှာ ဒိုင်းခနဲ မြည်သွားသည်။ ခြေလှမ်းတွေက မရွေ့ဖြစ်သေး။ ဆိုစဉ် ...

အထဲမှာ မီးဖွင့်လိုက်သဖြင့် ချောက်ခနဲ လင်းထိန်သွား၏။ ပြီး တော့ စေ့ထားသည့်တံခါး ပွင့်သွား၏။ မီးရောင်ကို ကျောခိုင်းထားသလို ရပ်နေသည့် ကောင်းမှူး ၏မျက်နှာက ထား မျက်နှာလေးအထက်မှာ ငုံ့မိုးနေခဲ့လျက် ...

"စကားပြောရအောင် .."

"ဟင်!..."

"ကိုယ် စိတ်တွေညစ်နေတာ နှစ်ရက်ရှိပြီ၊ အဲဒီလို ဘာမှလုပ်လို့ မရတဲ့ ဖိစီးမှုမျိုး တစ်ခါမှ မခံစားခဲ့ဖူးသလို ကိုယ့်ကိုယ်ကိုယ်လည်း မကျေနပ်ဘူး .."

သူ ဘာကို ရည်ရွယ်ပြောနေမှန်း မသိသလို ထား နားလည်း မလည် ..။

ဆေးဘူးကို ကိုင်ထားဆဲနှင့် သူ့မျက်နှာကိုပဲ ငေးနေမိသည်။ ခေါင်းလျှော်ထားပြီးစ ဖြန့်ချထားသည့် ဆံနွယ်ရှည်တွေ ဝေ့ဝဲ ဖြာကျ လျက် ..၊ ပါးကွက်လေးတွေ ထင်နေသော မျက်နှာမှုန်ညက်ညက်လေး ကို ကောင်းမှူး ကလည်း ငေးချင်တိုင်း ငေးနေခဲ့၏။

ပြီးတော့ ညိုလဲ့နက်မှောင်နေသည့် မျက်ဝန်းလေးတွေ ..၊

ငေးနေကြရင်း ဆတ်ခနဲ ဖြစ်သွားကာ ထား မျက်နှာ ငုံ့ပစ်လိုက်မိ ၏။ ပျောက်ရှသွားမှာစိုးသည့် မျက်ဝန်းလေးတွေ တကယ်တမ်း လွဲဖယ် သွားသည်နှင့် ကောင်းမှူး က ထား ရဲ့လက်ကောက်ဝတ်လေး တစ်ဖက် ကို ဖျတ်ခနဲ ဆုပ်ကိုင်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ပြောစရာရှိတယ် .."

"ခွမ်း .."

လက်ကိုဆွဲလိုက်သဖြင့် ပိုက်ထားသည့်ဆေးဘူးက ခွမ်းခနဲ လွတ်ကျ ပွင့်ထွက်သွား၏။

"ခဏ .. ခဏ နေပါဦး .. ထား .. ဟင့်အင်း .."

ပြန်ရုန်းတာလည်း မဟုတ်ဘဲ ပါးစပ်က ငြင်း ..၊ ခေါင်းတွင်တွင်ခါရင်း သူ ဆွဲခေါ်သည့်အတိုင်း အိပ်ခန်းထဲထိ ပါသွားခဲ့ပြီး ...

"ဂျိမ်း .."

အပြင်မှာ မိုးတွေ သဲသဲမဲမဲ ရွာနေ၏။





## အခန်း (၁၅)

"ဒီနေ့မှ မိုးတွေက သည်းနေလိုက်တာ .."

ဒေါ်ယဉ်မေ မှောင်မိုက်နေသည့်လမ်းအပြင်ကို ငေးရင်း စိတ်မချမ်းမြွှာ ရေရွတ်နေမိသည်။

ထိုစဉ် စက်ဘီးဘဲလ်သံ ကြားလိုက်ရပြီး မကြာခင် မိုးကာအင်္ကျီကြီးနှင့် လိမ္မာအောင် ၏အရိပ်က ဒေါ်ယဉ်မေ့ မျက်လုံးထဲမှာ မည်းမည်းအရိပ်ကြီးအဖြစ် ပေါ်လာပြီး ...

"ပြန်သွားပြီတဲ့ အမေ .. အန်တီစု ကိုယ်တိုင် ပြောလိုက်တာ.."

"ဟင်!... အိုကွယ် .. မဟုတ်တာ ..၊ သမီးက ကလေးမှ မဟုတ်တာ .. ဟိုနဲ့ဒီ မျက်စိလည် လမ်းမှားရအောင် .."

"မျက်စိလည်လို့ ပျောက်သွားတာ မဟုတ်ဘူး အမေ .. အခု အမေ့သမီး လုပ်ပုံက .."

နဖူးထိပ် ဆံပင်တွေမှာ ခိုတွဲနေသည့် ရေစက်တွေကို သပ်ခါပစ်လိုက်ရင်း လိမ္မာအောင့် မျက်နှာ ညိုမှောင်နေတာက မီးရောင်အောက်မှာ သိတ်ပျက်စွာ ..၊



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ သားရယ် .. ထား က မဟုတ်တရုတ်တွေရော လုပ်သွားမှာတဲ့လား ..၊ ငါ့သမီး ဒီလောက် မမိုက်ဘူး .."

"မိုက်တာ မမိုက်တာတော့ မသိဘူး ..၊ အမေ့သမီး ယောကျ်ား နောက်လိုက်သွားတာ သေချာတယ်"

"ဘယ်လို .."

"ညနေတည်းက အခု ညရှစ်နာရီကျော်နေပြီ .. အဲဒီမှာ ဝိုင်းလု ပေးကြတယ်ဆိုတဲ့ မအေးနွယ် တို့ဆီလည်း ရောက်ခဲ့တာပဲ .."

"ဟုတ်လား .. ဘာတဲ့လဲ .."

"ညနေက ပြန်ဖို့ ရေမိုးချိုး အဆင်သင့်ဖြစ်နေတဲ့ပုံနဲ့ ကျန်ခဲ့တ တဲ့ ..၊ အန်တီစု အပြင်ထွက်သွားလို့ ခဏစောင့်ဦးမယ်ဆိုပြီး နေခဲ့တ တဲ့ ..၊ ပြန်မရောက်သေးဘူးဆိုလို့ သူတို့လည်း အံ့ဩနေကြတယ်၊ အ စဉ်းစားကြည့်လေ .. လူပျောက်တိုင်ရအောင် ကျွန်တော်တို့မြို့မှာ ဘ တန်းက မဟုတ်တဲ့သတင်းတွေ ဖြစ်ဖူးလို့လဲ ..၊ ဟိုနဲ့ဒီ သိပ်လည် ဝေးတာ မဟုတ်ဘူး၊ လူခြည်ပြတ်လပ်တဲ့နေရာလည်း တစ်ခုမှ မရှိဘူး"

"ဒါပေမယ့် သားရယ် .. သူ ပြန်လာဖို့ အဆင်သင့်ဖြစ်နေပြီး ပြန်စောင့်ရင်း ကျန်ခဲ့တာဆို ယောကျ်ားနောက်လိုက်ဖို့ ဘာညာ စီ ပြင်ဆင်ထားတာနဲ့ တူနေလို့လား .."

အမေ့ကို ဘယ်လိုပြောရမလဲ ..၊ အရိပ် မမြင်ရပေမယ့် အကော တော့ သူ မြင်နေပြီ ဖြစ်သည်။

ဒါကို ဒေါ်စုစု က ဖော်ပြပေးလိုက်တာ ဖြစ်၏။

"သား ကောင်းမှူး လည်း ခုချိန်ထိ ဘယ်ထွက်သွားမှန်း မသိ တို့လည်း စိတ်ပူနေတာ ..၊ တစ်ခါမှ မပြောဘဲ ဒီအချိန်ထိ အပြင်မှ မနေဖူးဘူး" တဲ့ ..။

သူတို့လိုလူတွေက မသက်ဆိုင်တဲ့အကြောင်းတွေ ကိုယ့်လိုလူ ဖွင့်ပြော ပူပင်ပြနေကြမှာမှ မဟုတ်ဘဲ ..။





အဖြေက တစ်ခုပဲ ရှိသည်။

ဖြစ်နိုင်တာ မဖြစ်နိုင်တာထား ..၊ ဖြစ်ကို ဖြစ်နေတာက ထား ယောကျ်ားနောက် လိုက်သွားပြီ ..။

"လိမ္မာအောင် .. သား .. အမေ့ကို ပြောပါဦး၊ သမီးမှာ ချစ်သူတွေ ဘာတွေများ ရှိတယ် ကြားလို့လားဟင် .. အမေက သားနဲ့ လက်ထပ် ပေးမယ်ဆိုလို့ သူ့ချစ်သူနောက် လိုက်သွားတာလား ..၊ မင်း အဲဒီလို သိနေလို့လား ..၊ ပြောပြစမ်းပါ အမေ့ကို .."

"ထား လိုက်သွားတာတော့ မဖြစ်နိုင်ဘူးဆိုတာ ကျွန်တော် သိပါ တယ်"

"ဒါဆို ဘာက ဖြစ်နိုင်တာလဲ ..၊ တစ်ယောက်ယောက်ကများ ဆွဲလွဲရမ်းကားပြီး မဟုတ်မဟာတ်ပြုလိုက်ဖို့ တွေးမိလို့လား ..၊ ဘုရား!... ဘုရား .. အဲဒီလို တကယ်ဖြစ်သွားရင် သမီး .. ငါ့သမီး .. အသက်နဲ့ အရှက်နဲ့ လဲ .."

"မဟုတ်ဘူး အမေ ..၊ ကျွန်တော် အဲဒီလောက်ထိ ပြောတာ မဟုတ် ပါဘူး .."

အမေ ငိုနေပြီမို့ သူ ဘယ်လိုရှင်းပြရမှန်းလည်း မသိ ..၊ ထင်နေတာ ကို ပြောဖို့ကလည်း ဘယ်လိုမှ ဆက်စပ်မရနိုင်သည့်လူ ..၊

ထိုစဉ် ဟိုဘက်ခြံထဲကနေ မာတ်မီးရောင် ဝင်းခနဲ ရောက်လာ ကာ ...

"လိမ္မာအောင် .. မောင်လေးရေ .. လိမ္မာအောင် ရှိလား .."

"ဗျာ .. ရှိတယ် .. မမလင်း .."

မိုးသံတွေနှင့် ဟိုဘက်ဒီဘက် အော်ပြောနေရကာ ဓာတ်မီးရောင် အလင်းတန်းထဲမှာ မိုးစက်တို့ သည်းမည်းနေတာကို ဒီတိုင်း မြင်နေ ရ၏။

"ဖုန်းလာတယ် .. အရေးကြီးလို့တဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ယဉ်မေ နဲ့ လိမ္မာအောင် တို့ အကြည့်ချင်း ဆုံသွားကြ၏။

လိမ္မာအောင် ထိတ်လန့်သည့် မျက်ဝန်းတွေ ဖြစ်လာကာ ဖျတ်ခနဲ သတိရသွားအပြီး တံခါးဝကနေ ဟိုဘက်ကို လှမ်း၍ ...

"မမလင်း ဘယ်က ဖုန်းလဲ .."

"ပဒုမ္မာ ဆေးလိပ်ခုံက .."

"ဟင်!..."

ဒေါ်ယဉ်မေ လည်း ကြားသည်။

ဒါပေမယ့် သူမကတော့ နားမလည်နိုင်သည့် မျက်ဝန်းတွေ ကျဉ်းမြောင်းသွားခဲ့ပြီး ...

"ပဒုမ္မာဆေးလိပ်ခုံက သား ခုနကပဲ ပြန်လာတာကို .."





## အခန်း (၁၆)

"အပျော်ကြံချင်တာ မဟုတ်ဘူးဆိုပေမယ့် မင်းလုပ်ပုံက မိန်းကလေးကို အထင်မြင်သေးပြီး ကြံသလို ကျသလို ကောက်ယူပစ်လိုက်တာနဲ့ တူတယ် ကောင်း .."

"မတတ်နိုင်ဘူး ကြီးကြီး ..၊ သူ့ဘက်မှာ မဖြစ်မနေ လက်ထပ်ရမယ့်အကြောင်းတွေနဲ့ .. သူကိုယ်တိုင်က မဖြစ်မနေ ခေါင်းညိတ်လက်ခံရမှာဖြစ်တဲ့ အကြောင်းတွေရော .. ကျွန်တော့်အတွက် ခြေတစ်လှမ်းစာတောင် တိုးဖို့ မရှိတော့ဘူး .."

"ဒါပေမယ့် မင်း သဘောကျနေတယ်ဆိုတာ ကြီးကြီးတို့ သိတယ်လေ ..၊ သိလို့လည်း မင်းနဲ့ နီးစပ်အောင် တတ်နိုင်ဆုံး တို့တွေ ဆွဲတင် လမ်းဖွင့်ပေးခဲ့ကြတာ၊ ဘယ်လိုမှ သဘောတူနိုင်ဖို့ မရှိတဲ့ အဆင့်အတန်းက မိန်းကလေးကို လက်ခံပေးနိုင်အောင် ကြိုးစားနေကြကာမှ ခင်း ချက်ချင်းကြီး .. ကြည့်စမ်း .."

"ကဲပါ မစံ ရယ် .. ဖြစ်စရာရှိတာတွေလည်း ဖြစ်ကုန်ကြပြီ ရှေ့ဆက်ပြီး အကောင်းဆုံးဖြစ်အောင်ပဲ လုပ်ပေးဖို့ ရှိတော့တာမို့ပေါ့.."

ဒေါ်မြမြစံ ပင့်သက်ရှိုက်၍ စိတ်ကို လျှော့ချ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြောကြကြေးဆို ကိုယ်က အမွေထိန်းသာသာပါ။ အုပ်ထိန်းသူ အဖြစ် နေပါလို့ ကောင်း က နေရာပေးထားလို့သာ ..၊ သူမက မိဘချ လည်း ဟုတ်၊ အုပ်ထိန်းသူလည်း ဖြစ်နေရခြင်းပင် ..။

ကောင်းမှူး ဆိုတဲ့ လူငယ်တစ်ယောက်ဟာ ဘာလုပ်လုပ် ဘယ် တုန်းကမှလည်း တိုင်ပင်ခဲ့ဖူးတာ မရှိခဲ့တဲ့အတိုင်း ..၊

"သူ့အမေနဲ့ အစ်ကို ကျေနပ်အောင် ကြီးကြီးတို့ တောင်းရမ်း ဈေးစပ်ပေးပါ ..၊ ခု ပြောခဲ့တဲ့အတိုင်းပဲ ကျွန်တော်တို့ ဒီမှာ ရှိမနေသလိုပဲ နေပြီး အလှူကိစ္စပြီးတာနဲ့ သူတို့စိတ်တိုင်းကျ လက်ထပ်ပေးမယ်ဆိုတဲ့ အကြောင်း .."

"အေးပါ .. အဲဒါတွေကို ကြီးကြီး နားလည်တယ်၊ မင်းကရော အခု ထား ကို ဘယ်လို ပြောပြထားသလဲ ..၊ တစ်ယောက်နဲ့တစ်ယောက် မရင်းနှီးကြဘဲ ခုလို ရယူလိုက်တာ ကာယကံရှင် မကျေနပ်ရင် .."

"ကျွန်တော် အားလုံး တွေးထားတယ် .."

ကောင်း က ဒါပဲပြောပြီး လှည့်ထွက်လာခဲ့သည်။ အခန်းထဲရောက် တော့ ထား က မွေ့ရာခြေရင်းအစပ်မှာ ကိုယ့်ဒူးလေး ကိုယ်ပြန်ဖက်ထား ကာ ငုတ်တုတ်လေး ငိုနေဆဲ ..၊

လက်ကြားမှာညှပ်ထားသည့် စီးကရက်ကို ခွက်ထဲ သွားထည့်ကာ ကောင်း ဆံပင်တွေကို တစ်ချက်သပ်၍ သူမ ဘေးမှာ ဝင်ထိုင်လိုက်သည်။

"ကိုယ့်ကို အရမ်း စိတ်ဆိုးနေလား .."

ထား က ဘာမှမဖြေဘဲ နှုတ်ခမ်းလေးကိုက်၍ ကြိတ်ရှိုက်သည်။ သူမ ပါးပြင်ထက်က သနပ်ခါးပါးကွက်လေးတွေကို ယစ်မူးမိရင်း နယ်လွန်ခဲ့မိသည့် ရင်ခုန်သံတွေကြားမှာ သူမဘက်က ရန့်ရင်းကြမ်း တမ်းသော တုံ့ပြန်ပြောဆိုခြင်းတွေ ဘာမှမရှိခဲ့ပေ ..။

ဝမ်းနည်းကြေကွဲသော ရှိုက်သံများမှလွဲ၍ သူ ဖက်လိုက်တိုင်း ရှောင်ဖယ် ရုန်းထွက်ခြင်းသာ ရှိတတ်ခဲ့ပြီး ...





"ကိုယ့်ဘက်မှာ ဘာမှ လှုပ်ရှားကြိုးစားခွင့် မရှိတော့လို့ပါ၊ မင်း ကို အထင်မြင်သေးတာ လုံးဝ မဟုတ်ဘူးဆိုတာ မင်း နောက်တော့ သိလာလိမ့်မယ် .."

ဆံပင်တွေဖြင့် ခြုံလွှာလို အုပ်ကွယ်နေခဲ့သည့် ကျောပြင်လှလှလေး ကို သူ သိုင်းဖက်လိုက်လျှင် ထား ကိုယ်လေး တောင့်သွား၏။ ပြီးတော့ ဒူးကို ဖက်ထားသည့် လက်တွေ ပြေကျကုန်ကာ ..၊ သူ ဖက်ထားတာကို ရုန်းထွက်ဖို့ ပြင်ဆင်သည်။

ဒီတစ်ခါတော့ အလျှော့မပေးဖို့ ဆုံးဖြတ်ရင်း ကောင်း က ထား တစ်ကိုယ်လုံးကို ရင်ခွင်ထဲ ဆွဲယူ၍ တင်းကျပ်နေအောင် ဖက်ထား လိုက်၏။

"မင်းကို ကိုယ် ချစ်နေခဲ့တာ သိလား .."

"ဟင့်အင်း .. မသိချင်ဘူး .. ထား ကို လွှတ်ပါ"

ထား ခေါင်းခါပြီး အတင်းရုန်းမိသည်။ ချစ်ရိပ်ချစ်ယောင် ပြခဲ့ဖူး တာလည်း မရှိ ..၊ မရိုးမသားစကားလည်း တစ်ခါမှ မပြောခဲ့ဖူးပါ။

လူကို ဟင်းရွက်ကန်စွန်း ခူးသလို လွယ်လွယ်လေး ခြွေချ နင်းချေ ပစ်ခဲ့ပြီးမှ ...

"ထား .. ကိုယ်ပြောတာကို နားထောင်ဦး .."

"ဟင့်အင်း .."

ထား ရရမရရ အတင်းအကျပ် ပြန်ရုန်းနေမိကာ လွှတ်မြောက် သည်နှင့် ဖျတ်ခနဲ ထရပ်လိုက်သည်။

"ထား ကို ပြန်ပို့ပေးပါ"

"ဘာပြောတယ် .."

ကောင်း က သူမရှေ့မှာ လာရပ်ကာ ပခုံးနှစ်ဖက်ကို ဖိဆုပ်ထား လိုက်ပြီး ...

"ပြန်ပို့ပေး .. ဟုတ်လား .."



www.burmeseclassic.com

www.burmeseclassic.com



"အမေက မကျန်းမာဘူး .. ထား ဒီလိုလုပ်ဖို့ မဖြစ်လို့ပါ၊ တောင်းပန်ပါတယ် .."

"ဒီအဖြစ်ကို မေ့ထားလိုက်ပြီး မင်းက လက်ထပ်မှာပဲ ဟုတ်လား"

"ဟင့်အင်း .. မဟုတ်ဘူး .."

ထား နောက်ကို တစ်လှမ်းဆုတ်ရပ်ကာ ခေါင်းလေးခါပြရင်း —

"ကိုကိုနဲ့ လက်ထပ်ဖို့ဆိုတာ အမေ့ကို ပြုစုနိုင်ဖို့ပါ၊ အမေ စိတ်ချမ်းသာဖို့အတွက်ပါ၊ ကိုကိုနဲ့ လက်မထပ်ဘဲ ထား အမေ့နားမှာ နေလို့ရတယ်၊ ဒီအဖြစ်ကို ပြောပြ ဝန်ခံပြီး ထား အမေ့နားမှာ တစ်သက်လုံး နေခွင့် .."

"ကိုယ် မပေးနိုင်ဘူး .."

သူ ရှေ့တိုးတော့ ထား နောက်ဆုတ်သည်။ သူ တစ်လှမ်းတိုးလာတိုင်း ထား တစ်လှမ်းဆုတ်မိရင်း တံခါးမှာ ကျောပြင်လေး ကပ်မိသွားမှ ရပ်၏။

"မင်းကို ခဏလေး သာယာခဲ့တာ မဟုတ်ဘူး၊ အဲဒါကြောင့် ဘယ်မှ ထွက်သွားခွင့်မပေးနိုင်ဘူး ထား ..၊ ကိုယ့်အတွက်လည်း အနားမှာ မင်းရှိမှ ဖြစ်မှာ .."

ထား ကိုယ်လေး သူ့ရင်ခွင်ထဲမှာ မြုပ်ကွယ်မတတ် ဖြစ်သွား၏။ သနပ်ခါးတို့ ပျက်ပြယ်နေခဲ့ပြီဖြစ်သော မျက်နှာလေးဟာ သူ့အနမ်းတွေကြောင့် ပန်းနုရောင်ရင့်တက်သွားခဲ့ပြီး ..၊

မိုးစက်သံ တဖြောက်ဖြောက်နှင့် ညက ပြန်လည် ငြိမ်ဆိတ်သွားခဲ့၏။





## အခန်း (၁၇)

နာရီသံ တစ်ချက်ချက် မြည်နေတိုင်း လတို့က ဆာလောင်မွတ်သိပ်စွာ စားသုံးခဲ့ကြပြီး လတွေကိုတော့ နှစ်တို့က ထပ်ဆင့် ဝါးမျိုပြန်ကာ ရာသီတွေ အလီလီပြောင်းခဲ့၏။

ထား နဲ့ လက်ထပ်ပြီးသည်နှင့် သိပ်မကြာသောကာလမှာ ပဒုမ္မာ ဆေးလိပ်ခုံကြီးကို ဖျက်သိမ်း၍ 'မိဘမေတ္တာ' ဆေးမျိုးစုံအရောင်းဆိုင်ကြီးအဖြစ် ပြောင်းလဲသွားခဲ့၏။

မိန်းကလေးတွေအတွက် အလုပ်လက်မဲ့တော့ မဖြစ်ကြပါ။ သူ့နေရာနဲ့သူ နေရာဌာနအသီးသီးမှာ ပြန်လည် အလုပ်ဝင်ရင်း လှည့်ပတ်သွားခဲ့ကြပြီး ထိုအထဲမှာ သူဌေးကတော်ရာထူးနှင့် ဘဝတစ်ခုလုံး ရုတ်ချင်း မြင့်တက်သွားခဲ့သူက အငြိုး ပဲ ဖြစ်လေသည်။

"မမလေး .. ဘကြီးက မမလေးကိုပဲ မေးနေတယ်၊ အိမ်ကို လာလို့တဲ့"

"ဘာ!..."

အငြိုး စိတ်တိုသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်ကဆင်းကာ တံခါးကို နောက်ပြန်ပိတ်ပစ်လိုက်ပြီး လှပသေသပ်သည့် တစ်ထပ်တိုက်ခံ ပျဉ်ထောင်အိမ်လေးဆီ ခပ်ဆောင့်ဆောင့် ခြေလှမ်းတို့နှင့် ...

"အဖေက ဘာဖြစ်နေတာလဲ .."

စားပွဲပေါ်မှာက သူမ ပေးခိုင်းလိုက်သည့် ပိုက်ဆံအထပ်လေးနှင့် ဦးငြိမ်း က အပြင်ထွက်ဖို့ အကျီတောင် ထပ်ဝတ်နေပြီ ဖြစ်၏။

အငြိုး အသံ ကြားကာမှ မထင်မှတ်သည့် မျက်နှာ ဖျတ်ခနဲ လှည့်လာပြီး ပြုံးကျသွားကာ ...

"ငါ့သမီးကိုယ်တိုင် ရောက်လာတာပဲ ..၊ ခုမှပဲ ကိုယ့်သမီးမျက်နှာ မြင်ရတော့တယ်"

တံခါးဝတည်းက အားလုံးကို ဝေ့ကြည့်မိပြီး အငြိုး မျက်နှာလေး တင်းမာနေခဲ့လျက် ...

"သမီးလာတော့ အဖေ့ရှေ့က ပိုက်ဆံအထပ်ပေါ်မှာ ထပ်တိုးသွားမယ် ထင်လို့လား ..၊ ဘာဖြစ်လို့ လာပါ .. လာပါချည်းပဲ ဖြစ်နေရတာလဲ.."

အထဲကို ခြေသံထွက်အောင် တမင်ဝင်လာရင်း ကျွန်းဆက်တီလေးတွေနား ရောက်သွားပေမယ့် မထိုင် ..၊

"ငါ့သမီးကတော့ကွာ .."

ဦးငြိမ်း မျက်နှာ မအီမလည်ဖြစ်သွားပေမယ့် ပြုံးနေဆဲပဲဖြစ်ကာ ကြယ်သီးမတပ်ရသေးသည့်အကျီကို ပြန်ချွတ်၍ ချိတ်နဲ့ ပြန်ချိတ်ထားလိုက်သည်။ ပြီးမှ ...

"အဖေက ပိုက်ဆံထပ်လိုချင်လို့ မဟုတ်ပါဘူး၊ ကိုယ့်သမီးမျက်နှာလေးကို ကြည့်ပြီး တစ်ခါတလေ စကားတွေဘာတွေ ပြောချင်လို့ .."

"တော်ပါတော့ .."

အငြိုး က အနီရောင်ရဲနေသည့် နှုတ်ခမ်းသားတို့ကို မသိမသာ မဲ့ကာ မျက်နှာခပ်လွှဲလွှဲဖြစ်သွားပြီးမှ ...





"ဟောဒီရပ်ကွက်ထဲကို ခြေကို မချချင်ဘူး၊ ကိုယ့်ရပ် ကိုယ့်ရွာ ...ပြီး အငြိုး ကို အကောင်းပြောဖူးတဲ့လူ ရှိလို့လား ..၊ ဟွန်း .. ဆင်းရဲ ...န်းက ဆင်းရဲနေလို့၊ ဆင်းရဲတဲ့မိန်းမတွေ ပြောင်ပြောင်ရောင်ရောင် ...တ်ခွင့် မရှိတော့သလိုလို .. ခုကျတော့လည်း ချမ်းသာသွားလို့ ဘဝမေ့ ...ယ် ဖြစ်ပြန်ရော ..၊ အငြိုး စီးလာတဲ့ကားကို မြင်လိုက်တာနဲ့ ပြန်ထွက် ...ားပြီဆို အဖေ့အိမ်ပေါ်မှာ လူတွေ အိမ်တစ်လုံးပြည့်ရောမို့လား .."

"မဟုတ်တာ သမီးရာ .."

"ဘာလို့ မဟုတ်ရမှာလဲ .. ဖအေကို ကိုယ့်အိမ်မှာ ခေါ်ထားဖော် ...ဘူး၊ ဒီလောက်ချမ်းသာနေတာတောင် တစ်လတစ်လကို ဒီလောက်ပဲ ...းရသလား .. ပြောလိုက်ကြတာမှ စုံလို့၊ အငြိုး ကျောခိုင်းသွားပေမယ့် ...ောက်မှာလည်း နား ရှိသေးတယ် .. မသိဘူး မမှတ်နဲ့၊ အဖေကိုယ်တိုင် ...တ်ဝန်းကျင်နဲ့ရောပြီး ကိုယ့်သမီး အတင်း ပြန်တုပ်တာ .."

"မဟုတ်ဘူး အငြိုး .. ညည်း အဖေ့ကို အထင်မလွဲနဲ့ .."

"လွဲတာ မဟုတ်ဘူး .. သိနေတာ"

"အေးပါ .. သိတယ်ဆိုလည်း ထားလိုက်ပါ၊ အဖေ ရှင်းပြပါ့မယ်၊ ...ာ ထိုင်ဦး .."

"မထိုင်ချင်ပါဘူး ..၊ ပြောစရာရှိတယ်ဆိုတာ ဘာလဲ ..၊ ပြော.."

ဦးငြိမ်း ရင်နင့်သွားခဲ့သည်။ အနီရောင်ပြောင်အိနေသည့်ဝတ်စုံနှင့် ...တည်းက လှပြီးသား သမီးလေးဟာ လက်တစ်လုံးလောက် ဆွဲကြိုး ...ည်ကြီးနှင့် စိန်တွေ တဖျပ်ဖျပ်လက်နေသည့် လော့ကတ်က ရင်ညွှန့် ...ာက်မှာ လွှဲခါနေသည်။

လက်ကောက်ဝတ်နှစ်ဖက်မှာ စက်ဖြတ် လက်ကောက်တွေက ...ည်း စိန်တွေ မဟုတ်ပေမယ့် ပြိုးပြက်လက်နေကာ တစ်ဖက်မှာ ဆ... ...င်းကျော်လောက် ရှိလျက် .. တစ်ဖက်မှာတော့ သုံးကျပ်သားလောက် ...နိုင်သည့် ပန်းဆွဲလက်ကောက်ပြား တစ်ကွင်းနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဖအေဆီ ရောက်လာတဲ့ တစ်ခါတလေတော့ ခဏတစ်ဖြု
လောက် ထိုင်ပါလား သမီးရယ် .."

ကိုယ့်သမီးလေးကို ကြည့်မဝနိုင်သည့် ပီတိစိတ်နှင့် ဦးငြိမ်း က
ထပ်ပြောသည်။ ထိုအခါကျမှ စိတ်မရှည်သည့်မျက်နှာနှင့် အငြိုး က
ဝင်ထိုင်လိုက်သည်။

ပြီးတော့ ခြေချင်းချိတ် ကျောမှီကာ လက်ပွေ့အိတ်ကြီးကို ရင်ခွင်
ထဲမှာပဲ လက်ပိုက်သလို ပွေ့ထားလိုက်ပြီး ...

"ကဲ .. ဘာတွေမို့လို့လဲ .. ပြော .."

မေးလိုက်ရင်း လက်ဖျားလေးနဲ့ ယပ်ခပ်သလို တဆတ်ဆတ်ခါ၍

"အဲကွန်းနဲ့နေတာ ကြာလာတော့ ပူလာရင် မနေတတ်တော့ဘူး"

ရှုံ့မဲ့မဲ့လေး ညည်း၏။ ဦးငြိမ်း က ထိုင်မည်ပြင်ပြီးမှ ပြန်ထက
ယပ်တောင်သွားရှာပြီး သမီးဖြစ်သူကို လှမ်းပေးသည်။ အငြိုး က လက်
လှမ်းလိုက်ပြီး မကိုင်ဘဲ ယပ်တောင်ကို ကြည့်ကာ ...

"ဟင်!... မသာယပ်တောင်ကြီး .. ကျက်သရေယုတ်လိုက်တာ.."

ဟု ပြော၍ လက်ပြန်ရုတ်သည်။ ထို့ပြင် ...

"အောင်မြင်ဖို့ ကြိုးစားနေတုန်း ကျက်သရေယုတ်အောင် မလုပ်
ဘူးတဲ့၊ သမီးဆို အိမ်မှာ အသုဘဖိတ်စာတောင် လက်မခံဘူး၊ လမ်းသွား
ရင်း မသာချလာတာ တွေ့ခဲ့ရင်လည်း အိမ်ရောက်တာနဲ့ ခေါင်းလျှော်ပစ်
ရတယ်၊ ကိုယ့်ယောက်ျားက အလုပ်ကြီးအကိုင်ကြီး လုပ်နေတာ၊ ကိုယ့်
ကြောင့် ထိခိုက်သွားမှာစိုးလို့ .."

"အင်း .. ဟုတ်တော့လည်း ဟုတ်ပါတယ်၊ နေဦး .. အဖေ သွားရှာ
ဦးမယ်"

ဦးငြိမ်း က ကော်ယပ်တောင်တွေရော၊ စက္ကူယပ်တောင်တွေပါ
စုပြုံ ယူလာကာ အထဲမှာ မှောင်နေသောကြောင့် အငြိုး ... ခုံပေါ်မှာပဲ
ချရွေးနေခဲ့၏။





"အဖေ မျက်လုံးမကောင်းဘူး .. ဒီယပ်တောင်လေး ကြည့်ပါဦး၊
...နှာန်းဒေသနာတော်စက်ဝိုင်းပါတော့ .. ရှင်ပြုများလား .."

ထိုင်ခုံပေါ်ကနေ ခြေချင်းချိတ် ထိုင်ရင်း လှမ်းကြည့်ကာ အငြိုး
... တစ်ခုပြီးတစ်ခု ရွေးသည်။

ပြီးတော့မှ ယပ်တောင်တစ်ချောင်း ရသွားခဲ့ပြီး ...

"မဖြစ်သေးပါဘူး .. စားပွဲတင်ပန်ကာလေတစ်လုံးတော့ ဝယ်ပေး
...မှပါ၊ မဖြစ်မနေ လာရတဲ့အကြောင်းတွေက ရှိတော့ ဒီလို ပူနေရင်
...သရော .."

ယပ်တောင် အဆင်ပြေသွားမှ ဦးငြိမ်း က ခုံပေါ်မှာ ဝင်ထိုင်လိုက်
...ကာ ...

"သမီးယောက်ျ မ ကျန်းမာရေး ကောင်းရဲ့လား .."

"အမလေး .. မလိုတာ ရှုပ်နေစမ်းပါနဲ့၊ ဒီမိန်းမကြီးအကြောင်း
...းဖို့ အဖေ သမီးကို ခေါ်တာလား .."

"သြော် .. သမီးရယ် .. ကိုယ့်မှာလည်း အမေ ခေါ်စရာရှိခဲ့တာမှ
...ဟုတ်တာ၊ လိမ္မာအောင် ကလည်း သူ့အမေကို တန်ဖိုးထားတဲ့သား
...ဟုတ်ဘူးလား .. သမီးက သူ့အမေကို ကိုယ့်အမေလို သဘောထားပြီး
...စုပေးလိုက်ရင် သူ့အတွက် ပါရမီဖြည့်ဖက် ဇနီးကောင်းဖြစ်သလို
...ည်းလည်း ကုသိုလ်ရတာပေါ့"

"ဘာလုပ်ဖို့လဲ ..၊ 'ချွေးမဆိုတာ သမီး ဖြစ်မလာဘူး' ဆိုတဲ့ စကား
...ွ ရှိနေသေးရင် ယောက္ခမကရော အမေ ဖြစ်လာမှာလား၊ အမေမှ
...ဟုတ်တော့ အမေလို သဘောမထားနိုင်ပါဘူး .. ပြီးတော့ သူက သမီး
...ို လိုလိုလားလား လက်ခံခဲ့လို့လား ..၊ စိတ်ထားမြတ် လင်နောက်
...က်ပြေးလို့ .. သူ့သားက သေလုမြောပါး ဖြစ်ပြလို့သာ .."

"အဖေပြောတာက .."

"အဖေ့အရက်ဖိုး လောက်အောင် ရဖို့ပဲ ပြောစမ်းပါ၊ အခု သမီး



www.burmeseclassic.com

လစဉ် ပေးနေတဲ့ပိုက်ဆံ နည်းလို့ အဖေ ပိုလိုချင်တာမို့လား ..၊ စဉ်းစာ
ပေးမယ် .. အခုတော့ မရဘူး .."

"အဖေက အရက်သောက်နေတာ မှန်ပါတယ်၊ ဒါပေမယ့် သမီး
ရဲ့ စေတနာသဒ္ဓါတရားမပါဘဲ ဘာကိုမှ မရမက မတောင်းဘူး"

"ဟွန်း .."

ရယ်သလိုမဲ့သလို မျက်နှာလေးနှင့် အငြိုး က ယပ်တောင်တဖျပ်
ဖျပ်ခတ်၏။ ထိုအခါ လက်ကောက်ယံတွေ တချွင်ချွင် မြည်နေကာ

"တစ်သက်လုံးက တောင်းလာခဲ့တာပဲ အဖေရယ် .. ခုမှ လူကြီး
ကောင်းအောင် .."

ဦးငြိမ်း မျက်နှာမှာ ကြေကွဲခြင်းတွေ အရိပ်ထင်လာ၏။ သမီးလေး
ကို းတတ်ပေမယ့် ဘယ်တုန်းကမှ သူ ဒီလောက် မနာကျင်ခဲ့ရဘူးပါ။

ဟိုအရင်တုန်းတည်းက တောင်းခဲ့တယ်ဆိုတာ မှန်ပေမယ့် အရင်
သမီးလေးက ကိုယ့်ရင်ခွင်ထဲမှာ ခိုလှုံ ရပ်တည်နေခဲ့တဲ့အချိန် ..။

အပျိုအရွယ်လေးဆိုပေမယ့် အိမ်ထောင်မကျသေးတော့ ကလေး
သာသာ အရွယ်လေးလို့ပဲ စိတ်က ထင်ခဲ့တာဖြစ်သည်။ အသက်လေး
ငယ်ငယ်မို့ ဘာပြောပြော ဘယ်လို ဆူဆောင့်နေနေ နာကျင်ရမှန်း မသိ
ရင်ထဲမှာ ထိရှသွားတယ်ဆိုတာ မရှိခဲ့ ..။

ခုကျတော့ သမီးသာ တကယ်တမ်း ယူမယ်ဆိုရင် သားနဲ့သမီးနဲ့
ဖြစ်လို့ မိခင်ဆိုတဲ့နေရာကို ရောက်နေရမယ့်အရွယ် ..။

ထို့ပြင် ကိုယ်သည်လည်း ပွဲစော်ခံထိုက်နေပြီ ဖြစ်သ သက်ကြီး
ဘိုးဘွားအရွယ် မဟုတ်ဘူးလား ..၊

နောက်ထပ် ပြောဖို့ရှိတဲ့ စကားတွေက လည်ချောင်းထိ တက်
လာဘဲ အလိပ်လိုက် ပြန်ပြိုဆင်းကုန်၏။

ထပ်ပြောလည်း နောက်ထပ် သာယာနားပျော်ဖွယ်မရှိသည့် စကား
တွေသာ ကြားရဖို့ ရှိသည်မို့ ...





"အေးပါ .. အခု ခေါ်တာကတော့ အရက်ဖိုးမလောက်လို့ မဟုတ်
ပါဘူး၊ အဖေက .."

"ဒီလိုဖော့ .. ညည်းအဖေက မပြောလည်း ငါပဲ ပြောပြလိုက်မယ်"

ဒေါ်သီတာ က ဝဖိုင့်သည့် ကိုယ်ခန္ဓာကြီးကို သယ်၍ ထဘီတစ်စ
ခြ၍ တရင်းတနှီးပြောရင်း ဝင်ချလာ၏။

လူတွေကို ခွင့်မတောင်း ဘာမတောင်းဘဲ ဝင်လာသဖြင့် အစ
ကတည်းက မယဉ်ကျေးခဲ့သော အငြိုး ရဲ့မျက်လုံးတွေက စူးစူးရဲရဲ ထ
ဖြစ်၏။

"ဒေါ်သီတာ က အလုပ်မရှိဘူးလား .."

"ရှိတာပေါ့အေ .. ဒါပေမယ့် ညည်းအဖေအတွက် အဆင်ပြေ
အောင် ပြောပြချင်လို့ ညည်း ရောက်နေတယ်ကြားတာနဲ့ တက်လာရ
တာ .."

ဝင်ထိုင်လိုက်တော့လည်း ဦးငြိမ်း ရဲ့ဘေးမှာ တရင်းတနှီးကြီး..၊

"အဖေက ဘာတွေ အဆင်မပြေ ဖြစ်နေလို့လဲ .."

"ဩော် ... ဒီလိုပေါ့၊ အသက်ကလည်း ကြီးပြီမို့လား .. မနစ်က
ရင်တွေကျပ် .. လေးဖက်နာဖြစ်နဲ့ .. လူက ခပ်ချိချိရယ် ..၊ ပြီးခဲ့တဲ့
အပတ်က နှ ကို၊ မနေ့က တစ်ရက်.. ညဘက် အပေါ့အပါး ထမသွား
နိုင်လို့ ငါ့အိမ်က ဖိုးတိုး ကို လှမ်းနှိုးနေရတာလေ၊ ငါကလည်း ညညဆို
ဒေါ်အိပ်ဂဲ ဘာထားကာပါ၊ အဲဒါ ဖိုးတိုး အိပ်တဲ့ညတွေဆို မဖြစ်ဘူး၊
အိပ်တဲ့ညသူ့ဆို ဖြစ်ပြ .."

"ဘာဖြစ်တာလဲ .."

စိုးရိမ်စိတ်နဲ့မေးတာ မဟုတ်မှန်း မျက်နှာက သိသာနေသဖြင့်
ဒေါ်သီတာ ၏ အားတက်သရော ပြောနေသည့် အမူအရာတွေ ပျောက်
ပျော့သွားခဲ့လျက် ...

"နေထိုင်မကောင်းလို့ပါအေ .."

www.burmeseclassic.com



"အရက်သောက်လွန်တိုင်း အဖေ ဒီလိုပဲ ဖြစ်တတ်တာ၊ မရှိတုန်းကတောင် ရှိသမျှ အရက်ဖိုးပဲ ဖြစ်ခဲ့တဲ့ဥစ္စာ၊ အခု ပိုက်ဆံရှိတိုင်း အရက်တွေချည်း နင်းသောက်နေမှာကို .."

"အငြိုး ရယ် .. ညည်းပေးတာ သူ့ စားသောက်ဖို့အပြင် သိ မပိုလျှံပါဘူးအေ၊ ညစောင့်လေး လုပ်နေရင်တောင် ဟုတ်ဦးမယ် .. အခု ညည်းက မကြိုက်လို့ ဘာမှမလုပ်ဘဲ ထိုင်စားနေတာလေ၊ ငါ ပြောချင်တာက ဖိုးတိုး ကလည်း ငါ့အိမ်မှာ လာကပ်နေရတဲ့ မိဘမဲ့လေး ပါ၊ ကိုငြိမ်း လည်း အဆင်ပြေအောင် ဖိုးတိုး ကို ဒီမှာပဲ ခေါ်ထားပါလား လို့ .. ငါက မကျွေးနိုင်လို့ မဟုတ်ဘူးနော်၊ ကောင်လေးက ဖင်ပေါ့တော ငါ့မုန့်ဆိုင်မှာ အများကြီး အကူအညီ ရပါတယ်၊ ငါက ညည်းအ ညမှုညတာ အဆင်ပြေဖို့ တမင်ပေးတာပါ၊ နောက်ပြီး နေ့ဘက်လည်း ကိုယ် နေထိုင်မကောင်းရင် ချက်ပြုတ် လျှော်ဖွပ်နိုင်းလို့ ရမယ်၊ ကိုယ် အဖေအတွက် ညည်းလည်း ဒီလောက်ဆို လုပ်ပေးနိုင်မှာပါ .."

ဒေါ်သီတာ ပြောသမျှကို စိုက်ကြည့်နားထောင်နေတာ သဘောတူ လက်ခံလို့ မဟုတ်ဘဲ ဘယ်လောက်ထိ စိတ်တိုနေလဲဆိုတာ တဖြည်း ဖြည်း မဲ့ရွဲ့နီရဲလာသည့် အငြိုး ရဲ့မျက်နှာက သက်သေပြနေ၏။

ထို့နောက် သူမက ပြုံးလိုက်ကာ ...

"အဖေ့အတွက် ဒေါ်သီတာ က တော်တော်သိတတ်တာပဲ .. အဟွန်း .. မုဆိုးဖို မုဆိုးမ အိမ်ချင်းကပ်နေလို့ ထင်တယ် .."

"ဘာရယ်အေ့ .."

ဒေါ်သီတာ လည်ပင်းပါ ရှည်ထွက်သွားပြီး မျက်လုံးပြူး၏၊ အငြိုး က ယပ်တောင်တဖျပ်ဖျပ်နှင့် မျက်နှာလေးမော့၍ ...

"လူဆိုတာ နေတတ်အောင် နေဖို့တော့ လိုတယ်၊ အမြင်မတော် လို့ ပြောတာဖြစ်ဖြစ် .. သွေးထွက်အောင် မှန်နေတယ်ထင်လို့ပဲ ပြော ပြော .. စကားကို ပြောလို့ရတိုင်း မပြောရဘူး .."





"ငါက .."

"ပြောပါ .. အခု ကျွန်မနဲ့ အဖေ့ကြားက ပြဿနာလို့ ထင်ရတဲ့ ကိစ္စတစ်ခုအတွက် ဒေါ်သီတာ ဝင်မရှင်းပေးရင် ကျွန်မတို့ ဘာဖြစ်သွား နိုင်လဲ ..၊ ဒေါ်သီတာ ရော ဘာတွေ ထိခိုက်သွားဖို့ရှိလဲ .."

"ညည်းအေ .."

ဒေါ်သီတာ ဇွေ့ဇွေ့ခုန်မတတ် ဖြစ်နေရသည့် ဒေါသများနှင့် ဆတ် ဆတ်နဲ့ ထရပ်၏။ ကိုယ်ကလည်း ဝင်ပါခဲ့မိသည်မို့ စော်ကားခံရရုံအပြင် ...။

"အေးပေါ့အေ .. ငါက မနေနိုင် မထိုင်နိုင် ဝင်ပြောမိပြီကိုး၊ ညည်း လို မိန်းကလေးမျိုးက ဆုံးမခံပါ့မလားဆိုတာ ထည့်တွက်သင့်ရက်နဲ့.."

"နောက်ကို မမေ့မလျော့ ထည့်တွက်ပေါ့ ..၊ ဆုံးမစကားတွေကို က်လွှာချ နားထောင်နေတတ်တဲ့လူမျိုးထဲမှာ ကျွန်မ မပါဘူးဆိုတာ ည်း ထည့်တွက်ဖို့ မမေ့နဲ့ ..၊ ကျွန်မစီးတဲ့မြင်း အထိုးမှန်း အမမှန်း ကျွန်မ သိတယ်၊ အဲဒါကြောင့် ကျွန်မအတွက် ဆရာ မလိုဘူး၊ ပြော ိုင်း ခေါင်းညိတ် .. နိုင်းလို့ကောင်းတဲ့ ကျွန်မပဲ လိုတာ .."

"တောက်!..."

"ဟွန်း .."

ဝုန်းဒိုင်း ...ပြီး ဆင်းသွားသည့် ဒေါ်သီတာ ကို မျက်စိတစ်ဆုံး ိုက်ကြည့်နေပြီးမှ အငြိုး က ကိုင်ထားသည့်ယပ်တောင်ကို အသာလေး ချသည်။

ပြီးတော့ လက်ပွေ့အိတ်ကိုကိုင်၍ နေရာမှထရပ်လိုက်ကာ ဒီတိုင်း ောက်ဆိတ်စွာ ထိုင်နေသည့် ဦးငြိမ်း ကို ငုံ့မိုးကြည့်သည်။

"အဖေက အခိုင်းအစေနဲ့ နေချင်တယ်ပေါ့ ..၊ အဲဒါကို ဘာဖြစ်လို့ တ်ဝန်းကျင်နဲ့ ပြောခိုင်းရတာလဲ .."

"မပြောခိုင်းပါဘူး သမီးရယ် .. ခုလည်း အဖေက ပြောဖို့လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



စိတ်မကူးပါဘူး ..''

''ဟွန်း .. အငြိုး ဆိုတဲ့မိန်းမ အခု အတင်းတုပ်စရာ ပါသွားပြန်ပြီ လေ၊ လမ်းဘေးမှာ ရပ်ထားတဲ့ကား ပြန်မထွက်ရသေးခင် အဲဒီသတင်း တစ်ရပ်ကွက်လုံး ပျံ့နေမှာပဲ ..''

''ညည်းစိတ်က ထင်နေတာပါ သမီးရယ် .. ပတ်ဝန်းကျင်က အထင်တကြီးဖြစ်ပြီး ကြည့်ကြတာပါ''

''တော်ပါတော့ အဖေ ..၊ အထင်ကြီးတဲ့မျက်လုံးတွေလား .. ကဲ့ရဲ့ နေတာလေးဆိုတာတော့ သမီး သိပါတယ်၊ ဘာဖြစ်လဲ .. သူဌေးနဲ့ညား သွားပြီး လိုက်သွားတယ်၊ ဖအေကို ခေါ်မထားဘူး .. အဲဒါရော ဘာဖြစ် လဲ ..၊ အခု အဖေ့ကို အိမ်ပြင်ပေးထားတယ် .. လစဉ် ထောက်ပံ့တယ် အဲဒါ သမီးက ပတ်ဝန်းကျင်ကိုကြောက်ပြီး ပေးနေတယ် ထင်လို့လား..

ဦးငြိမ်း သက်ပြင်းရှည်ကြီးချကာ ခေါင်းငုံ့သွားခဲ့၏။ သမီး မျက် နှာလေးကို မြင်ချင်လွန်းလို့ ပိုက်ဆံပေးပြီး လှည့်ပြန်သွားမယ့်ဟာကို အိမ်ပေါ်ရောက်လာအောင် ခေါ်လိုက်မိသည်။

ဒီလိုလုပ်လိုက်မိသည့်အတွက် သမီးကို အပြစ်တွေ ခေါ်ပေးမိသလို ဖြစ်ခဲ့ပြီလား ..၊

လူကြီးမိဘအပေါ် ပြောမှားဆိုမှားတွေ ဖြစ်ပြီးရင်းဖြစ်ကာ ပတ် ဝန်းကျင်က သမီးလေးကို ကဲ့ရဲ့ကြတော့မည်။

အငြိုး ကတော့ ဦးငြိမ်း ခေါင်းငုံ့နေလေ .. ဝန်ခံနေသည်လို့ထင်ပြီး ဒေါသတွေထွက်လေ ..၊

''အဖေ့လုပ်စာကို သမီး ဘယ်တုန်းကများ ငြိမ်းချမ်းစွာ စားသုံး ခဲ့ရလို့လဲ ..၊ အမေမရှိတဲ့ သမီးလေးဆိုပြီး အဖေ ပိုပြီး ဂရုစိုက်ခဲ့တာရော ဘာရှိခဲ့လဲ ..၊ သမီးအလှည့်ကျတော့ အခုကစပြီး အဖေ့ကို မသေမချင်း ကျွေးမွေးထောက်ပံ့သွားရမှာပါ့ရော .. အဲဒါကျတော့ ပတ်ဝန်းကျင်က မြင်ကြသလား၊ အဲဒီပတ်ဝန်းကျင်ကို အရမ်း မုန်းတယ် .. အရက်တွေ





တစ်သက်လုံး သောက်လာခဲ့ပြီး အရက်သမားသရုပ်နဲ့ သမီး ဂုဏ်သိမ် သိုးငယ်အောင် လုပ်ခဲ့တဲ့ အဖေ့ကိုလည်း သမီး ဒီ့ထက် ဘာမှ ပိုမပေးနိုင် ဘူး .. အဲဒါ အရှင်းဆုံး ပြောတာ ..''

''အေးပါ .. အေးပါ .. ကဲ .. အဖေက ရပါတယ် .. ညည်း ပြန် သော့လေ၊ ဒရိုင်ဘာ စောင့်နေရတာ ကြာရောပေါ့ ..''

''ပြန်မှာပါ .. အဖေ နှင်ထုတ်ဖို့ မလိုပါဘူး''

''နှင်တာ မဟုတ်ပါဘူး သမီးရယ် .. အဖေ့သမီးကို အဖေ တစ် သက်လုံး ကျွေးမွေးစောင့်ရှောက်လာခဲ့တာပဲ ..၊ ခုလို အကြာကြီး ခွဲနေ ကြပြီးမှ တစ်ခါတလေလေးလာတာ ဘာဖြစ်လို့ နှင်ရမှာလဲ ..''

''ပြောသေးတယ်နော် .. တစ်သက်လုံး စောင့်ရှောက်လာတယ်ဆို တာကို ..''

အငြိုး က မျက်နှာလေးမော့၍ ပုံဖော်ပြီး သေချာချထားသည့် နဖူး ဆံပင်တွေကို တယုတယ ပွတ်ထိ ကိုင်တွယ်ရင်း ...

''နောက်ကို ဒီရပ်ကွက်ထဲကိုရော .. အဖေ့ဆီကိုရော သမီး လုံးဝ မလာဘူး၊ ပိုက်ဆံ ဒရိုင်ဘာနဲ့ ပို့ခိုင်းလိုက်မယ် ..''

''သမီး မလာချင်လည်း အဖေ လာခဲ့မယ်လေ ..၊ တို့သားအဖ စ်ယောက်ပဲ ရှိတာ .. ပြတ်ပြတ်တောက်တောက်ကြီးတော့ မနေပါနဲ့''

အမြဲတမ်းလည်း အိမ်ထဲကိုတော့ ဝင်ခဲပါသည်။ ပိုက်ဆံပေးတဲ့လူ လာပြီဆို ကားပေါ်မှာ သမီးပါလာမှန်း သိလိုက်သဖြင့် သူသာ အိမ်ထဲ ာနေ ဟိုတံခါးက ပြေးချောင်း၊ ဒီတံခါးက လိုက်ကြည့်နှင့် အရိပ်လေး ပဲ မြင်ရရင်လည်း ကျေနပ်ခဲ့ရသည်။

လုံးဝ မမြင်မတွေ့ရဘူးဆိုလျှင်တော့ ...

''မတွေ့တာပဲ ကောင်းပါတယ်၊ တွေ့ကြရင် သမီးကလည်း ပြော နိုင်တာ ပြောမှာ .. အဖေကလည်း အရက်သမားမျက်နှာကြီးနဲ့ ပြော သမျှ ခေါင်းငုံ့ခံ .. အဲဒီတော့ သမီးပဲ အပြစ်ဖြစ်ရမှာ၊ ဟိုတုန်းကညည်းက



www.burmeseclassic.com

www.burmeseclassic.com



သမီး ဘယ်လိုနေနေ .. အရက်ကလွဲပြီး အဖေ ဘာမှ စိတ်ဝင်စားခဲ့တာ မဟုတ်ဘဲနဲ့ ခုကျမှ လုပ်မနေပါနဲ့ ..''

စိန့်တွေ ရွှေတွေနဲ့ ပြောင်ပြောင်လက်လက် ဖြစ်နေကာမှ ကြည့်မဝဖြစ်နေတာမျိုးပဲ နေမှာပေါ့ ..၊

ကိုယ့်အတွေးနှင့် ကိုယ် အငြိုး က မဲ့လိုက်ပြီး ...

''သမီးဆီလည်း မလာနဲ့ ..၊ အဖေ အရက် လုံးဝ ပြတ်သွားရင်တော့ တစ်မျိုးပေါ့''

ဘယ်တော့မှ ဖြစ်နိုင်မှာ မဟုတ်မှန်းသိလို့ ဒီတိုင်းပြောပြီး ထွက်ခဲ့သည်။

ဦးငြိမ်း သမီးရဲ့ကျောပြင်လေး ပျောက်ကွယ်သွားသည်နှင့် မျက်ရည်ပေါက်ကြီးတွေ တလိမ့်လိမ့် စိမ့်ထွက်လာကြ၏။

ဒါကို သမီး မြင်ရင် ပြောဦးမှာလား ..၊

အရက်သမားပီပီ ငိုလွယ်ရယ်လွယ် အရှက်မရှိဘူး .. လို့ ..၊





## အခန်း (၁၈)

''ဘာလုပ်မှာလဲ အငြိုး ..၊ အစတုန်းက တခြားကို တစ်ခါတည်း ပြောင်းလိုက်ကြရင်လည်း ဟုတ်သေးတယ် ..၊ အခု ဒီမှာပဲ အခြေကျနေဘာမှ ...''

''အခြေကျတယ်ဆိုတာ ကိုယ်ပဲ အခြေချခဲ့တာပါ မောင်ရယ် ..''

''ဟုတ်တယ်လေ.. အဲ့ဒါလည်း အငြိုး ရဲ့သဘောကျ မောင် ခေါင်းညိတ်ခဲ့တာပဲ၊ အငြိုး ပဲ ဒီလောက်တောင် အထင်မြင်သေးခံခဲ့ရတဲ့မြို့မှာ ကိုယ့်အကြောင်း သိသွားအောင် နေပြချင်သေးတယ်ဆို ..''

''အခု ကျေနပ်သွားပြီလေ မောင်ရဲ့ ..''

ကလေးဆန်လွန်းသည့် အငြိုး ကို ကြည့်၍ လိမ္မာအောင် က ပြုံးသည်။ ပြီးတော့ အနားမှာ ပူးကပ်လျှဲနေသော ဖနီးလေးကို တယုတယ ဒက်ထားလိုက်ရင်း ...

''အငြိုး မြို့တက်ပြီး စီးပွားရေး လုပ်ချင်တယ်ဆိုတာ ထားဘို့ လင်မယားကို အားကျနေလို့မှန်း မောင် သိတယ် ..''

''ဟုတ်တယ် .. အဲဒါရောပဲ ...၊ ပြီးတော့ ထား လိုမိန်းမကိုတောင် သူ့ယောက်ျားက ဖူးဖူးမှုတ် အလိုလိုက်ထားတယ်ဆိုရင် မောင်က အငြိုးကို ဘာဖြစ်လို့ မလိုက်လျောရမှာလဲ ..''



www.burmeseclassic.com

www.burmeseclassic.com



မွေ့ရာအစပ်မှာ လိမ္မာအောင် က ထိုင်နေတာဖြစ်ကာ အငြိုး က မွေ့ရာပေါ်မှာ လှဲနေရာကနေ သူ့ခါးကို နောက်ကနေ ဖက်ထားတာဖြစ်သည်။

ထိုပြင် လက်မောင်းကို ဆွဲလှုပ်လိုက် .. ကျောပြင်ကို ပွတ်သပ်နေလိုက်နှင့် နှုတ်ခမ်းလေး စူထားတာကလည်း အသည်းယားစရာ ကောင်းနေ၏။ ဇနီးဖြစ်သူကို ပြန်ငုံ့ကြည့်ရင်း နဖူးပြင်လေးကို ဖွဖွလေး ပွတ်သပ်ပေးမိ၏။

"အငြိုး ရယ် .. မောင် ပြောတာက .."

"ဟင့်အင်း .. ထား က အငြိုး နဲ့အပြိုင် ဖြစ်ခဲ့ဖူးတဲ့သူ ..၊ သူ့ကို ယူပြီးတာနဲ့ ဆေးလိပ်ခုံကိုတောင် ဖျက်ပစ်လိုက်သေးတယ်၊ ကံကြမ္မာက အငြိုး ဘက်မှာ ရှိနေလို့ပေါ့.. မဟုတ်ရင် အငြိုး ဘယ်လောက်ထိ ရှုံးပြန်သွားမလဲ .."

"အပြိုင်မဟုတ်ဘူးလို့ မောင်တော့ ထင်တာပဲ၊ ဘာဖြစ်လို့လဲဆိုရင် အငြိုး နဲ့ ထား က ဘာမှမှ မဆိုင်တာ .."

"ဘာ!... ဘာမဆိုင်တာလဲ .."

'အရိုင်းနဲ့ အယဉ် ဘာမှမဆိုင်ပါဘူး' ဆိုသည့် စကားတွေ ကြားရလွန်းတော့ အငြိုး ဒေါကန်သွားမိသည်။

ကိုယ့်ယောကျ်ားကိုယ်တိုင်က ဒီလိုမျိုး ပြောနေတာလား ..၊

"မဆိုင်ဘူးဆိုတာက ထား က အငြိုး လောက်မှ မလှတာ၊ အချောအလှ သတင်းကြီးတာက အငြိုး ပါကွာ ..၊ နောက်ပြီး အငြိုး ပဲ ပြောတယ်လေ .. အငြိုး နဲ့ ညားချိန်တန်လို့ မောင်တို့က ချမ်းသာလာခဲ့တာဆို .."

"အဲဒီတော့ ဘာဖြစ်လဲ .."

"သူ့ ကံကောင်းသလို အငြိုး လည်း ကံခေတာမှ မဟုတ်တာ ..၊ သူတို့က မြို့မှာ ချမ်းသာတယ်၊ မောင်တို့က ကိုယ့်နယ်မှာ ကိုယ် ချမ်း





သာတယ် .. ဘာမှ မကွာပါဘူး"

"ဟာ .. ကွာတာပေါ့ မောင်ကလည်း .."

အငြိုး က ကိုယ်ပေါ်ကစောင်ကို ခွာ၍ လှဲနေရင်းကနေ လူးလဲထကာ လိမ္မာအောင့် ပခုံးတစ်ဖက်မှာ နောက်ကနေ မေးဖျားလေး လှမ်းတင်၍ ...

"မြို့ကြီးက သူဌေးနဲ့ နယ်ပိုင်းက သူဌေး တူကို မတူဘူး၊ နောက်ပြီး ဟိုမှာဆို နိုင်ငံခြားဈေးကွက်တွေဘာတွေထိ မောင် ခြေလှမ်းကျဲလို့ရတယ်လေ ..၊ တောမှာ ဘာရှိလို့လဲ .. တစ်ဆိတ်ရှိ ဒီလူ ဒီမျက်နှာတွေနဲ့ အကြီးဆုံးလုပ်ငန်းက ရှုပါမားကတ်လောက်ပဲ .."

"ဒါကတော့ .."

"မောင် တစ်ခုခု ပြောရှင်းဖို့ချည်းပဲ ကြိုးစားမနေပါနဲ့၊ အငြိုး က မောင့်ကို အပြစ်တင်နေတာ မဟုတ်ဘူး .. ဇနီးမယားက လိုချင်တာ တစ်ခုခုဆိုရင် သူ့ယောကျ်ားကိုပဲ ပူဆာမှာ မဟုတ်ဘူးလား၊ အငြိုး ဖြစ်ချင်တာကို မောင် လိုက်လျောဖို့ပဲ ပြောနေတာ့၊ ထား တို့ လင်မယားဆို ရန်ကုန်ကို ပြန်သွားလိုက် .. မြစ်ကြီးနားကို ပြန်လာလိုက် .. အချိန်မရွေး လေယာဉ်လေးနဲ့ ရွှတ်ခနဲပဲ .."

"လေယာဉ်နဲ့ပဲ သွားမှ အဆင်ပြေမယ့်လမ်းပဲ အငြိုး ရယ် .."

"လေဆိပ်ကနေ သွားကြိုနေရတဲ့ကားတွေလည်း ကြည့်ပါဦး၊ အရှိန်အဝါကြီးမားတဲ့ပုဂ္ဂိုလ်တွေ ကြွချီလာတာကျနေတာပဲလေ၊ လေယာဉ်ပေါ်ကဆင်းလည်း အထိန်းတော်၊ အချီတော်တွေက အဆင်သင့်၊ အဲဒါတွေက မြို့က သူဌေးဆိုတဲ့ လူတန်းစားတွေရဲ့ ဟန်ပန်အဆင့်အတန်းပဲ၊ မြို့ကြီးသူ မြို့ကြီးသားတွေ ကံဖန် ဇိမ်ခံတယ်၊ ကောင်းကောင်း နေတယ်၊ ကောင်းကောင်း စားတယ်၊ တောနယ်ဆိုရင် သေလောက်အောင် ချမ်းသာလည်း ဘယ်ဟာသုံးသုံး တန်တယ် .. မတန်ဘူးနဲ့ တိုတိုထွာထွာ တိုင်းတာနေကြတာ .."



www.burmeseclassic.com

www.burmeseclassic.com



အငြိုး ပြောနေပုံလေးကို ကြည့်၍ လိမ္မာအောင် က ချစ်စနိုးအပြုံးနှင့် ပင့်သက်ရှိုက်သည်။

"အဲဒီလို နေထိုင်ကျင့်ကြံတဲ့လူကျတော့ အငြိုး ဘယ်လောက်ထိ ကဲ့ရဲ့ခံနေရသလဲ မောင် မမြင်ဘူးလား၊ ဘာပဲပြောပြော.. အငြိုး မျက်လုံးထဲမှာ သူတို့အိမ်ထောင်ရေးကိုပဲ စွဲနေတယ်၊ အထူးသဖြင့် ထား ထက်တော့ သာမှဖြစ်မယ် မောင်.. မောင်တို့သားအမိ လျှို့ထားတာပါ.. အငြိုး သိတယ်၊ အဲ့ဒါ ပတ်ဝန်းကျင်ကို ဂရုစိုက်နေတုန်းကလေ .. အခု အငြိုး တို့လည်း လုပ်ငန်းပိုင်ရှင်တွေ ဖြစ်နေကြပြီ၊ မြို့မှာ ဒီ့ထက်ကြီးတဲ့လုပ်ငန်းတွေ ထူထောင်ခွင့် ရှိနေပြီလေ .. မဟုတ်ဘူးလားလို့ .."

လိမ္မာအောင် က ရယ်လိုက်ရင်း သူမကို ငဲ့ကြည့်လိုက်သဖြင့် နဖူးပြင်လေးနဲ့ သူ့ပါး ထိကပ်သွား၏။

ဒါလေးကိုပဲ သူ့မှာ ကြည်နူးနေမိလျက် ...

"မောင်တို့က ကုန်သည်တွေပဲ အငြိုး ရယ် .. ကုန်သည်ဆိုတာလည်း ရိုးရိုး စီးပွားရေးလုပ်ငန်းတစ်ခု ပိုင်ဆိုင်ထားတာမျိုးထက် အများကြီး သာပါတယ်၊ မောင်တို့ ပတ်ဝန်းကျင် တောပိုင်းက ကောက်ပဲသီးနှံစိုက်ပျိုးရေးသမားတွေအားလုံး မောင်တို့နဲ့ ဘယ်သူမှ မကင်းနိုင်သလို ကျယ်ပြန့်တဲ့ လွှမ်းမိုးမှုတစ်ခုတော့ ပိုင်ဆိုင်နိုင်တာပဲ မဟုတ်ဘူးလား.."

"အငြိုး ကတော့ .."

"အငြိုး ကို မောင် နားလည်တယ် .. ဒါပေမယ့် ဦးကောင်းမှူးလို မြို့ကြီးမှာတက်ပြီး ကြီးကျယ်ခမ်းနားတဲ့ စီးပွားရေးတွေ ထူထောင်ဖို့က ငွေရှိနေရုံနဲ့ မဖြစ်ဘူး .. နိုင်ငံခြားထိ ပေါက်ရောက်အောင် ဖြစ်ဖို့ဆိုပိုပြီး ခက်ခဲဦးမယ်၊ ဘာဖြစ်လို့လဲဆိုတော့ မောင်က အမြဲတမ်း ကိုယ့်မြို့လေးမှာ ကိုယ် စက်ဘီးတစ်စီးနဲ့ပဲ ခြေဆင်းလာခဲ့တဲ့သူ၊ ဦးကောင်းမှူးက ငယ်ငယ်တည်းက မြို့ကြီးပေါ်မှာ ကိုယ့်ကားကိုယ်မောင်းပြီး လူကုံထံတွေ ကြားမှာ ကျက်စားလာခဲ့တာ၊ သူ့လို ဘာသာစကားတွေလည်း





ောင် မကျွမ်းကျင်ဘူး၊ မြို့ရဲ့နယ်ပယ်မှာ အရင်ဝင်ဆံ့အောင် လုပ်ဖို့ ောင် အချိန်ယူရဦးမှာ .."

သူ ရှင်းပြနေသမျှ ဒေါသတွေ ကြိတ်ဖြစ်နေရတာက အငြိုး ဖြစ် ည်။ စိတ်ထားမြတ် က ဒီလိုလူကို ပိုင်ဆိုင်သွားခဲ့ပြီး သူမကတော့ ာဖြစ်လို့ ဒီလောက်နဲ့ပဲ ပြီးခဲ့ရတာလဲ ...။

ပြီးသွားခဲ့တာတွေကို သတိမရချင်ပါ။ ခေါင်းထဲကို ရောက်လာ ိုင်း ဖြစ်ရတဲ့ ခံခက်ခြင်းဝေဒနာက ဘာနဲ့မှ မတူ ...၊

ထား တို့ လက်ထပ်သွားပြီး မကြာခင် ဆေးလိပ်ခုံကို ဖျက်သိမ်း ခဲ့သည်။ တစ်ချိန်တည်းမှာ ရရှိလိုက်သည့်သတင်းက လိမ္မာအောင် တို့ သားအမိအတွက် သေသွားသည့်ဖခင်က အမွေအနှစ်တွေ ပေးထားရစ်ခဲ့ သည့်အကြောင်း ...၊

ထို့ကြောင့် သူမကပဲ ကြိုးစားခဲ့ရတာ ဖြစ်သည်။

ကြွားဝါနေကြတာမျိုး မဟုတ်ပေမယ့် လိမ္မာအောင် တို့ သားအမိ ၏ ခြေဆန့်လာသည့် စီးပွားရေးခြေလှမ်းတွေကြောင့် ဒီသတင်း အမှန်ပဲ ဆိုတာ အတည်ပြုရင်း ဒေါ်ယဉ်မေ လက်ခံသည့် ချွေးမဖြစ်အောင် သူမ ကြိုးစားခဲ့သည်။

အထူးတလည် စည်းရုံးဖြားယောင်းခဲ့ရတာတော့ မဟုတ်ပါ။ ဒါပေမယ့် အငြိုး ကို လက်မခံနိုင်သော မလိုလားခြင်းက ရင်ထဲမှာ အမာရွတ် ထင်၏။

ဒါကြောင့် ဒီမိန်းမကြီးကိုလည်း မုန်းသည်။ ကိုယ့် ဘာလုပ်လုပ် ျက်လုံးဒေါက်ထောက်ကြည့်ပြီး ကဲ့ရဲ့ခြင်းတွေသာ ဖြစ်လာတတ်သည့် ပတ်ဝန်းကျင်ကိုလည်း မလိုချင် ...။

အငြိုး ရင်ထဲမှာ ဘယ်အရာ ...၊ ဘယ်လိုလူကိုဖြစ်ဖြစ် ချစ်ခြင်းဆို ာ တစ်စိုးတစ်စိမှ မဖြစ်ခဲ့ဘဲ အမုန်းတွေသာ ရှိခဲ့လေသည်။ သူမ ဒေါသ တွေကို လိမ္မာအောင် က ဘာမှမသိခဲ့ဘဲ အငြိုး ရဲ့ ပခုံးလေးကို ဖက်



www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်ကာ ...

"ဒီမှာပဲ .. အငြိုး ကြိုက်တာ လုပ်ပါကွာ .. မင်းယောက်ျားက တောသားရယ်၊ ဟိုးအဝေးကြီး မော့ကြည့်ပြီး အရမ်းတွန်းတင်မပေးပါနဲ့ .. တော်ကြာ အကျနာပြီး ခါးကျိုးလိမ့်မယ်"

ပြောပြီး ရယ်လိုက်သေးသည်။ သူကတော့ လင်မယားချင်းမို့ ပြောတာပေမယ့် ဒီစကားတွေကြားလေ .. သူ့အပေါ် အထင်သေးခြင်းတွေပဲ ဖြစ်လေ ရှိနေသော အငြိုး ကတော့ နှုတ်ခမ်းလေးမဲ့နေခဲ့လျက် ...၊

"မြို့တက်ပြီး စီးပွားရှာတာ ငွေရှိဖို့ပဲ လိုတာပါ မောင်ရယ် .. ကိုယ့်မှာ ငွေရှိမှန်းသိရင် လက်တွဲခေါ်ချင်တဲ့လူတွေ ပေါ်လာမှာပါ၊ မောင် မှန်မှန်ပြော .. လက်ထဲမှာ ရှိထားသလောက် မောင် အားလုံးကိုင်ရတာ မဟုတ်ဘူးမို့လား .."

"လာပြီ .. ငါ့မိန်းမကတော့၊ ဘာစကားပြောပြော .. ဒါ မပါရင် မပြီးဘူး .."

"မောင်ကရော ရေလည်အောင် ဖြေခဲ့ဖူးလို့လား ..၊ အခုထိ မောင်တို့သားအမိရဲ့ လျှို့ဝှက်မှုတွေကို အငြိုး သေချာ ဘာမှ သိခွင့်ရခဲ့တာ မဟုတ်ဘူး"

ဒါကိုပဲ မေးနေရတာက မေးတိုင်း မပြောပြခဲ့လို့ပဲ ဖြစ်သည်။ လိမ္မာအောင် ကို ရအောင်ယူတော့မည်လို့ သူမ ကြိမ်းဝါးကတည်းက နီလာ့ အစ်မက ရယ်သလို နောက်သလိုနှင့် ပြောခဲ့ဖူး၏။

"သားလိမ္မာတွေက လင်ကောင်း ဖြစ်မလာတတ်ဘူးနော် .. လိမ္မာရေးခြားရှိလိုက်တာဆိုပြီး သိပ်အထင်မကြီးနဲ့ဦး ..၊ သူတို့ လိမ္မာနေတာ ကိုယ့်အတွက် မဟုတ်ဘဲ ဖြစ်နေမှ ပေးစာကမ်းစာ စားနေရလိမ့်မယ်.."

"အဲဒီလို အငြိုး ဖြစ်မလား စောင့်ကြည့်ပါဦး မမညို ရယ် .. ကျွန်မက ရာဇဝင်သစ်မှာ နာမည်တွင်ရစ်မယ့် မိန်းမ"လို့ သူမ ပြန်လည်ချေပခဲ့တာတွေ ...၊





ဒါတွေကို ပြန်တွေးကြည့်တော့ ခုနေသာ ဒီစကားတွေ ပြန်ပြောဖြစ်လျှင် 'ကိုယ့်လေလုံးနဲ့ကိုယ် ပိပြားနေဦးမယ်'လို့ မမညို ပြောပြီး ရယ်နိုင်၏။

သူမ ဖြစ်ချင်တာ ဘာများ ဖြစ်ခဲ့သေးလို့လဲ ..၊ ဒါပေမယ့် ...

"မောင်က မောင့်ပစ္စည်းတွေကို အငြိုး ထင်သလို သုံးစွဲပစ်မှာစိုးလို့လား .. ဟင် .."

မေးခွန်းကို ခါးလယ်က ဖြတ်မေးလိုက်သဖြင့် ရှေ့က အားလုံးဟာ အငြိုး သိပြီးသားတွေလို သဘောရောက်သွားခဲ့၏။

ထို့ကြောင့် လိမ္မာအောင့် ကို ရိုက်စစ်ဖို့ မလိုတော့ဘဲ ...

"မဟုတ်ပါဘူး အငြိုး ရယ် .. မောင်တို့မှာ မိဘအုပ်ထိန်းသူ ရှိနေတဲ့ဟာ .. အမေ့ကိုပဲ အပ်ထားရတာပေါ့၊ အခု မောင် လုပ်နေသမျှ စီးပွားရေးတွေ၊ အဲဒီက ဝင်ထွက်သမျှ လည်ပတ်ငွေအားလုံး .. ဒါတွေကို အငြိုး ကိုင်ထားတာပဲ မဟုတ်ဘူးလား .."

ဒေါ်ယဉ်မေ့ လက်ထဲမှာ ပစ္စည်းတွေ ကျန်သေးတယ်ဆိုတဲ့အချက်ကို အငြိုး သေချာ သိလိုက်ရ၏။

မိဘအုပ်ထိန်းသူ ဟုတ်လား ..၊ ဘာအုပ်ထိန်းသူလဲ ..။

ဒီမိန်းမကြီးက အရူးသာသာပဲရှိတဲ့ မျက်မမြင်ကြီး ...၊

ဒေါ်သက လူးလွန့် ခေါင်းထောင်လာကာ ...

"အငြိုး ကို မောင်က မယုံဘူးနော် .."

ဒေါ်သကို သိမ်းဆည်းကာ မောင့်ရင်ခွင်ထဲမှ ပါးလေးနဲ့ ဖိကပ်တိုးတိုက်၍ ကြေကွဲသံလေးနဲ့ ဆိုမိသည်။ ထိုလေသံထဲမှာ ဒေါသ၏ အရိပ်ငွေ့ လုံးဝ မပါစေခဲ့ဘဲ ...

"အမေကလည်း အငြိုး ကို အစတည်းက လိုလားခဲ့တာမှ မဟုတ်တာ၊ ထား က တခြားလူနဲ့ ပါသွားလို့သာ .."

"မဟုတ်တာ အငြိုး ရာ .. ထား ကို သမီးလေးလို မွေးရလို့



www.burmeseclassic.com

www.burmeseclassic.com



ပို့ပြီး သံယောဇဉ်ဖြစ်ခဲ့တာ ရှိရင် ရှိမယ်၊ အငြိုး့ က မောင် သိပ်ချစ်တဲ့ ဇနီး .. သူ့ရဲ့ချွေးမလေးလေ ..၊ ပြောရရင် ထား ကလည်း တစ်မိမ်းလူပဲ ကွာ .. ဟိုးအရင်အစက လွှမ်းရင် လွှမ်းနေလိမ့်မယ်၊ အခု မတွေ့ဖြစ်ကြ တာလည်း ကြာပြီ၊ အငြိုး ကချည်းပဲ ပြုစုလာခဲ့ရတဲ့ နွေးထွေးမှုတွေက အနိုးကပ်ပဲ၊ ထား နေရာမှာ အငြိုး ဖြစ်နေလောက်ပါပြီ .."

ဒီကများ ထား နေရာကို ယူဖို့ ကြိုးစားနေတယ် ထင်လို့လား မောင် ..၊ အငြိုး ရဲ့ရာဇဝင် ပျက်သွားမှာပေါ့ ..။

ရင်ထဲမှာ ဒေါသတွေနဲ့ တွေးမိတိုင်း အငြိုး ရဲ့အသံလေးက ပို၍ ပို၍ နွဲ့ကျသွားခဲ့လျက် ...

"လက်တွေ့ ဖြစ်နေတာတွေက သက်သေပါပဲ မောင် ရယ် ..၊ အငြိုး အမေ့ကို ဘယ်လောက်ထိ ပြုစုခဲ့သလဲဆိုရင် ကိုယ့်အဖေ တစ်ယောက်လုံးကိုတောင် ပစ်ထားသလို ဖြစ်နေခဲ့တာပါ၊ ဘာဖြစ်လို့လဲ ဆိုတော့ အမေက ဝေဒနာသည်လေ .."

"ကျေးဇူးတင်ပါတယ် အငြိုး ရယ် .. အမေ့အခြေအနေက အခုံ မျက်လုံးကွယ်သွားတော့ ပိုဆိုးတယ် ..၊ အဲဒါကြောင့် အမေ့ကို မောင် အရမ်းသနားတယ် .. အားငယ်သွားမှာလည်း စိုးလို့ အမေ့လက်ထဲမှာ ကိုင်ထားတဲ့ပစ္စည်းကိုတော့ ထပ်တောင်းပြီး ဘာမှ မသုံးဘူးလို့ ဆုံးဖြတ် ထားတာ .."

တကယ့် သားလိမ္မာကြီးပါလား ..၊

ရင်ခွင်ထဲမှာ နွဲ့လျစွာ မှီတွယ်နေသည့် အငြိုး နှုတ်ခမ်းလေး ညွတ်ခနဲ မဲ့သွား၏။

"ဟိုတုန်းက အမေ ပြောဖူးတဲ့ စကားလည်း ရှိတယ် အငြိုး ရဲ့..၊ လူကြီးဖွေ အသက်ကြီးသွားတဲ့အခါ အိုစာမင်းစာလေးမှ မရှိရင် သား သမက် မြေး မြစ်ကတောင် မလေးစားဘူးတဲ့၊ အဲဒါကြောင့် ဒီတိုင်းသာ ဆင်းဆင်းရဲရဲနဲ့ ဘဝဆုံးရမယ်ဆိုရင် တွေးတောင် မတွေးရဲဘူးတဲ့၊ ဒါ





ကို ထောက်ကြည့်ပြီး အမေ့ကို စိတ်ချမ်းသာမှုလေး ရှိနေစေချင်တာ.."

"အငြိုး ရဲ့အဖေကတော့ ဒီလို လောဘတွေ မရှိဘူးထင်တယ်၊ မှ မပြောဖူးဘူး .."

"လောဘတော့ ဘယ်ဟုတ်မလဲ အငြိုး ရယ် .. အိုမင်းတဲ့အခါ မရှာမဖွေနိုင်တော့ဘူးလေ၊ ဝင်ငွေရှိဖို့ဆိုတာလည်း မဖြစ်နိုင်တော့ .. ဒီလို ပူပန်တာ သဘာဝကျပါတယ်၊ အငြိုး ရဲ့ အဖေလည်း ကျားမို့သာ မိန်းမသားတွေလောက် ထောင့်စေ့အောင် မပူပန် ဆိုတတ်တာရှိရင် ရှိမယ် .. သူလည်း တွေးမိနေမှာပါ၊ အဲဒါ ကြောင့် မောင်က ပြောတာ .. သူလည်း တစ်ယောက်တည်းနေရတာ၊ ပဲ မိသားစုလို အတူတူ ခေါ်ထားပြီး နေလိုက်ကြရအောင်လို့ .."

"အို .. မဟုတ်တာ မောင်ကလည်း .. မုဆိုးဖိုနဲ့ မုဆိုးမ .. ပတ် ကျင်က ဘာပြောကြမလဲ .."

"နေရာတကာ ပတ်ဝန်းကျင်ကိုချည်း ထည့်တွက်နေဖို့ မလိုပါ အငြိုး ရယ် .. ဒါတစ်ခုအတွက်နဲ့ သူ့ခမျာ သမီးနဲ့ ခွဲနေရတယ်၊ လောက်လည်း ဘယ်ပြည့်စုံပါ့မလဲ၊ နောက်ပြီး ဒီအသက်အရွယ် ကို ပုတ်ခတ်ပြောတဲ့လူကလည်း လူစိတ်မရှိလို့ပဲ ဖြစ်မှာပေါ့၊ မောင် တွေထိတော့ ဂရုမစိုက်နိုင်ဘူး၊ မနက်ဖြန် ဦးလေးကို မောင်ကိုယ်တိုင် ခေါ်လိုက်မယ် .."

အငြိုး ရင်ခွင်ထဲကနေ ရုန်းထွက်လိုက်ပြီး သူ့မျက်နှာကို မော့ ည့်၍ ခေါင်းတွင်တွင်ခါ၏။

"မလုပ်နဲ့ မောင် .. မခေါ်နဲ့၊ တစ်မြို့တည်းမှာ နေကြတာ သိပ် ဝေးကြတာ မဟုတ်ဘူး .. နောက်ပြီး အမေ အားငယ်သွားမှာပေါ့"

"ဘာဆိုင်လို့လဲ အငြိုး .."

"ဆိုင်တာပေါ့ မောင်ရယ် .. အမေ့ဘက်ကကြည့်ရင် အငြိုး လေ ..၊ အမေက အငြိုး ရဲ့ယောက္ခမ၊ အဖေ့ကျတော့ အငြိုး ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အဖေ .. ယောက္ခမနဲ့ အဖေအရင်း အတူရှိနေရင် အမေ အားငယ်သွ မှာပေါ့ ..”

“အငြိုး ရယ် ..”

လိမ္မာအောင် ပီတိဖြစ်ရသည့် မျက်ဝန်းများနှင့် အငြိုး နဖူးလေး ငုံ့နမ်းသည်။ လိုချင်တာလည်း ဒီအကွက်ပဲ ဖြစ်၏။ အငြိုး က ဘီလူး လို့ ခေါ်ထိုက်သော အေးစက်စက်မဲ့ပြုံးလေး ဖျတ်ခနဲ ထင်သွားပြီး

“အဖေက ကျန်းမာရေးကောင်းနေသေးတဲ့လူ ..၊ ယောက်ျားတ ယောက်လည်းဖြစ်တော့ အငြိုး အမေ့ကိုပဲ ဦးစားပေးမယ်လို့ ဆုံးဖြ ထားတယ် .. ကိုယ့်အဖေနဲ့ ကိုယ် အတူမနေချင်ဘဲ ရှိပါ့မလား မော ရယ် .. အငြိုး မောင့်ကို ဘယ်လောက်ပဲဆိုးဆိုး ကြင်နာတတ်တဲ့ နှ သားတော့ ရှိပါတယ်၊ အမေ့ကို အရမ်းသနားတယ် မောင် ..၊ မော ပြောသလိုပဲ အမေ စိတ်ချမ်းသာဖို့က အရေးကြီးပါတယ်၊ အငြိုး အထင်လွဲပြီး အေးစက်စက် ဆက်ဆံခံနေရတာကိုလည်း စိတ်မကောင် ဘူး၊ အဲဒါကြောင့် အမေ့မေတ္တာကို အငြိုး ရအောင် ယူရဦးမှာ၊ အမေ့ အိမ်မှာခေါ်ထားပြီး နောက်ထပ် အထင်လွဲမခံနိုင်လို့ပါ .. နော် .. မောင် အဖေ့ဆီကို မောင် မသွားပါနဲ့ ..”

“ဒါက အငြိုး ရယ် ..”

“ဟင့်အင်း .. အငြိုး ရဲ့ခံယူချက်တွေ ထူးဆန်းတယ်ဆိုတာ မော သိရဲ့သားနဲ့၊ အဖေ့ဆီကို အငြိုး မသိဘဲ မောင် မသွားပါနဲ့ .. ဘာမှလည် မပို့နိုင်းရဘူး၊ ပြောတာ ကြားရဲ့လား မောင် ..”

“ဟုတ်ပါပြီဗျာ .. ဘာတွေ ကျန်သေးလဲ .. ပြောပါဦး”

ကိုယ့်မိဘကိုပဲ သိတတ်စေချင်တာတော့ မဟုတ်ပါ။ ဒါပေမဲ သိတတ်လွန်းသည့် ဇနီးအလိမ္မာလေးကိုတော့ မြတ်နိုးမဝနိုင် ..။

ပွေ့ဖက်ထားလိုက်သည့် လိမ္မာအောင့် ရင်ခွင်ထဲမှာ အငြိုး ပြန်ဖက်ထားကာ ...





“အမေ့ကျန်းမာရေးအတွက် ဆရာဝန်နဲ့ ဆွေးနွေးကြည့်ရအောင် ော် .. မောင်၊ မျက်လုံးတွေက အရေးကြီးတယ် .. အလင်းအမှောင် ဆိုပဲလောက်ပဲ မြင်ရတော့တာဆိုတော့ ဘာမှမမြင်ရတာနဲ့ အတူတူပဲ..၊ ောက်ဆုံး ကိုယ်စားချင်တာလေးကို ထယူစားနိုင်တယ်ဆို တော်သေး ယ်လေ .. အမေ့ကို သနားလို့ပါ ..”

“အင်းပါ .. မောင် စဉ်းစားထားပါတယ်”

အငြိုး ကျေနပ်သွားသည်။ ရင်ထဲမှ ကြိမ်းဝါးသံကိုတော့ ဘယ်သူ ကြားနိုင်မည် မထင် ..။

ဒီနေ့ကစပြီး ဝင်လိုက်တဲ့ အငြိုး ရဲ့ခြေတစ်လှမ်းပဲ မောင် ..၊ အဲဒီ ခြေလှမ်းကို ဘယ်တော့မှ နောက်ပြန်မဆုတ်ဘူးဆိုတာ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

"ဒီမုန့်ဘူးကို ဘယ်သူ ယူပေးထားတာလဲ .."

"ဘုန်း .. ခုန်း .."

ဘာကို ပစ်ချလိုက်မှန်း မသိ ..၊ ဘာနဲ့ ထိခတ်၍ ဘာတွေ လဲ[illegible]
ကုန်မှန်းလည်း မမြင်ပါ ..။

သို့သော် ဒေါ်ယဉ်မေ ကိုင်ထားသည့် သောက်ရေခွက်က ကြ[illegible]
ပေါ်သို့ လွတ်ကျသွားခဲ့၏။

ဒီအသံကြားတိုင်း ရင်ခုန်သံ တဒိန်းဒိန်း ဆောင့်တက်လာခဲ့[illegible]
ကလေးလိုပဲ တစ်ယောက်ယောက်ရဲ့ ရင်ခွင်ထဲ ဒါမှမဟုတ် ထဘီစ[illegible]
ဖြစ်ဖြစ် ပြေးဆွဲပုန်းချင်၏။

"စန်းရီ .. ဟဲ့ .. ခေါ်နေတာ မကြားဘူးလား .."

"လာပါပြီ မမလေး .."

အငြိုး က ရေခဲသေတ္တာရှေ့မှာ ရပ်နေသည့် ဒေါ်ယဉ်မေ့ ကို [illegible]
တောက်မတ်တတ် မျက်လုံးတို့နှင့် လှမ်းကြည့်ကာ စန်းရီ ရောက်လာ[illegible]
စားပွဲပေါ်က မုန့်ပုံးဆီ ပြန်ကြည့်၍ ...

"ဒီမုန့်ပုံး ဘယ်သူ ချပေးတာလဲ .."





"ဟို .. မေမေကြီးက ဗိုက်ဆာတယ်ဆိုလို့လေ ..၊ မမလေးက
လည်း ဘယ်သူမှ မစားရသေးဘဲနဲ့ ကျွေးမထားရဘူးဆိုလို့ .."

"တော်တော့ .."

လွယ်ထားသည့် စလင်းဘက်ခ်ကို ဖြုတ်၍ ဆိုဖာပေါ် ပစ်တင်
လိုက်ကာ ...

"ထမင်းစားချိန်ကျမှ ဒါတွေကို နှင်းကန့်သိပ်နေတော့ရော ထမင်း
ကျတော့ စားနိုင်ဦးမှာလား ..၊ မစားနိုင်တော့ ထမင်းဟင်းတွေက တစ်
ယောက်စာ ပိုပြန်ရော .. ညလယ်စာ ဝယ်ခြမ်းမလွယ်တဲ့အချိန် စားဖို့
ထားတဲ့ မုန့်ပုံးထဲက မုန့်တွေလည်း စားချင်တဲ့အချိန် စားဖို့ ရှိပါတော့
မလား ..၊ ငါ မပြောလိုက်ချင်ဘူး .. ဒီမှာ လာစမ်း .."

"အား!.."

အငြိုး က စန်းရီ ရဲ့နားတစ်ဖက်ကို ခပ်ကြိတ်ကြိတ် လိမ်ဆွဲကာ
နောက်ဖေးရောက်တဲ့အထိ တွန်းထိုးခေါ်သွားပြီး ...

"ငါ ဒီလောက် မှာထားတာတောင် နင်က ဘယ်သူ့ကိုကြောက်
ပြီး မျက်နှာလိုမျက်နှာရ လုပ်ပြနေတာလဲ .."

"မ .. မဟုတ်ပါဘူး .. မမလေးရယ် .."

"အေး .. မဟုတ်ရင် နောက် မှတ်ထား ..၊ ငါ နင့်ကို လခတွေ
ပိုပေးပြီး ငါ့ညီမတစ်ယောက်လို အခွင့်အရေးတွေ ပေးထားတာ၊ ငါ့
သဘောနဲ့ တစ်ထပ်တည်းရှိနေတဲ့ အလုပ်သမားဖြစ်ဖို့ပဲ နိုင်းတာကို
လုပ် ..၊ ပါးစပ်ပိတ်ပြီး အလိုက်သင့် လှုပ်ရှားရုံပဲ .."

"ဟုတ်ကဲ့ပါ .."

"ဒေါ်ယဉ်မေ ဆိုတဲ့ မိန်းမကြီးအတွက် သူ့သားကိုလည်း နင်
ကြောက်ဖို့ မလိုဘူး.. သူ့သားက ငါ့ယောကျ်ား၊ ငါ့ယောကျ်ားက ငါ့ကို
ကျော်ပြီး ဒီအိမ်မှာ ဘာတွေဖြစ်နေသလဲဆိုတာ တစ်ချက်မှ မျက်လုံးဖွေ
ကြည့်မှာ မဟုတ်ဘူး .. အဲဒါကို အသေမှတ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် .."

"ပြောလိုက်ရင် ဒါပဲ ..၊ နောက်ကို ဒါမျိုး ထပ်လုပ်လို့ကတော့ ဒီ အိမ်ပေါ်ကနေ ဖိနပ်တောင် ပြန်စီးချိန်မရဘဲ ဆင်းပြေးရမယ် .. မယုံ ပြ ခဲ့ .."

အိမ်ထဲကို မှန်တိုင်းရှေ့လျှားသွားတာ ဒေါ်ယဉ်မေ သိနေသည်။ ကိုယ့်ကို မုန့်ကျွေးသည့်အဖြစ်ကြောင့် စန်းရီလေး အရိုက်ခံနေရပြီလား.. ဒါမှမဟုတ် အစာငတ်ရေငတ် တစ်မနက်ထုံးစံနှင့် အပြစ်ပေးခံရပြီလား..၊

လွှတ်ကျသွားသည့် ရေဘူးကို ကြမ်းပြင်မှာလိုက်စမ်းနေရင်း အငြိုး ပြန့်ထွက်လာမည့် ခြေသံကိုပါ နားစွင့်ထားမိသည်။ ဟိုတစ်ယောက် ပြီးရင် ကိုယ့်အလှည့်လား ..၊

"မိဘဆိုပေမယ့် ကျွန်မအဖေကိုတောင် ကျွန်မဘက်က လိုတာ ထက်ပိုပြီး မွေးတွေးခဲ့တာ မဟုတ်ဘူး၊ အဲဒါ ကျွန်မကို ချစ်တယ်လို့ ဟာဖွဖွ ပြောခဲ့တဲ့ အဖေနော် ..၊ အခုလို ငါးမရ ရေချိုးပြန်တာမျိုး .. ကျွန်မကို မဖြစ်လို့ ချွေးမအဖြစ် လက်ခံလိုက်ရတဲ့ ယောက္ခမမျိုး မဟုတ် သေးဘူး" တဲ့ ..။

သားနဲ့ တခမ်းတနား လက်ထပ်ပေးလိုက်ရပြီး သိပ်မကြာခင်မှာပဲ အငြိုး စတင် ကြွေးကြော်လာခဲ့တာ ဖြစ်သည်။ လက်တွေ့ပြလိုက်တာ က အိမ်ကို ပြန့်မပြင်ဘဲ တခြားမှာပဲ သပ်သပ် ထပ်ဝယ်ပြီး ဘဝသစ်စဖို့ သူမ အကြံပေးတုန်းက ...

"ဒီခြံလည်း အကျယ်ကြီးပဲ .. သမီးကတော့ ဒီမှာပဲ တိုက်အကြီး ကြီး ဆောက်မယ်၊ ဒီမှာပဲ နေမယ် .."

လို့ အငြိုး က ရေးကြီးခွင်ကျယ် ထရာပ်၏။

တကယ်တော့ ချမ်းချမ်းသာသာ နေထိုင်ရခြင်းသာ သူမအတွက် အဓိကဖြစ်မှန်း ဒေါ်ယဉ်မေ သိသည်။ ကိုယ်က ဒီအိမ်လေးကို ပုံစံ မပျက်စေချင်သည့်ဆန္ဒတွေ ပြပြီး အရေးဆိုလိုက်ကာမှ ဒီအိမ်မှဒီအိမ်





သက်ညှိုးထိုးလာခဲ့ခြင်း ဖြစ်သည်။

ကိုယ်ကတော့ ခင်ပွန်းသည်ကိုယ်တိုင် အခြေချ ဆောက်လုပ်ခဲ့ သည့် အိမ်လေးမို့ပါ။ သားကလည်း အစကတော့ 'အမေပြောတာလည်း ဘာအဆင်မပြေတာ ရှိလို့လဲ' လို့ ပြောဖော်ရသေးသည်။

နောက်တော့ ဘာတွေဘယ်လိုဖြစ်ကုန်မှန်း မသိဘဲ 'အဟောင်းကို အသစ်ပြန်ပြင်တာ ကောင်းတဲ့အလုပ်ပါ အမေရယ်' ဆိုတဲ့စကား ထွက် သာ၏။

အိမ်ကို လုံးဝ ဖျက်ချပြီး နှစ်ထပ်တိုက်ကြီး ဟီးနေအောင် ထ ဆောက်၏။ ဒီအချိန်မှာ သူဌေးဆိုသည့်လူတွေနဲ့ လက်တွဲနေပြီဖြစ်ကာ ပြစရာလုပ်ငန်းတွေလည်း ရှိနေပြီမို့ ဘာလုပ်လုပ် ဘာကိုမှ ငဲ့ကွက်နေ ရော မလိုခဲ့ ..။

သို့သော် မျက်စိမှုန်မှုန်နှင့် ဆောက်လုပ်ရေးနားမှာ တစ်ခါတလေ သွားပြီး မတ်တတ်ရပ်မိကာ ဒေါ်ယဉ်မေ ခြေထောက်မှာ သံစူးခဲ့၏။

အပြင်းအထန် ဖျားနာခဲ့ပြီး လူကသာ ပြန်ကောင်းလာခဲ့သည်။ မျက်လုံးတွေက ဝါးသထက် ဝါးကာ ကဖြည်းဖြည်း အဖြစ်ဆိုးခဲ့တာ ဒီအခြေအနေ ရောက်ခဲ့ရတဲ့အထိ ..။

အကောင်းကနေ အကန်းဘဝကို ရောက်သွားသည်နှင့် ခေါ်တာ တိုက သားရှေ့မှာ အမေ ..၊ ကွယ်ရာကျတော့ အဒေါ် ..။

"ကြားသုံးကြား မဝင်ရဆိုတဲ့စကား မှန်ပေမယ့် ချွေးမတို့ ရာဇဝင် မှာတော့ ဒါက လိုက်နာသင့်တဲ့ ဆုံးမစကား မဟုတ်ဘူး အဒေါ်၊ ဒီဆုံးမ စကားကို လိုက်နာရမှာက အဒေါ်ပဲ၊ အဒေါ်တို့ သားအမိကြားကို အငြိုး ဝင်ရဲတယ်၊ အခုရော .. နောက်ရော ဘယ်အချိန်ဖြစ်ဖြစ် ဘာကိုမှ ဂရု မစိုက်ဘူး၊ အဲ .. မောင်နဲ့ ကျွန်မတို့ လင်မယားကြားကို ဝင်ဖို့ ကြိုးစား ရင်သာ .. ဘာဖြစ်သွားမလဲဆိုတာ စောင့်ကြည့် .."

သူမက ဤကဲ့သို့ စိန်ခေါ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ငဲ့စရာမျက်နှာ မလိုချင်လို့ .. ကျွန်မ အဖေကိုတောင် အိမ်မှာ
ခေါ်မထားဘူး၊ အဲဒါ သူလည်း သူ့အမေကို ငဲ့ဖို့မလိုဘူးဆိုတာ သိတ
စေချင်လို့ပဲ၊ အိမ်မှာ ကိုယ့်သားနဲ့ အတူတူ နေခွင့်လေးပါ ဆုံးရှုံးမသွ
စေချင်ရင် လင်မယားကြားမှာ အတို့အထောင်တွေ မလုပ်ဘဲ .. အေ
ဆေးနေပါ၊ မဟုတ်ရင်တော့ အဒေါ် လူအိုရုံရောက်သွားမယ် .. ကျွန်
တို့ မြို့ကြီးတွေမှာ သွားပြီး အခြေချမယ်၊ မောင့်မျက်နှာကို အဒေါ်
လုံးဝ ပြန်မမြင်စေရဘူးဆိုတာ အငြိုး က လက်တွေ့ သက်သေပြ
လိုက်မယ်"တဲ့ ..။

ပြန်ကောက်လိုက်နိုင်သည့် သောက်ရေခွက်ကို အကျိုးနဲ့ ပြန်
ပွတ်တိုက်သုတ်ရင်း ကိုယ့်အဖြစ်ဆိုးကိုပဲ ပြန်တွေးပြီး နာကျင်နေမိသည်

အငြိုး ဆိုတာ ဘယ်လိုမိန်းကလေးမှန်း သူ မသိခဲ့လို့ မဟုတ်ပါ
ဒါပေမယ့် သားက သူမကိုမှ ချစ်ပါသည်လို့ လက်ညှိုးထိုးနေသည်
အတွက် လက်ထပ်ပေးခဲ့ရသည်။

ခုတော့ သူ ချစ်တဲ့ဇနီးနဲ့ သူတို့ကတော့ သာယာလို့ပါ။ 'အမေ
ဘယ်လိုနေရှာသလဲ'လို့ မိခင်မျက်နှာကို တစ်ချက်လေးမှ ပြေးကြည့်
မရသည့်အဖြစ်ကတော့ 'သားဆိုတာ အပြင်လူ'ဆိုသည့် ရှေးစကားရှိ
တာကြောင့်ပဲ ဖြစ်လိမ့်မည်။

မီးဖိုချောင်ထဲမှာ အမေ ငိုနေရတဲ့ မျက်ရည်တွေကို ပြေးကြည့်
တတ်တဲ့သားမျိုး ဘယ်လိုအမေမျိုးက မွေးနိုင်ခဲ့သလဲ ..။

သေချာတာက ကိုယ်ကတော့ အဲဒီလိုအမေမျိုး မဟုတ်ခဲ့ပါ ..

ကိုယ်ဝန်ရှိပြီဆိုကတည်းက လူရောက်မလာတော့ဘဲ နှစ်
သီတင်းကျွတ်တိုင်း ကန်တော့ခြင်းလေးတော့ ရောက်အောင် ပို့
တတ်သည့် သမီးလေး ထား ကို သတိရမိပြန်၏။

"သမီး လာချင်ပါတယ် အမေ .. ဒါပေမယ့် အငြိုး နဲ့ သမီး
မျက်နှာချင်းဆိုင်လို့ အဆင်မပြေဘူး၊ အမေ စိတ်ဆင်းရဲမှာ စိုးလို့ပါ"တဲ့





ပြီးတော့ ...

"သမီးမှာ ကိုယ်ဝန်ရှိနေပြီ .. ကိုကြီးကလည်း ခရီးဝေးသွားတာ
မကြိုက်တော့ဘူး အမေ၊ သမီးကို ခွင့်လွှတ်ပါနော် .. အမေ့ ကျန်းမာရေး
ဖြစ်ဖြစ် တစ်ခုခု အခက်အခဲရှိရင် ဖုန်းဆက်လိုက်ပါ" တဲ့ ..။

အခက်အခဲတွေ အများကြီး ရှိနေတာက သားကို မစွန့်လွှတ်နိုင်
ခြင်းမှ အခြေခံခဲ့တာမို့ ..၊ ဒါတွေကို ဘယ်လို ရင်ဖွင့်ရမလဲ ..။

အငြိုး ကို သင့်မြတ်အောင် သည်းခံနေနိုင်မှ သားရဲ့ အသံလေးကို
အမြဲ ကြားနေရမည် ..၊ ကိုယ့်နားမှာ သားကြီးရှိနေပါလားဆိုပြီး ချမ်းမြေ့
ရမည်။

ရှိပါစေတော့ ..၊

ဒီဝဋ်ကြွေး မကုန်သေးသမျှ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"ဘယ်လိုလဲ ကိုကောင်း .. နတ်သမီးလေးတွေကို ကျောခိုင်းကြီး ထိုင်ပြီး ကင်းလှချေလား ..၊ နည်းနည်းပါးပါး စောင့်ငဲ့ကြည့်စမ်းပါဦး၊ ဘယ်လောက် ရင်ခုန်ဖို့ ကောင်းလဲ .."

"မလုပ်နဲ့နော်.. ကိုကောင်း က သူ့လေဒီလေးကလွဲပြီး တစ်လောကလုံးမှာ မိန်းမ မရှိတော့ဘူးလို့ သတ်မှတ်ထားတဲ့လူ .."

"လှလည်း လှတယ်လေဗျာ .. ဒေါ်စိတ်ထားမြတ် က ဘယ်မိန်းမနဲ့ရော တူလို့လဲ .."

မိတ်ဆွေတွေ တွေ့ပြီး ပွင့်လင်းခွင့်ရတဲ့အချိန်လေးတွေဆို အလုပ်အကြောင်းဟွေ၊ အချိန်ဇယားတွေ ဘာမှမပါတော့ဘဲ စားသောက်ရယ်မောရင်း ဒီလိုပဲ တစ်ယောက်နဲ့တစ်ယောက် လှည့်ပတ် စနောက်နေကျ..၊

မီးရောင်စုံတွေ လှည့်ပတ်ပြေးလွှားနေသည့်အောက်မှာ တစ်ဆိုင်လုံးက စည်ကားနေသည်။ စင်မြင့်ထက်က သီချင်းဆိုနေသည့် ကောင်မလေးတွေကလည်း လှချင်တိုင်း လှနေကြ၏။

ဒါပေမယ့် ကောင်း က စင်မြင့်ကို ကျောခိုင်းထားသည့်ဘက်မှာ ထိုင်နေလျက် ..၊ အနည်းအကျဉ်းပဲ စားသောက်လျက် နာရီကြည့်မိတာ နှစ်ခါရှိပြီ ..။





"တွေ့လား .. နာရီကြည့်တာ ဘယ်နှစ်ခါရှိပြီလဲ မသိဘူး၊ ဒီမှာ ကိုကောင်း နော် .. ခင်ဗျား မသွားချင်ဘူးဆိုလို့ အဝယ်တော်နဲ့ ကျုပ်ကသွားတွေ့ပေးရတာ၊ ဒီပွဲလေးတက်ပေးရတာတောင် ဖင်တကြွကြွနဲ့လား.."

"မဟုတ်ပါဘူး ကိုလင်းထွန်း ရာ .. ဒီမှာ ပြီးမှ ပြန်မှာပါ၊ မိန်းမ ဖုန်းဆက်မယ်ဆိုတာ မဆက်သေးလို့ .."

"သိတယ်.. ခင်ဗျားရဲ့အချိန်တိုင်းက ချစ်ဇနီးနဲ့သားလေးပဲဆိုတာ.."

"ခင်ဗျား မမွေးနိုင်တိုင်း ကိုယ်ချင်းမစာ မပြောနဲ့လေ ကိုလင်း.."

"မမွေးနိုင်တာ မဟုတ်ပါဘူး .. ကလေး တတာန်းတန်းနဲ့ အလုပ်မလုပ်ချင်လို့ မယူတာပါ၊ ဟဲ .. ဟဲ .."

"အေးပေါ့ .. သူ့ခမျာ နို့တိုက်ရ .. နှပ်သုတ်ရနဲ့ ပုဆိုးမနိုင် ပဝါမနိုင် ဖြစ်ရမှာကိုးကွ .."

"ဟား .. ဟား ..."

အားလုံး ပွဲကျနေကျတာတောင် သူ သိပ်မရယ်နိုင် ..၊ လူစုခွဲကြလို့ အိမ်ပြန်ရောက်တော့ ည ဆယ်နာရီ ထိုးတော့မည်။

သူ ထင်တဲ့အတိုင်း အိမ်ရောက်တော့ ထား က ဆိုဖာပေါ်မှာ တစောင်းလေး မှီလျက် ..၊ ပေါင်ပေါ်မှာ စာအုပ်တစ်အုပ်နှင့် ..၊

"ကိုကြီး .."

တံခါးသော့ကို ကိုင်လိုက်တာနှင့် သူမ မျက်လုံးတွေ ဖွင့်ကြည့်ကာ ချက်ချင်း အနားရောက်လာ၏။

"ကိုကြီးက နောက်ကျလိုက်တာ .."

"ဆောရီးပါကွာ .."

ထား လက်ထဲက သော့ကိုယူပြီး သူပဲ တံခါးပြန်ပိတ်ကာ ယုံးလေးကို ဖက်၍ အိမ်ထဲဝင်ခဲ့ကြသည်။

"ကိုယ့်ကို ဘာလို့ ဖုန်းမဆက်တာလဲ ..၊ သား မနေကောင်းလို့လားပြီလား .."



www.burmeseclassic.com

www.burmeseclassic.com



"သား နေကောင်းနေရင် မဆက်တော့ဘူးလို့ ကိုကြီးကို ပြောထားသားနဲ့ .."

"ကောင်းရင်လည်း ကောင်းတယ်ပေါ့ကွ ..၊ ကိုယ်က မင်းဖုန်းကို မျှော်နေတာ .."

"ကိုကြီးကလည်း .. အလုပ်လုပ်နေတဲ့ ယောကျ်ားဆီကို သိပ်အရေးမကြီးတာလေးတွေနဲ့ ဖုန်း ခဏခဏ မဆက်ချင်ပါဘူး၊ တော်ကြာ ကိုကြီးကို သူများ ပြောစရာဖြစ်မှာစိုးလို့ .."

"ဘာ .. အရေးမကြီးတာလေးနဲ့ .. ဟုတ်လား .."

အကျီကြယ်သီးတွေ ဝိုင်းဖြုတ်ပေးနေသည့် ထား ရဲ့ခါးလေးကို သူ ဆွဲဖက်ထားလိုက်ကာ သနပ်ခါးရေကျဲ ပါးကွက်လှလှလေးနဲ့ မျက်နှာလေးကို စီးမိုးကြည့်သည်။

"ကိုယ့်အတွက် မင်းထက် အရေးကြီးတာ ဘာမှမရှိဘူးလို့ ပြောရတာတွေလည်း အခါတစ်ရာမကတော့ဘူး၊ မင်းတို့သားအမိက ကိုယ့်ဘဝ .. ကိုယ့်ကိုယ်ကိုယ်ထက် မင်းတို့ကို ပိုချစ်တယ် .. မယုံဘူးလား.."

"ယုံပါတယ် ကိုကြီးရယ် .."

"ယုံရင် ဘာဖြစ်လို့ ခုချိန်ထိ ကိုယ့်ကို ချစ်တယ်လို့ မပြောသေးတာလဲ .."

ထား အသံတိတ်သွားပြန်သည်။ သူမဘဝမှာ အချစ်ဆိုတာ ဘာမှန်းလည်း မသိခဲ့သေးပါ။ အဲဒါကြောင့် ဘယ်လိုအရာကို အချစ်လို့ခေါ်သလဲဆိုတာ မသိ ..။

ကိုကြီးကို ထား ချစ်သည်လို့ပဲ ထင်သည်။ ဒါပေမယ့် ချစ်တယ်လို့ ပြောစမ်းပါလို့ မေးလာတိုင်း ချစ်ပါတယ်လို့ မဖြေရဲဘဲ ရှိနေ၏။

ဒါဆို မချစ်လို့လား ..၊

မဟုတ်ပါ ..၊ ကိုကြီးကို ထား ယုံကြည်မြတ်နိုးသည်။ အားလည်းကိုးသည်။ ကိုကြီးလိုပဲ မနက် အလုပ်ထွက်သွားတာနဲ့ စပြီး မျှော်လိုက်ရ





ပြန်လာကာမှ ရင်ထဲမှာ ငြိမ်းချမ်း၏။

"မင်းကိုပဲ မြင်နေချင်တာ ..၊ မင်းအသံလေးကို ခဏခဏ ကြားချင်လို့ .. အကြောင်းတစ်ခုခုရှိတိုင်း ဖုန်းဆက်ဖို့ကို လက်က သွက်ပြီးဖြစ်နေတာ .."

"မင်းလည်း ဘာဖြစ်ဖြစ် ဆက်ကွာ ..၊ ကိုယ် ဘာလုပ်နေနေ ရဲ့ဖုန်းကြောင့် လုံးဝ မငြီးငြွင်ဘူးဆိုတာ ကတိပေးတယ်၊ နောက်ဆို ဆက်ပေးရမှာလေးကို မတွန့်တိုနဲ့ .."

စသဖြင့်သော ပြောသမျှ သူ့ရဲ့တမ်းတခြင်းတွေ ထား ရင်ထဲမှာ ည်း ဒီတိုင်း ထပ်တူရှိနေခဲ့သည်သာ ..၊

ကိုကြီး အလုပ်ကနေ ဖုန်းဆက်ပြီးဆို ခလုတ်တိုက်မတတ် ပြေး ရသည်။ ဖုန်းချသွားပြီဆို ဟာတာတာကြီး ဖြစ်ကျန်ရစ်၏။ သို့သော်...

ထား ရင်ထဲမှာလည်း ဤသို့ ရှိနေပါသည်ဆိုတာကို ကိုကြီးလို ့ မပြောတတ်ပေ ..။ ဒါဆို ကိုကြီးက သူ့အပေါ် ကိုယ်က မချစ်ဘူး င်ပြီး ငြီးငြွင်သွားမလား ..။

"ဟော့ ဖြေလေ .."

"ကိုကြီးကလည်း .. ဟို .."

"ကိုယ် အတင်းအကျပ် သိမ်းပိုက်ထားလိုက်တာကို ခုထိ မပြေနိုင် တာလား .."

"ဟင့်အင်း .. အဲလို မဟုတ်ပါဘူး"

ချစ်တယ်ဆိုတဲ့ စကားနှစ်ခွန်းကလွဲ၍ ကိုကြီးကို ချစ်တဲ့စိတ်တွေ ထဲမှာ အပြည့်ရှိနေပေမယ့် ပြောလို့ မထွက် ..၊

ရှက်လို့ပါ ဆိုတော့လည်း ကိုကြီးက ကလေးဆိုးကြီးလို ခေါင်းခါ ကလေးတစ်ယောက်တောင် ရနေပြီ၊ လင်မယားချင်းပဲ ရှက်စရာ တဲ့ ..။

"ရပြီ .. ရပြီ ..၊ ဘာဖြစ်ဖြစ် ကိုယ် နားလည်တယ် .. ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



နဖူးဘိုက်၍ ပါးလေးကို ဖွဖွလေးနမ်းပြီးမှ လွှတ်လိုက်တော့လည်း ဘား စိတ်မဖြောင့်နိုင် ..၊ တို့ကြောင့် သူ ရေချိုးခန်းထဲ ဝင်သွားတဲ့အ နောက်က လိုက်သွားမိကာ ...

"ကိုကြီး အရက်သောက်လာတာလား .. ဟင် .."

"မသောက်ပါဘူး ထား ရယ် .. အလုပ်သဘောအရ ဆိုတာ တော့ ရှိတာပေါ့၊ ကိုယ် ဘယ်တုန်းကမှ မူးအောင် မသောက်ခဲ့ဖူးဘူ ဘယ်လိုလဲ နမ်းကြည့်မလား .."

"ဒီတိုင်းပဲ အနံ့ရနေတဲ့ဟာကို .."

.. ထား ပြောတော့ သူက ရယ်ကာ ရေချိုးခန်းတံခါး ဖွင့်ထားပြီး ပြန်လှည့်ကြည့်၍ ...

"ကိုယ့်ယောက်ျားကို တစ်ခါတလေလောက် နမ်းကြည့်ပါလာ လောကကြီး ပိုသာယာသွားအောင် .."

"ကိုကြီးကလည်း .."

ထား က ရယ်မလို ပြုံးမလိုလေး ဖြစ်သွားကာ မျက်နှာလေး ငုံ့ ၏။ ကောင်း က ထား လက်ကလေးကို ဆွဲယူလိုက်ကာ ရေချိုးခန်း ဝင်၍ တံခါးပိတ်ပစ်လိုက်သည်။

"ကိုကြီး ဘာလုပ်မလို့လဲ .."

"အတူတူ ရေချိုးမယ်လေ ..၊ မင်းပဲ လိုက်လာပြီးတော့ .."

"ဟာ .. ထား ညဥ့်နက်သန်းခေါင် ရေမချိုးတတ်ပါဘူး၊ ကို လည်း မချိုးနဲ့တော့လေ .. ဆေးလိပ်နံ့ရှိခွဲနေပြီ .."

"မသိဘူးကွာ .. မင်းဆီက ဘာရရ ရနိုင်မယ့်အချိန်မှာ ယူထား ဖြစ်မှာ .."

"အို .. မ .. မလုပ်နဲ့ .. ကိုကြီးနော် .."

ကောင်း က ထား မျက်နှာလေးပေါ်က သနပ်ခါးလေးတွေ ပျ ကုန်အောင် နမ်းသည်။





ပြီးတော့ ကျောနောက်မှာ လက်ကိုင်ပဝါနဲ့စည်းထားသည့် ဆံပင် ကို ဖြည်ချပစ်လိုက်ပြီး ရေတွေ ဖွင့်ချလိုက်လျှင်...

"အမေ့!..."

စိမ့်ခနဲ အေးသွားသည့်အဖြစ်ကြောင့် ကောင်း ရင်ခွင်ထဲ တိုးဝင် ထား အတင်းဖက်ထားမိသည်။ ပြီးတော့ မျက်နှာတစ်ခုကို ဘယ်လို ယ်ရမှန်း မသိဘဲ ရေစက်တွေကို ရှောင်ဖို့ ကြိုးစားတာက သူ့ရင်ဘတ် ပွတ်တိုက် နမ်းမိနေသလို ဖြစ်နေခဲ့၏။

ကောင်း ကိုယ့်ရင်ခုန်သံတွေကို ပြန်ကြားနေရင်း ကြည်နူးနေခဲ့ ည်။

အေးစက်စက် နေနိုင်လွန်းသည့် ထား ရဲ့အချစ်တွေကို ရဖို့ တစ်ခါ လေ ဒီလို ရမ်းကားကြည့်မလားလို့ အကြိမ်ကြိမ် စိတ်ကူးခဲ့ပေမယ့် အောင်မြင် ...။

ပြန်လည် ပွေ့ဖက်ထားသည့် ထား ရဲ့တုံ့ပြန်မှုကြောင့် အေးစိမ့်နေ ည့်ရေတွေက နွေးနေသလို ထင်၏။

ရေစိုတင်းကပ်နေသည့် ကိုယ်လေးဟာ သူ့ရင်ခုန်သံတွေကို ဖြား ာင်းနိုင်ဆုံး ...၊

ချစ်တယ် ထား ရယ် ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"ဟတ်ချိုး .."

မျက်နှာကို လက်ကိုင်ပဝါနဲ့အုပ်၍ တစ်ဖက်လှည့် နှာချေ… သားကို သိပ်နေသည့် ထား မျက်နှာလေးက အနီရောင်သမ်းနေ၏။

"သားက မအိပ်ချင်ပါဘူးကွာ .. သိပ်မနေပါနဲ့ .."

"အို .. ကိုကြီးကလည်း သားကို နေ့လယ် သိပ်နေကျ .."

"ဒီနေ့ မသိပ်နဲ့ကွာ ..၊ ကိုယ် အိမ်မှာရှိနေတုန်း သားအဖ … ရမှာ .. အမေက နားမလည်ဘူး"

ထား မိုးလင်းတည်းက ခေါင်းတွေအုံကာ နှာချေနေသဖြင့် … ဝန် ခေါ်ပြရသည်။ သူ့အပြစ်မို့ ကောင်း လည်း အလုပ်မသွားနိုင်… ပေ ..။ ပြီးတော့ ထား သွားလေရာ တကောက်ကောက် လိုက်၍ … ပန်လို့ မဆုံး ..။

"သား .. သားသား မအိပ်နဲ့ .. ဖေကြီး ပျင်းလို့နော် .."

ထား ရဲ့နောက်မှာ လှဲလိုက်ပြီး ထား ကိုယ်လေးကို ကျော်၍ … လက်လေးကို ဆွဲကိုင် လှုပ်သည်။ နဂိုတည်းက သိပ်လို့မရသည့် သား… ဖအေ့အသံကြားတာနှင့် မျက်လုံးလေး အဝိုင်းသား ဖြစ်သွားသည်။ ထ… က သူ့လက်ကို ဖယ်ချပစ်ကာ …





"တွေ့လား .. ကိုကြီးက .."

"ဘာဖြစ်လို့လဲ .."

"သား မျက်လုံးပြူးသွားပြီ .."

"မင့်သား အစတည်းက ပြူးနေတာပါ ထား ရယ် .. သူ့အဖေ အိမ်မှာရှိတဲ့နေ့ အမေက မသိပေမယ့် သားက သိတတ်တယ် .."

"ထား က ဘာမသိလို့လဲ .."

"သိတဲ့လူက အဲဒီလို ကျောခိုင်းနေမလား .."

ပြောပြီး ထား ကို နောက်ကနေ အတင်း သိမ်းဖက်ထားကာ …

"ညက ကိုယ် ဒုက္ခပေးလိုက်တာ စိတ်ဆိုးနေလား .."

"ဟင့်အင်း .."

"မင်းရဲ့ဆံပင်တွေက အရှည်ကြီးဆိုတော့ ရုတ်တရက် ပြန်မခြောက် …ဘူးဆိုတာ လုံးဝ မေ့သွားတာကွာ ..၊ အထပ်ထပ် တောင်းပန်ပါတယ်.. …ကျေနပ်ပေးပါ"

"ကျေနပ်ပါတယ် ကိုကြီးကလည်း .."

ထား သူ့ တစောင်းလှည့်နေသည့်ရှေ့မှာ ပက်လက်လေး ဖြစ်သွား…ပြီး ပြုံးသည်။ ပြီးတော့ သူ နမ်းနေသည့် သူ့လက်က ထား ရဲ့ဆံပင်တွေ …ကို အသာလေး ဆွဲဖယ်ကာ …

"ထား .. ကိုကြီးအပေါ်မှာ ဘယ်တုန်းကမှ စိတ်ဆိုးသွားခဲ့တာ …မရှိဘူး .."

"ဟုတ်လို့လား .."

"အင်း .. ဟို အရင်တုန်းကတော့ ထား ဘယ်လိုမှ ရင်ဆိုင်ဖို့ …တ်မကူးရဲခဲ့တဲ့အဖြစ်ကြောင့် ကိုကြီးကိုလည်း ထား မမှန်းရဲပါဘူး..၊ …အဲဒါကြောင့် .."

"ဆက်ပြော .."

"အရမ်း ဝမ်းနည်းသွားတာ .. ထား ဘဝ ဖျက်ဆီးခံရပြီဆိုပြီးတော့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ရုပ်ကြီးက အဲဒီလို လူယုတ်မာပုံစံကြီး ပေါ်နေသလား -

"အရမ်းချောတဲ့လူပါ .. ပြီးတော့ ချမ်းသာတယ်၊ ထား ကို ချ နေမယ်လို့ ဘယ်လိုလုပ် ထင်မှာလဲ .."

"ခုရော .."

"ထား ရဲ့ပုံတွေ ကိုကြီး ရိုက်ယူထားတာ မြင်လိုက်ရတော့ သွားတာပေါ့၊ ပြီးတော့ ထား အတွက် ကိုကြီး ဘယ်လို စောင့်ကြည့် တာ၊ ဘာတွေ လျှို့ဝှက်စီစားနေတာ ကိုကြီး ပြောပြတော့ သိသွားတယ် လေ ..၊ ထား ကိုကြီးကို .."

သူ့အကြည့် စူးခနဲ ဖြစ်သွားတော့ ထား ဆက်မပြောရဲဘဲ ဖြစ်သွား သည်။

"ပြောလေ .. ကိုယ့်ကို ဘာဖြစ်လဲ .."

"ဟို .."

"ပြောကွာ .. အသည်းယားလာပြီ၊ ကိုယ့်ကို ချစ်တယ်လို့ ပြော မလို့များလား .."

"အင်း .."

"ဘယ်လို!..."

မေးနေကျလို ရယ်ကျဲကျဲ မေးလိုက်ပြီးမှ ပြန်ဖြေလိုက်တော့ မျာ ပျာသဲလဲ ဖြစ်သွား၏။ ထား ပါးပြင်လေးတွေပါ ရဲခနဲ ဖြစ်သွားကာ-

"လန့်လိုက်တာ ကိုကြီးကလည်း .."

"ဒါ လန့်စရာ မဟုတ်ဘူး .. ရင်ခုန်စရာ ..၊ ပြန်ဖြေစမ်း ချာတိတ် ကိုယ့်ကို ချစ်တယ်လို့ .."

"ဟင့်အင်း .. အဲလိုဆို မပြောရဲတော့ဘူး .."

သူ့ မရမက အတင်းမေးနေသဖြင့် 'ချစ်တယ်'ဆိုသည့် စကားတွေ ထား ပါးစပ်ထဲကနေ ပြည့်စုံစွာ ပြောထွက်ခဲ့ခြင်း အထမြောက်၏။

"မိန်းမက လိမ္မာလိုက်တာကွာ ..၊ အဲဒါကြောင့် ဒီတစ်ခေါက်





င်ကာပူသွားရဖို့ကိစ္စ ပေါ်လာတာတောင် မသွားချင်ဘဲ မိန်းမနားက ခွာနိုင် ဖြစ်နေတာ .."

"ကိုကြီးပဲ ဖြစ်နေတာပါ .. ထား ပုံစံက ကိုကြီးကို မကြည်မဖြူ ဖြစ်နေတဲ့ပုံများ ပေါက်နေလို့လား .."

"သိနိုင်မလား .. မင်းက အစတည်းက အရမ်းနူးညံ့တဲ့ မိန်းကလေး၊ ကိုယ့်ကို မချစ်ပေမယ့် မထူးစိတ်ပိုက်ထားတာမျိုး ..၊ သားကို သခင်.. င်ကို ဘုရားလို .."

"ဟုတ်တယ် .. အဲဒီလို ကိုးကွယ်ချင်တာလည်း မေတ္တာစိတ် ပြည့်နဲ့ပဲလေ ..၊ ကိုကြီး မေးတိုင်း မဖြေတာက ဟို .. ချစ်နေပြီသားကို ချစ်တယ်လို့ ပြောပြရမှာကို မထွက်တာ .."

"ရပြီ .. ခု ယုံသွားပြီ၊ အဲဒီတော့ .."

သူ ချက်ချင်း ထသွားပြီး ဗီဒီယိုကင်မရာ ထုတ်ယူလာသည်။ နေ့ရာတကာ ဗီဒီယိုမှတ်တမ်းတွေ လုပ်တတ်လွန်းသဖြင့် ထား က ဘောင်း ကို ကြည့်ရင်း ရယ်နေ၏။ ဒီနေ့တော့ ထား ဆီက အဖြေရတဲ့နေ့ အထိမ်းအမှတ် ဖြစ်မှာပါ ..။

"မိန်းမ .. ဒီဘက်လှည့် .."

"အို .. ကိုကြီး .."

"မရဘူး .. ကိုယ့်ကို တစ်ခါတော့ နမ်းကွာ ..၊ ဗီဒီယိုထဲမှာ ကိုယ် ချည်းပဲ နမ်းရတာတွေ၊ မိန်းမက တစ်ခါလောက်ဖြစ်ဖြစ် နမ်းသင့် ာပေါ့ .."

"ရှက်စရာကြီး .."

"ချစ်တယ်ဆိုရင် မရှက်ရဘူး .. ဟိုမှာ ကင်မရာချိန်ထားတာနော်၊ ကိုယ်တို့မိသားစု ခုတင်ပေါ်မှာ ဘာတွေလုပ်လုပ် အကုန်ရိုက်နေမှာ.."

"အဲဒါကြောင့် ပြောနေတာ ကိုကြီးကလည်း .. ဟင့်အင်း .."

"မနမ်းရင် ကိုယ် မင်းကိုယ်ပေါ်က အင်္ကျီတွေ တစ်ခုချင်း ချွတ်



www.burmeseclassic.com

www.burmeseclassic.com



ပစ်မှာနော် ..''

''ဟာ .. မရပါဘူး ..''

ထား က ခေါင်းခါ၍ ထပြေးဖို့ ပြင်သည်။ ကောင်း က အတင်း
ဖက်ပြီး အိပ်ရာထဲမှာ အတူလှဲချလိုက်သည်။

''ကိုကြီးနော် .. သားရှေ့မှာ ..''

''သားက ရယ်နေတာ မတွေ့ဘူးလား ..၊ သူ့အဖေကို အား
နေတာ ..''

ထား ကို သူ့ရင်ဘတ်ပေါ်မှာ မှောက်လျက်လေးဖြစ်အောင် ဖ
ထားကာ မျက်လုံးတွေ မှိတ်ပေး၏။

''ပါးကို မဟုတ်ဘူးနော် .. ကိုယ် နမ်းသလို နမ်းရမှာ ..''

''ဟင့်အင်း .. ဟင့်အင်း ..''

အိမ်မှာ အိမ်အကူ ကောင်မလေးတွေလည်း ရှိသည်။ နေ့လယ်ခင်း
မို့ အချိန်မရွေး အခန်းရှေ့ ရောက်လာနိုင်သည်။

ဒါတော့ မဖြစ်နိုင်တာမို့ ထား အတင်းရုန်းနေရင်း ချွေးတွေ
ပြန်၏။ အအေးပတ်ချင်သလို ဖြစ်နေသည့် နှာစေးချောင်းဆိုးတွေလည်း
ဘယ်ဆီ လွင့်ပြေးကုန်မှန်း မသိတော့ပါ ..။

ဂိတ်လွန်အောင် ရှက်နေသည့် ထား မျက်နှာလေးကို ကြည့်ကာ
ကောင်း က မြတ်နိုးစွာ ရယ်ရင်း လွှတ်ပေးလိုက်၏။

''တော်ပြီကွာ .. မိန်းမနား မကပ်ရဘူးဆိုရင်တော့ ..''

''ကိုကြီး ဘာလုပ်တာလဲ .. သားက သိပ်ရင် အိပ်တော့မှာ ..''

''မရဘူးကွာ .. အမေကို မနှောင့်ယှက်ရရင် သားကို နှောင့်ယှ
မှာပဲ ..''

ကောင်း က သားကို ရင်ဘတ်ပေါ် မှောက်တင်လိုက်ပြီး ခ
ဖောင်းဖောင်းလေးတွေကို ဘယ်ပြန်ညာပြန် နမ်းပစ်၏။ ပြီးတော့
နှုတ်ခမ်းရဲရဲလေးတွေကိုပါ ဖိနမ်းကာ ...





''သားက အမေတူသားဆိုတော့ ချောလိုက်တာကွာ ..''

''ကိုကြီးနဲ့ တူတာပါ ..''

ထား ကိုကြီး ဘေးမှာ ဝင်လှဲကာ သားကို အတူတူ ဖက်ထားမိ၏။
ာင်း က အဲဒါကို ငုံကြည့်ကာ ...

''တွေ့လား .. ခုနကတော့ ရုန်းကန်နေပြီတော့ ..၊ သားကိုခေါ်မှ
ေ ပါလာတယ်''

သူ့ဟာသူ ပြောရင်း ရယ်သည်။ ပြီးတော့ ...

''သိလား သား ..၊ မင်းမေမေ့ကို ဖေကြီးက ချစ်ခဲ့ရတာ၊ သူ့ကို
ချင်လို့ ဖေကြီး ဘာလုပ်ခဲ့ရလဲ .. သိလား ..''

''လျှောက်ပြောနေပြန်ပြီ ..''

''ပြောရမှာပဲ .. ကိုယ့်မှာ တိုးတိုးဖော်ဆိုလို့ သားပဲရှိတာ ..''

''သားက ငယ်ငယ်လေး ရှိသေးတာ ..''

''ဒါပေမယ့် သူ သိပါတယ် .. နားထောင်နေတာ မတွေ့ဘူးလား၊
ာင်တစ်ချိန်ဆိုရင် သားသမီးတွေ ကြီးပြင်းလာတော့ ဘာပြောပြော
ာလုပ်လုပ် မတင့်တယ်တာတွေ များလာမှာ ..''

''ခု ပြောတာတွေ ကျတော့ရော ..''

''ကိုယ့်မှာ ပြောခွင့်ရှိသေးတဲ့အချိန်လေ ..၊ ကိုယ့်အချစ်တွေကို
ား သိမှ ဖြစ်မှာပေါ့''

သူက ထား ကို ပြောလိုက်၊ သားကို နမ်းလိုက်နှင့် ...

''ဖေကြီးက သားကို လိုချင်လွန်းလို့ ကိုယ်တို့သားလေးက လာ
ချင်လွန်းလို့ စောင့်နေပြီလို့ မင်း မေမေ့ကို ခဏခဏ နားပူရတာကွ ..
ါတောင် မင်းအမေက ..''

''မဟုတ်ဘဲနဲ့ ကိုကြီးနော် .. ထား တားထားခဲ့တာ မဟုတ်ဘူး''

''မသိဘူး .. ကိုယ်တော့ အကြာကြီး စောင့်လိုက်ရတယ် ထင်တ
ဲ တကယ်ဆို ကိုယ်က ညားတာနဲ့ ကလေး တန်းလိုချင်တာ



www.burmeseclassic.com

www.burmeseclassic.com



"သူ့ဟာသူ မရှိတာပါဆိုမှ .."

"ဒါဆို သားသားအတွက် နောက်ထပ် ညီလေးဖြစ်ဖြစ် ညီမလေး ဖြစ်ဖြစ် တစ်ယောက်လေ .. ဘယ်တော့လဲ .."

"ကြည့်ပါလား .."

"မကြည့်ချင်ပါဘူး .. ကြည့်မိတိုင်း နမ်းချင်နေတော့ ခင်ဗျားက ကြည်ဖြူတာ မဟုတ်ဘူး ..၊ ကိုယ့်သားကမှ လိမ္မာတာ .."

ကလေးဆိုးကြီးလိုဆိုရင်း သား မေးဖျားလေးကို ငုံထားသေးသည်။

"ကိုကြီး .."

"ပြော .."

"ဟိုလေ .."

"ကိုယ့်ကို ချစ်တာတွေ ထပ်ပြောမလို့လား .."

"ကိုကြီးကလည်း .. ထား ဘာပြောရမှန်းတောင် မသိတော့ဘူး"

"ဟင် .."

သူက ထား ကို ထူးဆန်းသည့်မျက်ဝန်းတို့နှင့် လှည့်ကြည့်ကာ ပက်လက်အတိုင်းပုံစံနှင့် ခေါင်းအုံးပေါ် တိုးတက်လိုက်၏။

"ပုံစံကြည့်ရတာ ကိုယ် မကြိုက်တာ တစ်ခုခု ပြောတော့မယ့်ပုံပဲ"

ထား က ဖားလျားပြေကျနေသည့် ဆံပင်တွေကို သပ်၍ တောင်းပန်သလိုလေး ပြုံးသည်။

"ထား .. ထား .. အမေ့ကို ခဏ သွားတွေ့ချင်လို့ .."

"ဟာကွာ .."

သူ့မျက်နှာ ချက်ချင်းပျက်ကာ ဘာမှတော့ ရှေ့ဆက်မပြော ..

"အမေ့မျက်လုံးတွေ မမြင်ရတော့ဘူးဆိုကာမှ ထား တစ်ခေါက်မှ မရောက်တော့လို့ပါ၊ နောက်ပြီး အမေက သူ့မြေးကို တွေ့ချင်လိုက်တာ လို့ ပြောတယ်တဲ့၊ အငြိုး ကလည်း ကလေးမယူသေးဘူးတဲ့လေ .."

"အဲဒါ သူတို့ကိစ္စကွာ ..၊ ပြီးတော့ .. ကျွတ်!..."





ကောင်း က သားကို ပခုံးပေါ်မှောက်ချီထားရင်း အိပ်ရာပေါ်ကနေ လှမ်း၍ ဗီဒီယိုကင်မရာကို ပိတ်ထားလိုက်သည်။

"ပြောရင်တော့ ကိုယ့်ကို အထင်မလွဲနဲ့ ထား ..၊ မင်းနဲ့ သူတို့က တကယ်တမ်း သွေးသားတော်ကြတာလည်း မဟုတ်ဘူး၊ အငြိုး စကား ပြော ပက်စက်တာလည်း မင်း ကြုံခဲ့ရပြီးပြီ .."

"သူ့ကြောင့်ပဲ ထား မသွားဖြစ်ခဲ့တာ နှစ်နဲ့ချီနေပြီလေ .."

"ဟုတ်တယ် .. ဂရုစိုက်သင့်ဆုံးကလည်း သူတစ်ယောက်ပဲ ထား"

ထား ကို သူ စိတ်မချနိုင်ပါ။ အငြိုး ဆိုသည့် မိန်းကလေးက လည်လွန်းသည်။ သူမ လည်ပုံက ပါးနပ်ထက်မြက်တာမျိုး မဟုတ်ဘဲ ကောက်ကျစ်လှည့်ပတ်ခြင်းတွေပဲ ဖြစ်၏။

သူမ ပြောရဲတဲ့စကားမျိုးတွေကို ထား ပြောရဲမှာ မဟုတ် ..၊ ထို့ပြင် သူမ လှည့်ပတ် ကောက်ကျစ်နေတာတွေကိုရော .. ထား ရှောင်ရှားတတ် ပါ့မလား ..။

"ဆရာ .. အစ်မကို ဟိုအမျိုးသမီးက ဘာတွေပြောနေမှန်း မသိဘူး၊ အစ်မကလည်း ဘာမှပြန်မပြောဘဲ ကားထဲ ပြန်ရောက်တော့ မျက်ရည်တွေနဲ့" တဲ့ ..။

အလည်သွားပါရစေဆိုလို့ လွှတ်လိုက်တိုင်း သူ ဒရိုင်ဘာကို မှာလိုက်တာမို့ ပြန်လာလို့ မေးလိုက်တိုင်း ကြားလိုက်ရတာတွေက စိတ်ချမ်းမြေ့ဖွယ် မရှိ။ တစ်ခါက ပါလာသေးသည်။

"သူ့ငွေကို လိုချင်လို့ ကုတ်နဲ့ကော်ချတာတောင် မဆင်းဘဲ ကပ်တွယ်နေတော့ သိက္ခာကျမခံနိုင်တဲ့ လူကြီးတွေက ပေးစားလိုက်ရတော့ တာပေါ့၊ အဲဒါတွေကို ဒေါ်မြမြစံ ကိုယ်တိုင် ပြောသွားတာနော် .. မယုံရင် ပြန်မေး" တဲ့ ..။

ဒါတွေကိုတော့ ပတ်ဝန်းကျင်ကြားအောင် အော်ပြောတာမို့ ဒရိုင်ဘာက သေချာ ကြားလာခဲ့တာ ဖြစ်သည်။ လက်ရှိ သက်ရှိထင်ရှား



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသူတွေကိုပါ သက်သေပြု၍ အခိုင်အမာ ပြောရဲသည့် မိန်းကလေး..။

သူ စောင့်ကြည့်နေပေမယ့် ထား က ကြီးကြီးတို့ကို တစ်ခွန်းတစ်ပါဒမျှ ပြန်မမေးခဲ့သလို ငြိုငြင်ပုံလည်း မရှိ ..၊ ကြည်သိုပျက်တာမျိုးလည်း မရှိ ..။

တကယ်တော့ ဘာမှမဟုတ်သည့် စကားတွေပါ မဟုတ်တမ်းတရားတွေပြောဖို့ သူမ ပါးစပ်မို့ ရဲသည်။ သူမပဲ ပြောတတ်လွန်း၏။

ဒီအိမ်ကို သွားလိုက်တိုင်း ထား ပြုံးပြုံးရွှင်ရွှင် ပြန်လာခဲ့ဖူးတာ ဘယ်နှစ်ခါ ရှိခဲ့သလဲ ..။

"ကိုယ် ခွင့်မပြုနိုင်ဘူးဆိုရင် မင်း စိတ်ဆိုးမှာလား .."

သက်ပြင်းရှည်ကြီးချရင်း ခုတင်မှာ တင်ပါးလွှဲပြန်ထိုင်ရင်း မေးမိသည်။ သားက မအေကို လက်ကမ်းနေသဖြင့် ထား က သားကို ပွေ့ယူလိုက်ကာ ...

"ထား အတွက် ပြောတာမှန်း ထား သိပါတယ် ..၊ မသွားသင့်မှန်းလည်း သိတယ်၊ ဒါပေမယ့် အမေ သေတဲ့အထိ မတွေ့လိုက်ရမှာတော့ စိုးမိတာ အမှန်ပဲ .."

"ဒီမှာ မင်းလည်း အဖော်ရအောင် ခေါ်ထားဖို့ ကိုယ် ပြောသားပဲ၊ သူ ဘာဖြစ်လို့ မနေတာလဲဆိုတာ မင်း မသိဘူးလား .."

ကိုကို့ကြောင့်ပါ ..၊ ကိုကို့ကို မခွဲနိုင်လို့ဆိုတာ ထား သိသည်။ ဒါပေမယ့် ထား က သမီးအရင်းမှ မဟုတ်ခဲ့တာ ..။ ကိုကိုနဲ့ပဲ နေချင်တယ်ဆိုတဲ့ အမေ့ကို ထား နားလည်ပေးနိုင်ရမှာပေါ့။ သူမ ဘယ်လိုတွေးလိုက်တာကို ကောင်း ကလည်း ရိပ်မိကာ ...

"သွားရပါမယ် ..၊ ဒါပေမယ့် ကလေးလည်း ငယ်သေးတယ်ကွာ၊ မင်းကို ကိုယ်တိုင် လိုက်မပို့နိုင်ဘဲ မလွှတ်ချင်ဘူး .. နောက်ပြီး .."

သူ ထား နဲ့ သားကို နောက်ကနေ သိမ်းကျုံးပွေ့ပိုက်ထားလိုက်ကာ ဆံပင်တွေကို နမ်းရင်း ...





"ဒီရက်ပိုင်းမှာ မင်းကို ကိုယ့်အလုပ်ထဲ ခေါ်ဖို့ ဆုံးဖြတ်ထားတာ"

"ဟင် .. ထား ကို ခေါ်မယ် .."

"ဟုတ်တယ် .. သားလည်း ပါမယ်ကွာ ..၊ ဒါပေမယ့် သူ့ရဲ့နာနီနဲ့ပေါ့၊ မင်းနဲ့ကိုယ် အတူတူ အလုပ်လုပ်နိုင်အောင် မင်းကို တက်ခိုင်းအားတဲ့ သင်တန်းတွေလည်း ပြည့်စုံသလောက် ဖြစ်နေပြီဆိုတော့ အခုဘာ ခေါ်သွားပြီး မိတ်ဆက်ကြ၊ ပြောထား ပြထားရုံပေါ့၊ ကောင်းမှုဘာ ကိုယ့်ထက်ငယ်တဲ့ တောသူလေးကို ယူလာပြီး ဝှက်ထားရတယ်ဆိုတာမျိုး မဖြစ်ချင်ဘူး .."

"အဲဒါ ဘာလဲ ကိုကြီး .."

"ရှင်းရှင်းပြောရရင် ပွဲမတိုးဝံ့တဲ့ မိန်းမမျိုးလို့ ကွယ်ရာမှာ ပြောရောဖြစ်မှာမျိုးပေါ့၊ အဲဒါကြောင့် မင်းကို တော်စေချင်တယ်၊ ကိုယ့်အလုပ်တွေကို မင်း ရင်းနှီးနေရမယ်၊ ကိုယ် မရှိနိုက်မှာ ကိုယ့်ရဲ့ကိုယ်စားသက်မှတ်ထိုး လွှဲယူထားနိုင်တဲ့ အနေအထား ဖြစ်တဲ့အထိ .."

"ထား ကလည်း ဝါသနာပါပါတယ် .."

"အိုခေ.. အလုပ်မှာ အာရုံစိုက်မိသွားရင် ကျန်တဲ့ ဘာကိစ္စညာကိစ္စတွေလည်း မင်းခေါင်းထဲမှာ လျော့ပါးသွားမယ်၊ ရဲရင့်တဲ့စိတ်တွေလည်း အလိုလို ဖြစ်လာမယ်၊ ကိုယ် မင်းကို ခိုင်းချင်လို့ မဟုတ်ဘူး ထား ..၊ အဲဒါကိုတော့ မင်း ယုံမှ ဖြစ်မယ် .."

ပြောနေရင်း သားကို သူပဲ ပြောင်းယူ ချီထားလိုက်ပြန်ကာ ...

"ကြင်စဦးတုန်းကလည်း ကြင်စဦးမို့လို့ .. ကလေးငယ်တော့လည်း ငယ်သေးလို့၊ ကိုယ်တို့ဘက်က အချိန်မတန်သေးတာတွေမှာ ကာလဆိုတဲ့ ယန္တရားစက်ကြီးကတော့ ရပ်တန့် စောင့်ဆိုင်းနေမှာ မဟုတ်ဘူး .."

သား မျက်နှာညိုကာ ပွတ်သပ် ငိုက်မျဉ်းလာသည်နှင့် ကောင်းက လမ်းထလျှောက်ရင်း သားကို ပခုံးတစ်ဖက်မှာ ထမ်းထား၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်မျက်စိရှေ့မှာ မင်း ရှိနေသရွေ့ ကောင်းမှူး ရဲ့ဇနီးအဖြစ် မင်းအတွက် အစစအရာရာ တင့်တယ်နေပေမယ့် ကွယ်ရပ်ရောက်တာနဲ့ မင်းနဲ့ ကောင်းမှူး က တခြားစီလို့ တိတ်တိတ် ဝေဖန်ကြမှာလည်း မလိုချင်ဘူး ..၊ အဲဒါကြောင့် မင်းလည်း တော်နေစေချင်တယ်၊ အနေ သားက ငယ်သေးပေမယ့် ခဏတဖြုတ်ဆိုတာတွေ မကြာမကြာ ရှိမယ်၊ ကိုယ့်နဲ့အတူ လိုက်လာတာမျိုး ဒါမှမဟုတ် ကိုယ့်နောက်လိုက်လာတာမျိုးတွေပေါ့ .."

ထား က ကျေကျေနပ်နပ် ခေါင်းညိတ်သည်။ လည်ကပ်ဆွယ်တာ အနီရဲရဲလေးနှင့် ဆံပင်တွေ ဖားလျားဝေဖြာနေသည့် ထား မျက်နှာလေး က ဟိုတုန်းက စိတ်ထားမြတ် နဲ့ ဘာမှကို မဆိုင် ..။

အသားတွေ ဖြူနုဝင်းမွတ်ကာ ပါးပြင်လေးတွေ ပိုပြည့်လာသည်။ အသားဖြူလာတော့ မျက်ခုံးထူထူလေးတွေ၊ မျက်တောင်နက်လေးတွေလည်း ပိုထင်းလာ၏။

သွယ်သလိုရှိခဲ့သည့် မျက်နှာလေးက ပါးရိုး မေးရိုးလေးတွေပါ တင်းပြည့် နိုင်ကြည်လာတော့ စိတ်ထားမြတ် ဆိုတာ မှတ်မိနိုင်ဖွယ်ပင် မရှိ ..။ အပျိုတုန်းကထက် မယုဉ်သာအောင်ကို ပိုလှလာပါသည်ဆိုလျှင် ယုံကြပါ့မလား မသိ ..။

ထား မျက်နှာလေးကို ငုံ့မိုးကြည့်ရင်း ကောင်း က ပြုံးလိုက်သည်။ ဘာပြောပြော နာခံတတ်သည့် မျက်ဝန်းလေးတွေနဲ့ အမြဲ ခေါင်းညိတ်ဖို့ အသင့်ရှိနေတတ်သည့် ကောင်မလေး ..။

"ကိုယ့်ကို မလွန်ဆန်ချင်လို့ မျိုသိပ်ထားလိုက်ရတာတော့ မဟုတ်ဘူးမို့လား .."

လို့ ထပ်မေးမိကာ ...

"ကိုယ့်ကြောင့် ရင်ထဲမှာ တစ်ခုခု အုံ့ဖွဲ့ထားမှာမျိုးတော့ မလိုချင်ဘူးနော် .."





"မဟုတ်တာ ကိုကြီးကလည်း ..၊ ထား က ကိုကြီးနဲ့အတူ သွားလာနေရမှာကို ဘာဖြစ်လို့ စိတ်ညစ်ရမှာလဲ ..၊ ပြီးတော့ စီးပွားရေးဆိုရင် ဘာဖြစ်ဖြစ် ကြီးကြီးငယ်ငယ် ထား စိတ်ဝင်စားပါတယ်"

"ယုံပါတယ် .. ယုံပါတယ် ..၊ သင်တန်းတက်ခိုင်းမိတဲ့ လတွေတုန်းက ကိုယ့်ထဲက ဖွဲ့ပေးခဲ့ရတဲ့အချိန်တွေလေ၊ ကျက်လွှန်း မှတ်လွှန်းလို့ ဒီမှာ ကိုယ့်အတတ် ကိုယ်စူးပြီး ကိုင်ပေါက်ပစ်ချင်စိတ်တွေတောင် ပေါက်နေတာ မသိလိုက်ဘူးမို့လား .."

"ဟင့်အင်း .."

"ကျေးဇူးပါပဲ ..၊ အဲဒီလို အရိပ်တကြည့်ကြည့် ရှိခဲ့တာကို .."

ထား က ရယ်လိုက်ပြီး သူ့ဘေးမှာ လာရပ်သည်။

"ကိုကြီး ညောင်းနေမှာပေါ့ .. ပေးလေ .. ထား သိပ်လိုက်မယ်"

"နေပါစေ .. ညောင်းချင်လွန်းလို့ပါ"

"အဟွန်း .."

ထား က ကောင်း ရဲ့ လက်မောင်းကို ဖက်၍ ပါးလေးကပ်ထားတာ ...

"ကိုကြီးကို ချစ်တယ် .."

"ဟော .. တွေ့လား .."

"ဟင်!..."

ထား လွှတ်ခနဲ ပြောပြီးမှ သတိရသွားကာ မျက်နှာလေး ရဲသွား၏။ ကောင်း က ကြည်နူးပီတိ ဖြစ်နေသည့် မျက်ဝန်းတို့နှင့် ငုံ့ကြည့်ရယ်ရင်း ...

"သေချာတယ် .. ခုမှ ချစ်တာပဲ ဖြစ်မယ်"

"ဟင် .. မဟုတ်ဘဲနဲ့ .."

"ဘာလို့ မဟုတ်ရမှာလဲ ..၊ ချစ်တဲ့စိတ်ဆိုတာ နှိုက်ထုတ်ပြလို့လည်း မရဘူး၊ ရှာဖွေ စားသုံးလို့လည်း မရဘူးတဲ့၊ အခု မင်း ကိုယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



ချစ်တဲ့စိတ်တွေ ဖုံးဖိမရတော့လို့ ထွက်လာတာ ..”

“ဟုတ်တယ်လေ .. ဖုံးဖိမရတော့ဘူးဆိုမှတော့ အစတည်းက ချစ်ခဲ့လို့ပေါ့၊ အခု .. ဟို .. အခု ပိုချစ်လာတာလားမှ မသိတာ ..”

“ဟား .. ဟား .. ဟား ...”

“ကိုကြီးနော် ..”

သူ ရယ်ချလိုက်တာမျိုး တစ်ခါမှမမြင်ခဲ့ဖူးပါ။ ဒါပေမယ့် ကောင်း က ရယ်နေလေ ချောလေ ..။

သားတစ်ယောက်အဖေဆိုတဲ့ ရင့်ကျက်တည်ငြိမ်မှုမျိုး ရှိလာတာ ရှိမလာတာ မသိ ..။ ထား မြင်နေရတာတော့ ကိုကြီးကို မြင်စတုန်းက အတိုင်းပါပဲ ..။

“ဒီနေ့ တော်တော် မင်္ဂလာရှိနေတာပဲ၊ အဲဒီတော့ အခု သားကို သိပ်လိုက်မယ် .. သား အိပ်နေတုန်း အမေကြီးက အလှပြင် ..”

“ဘာလုပ်ဖို့လဲ ..”

“ကိုယ့်မိတ်ဆွေရဲ့ စိန်တိုက်ကို အရင်သွားမယ် ..၊ ကိုယ့်ကို ချစ် တယ်ဆိုတဲ့ မိန်းမကို ကိုယ်ကလည်း လက်ဆောင်ပြန်ပေးချင်တာပေါ့၊ ကြိုက်တာတွေ ကြိုက်သလောက် ဝယ်၊ ပြီးရင် အပြင်မှာပဲ ဒင်နာ စားမယ်၊ ပြီးရင် ကန်ဘောင်ကြီးထဲမှာ ကားပတ်မောင်းရင်း အပန်းဖြေ မယ် .. ပြီးရင်တော့ ..”

သူ ကြည့်ပုံက တစ်မျိုးမို့ ထား မျက်နှာလေးက နားမလည်သလို ရှိကာ ...

“ပြောလေ .. ပြီးတော့ .. ဘာလဲ ..”

“ကိုယ်ရယ် .. မင်းရယ် .. သားလေးရယ်ပေါ့ ..၊ သားလေး ဒီ အရွယ်ကျမှ ကိုယ် မင်းဆီက ချစ်တယ်ဆိုတဲ့အဖြေကို ရပါတယ်ဆိုတာ ဗီဒီယိုမှတ်တမ်း လုပ်ရမယ် ..”

“လုပ်ပြီ .. ကိုကြီးက ..”





“လုပ်ရမှာပဲ ..၊ သားကြီးလာရင် ဒါကိုပြပြီး သူ့အမေကို အပြစ် င်အောင် အတို့အထောင်လုပ်မယ် ..၊ ဖေဖေ ဒီလောက်ချစ်နေတာ ောင် မင်းမေမေက ချစ်ပါတယ်ဆိုတာလေးကို ပြောမပေးခဲ့ဘူးလို့..”

ထား အသံထွက်အောင် ရယ်ကာ ကောင်း ရဲ့ခါးကို ဖက်ထား ိုက်သည်။

“အဲဒီတော့ ထား က ညကျရင် တစ်ခါတည်း ပြောထားမှာပေါ့၊ ချစ်နေတာကို ချစ်ပါတယ်လို့ ပြောမှ သိတဲ့လူကရော ကောင်းသေးရဲ့ ားလို့ ..”

“ဟာ .. လည်တယ် ကြည့်စမ်း ..၊ မထင်ရဘူး ..”

ကောင်း သဘောတွေကျကာ အိပ်ချင်မူးတူးလေးဖြစ်ပြီး လူးလွန့် နေသည့် သားရဲ့ကျောပြင်လေးကို ပုတ်၍ ချော့သည်။

ပြီးတော့ ထား ကို တံတောင်နဲ့ တွန်းတိုက်ပစ်လိုက်သဖြင့် ထား ိုယ်လေး မွေ့ရာပေါ် အိခနဲ ပစ်လဲသွား၏။

ကလေးက အိပ်ချင်နေလျက်နှင့် လူကြီးတွေရဲ့ ကျီစယ်သံတွေ ကြောင့် မအိပ်နိုင် ဖြစ်နေရကာ လူကြီးတွေက ဘယ်လိုပဲ မသိသာ အောင် ရယ်နေပစေ ရယ်သံတွေက ထွက်နေဆဲနှင့် ..၊

“မင်း .. တွေ့မယ် ..”

လမ်းလျှောက် ကလေးသိပ်ရင်း ကောင်း က ပြုံးလက်စနှင့် ကြိမ်း ါးသည်။

သူ့ ကို ချစ်တယ်လို့ ပြောလိုက်ပြီးကာမှ ပေါ့ပါးရွှင်လန်းသွားခဲ့ သည့်ရင်ထဲမှာ ဘယ်နေရာမှာဖြစ်ဖြစ် အပျော်တွေပဲ ရှိနေသလိုပင် ..၊ ဒါပေမယ့် ...၊

ခွဲခွာခြင်း ဆိုတာကတော့ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

"ဘယ်လိုလုပ် ဖြစ်မှာလဲကွ ...၊ စကားကို ကြည့်ပြော ...၊ အလိုက် ကမ်းဆိုး မသိ .. တောက်!..."

အလုပ်နဲ့ပတ်သက်ပြီး ဒေါသဖြစ်ခဲ့သူမို့ အင်္ကျီ ဘောင်းဘီတွေ ခေါက်ထည့်ပေးနေရင်း ကောင်း ဖုန်းပြောနေတာကို လှည့်ကြည့်လိုက် မိသည်။

"မန်နေဂျာကို ကိုယ်စားလှယ် ခေတ္တလွှဲပြောင်းထားဖို့ ငါ စီစဉ်ပြီး သား .."

"... ... ... ..."

"မင်း လုပ်ရမှာက အခု လုပ်မယ့် အစည်းအဝေးနဲ့ ငါ ခရီးသွားမှာ နဲ့ မဆိုင်ဘူး .."

"... ... ... ..."

"အစည်းအဝေးကို ငါ့ကိုယ်စား မန်နေဂျာ တက်လိမ့်မယ်၊ ငါ ပြန်မလာမချင်း နယ်ကိုယ်စားလှယ်တွေကိစ္စကို ထားလိုက်...၊ မန်နေဂျာ က ရုံးမှာပဲ ထိုင်မှာ .. ဒါပဲ လေဆိပ်ရောက်ရင် ငါ ဖုန်းထပ်ဆက်မယ်.."

ဖုန်းပြောပြီးတော့လည်း သူ့မျက်နှာ မကြည်လင် ...၊ ပြီးတော့ စီးကရက် မီးညှိရင်း အဲကွန်းအောက်မှာ သွားထိုင်၏။





"ခုနကပဲ ခေါင်းလျှော်ထားတယ်၊ ဒီဘက်မှာ လာထိုင်ပါ ကိုကြီး .. ခရီးသွားလာခါနီး .."

"နေပစေကွာ .. အသက်နဲ့ အဝေးကြီးပဲ"

စီးကရက် မီးခိုးတွေ တစ်ရှိုက်ကြီးသွင်းပြီးမှ ရှည်လျားစွာ မှုတ် သည်။ ပြီးမှ ထိုင်ရာကနေ ပြန်ထ၍ ထား ရဲ့ရှေ့မှာ လာရပ်၏။

ဒီနေ့ကျမှ ငုဝါရောင် ရှပ်အင်္ကျီလက်တိုလေးနှင့် ထား ရဲ့ပါးပြင် နှစ်ဖက်က ဝင်းနု နုမွှတ်နေကာ နှုတ်ခမ်းသားလေးတွေကလည်း နေ၏။

ထား ကို သူ ဘယ်လိုချစ်နေမှန်းကို မသိတာပါ။ ထို့ကြောင့် ခွဲ ည်း မခွဲနိုင် ...။

သူမနဲ့ လက်ထပ်ပြီးကာမှ အတိုအရှည် ဘယ်လိုခရီးဖြစ်ဖြစ် .. မနဲ့ ခွဲခွာထွက်သွားရခြင်းကို ရှောင်ကြဉ်နေခဲ့သည်။ ဒါပေမယ့် ...

သူ ထား ရဲ့ပခုံးလေးတွေကို ဆုပ်ကိုင်၍ ရင်ခွင်ထဲမှာ ပွေ့ဖက်ထား က်မိသည်။ ပြီးတော့ သူမရဲ့ကျောပေါ်မှာ အမြဲတမ်း စည်းချထား တ်သည့် ဆံနွယ်ရှည်တွေမှာ လက်တို့ ဖေးတင် ပွတ်သပ်ရင်း ...

"ကိုယ် မင်းကို စိတ်မချဘူး .."

ထား လက်လေးတွေ သူ့ခါးကို ပြန်လည် ဖက်တွယ်လာခဲ့လျက်...

"တစ်လလောက်ပဲမို့လား .."

"ထား .."

ရင်ခွင်ထဲမှာ အတင်း ဖိကပ်နေသည့် မျက်နှာလေးကို သူ မော့ယူ က်ပြီး ကြည့်ကာ ...

"ကြည့်စမ်း .. မင်း ငိုနေတယ် .."

"ကိုကြီးက အဲဒီလို လုပ်ပြနေတော့ မိုပြီး ငိုချင်တာပေါ့၊ ဘာမှ ဖြစ်သလို ထွက်သွားလိုက်ပါလား .."

ထား မျက်ရည်စက်တွေ တလိမ့်လိမ့် ဆင်းကျလာခဲ့ပြီး ဖေးဖျား



www.burmeseclassic.com

www.burmeseclassic.com



မှာ ကိုင်ထားသည့် သူလက်ပေါ်ကနေ ထပ်ဆုပ်ကိုင်ကာ ...

"သွားခါနီးမှ ထား မခံချင်အောင် တစ်ခုခု ပြောဆို ဆူပူပြီး ထာ
လိုက်ရင်လည်း ကောင်းသေးတယ်၊ ခုတော့ .."

"ထား ရယ် .."

သူ ထား ရဲ့ မျက်ရည်တွေကို တယုတယ သုတ်ပေးရင်း ဖက်ထ
လိုက်မိ၏။

"ကိုယ် ဒီလောက် အရိပ်တကြည့်ကြည့်နဲ့ ချစ်နေရတဲ့ ကောင်
လေးကို မျက်နှာညိုသွားတာတောင် ကိုယ့်မှာ ဘယ်လောက် နေရခက်
ထား ကို ဖက်ထားရင်း ပြင်ဆင်နေဆဲ ခရီးဆောင်အိတ်ကြီး
အကြည့်တို့ ရောက်သွားပြီး ...

"မသွားမဖြစ်လို့ပါ .. ကိုယ် တကယ်ကို မသွားချင်ခဲ့တဲ့ ခရီး
ထား ရယ် ..၊ ဒါပေမယ့် အခု ကိုယ်သွားမှဖြစ်မယ့် အလုပ်ကိစ္စ ရှိ
တယ်၊ အဲဒါကြောင့် မငိုပါနဲ့ကွာ .."

"ထား နားလည်ပါတယ် ကိုကြီး ရဲ့ .. ငိုချင်တာကတော့ ငိုမှာ
ပေါ့၊ ကိုကြီး စိတ်မကောင်းမဖြစ်ဘဲ သွားပါ၊ ကိုကြီးပဲ တစ်လမကြာ
ပြန်လာနိုင်အောင် ကြိုးစားလို့ရတယ်ဆို .."

"အင်း .."

"အဲဒါကြောင့် စိတ်ဖြောင့်ဖြောင့် သွားပါ..၊ ထား ကလည်း ကြီးကြီး
တို့ဆီမှာ ရှိနေမှာပဲ၊ ဒီတိုက်ကြီးထဲမှာ တစ်ယောက်တည်း ကျန်ခဲ့ရမှာ
မဟုတ်တာ .. နော် .."

သူ ထား ရဲ့လက်လေးကို ဆွဲကာ မွှေ့ရာစပ်မှာ အတူတူ ယှဉ်ထို
ထိုင်လိုက်ပြီး ...

"ကိုယ့်ကို တစ်ခုတော့ ယုံကြည်ပါ"

"ဘာလဲ .. ဟင် .."

မျက်ရည်တွေ ရှိနေသေးသည့် မျက်ဝန်းအိမ်လေးတွေကို စိုက်





ကြည့်ရင်း ကောင်း က ထား ရဲ့မျက်တောင်ဖျားလေးတွေ ပိတ်ကျသွား
အောင် သူ့ရဲ့လက်မနှစ်ဖက်နဲ့ အသာလေး ဖိတင်ပေးလိုက်၏။

ထိုအခါ မျက်ဝန်းအိမ်ထဲက မျက်ရည်လက်ကျန်တို့က အောက်စပ်
မျက်တောင်ဖျားတို့၏အစပ်ကို လှုပ်လီလှုပ်လဲ့ ကျော်ဖြတ်ဆင်းလာကြ၏။
မျက်ရည်တွေကိုငေး၍ တဖြည်းဖြည်း ထိကပ်ပူးယှက်သွားသည့် ကောင်း
၏မျက်နှာသည် မျက်ရည်တွေခြောက်သွေ့ကုန်မှ နောက်ပြန်ဆုတ်ခွာရင်း...

"မျက်ရည်မကျနဲ့တော့ .."

ထား က မဲ့တဲ့တဲ့မျက်နှာလေးနှင့် ပြုံး၍ သူ့ပခုံးစွန်းမှာ မှီလေ
သည်။ ကောင်း က ခါးလှလှလေးကို ပြန်လည် ဖက်ထားလျက် ...

"မင်း အခါခါ ခွင့်တောင်းနေတုန်းက ကိုယ်က ပြန်ခွင့်မပြုခဲ့ဘူး
လေ ..၊ အခု ကြီးကြီး နေမကောင်းဖြစ်နေတယ်ဆိုမှ ပြန်ဖို့အကြောင်းက
တိုက်ဆိုင်လာတယ်၊ ကိုယ် တကယ်ပါ .. မင်းကို ဒီမှာ တစ်ယောက်
တည်း မကျန်ခဲ့စေချင်တာ ..၊ သားလေးနဲ့ မင်း .."

"ကိုကြီးရယ် .. ထား ကိုကြီးကို ဘယ်တော့မှ မကောင်းတဲ့စိတ်နဲ့
မကြည့်ခဲ့ဖူးဘူး၊ ဟိုအရင်တုန်းကလည်း အမေ မကျန်းမာပေမယ့်
ကြီးကြီး အပြင်းအထန် ဖျားနေတော့ ထား ပြုစုပေးခဲ့တယ်လေ .."

"အင်း .. အဲဒီတုန်းကတော့ ကိုယ့်ဘက်က မရိုးသားမှု နည်းနည်း
ရှိခဲ့ပါတယ်၊ မင်းကိုလည်း ဝန်ခံထားပြီးပြီလေ .."

ထား က ပြုံးလိုက်ပြီး ခေါင်းညိတ်သည်။ ကြီးကြီးကို ပြုစုဖို့ လူ
ထိုပေမယ့် ထား ကိုပဲ ကြီးကြီးက ပြုစုစေချင်ပါသည်ဆိုတဲ့ ရွေးချယ်မှု
ဟာ ကိုကြီးက လက်ညှိုးထိုး တောင်းဆိုထားခဲ့တာဖြစ်ကြောင်း ..၊

"ထား သိပါတယ် ..၊ ကိုကြီး ခရီးသွားဖို့ ဖြစ်လာလို့ ထား ကို
စိတ်မချလို့ ကြီးကြီးနဲ့ ပြန်နေခိုင်းတယ်ဆိုတာ ထား ကလည်း ကိုကြီး
မရှိတဲ့အချိန်မှာ တစ်ယောက်တည်း လွမ်းဆွတ်တမ်းတပြီး မကျန်းမာရ
အောင် .. အကြောင်းဖန်လာတာလို့ တွေးပြီး ကျေနပ်သွားခဲ့တာ .."



www.burmeseclassic.com

www.burmeseclassic.com



"ထား .."

"ဟင် .. ကိုကြီး ပြောလေ .."

"သားလေးကို ဂရုစိုက်နော် .."

"စိတ်ချပါ ကိုကြီးရယ် .."

"ပြီးတော့ကွာ .."

ပြောရခက်နေသလို ဆံပင်သပ်လိုက်၊ မျက်ခုံးခြစ်လိုက် ဖြစ်နေသဖြင့် ထား က ယှဲ့ယှဲ့လေးပြုံး၍ ...

"အမေတို့အိမ်ကို သိပ်တော့ မသွားပါနဲ့လို့ ကိုကြီး ပြောမလို့မို့လား .."

"အဲဒီလို ပြောလိုက်ရင် ကိုယ် နည်းနည်းလွန်သွားမယ် ထင်တယ်။ ဒါပေမယ့် စိတ်မချဘူး ထား ရယ် .. တတ်နိုင်ရင် အငြိုး ရဲ့ လေသံစကားတွေထဲမှာ သားကို ဖြတ်သွားဖြတ်လာရှိခဲ့ဖူးတာမျိုးတောင် မဖြစ်စေချင်ဘူး၊ အဲဒီလိုမိန်းကလေးမျိုးက ဘယ်လိုပတ်ဝန်းကျင်မှာမှ ကျွတ်၊.."

သားသမီးနဲ့ပတ်သက်လာတော့ လောဘတွေ အဆိပ်ဖြစ်ကုန်ပြီ ထင်သည်။ ပတ်ဝန်းကျင်ကို ခွဲခြားချင်သည့်ဆန္ဒတွေ ..၊ လူတွေအပေါ် တိုင်းတာ သတ်မှတ်ချင်လာသည့် သံသယတွေ ..။

ဆန္ဒတွေအားလုံးဟာ သားအတွက် အကောင်းဆုံးတွေပဲ လိုချင်တာလာ ဖြစ်၏။

"ကိုယ့်ကို နားလည်ပေးပါ ချာတိတ်ရယ် .. မင်းနဲ့ သားလေးက ကိုယ့်ဘဝ၊ ကိုယ့်ရဲ့ အနာဂတ်ပါ၊ ကိုယ် လောဘတွေ ကြီးလာတယ် ထင်ရင် နားလည်ပေးပါ၊ အငြိုး ကို ကိုယ် .."

"ထား တတ်နိုင်သမျှ ရှောင်မှာပါ၊ ကိုကြီးကို ကတိပေးပါတယ်- အမေ့ဆီ သွားဖြစ်ခဲ့ရင်တောင် .."

သားလေးကို ခေါ်မသွားပါဘူးလို့ သူ စိတ်ချအောင် ကတိပေးလိုက်ချင်ပေမယ့် ဒါက လွယ်ပါ့မလား ..။





ကောင်း က ထား အခက်တွေ့သွားတာကို နားလည်သလို ခေါင်းလေးကို ပွတ်၍ ဖက်ထားလိုက်ကာ ...

"ဆောရီးပါ .. မင်းလည်း သားရဲ့အမေပဲ .. ကိုယ် စိတ်ချပါတယ်၊ အဲဒါ ကိုယ့်ပြင်ဆင်မှု နောက်ကျသွားတာလည်း ပါတယ်ကွ .."

"ဘာကိုလဲ .. ဟင် .."

"ကိုယ် ဘယ်သွားသွား .. ကိုယ့်ရဲ့ကိုယ်စား မင်း ကျန်ခဲ့အောင် ကိုယ့်စီးပွားရေးတွေထဲမှာ မင်းကို ကျွမ်းကျင်စေဖို့ပေါ့၊ အဲဒီလို တွေးမိရင်း ကိုယ်တို့ ကလေးယူတာ နည်းနည်းစောသွားသလားလို့ တွေးမိလာတယ် ..၊ အဲဒါ မင်းကို ချစ်လွန်းလို့ .. သိရဲ့လား .."

ထား ရဲ့ပခုံးလေးကို ရင်ခွင်ထဲမှာ တင်းခနဲ ဆွဲဖက်၍ ငုံ့ကြည့်ကာ...

"မှန်းဆက်တုန်းက ကိုယ့်ကောင်လေးက ဘာပြောလဲ သိလား..၊ ကိုယ်စားလှယ်လွှဲမယ်ဆိုတာ ဆရာကတော့်ကိုလားတဲ့ ..၊ အဲဒါကြောင့် ကိုယ် စိတ်တိုသွားတာ .. ဒီလိုလုပ်မယ်လို့ ကိုယ်ပဲ ပြောထားခဲ့တာ.."

"စိတ်ချပါ ကိုကြီးကလည်း .. ကိုကြီး ဒီတစ်ခါ ပြန်လာရင် ထားကြိုးစားမယ်၊ ခုလည်း .."

"နေပါစေကွာ .. ဟိုမှာ ချာတိတ် အေးဆေး အပန်းဖြေပါ၊ ကိုယ့်ရဲ့မွေးရပ်မြေကို အလည်အပတ်သွားသလိုပဲ နေ ..၊ အလုပ်ကိစ္စ ဘာမှ ခေါင်းထဲ မထည့်နဲ့၊ ဒါပေမယ့် ကိုယ် ပြန်ရောက်လာပြီးရင်တော့ နောက်ထပ် အဲဒီလောက် လွတ်လွတ်လပ်လပ်ကြီး ပြန်ရောက်ဖြစ်ဖို့ သိပ်မရှိတော့ဘူး .."

BURMESE CLASSIC .com

"ဒေါက် .. ဒေါက် .."

အပြင်ဘက်က တံခါးခေါက်သံကြောင့် သူတို့ စကားစ ပြတ်သွားကြ၏။

"မမထား .. အစ်ကိုလေး ခေါ်ထားတယ်ဆိုလို့ ဘဘချစ် ရောက်နေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သြော် .. အေး .. လာပြီ .."

ကောင်း က နေရာမှ ထရပ်လိုက်ကာ ...

"ဘချစ် က စိတ်ချရတယ် .. အဲဒါကြောင့် သူ့ကို ခြံစောင့်ထား မယ်လေ၊ နုနု ကိုတော့ ကလေးထိန်းဖို့ မင်း ခေါ်သွား ..၊ ဟိုမှာ ဘာ လိုလေသေး မရှိစေနဲ့ .. ငွေလိုရင် ရုံးကို ဖုန်းဆက်လိုက် .. သူတို့ ချက်ချင်း ရောက်အောင် လာပို့လိမ့်မယ်၊ ကလေးတစ်ဖက်နဲ့ ဘဏ်သွားတာတွေ ဘာတွေ မလုပ်နဲ့နော် ..၊ တခြားလူကိုလည်း မခိုင်းနဲ့၊ ငွေလိုရင် ကြိုမှာ နာရီပိုင်းအတွင်း ရောက်လာလိမ့်မယ် .."

"ဟုတ်ကဲ့ပါ .. ထား မှာလည်း ပါတာ နည်းတာမှ မဟုတ်တာ ဘာဖြစ်လို့ အသေးစိတ်ထိ လိုက်ပူနေတာလဲ ကိုကြီးရယ် .. အလုပ်ကို ဖြောင့်ဖြောင့်တန်းတန်း သွားပါ၊ ထား က ကိုယ့်နိုင်ငံထဲမှာ ကျန်ခဲ့မယ့် သူ .. ကိုကြီးသာ .."

"ကိုယ်လည်း ဒီလိုပဲ သွားလာနေကျပါ .. ဘာမှ ပူစရာ မရှိဘူး မင်းကို ထပ်မှာချင်တာက နေရာတကာ စိတ်အလိုမလိုက်ပါနဲ့၊ မင်း ဟိုအရင်တုန်းက စိတ်ထားမြတ် မဟုတ်တော့ဘူး၊ ကိုယ့်ရဲ့ ဂုဏ်သိက္ခာ အတွက်ဖြစ်ဖြစ်ပေါ့ .. သွားတာလာတာ ဆင်ခြင် .."

ထား မျက်ရည်တွေ စေ့လာခဲ့ပြန်ပြီ ..၊ ကိုကြီး ဘာဖြစ်လို့ ဒီ လောက်တောင် မှာနေရတာလဲ ..။

ရင်ထဲမှာ အစကထက် ပိုပြီး ပူလောင်လာခဲ့၏။ သူ စိတ်မချလို့ မှာနေလေ .. ကိုယ့်မှာ အရိပ်မဲ့သွားသလို ခံစားရလေ ..။

ဝေးသွားတော့မှ ချစ်မှန်း သိတယ်ဆိုတာမျိုးလား ..၊ ဒါပေမယ့် ထား တို့က ဝေးမှ မဝေးကြသေးတာ ..။





## အခန်း (၂၃)

"သမီးရေ .. အပြင်မှာ ညည်းအစ်ကို ရောက်နေတယ် .."

"ဟုတ်ကဲ့ ကြီးကြီး .."

သားကို အကျီဝတ်ပေးနေတုန်းမို့ ချက်ချင်း မထွက်နိုင်သဖြင့် ား အပြင်ရောက်တော့ လိမ္မာအောင် က ဆိုင်ထဲမှာ ထိုင်နေပြီဖြစ်သည်။

အဝါရောင်စပို့ရှပ်လက်တို .. ဘောင်းဘီရှည်အညိုနှင့် လိမ္မာအောင် ပိုပြီး ရင့်ကျက် ချောမွေ့နေသလိုပင် ..။

"ကိုကို .."

"ဟား .. ငါ့ညီမက ဖြူဖြူသန့်သန့်ကြီးဖြစ်ပြီး အရမ်းကို လှလာ ာပဲကွ ..၊ ဒါ နင့်သားလား .. သားကလည်း မအေတူပဲနော်၊ သူ့အဖေ ူတာဆိုလို့ မျက်နှာကျပုံနဲ့ အရပ်အမောင်းပဲ ..၊ ခြေတံလက်တံကြီး ွေ ကြည့်ပါဦး .. တကယ် ထွားမယ့်ကောင် .."

ညီမနဲ့ တူဖြစ်သူကို အားပါးတရ ချီးမွမ်းရင်း သားကို ဆွဲယူချီ၏ ြီးတော့ မျက်နှာလေးကိုရော လည်ပင်း ဂုတ်သားလေးတွေကိုအစ ာင်း ဖိကာ်နမ်း၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ချစ်ဖို့ကောင်းလိုက်တာကွာ ..၊ လူကို မျက်လုံးပြူးလေးတွေ ကြည့်နေပြီး ငိုလည်း မငိုဘူး .."

သားကို တင်းခနဲ ဖက်လိုက် ..၊ နမ်းလိုက်နှင့် အားလုံးကို မေ့ ပေါ်သည့် ကိုကို့ကို ကြည့်ကာ ထား စိတ်မကောင်း ဖြစ်သွားမိ၏။

ကိုယ်ကတော့ ပေးခဲ့တဲ့ကတိအတိုင်း မနေ့တည်းက ရောက် တာတောင် ခုချိန်ထိ ကိုကိုတို့ဆီ မရောက်ခဲ့သေးဘဲ ကိုကိုက မနေနိုင်ဘဲ ရောက်ချလာသည်။

မောင်နှမ ပြန်ဆုံကြတာကို ငုံ့ကြည့်ကာ အန်တီစု က ဆိုင်ထဲ ထွက်၍ အိမ်ပေါ် တက်သွားသည်။ ပဒုမ္မာဆေးလိပ်ခုံကနေ မိဘမေ ဆေးမျိုးစုံဆိုင်ကြီး ဖြစ်သွားပေမယ့် ဒီအိမ် ဒီနေရာမှာပဲမို့ လူကြီး အတွက် အိုးမကွာ အိမ်မကွာ လုပ်လို့ရတဲ့ စီးပွားရေး ဖြစ်သည်။

ဆေးပစ္စည်းတွေအတွက်က ကောင်း က အားလုံး လုပ်ပေးသွ တာမို့ ဒီမှာ အဆင်မပြေတာ ဘာမှမရှိ ..၊

"အမေ နေကောင်းလား ကိုကို .."

"ကောင်းတယ်ပဲ ပြောပါတော့ဟာ .."

အမေ့ကို မေးလိုက်မှ ကိုကိုနဲ့ သားရဲ့ ပွေ့ဖက်နမ်းရှိုက်ခြင်း ရပ်တန့်ကာ သားက ထား ကို လက်လှမ်းတော့ ပြန်ထည့်ပေးရင်း

"အမေကလည်း မြေး သိပ်လိုချင်တာ ..၊ ငါ့ကို အိမ်ထောင်ပြု ချင်တာလည်း မြေးနဲ့ သားနဲ့ သိုက်သိုက်ဝန်းဝန်း နေချင်လို့လေ .. တော့ဟာ .."

လိမ္မာအောင် က ထား ရောက်မလာတာကို အပြစ်တင်ချင်သ အမူအရာ တစ်စက်မှ မရှိဘဲ သူ့အခက်အခဲတွေကိုသာ ရင်ဖွင့်လာ

"အငြိုး ကလည်း စီးပွားရေးကို စိတ်ဝင်စားတယ်၊ ကလေး မ ချင်သေးဘူးဆိုတာ သဘာဝတော့ ကျပါတယ်၊ ဒါပေမယ့် အမေ့ဘ က ကြည့်တော့လည်း ခုတောင်မှ ဘာမှ မမြင်ရရှာတော့ဘူး၊ သူ အဲဒီ





မဖြစ်ခင် မြင်သွားချင်တဲ့ဆန္ဒတော့ မပြည့်ဝတော့ဘူးပေါ့၊ အသံလေးပဲ ကြားရကြားရပါ မြေးလေး မွေးပေးပါလို့တောင် ထပ်ပြောခဲ့သေးတယ်၊ အဲဒါလည်း .."

"ကိုကိုရယ် .. စီးပွားရှာတာလည်း ရှာတာပေါ့၊ ဒါပေမယ့် ချမ်းချမ်းသာသာနဲ့ ရှာဖွေရတာက ဆင်းရဲတဲ့လူတွေထက်တော့ သက်သောင့်သက်သာ ရှိပါတယ်၊ ကလေးရှိတော့ အိမ်ထောင်ရေးလည်း သာယာတာပေါ့"

လိမ္မာအောင် က ထား မျက်နှာလေးကို စိုက်ကြည့်ပြီး ပြုံးသည်။ ပြီးတော့ မို့မို့လေး သိမ်းလှန်ကာ နောက်မှာ ကလစ်နဲ့ ညှပ်ချထားသည့် နက်မှောင်သော ဆံကေသာတို့ကို စေ့စေ့စပ်စပ် ကြည့်၏။

"နင့်ကို ကြည့်ရတာ ငါ တကယ် စိတ်ချမ်းသာသွားတယ် ..၊ အိမ်ထောင်ရှင်မတစ်ယောက်ရဲ့ ပုံပန်းသဏ္ဌာန်ကို မြင်တာနဲ့ သူ့ယောကျ်ားရဲ့ အရည်အချင်းကို မှန်းလို့ရတယ်တဲ့၊ အဲဒီစကား မှန်တယ် .. နင့်ကို မြင်တာနဲ့ နင့်ဘဝ ဘယ်လောက် အေးချမ်းတယ်ဆိုတာ သိသာတယ်.. သိလား .."

ဒါဆို ကိုကိုနဲ့ အငြိုး ရဲ့ဘဝက မအေးချမ်းလို့လား ..၊ ကိုကိုတို့ အိမ်ထောင်ရေး ဘာတွေများ ဖြစ်ပျက်နေကြပြီလဲ ..။

အမေ့ဘဝ ငြိမ်းချမ်းခြင်း .. မငြိမ်းချမ်းခြင်းဟာ ကိုကို့အိမ်ထောင်ရေးနဲ့သာ သက်ဆိုင်တာမို့ ...

"ကိုကိုတို့ အဆင်မပြေဘူးလားဟင် .."

"ပြေပါတယ် .. အငြိုး အကြောင်း နင် သိရဲ့သားနဲ့၊ သူက အပြောနည်းနည်းဆိုးတယ်လေ ..၊ အဟွန်း.. စိတ်တိုလာရင် လူကြီးမှန်း လူငယ်မှန်း သိပ်ခွဲခြားနေတာ မဟုတ်ဘူး .."

အဲဒါကို ရိုင်းစိုင်းတာလို့ ခေါ်တာပါ ကိုကို ..၊

ရင်ထဲမှာ ပြောမိရင်း ကိုကို သူ့မိန်းမအပေါ်မှာ ဘယ်လောက်ထိ



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုး ယုံကြည်နေသည်ကို ခန့်မှန်းလိုက်မိ၏။

"ထား လေ .. သားလေးနဲ့ အမေ့ကို ပေးတွေ့ချင်ပါတယ် .. ရောက်လာတည်းက အမေ့ကျန်းမာရေးကို စုံစမ်းရင်း စိတ်ကလည်း အဲဒီကိုပဲ ရောက်နေခဲ့တာပါ .. ဒါပေမယ့် .."

"ရပါတယ် .."

လိမ္မာအောင် က ထား ရဲ့ခေါင်းလေးကို ကလေးလို ပုတ်လိုက်ပြီး နားလည် ခွင့်လွှတ်သည့်အပြုံးနှင့် ...

"ငါ နားလည်ပါတယ် .. နင်လာရင်လည်း စိတ်ချမ်းသာရဖို့မှ မရှိတာ .."

"ဟင်!... ဘာဖြစ်လို့လဲ .."

စကားပြောလို့ ကောင်းနေတုန်း သားက လက်လှမ်းမီရာ မြင်သမျှကို လိုက်ဆွဲနေသဖြင့် လက်ကလေးတွေကို ပြန်ဖမ်းထားရင်း ထား အလုပ်ရှုပ်နေ၏။

ထိုအရာကိုမြင်မှ မလှမ်းမကမ်းမှာ အမြဲရှိနေတတ်သည့် နုနု ရောက်လာပြီး သားကို ခေါ်သွား၏။

"နုနု ..ညနေစောင်းနေပြီနော် .. သားနဲ့ အပြင်မထွက်နဲ့တော့.."

"ဟုတ်ကဲ့ မမထား .."

လိမ္မာအောင် က ထား တို့နှစ်ယောက်ကို လိုက်ကြည့်နေပြီး ...

"နင် ရောက်လာတည်းက ငါ ကြားတယ် ..၊ ရှင်လောင်းလှည့်တာ ကျနေတာပဲတဲ့၊ ကားနှစ်စီးနဲ့ ဧည့်သည်တွေလည်း ပါတယ်တဲ့၊ ပြီးတော့ ဧည့်သည်တွေက ချက်ချင်း ပြန်သွားကြတယ်တဲ့၊ နင့်ကို လိုက်ပါစောင့်ရှောက်သူတွေလား .."

"ဟုတ်တယ် ကိုကို .."

"အပျွန်း .."

ထား ပုံစံလေးကို မြင်ရတော့ အငြိုး ကို သူ တွေးမိသွားသည်။





အဲဒီလို အထိန်းတော်၊ အချိတော်တွေနဲ့ နေချင်တဲ့ သူမပါ ..။

တခမ်းတနားလည်း နေချင်သည်။ သူမကိုယ်တိုင်ပဲ ဦးဆောင်ချင်တဲ့ဆန္ဒတွေလည်း ပြင်းပြ၏။ ထိုအခါ ထီးဟန်နန်းဟန်တွေနဲ့ နေချင်ပေမယ့် မနေတတ်တော့လည်း 'မဟာ'မဆန် ..၊

တကယ်ဆို အငြိုး ကို သူ ထားချင်တာက ခုလိုမျိုး ..။

"ကိုကို .."

"ဟင် .."

"ညီမလေး ရောက်နေတာ အမေ သိလားဟင် .. အမေ စိတ်ကောင်းဖြစ်နေမှာပဲနော် .."

"အင်း .. ဒါပေမယ့် .."

"စောစောက ထား လာရင်လည်း စိတ်ချမ်းသာရမှာ မဟုတ်ဘူးဆိုတာကရော .. ဘာကို ပြောတာလဲ .."

"အမေက စကားပြောရင် သိပ်မပီတော့ဘူး .."

"ဟင်!..."

ထား ရင်ထဲမှာ ဒိန်းခနဲ ဆောင့်ခါသွား၏။ လူကြီးတွေ ကိုယ်ဆောင်တာ၊ လေဖြန်းတာတွေ ဖြစ်လာပြီဆို ဒီအခြေအနေက မကောင်းနိုင်တော့ပေ ..။

တွေးလိုက်မိတာနှင့် မျက်ရည်တွေ ချက်ချင်း ပြည့်သိပ်လာ၏။

"ဘယ်လိုဖြစ်သွားလို့လဲဟင် .. အအေးပတ်သွားတာလား၊ ပါးဆွဲဘာတွေ ရှုံ့စောင်းသွားတာလား .. ပြောပါဦး၊ အမေက အိပ်ရာထဲမှာ တက်လက်နေရတဲ့ဘဝ ရောက်သွားပြီလား .."

"ဖြည်းဖြည်း မေးပါ မိထား ရယ် .."

ထား မျက်တောင်ခတ်လိုက်တာနှင့် မျက်ရည်စက်တွေ လျှောခနဲ ပြိုဆင်းကျွန်ကြကာ ...

"ပြောပြပါ ကိုကိုရယ် .. အမေ ဘာဖြစ်သွားတာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး .. မျက်လုံးကွယ်သွားပြီးမှ ဆက်တိုက် ဖြစ်လာတာ ပဲ၊ ငါ့ကိုတောင် ဘာစကားမှ မပြောဘူး .. ခေါ်လိုက်ရင် မော့ကြည့် ဟိုကိုင်ဒီကိုင်နဲ့ ပြီးသွားတာ .."

အမေရယ် ...၊

ထား ရှိုက်ငိုမိလေသည်။ ပြီးတော့ ငိုနေရင်း မျက်နှာလေး မော့ ကာ ...

"ကိုကို စိတ်မဆိုးပါနဲ့ ...၊ ထား ကြားထားတာက အမေ့ညီ ဆိုရင် လူမမာသတင်းမေးလာတဲ့သူကိုတောင် အငြိုး က မချေမငံ ပြောတယ်ဆိုတော့ .."

"သူတို့ကလည်း လာရင် ကောင်းကောင်းလာကြတာ မဟုတ် ဟ ...၊ အကြံပေးသလိုလို .. စိတ်မကောင်းသလိုလိုနဲ့ မိသားစုကြ သွေးထိုးတဲ့စကားမျိုးတွေ ပြောကြတာ၊ အငြိုး က အစတည်းက စိ ဆတ်တယ်လေ .. ညမှုညတာ အမေ့ကို ချေးကလူ သေးကလူ သု ပြုစုရတာကို၊ ခဏတဖြုတ် ရောက်လာပြီး ဆရာကြီး လုပ်ကြတာ သူ ဘယ်ခံချင်မလဲ ...၊ သူ့ဘက်ကလည်း မမှားပါဘူး .."

ကိုကို ပြောသမျှ အငြိုး ဘက်က သဘာဝကျနေတာတွေ၊ မမှ တာတွေချည်းပါလား ...။

ဒါဖြင့် အငြိုး ရယ် .. အမေရယ် .. ပတ်ဝန်းကျင်ရယ် .. ဘယ် မှန်ပြီး .. ဘယ်သူ မှားနေသလဲ ...။ ထိုစဉ် ...

"တီ .. တီ ..."

"ဟော .."

ဆိုင်ရှေ့တည့်တည့်မှာ ကားရပ်ကာ ဟွန်းတီးသံက ခပ်ဆော ဆောင့် ...၊ လိမ္မာအောင် က ဖျတ်ခနဲ လှည့်ကြည့်ပြီး ရယ်ကာ ...

"ငါ့တူကြီးကို ပြပြီး အငြိုး ကလေးလိုချင်သွားအောင် လုပ်ဖို့ ကလေးက အထဲရောက်နေပြီ .."





ထား လှမ်းကြည့်လိုက်တော့ အငြိုး က မာစတာဂျစ်လေးကို ကိုယ်တိုင်မောင်း၍ လက်ပြတ်လည်ဟိုက် အပျော့သားကိုယ်ကျပ်ကို တ်ထားသည်။

ဖွေးနှစ်နေသည့် လက်ဖမောင်းသားတွေက လှသည်။ ဟိုအရင်က က် ပို၍ တိုအောင် ဖြတ်ချထားသည့် ဆံပင်တွေကို ကော်ဖီရောင် င်ထားသဖြင့် ဇွေစောင်း နေရောင်ဖျော့ဖျော့အောက်မှာ လက်နေ၏။

ပြီးပြည့်စုံသော ပြင်ဆင်ခြင်းကြောင့် အငြိုး ဟိုတုန်းကထက် လှ နေလေသည်။ လိမ္မာအောင် က ထား နဲ့ အငြိုး လှမ်းကြည့်နေကြတာကို တိထားမိကာ ...

"နေဦး .. ငါ အငြိုး ကို ခေါ်လိုက်ဦးမယ်"

သူ ပြောပြီး ထမလို့ ပြင်လိုက်တာနှင့် ဟွန်းသံက တီခနဲ ထပ်မြည် ာသဖြင့် ...

"မခေါ်နဲ့တော့ ကိုကို ...၊ ကိုကို့ကို လာဖို့ ခေါ်နေတာ .. ကိုကို ြန်တော့နော်၊ ထား နဲ့သူ တွေ့ကြရင်လည်း သိပ်အဆင်ပြေမှာမှ မဟုတ် ာ .."

"မဟုတ်တာ ထား ရာ .."

"ဟုတ်တယ် .. လိမ္မာအောင် .."

အန်တီစု က နောက်ကနေ တည်ငြိမ်သည့်ခြေလှမ်းများနှင့် ဝင် ာကာ ...

"အားတော့နာတယ် .. မင့်မိန်းမက သတင်းကြီးလွန်းလို့ ငါတို့ ောင် လန့်နေရတာ ...၊ နောက်ထပ် ဟွန်းမတီးခင် မင်း ပြန်လိုက်ပါ"

ဒီတစ်ခါတော့ လိမ္မာအောင် မျက်နှာပျက်၏။ စိတ်ဆိုးသွားလို့ တော့ မဟုတ်ပါ။ သူ ဘယ်အဆင့်ထိပဲ မြင့်မားတိုးတက်နေပါစေ .. အန်တီစု တို့လိုလူတွေက ကိုယ် မှီခိုခဲ့ဖူးသော ကျေးဇူးမကင်းတဲ့လူတွေ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြောရလျှင် ငယ်နိုင်ကို ဘယ်တော့မှ ပြန်လှန် မတုံ့ပြန်ရဲဘူး
သည့် စကားအတိုင်း ရင်ထဲရောက်လာတာက စိတ်ဆိုးခြင်းမဟုတ်
စိတ်မကောင်း ဖြစ်သွားခြင်းသာ ..။

ကိုယ်ချစ်ရတဲ့ ချစ်ဇနီးအကြောင်း တစ်ယောက်တလေက
အကောင်းပြောသံ မကြားရခြင်းအတွက် နာကျင်သွားသလိုလို ..။

"ဟွန်း .."

လီမှာအောင် ပြန်ပါသွားသည့်ကားကို အန်တီစု က တစ်ချက်
လှမ်းကြည့်ပြီး ပြုံးသလို မဲ့သလိုနှင့် ...

"သားလီမှာကို နွားလီမှာဖြစ်အောင် တတ်လည်း တတ်နိုင်တယ်
တစ်လောကလုံးကို ခါးစောင်းတင်မယ့်မိန်းမ" တဲ့ ..။

တစ်ယောက်တည်း ရေရွတ်ရင်း အလုပ်လုပ်နေသည့် အန်တီ
စကားကို ကြားကာ ထား စိုးရိမ်စိတ်တွေ ဖြစ်သွား၏။

အမေ ဘယ်လိုနေရှာမလဲ ...။





## အခန်း (၂၄)

"လောကကို ခါးစောင်းတင်ထားရင် ခါးလေးသေးတယ် မောင်၊
ခါးမျက်လုံးမျိုးကို ပိုင်ဆိုင်ပြီး မျက်စောင်းတစ်ချက်ပဲ ထိုးလိုက်ချင်
တာ .. တစ်လောကလုံး ပြာကျသွားအောင် .."

စာရွက်ဖြူဖြူကို စိတ်ရှိလက်ရှိ လုံးချေပစ်ပေါက်ကာ အငြိုး က
ခက်ခေါက်သည်။ လီမှာအောင် က စာရွက်လုံးလေး သူ့ရဲ့ခြေဦးထိပ်ကို
လာပြီး ရပ်တန့်သွားတဲ့အထိ ကြည့်နေပြီးမှ ...

"သူတို့ဘာသာ အချိန်တွေပိုနေလို့ ရေးချင်တာရေးပြီး လာကပ်
ထားတာကွာ ..၊ 'အမြင့်ရောက်လေ လေတိုက်လေ'တဲ့ ..၊ အဲဒါတွေ
သိရဲ့သားနဲ့ .."

မဟုတ်ဘူး .. တစ်နေ့တစ်မျိုး မရိုးအောင် စာတွေရေးပြီး အလုပ်ရုံ
ရှေ့မှာ လာလာကပ်နေတာ တစ်ခါ နှစ်ခါ မကတော့ ..၊

'ဆီးသီးသည် မဖျိုင်း (သို့) အငြိုး' ဆိုတာတွေ..၊

'ဘုရင်က ရွှေတစ်ပဲသား လည်ပင်းမှာ ချိတ်ပေးပြီး ဆုချလိုက်လို့
အနံတက်ပြီး နောက်နေ့မှာ ခေါင်းညိတ် ဦးညွှတ်ရမှန်းမသိတဲ့ ပုတ်သင်
ညို (သို့) အငြိုး' ..၊



www.burmeseclassic.com

www.burmeseclassic.com



'တို့ယောက်ျားများ သတိထား .. အငြိုး ကို ရှောင်ကာ ရှား' ..

'လောကကို ခါးစောင်းတင် .. မြင်းမိုရ်တောင်ကို ခေါင်းနဲ့တိုက် မိုက်လိုက်တဲ့ အငြိုး' ..

စသဖြင့်သော စာတမ်း အတိုအရှည်တွေ ..။

"တောက်!..."

အငြိုး တစ်ယောက်တည်း ကြိတ်တွေးကာ ပေါက်ကွဲခွင့်မရှိသည့် ဒေါသတွေက လိမ္မာအောင် ဆီကို ဦးတည်၏။

"နေပါဦး .. မောင်က အစောကြီးထွက်သွားပြီး အိမ်ပြန်တာလည်း မဟုတ်ဘဲနဲ့ ဘာလုပ်တာလဲ .."

"မောင်က အိမ်ပြန်စရာလား အငြိုး ရယ် .. ညီမလေး ရောက်နေတယ် ကြားကတည်းက တွေ့ချင်နေတာ .. အခု ကုန်ကားသွားပြောရင်းနဲ့ လမ်းလည်း ကြုံလို့ ဝင်လိုက်တာ .."

အငြိုး မျက်နှာ တစ်ပြင်လုံး နီရဲတင်းမာနေပေမယ့် နှုတ်ခမ်းလေး တစ်ချက် ဖိကိုက်ပြီး မျက်နှာကို တစ်ထစ် ပြန်လျှော့၏။

"သူ့မှာ ကလေးလေး ပါလာတယ်ဆိုလို့ အငြိုး တောင် မြင်ချင်တဲ့ စိတ် ပေါက်လာသေးတယ်၊ ဒါပေမယ့် မောင်က အကြီး မဟုတ်ဘူးလား .. ငယ်တဲ့လူက လာတွေ့ရမှာလေ မောင်ရဲ့ ..၊ မောင် မပြောနဲ့ အမေတောင်မှ အဲဒါကို နားလည်နေသေးတယ် .."

"ဘယ်လို .."

အငြိုး ရင်ထဲမှာ မဲ့ရွဲ့လှောင်ရယ်ရင်း မျက်နှာလေးကိုတော့ နာကျင်ဟန်တို့နှင့် ...

"သူ ရောက်တယ်လို့ ကြားတည်းက အမေ သိတယ် ..၊ မောင် သိရဲ့သားနဲ့ .. ပတ်ဝန်းကျင်က ဒါမျိုးဆို သာသာထိုးထိုး သိပ်ပြောချင်တာလေ၊ သူ ဘယ်လို တခမ်းတနားရောက်လာတာ၊ သူ့အဒေါ် ယောက္ခမတွေနဲ့ ဘယ်လိုသာယာပြီး မအေကို လာမတွေ့တာတွေ .."





"ဒီကို ဘယ်သူ လာပြောသွားတာလဲ .."

သူ သိထားတာက ပတ်ဝန်းကျင် အိမ်နီးချင်းတွေ အိမ်ကို အရင်လို လာကြတော့ဘူးဆိုတာပင် ..။

အငြိုး မျက်နှာလေးက အုံ့သြ ကြေကွဲဟန်တွေနှင့် သနားစဖွယ် သေး ဖြစ်သွားကာ ...

"မောင်က အငြိုး ကို မယုံကြည်တာလား .. ဟင် ..၊ ဒီအိမ်ကို အငြိုး ကြောင့် ဘယ်ပတ်ဝန်းကျင်ကမှ အဆက်အဆံ အဝင်အထွက် လုပ်တော့ဘူးလို့ ထင်နေတာလား .."

"မဟုတ်ပါဘူး .. မောင်လည်း ဘာမှ မပြောရသေးဘဲနဲ့ကွာ .."

"ပတ်ဝန်းကျင်ဆိုမှတော့ ဘယ်သူ လာပြောတာလဲဆိုတာကို အငြိုး က ဘယ်လို ဖြေရမှာလဲ ..၊ အမေ ဝမ်းနည်းနေတာကိုမြင်လို့ ထား မလာလို့များလားလို့ တွေးပြီး အငြိုး မေးလိုက်တယ်၊ ထား ကို သွားခေါ်ပေးမလို့ပါ..၊ အမေ့အတွက်နဲ့ အငြိုး ကပဲ မောင့်ညီမကို သွားခေါ်ပေးမလို့ .."

အငြိုး က လက်လေးတခါခါနှင့် ပြောရင်း ငိုတော့မလို အသံတွေ ထွက်လာ၏။ လိမ္မာအောင် နေရာမှ ပျာယီပျာယာ ထလာကာ ...

"အငြိုး ကလည်းကွာ .."

ပခုံးလေးကို ဖက်ပြီး ချော့ဖို့ ကြိုးစား၏။ အငြိုး က ခေါင်းလေး ခါ၍ သူ့လက်ကို ဖယ်ချပစ်သည်။

"အမေက အငြိုး လက်ကိုဆွဲထားပြီး ခေါင်းခါပြတယ်..၊ ပြီးတော့ အခန်းထဲဝင်ပြီး တံခါးပိတ်သွားတယ်၊ အမေကတောင် အိမ်ထဲမှာနေပြီး သူ့ရဲ့အေးစက်မှုကို ခံစားမိတယ်၊ မောင်က အစ်ကိုဖြစ်ပြီး သူ့ကလေးကို ချီဖို့ သူရှိတဲ့နေရာထိ လိုက်သွားတာ တွေးကြည့်ပါဦး .."

အငြိုး ပြောလိုက်မှပဲ စိတ်ထဲမှာ ရှက်မိသွားသလိုလို ခံစားမိသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟို ဦးစွာရှူးမိန်းမကြီးကပါ မောင့်ကို နှင်ထုတ်လိုက်သေးတာ မို့လား ..၊ မောင် အဲဒီလောက် မောင့်ညီမကို ချစ်ရင် မောင် သွားချင် နေရာ အငြိုး သွားပေးမှာပါ၊ မောင့်ကို အပြောခံရမယ့်အစား အငြိုး ပဲ အပြောခံမယ် သိလား ..၊ မောင့်ကို အငြိုး က ဘုရားလို ကိုးကွယ်ထာ တာ..၊ သူတို့ကတော့ မောင့်ကို ဟိုတုန်းက ဆေးလိပ်ဖက်ပို့တဲ့ ဆင် သားကောင်လေးဆိုတာထက် ပိုမြင်ခဲ့တာ မဟုတ်ဘူး .."

ဒေါ်စုစု ရဲ့ မျက်နှာတင်းတင်းကို ဖျတ်ခနဲ မြင်ကာ လိမ္မာအော ရှက်ပြုံးနှင့် မျက်နှာငံ့၏။

အငြိုး က စိုက်ကြည့်ရင်း ...

"အငြိုး အပြင်ကနေ လှမ်းမြင်လိုက်တာနဲ့ မောင့်ကို ဘာပြေ လိုက်ပြီဆိုတာ သိတယ် ..၊ အငြိုး မောင့်ကို အဲဒီလို သူများပြောတာ မခံနိုင်ဘူး သိလား ..၊ အငြိုး ကိုယ်တိုင် ချစ်လို့ ဘယ်လိုပဲ ဆိုးနွဲ့အနိုင် ယူပစေ .. သူများ မျက်စောင်းထိုးကြည့်တာတောင် မကြိုက်ဘူး .."

"ကဲ..ပါ .. မောင် နားလည်ပါတယ် အငြိုး ရယ် .."

"မောင် နားမလည်ပါဘူး .. မလည်လို့ အဲဒီထိ ရောက်အောင် သွားတာပေါ့"

"နောက်နေ့ မသွားတော့ဘူးကွာ .. ရပြီလား၊ ထား ကလည် လာချင်တာပါ .. ဒါပေမယ့် အငြိုး နဲ့ ထား က သူငယ်ချင်းတွေ ဖြစ် သလို တစ်ယောက်နဲ့တစ်ယောက် ကတောက်ကဆလေးတွေ ရှိခဲ့ထာ တာဆိုတော့ .."

"ဘယ်တုန်းက ကတောက်ကဆလဲ မောင် .."

ပြန်မေးလိုက်တော့ လိမ္မာအောင် မဖြေတတ်ပြန် ...။

သူ သိထားသမျှဟာ အငြိုး ဘာမှ မကျူးလွန်ခဲ့တဲ့ သတင်းမှားတွေ ပဲ ဖြစ်နေခဲ့တာလား ..၊

အငြိုး မျက်နှာလေးကလည်း သူ့ကိုပဲ မေးခွန်းများစွာနှင့် ငေးေ





လျက် ...

"ထား .. ဒီကိုလာတုန်းက အငြိုး က နှင်လွှတ်တယ်၊ အိမ်ပေါ်က န်းချတယ်ဆိုတာတွေကို ပြောတာလား .."

"အဲ့ဒါတွေက .. ဟို .."

အငြိုး မျက်နှာလေး ငုံ့ကျသွားကာ ...

"ဟုတ်ပါတယ် .. တစ်ရပ်ကွက်လုံး ပြောနေကြတာဆိုတော့ ောင် ယုံကြည်လိုက်ပါတယ် .."

အငြိုး အသံက အေးစက် ထုံခဲနေသလား ..၊ နာကျင်မှုကြောင့် န်ခါနေတာလား ..၊ တစ်ခုခု ထိခိုက်မှုရှိနေမှန်း သိသာလျက် ...

"ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့ မောင်မှ အနားမှာမှ ရှိမနေခဲ့တာ၊ အဲဒီတုန်း ာ သူ .. သူ ဘာပြောလဲ .. မောင် သိလို့လား .."

မေးသလိုလို ပြောပြီး သူမကပဲ ဆက်၍ ...

"မောင့်ကို သူ မလိုချင်လို့ အငြိုး က ရတာတဲ့၊ သူ့ကိုပဲ ယောကျ်ား ွက ဒူးတုပ် ခယကြတာတဲ့ .."

လိမ္မာအောင် မျက်မှောင်ကုတ်သွားမိသည်။ ထား ဒီလိုစကားတွေ ပြောခဲ့သလား ..၊

မဖြစ်နိုင်ဘူးလို့ စိတ်က သိနေပေမယ့် မျက်ရည်ဝေနေသည့် ျက်နှာလေးကို ဥပေက္ခာထားပြီး ယုံကြည်ပေးရဖို့အထိလည်း မပြတ် ားနိုင် ..။

ထို့ကြောင့် ထား ဒီလို တကယ်ပြောသွားသလားဆိုတာပဲ ခေါင်း ဲမှာ အထပ်ထပ် မေးနေမိဆဲ ..၊

"အငြိုး က ဘယ်သူမှ မလိုလားတဲ့ မိန်းမပါ..၊ ခုချိန်ထိ အခွင့်သာ ာနဲ့ စာကပ် ဒေါက်ဖြုတ်ချင်တဲ့လူတွေလည်း ဝိုင်းလို့ပါ .. ဒါပေမယ့် ောင် တစ်ယောက်ကတော့ အငြိုး ကို ယုံသင့်ပါတယ် .."

အငြိုး ချုံးပွဲချ ငိုလေသည်။ ဆိုဖာမှာ မဟုတ်ဘဲ ကြမ်းပြင်ပေါ်မှာပဲ



www.burmeseclassic.com

www.burmeseclassic.com



ပုံခန့် ထိုင်ချကာ နုတ်ခမ်းလေးတွေပေါ် လက်ဖဝါးတို့ ဖိကပ်အုပ်ထား ရှိုက်ငိုသည်။

"ခက်တော့တာပဲ အငြိုး ရာ .. စာကပ်ခံရတာကို အငြိုး အရှ ခံစားနေရမှန်း မောင် သိပါတယ်၊ ထား ကိစ္စတွေ ထပ်မပြောပါနဲ့တော့ တစ်လောကလုံး ဘာပြောပြော အငြိုး ကို မောင် ချစ်ခဲ့တာ သိသ ကွာ .."

"ချစ်နေတဲ့စိတ်ကလည်း ယုံကြည်မှုမရှိရင် ပျက်ပြယ်တတ်တာ မောင် ..၊ အငြိုး ကို ရှေ့လျှောက် မောင်ကမှ ယုံကြည်မှု မရှိရင် .."

"ဘာလို့ မယုံရမှာလဲ အငြိုး ရယ် ..၊ ရဲဘော်ရဲဖက်ဆိုတာ လင် မယားချင်းကို ပြောလို့ရတာပဲ၊ လင်မယားချင်းမှမယုံရင် ဘာကို ယုံ ကြည်စရာ ရှိတော့မှာလဲ ..၊ တိတ်တော့နော် .. ညီမလေး သူ့ဘာသာ ရောက်လာချင်လာ .. မောင်က သွားခေါ်ဖို့ လုံးဝ မကြိုးစားတော့ဘူး ကတိပေးတယ် .."

"အငြိုး က မောင်တို့ မောင်နှမကို အဆက်အဆံ မလုပ်ရဘူးလို့ မပြောပါဘူး၊ အဲဒီလို ဖြစ်ကုန်ရင်လည်း အငြိုး ကိုပဲ လူတွေက ပြော ဦးမှာ၊ ကိုယ့်အဖေအရင်း တစ်ယောက်လုံးကို အဝေးကပဲ ပြည့်စုံအောင် ထောက်ပံ့ပြီး ယောက္ခမကို အမေလို ပြုစုနေတာတောင် မောင့်ပါးစပ်က အငြိုး ကို ကျေးဇူးတင်လိုက်တာဆိုတဲ့ ယုံကြည်တဲ့အကြည့်တစ်ချက် မလာခဲ့ဘူး .."

"အငြိုး ကလည်းကွာ .."

သူ အငြိုး ရဲ့မျက်ရည်တွေကို သုတ်ပေးရင်း ဆိုဖာပေါ်မှာ အထ ထိုင်ဖို့ ပခုံးလေးဖက်ထားရင်း ခေါ်သည်။

"လင်မယားချင်းဆိုတာ ကျေးဇူးတင်တာတွေ .. ကျေးဇူးဆပ်ဖို့ တွေ လိုလို့လား ..၊ အငြိုး ဘယ်လောက် လိမ္မာတယ်ဆိုတာ မောင် ယုံကြည်ပါတယ်၊ အဲဒါကြောင့် အမေ့ကို အငြိုး လက်ထဲမှာ အပ်ပြီး





အောင် စိတ်ချလက်ချ အလုပ်လုပ်နေနိုင်တာပေါ့၊ ကဲပါကွာ .. မျက်ရည် တွေ မကျနဲ့တော့နော် ..၊ စန်းရီ ညစာ ပြင်ဆင်ပေးထားတွေ အေးကုန် တော့မယ် .. စားရအောင် .."

"မောင် .."

"ဟင် .."

အငြိုး က လိမ္မာအောင့် အကျီစကို ခပ်ဖွဖွ ဆုပ်ဆွဲထားကာ ...

"အမေ့ကို ပြနေတဲ့ ဆရာဝန်က အဆင်မပြေဘူး ထင်တယ် မောင် .."

စကားလမ်းကြောင်း ပြောင်းသွားပြီမို့ လိမ္မာအောင် စိတ်ချမ်းသာ သွားကာ ထမလိုပြင်ပြီးမှ ပြန်ထိုင်လိုက်ပြီး ...

"ဒေါက်တာ မိုလ်ထွန်းဦး လား .. ဘာဖြစ်လို့လဲ .."

ဒေါက်တာမိုလ် က လိမ္မာအောင် နဲ့ ရင်းနှီးသည်။ ထို့ကြောင့် အမေ့ကို ဒေါက်တာမိုလ် နဲ့အပ်ပြီး အပတ်စဉ် ကျန်းမာရေး စစ်ဆေး နေခဲ့တာ ဖြစ်၏။

"အငြိုး သူနဲ့ မပြတော့တာ နှစ်ပတ်ရှိပြီ .."

"ဘာဖြစ်လို့လဲ .. မောင့်ကိုတော့ မပြောဘူး"

"ပြောင်းမယ်လို့ စိတ်ကူးမရှိဘဲနဲ့ အဲဒီဒေါက်တာကို စိတ်ပျက် တာနဲ့ တိုင်းရင်းသမားတော်နဲ့ ပြကြည့်လိုက်တာ ..၊ အဆင်ပြေမပြေ ကြည့်ချင်သေးလို့ပါ"

"အခု ဘယ်လိုနေလဲ .. ကိုယ် အမေ့ကို သွားကြည့်ဦးမယ်"

"နေပါဦး မောင်ရယ် .. ပြောတာတောင် မဆုံးသေးဘူး .."

အငြိုး က လက်မောင်းကို ထပ်ဆွဲထားကာ ...

"အမေကလည်း ဆေးထိုးရမှာ အရမ်းကြောက်တယ် .. သူနဲ့ ပြ တာမှ အမေက မသက်သာဘဲနဲ့ .. ဒေါသတွေ ပိုကြီးလာသလိုပဲ၊ တစ်နေ့ ကလည်း စန်းရီ ကို မာတ်ဘူးနဲ့လှမ်းပေါက်သေးတယ်လေ၊ ဆေးသောက်



www.burmeseclassic.com

www.burmeseclassic.com



စရာကို မနှစ်မြို့ရင်လည်း ထိပ်ခေါက်လိုက် .. ကျောကုန်းထုလိုက်နဲ့-

"အဲဒီလောက်တောင်လား .."

"အစတည်းက ပူရလောင်ရမှန်းမသိအောင် သူ့စိတ်က ကယော[...]ကယက် ဖြစ်ထားတာမို့လား .."

"ဟုတ်တယ် .. အဖေ့ကိုမျှော်ရင်း သေမှန်းမသိ ရှင်မှန်းမသိ ဖြ[...]နေတဲ့အချိန်.. ကျီးပေါင်းက ဖြစ်..၊ သွေးဆုံးကိုင်တဲ့ဒဏ်နဲ့ အမေ အဲဒီ[...]ဖြစ်ခဲ့တာ ..၊ ဒါပေမယ့် စိတ်ဓာတ် ပြင်းထန်လာတာမျိုးတော့ မဖြစ်[...]ဘူး အငြိုး .."

"ဒါပေမယ့် ခု ဖြစ်နေပြီလေ ..၊ အငြိုး ကလည်း မဟုတ်မခံစိတ်[...]ရှိတာ မောင် သိသားနဲ့ .. ဒေါက်တာမိုလ် နဲ့ အငြိုး စကားများသေ[...]တယ်၊ သူက ရှုးရှုးရှားရှား ထဖြစ်တာပေါ့၊ ဘာဖြစ်ဖြစ် အငြိုး က[...]မစိုက်ပါဘူး၊ ဒီအမေတစ်ယောက်ကို မောင့်အတွက် အငြိုး ပြုစုပေးနေ[...]တာ .. ပြီးတော့ ခုလို အသက်အရွယ်မျိုးမှာ အကြီးအကျယ် ထိခိုက်မှုဖြ[...]သွားပြီဆိုရင် ပြန်ကောင်းလာဖို့ ခက်တယ်၊ အမေ့ကို အငြိုး ထိခိုက်မခံ[...]နိုင်ဘူး၊ အဲဒါကြောင့် ဆေးခန်းပြောင်းလိုက်တာ ..၊ မောင်လည်း ဒေါ[...]တာ့ကို ဘာမှ သွားမမေးပါနဲ့တော့ ..၊ ဒေါသမထိန်းနိုင်ဘဲ ဖြစ်ခဲ့တ[...]အငြိုး ကိုယ့်ကိုယ်ကိုယ်ပဲ စိတ်ညစ်မိတယ် ..၊ အဲဒါမျိုးတွေ လုပ်မိလ[...]ပတ်ဝန်းကျင်က အငြိုး ကို ဘာတစ်ခုမှ အကောင်းမမြင်တာ .."

အငြိုး ပခုံးလေးကိုဖက်၍ ကျေးဇူးတင်သောအကြည့်တွေက မြ[...]နီးမှုများနှင့် ...

"မောင် ဘာမှမမေးပါဘူး ..၊ ကိုယ့်မိန်းမ ကောင်းမယ်ထင်လို့[...]လုပ်ပေးနေတာကို ကိုယ်က ဖြည့်စွက်နေဖို့မှ မလိုတာ .."

"ပြီးတာပါပဲ ..၊ အငြိုး ကတော့ အဖြည့်ခံသက်သက်လို နေပေး[...]ပေမယ့် အကောင်းမြင်လည်း မခံရပါဘူး"

"ဘာတွေ ပြောနေတာလဲ အငြိုး ရယ် .. အငြိုး စေတနာထားတာ[...]





[...]ို မောင် နားလည်နေရင် ပြီးတာပဲလေ .."

"ဒါပေမယ့် မောင်နဲ့ အမေတို့ စကားပြောနေကြတိုင်း အငြိုး [...]ိုယ့်ကိုယ်ကိုယ် သိမ်ငယ်တယ် .."

"ဘာဖြစ်လို့လဲ .."

"အမေက သတိတွေလည်း မကောင်းတော့ဘူးလေ ..၊ ဘယ်သူ [...]ိုးတယ်၊ ဘယ်သူကောင်းတယ်ဆိုတာတွေလည်း သူ့အသိထဲမှာ ခွဲခြား [...]နေမှာ မဟုတ်ဘူး .."

"နေဦး အငြိုး .. အမေ့အခြေအနေက ဒီလောက်တော့ မဆိုးသေး [...]ပါဘူး၊ ဟိုနေ့က ထမင်းစားနေတုန်း မောင့်ကို တွေ့တော့ စကား သိပ် [...]မပြောပေမယ့် အဆင်ပြေရဲ့လား ..၊ ကျန်းမာရေး ဂရုစိုက်ဦးလို့ ပြောတာ [...]တွေအားလုံး ကောင်းနေတာပဲ"

"ဆိုးဝါးနေပြီလို့လည်း အငြိုး က မပြောသေးပါဘူး၊ ဒါပေမယ့် ဘာဖြစ်ဖြစ် သူ အငြိုး ကို မကြည်လင်ဘူးဆိုတာ အငြိုး သိတယ်၊ [...]သားနဲ့ မောင်နဲ့ လွဲခဲ့ပြီးမှ .."

"မဆိုင်ပါဘူးကွာ ..၊ အငြိုး က ထား ကိုပဲ အမေက ချစ်နေတာလို့ [...]စိတ်ထဲမှာ စွဲထားမိလို့ပါ၊ မောင်တို့သားအမိ စကားပြောရင်လည်း အငြိုး [...]အကြောင်း အမေ ဘာမှမပြောဘူး .."

အငြိုး က မျက်နှာလေး မကြည်ဘဲ အတင်းငုံ့ချထား၏။ လိမ္မာ [...]အောင် ဒီမျက်နှာလေး ကြည်လာအောင် ဘာလုပ်ရမှန်းမသိဘဲ စိတ်ပူပန် [...]ပြန်ကာ ...

"မော့ပါကွာ .. ခက်တော့တာပဲ၊ ကဲ .. ကဲ .. နောက်ဆို အငြိုး [...]ရှေ့ကွယ်ရာမှာ မောင် အမေနဲ့ စကားမပြောဘူး .. ဟုတ်ပြီလား .."

ငုံ့ထားသည့် အငြိုး နှုတ်ခမ်းတွေ တွန့်ခနဲ ညွတ်ကျသွားသည်။ [...]ဒါက နောက်ထပ် ဆုပ်ဖမ်းရရှိလိုက်တဲ့ လိမ္မာအောင် ဆီက [...] [...]တစ်ရာ ..။



www.burmeseclassic.com

ကျေကျေနပ်နပ်ကြီး ပြုံးပြီးမှ အပြုံးတွေကို ချက်ချင်း ဖျက်ရှ
မော့သည်။

အလွှန် သနားစဖွယ်ကောင်းသည့် မျက်နှာလေးမှာ ဝုခံအားမဲ့ပါ
လို့ အားကိုး တောင်းခံနေသလိုမျိုးမို့ လိမ္မာအောင် ၏ နှစ်သိမ့်သော
အနမ်းတစ်ပွင့်က နူးညံ့စွာ ကျ၏။

သို့သော် ...၊

သူမ ရယူလိုက်တာ အနမ်းတစ်ပွင့်မဟုတ် ...၊ ကျည်ဆံတ
တောင့်သာ ဖြစ်လေသည်။





## အခန်း (၂၅)

"ငါ .. ငါ ဆေးခန်းမလိုက်ပါရစေနဲ့ ...၊ ငါ့ကို ကယ်ပါဦး စန်းရီ
ရယ် .."

"ဟင် .."

"မ .. မ .. လိုက်ချင်ဘူး .."

စကားကို ဗလုံးဗထွေး ပြောလိုက်လျှင် ပီပီသသ ဖြစ်သွားတာရှိ
သည်။ ဘာတွေ ပြောလိုက်မှန်း မသိအောင် လုံးထွေးသွားတာလည်း
ဖြစ်၏။

စန်းရီ နားမလည်တော့ ဒေါ်ယဉ်မေ က ကြိုးစားပြီး ပြောပြရှာ
သည်။

"ငါ မလိုက်ချင်လို့ပါ .."

"ဆေးခန်းမလိုက်ချင်လို့လား .. ဟင် .. မေမေကြီး .."

"အင်း .. အင်း .."

စန်းရီ နားလည်သွားမှန်း သိတော့ ဝမ်းသာအားရ ခေါင်းညိတ်ပြ
သည်။ ပြီးတော့ မသွားချင်ကြောင်း ခေါင်းခါပြပြန်၏။

www.burmeseclassic.com



စန်းရီ ခေါင်းလေးကုတ်၍ ဒေါ်ယဉ်မေ ရှေ့မှာ ဆောင့်ကြောင့်လေး ထိုင်ချလိုက်မိသည်။

"အဲဒါကို ကျွန်မက ဘယ်လိုလုပ်ပြီး မမလေးကို ပြောရမှာလဲ မေမေကြီးရယ် ...၊ မေမေကြီး အစ်ကိုလေးကို ပြောပါလားဟင် .."

"မ .. ရ .. ဘူး .."

ဒေါ်ယဉ်မေ ငိုတော့မယ့်မျက်နှာကြီး ဖြစ်သွားကာ မမြင်ရသည့် မျက်လုံးအိမ်ထဲမှာ မျက်ရည်တွေ ပြည့်လာ၏။

"ငါ့ .. ငါ့သား .. ငါ့သားက ငါ့ဆီ မလာတော့ဘူး .."

"အစ်ကိုလေး လာစကားပြောရင် မေမေကြီးက အခု ကျွန်မကို ပြောချင်သလိုမျိုး စကားတွေ အများကြီး ပြောပြပါလား ...၊ အစ်ကိုလေး က နားလည်သွားရင် .."

"စန်းရီ .."

"ရှင် .. လာပါပြီ မမလေး .."

စန်းရီ အပြင်ကို လှစ်ခနဲ ပြေးထွက်သွား၏။ ဒေါ်ယဉ်မေ မျက်နှာငုံ့၍ မျက်ရည်တွေ ကျပျာကယာသုတ်သည်။

ပြီးတော့ ဒီတစ်ခါတော့ မလိုက်တော့ဘူးလို့ ငြင်းမည် မာန်တင်းကာ အခန်းထောင့်မှာ ချောင်ကပ်နေခဲ့သမျှ အငြိုး အသံ ကြားလိုက်တာနှင့် ခုတင်ရှိတဲ့ဆီ ခပ်စမ်းစမ်း ပြန်သွားထိုင်၏။

မဖြစ်သေးပါ ...၊ အငြိုး ကို ခုခံတုံ့ပြန်ဖို့ သူမဘက်မှာ ဘာခွန်အားမှ မရှိ ...၊

ယောက်ျားကို မေ့မူး ရူးသွပ်နေအောင် ဖြားယောင်းစည်းရုံးနိုင်စွမ်းသည့် မိန်းမ်မျိုးမှန်း အငြိုး ကို နားလည်လိုက်ကတည်းက အရာရာကို အရှုံးပေးဖို့ အသင့်ပြင်ထားခဲ့ရသည်။

အမေနဲ့ မိန်းမ ...၊

သူ သိပ်ချစ်နေတဲ့ ဇနီးမယားနဲ့ တုပြိုင် ရင်ဆိုင်ခြင်းဖြင့် ကိုယ်သာ





ရှုံး အမှန်းများနှင့် ဆုံးရှုံးခြင်းကို ရရှိမှာ ဖြစ်သည်။ ထို့ပြင် ...

"ကျွန်မ ပြောတဲ့ စကားတွေထဲက တစ်ခွန်းတလေ ...၊ ဒါမှမဟုတ် တစ်ခုခု တိုင်းတာတောတာ လုပ်ကြည့်၊ အဒေါ်သားနဲ့ အဒေါ် တစ် သက်လုံး ရန်သူဖြစ်သွားရမယ် မှတ် .." လို့ ကြိမ်းဝါးခဲ့သည့်မိန်းမ ...။

"ဒေါ်ယဉ်မေ .. ရှင်က ဘာအချိုးချိုးတာလဲ .."

"ဟင်!..."

တိုက်ကြီးပေါ်မှာ ဘယ်သူမှ အပြင်ဖိနပ် မစီးကြပါ။ ဒါပေမယ့် အငြိုး ဒီအခန်းထဲကို လာတိုင်း ဒေါက်ဖိနပ်သံက ပြင်းရှစွာ ...၊

"ဆေးခန်းပို့ဖို့အတွက် ကျွန်မက အလုပ်ကနေ တကူးတက ပြန် လာရတာ ...၊ ခုထိ အကျီလဲပေးတာကို မခံဘဲ ခေါင်းတခါခါ လုပ်နေ တာ ဘာအားကိုးနဲ့လဲ .."

"မ .. မဟုတ်ပါဘူး .. ငါ .. ငါ .. အရမ်းနာတယ်၊ နာလို့ပါ .. စိတ်လည်း စပ်တယ် .."

ဒေါ်ယဉ်မေ က နားထင်နှစ်ဖက်ကို လက်နှစ်ဖက်နဲ့ ဖိကိုင် ညှပ်ပြ တာ မျက်သုံးတွေကိုပါ မိုတ်၍ အော်သည်။

"မသွားချင်ဘူး .. ငါ .. ငါ့ကို .. ချမ်းသာပေးပါ"

"ရှင် ဘယ်လိုပြောလိုက်တာလဲ .."

အငြိုး ရှေ့ကို တိုးကပ်လိုက်မှန်း သိတော့ ဒေါ်ယဉ်မေ နောက်ကို ဆုတ်သည်။ ခြေထောက်တွေကို ခုတင်ပေါ်တင်လိုက်ပြီး ကိုယ့်ဒူးကိုယ် ဖက်၍ ခေါင်းခါရင်း ...

"ငါ ဘာမှမဖြစ်ပါဘူး .. ငါ .."

"ကုလား .."

"ဗျာ .. မမလေး .."

"လာစမ်း .."

အငြိုး က ကုလား ရောက်မလာခင် ခုတင်အစပ်မှာ ထိုင်ပါးလွှဲ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ချ၍ ကိုယ်ကို ကိုင်းကာ ...

"ဒီမှာ .. ကားပေါ်ကို ကြည်ကြည်သာသာ လိုက်ခဲ့ပေး ..၊ ကျွန်မကို ဒီ့ထက်ဒုက္ခပေးဦးမယ်ဆိုရင် ကျွန်မကလည်း ဒီ့ထက်ဆိုးပြတော့မယ် .."

ပြောချင်တာတွေ ရှိသေးသည်။

ဒါပေမယ့် စကားပြောဖို့ ကြိုးစားတိုင်း ပင်ပန်းခြင်းက မောဟိုက်လာတဲ့အထိ နှိပ်စက်၏။

ထို့ကြောင့် ကိုယ့်ဆန္ဒကို လိပ်ပတ်လည်အောင် ပြောဖို့ဆိုတာ ဒေါ်ယဉ်မေ အတွက် ကြိုးစားဖို့မလွယ်သော ရလဒ်တစ်ခုသာ ..၊

ဆေးခန်းကို သွားနေရသည်။ ဟိုရောက်တာနှင့် နားထင်နှစ်ဖက်မှာ ဒေါက်ခွလို ဖိညှပ်ပြီး ဘာနဲ့ဘယ်လို တိုက်ဆောင့်ပစ်လိုက်မှန်း မသိ..။

တစ်ကိုယ်လုံး တုန်ခါ၍ သတိလစ်သွားခဲ့ရတဲ့အထိ ..။

ထို့ပြင် ပါးစောင်ထဲကို ဆေးတွေ ထိုးသွင်းပေးသည်။ အငြိုး နဲ့ ဆေးဆရာကြီးကတော့ တစ်ခုခုကို တိုင်ပင်ထားကြသလို သူတို့ချင်းတော့ တရင်းတနှီး ..၊

ဘာဆေးတွေထိုးပြီး ဘယ်လိုနည်းနဲ့ ကုနေတာလဲ ..၊ ကိုယ့်မှာ ဘာရောဂါဆိုးတွေ ရှိနေလို့ ဒီလောက် ကြမ်းတမ်းသည့်နည်းတွေနဲ့ ကုနေတာလဲ ..။

သူတို့ချင်း ရင်းနှီးနားလည်နေပေမယ့် ဒေါ်ယဉ်မေ ဘာမှ မသိပေ။ ပထမ သွားပြခဲ့သည့် ဆရာဝန် ခပ်ငယ်ငယ်လေးတုန်းက ညဘက်ဆို အိပ်ကောင်းလာသည်။ အိပ်ရာထတိုင်း ကိုက်တတ်သည့်ခေါင်းကလည်း အခြေအနေ ကောင်းလာ၏။

နောက်မှ ပြောင်းလဲသွားသည့် ဒီဆရာဝန်ကတော့ ..၊

"သူ ဒီတစ်ခါ ပြန်မနိုးတာ ကြာတယ်နော် ဆရာ .."

"အင်း .. သူ မနိုးပေမယ့် အားလုံးကို သိနေတယ်၊ မအိပ်ဘဲ





အိပ်မက်မက်နေတာမျိုးပေါ့ .."

ဆရာဝန်က ခုတင်ပေါ်မှာ ငြိမ်သက်စွာ ရှိနေသည့် ဒေါ်ယဉ်မေ့ဆီ ကြည့်ကာ ...

"အသက်ကတော့ သိပ် အိုမင်းတယ် မဟုတ်သေးဘူး၊ ဒါပေမယ့် စိတ်ဝေဒနာအခံကရှိတော့ သူ ဒီ့ထက် ခံနိုင်ရည်ရှိမှာ မဟုတ်တော့ဘူး"

"ဒါဖြင့် နောက်အပတ်တွေ ရှော့မရိုက်တော့ဘူးလေ .."

"ပြောရရင် ကျုပ်ကလည်း တိုင်းရင်းဆေးဆရာအနေနဲ့ ဒါတွေ လုပ်နေရတာ အပြစ်မကင်းဘူး၊ လူတွေ သိကုန်တာနဲ့ ကျုပ် ဘာဖြစ်သွားမလဲဆိုတာ ခင်ဗျား သိပါတယ်"

"ဆရာရယ် .. ကျွန်မကလည်း ဆရာ ညည်းတွားမလာအောင် ဆေးထားတာပါ .."

"ဒါပေမယ့် ဒီမှာတင်ပဲ ရပ်မှဖြစ်မယ် အငြိုး ..၊ ကျန်တဲ့အပိုင်းကို ခင်ဗျား လည်သလို ဆက်လှုပ်ရှားတော့ .."

အငြိုး က ဒေါ်ယဉ်မေ ဆီ လှမ်းကြည့်ပြီး ခဏ ငြိမ်သွားသည်။ ပြီးမှ ...

"ဟုတ်ပြီလေ .. ဒီလောက်ဆိုလည်း ရပါပြီ၊ တစ်ခုရှိတာက ဆရာလည်း အပြစ်ကြောက်သလို ကျွန်မမှာလည်း ကြောက်ရတာတွေ ရှိသေးတယ် ..၊ အဲဒီတော့ .."

"မပူပါနဲ့ .. ခင်ဗျား ကြောက်ရတာက ကျုပ်ထက် မဆိုးနိုင်ပါဘူး၊ စိတ်ချ .. လုံးဝ မပေါက်ကြားစေရဘူး"

ဒီလိုပြောပေမယ့် အငြိုး က အထက်စီးဆန်သည့်မဲပြုံးနှင့် ငွေအထပ်လိုက်ကို ထုတ်ပေးလိုက်ရင်း ...

"သဘောကျတယ်မို့လား ..၊ ရှော့ပါ .. ပါးစပ်ပိတ်ခိုင်းဖို့က ပါးစပ်နဲ့ ပြောနေလို့ အပိုပဲ၊ ဒါပဲ လိုတာ .."

ဆရာကြီးဆိုသူက အေးစက်စက်အပြုံးနှင့် လက်ခံယူ၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ရဲရင် မင်းဖြစ်တယ် တဲ့ ..၊ ခင်ဗျားလို မိန်းကလေး ကျရှုံးဖို့မရှိပါဘူး"

"ဟား .. ဟား .. ဟား ..."

အငြိုး ရယ်ပစ်လိုက်သည့်အသံကြောင့် စိတ်နဲ့ကိုယ် မကပ်ဘဲ ကယောက်ကယက် လွင့်မျောနေသော ဒေါ်ယဉ်မေ့ မျက်လုံးတွေမှာ မျက်ခမ်းစပ်တွေ လှုပ်လှုပ်ရှရှ ဖြစ်လာကြ၏။

သူမ၏ ပထမဆုံး ဝင်လာသည့်အသိမှာ အငြိုး ၏ ရယ်သံကြောင့် ထိတ်လန့်တုန်လှုပ်သွားခဲ့ပြီး ...

အငြိုး .. အငြိုး .. ဝင်လာပြီ ..၊

ငါ့ဆီကို လာနေပြီ ..၊ သွား .. သွားပါ .. မလာပါနဲ့ ..၊

မှိတ်ထားသည့် မျက်ဝန်းထောင့်နှစ်ဖက်မှ မျက်ရည်စက်နှစ်စက် ဆံပင်တွေကြားထဲကို လိမ့်ခနဲ ..၊





## အခန်း (၂၆)

"စိတ်ချပါ ကိုကြီးရဲ့ ..၊ သားလည်း နေကောင်းတယ် .. ကြီးကြီးတို့နဲ့ ပြောဦးမလားဟင် .."

"... ... ... ..."

"သားက အိပ်နေတယ် ကိုကြီး .."

"အမလေး .. သူ့သားအသံကို ကြားချင်သေးတာ သူက..၊ ပေးစမ်း.. ဒီလောက်သည်းတဲ့ကောင် .."

ဒေါ်မြမြစံ က ထိုင်နေရာကနေ ဖုန်းလှမ်းယူပြီး တူဝရီး စကားပြောနေတာ သူငယ်ချင်းချင်း ရန်တွေ့နေတဲ့အတိုင်း ..၊

"မိစု ရေ .. အဲဒီကလေးကို ခြင်ကိုက်ရာ မထင်စေနဲ့၊ ဒီကောင် တကယ်မလွယ်ဘူး .."

"ကလေးကို သည်းချင်တာ ဟုတ်ရဲ့လား မမစံ ရယ် .. တစ်ရက်ခြားနဲ့ တစ်နေ့ နှစ်ခါလောက် ဆက်နေတာ .. ကလေးကို အကြောင်းပြနေတာ ဖြစ်မှာပါ"

ဒေါ်မြမြစံ နဲ့ ဒေါ်စု တို့ စိတ်မဆိုးဘဲ ဆိုးသလိုလုပ်၍ ရန်ဖြစ်ပုံပြောနေကြသဖြင့် ထား က သနပ်ခါးသွေးနေရင်း ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စု က ထား ရဲ့ စင်းချထားသည့် မျက်တောင်ဖျားလေးတွေ ထိုင်ရာကနေ ငုံ့မိုးကြည့်ကာ ...

"ကိုယ့်ကို ဒီလောက် အရိပ်တကြည့်ကြည့် ကြိတ်ပိုးနေတဲ့ လူကြီးကို နည်းနည်းမှသတိမထားမိခဲ့တာများ အံ့ရော ထား ရယ်..၊ ကျုပ်တို့ တွေက ကြိုက်မရျက် ငိုက်မရျက် .. ခွတ်အတင်း ခိုးယူရတဲ့အဖြစ်နော်.."

"ကဲ .. ကဲ .. သားတောင် လမ်းလျှောက်တော့မယ်။ ငယ်မူပြန်စရာတွေ ပြန်ဆွပေးမနေနဲ့ ..၊ ထား က သမီးအမေဆီ ဒီနေ့ သွားမလို့ဆို.."

"ဟုတ်ကဲ့ .. အငြိုး အလုပ်က ပြန်မရောက်ခင် ခဏလောက် သွားလိုက်ချင်လို့ပါ .."

သနပ်ခါးတွေထည့်ယူလာသည့် ခွက်လေးကိုင်၍ ထား က ဒေါ်မြမြစ် ဘေးမှာ လာချထားကာ ...

"အမေ့သတင်းတွေ ကြားနေရတာ ဘယ်လိုမှ နေလို့မရတော့ဘူး ကြီးကြီးရယ် ..၊ အဲဒါတွေ တကယ်ဟုတ်မဟုတ် သမီး သွားကြည့်ပါရစေ .."

"ပြောပါဦး .. ဘာသတင်းတွေ ကြားတာလဲ .."

ထား က ဒေါ်မြမြစ် ရေချိုးပြီး လဲဖို့ အင်္ကျီတွေ ထုတ်ယူမလို့ လှည့်ထွက်မည်ပြင်ပြီးမှ ပြန်လှည့်ကာ ...

"အမေ့ကို .. ဟို .."

"သမီးယောက်မ နှိပ်စက်နေတာတွေလား .."

"အဲဒီလိုပုံစံမျိုး ပြောနေကြတာပဲ၊ ပြောတဲ့လူတွေကလည်း အငြိုး ဘာတွေလုပ်သလဲဆိုတာ ဘယ်သူမှ ဂဃနဏ မပြောနိုင်ကြဘူး .."

"ဘယ်ပြောနိုင်မလဲ ..၊ လိမ္မာအောင် ကို တစ်နေကုန် အိမ်မကပ်ရအောင် အလုပ်တွေ ခိုင်းတယ်၊ သူက အေးဆေးထိုင်လို့ရတဲ့ အလုပ်မှာ နေပြီး သူ့ရဲ့ဒရိုင်ဘာကိုရော အိမ်အကူ မိန်းကလေးတွေကိုပါ ထိန်းချုပ်ထားတာလေ၊ သူ့အိမ်ကို တခြားသူစိမ်း ဘယ်သူမှမှ ဝင်ထွက်ခွင့်မရှိ





ဘာ .. ဒီတိုက်ကြီးထဲမှာ ဘာတွေဖြစ်နေမှန်း ဘယ်သူ သိမှာလဲ .."

"ဟုတ်တယ် ထား ..၊ သူ့သားကိုယ်တိုင်က မိန်းမကို ယုံကြည်နေတာ၊ သားကမှ မအေကို ဂရုစိုက်ရမှန်း မသိရင် သမီးက နေသာပါတယ်၊ အန်တီစု က မစာမနာ ပြောနေတာ မဟုတ်ဘူးနော် ..၊ ဒီအိမ်နဲ့ ဆက်သွယ်ရဘူးလို့ မတားရက်လို့ မတားခဲ့တာ၊ ကောင်း ကလည်း လုံးဝ မဆက်သွယ်စေချင်ဘူး .."

"ထား လည်း သိပါတယ် ..၊ ဒါပေမယ့်လေ အမေရင်း မဟုတ်ပေမယ့် ဒီအမေ လက်ပေါ်မှာ သမီးဘဝ ကြီးပြင်း ရှင်သန်ခဲ့ရတာပါ၊ အမေနဲ့ ကိုကို့ရဲ့ စောင့်ရှောက်မှုသာ မရှိခဲ့ရင် ထား ဘဝ ဘယ်လိုဖြစ်သွားမလဲဆိုတာ တွေးတောင် မတွေးရဲပါဘူး၊ အခု ထား ရောက်လာရဲ့ သားနဲ့တောင် မတွေ့ဘဲ ပြန်မသွားပါရစေနဲ့နော် .."

"သွားပါ .. ကြီးကြီးတို့က ညည်းကို မတားပါဘူး၊ ကောင်း ကလည်း သူ့မိန်းမ ဘယ်သွားသွား ဂရုစိုက် စောင့်ရှောက်ပေးပါလို့ပဲ မှာတာ .. ဘယ်မှ မသွားပါစေနဲ့လို့ ပြောခဲ့တာ မဟုတ်ဘူး၊ တစ်ခုတော့ ရှိတယ် သမီး .. အငြိုး မသိအောင်တော့ မသွားပါနဲ့ ..၊ အဲဒါက ပဒုမ္မာ မိသားစုရဲ့ဂုဏ်သိက္ခာနဲ့လည်း ဆိုင်တယ်၊ စကားနည်း ရန်စဲဆိုတာ မှန်တယ်၊ ရှောင်တာက ချောင်ခိုသလို ဖြစ်ခဲ့ရင် ကိုယ့်ဘက်က မရိုးသားရာ ကျတယ်လေ၊ ကြီးကြီးပြောတာ သဘောပေါက်လား .."

"ဟုတ်ကဲ့ .."

"သမီးဆန္ဒရှိရင် ဒရိုင်ဘာ ရှိတယ် .. မောင်းပို့ပေးလိမ့်မယ်၊ အချိန်နဲ့အခါနဲ့ ကြိုက်တဲ့အချိန် သွား ..၊ ကိုယ်က ရှောင်ကာမှတော့ သူ တမင်လက်တို့ပြီး စိန်မခေါ်လောက်ပါဘူး၊ နောက်ဆုံးကွယ် အဲဒီလို ရင်ဆိုင်မိရင်တောင် သမီးကပဲ လူလိမ္မာကျင့် ကျင့်ပြီး ရှောင်ပါ၊ အငြိုး နဲ့ ဘာမှ တုဖက်ပြိုင် မပြောနဲ့ .. သူပြောတတ်သလောက် ကိုယ် ပြန်မပြောနိုင်ဘူး ဆိုရင်လည်း ရှက်စရာ မလိုဘူး၊ လူစင်စစ်က ခွေးလို မဟောင်တတ်



www.burmeseclassic.com

www.burmeseclassic.com



ဘာဆန်းလဲ .."

ကြီးကြီးတို့ မသွားစေချင်မှန်း သိပေမယ့် မတတ်နိုင်ပါ။ သားေ
ကိုတော့ နောက်မှ ခေါ်သွားဖို့ စိတ်ကူးကာ ကြီးကြီးက အချိန်ရှိတု
သွားဆိုတော့ ထား ချက်ချင်း ထွက်လာခဲ့လိုက်သည်။

အပြာရောင်နုနုနှင့် မှန်နက်တွေ များများသုံးထားသည့် တိုက်သ
ကြီးက ရပ်ကွက်ထဲမှာတော့ အလှဆုံး အကြီးဆုံးပဲ ဖြစ်မည် ထင်၏
ခြံရှေ့မှာ မြေကွက်လပ်က မကျဉ်းမကျယ်ရှိလျက် ..၊ ကား နှစ်စီး
သုံးစီးစာ ခြေရင်းဘက်မှာ ပါကင်လုပ်ထားသည်။

ပေါ်တီကို ခပ်နိမ့်နိမ့်ချထားပြီး ပန်းခြံလုပ်ထားပုံကလည်း လှ၏
ထား ကို မြင်တာနှင့် ဘဲလ်သံကြောင့် ပြေးထွက်လာသည့် ခြေ
လှမ်းတွေ တုံ့ခနဲ ဖြစ်သွားသည်။

"မမ .."

ထား ကို စန်းရီ သိသည်။ တံခါးဖွင့်မပေးဘဲ နေလို့ရမယ်ဆို
မဟုတ် ..၊ ဒါပေမယ့် ဘယ်သူ့ကိုမှ တံခါးဖွင့်မပေးရလို့ မှာထားသည်
တစ်ချက်လွှတ်အမိန့်က တစ်ဖက် ..။

"စန်းရီ .. အစ်မကို တံခါးဖွင့် ပေး .."

"မမ .. ဟို .."

စန်းရီ ဘာပြောရမှန်းမသိ ဖြစ်နေစဉ် ခြံထဲကို မော်ဒယ်အမြင့်ဆုံး
ကားလှလှလေးတစ်စီး လိမ့်ဝင်လာ၏။ လှည့်ကြည့်လိုက်တော့ အငြိုး--
နေ့လယ်ခင်း ကားမောင်းတိုင်း မျက်မှန်တပ်ထားတတ်သဖြင့်
နက်ပြာရောင်ဝတ်စုံကပ်ကပ်နှင့် မျက်မှန်နက်တပ်ထားသည့် မျက်နှာလေး
က ဖွေးနနေ၏။ သူမတစ်ကိုယ်လုံးက မင်းသမီး ရှုံးလောက်ပါပေသည်။
နယ်မြို့လေးတစ်မြို့မှာ အိမ်နေရင်း .. အလုပ်လုပ်ရင်း .. ဒီလိုပုံ
နေတဲ့လူ သိပ်တော့ မရှိလှပါ။ အငြိုး ကတော့ ခြွင်းချက်ဖြစ်မည်။

"ဖွင့်မပေးဘူးဆိုလည်း လှည့်ပြန်သွားပါလား ထား .."





အငြိုး က ကားတံခါးကို လှလှပပလေး ပြန်ပိတ်၍ မျက်မှန်ကိုပါ
ပါပါ ချွတ်၏။

"လုပ်ငန်းရှင်သူဌေး ဦးကောင်းမှူး ရဲ့မိန်းမက ဘယ့်နှယ် ငါ့
တ်ရှေ့မှာ သူခိုးကြမ်းပိုးလို လာချောင်းနေတာလဲ .."

"ငါ .. အမေ့ဆီလာတာ .."

ဟိုအစတုန်းက ကိုယ့်ထက် အသက်ကြီးမှန်းသိကာ ကိုကို ချစ်နေ
သူမို့ မမ လို့ ခေါ်ခဲ့ဖူး၏။ ဒါပေမယ့် ခုချိန်မှာတော့ ဘယ်သူ့တိုက်
မျက်မှမပါဘဲ ရှိသေလေးစားလိုစိတ် အလျဉ်းမရှိတော့သည်ဖြစ်ရာ...

"နင် တံခါးဖွင့်မပေးရဘူး မှာထားတဲ့လူတွေထဲမှာ ငါပါ ပါနေ
သား အငြိုး .."

"အို .. ရှေ့ဆုံးကပေါ့ .."

အငြိုး ကဖြေရင်း ထား ရပ်နေသည့် လှေကားသုံးထစ်ထိပ်ထိ ခပ်နွဲ့
ဘာရပ်၏။ ပြီးတော့ ဘာဂျာတံခါးကိုမှီ၍ လက်ပိုက်ထားလိုက်ကာ...

"နင်လည်း ကလေးတစ်ယောက်သာ မွေးလိုက်ရတယ် .. အလှ
ာ မပျက်ဘူးပဲ၊ ဆံပင်တွေတောင် အုံကောင်းပြီး ပိုရှည်လာသလိုပဲ.."

ထား ရဲ့ဆံပင်တွေက ရှည်သလောက် ထူခဲနေသည်မို့ ပေါင်လယ်
ာက်ထိ ကျနေပေမယ့် အဖျားရှူးသောဆံပင်ရှည်တွေလို မဟုတ်ဘဲ
ဲ ဝေ့ဝဲနေ၏။ ရွှေလို ဝင်းအိနေသည့် မျက်နှာကိုတော့ အငြိုး က
ျက်ပဲကြည့်ပြီး မဲ့ကာ ...

"ဒါပေမယ့် ငါ နင့်ကို ဒီလောက် မျက်နှာပြောင်လိမ့်မယ်လို့
င်ဘူး .."

ထား မျက်ခုံးလေးတွေ တွန့်သွားပြီး စိုက်ကြည့်၏။ အငြိုး က
တစ်ကိုယ်လုံးကို မောက်မာရိုင်းစိုင်းသော အထက်စီးဆန်သည့်
ြည့်တို့နှင့် ...

"သူဌေးတွေကြားထဲ မတန်မရာ ရောက်သွားပြီး ခြေသုတ်ဖုံး



www.burmeseclassic.com

www.burmeseclassic.com



မြေမွှစ်ယ်ကျိုးသလို ပြားပြားဝပ် နေနေရတာ ငါကသိနေတော့ သူ့ မယားဆိုပြီး မြို့ကို ဟန်ဟန်ပန်ပန် ပြန်လာပြလည်း လုံးဝ အထင်မ ဘူး .."

"ငါ ဘယ်လိုနေရတယ်ဆိုတာ နင်က ဘာဖြစ်လို့ သိနေရတာ

အငြိုး မျက်နှာ ရဲခနဲ ဖြစ်၏။

"ငါကတော့ ဘယ်သူ ဘယ်လိုနေရတယ်ဆိုတာကို မီးခွက် ပြီး လိုက်ချောင်းဖို့ ဝါသနာမပါဘူး၊ ငါသိတာ တစ်ခုပဲ ရှိတယ်၊ အ အမေနဲ့ ကိုကိုက ငါ့ရဲ့မိသားစုလည်း ဟုတ်တယ် ..၊ ကျေးဇူးရှင် လည်း ဖြစ်တယ်၊ အဲဒါကြောင့် ငါ ဘယ်ဘဝရောက်နေနေ ကမ္ဘာ ဘွားသလို မနေနိုင်ဘူး၊ အမေနဲ့ ငါ စကားပြောပါရစေ .. ဖွင့်ပေး

"ဟား .. ဟား .. ဟား .. အဲဒါပဲ ထား ..၊ နင် ဒီနေရာမှာ လူးသလို လူးနေလည်း ငါ တံခါးဖွင့်မပေးဘဲ ဝင်လို့ မရဘူးဆို နားမလည်သေးဘူးလား .."

"နားလည်တယ် .. ဒါက နင် ပိုင်ဆိုင်ထားတဲ့ ပိုင်နက်ပဲ၊ ကို ထဲ ရောက်လာတိုင်း ကိုယ်ပိုင်ပစ္စည်း မဟုတ်ဘူး၊ ငါ့ပစ္စည်း သူများ ရောက်သွားရင်လည်း ငါ ပြန်တောင်းယူခွင့် ရှိသေးတယ်၊ အ သက်မဲ့ပစ္စည်းမှ မဟုတ်ဘဲ .."

"အဲဒီတော့ .."

"ငါ အမေနဲ့တွေ့ပြီး စကားပြောချင်တယ် .."

"အမေက ငါနဲ့ မသက်ဆိုင်ဘူးဆိုတဲ့သဘော ပြောလိုက် စကားပြောရဖို့တစ်ခုအတွက်ပဲလား .."

မျက်လုံးချင်း ခဏကြာအောင် ဆုံသွားခဲ့၏။ ပြီးမှ ထား ခေါင်းခါ၍ ...

"မဟုတ်ဘူး .."

တုံးတိတိ ဖြေလိုက်ပြီး အထဲကို တစ်ချက် ငဲ့ကြည့်ကာ —







"ဆွေမျိုးရင်းချာတွေလို အချိန်မရွေး ဝင်ထွက် တွေ့ဆုံခွင့်တွေ နေရင်တော့ ငါတို့ ဘာစကားမှ ပြောဖို့ မလိုပေမယ့် နင်က အဲဒီလို ဆုတ်တဲ့အတွက် ငါ အမေ့ကို မေးသင့်တာတွေ မေးရတော့မယ် .."

"သိပြီ .. နင် ဘာမေးမှာလဲဆိုတာကိုပါ သိလိုက်ပြီ၊ အဟွန်း .. သိုပြောလို့မှ ငါက တံခါးဖွင့်မပေးရင် ကြောက်တတ်ရာ ကျသွားမှာ ပါ ..၊ စန်းရီ .."

"ရှင် .."

မလှမ်းမကမ်းထိ ဆုတ်ရပ်နေသည့် စန်းရီ က ချက်ချင်း တံခါး း ရောက်လာ၏။

"တံခါးဖွင့်လိုက် .."

စန်းရီ ကို ပြောပြီးသည်နှင့် အေးစက်စက်မျက်နှာက ထား ဘက် ို ပြန်လှည့်လာပြီး ...

"လုပ်စရာရှိတာ အပြီးသတ် လုပ်သွား ..၊ ဟိုမှာ တွေ့လား .."

အငြိုး က လက်ညှိုးလေးနဲ့ ခြံရဲ့ပတ်လည်ကို ဝေ့ဝိုက် ညွှန်ပြကာ...

"ဟောဒီ ခြံတွေကို ဆယ့်နှစ်ပေထိ တံတိုင်းခတ် ပိတ်လိုက်ပြီးရင် တော့ ငါ့ခြံထဲမှာ နင့်ရဲ့အသက်ဘူး ကျန်ခဲ့ပါတယ်ဆိုရင်တောင် ပြန် ည့်ကောက်ခွင့် မရတော့ဘူး .. အဲ့ဒါ မှတ်ထား ..၊ ပတ်ဝန်းကျင် က်လုံးတွေကို ဂရုစိုက်မနေချင်လို့ .. ပြီးတော့ ငါ့ယောက်ျားနဲ့ ဘာမှ တ်စပ်ဘဲ ခဏခဏ မျက်ရည်ခံလာထိုးနေမယ့် နင့်ကို မမြင်ချင်လို့.."

အငြိုး က ထား ဘာမှ ပြန်မပြောရသေးခင် အထဲကို လှည့်ဝင်သွား တာ ...

"စန်းရီ .. လိုက်ပို့လိုက် .."

အဆောင်ဆောင် အခန်းခန်းနှင့် ဟီးထနေအောင် ဆောက်ထားပြီး ထဲဝင်သွားလေ မှောင်သွားလေမို့ အပြင်ကကြည့်တော့ လှနေသည့် ိုက်ကြီးက အထဲမှာ စိတ္တဇဆန်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အမေ့ဆီကိုပဲ သွားမယ် စန်းရီ ..၊ ဘာလုပ်ဖို့လဲ .."

အခန်းတစ်ခန်းကို သော့ဖွင့်နေသဖြင့် ထား က စိတ်မရှည် -

အပြင်မှာ ပြဿနာရှင်းနေရတာပဲ အချိန်တွေ ကြာခဲ့ပြီမို့ ကလေ

ထားခဲ့ရတာကို နောက်ကြောင်းက မဖြောင့်နိုင် ..၊

ထို့ပြင် ကြီးကြီးတို့က စိတ်ချလက်ချ လွှတ်လိုက်ကြတာ မဟုတ်

စန်းရီ က တံခါးကို သော့ဖွင့်ရင်း လှည့်ကြည့်ကာ ...

"မေမေကြီးက ဒီထဲမှာ မမ .."

"ဘာ!..."

မရဲတရဲ ပြောလိုက်သည့် စန်းရီ ကိုယ်လေး ဆတ်ခနဲ ဖြစ်သွား

နောက်ထပ် မမေးဖြစ်တော့ဘဲ မှောင်မိုက်နေသည့် အခန်းတစ်ခုလုံး

တအံ့တဩ ဝေ့ကြည့်ကာ အထဲကို အလျင်စလို ဝင်လိုက်မိသည်။

"အမေ .. အမေ .. သမီး ထား လေ .."

အခန်းက သိပ်မကျယ်ပေမယ့် မွေ့ရာနှင့် ခုတင်တစ်လုံးအပြ

စာကြည့်စားပွဲနဲ့ ထိုင်ခုံတစ်လုံး ရှိသည်။ အမေ့အတွက်ကတော့ ထမင်

စား စားပွဲပဲ ဖြစ်လိမ့်မည်။ စားပွဲပေါ်မှာ ရေချိုင့်ရယ်၊ သစ်သီးတွေအ

ရှိသည့် ပလတ်စတစ်ခြင်းလေးရယ် ..၊

"အမေ့ .."

"ထား .. ငါ့သမီး .."

မွေ့ရာပေါ်မှာ စောင်ပုံလေးလို ကွေးကွေးလေးခွေနေသည့် အမေ့

ကိုယ်လေး လှုးလဲထလာတာ မြင်သည်နှင့် ထား ပြေးသွားမိ၏။

"အမေ .."

"သမီးလေး .."

နေရက်လိုက်တာလို့ မပြောပေမယ့် ထား ဆီကို လက်လှမ်းထော

က ကြောက်ရွံ့ ကြေကွဲနေသည့် နိုကိုးရာမဲ့ ကလေးတစ်ယောက်လို

လက်ချင်း ထိစပ်မိကာ ထား ကို ကိုင်တွယ်မိတာနှင့် တင်းတ





ချပ်ကျပ် ဖက်၍ ရှိုက်ငိုလေသည်။

"အမေရယ် .."

ထား အမေ့ကို ဖက်၍ အတူတူ ရှိုက်ငိုမိကာ ...

"သမီးကို ခွင့်လွှတ်ပါ အမေရယ် .. သမီးလေ .."

"အမေ သိတယ် .. အမေ သိတာပေါ့ ..၊ ငါ့သမီး ငါ့ဆီကို လာ

ချင်နေတယ် .. လာလို့ မရဘူးဆိုတာ .."

"ဟုတ်ပါတယ် အမေရယ် .. အခုလေ .. အခု အမေ ဒီမှာနေရတာ

အဆင်မပြေရင် သမီးနဲ့ လိုက်နေပါလား .."

"ဟင်!..."

"မငြင်းပါနဲ့ အမေရယ်နော် .. ကိုကို့ကို လွမ်းရင် ကိုကို့ဆီ တစ်

ခါပြန်နေ ..၊ ပြီးရင် သမီးဆီ ပြန်လာ ..၊ အမေ့သားနဲ့ သမီးက အမေ့ကို

တစ်လှည့်စီ ပြုစုမှာပေါ့၊ အမေ့ဆီကို သမီး လာချင်တိုင်း လာလို့ မရ

သမယ့် သမီးဆီမှာ အမေ ကြိုက်သလို နေ .. ကြိုက်သလို ပျော်လို့

ရတယ်၊ မပျော်ရင်လည်း ပြန်ရမှာပါ .. နော် .. အမေ .. နော် .."

ဖက်ထားသည့် ဒေါ်ယဉ်မေ့ လက်တွေ လျော့ရဲကုန်ကာ ထား

၏မျက်နှာကို ဟိုစမ်းဒီစမ်းနှင့် ဘာတစ်ခွန်းမှ ပြန်မပြော ..။

"အမေ အရှမ်းကို ပိန်ကျသွားတာပဲ .. ဒီတစ်ခါတော့ လိုက်ခဲ့ပါ

အမေရယ် .. အမေ့ကို ဒီတစ်ခါမှ ပါအောင် မခေါ်နိုင်ရင် အမေနဲ့

သမီး နောက်ထပ် အဆင်ပြေပြေ ထပ်တွေ့ရဖို့က သိပ်မလွယ်တော့

သို့ပါ၊ လိုက်မယ်မို့လား .. ဟင် .."

"ဆေးခန်း .. ဆေးခန်း ကို .. မလိုက်ဘူး .. လိုက်ဘူး .."

"အမေ .. .."

ဗလုံးဗထွေးနှင့် ပြောင်းလဲသွားသည့် အမေ့အသံကြောင့် ထား

ရင်ထဲမှာ ဆို့နင့်သွားသည်။

စကားသံတွေက ပီတစ်ချက် မပီတစ်ချက်နှင့် ..၊



www.burmeseclassic.com

www.burmeseclassic.com



အမေ အဲဒီလောက်ထိ ဖြစ်သွားတာလား ..၊

"ဆေးခန်း မဟုတ်ပါဘူး အမေရယ် .. ထား နဲ့လေ .."

"ထား .. ဟုတ်တယ် .. ငါ သူ့ကို စောင့်နေတာ၊ ငါ့သမီး ငါ့ဆီ[illegible] လာချင်နေရှာမှာ .. ဒါ .. ဒါပေမယ့် .. မရပါဘူး .."

"အမေ .. အမေ .. ဘာတွေ ပြောနေတာလဲ ..၊ ဒီမှာ ထား လေ[illegible] အမေ့သမီးပါ အမေရဲ့ .."

ထား ချောက်ချားစွာ ပြောရင်း အမေ့ မျက်နှာလေးကို ပွတ်သပ်[illegible]ရင်း ငိုမိ၏။ အမေ့စိတ်တွေ ကစဥ့်ကလျား ဖြစ်ကုန်ပြီဆိုသည့်အသိ[illegible]ရင်ထဲမှာ ဘာမှမရှိတော့သလို လှိုက်ဟာ ပူလောင်သွားခဲ့ပြီး ...

"အမေရယ် .. သမီးလေ .. ထား ကို မေ့သွားပြီလား .."

"ဟင့်အင်း .. ငါ .. ငါ သိတယ် .."

"ထား ပါ အမေရဲ့ .."

"ထား .. သမီးလေး .."

ဒေါ်ယဥ်မေ့ အသံတွေ နူးညံ့သွားပြန်ကာ ...

"ငါ့သမီးကို ငါ ဘာဖြစ်လို့ မမြင်ရတာလဲ ..၊ အမေ့ကို မီးဖွင့်ပေးစမ်းပါ၊ လုပ်ပါ .. အမေ .. သမီးမျက်နှာလေးကို ကြည့်ချင်တယ်.."

"မီး ပျက်နေတယ် .. မီး ပျက်နေလို့ပါ အမေ့ရယ် .. ဟို .. မီး[illegible] လာရင် ဖွင့်ပေးမယ်နော် .."

"ငါ .. ငါ ပြန်ချင်တယ် .."

"သမီးနဲ့ ပြန်လိုက်မှာလားဟင် .."

"သမီးနဲ့ .."

"ဟုတ်တယ်လေ အမေ .. ခဏဖြစ်ဖြစ် လိုက်ခဲ့နော် ..၊ အမေ ပြန်ချင်ရင် သမီး ပြန်ပို့ပေးမှာပါ .."

"မဖြစ်ဘူး .. မဖြစ်ပါဘူးအေ .."

အမေ စိတ်ရင်းနဲ့ ပြောတာလား ..! စိတ်နဲ့ကိုယ် ကပ်ရဲ့လားလို့





[illegible]အား သေချာကြည့်မိသည်။ အမေ့ရှိုက်သံသဲ့သဲ့နှင့် ခေါင်းခါခြင်းက [illegible]ကြကွဲဖွယ်ပါ ..။

"ငါ့သား .. လိမ္မာအောင် .. လိမ္မာအောင် က လိုက်မှာ မဟုတ်ဘူး၊ [illegible]ငြိုး က သူ့ဏ .. သရဲလိုပဲ .."

"အဲဒီလိုထင်ရင် အမေ လိုက်သွားလိုက်ပါလား .."

အခန်းထဲမှာ မီးရောင် ချောက်ခနဲ လင်းသွားသည်။ နေ့ခင်းဘက်[illegible]ကြီးပေမယ့် မီးရောင်ရှိမှ ပြည့်စုံသောအခန်းထဲမှာ ဒေါ်ယဥ်မေ က မီး[illegible]ရောင်ကြောင့် မျက်လုံးကို အုပ်၍ မျက်နှာငုံ့ပစ်၏။

မမြင်ရဘူးဆိုသည့် မျက်လုံးတွေက အလင်းအမှောင်ကို ကောင်း[illegible]ကောင်း ခံစားနိုင်နေတာကို ဖော်ပြလိုက်သလိုမျိုး ..။

"ဟန်ဆောင်ပြောနေတာ မဟုတ်ဘူးနော် .. အငြိုး က အပြော[illegible] သမား မဟုတ်ဘူး .."

လက်ပိုက်ဝင်လာပြီး ထား တို့ ရှိနေသည့် မွေ့ရာဘေးမှာ နီးကပ်[illegible]စွာ ရပ်လိုက်သည်။

"အ .. အငြိုး .."

အမေ့မျက်နှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားတာကို ထား သေချာ ကြည့်နေမိသည်။

"အမေ့သားက တင်းမာလည်း မပူနဲ့ ..၊ လိမ္မာအောင် က အငြိုး ရှိနေရင် သူ့အတွက် တခြား ဘာမှ မလိုတဲ့လူ .."

သားကို ချစ်ခင်စွဲလမ်းခြင်းဖြင့် ကပ်တွယ် ငိုကြွေးနေခဲ့သည့် အမေအိုတစ်ဦးရဲ့ရင်ထဲကို .. နှလုံးသွေးကို ဖိညှစ်ဆုပ်ကိုင်လိုက်ခြင်းနှင့် တူသော စကားလုံးတွေ ပစ်ထည့်ပေးလိုက်ပြီး ...

"ခေါ်သွားတော့ ထား ..၊ ငါက သားရဲ့မျက်နှာနဲ့ အမေကို ဒုက္[illegible] စောင့်ရှောက်ထားတာ .. ပြောရရင် သူ့အတွက်နဲ့ ငါ့မှာလည်း ပ[illegible]ဝန်း ကျင်စကားတွေနဲ့ နာမည်ပျက်လှပြီ .."



www.burmeseclassic.com

www.burmeseclassic.com



"မခေါ်နဲ့ .. ဟင့်အင်း .. မလိုက်ဘူး .. မဖြစ်ပါဘူး၊ ငါ့သားနဲ့ ငါ မခွဲနိုင်ဘူး၊ ငါ့သားကို မထားခဲ့နိုင်ပါဘူး .. သွားပါအေ .."

ထား ရဲ့လက်တွေကိုပါ ပွတ်သပ်ခါချပြီး နောက်ကိုလည်း ဆုတ်သည်။ ကျောနိုင်းထိုင်ပစ်၍ ပခုံးတွေ လှုပ်ခါနေအောင် ငိုလေသည်။

အငြိုး မျက်နှာကို မော့ကြည့်ရင်း ထား ခုတင်ပေါ်ကဆင်း၍ မျက်နှာချင်းဆိုင် ရပ်သည်။ အမေ ပခုံးတွေလှုပ်အောင် ငိုကြွေးနေပေမယ့် အငြိုး ကတော့ ပခုံးတွေလှုပ်အောင် ရယ်လို့ပါလား ..။

ရှိုက်သံဟာ ကလေးလို တဟီးဟီး ပွင့်အံထွက်ပေါ်နေကာ ရယ်သံတွေက အသံတိတ် သရုပ်ပြနေခြင်း ဖြစ်၏။

"နင် ပျော်နေလား .. အငြိုး .."

"ရူးနေတဲ့သူကို ထိန်းရတာ ပျော်ဖို့ကောင်းပါ့မလား .. အဟွန်း- ဟွန်း .."

ဒါက မှသားသုံးလိုက်တာ မဟုတ်ပါ။ သည်းမခံ စိတ်မရှည်တတ်သည့် ကိုယ်ဟာ ဒီမိန်းမကြီးကို သတ်ပစ်ချင်လောက်အောင် မုန်းတီးနေခဲ့တာ အမှန် ...

သတ်ပစ်လိုက်လို့လဲ ရနေပေမယ့် လိုချင်တာက ရှိသေးသည်မို့ မဖြစ်သေး ...။

သားသမီး မြေးမြစ်တွေ ရှိသေအောင် အိုစာမင်းစာ ချန်ရမည်ဆိုသော သင်းလက်ထဲမှာ မက်လောက်စရာတွေ ရှိနေသေးသည်။

ဒါတွေကို မရသေးသရွေ့တော့ ...၊





အခန်း (၂၇)

"ဟိုရှေ့မှာ အဖေပါလား .."

မိုးဖွဲတွေက ကျနေသည်။ ကိုယ်ကလည်း အဖေ့ဆီကိုပဲ လာတာဖြစ်ကာ အဖေ့လက်ထဲမှာ ကန်စွန်းရိုးတွေ အမြှောင်းလိုက်ကို စုစည်းကိုင်ထားလျက် .. ထီးမပါ။

စိတ်က ပြေးလွှား ယောက်ယက်ခတ်နေတုန်း ကားက အဖေ့ရှေ့ကို ရောက်သွားပြီဖြစ်၏။ ကားကို မြင်လိုက်တာနှင့် ဦးငြိမ်း က ဝမ်းသာအားရဖြစ်သွားသည့်မျက်နှာကြီးနှင့် လမ်းနှုတ်ခမ်းပေါ်တက်၍ ရပ်စောင့်နေသည်။ ထို့ကြောင့် အငြိုး ကားရပ်လိုက်ရကာ ...

"အဖေ ဘာလုပ်နေတာလဲ ..၊ ကန်စွန်းရွက် လည်ရောင်းမလို့လား"

"မဟုတ်ပါဘူး သမီးရာ .. အလကားနေရင်း ကန်စွန်းခင်းလေးကို ကန်ထရိုက်ပြန်ယူမလားလို့ စဉ်းစားမိလို့ပါ .."

"ဘယ်လို .."

မိုးစက်တွေ စိုလာပေမယ့် အငြိုး က အဖေ ကားပေါ်တက်ပါလို့ မခေါ်သလို ဦးငြိမ်း ခြေလှမ်းပြင်နေပေမယ့်လည်း ကိုယ့်သဘောနဲ့ ကိုယ် တံခါးဖွင့် တက်ထိုင်တဲ့အထိတော့ မလုပ်ရဲ ..။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအခင်းပိုင်ရှင်က ဦးမြသောင်း ပဲ၊ သူက အဖေ့ကို ပြန်ပေးတာ လား .."

"အေးလေ .. အများကြီး ကြိုပေးထားရမှာလည်း မဟုတ်ဘူး အဖေက ကိုယ်တိုင်ပျိုး .. ကိုယ့်ဖာသာ ထုတ်ရုံပဲ၊ သူ့ဖောက်သည်တွေ က ရှိပြီးသားဆိုတော့ ဒါက သေချာပေါက်မြောက်မယ့် အလုပ်ပဲ သမီး ရဲ့ ..၊ ကိုမြ က သူ့သား ရန်ကုန်မှာ အလုပ်အကိုင်နဲ့ဖြစ်သွားလို့ ဖအေကို လှမ်းခေါ်တာလေ၊ သူကလည်း ဟိုမှာ အပြီးနေဖို့ထိတော့ စိတ်မကူးဘူး ထင်တယ် .. အဲဒါကြောင့် အဖေ့ကို ပြန်ငှားတဲ့သဘောပဲ .."

"အိုကြီးအိုမနဲ့ အဖေရယ် .. ရေထဲ မိုးထဲကို ..၊ ခုပဲ အဖေ့ တစ် ကိုယ်လုံး စိုရွှဲနေပြီ"

ဦးငြိမ်း က သူ့ကိုယ်သူ ပြန်ငုံ့ကြည့်ပြီး ရယ်သည်။

"ဒါက စောစောလေးက မိုး စဲသည်းသွားလို့ စိုတာပါ၊ ကန်စွန်း ရွက်လေး နည်းနည်း ခူးဦးမယ်ဆိုပြီး အဖေ ကန်စပ်ပဲ ဆင်းတာ"

မိုးမိတာရော .. ကန်စွန်းရွက် ဆင်းခူးတာရော .. ဘာမှ ရှက်စရာ မဟုတ်ပါ။ လူကြီးပေမယ့်လည်း နေပူမိုးရွာဒဏ် ခံနိုင်အောင် နည်းနည်း ဖြစ်ဖြစ် သွားလာ ထိတွေ့ပေးရတာလည်း ရှိမှ ..၊

ရှက်စရာကောင်းနေတာက အခု သမီးရဲ့ ကားအသစ်ကြီးဘေးမှာ မိုးတွေလည်း ရွာလာတာကို ဒီတိုင်းရပ်ပြီး အပေါ်နဲ့အောက် စကားပြော နေရတဲ့အဖြစ် ..၊ ထို့ကြောင့် ဦးငြိမ်း ရှက်ရယ်ရယ်ရင်းနဲ့ပဲ သမီးရဲ့ဘေး ကို ထပ်တိုးလိုက်ပြီး ...

"အဖေ ကားနဲ့လိုက်လို့ မရဘူးလား သမီး .."

"ဟာ!... အဖေ့ခြေထောက်မှာလည်း ရွှံ့တွေနဲ့၊ ကန်စွန်းရွက်တွေ က ရေတွေ တတောက်တောက် ကျလို့ ..၊ မဖြစ်ပါဘူး .. သမီးလည်း သွားစရာရှိသေးတယ် .. အဖေ့ကို လိုက်ပို့အားမှာ မဟုတ်ဘူး .."

အငြိုး က ပြောပြီးတာနှင့် မတ်မတ်ပြန်ထိုင်၍ မောင်းဖို့ ပြင်၏။





ဆိုယ့်ရဲ့ လာရင်းကိစ္စကို ဦးတည်ချက်ပြောင်းဖို့ ဆုံးဖြတ်ပြီးသား ..။

"သမီးက အဖေ့ဆီလာတာ မဟုတ်ဘူးလား .."

"ဩော် .. လာတယ်ဆိုရင်တောင်မှ အဖေမို့ ပြောရက်တယ် ..၊ ဆိုယ့်ပုံစံလည်း ကိုယ် ပြန်ကြည့်ပါဦး..၊ ဒီလိုကားပေါ်ကို တက်ဖို့ ဖြစ် ရဲ့မလားဆိုတာ .."

ဦးငြိမ်း မျက်နှာဟာ ပြုံးနေရင်း ငိုမလို ဖြစ်သွားခဲ့၏။ ငိုချင်သွား တာကို ဖော်ပြချင်တာ မဟုတ်ပါ။ ဒါပေမယ့် ဘယ်လို ဟန်ဆောင်ပြုံး နေလို့မှ မရတော့တာ ဖြစ်သည်။

အငြိုး က ကားကို ဘီးလိမ့်စပြုနေကာမှ မှန်ကို အကုန်မတင် သေးဘဲ ပြန်ရပ်ကာ ...

"ဒီမှာ .. အဖေ့ကို ပြောရဦးမယ် .."

မှန်ကို ထပ်ချလိုက်တော့ မိုးစက်မှုန်တွေ ကားထဲကို စင်သဖြင့် မှန်နားကပ်လာသည့် သူမမျက်နှာလေး တွန့်ခနဲ နောက်ပြန်ဆုတ်၏။

ပြီးတော့ မှန်ကို စကားပြောသာရုံလေး ချန်၍ တင်လိုက်ကာ ...

"ဟိုပုဂ္ဂိုလ် အဖေ့ကို လာပြီး လောကွတ်ချော်လိမ့်မယ် ..၊ အိမ်မှာ လိုက်နေပါ .. ဘာညာနဲ့၊ အဖေ အဲဒါကို လုံးဝ လက်မခံနဲ့နော် ..၊ သူ့ အပေါ်မှာ သမီး အဖေ့ကြောင့် မျက်နှာအောက်ချ မနေနိုင်ဘူး .."

ဦးငြိမ်း က မျက်နှာပေါ်ထိ စီးကျရန် စလာသည့် မိုးစက်တွေကို လက်နဲ့ သပ်ချ ခါပစ်၍ ပြုံးလိုက်သည်။

"သမီး ရှင်းစရာရှိတာတွေ ရှင်းရဦးမယ် .. အဲဒီထိတော့ စောင့်.."

သိမ့်ခနဲ ဆောင့်ထွက်သွားသည့် ကားလေးကို ကြည့်၍ ငေးမောမိ မလို ဖြစ်သွားပြီးမှ ဦးငြိမ်း ကိုယ့်ကိုယ်ကိုယ် ထိန်းလိုက်သည်။ သားအဖ ခဏစကားရပ်ပြောတာမျိုး ဖန်တီးဖို့က သူသွားရင် ကိုယ်လည်း သွား..၊

ခြေလှမ်းတွေကို ပေါ့ပါးစွာ လှမ်းထွက်သလို ပြုပြင် ဟန်ဆောင် ရင်း မိုးတွေသည်းလာတော့ သမီးရဲ့ကားဆီကို တစ်ချက်လောက် ပြန်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



မိသည်။ လှမ်းခေါ်ရင်တောင် ကြားနိုင်သေးသည့် အကွာအဝေးပေမယ့် ကားလေးက လွတ်လပ်ပေါ့ပါးစွာ ပြေးထွက်သွားခဲ့တာ လှည့်မကြည့်စတမ်း ...။ သူ့လို ဟန်ဆောင် ဖုံးဖိသွားခဲ့ရှာတာလား ...၊

ဦးငြိမ်း မျက်ရည်စို့နေသည့် မျက်နှာကို ငုံ့ပစ်လိုက်မိ၏။

"ဦးလေးငြိမ်း .. နေပါဦး .."

ခေါ်သံနှင့်အတူ သိပ်မကြာလိုက်ခင် ဦးငြိမ်း ကိုယ်ပေါ်ကို ခုန်ဆင်းနေသည့် မိုးစက်တွေ တိခနဲ ပြတ်တောက်သွား၏။

ကြည့်လိုက်တော့ အိမ်နီးချင်းက ဆယ်တန်းကောင်လေးတစ်ယောက် ...၊ သူ့ကို ထီးမိုးပေးလိုက်တာ ဖြစ်ကာ ...

"ခုနက မမအငြိုး ကား မို့လား .."

"အေး .."

"ဘာလို့ လိုက်မပို့ခိုင်းတာလဲ ...၊ အိမ်က သိပ်မှမဝေးတော့တဲ့ဟာ"

"သူတို့က အလုပ်များနေတဲ့လူတွေကွာ .. မခိုင်းချင်တော့ပါဘူး"

"ဦးလေးကလည်း ခိုင်းခိုင်း မခိုင်းခိုင်း မမအငြိုး က ပို့သင့်တာပေါ့၊ မိုးတွေ သည်းလာတာတောင် ဒီတိုင်း ထားခဲ့ရသလား .."

"လိုက်ပို့မယ်လို့ ဖွတ်ပြောနေလို့ အတင်း ပြန်လွှတ်လိုက်တာကွ၊ ငါ့ကိုယ်မှာလည်း ရွှဲပြီးသားဖြစ်နေပြီ ..သူ့ကားကြီးပေါ်လည်း မတက်ချင်တော့လို့ပါ .."

လူငယ်လေးမို့ ရပ်ကွက်ထဲက လူကြီးတွေလို သားသမီးဝတ်တွေ ဘာတွေ ရေရွတ်ပြီး အငြိုး ကို ကဲ့ရဲ့ ရှုံ့မဲ့ဖို့တော့ တွေးမိပုံ မပေါ်ပေ..။

ငယ်သူပီပီ ပွင့်လင်းစွာ ဝေဖန်လိုက်ပြီး ခဏအတွင်းမှာ တခြားကိစ္စတစ်ခုသို့ အာရုံရောက်၏။ ,

"မမအငြိုး တို့ တိုက်ကြီးက ခြံစည်းရိုးထိပ်ပိုင်းတွေ ဘာထပ်လုပ်တာလဲ ဦးလေးငြိမ်း ...၊ သူများတွေက ပြောတော့ တံတိုင်း ထပ်တက်မလို့ဆို .."





"ဟုတ်မှာပေါ့ ...၊ ငါလည်း အဲဒီဘက်ကို ခုတလော မသွားဖြစ်လို့ သတိမထားမိဘူး .."

ကောင်လေး နာမည်က ဆန်းမင်းထွတ် ပါ။ သူက ဦးငြိမ်း ကို သုံအောင် ထီးမိုးပေးရင်း စလွယ်သိုင်းထားသည့် လွယ်အိတ်ကို ရှေ့ကို တွင်တွင်ဆွဲယူလျက် ...

"သားကတော့ သတိထားမိတယ် ...၊ မမအငြိုး စိတ်ကူးနဲ့ ဆောက်ထားတာဆိုလို့ တိုက်ကြီးက လှတော့ အရမ်းအားကျနေတာ၊ အခု တံတိုင်းတွေ ထပ်တက်လိုက်ရင် အလှအပတွေ မြုပ်ကုန်မှာပေါ့၊ အဝေးကကြည့်ရင် ဘယ်လိုလုပ် မြင်ရတော့မှာလဲ .."

ဦးငြိမ်း ရင်လေးသွားမိသည်။ သမီး ဘာတွေလုပ်နေပြန်ပြီလဲ ..။

'ရှင်းစရာ ရှိတာတွေ ရှင်းရဦးမယ် .. ခဏစောင့် ..'လို့ ပြောသွားတာ ဘာကိုလဲ ..။

တွေးမိလိုက်တာနှင့် ဦးငြိမ်း ရင်ထဲမှာ မီးစနဲ့ အထိုးခံလိုက်ရသလို ပူလောင် တင်းကျပ်သွား၏။

သမီးစိတ်ကို သူ သိသည်။ ထို့ပြင် သမီး ဘာကိုမကျေနပ်နေတာ.. ဘာလုပ်ချင်နေတာ ...၊ အားလုံးကို အတိအကျ မသိပေမယ့် သူ သိတော့ သိနေခဲ့သည်မို့ ...၊

မဖြစ်သေးဘူး .. ဒါကို ရအောင် မေးကြည့်ဦးမှ ...၊

ကိုယ့်သမီးကို မနိုင်ပေမယ့် ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

"စားလို့ကောင်းရဲ့လား မောင် .."

"ကောင်းတယ် .. ဒါတွေ အငြိုး ချက်ထားတာလား .."

"အင်းပေါ့ မောင် ရဲ့ ..၊ ဒီနေ့ မောင့်မွေးနေ့မို့လို့ အငြိုး တစ်[illegible] ကုန် အိမ်မှာနားပြီး ဒါတွေ စီစဉ်နေတာပေါ့ .."

စားပွဲပေါ်မှာ ဟင်းအမယ်တွေက စုံနေသည်။ ဆီပြန်တွေ၊ ချဉ်[illegible] တွေ အားလုံးကို တို့တိတိစားရင်း ဟင်းတစ်ခွက်အရောက်မှာ လက်[illegible] တုံ့သွား၏။

"ဒါ .. ငါးရံ့အူဟင်းလား အငြိုး .."

"ဟုတ်တယ် မောင် .. မောင် ကြိုက်မှန်းသိလို့ မန္တလေးက[illegible] ကြိုမှာထားတာ၊ ဟိုတယ်လ်ကြီးတွေမှာတောင် အမြဲရှိတတ်တာ မဟုတ်[illegible] ဘူး မောင်ရဲ့ ..၊ မောင့်မိန်းမက မောင့်အတွက် .."

လီမွာအောင် က အငြိုး ပြောနေတာကို ကျေနပ်နေပေမယ့် အ[illegible] ကို သတိရသွားသဖြင့် ပြုံးနေသည့်မျက်နှာက အပြုံးရိပ်တွေ မပီပြ[illegible] တော့ပေ ..။





"ငါးရံ့အူဟင်းကို အမေက သိပ်ကြိုက်တာ ..၊ မောင်တို့ တစ်ခါ ဘလေ ထမင်းလက်ဆုံစားရအောင် အငြိုး ရယ် .. မောင် အမေ့ကို သွား ခေါ်လိုက်မယ်နော် .."

အငြိုး မျက်နှာပျက်သွား၏။ ဒီတစ်ခါတော့ သူမ အမူအရာတွေ ပျက်သွားမိတဲ့အတိုင်းပဲ ထားကာ .. ကြေကွဲခြင်းတို့ ထပ်ဆင့်လောင်း ၍ ...

"မောင်ရယ် .. အမေက တစ်ချက်တစ်ချက် သတိလွတ်ပြီး ပြော ချင်သလို ပြောတော့ အငြိုး လေ .. အမေနဲ့ အငြိုး နှစ်ယောက်တည်းပဲ ရှိနေရင် ဆံပင်ဆွဲဆွဲ .. ပါးကိုပဲ ရိုက်ရိုက်ပါ .. မောင့်ရှေ့မှာတော့ .."

"အငြိုး .. အငြိုး .. ဘယ်လို ပြောလိုက်တာလဲ .. အမေက .."

သူ ကိုင်ထားသည့် ဇွန်းနဲ့ ခက်ရင်းကိုတောင် ချထားလိုက်မိတဲ့ အထိ ..။

"အငြိုး ကို မမေးပါနဲ့ မောင် ..၊ မောင့်ကို စိတ်မညစ်စေချင်တဲ့ အတွက် အငြိုး ရဲ့စိတ်ရင်းကို ချိုးနှိမ်ပြီး အစွန်းကုန်ထိ သည်းခံခဲ့တာပါ၊ ဒီတိုင်းပဲလည်း ဆက်သွားနေဦးမှာပါ၊ ဒါပေမယ့် မောင့်ကို မမြင်စေချင် ဘူး၊ အငြိုး က ပတ်ဝန်းကျင်မှာသာမက မောင့်အပေါ်မှာပါ မိန်းမဆိုး တစ်ယောက်လို နေခဲ့တာ၊ အမေ့ကိုတော့ ပြားပြားဝပ် ရိုကျိုးနေရတယ် ဆိုတာ .."

"အငြိုး ရယ် .. အငြိုး ရှိသေနေတာ မောင့်အမေလေ ..၊ အငြိုး ကို မောင်က အထင်သေးမယ့်သူလား ..၊ ကျေးဇူးတင်ပြီး ပိုတောင်ချစ်ရ ဦးမှာပါ .."

"မဟုတ်ဘူး .. ပတ်ဝန်းကျင်ကတော့ သူ့သား သူ့မြေးကို လက် လွှတ်ရမှာစိုးလို့ မအေကို သေလောက်အောင် ဒူးတုပ်နေရတယ်လို့ပဲ ပြောကြမှာ .."

"မဟုတ်တာပဲ အငြိုး ရယ် .."



www.burmeseclassic.com

www.burmeseclassic.com



အငြိုး မျက်ရည်တွေ ဝေ့နေပြီဖြစ်ကာ ထမင်းတွေကို အစိပ္ပာယ်မဲ့ မွှေနှောက်နေပုံလေးက သနားစဖွယ်ပါ ..။

"အငြိုး ခြံအုတ်တံတိုင်းတွေ အမြင့်ကြီး ထပ်တက်ဖို့ လုပ်နေတာ အဲဒါကြောင့်ပါ မောင် ..၊ ပတ်ဝန်းကျင်ပြောစကားတွေကြောင့် အမေ့ကို အငြိုး မငြိုငြင်ရက်ဘူး၊ အဲဒါကြောင့် ဘယ်သူမှ မမြင်နိုင်အောင် အငြိုး ကာကွယ်တာပါ၊ အငြိုး လုပ်တာ ပေါ်ကြောင်ကြောင် နိုင်နေ ပြီလား .."

အငြိုး ရယ် ..၊

သူ ဘယ်လိုပြောရမှန်းတောင် မသိတော့ပါ။ အငြိုး ကို သနား သလို အမေက အငြိုး အပေါ်မှာ ဖိစီးမှုတစ်စုံတစ်ရာနှင့် အနိုင်ယူနေ တယ်ဆိုတာမျိုးကို မယုံနိုင် ..။

အမေဟာ ရန့်ရင်းကြမ်းတမ်းသည့်စကားကို မဆိုထားနှင့် တစ် ဖက်သားအပေါ် တင်းမာပြတ်တောက်သည့် စကားမျိုးသော်မှ ပြောခဲတဲ့ သူ ဖြစ်သည်။

"မောင့်ရဲ့အမေ အငြိုး ကို ဘယ်လိုလက်ခံခဲ့ရတယ်ဆိုတာလည်း မောင် သိပါတယ် .."

တွေးနေမှန်း သိသောကြောင့် အငြိုး က မီးလောင်ရာလေပင့် လုပ်လိုက်သည်။ သူမ စကား တကယ်ပဲထိရောက်ပါသည်။ လိမ္မာအောင် မျက်နှာ ကွက်ခနဲပျက်ကာ မျက်လွှာချလိုက်ခြင်းသို့ ရောက်လျက် ..

"ဒါပေမယ့် အငြိုး ရယ် .. ဟိုကွာ .. မောင့်အမေရဲ့သဘောကို မောင် သိတယ် ..၊ သူ့ရဲ့ ချစ်ခြင်း မချစ်ခြင်းကြောင့် အငြိုး ကို ထိခိုက် နစ်နာအောင် .."

"တော်ပါတော့ မောင် .. မောင်ကိုယ်တိုင်က အမေက ဘယ်လို လုပ်လုပ် ဘယ်လိုနေနေ အငြိုး ကပဲ သည်းခံပါလို့ စီရင်ချက် ချချင်တာ လား ..၊ အဲလိုတော့ အငြိုး ကို မခိုင်းပါနဲ့ .. အခိုင်းခံရရင် အငြိုး တံ





ခိုရှဲ့ချင်တာ .."

"မဟုတ်ဘူး .."

"အခု အမေ့ကို အငြိုး တကယ် သနားတာ ..၊ တကယ်ချစ်လို့ ဖြစ်ပေးနေတာပါ၊ မောင့်ရဲ့မွေးနေ့မှာ မျက်နှာချင်းဆိုင်မိကြပြီး ပြဿနာ အကြီးအသေး တစ်ခုခုကြောင့် မောင့်မျက်နှာပျက် စိတ်ညစ်သွားရမှာမျိုး မလိုချင်လို့ .. အဲဒါ တစ်ခုတည်းပါ မောင် ..၊ အဲဒါတောင် မောင်က မောင့်အမေနဲ့ လက်ဆုံစားချင်တယ်ဆိုရင် အငြိုး သွားခေါ်ပေးပါ့မယ်"

အငြိုး က ဇွန်းတွေကို ချထားလိုက်ပြီး ထရပ်လိုက်ဖို့ ပြင်သည်။

"မောင်တို့သားအမိပဲ စားဖြစ်ကြရင်လည်း ပျော်စရာလေး ဖြစ်မှာ ပါ၊ အငြိုး နဲ့ ညလယ်စာကျမှပဲ စားမယ်လေ .."

"ဟာ .. အဲလို မလုပ်နဲ့လေ ..၊ မောင်က မိသားစု စုံစုံလင်လင် စားချင်လို့ ပြောတာ၊ တစ်ယောက်ကိုမှ မပွဲစေချင်ပါဘူး .."

"အငြိုး နားလည်ပါတယ် ..၊ အမေက အငြိုး ကို မတွေ့ရရင်တော့ မောင်နဲ့ ဘာမှ အဆင်မပြေဖြစ်ဖို့ မရှိဘူးလေ၊ မောင့်မွေးနေ့လည်းဖြစ် တော့ ဒီည ဒင်နာကိုတော့ အမေနဲ့ပဲ စားလိုက်ပါ၊ ညလယ်စာ ပြန်ဆာ ကြတော့မှ အငြိုး တို့ အတူတူ စားမယ်လေ၊ အမေက ရောဂါသည်ပါ.. အငြိုး အမေ့ကို ဦးစားပေးရမှာ ကြည်ဖြူပါတယ် မောင်ရဲ့ .."

ဝေ့ဝဲနေဆဲ မျက်ရည်လက်ကျန်တို့ဖြင့် ပြုံးနေရှာသည့် အငြိုး မျက်နှာလေးက သူ့နှလုံးသားကို ဆုပ်ညှစ် ကိုင်လှုပ်နေသကဲ့သို့ ...

"အငြိုး ရယ် .."

ရင်ထဲမှာ နွေးထွေး လှိုက်တက်လာရင်း အငြိုး လက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်မိသည်။ အလွန် မာနကြီး၍ စိတ်ဆတ်လွန်းသည့် မိန်း ကလေး ..၊ နယ်မြို့လေးတစ်မြို့က တောနေ တောအထာနဲ့တောင်မှ ထမင်းဟင်းကို လက်နဲ့မစားဘဲ ဇွန်း ခက်ရင်းနဲ့ အကျင့်လုပ် စားရ အောင်လို့ သူမပဲ ပူဆာခဲ့တာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြို့ကြီးပြကြီးတွေက လူနေမှုအဆင့်အတန်းမျိုးကို လိုချင်သည် ဟိုးအရင် မချမ်းသာခင်တည်းက ချမ်းသာကြီးပွားလိုစိတ်တို့ဖြင့် မာနကြီး မာကျောခဲ့တာ ...။

ခုကျမှ အမေ့ကို ယောက္ခမလို သဘောမထားဘဲ ပျဝပ် ရိုကျိုးစွာ ပြုစုနေခဲ့ရှာသည်။

"အငြိုး ကို မောင် ကျေးဇူးတင်လိုက်တာ .. အရမ်းလည်း ချစ်တယ်၊ အမေက ရောဂါ ခံစားနေရလို့ပါ အငြိုး ရယ် ..၊ ပုံမှန်စိတ်နဲ့ဆိုရင် အငြိုး အပေါ်မှာ သူ့ ပြောမှားဆိုမှားတွေ ရှိခဲ့မှာ မဟုတ်ပါဘူး၊ အဲဒါကို တော့ မောင် ယုံကြည်တယ်၊ အငြိုး လည်း နားလည်ပေးပါကွာ..နော်.."

နားလည်လို့ ခက်နေတာပေါ့ မောင် ...၊ ဒါပေမယ့် အငြိုး နားလည်သလို ဘာသာပြန်ထားတဲ့ ရင်ထဲက စကားသံတွေကိုတော့ မောင် ဘယ်တော့မှ ကြားနိုင်မှာ မဟုတ်ဘူး ...။

ကြားခဲ့ရင်လည်း မောင် ယုံနိုင်မှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ အငြိုး ဟာ ကိုယ့်ကိုယ်ကလွဲပြီး ဘယ်သူ့ကိုမှ မချစ်တတ်လို့...





အခန်း (၂၉)

"စန်းရီ .. အမေ အိပ်နေလား .."

"အစ်ကိုလေး .."

စန်းရီ ဝမ်းသာအားရ ဖြစ်သွားကာ တံခါးဖွင့်ဖို့ ခပ်သုတ်သုတ် ထသွား၏။ အစ်ကိုလေး အလုပ်မသွားခင်အချိန်ဆို မေမေကြီး အခန်းကို သော့ခတ်မထားသေးပေ ...။

ဒါပေမယ့် သူမကိုယ်တိုင် တံခါးဖွင့်ပေးဖို့ ပြင်ဆင်လိုက်ရခြင်းက မမလေး ရေချိုးခန်းထဲက ထွက်မလာသေးမှန်း သိလို့ ဖြစ်သည်။

ကိုယ့်ပါးစပ်က ပြောပြခွင့်မရှိသည့် စကားတွေကို မေမေကြီး ကိုယ်တိုင် အစ်ကိုလေးကို ပြောပြစေချင်မိ၏။ ထို့ကြောင့် ...

"နိုးနေတာကြာပြီ အစ်ကိုလေး...၊ အထဲမှာ ထိုင်နေတာထင်တယ်"

"အမေ့ကို မနက်စာ ကျွေးပြီးပြီလား .."

"ဟုတ်ကဲ့ .."

"ဒါဆိုလည်း ခြံထဲမှာ လမ်းလေးဘာလေး လျှောက်ဖို့ ခေါ်ထုတ်လေ ...၊ အမေက အခန်းထဲမှာချည်းပဲ တစ်နေကုန် နေရတာ၊ တစ်နေ့နေ့ စိတ်ကြိမ်လောက်တော့ အိမ်ပေါ်မှာဖြစ်ဖြစ် .. ခြံထဲဖြစ်ဖြစ် နင် တွဲခေါ်မှ ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



တံခါး တွန်းဖွင့်ပေးလိုက်ရင်း စန်းရီ စိတ်မသက်သာစွာ တင်
ချက်တော့ မော့ကြည့်မိသည်။ တကယ်ကို အစ်ကိုလေး ဘာတစ်ခုမှ
အကဲမခတ်မိတာပါလား ...။

"အမေ .."

ခုတင်ပေါ်မှာ ခေါင်းတွေ မဖြီးသင်ဘဲ ဒီတိုင်း လျော့ရိလျော့ရဲ
ပြေလျက်နှင့် ထိုင်နေသည့် ဒေါ်ယဉ်မေ က သားအသံကြားတော့ ချာခနဲ
လှည့်ကြည့်သည်။

"သား .. အမေ့သား .."

သူ့ရှိရာကို ထပြေးလာပြီး အနားရောက်မှ ကမ်းထားသည့် လက်
အစုံက တလွဲချော်သွား၏။

"သားက ဒီမှာ အမေ .."

လိမ္မာအောင် က လက်တွေကို ဆွဲယူကာ အမေ့ကို ဖက်ထားလိုက်
၏။ စားပွဲပေါ်မှာ ကြည့်လိုက်တော့လည်း လတ်ဆတ်သန့်ရှင်းစွာ ပြင်
ဆင်ပေးထားသည့် သစ်သီးတွေက အစုံ ...။

ထို့ပြင် မုန့်ပုံးနှစ်ပုံးနှင့် ကွက်ကီးမုန့်ထုပ်တွေလည်း ရှိ၏။ အငြိုး
စီစဉ်ပေးထားတာတွေ ပြည့်စုံနေသားပဲ ...။

သူ တစ်ဖက်က စိတ်ချမ်းသာသွားမိကာ အမေ့ရောဂါကြီးသာ
ပျောက်သွားခဲ့ရင် ဘယ်လောက်ကောင်းမလဲလို့ပါ ဆက်တွဲ တွေးဖြစ်
၏။ အမေ့ရဲ့ စိတ်ရင်းအမှန်နဲ့ဆို အငြိုး ကို ကြည်ဖြူ လိုလားမှုတွေနဲ့
နွေးထွေးစွာ ဆက်ဆံမှာ သေချာပါသည်။

ဒါဖြင့် အမေ တကယ်ပဲ စိတ်ရောဂါသည်လို ဖြစ်နေပြီလား ...

"အမေ .."

"သား .."

"အမေ နေကောင်းလားဟင် .. အခန်းပြင်လေးဘာလေး ထွက်ပါ
လား အမေရယ်.. အထဲမှာ တစ်ယောက်တည်း အနေကြာလာရင် စိတ်





ဓိုးမှုတွေ ပြင်းထန်လာတတ်တယ် .."

"ဟင့်အင်း .. ဟင့်အင်း .."

အမေ့ မျက်လုံးတွေ လှုပ်ရှား လည်ပတ်နေလျက် ခေါင်းတွင်တွင်
ခါ၏။

"အမေ့အတွက် ထားပေးထားတဲ့ မုန့်တွေရော အမေ စားရဲ့လား"

"ဟင့်အင်း .."

စကားက မပီ ...၊ ရှင်းလည်း မပြနိုင်ဘဲ ဒေါ်ယဉ်မေ ခေါင်းခါ
ဖြူးပြဲ ဖြစ်နေသမျှ စန်းရီ တံခါးနားကနေ ရပ်ကြည့်နေရင်း အသည်း
ယားနေမိ၏။

မုန့်တွေ ထားပေးထားတာက နည်းနည်းမှ မထိတို့ရဲအောင် ခြိမ်း
ခြောက်ပြောဆိုထားပြီးမှ ထားတာတွေပါ။ ပြီးတော့ မုန့်ပုံးတွေကို
အစ်ကိုလေး သွားဖွင့်ကြည့်ပါဦး .. အားလုံးက အခွံတွေ ...။

"ကျန်းမာရေးကို ဂရုစိုက်ပါ အမေရယ် .. ပိန်သွားလိုက်တာ
လည်း မျက်လုံးပဲ ရှိတော့တဲ့အတိုင်းပဲ .."

"သား .. အမေ့သား .."

ဒေါ်ယဉ်မေ သည် ဘာမှမပြောဘဲ လိမ္မာအောင့် မျက်နှာနဲ့ လည်
ပင်းတွေကို ကတုန်ကယင် ပွတ်သပ်ရင်း ဒီတိုင်းပဲ တဖွဖွ ပြောနေ၏။

"ငါ မမေ့ဘူး ...၊ ငါ့သားကိုတော့ ငါ ဘယ်တော့မှ မေ့သွားမှာ
မဟုတ်ဘူး .."

"အမေ .."

"မပြောပါနဲ့ .. မေ့သွားမှာ စိုးလို့ပါ၊ ငါ ထား ကို မေ့နေခဲ့လို့လေ..
ဘာမှကို မပြောလိုက်ရဘူး ...၊ ငါ့သားကို မေ့လို့ မဖြစ်ဘူး .."

ဒေါ်ယဉ်မေ့ မျက်ဝန်းမှာ မျက်ရည်တွေ ကျလာ၏။ လိမ္မာအောင်
ရင်ထဲမှာ နင့်သွားသည်။ အမေ့ကို ဒီလိုဝေဒနာဆိုးမျိုးနှင့် သူ မမြင်ရက်
ပေ ...။



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ ဒီလောက်ထိ အမေ အခြေအနေ ဆိုးသွားတာလဲ ..။

"စန်းရီ .."

"ရှင် .. အစ်ကိုလေး .."

စန်းရီ ကပျာကယာ ရှေ့တိုးလာ၏။ လီမွာအောင် က အမေ့ကို ဖက်ထားရင်း မျက်ရည်တွေကို တယုတယ သုတ်ပေးနေလျက် ...

"အမေ့ကို ဆရာက ဘာပြောသေးလဲ .."

"ရှင်!..."

"ဆေးခန်းပြောင်းထားတာ အဆင်ပြေရဲ့လားလို့ .."

"ဟို .."

"ဆေးခန်းသွားတိုင်း နင် ပါတာပဲ .."

"ခုနောက်ပိုင်းမှာ ခေါ်လို့ မရတော့ဘူး မောင် .."

ရေမွှေးနံ့ တလှိုင်လှိုင်နှင့် အငြိုး က အခန်းထဲ ဝင်လာသည်။ ဝတ်ထားတာက အနီရဲရဲဝတ်စုံ၊ နှုတ်ခမ်းနီနဲ့ နားဆွဲပိုင်းက အနီရောင် ရင့်ရင့်ဖြစ်ကာ ဆံပင်တိုတိုတွေကို အနီရောင်ခေါင်းပတ်နဲ့ သိမ်းတင်ထားသဖြင့် နဖူးလေး ရှင်းနေတော့ တစ်မျိုးလှ၏။

ဒါပေမယ့် ဒီပုံစံမျိုးကတော့ ထင်းလွန်းပါသည်။ လီမွာအောင် ကိုယ့်မိန်းမလှနေတာကို သဘောကျပေမယ့် ဒီနေ့ မျက်နှာပျက်လေသည်။

ဝင်လာသည့် ခြေလှမ်းတို့အတိုင်း အငြိုး ရဲ့အကြည့်တစ်ချက်မှာ စန်းရီ အခန်းပြင်ကို လှစ်ခနဲ ရောက်သွား၏။ ဒေါ်ယဉ်မေ ၏ တတွတ်တွတ် စကားသံတွေပါ တိတ်ကျသွားခဲ့ပြီး ...

"အမေက စိတ်မထင်ရင် ဆံပင်ဆွဲ .. အကျႌဆွဲနဲ့ စန်းရီလေး ကို ရစရာမရှိအောင် လုပ်တာ .."

"မ .. ဟုတ် .. ဘူး .. ငါ မဟုတ်ဘူး .."

အမေ့ စကားသံက ဗလုံးဗထွေး ပိုဖြစ်လာကာ သူ့ကိုယ်ကို ပို၍ တင်းအောင် ဖက်ထား၏။





"ဒါပေမယ့် ခဏလောက်လေးပဲ ထ ထ ဖြစ်တတ်တာဆိုတော့ စန်းရီ ခမျာ သည်းခံရှာပါတယ် .."

ကြားရပြန်ပြီ ..၊ အမေ့ရဲ့ရောဂါ အခြေအနေဆိုး တစ်ခု ..။

လီမွာအောင် အမေ့ကို ယူကျုံးမရသည့် မျက်ဝန်းတို့ဖြင့် ငုံ့ကြည့်သည်။ အမေ့မျက်လုံးတွေက တည်ငြိမ်မှုတို့ နည်းပါးကာ ပြောနေရင်း ယောက်ယက်ခတ်လာသဖြင့် အငြိုး ပြောပြောနေသည့် အမေ့ အခြေအနေကို သူ မယုံလို့ မရတော့ပေ ..။

"မောင် ပြောသလို လမ်းလေးဘာလေး လျှောက်ဖို့လည်း အငြိုး စီစဉ်ပေးပါတယ်၊ အိမ်မှာ စန်းရီ တစ်ယောက်ပဲ လွှယုံရှိတာလေ၊ စန်းရီ ကိုယ်တိုင်က အမေ့နား မကပ်ရဲဘူး ဖြစ်နေတာ၊ အငြိုး လည်း ဘာလုပ်ရမှန်း မသိဘူး ဖြစ်နေတယ် .."

"မောင်တို့ စပါယ်ရှယ်နာ့စ် ငှားရမယ် အငြိုး .."

"မောင်ရယ် .."

အငြိုး က သူ့လက်မောင်းကို ဖက်ကာ ရင်ခွင်ထဲမှာ ရှိနေသည့် အမေ့ကိုပါ သနားကြင်နာစွာ ကြည့်၍ ...

"အိမ်မှာ လူတစ်ယောက် ပိုလာရင် ပြောမယ့် ပါးစပ်တစ်ပေါက် တိုးတယ်၊ အငြိုး အဲဒီ အတင်းအဖျင်းတွေကို ကြောက်လို့ အမေ့ကို ကိုယ်တိုင် ပြုစုပေးနေတာပါ၊ အငြိုး မှာ ဘာလိုအပ်ချက်တွေ ရှိနေသေးလို့လဲ .."

"ဒီလိုရှိတယ် အငြိုး ရဲ့ .."

"ကဲပါ မောင်ရယ် .. အမေ့အကြောင်း ညစာ ထမင်းဝိုင်းကျမှ ဆက်ပြောရအောင်နော် ..၊ အငြိုး တို့ ဒီနေ့ နောက်ကျလို့ မဖြစ်ဘူးလေ.."

"သား အမေ့ကို မထားခဲ့ပါနဲ့ .. အမေနဲ့ နေပါ သားရယ် .. ဒီထဲမှာလေ .. အမေက သားကို ဖက်ပြီး နဖူးလေး သပ်ပေးချင်လို့နော်.. သွားပါနဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



အမေ့ကို လူချင်းပြန်ချာဖို့ ကြိုးစားတာ မရ ..၊ အမေ့စကားတွေ ပီပီပြင်ပြင် မဟုတ်ပေမယ့် နားလည်နေတာမို့ လိမ္မာအောင် မတွန်းရ မချာရက် ဖြစ်ရပြန်သည်။

"အမေရယ်.. အမေ့သားက စီးပွားရှာနေတာလေ .. နော် ..၊ အ စားဖို့ .. အမေ့ဆေးဖိုးတွေ ရအောင်လို့လေ .. လွှတ်လိုက်ပါ အမေရယ်"

"မသွားပါနဲ့ .. မသွားပါနဲ့တော့ .. ဟီး .. ဟီး ..."

"အမေရယ် .."

လိမ္မာအောင် က အမေ့ကို ပြန်ဖက်ထားကာ သူ့မျက်ဝန်းတွေ ပါ စိုစွတ်လာခဲ့၏။ အငြိုး နှုတ်ခမ်းလေး မသိမသာ တင်းခနဲ ဖြစ်သွား သည်။

အကြည့်စူးစူးတစ်ချက်က ဒေါ်ယဉ်မေ့ မျက်နှာပေါ် ကျရောက် သွားခဲ့ပြီး နှစ်ယောက် ခွာထုတ်ဖို့ နည်းလမ်းကို စဉ်းစားလိုက်သည်။

"တွေ့လား .. အမေကလေ .. တစ်ခါတစ်ခါ အဲဒီလိုပဲ လူကြားသူ ကြားထဲမှာလည်း ငိုချင် ငိုတာ ..၊ မောင့်ကို ဆေးခန်းပို့ပေးပါလို့ အငြိုး အခုနောက်ပိုင်း မပြောတော့တာ အဲဒါကြောင့်လေ ..၊ စီးပွားရေးက တစ်ဖက် .. အမေ့အတွက် စိတ်ဆင်းရဲရတာ ပိုမှာစိုးလို့၊ ခုတောင် မောင် ငိုချင်နေပြီမို့လား .."

"အငြိုး ရယ် .. အမေ့ကို .. မောင် .."

"အငြိုး သိပါတယ်"

အငြိုး က လိမ္မာအောင့် ကို ဘာမှ ပြောခွင့်မပေးဘဲ သူမ လုပ် ဆောင်ခဲ့သမျှတွေသာ အမှန်ဖြစ်အောင် စကားလုံးတွေအဖြစ် ထည့်သွင်း အချိုသတ်သွားကာ ...

"လာနော် .. အမေ .. အငြိုး ခေါင်းဖြီးပြီး သပ်သပ်ရပ်ရပ်လေး ထုံးပေးမယ် .. အမေ့သား အလုပ်သွားပါစေ .."

'မောင် သွားတော့' ဆိုသည့် နူးညံ့သည့် အပြုံးလေးနှင့် မသိမသာ





ဆောတ်ပြလိုက်သည်။

ပြီးတော့ ဒေါ်ယဉ်မေ့ ကို လက်မောင်းလေး အသာဆွဲသလိုနှင့် အားအပြည့်သုံးပြီး ဖိညှစ်ပစ်လိုက်၏။

"အား!... ဘာလဲ .. သွား .."

"အမလေး!..."

"ဒုန်း .."

ဒီလိုဖြစ်အောင် တမင်လုပ်လိုက်တာမို့ ဒေါ်ယဉ်မေ ဆောင့်တွန်း လိုက်တာနှင့် အငြိုး နှစ်ပတ်လိမ့်သွားအောင် ကိုယ်ကို ပစ်စလက်ခတ် ချပစ်ကာ စားပွဲခြေထောက်နှင့် နောက်စိ ဒုန်းခနဲ ဆောင့်၏။

"အငြိုး .. .."

လိမ္မာအောင် အော်သံကြီး ဟိန်းသွား၏။ တယုတယ ပွေ့ပိုက်ရင်း ချောရက်နိုင်အောင် သနားနေခဲ့မိသည်။ အမေ့ကို ဘယ်လိုအင်အားနဲ့ ယ်ထုတ်ပစ်လိုက်မိမှန်း မသိ ..။

အငြိုး ဆီ ပြေး၍ ပွေ့ယူလိုက်ကာ ...

"အငြိုး .. အငြိုး ရယ် .. မောင် တောင်းပန်ပါတယ်ကွာ .."

"အား!.. အရမ်းမူးတာပဲ မောင် .."

"ထ .. မောင် ပွေ့လိုက်မယ်နော် .. အခန်းထဲရောက်မှ ဒဏ်ရာ ရှာကြည့်ရအောင် .."

သူ အငြိုး ကို သေချာပွေ့၍ ထရပ်လိုက်ပြီးလျှင် မျက်လုံးအပြူး သားနှင့် တိတ်ဆိတ်စွာရပ်၍ နားစွင့်နေသော အမေ့ကို လှမ်းကြည့်မိ သည်။

မျက်ဝန်းမှာ ထိတ်လန့်သော .. မယုံကြည်နိုင်သော .. ပြီးတော့ နားလည်သွားပြီဖြစ်သည့် စိတ်ပျက်ခြင်းတို့ ရှပ်ယှက်ခတ်နေခဲ့ပြီး ..

"အမေ .. အဲဒီလိုတော့ မလုပ်သင့်ပါဘူး အမေရာ .."

"ဟင်!..."



www.burmeseclassic.com

www.burmeseclassic.com



သူ့အသံ ကြားလိုက်တာနှင့် ဒေါ်ယဉ်မေ ဆတ်ခနဲ ဖြစ်သွားကာ အသံလာရာကို မမြင်မစမ်း မျက်လုံးတွေ ပို့၍ ...

"သား .. .."

"အမေ ကျွန်တော့်ကိုတောင် သိနေသေးတာ သူ့ကို ဒီလိုလုပ်ဖို့.."

"ဟုတ်ဘူး .. မဟုတ်ဘူး .. အမေက .."

"အား .. အငြိုး အရမ်းမူးနေပြီ မောင် ..၊ အမေ့ကိုလည်း အပြစ်မတင်ပါနဲ့တော့ .. အခန်းထဲကို ပို့ပေးပါ .."

အငြိုး ကို ပွေ့၍ လိမ္မာအောင် ထွက်လာတာကို ကြည့်ကာ စန်းငြိမ်း မျက်နှာက တအုံ့တသြ ..၊

ဝုန်းဒိုင်းကြဲသွားသည့် အသံတွေကိုလည်း သူမ ကြားပြီးပြီမို့ လိမ္မာအောင် ထွက်သွားသည့် ခြေလှမ်းကျဲတွေကို စိတ်ထဲမှာ နားလည်နေမိ၏။

မမလေး တော်တော် တဘ်နိုင်ပါလား ..၊

အသံပြောဖာတ်တစ်ပုဒ်ထဲက ကြားဖူးခဲ့သည့် စကားနဲ့တော့ တူနေပါပြီ ..။

"မြတို့ ဖာတ်ကနေတာ မိုးလင်းပိုင်းတောင် ရောက်တော့မှာပဲ.."





## အခန်း (၃၀)

"အဲဒါတော့ မတောင်းဆိုပါနဲ့ အငြိုး ရယ် .. ရန်ကုန်ဖြစ်ဖြစ် .. မန္တလေးဖြစ်ဖြစ် ကုမ္ပဏီအလုပ်တွေကို မောင် လုံးဝကို စိတ်မဝင်စားချင်ဘူးကွာ .."

"ဘာဖြစ်လို့လဲ .. မောင့်ကို ပြောလိုက်ရင် ဒါပဲ .."

"မဟုတ်ပါဘူး .. ဘယ်ယောကျ်ားမဆို ကိုယ့်မိန်းမက ပူဆာလာရင် ဖြည့်ဆည်းပေးချင်ကြတာပဲ .."

"အဲဒီထဲမှာ မောင် မပါဘူးမို့လား .."

"အားလုံးကို မောင် ဖြည့်ဆည်းခဲ့တာပဲကွာ .."

"အားလုံးဆိုတာ လင်မယားတိုင်ပင်ပြီး အတူလုပ်ခဲ့ကြတဲ့ စီးပွားရေးပဲ မောင် ..၊ အငြိုး ဆန္ဒနဲ့ တောင်းဆိုဖူးတာ ဒါပဲ ရှိပါသေးတယ်"

"အငြိုး ရယ် .."

"ဟင့်အင်း .. မကိုင်နဲ့ .."

ရေချိုးပြီးစ ပခုံးသားလေးပေါ်မှာ ပတ်ခြုံထားသည့်စောင်ကို လိမ္မာအောင် က ဆုပ်ကိုင်လိုက်လျှင် အငြိုး က လက်ကို ပုတ်ချပစ်၏။

ပြီးတော့ ဘယ်လိုထိထိ ငြိမ်မနေဘဲ အတင်း တွန်းဖယ် ပုတ်ချပစ်တာ မှန်ရှေ့မှာ ဆောင့်ခနဲ ထိုင်ချလိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီဌာနမှာ ဒီလောက်ထက် ဘာမှ ပိုဖြစ်လာမှာ မဟုတ်ဘူး
အငြိမ်း အားမရနိုင်ဘူး မောင် ..၊ အငြိမ်း ရန်ကုန်ကိုပဲ အားသန်တယ်
ရန်ကုန်မှာ အခြေချချင်တယ်၊ ဒီလိုပြောလိုက်တိုင်း ထား ကို အငြိမ်း
က ပြိုင်နေတယ်လို့ပဲ မောင် ထင်တာ၊ အဲလို မဟုတ်ဘူး သိလား ..
ယောက်ျားချင်းပြိုင်လိုက်ရင် မောင်က အတော်ဆုံးဖြစ်နေစေချင်လို့၊
အဲဒီယောက်ျားတွေထဲမှာ ထား ရဲ့ယောက်ျား ပါချင်ပါမယ်၊ ဒါပေမယ့်
အငြိမ်း ပြောတာက စီးပွားရေးလောကမှာ အောင်မြင်နေတဲ့ ယောက်ျား
တွေ အားလုံးကိုပဲ .."

"အဲဒီယောက်ျားတွေထဲမှာ မောင်က အတော်ဆုံးဖြစ်လိမ့်မယ်လို့
ဘာဖြစ်လို့ ထင်ရတာလဲ အငြိမ်း ရယ် .."

"သူတို့က ဘာတွေမို့လို့လဲ မောင် ..."

"မောင့်ထက် အများကြီး တော်နေကြတဲ့လူတွေဆိုတာ အငြိမ်း
လက်မခံလို့ မရဘူးလေ၊ ပညာရှိတွေ အမျိုးမျိုး ပြဋ္ဌာန်းကြတဲ့ ဒဿန
တွေက ကောင်းပါတယ် .. လှလည်း လှတယ်၊ ဒါပေမယ့် လူ သန်း
ပေါင်းများစွာတွေထဲမှာ ဒီလို ဒဿနတွေကို ဆုပ်ကိုင် ဟစ်ကြွေးနိုင်တဲ့
သူ ဘယ်နှစ်ယောက် ရှိသလဲ၊ စိတ်ကူးနဲ့ လက်တွေ့က တစ်ထပ်တည်း
ကျခဲပါတယ်ကွာ .."

"ဖွဲလုံ့လ ကုန်ဆုံးနေတဲ့ စကားသံတွေ မပြောပါနဲ့ မောင်ရယ်
အငြိမ်း ရဲ့ယောက်ျားက တိုးတက်ကြီးပွားဖို့ အမြဲ ကြိုးစားနေတဲ့လူအဖြစ်
ရှိနေစမ်းပါ .."

"ခုရော .. မောင်က လုံ့လမစိုက်ဘဲ အချိန်ဖြုန်းနေမိတာများ ရှိ
လို့လား အငြိမ်း .. ပြောစမ်းပါ၊ ဒီပတ်ဝန်းကျင် .. ဒီဒေသတစ်ခွင်မှာ
မောင်တို့ ဘယ်အခြေအနေမျိုးနဲ့ ရပ်တည်နေနိုင်ပြီလဲ ..၊ ဘယ်လောက်
ဖြစ်လာလာ ရန်ကုန်ကို မသွားရမချင်း အားမရနိုင်တာက ဘယ်သူလဲ"

"အငြိမ်း လေ .. အငြိမ်း သိပါတယ် .."





ပြောနေကြရင်း အခြေအနေတွေက တင်းမာစ ပြု၏။

"မောင်တို့ ပတ်ဝန်းကျင်က တောကြိုအုံကြား မဟုတ်ပါဘူး၊
ဆင်ကြီး ကြီးသလောက် ကြွက်ကို ကဲ့ရဲ့နေလို့တော့ မရဘူးလေ၊ ဘယ်
သတ္တဝါဖြစ်ဖြစ် သူ့အတောင်နဲ့သူတော့ ရှိကြတာပဲ၊ လူဆိုတာ ကိုယ်ပိုင်
ဆိုင်ထားတဲ့ပစ္စည်းကို တန်ဖိုးထားတတ်ရတယ်၊ တခြားကို လှမ်းကျော်
ပြီး အထင်ကြီး မျှော်ကိုးနေမယ်ဆိုရင် ဘာမှ ရလာမှာ မဟုတ်တဲ့အပြင်
စိတ်ဆင်းရဲတာတွေပဲ အဖတ်တင်မှာ၊ ဒီလိုပဲ .. လှုပ်ရှားရုန်းကန်ရင်းနဲ့
အခြေအနေ အချိန်အခါတွေ တိုက်ဆိုင်လာရင် သူ့အလိုလို ဖြစ်လာမှာပါ
အငြိမ်း ရယ် ..၊ ထိုင်နေလို့ ဘာမှဖြစ်မလာနိုင်ပေမယ့် အလုပ်လုပ်နေတဲ့
သူအတွက် အခွင့်အရေးဆိုတာ တစ်ချိန်ချိန်တော့ ရှိလာမှာပါ"

"အခွင့်အရေးကို ထိုင်စောင့်နေတာကမှ အဓိပ္ပာယ်မဲ့ အချိန်ဖြုန်း
တာ မဟုတ်ဘူးလား မောင် ..၊ အငြိမ်း တို့မှာ ငွေရှိတယ်လေ .."

"ငွေတွေကို ရင်းနှီးထားတယ်လေ အငြိမ်း ရဲ့ ..၊ ခုမှ လည်ပတ်လို့
ရှိလျှံရုံပဲ ရှိသေးတာ .."

အငြိမ်း က မှန်ကို ကျောခိုင်းလိုက်ပြီး လိမ္မာအောင် ဘက်ကို လှည့်
သည်။

တကယ် ဦးတည်ပြောချင်သည့် အကြောင်းအရာဆီ ဘယ်လို ဆွဲ
သွားရမှန်း မသိဘဲ ရုတ်တရက် ပြန်ပြောဖို့ ခက်နေ၏။

"မောင် ဘာပြောလိုက်တာလဲဟင် .. အငြိမ်း တို့မှာ ဒီ လည်ပတ်ငွေ
အလွဲရင် ရင်းနှီးစရာ ထပ်မရှိတော့ဘူးလို့ ပြောလိုက်တာလား၊ တကယ်
လား မောင် .."

အငြိမ်း ပုံစံလေးက တကယ်ကို ချောက်ချားသွားသည့် မျက်ဝန်း
လေးတွေနဲ့ ဖြစ်သည်။

"မောင် ပြောပြနေတဲ့ အရင်းအနှီးတစ်ခု လုပ်ပြီဆိုရင် တစ်ထောင်
နှံထားရင် တစ်သောင်း၊ တစ်သောင်းမှန်းရင် တစ်သိန်းရှိမှ ဆိုတာတွေ



www.burmeseclassic.com

က ..”

“သြော် .. အငြိုး ရယ် .. မောင် ရင်းနှီးထားတာ တစ်ဝက်ပဲ ရှိ ပါသေးတယ်၊ ချမ်းသာသမျှ ချပြီး ရင်းနှီးထားတာမျိုးတော့ မဟုတ်သေး ဘူးပေါ့၊ ကျန်တာတွေကို အမေ ကိုင်ထားတာလေ၊ အငြိုး ကို မောင် ပြောထားဖူးပါတယ်၊ အုပ်ထိန်းသူ မိဘဆိုတာဆီမှာ အပ်နှံရာလည်း ရောက် ..၊ အမေလည်း အားမငယ်အောင်ပါ”

“အခု .. အခု အမေက ဘာပြောမိလို့ ပြောမိမှန်း မသိ၊ သူ့ကိုယ်သူ ဘာလုပ်လိုက်လို့ လုပ်မိမှန်းမသိတဲ့ အခြေအနေလေ ..၊ အမေ့လက်ထဲမှာ ထားတာ မောင် ဘယ်လို စိတ်ချမှာလဲ ..”

လိမ္မာအောင် တစ်ချက်လောက် တွေဝေသွားတာနှင့် အငြိုး က ပိုင်ကွက်နင်းကာ ...

“သူပြောချင်တာ ပြောနေမယ်ဆိုရင် သူ့ကို ဘယ်သူနဲ့မှ အတူနေ ထားလို့ မရတော့ဘူး မောင် ..၊ အချိန်မရွေး သူများလက်ထဲ ထည့်ပေး လိုက်နိုင်တာ သိရက်နဲ့ မောင် ဒီတိုင်းပဲ ထားဦးမှာလား ..၊ အငြိုး က အမေ ကိုင်ထားတာကို မကြည်ဖြူလို့ပြောတာ မဟုတ်ဘူး..”

“မောင် နားလည်ပါတယ် ..၊ ဒါပေမယ့် အမေ့ကို ဒီလိုရောဂါသည် တစ်ယောက်ဆိုတာ မောင် လက်ခံလို့ မရဘူးကွာ ..”

“မောင့်ခံစားချက်ကို အငြိုး ကလည်း နားလည်ပါတယ်၊ ဒါပေ မယ့် အမေ့အတွက် အငြိုး တို့ ရှိနေရင် အမေ အငြိုး တို့ လက်ပေါ်မှာ ပြည့်စုံချမ်းသာစွာ ရှိနေသရွေ့ သူ့အတွက် ဘာလိုတော့မှာလဲ ..၊ ပြီးတော့ ထား လည်း ပြည့်စုံကြွယ်ဝနေတဲ့ အခြေအနေ ဖြစ်နေပြီ၊ အားလုံးက အမေ့ကို ချစ်ခင်ကြင်နာကြတဲ့လူတွေချည်းပဲ .. ဒီလူတွေက မစောင့် ရှောက်ကြဘဲ နေမလား ..”

အငြိုး နေရာမှ ထရပ်လိုက်ကာ ပခုံးပေါ်မှာ ခြုံထားသည့် တဘက် ကို ရုတ်ဖယ်၍ လိမ္မာအောင့် လည်ဂုတ်ကို ဆွဲပတ်ယူလိုက်သည်။





သူ့မျက်နှာ နိမ့်ကျလာတော့ မော့နေသည့် သူမမျက်နှာလေးနဲ့ နီးကပ်သွားကာ ...

“မောင် တွေးကြည့်ဖို့ပါ ..၊ ဆုံးဖြတ်တာက မောင့်သဘောပဲလေ၊ တစ်ခုတော့ ယုံကြည်ပါ မောင်ရယ် .. အငြိုး က အမေ့အတွက် သမီးနဲ့ တူတဲ့ ချွေးမဖြစ်ဖို့ ကြိုးစားနေရတာပါ၊ အမေက မှုမမှန်တော့တဲ့စိတ်နဲ့ မယုံကြည်နိုင်ဘူးဆိုရင်တောင် မောင်ကတော့ ..”

“ဘာကို မယုံကြည်စရာရှိလို့လဲ အငြိုး ရယ် ..”

တင်းပြည့် ဖြူဝင်းနေသည့် အငြိုး ရဲ့ ပခုံးသားလေးတွေက ထဘီ ရင်လျားလေးနှင့်မို့ နဂိုနေအတိုင်းနှင့် အစွမ်းကုန် လှပကြ၏။ ပြီးတော့ လှုပ်လီလှုပ်လှဲ့ မျက်ဝန်းတို့က နှုတ်ခမ်းသားလေးတွေနဲ့အတူ သူ့ရင်ခုန် သံတွေကို လှုပ်ခတ်စေနိုင်စွမ်းလျက် ...

“အငြိုး ကို မောင် ယုံပါတယ်၊ မောင် ကြိုးစားကြည့်မယ်ကွာ.. နော် ..”

ကတိတစ်ခု ရလိုက်တိုင်း ပြုံးလိုက်သည့် နှုတ်ခမ်းအစုံကို လိမ္မာ အောင် ဘယ်တော့မှ မြင်ခွင့်ရမှာမဟုတ် ..၊

အဘယ်ကြောင့်ဆိုသော် တစ်စုံတစ်ရာ ရယူလိုတိုင်း နွေးထွေးလှုပ် ခတ်သွားအောင် ဖြားယောင်းနိုင်စွမ်းသော ထိတွေ့ နမ်းရှိုက်မှုများက သူ့လည်တိုင်ကို ရစ်သိုင်း ပွေ့ယှက်ပြီးမှ ကြွေလေရာ ..၊

ကျေးဇူးပြု၍ပါ ..၊

အငြိုး ဟာ လူကို မခင် ..၊ ငွေကိုသာ ခင်သူမို့ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၁)

"ဟား .. ဟား .. ဟား ..."

"အား!..."

"ဒုတ် .. ခွပ် .."

"သား .. သားလေး ..."

လူတွေ ဝိုင်းချုပ်ထားပြီး ထိုးကြိတ်နေကြသည်။

လိမ္မာအောင့် နှုတ်ခမ်းနှင့် နှာခေါင်းမှ စီးကျသော သွေးတွေက မြင်လို့မကောင်းတော့ပေ။ အငြိုး က လက်ပိုက်ရယ်နေလိုက်တာ အားရပါးရ ..။

"မမလေး .. ဘာဆက်လုပ်ရမလဲ .."

"အပြတ်ရှင်းလေ ..၊ ငါ လိုချင်တာ ရပြီးပြီ .. ဘာလုပ်မှာလဲ"

"ဘုန်း .."

"အား!..."

"မလုပ်နဲ့ .. မလုပ်ပါနဲ့ အငြိုး ..၊ ငါ့သားလေးကို မလုပ်ပါနဲ့ ..၊ ညည်းကို သိပ်ချစ်ခဲ့တဲ့ ယောကျ်ားပါ .."





"အချစ်ကို ဘာလုပ်ရမှာလဲ ..၊ ကျွန်မ လိုချင်တာ အချစ် မဟုတ်ဘူး၊ နောက်ထပ်လည်း သူ့ဆီမှာ ကျွန်မအတွက် မက်လောက်စရာ ဘာမှမရှိတော့ဘူး၊ ပျော်လိုက်တာ .. အငြိုး တို့ လွတ်လပ်ပြီ .. ဟား .. ဟား .. ဟား ..."

"ညည်း ရက်စက်လှချေလား .. ဟင် .. လူတစ်ယောက်ကို သွေးအေးအေးနဲ့ ဒီလောက်တောင်မှ .."

"ဟုတ်တယ် .. ပြီးရင် ရှင်ကြီးအလှည့် ရောက်တော့မှာ မပူနဲ့..၊ သော့ .. အသေသတ် .."

"အား!..."

"အမလေး!... ငါ့သား .."

ဓားရောင်လက်သွားတာကို မြင်လိုက်သည်နှင့် အငြိုး တကယ်လုပ်ပြီကို သိလိုက်ကာ ဒေါ်ယဉ်မေ တအား အော်လိုက်မိသည်။

"မေမေကြီး .. မေမေကြီး .. ဘာဖြစ်တာလဲ .. ဟင် .. လန့်လိုက်တာ ..၊ အင်္ကျီတွေထည့်နေတုန်း ဗီရိုတံခါးနဲ့တောင် ဝှိုက်မိတယ် .."

"သား .. ငါ့သားလေး .."

ဒေါ်ယဉ်မေ ကုလားထိုင်ပေါ်မှာ ငုတ်တုတ်ထိုင်လျက်နှင့် ပြတင်းပေါက်ကို မှီ၍ အိပ်ငိုက်သွားတာ ဖြစ်သည်။ သတိရလို့ ပတ်ဝန်းကျင်ကို အလန့်တကြား လိုက်ကြည့်မိပေမယ့် ကန်းနေတဲ့မျက်လုံးတွေနဲ့တော့ ဘာမှမမြင် ..။

"သားရော .. အငြိုး နဲ့ .. ဟိုလူဆိုးတွေ .."

ဒေါ်ယဉ်မေ ဗလုံးဗထွေး ပြောနေတာပေမယ့် စကားသံတွေက ဝိုပြင်နေသဖြင့် စန်းရီ အံ့သြနေမိသည်။ ပြီးမှ ရေတစ်ခွက် ပေးယူကာ...

"ရော့ မေမေကြီး ..၊ ရေ အရင်သောက်လိုက်နော် ..၊ အိပ်မက်ဆိုးတွေ မက်နေတာလား .."

"ဘာ အိပ်မက်လဲ ..၊ မဟုတ်ဘူး .. တကယ် .."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ယဉ်မေ ထိုင်ရာကနေ ထရပ်လိုက်တာ တကယ့် လူကောင်း အတိုင်း ..၊ ပြီးတော့ စကားသံမြန်နေပေမယ့် ပီသလာတာက အထူး အဆန်းပင် ..၊

ဒေါ်ယဉ်မေ ကိုယ်တိုင် ကိုယ့်ကိုယ်ကိုယ် ဘာတွေဖြစ်ခဲ့မှန်း ရုတ်တရက် မေ့နေခဲ့လျက် စိတ်ထဲမှာ လောလောဆယ် ဖိစီးနေသည်က သားမှာ အန္တရာယ်ကြီးမားစွာ ရှိနေခြင်း ..။

"ငါ့သားနဲ့ ငါ တွေ့မှ ဖြစ်မယ် .."

"အမေ .."

ဟင်!...

ဒေါ်ယဉ်မေ ခြေလှမ်းလိုက်သည့် မျက်နှာချင်းဆိုင်မှာ သားက ဘွားခနဲ ပေါ်လာသလို ရောက်လာသဖြင့် မျက်လုံးအဝိုင်းသားနှင့် ကြည့်နေတာ မြင်နေရတဲ့အတိုင်း ..၊

ပြီးတော့မှ တဖြည်းဖြည်း ရှေ့ကို တိုးလာပြီး သားမျက်နှာကို ကတုန်ကယင် လက်လှမ်း၏။ လိမ္မာအောင် က လိုနေသော အကွာ အဝေးအတွက် ရှေ့ကို တိုးကာ အမေ့လက်တွေကို ကိုင်၍ သူ့ပါးမှာ ကပ်ထားပေးလိုက်ကာ ...

"အမေ နေကောင်းလား .."

"သား .. သား ဘာမှမဖြစ်ဘူး ..၊ ဘာမှ မဖြစ်ဘူးပေါ့နော် .."

"ဘာဖြစ်ရမှာလဲ အမေရယ် .. ဒီနေ့ အမေ့ကို မပြောစရာရှိလို့ အလုပ်က စောစော ပြန်လာတာ .."

သူ့အလုပ်က တောပိုင်းက ထွက်သမျှ ကောက်ပဲသီးနှံတွေကို ကုန်လှောင်ရုံခွဲတွေ ထား၍ ရင်းနှီးမြှုပ်နှံရခြင်း ဖြစ်သည်။

ကိုယ့်အလုပ်နဲ့ကိုယ် ပတ်ဝန်းကျင်မြို့တွေမှာပါ ပွဲရုံကြီးတွေ ထူထောင်ထားနိုင်တဲ့အထိလည်း တွင်ကျယ်နေပြီ ဖြစ်၏။ ဒါပေမယ့် ချစ်ဇနီးချောက မရောင့်ရဲနိုင်သည်မို့ ..၊





"ဟင် .. မဖြစ်ဘူး .. မဖြစ်ဘူး သား .."

ဒေါ်ယဉ်မေ က သူ ပြောပြလိုက်တာနှင့် အထိတ်တလန့်ကြီး ဖြစ်သွားကာ ပွတ်သပ်ကိုင်နေသော ယုယခြင်းတွေပါ ရုတ်ခြည်း ကွယ်ပျောက်သွားခဲ့၏။

မမြင်ရသည့်မျက်လုံးတွေဟာ မျက်တောင်တစ်ချက်မှ မခတ်တော့ဘဲ ခေါင်းတခါခါနှင့် စကားသံတွေပါ တဒင်္ဂ ပျောက်ဆုံးလေသည်။

သူမ မြင်မက်ခဲ့သည့် အိပ်မက်လိုလို တကယ့်လိုလို ဖြစ်သွားခဲ့တာ တွေက နာရီပိုင်းလေးပဲ ရှိပါသေးသည်။ ပြီးတော့ ငုတ်တုတ်ကနေ အိပ်ပျော်သွားသလား .. မပျော်သေးဘဲနဲ့လား .. မသေချာသည့် ခဏ အတွင်းမှာ မြင်ခဲ့ရတာတွေ ဖြစ်၏။

ခဏလေးပဲ ရှိသေးတာကို သူ သိနေရသည့်အကြောင်းရင်းက စန်းရီ မီးပူတိုက်ပြီးသားအဝတ်တွေ ဗီရိုထဲထည့်နေတာတောင် မပြီး သေး ..။

"ကျွန်တော်က ကလေးမှ မဟုတ်တော့တာပဲ အမေရယ် .. အမေ့ ကိုပဲ စိတ်ပူလို့ ပြောနေတာပါ၊ အမေ ကျန်းမာရေး မကောင်းဘဲနဲ့ ဒါ တွေကို .."

"အမေ ဘာမှမဖြစ်ဘူး ..၊ အမေ့ ကျန်းမာရေး မကောင်းပေမယ့် ငါ့ .. ငါ့သားအတွက် သူ့ရဲကောင်းလုပ်နိုင်သေးတယ်၊ အမေ့မှာ ဒါတွေ ရှိမှ ဖြစ်မှာ သား ..၊ အမေ့မှာ ရှိမှ မင်းမှာ ရှိမှာ ..၊ မင်းမှာ ဒါတွေ ပိုင် ဆိုင်ထားမှ မင်း .. မင်းရဲ့မိန်းမ .."

ပြောနေရင်းနဲ့ ကိုယ် ဘာအကြောင်းပြောမလို့ စလိုက်မိမှန်း မသိ တော့ဘဲ ဟိုမရောက်ဒီမရောက်နှင့် စကားစပြတ်၏။

"အငြိုး က အမေ့ကို .."

"အမေ့ကို မဟုတ်ဘူး .. မင်းကို သတ်မှာ .."

"အမေရယ် .."



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို သူ သတ်လိမ့်မယ် .. သတ်မှာ ..၊ မင်းမှာ ဘာမှမရှိတော့ရင် သတ်ပစ်တော့မှာ .."

အမေ့စိတ်တွေ အရမ်းလှုပ်ရှားနေတာကို မြင်ရကာ ထင်ရာမြင်ရာ ပြောနေပြီဟု တွက်၍ လိမ္မာအောင် စိတ်မကောင်း ဖြစ်သွားမိ၏။

ဒါတွေကို အမေ မက်မောလို့ ယူထားတာ မဟုတ်မှန်း သူ သိသည်။

"ပိုက်ဆံဆိုတာ ကိုင်ထားရင် ကုန်တာပဲ၊ အဲဒါကြောင့် လည်ဝတ်ငွေက သပ်သပ် .. တုံးလုံးစာ .. မတ်တတ်စာဆိုတာလည်း မပျောက်မပျက် ရှိရမှာပဲ .."

"တကယ်ဆို အမေက မင်းတို့မောင်နှမ တစ်ဝက်စီပေးဖို့ ခွဲခြမ်းထားပြီးသား ..၊ ဒါပေမယ့် ထား က ဘယ်လိုမှ လက်မခံဘူး၊ သူ့ယောကျ်ားကလည်း ချမ်းချမ်းသာသာဆိုတော့ အမေလည်း စိတ်ချပါပြီ"တဲ့ ..။

တည်တည်ငြိမ်ငြိမ် ပြောဆိုနေနိုင်တုန်းက အမေ ပြောခဲ့တာတွေကို ပြန်စဉ်းစားမိလေ 'ပစ္စည်းတွေကို သား ပြန်သိမ်းတော့မယ်'ဆိုတဲ့ စကားကို ပြောလို့ မထွက်လေ ..။

သားအမိနှစ်ယောက်သည် တစ်ယောက်တစ်မျိုးသော အတွေးတို့နှင့် ခဏ ငြိမ်ကျသွားခဲ့ပြီး ...

"သားရယ် .. ဟီး .. ဟီး ..."

"အမေ .. .."

ရုတ်တရက် ငိုချလိုက်သဖြင့် လိမ္မာအောင် ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။ ပြီးတော့ တန်းပေါ်မှာ လွှားတင်ထားသည့် မျက်နှာသုတ်ပဝါတစ်ထည်ကို လှမ်းယူကာ အမေ့မျက်နှာကို မော့ယူ၍ တယုတယ သုတ်ပေးမိ၏။

"ဘာဖြစ်လို့လဲ အမေရယ် .. အမေ မကြိုက်ရင် သား မပြောတော့ပါဘူး၊ သားက အမေ့အတွက် အပန်းကြီးမှာစိုးလို့ပါ .."





"ဟင်.. ဘာကိုလဲ သား..၊ အမေ့ကို အပန်းကြီးမှာစိုးတာ ဘာလဲ.."

"အမေ့မှာ စိတ်လက်မကြည်သာတာက တစ်ဖက်၊ ဒါတွေကို ထိန်းသိမ်းနေရတာနဲ့ဆိုရင် .."

"ဒါတွေဆိုတာက ဘာလဲ .."

အမေ သူ့ကိုယ်သူ ဘာကြောင့်ငိုမှန်း မသိ ..၊ ဘာတွေ ပြောမိမှန်း မသိနဲ့ပါလား ..၊ ဒါပေမယ့် လာရင်းကိစ္စအကြောင်းကိုတော့ ရှေ့ဆက်ပြောဖို့ သူ စိတ်မကူးတော့ပါ။

လှည့်ကြည့်လိုက်တော့ သူ ဝင်လာတည်းက အပြင်ထွက်သွားခဲ့သည့် စန်းရီ က တံခါးဝမှာပဲ ဟိုလျှောက် ဒီလျှောက်မို့ ပစ္စည်းဆိုတာတွေ ခဏခဏ ထည့်ပြောနေလို့ မကောင်း ..။

"အမေ မငိုနဲ့တော့နော် ..၊ နေ့လယ်ခင်းကြီး ခဏ အိပ်လိုက်ပါလား .."

"အိပ်ပြီးပြီ .. အိပ်လို့ အိပ်မက်မက်နေတာ သားရယ် .. အို .. မဟုတ်ပါဘူး၊ ငါ အာရုံရနေတာ .. ဟုတ်တယ်.. အငြိုး သားကို သတ်နေတာ .."

"မဟုတ်တာ အမေရာ .."

"ဟုတ်တယ် .. အဲဒါကြောင့် အမေ ပေးလို့ မဖြစ်ဘူး၊ မင်းမှာ ကုန်ရင် သူ မင်းကို .."

"အမေ့ .."

"ဟင်!..."

"ကြားလို့မကောင်းတာတွေ အမေရာ .. အဲဒါတွေ မိထား လာရင် သွားမပြောနဲ့နော် .. ထား နဲ့ အငြိုး က အစကတည်းက သိပ်အဆင်ပြေကြတာ မဟုတ်ဘူး .."

"မပြောပါဘူး..၊ ထား က သတ်မှာမှမဟုတ်တာ၊ မင်းကို အငြိုး.."

"သား အလုပ်ပြန်သွားရဦးမှာ .."



www.burmeseclassic.com

www.burmeseclassic.com



စကားစပြတ်စေချင်သည်မို့ သူ နေရာမှ ထရပ်လိုက်မိသည်။ ထို အခါ လှိုက်လှဲကြေကွဲသွားသည့် မျက်ဝန်းတစ်စုံသည် မမြင်ရပေမယ့် ရင်ထဲထိ စူးရောက်စေသော ထောင်ပေါင်းများစွာသော စကားတို့ကို ဆိုရင်း သူ့မျက်နှာအတိုင်း ကပ်ပါလာခဲ့ပြီး ...

"ပြန်သွားမယ် .."

လို့ တစ်ခွန်းချင်းဆို၍ မျက်ရည်နှစ်စက် တစ်ပြိုင်တည်း ကြွေ၏။ ထို့ပြင် ...

"အမေ့ကို ယုံပါ .. အမေက ငါ့သားကို ကာကွယ်သွားမှာ၊ သား အတွက် အမေက သူ့ရဲကောင်း လုပ်နိုင်ပါသေးတယ် 'ဟု တီးတိုးဆိုရင်း ကျန်ရစ်လေသည်။

လီမွာအောင် ကျောခိုင်းထွက်ခဲ့ရပေမယ့် ရင်ထဲမှာ ဘာဆိုဘာမှ ပါမလာခဲ့တော့သလို ဟင်းလင်းပွင့်နေသည့်အတိုင်း ..၊

အမေ့ကို သား အရမ်းချစ်ပါတယ် .. အမေ ..၊





## အခန်း (၃၂)

"ထား ရောက်မလာပါဘူး ထင်နေတာ .. သူ့ယောက်ျား မြေ ...ျင်ဒဏ်ထိပြီး တစ်ဖွဲ့လုံး အသက်မရှင်ဘူးတဲ့၊ မင်း သိလား အငြိုး.."

"ကြားတော့ ကြားတယ် .. ဟုတ်လို့လား .."

သေချာကြီးကို သိထားတာပါ ..၊ ကောင်းမှုူး တို့ လုပ်ငန်းရှင် ...စ်စု ဟိုဘက်က နှစ်နိုင်ငံအကူးနယ်စပ်မှာ မြေငလျင်ဒဏ်ကြောင့် ...တွေရော ကားတွေပါ ပျောက်ရှ သေဆုံးကုန်တဲ့သတင်း ..၊

"သူတို့က သူများ မနာလိုအောင် ချမ်းသာကြတာလေ ..၊ မလိုတဲ့ ...တင်းတွေ များလားလို့ .."

"ဒီလိုသတင်းကို မဟုတ်ကဟုတ်က ပြောတဲ့လူ ရှိပါ့မလား အငြိုး ...ည် .. ဒါဆို မိထား ဆီ မောင် သွားတွေ့မှ ဖြစ်မယ်၊ ငါ့ညီမလေး ...ယ်လောက် အားငယ်နေရှာမလဲ .."

"မောင့်ညီမက ဒီမှာရှိနေတာတောင် အိမ်ကို တစ်ချက်မှ မလာ ...ဲနဲ့ မောင်ရယ် .."

"ဘာကြောင်းတွေရှိရှိ ဒါက နာရေးလေ မိန်းမရယ် .. ခဏပဲကွာ ...ောင် သွားလိုက်ဦးမယ် .."



www.burmeseclassic.com

www.burmeseclassic.com



"သွားမနေနဲ့ မောင် …၊ သူ ရန်ကုန်ကို အရေးတကြီး သွား
ပြန်မလာသေးဘူး"

"ဟင် .. ဘာ!…"

အငြိုး က ခေါင်းညှပ်ကလစ်လှလှလေးတွေကို ကော်ဘူးထဲ
စီထည့်နေရင်း သူ့ဘက် လှည့်လျှောက်လာ၏။ ဘူးကို ရင်ခွင်ထဲ
ပိုက်ထားရင်း အဖုံးကို သေချာပြန်ပိတ်၍ …

"သူ့အလုပ်တွေထဲမှာ ဘာကိစ္စညာကိစ္စပြောဖို့တွေ ရှိမှာပေါ့
ရဲ့ …၊ ကိုကောင်းမျိုး က အငြိုး တို့လို တောကြိုအုံကြားက သူ့
မဟုတ်တာ .."

ဒီစကားမှာ လိမ္မာအောင် မျက်နှာ ပျက်သွားခဲ့သည်။ မြို့နဲ့ နယ်
စီးပွားရေးလမ်းကြောင်းတွေကို အငြိုး ခုချိန်ထိ နှိုင်းယှဉ် မက်မော
တုန်းလား …။

"ပြောပြတာပါ .."

အငြိုး က ပြုံးတေ့တေ့မျက်နှာလေးနှင့် ဘူးကို ခုတင်ခြေရင်းမှာ
ချထားလိုက်ကာ …

"အငြိုး ကတော့ ခုချိန်မှာ မောင့် ကို မသွားစေချင်ဘူး၊ ဘာဖြစ်
လို့လဲဆိုတော့ မောင်နမနှစ်ယောက် ထိပေါက်သလို သူ့ဘွေးထဖြစ်
တာက တစ်ပြိုင်နက်လိုလိုပဲလေ၊ နောက်ပြီး ဆက်ဆံရေးတွေလည်း
ကျဲပါး ပြတ်တောက်ကုန်ကြဘာ အကြာကြီး .."

"ပြတ်တောက်သွားတာ မဟုဘ်ဘူး အငြိုး …၊ တစ်နေရာစီ
သွားလို့ မဆုံဖြစ်ကြတာ .."

"အခု နီးနီးလေး ရောက်လာတော့ရော မောင်တို့ ဆုံဖြစ်လို့လား"

ကိုယ်က သွားမယ်ဆိုတော့ အငြိုး က တားဆီးသည်။ ထား ဘက်
ကလည်း ဒီလိုပဲရှိမှာပါ …၊

ဘာပဲဖြစ်ဖြစ် ထား နဲ့သူ ရင်ထဲမှာ စိမ်းကားပြတ်တောက်ခဲ့ကြတာ





၂၅၀

ဟုတ်ဘူးဆိုတာ သေချာပါသည်။

လိမ္မာအောင် ဘာမှ ပြန်မပြောနိုင်ဘဲ ငြိမ်သွားတော့ အငြိုး က
နားရောက်လာပြီး မျက်နှာချင်းဆိုင်မှာ လက်ပိုက်လေး ရပ်၏။

"အကြံတူ ရန်သူတဲ့ မောင် …၊ မောင်တို့ ဒီလို မဟုတ်ဘူးဆိုရင်
လည်း ပတ်ဝန်းကျင်ကတော့ စီးပွားဘက်တွေလို့ ထင်မှာပဲ၊ မောင်နှမ
တွေ အိမ်ထောင်တွေကျကုန်တာနဲ့ သူ့စီးပွား ငါ့စီးပွား …၊ သူ့သား
ငါ့သမီး ဆိုတာတွေ ပြိုင်ဆိုင်လာတတ်ကြတာ သဘာဝပဲဥစ္စာ၊ ခုနေ
မောင် ပြေးသွားရင် စိုးရိမ်တကြီး ပြေးလာတယ်လို့ ထင်မယ် မှတ်လို့
လား …၊ ပတ်ဝန်းကျင်ကို မကြည့်နဲ့ဦး …၊ ဒေါ်မြမြစံ တို့ရဲ့ အထင်လွဲမှုကို
မောင် အရင်ခံရမှာ .."

လိမ္မာအောင် မပြောနိုင်ပါ။ ထား ဒီလိုမဟုတ်နိုင်ဘူးလို့ ယုံကြည်
သမယ့် သူ့စိမ်းတွေကိုတော့ သူ မသိ …။

"ရှင် မသိတာတွေ အများကြီး ရှိသေးတယ် မောင် .." လို့ စိတ်ထဲ
က ရေရွတ်ရင်း မျက်လုံးတွေလွှဲ၍ ငေးနေသည့် လိမ္မာအောင့် ကို အငြိုး
စိုက်ကြည့်သည်။

ဒီယောကျ်ားအကြောင်း သူမ ဘယ်လောက် သိနေသလဲဆိုလျှင်
အဲဒီလို မျက်လွှာချပြီး ငြိမ်သက်သွားတာနဲ့ စိတ်ထဲမှာ ဘာတွေ တွေးနေ
ပြီဆိုတာ တွက်မိပြီးသား …၊

"ကျွန်မ အဲဒီလောက်တော့ မတော်ဘူး ထင်ပါတယ်၊ ရှင်ကိုက
'အ'တာပဲ ဖြစ်မှာ .."

တွေးရင်း ရယ်ချင်လာတော့ မျက်နှာငုံ့ချပြီး ပြုံးမိ၏။ တကယ်ဆို
ရှင့်ရဲ့ညီမ ဒီကို ရောက်လာတဲ့အကြောင်း ရှင် လုံးဝ မသိခဲ့တာ ကျွန်မ
ကြောင့် …။

နောက်ထပ် ဘယ်တော့မှ မလာချင်အောင် လက်ဆင်နိပေးလိုက်
တာလည်း ကျွန်မပဲ …။

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အဲဒါတွေရဲ့ နောက်ထပ် ရှင် ဘာမှ ရှေ့ဆက်ခွင့် မရအောင်
ဆို့ထားဦးမှာတွေလည်း ရှိသေးတယ်။

အဲဒါလည်း အငြိုး ပဲ လိမ္မာအောင် ..၊

သူငယ်ချင်းတွေက ပြောကြလွန်းလို့ပါ။

"သားလိမ္မာလေးပဲဆိုပြီး ဝမ်းသာမနေနဲ့ ..၊ သားလိမ္မာက
ကောင်း မဖြစ်တတ်ဘူး"တဲ့။

အငြိုး ကလည်း လင်ကောင်း လိုချင်တာမှ မဟုတ်တာ ..၊

ဘယ်တော့မှ မယဉ်ကျေးခဲ့တဲ့ပါးစပ်က စိတ်ထဲမှာ တွေး
တာလည်း ခပ်ရိုင်းရိုင်းပဲ ..။

ကျွန်မ လိုချင်တာ ကျားတစ်ကောင် မဟုတ်ဘူး .. နွားတစ်ကောင်





အခန်း (၃၃)

"သမီး နိုးနေပြီလား .."

သတိရပြီလားလို့ မေးသင့်ပါလျက်နှင့် ဒီတိုင်းပဲ မေးလိုက်မိတာ
ကိုယ့်ကိုယ်ကိုယ် ဟန်ဆောင်ဖုံးကွယ်လိုက်ခြင်းသာ ..၊ ဒေါ်စုစု
ရဲ့အားမှာ ဝင်ထိုင်လိုက်ရင်း နှစ်သိမ့်ပြုံးလေး တစ်ခုခုဖြစ်ဖြစ်
ချင်ပေမယ့် မအောင်မြင် ..။

"တရားနဲ့ ဖြေပါလို့ အန်တီ မပြောချင်ပါဘူး၊ ဘာဖြစ်လို့လဲဆို
တော့ ဖြေသိမ့်ဖို့ နည်းလမ်းတွေ ရှိပေမယ့် နည်းအတိုင်း ကျင့်ကြံဖို့က
ခြင်းမေတ္တာဆိုတဲ့ ခံစားချက်ကို ဖိအားတိုင်းတာလို့မှ မရတာ၊ ရင်ဆိုင်
ရပြီဆိုရင် သူ့ရဲ့သက်ရောက်မှု မပြီးဆုံးသရွေ့ လူးလှိမ့်ခံကြရတာပဲ.."

ထား ရဲ့ နဖူးပြေပြေလေးထက်က ဆံယဉ်စလေးတွေကို ပွတ်သပ်
ရင်း ဒေါ်စုစု မျက်ရည်ဝေ၏။ ပြီးတော့ ကိုယ့်မျက်ရည်ကို ပြုံမကျ
အောင် တားဆီးရင်း ထား ရဲ့မျက်ဝန်းထောင့်ကနေ လိမ့်ခနဲ လိမ့်ခနဲ
တ်ဆင်းသွားနေကြသည့် မျက်ရည်တွေကို လက်ဖဝါးတစ်ခုလုံးနဲ့ ပွတ်
သပ် ဖျက်ချပေးနေမိသည်။

"အန်တီ .."



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်စိုလူးနေသော မျက်တောင်ဖျားတို့ တဖြည်းဖြည်း လာကာ ထား သည် ဒေါ်စုစု လက်ပေါ်ကနေ ထပ်ဆုပ်ကိုင်ထားလျှ

"သမီး .. သမီးကို ခွင့်လွှတ်ပါ ..၊ အန်တီတို့ စိတ်မကောင် နေကြတာ သိပေမယ့် ထား ကို မငိုစေချင်မှန်း သိပေမယ့်လေ .. သ မရဘူး ..၊ မရလို့ပါ .."

ထား ရှိုက်ကြီးတငင် ငိုပစ်လိုက်ကာ ပက်လက်လေးကနေ ဘက်ကို စောင်းလာ၏။ ပြီးတော့ ...

"တကယ်ဆို ကိုကြီးနေရာမှာ ထား ဖြစ်ရမှာ .."

"သမီးရယ် .. မင်္ဂလာမရှိတာတွေ ထပ်မပြောပါနဲ့ .."

"ကိုကြီးက အရမ်းတော်တဲ့ ခင်ပွန်းကောင်း၊ ဖခင်ကောင်းတ ယောက်ပါ၊ ကိုကြီး မရှိတော့တဲ့ ထား ရဲ့ဘဝက ဘာမှ အဓိပ္ပာယ် တော့ဘူး၊ သားလေးအတွက် ထား လေ .."

"မပြောနဲ့တော့ သမီး ..၊ သမီး ကိုယ့်ကိုယ်ကိုယ် အရိပ်တ အောက်မှာပဲ ရှိနေလို့ သတိမထားမိတာ၊ သမီးမှာ ခွန်အားရှိတ မြေးလေးအတွက် အဖေနေရာရော အမေနေရာမှာရော သမီး ယူနိုင် တယ်၊ မြေးလေးအတွက် သမီး အားလျှော့လို့ မဖြစ်ဘူးနော် ..၊ ပြီးတေ လေ သမီးကြီးကြီးကို ငဲ့ပါဦးကွယ် .."

ကောင်းမှူး ရဲ့သတင်းကို ရလိုက်တာနှင့် ထား က ကလေး ချီထားလျက်နှင့် လဲကျ မေ့မြောသွားခဲ့ပြီး ဒေါ်မြမြစံ မပြောနိုင် .. မ နိုင်နှင့် ငေးငိုင်သွားခဲ့တာ လူမမာ ဖြစ်ခဲ့ရတဲ့အထိ ..။

"အားလုံးဟာ သူ့တစ်ယောက်အပေါ်မှာပဲ မှီခိုနေရတာ မဟု ပေမယ့် သူက တို့တွေရဲ့ အရိပ်တစ်ခုပါ၊ ဒါပေမယ့် အခု ဘယ် ဘာတတ်နိုင်ခဲ့လို့လဲ ..၊ သမီး ရန်ကုန်ကို သွားရဦးမယ် .. ဒါက သ ကိုယ်တိုင် သွားရမယ့်ကိစ္စ ဖြစ်သလို ပြဿနာဆိုတာ ရှင်းရမယ့်အ မှာ ရှင်းမှ ဖြစ်မှာ ..၊ ဖြစ်ခဲ့တဲ့သောကကို ခဏထားပြီး ရင်ဆိုင်ရ





ာတွေကို သမီး ရင်ဆိုင်ရဦးမှာ .."

"ဟုတ်ကဲ့ပါ .. သမီး သွားမှာပါ"

ထား လှဲနေရာကနေ ကျွဲထလိုက်လျှင် သားရဲ့ ငိုသံလေးကို ကြား တ်ရကာ နန့ က အခန်းတံခါးနားထိ မရဲတရဲ ရောက်လာသည်။ တော့ ပြန်လှည့်သွားဖို့ပြင်လျှင် ...

"သားလေးကို ခေါ်ခဲ့ နန့ .."

သူမ အိပ်ရာထဲမှာ ခွေနေခဲ့တာ နှစ်ရက်နဲ့ တစ်မနက်ရှိပြီဖြစ် ည်။ သားလေးကို ဖက်ထားမိတိုင်း အသည်းခိုက်အောင် နာကျင်ရ င်းကို မဖြေနိုင် ..။

ကြီးကြီး အခန်းအောင်းနေပြန်ပြီဆိုတာ သိတာတောင် ခဏ ဖြတ်လေးဖြစ်ဖြစ် သွားကြည့်ဖို့ကို စိတ်က ရောက်ပေမယ့် မထနိုင် ..။

ကိုကြီးကို သူမ အဲဒီလောက်ထိ အားကိုး မြတ်နိုးခဲ့လေသည်။

"မင်းကို ကိုယ့်ရဲ့လုပ်ငန်းတွေအားလုံးနဲ့ ရင်းနှီး ကျွမ်းဝင်နေစေ င်တာ .."

"ကိုယ် လောဘကြီးသွားတယ် ထင်တယ်၊ သားကို ယူလိုက်တာ ာသွားတယ် .."

"မင်းကို နိုင်းချင်လို့ မဟုတ်ဘူး ထား ..၊ အဲဒါကို ယုံပါ.. တော နေ ကောက်ယူလာတဲ့ နုံအအ မိန်းကလေးတစ်ယောက်လို့ သူများ ွ မမြင်စေချင်ဘူး .."

"ကိုယ် သိတာ တတ်တာတွေ မင်း အားလုံး သိရမယ်၊ မကျွမ်း ျင်ရင် နေကွာ .. ဘာမှန်းမသိဘဲ ဖြစ်ကျန်ခဲ့တာမျိုး မရှိရဘူး .."

"တကယ်ဆို ကိုယ် ဘယ်သွားသွား .. မင်းက ကိုယ့်ရဲ့ ကိုယ်စား ယ်အဖြစ် ကျန်ခဲ့ရမှာ ..၊ ခုကျတော့ ကိုယ့်နေရာမှာ ကိုယ်စားလှယ် အပ်ထားခဲ့ရတဲ့လူက တစ်ယောက် .."

ကိုကြီးရယ် ..၊



www.burmeseclassic.com

www.burmeseclassic.com



သားလေးကို လှမ်းယူ ချီပွေ့လိုက်ရင်း ထား အင့်ခနဲ ရှိုက်
သည်။ ကိုကြီး ပြောတာတွေအားလုံးကို မှတ်မိနေသည်။

ဒီလို ပြောခဲ့တာတွေက ဒါတွေ ဖြစ်တော့မယ်ဆိုတာ သိနေခဲ့
လား ..၊ ကိုကြီးရဲ့ မသိစိတ်ထဲမှာ ထား တို့သားအမိကို ထားခဲ့ဖို့ ဟေ
ထိုင်းမှိုင်းနေခဲ့တာလား ..။

ခုတော့ .. ထွက်သွားလိုက်တာ လှည့်မကြည့်စတမ်းပါလား ..

"တိတ်ပါ သမီးရယ် .. မြေးလေးကတောင် အငိုတိတ်ပြီး သမီး
တအံ့တဩ ကြည့်နေပြီ"

"သား .. လေး ..."

သားကို အားရပါးရ ခေါ်မိပေမယ့် 'သားအဖေ မရှိတော့ဘူး သ
ရယ် ..'ဆိုတဲ့ စကားတွေကို မျက်ရည်တွေနဲ့ပဲ ပြောမိလေသည်။

သားလေး 'ထွတ်မြတ်မျိုး' ..၊

အမေ့လက်ပေါ်မှာ ဘယ်လိုငိုနေနေ .. သူ့အဖေလက်ပေါ် ရော
တာနဲ့ တိတ်သွားတတ်တဲ့ ကလေး ..၊

'သား မျက်လုံးကျယ်နေပါသည်'ဆိုလျှင် 'သားသားက အိပ်
လေကွ၊ ဖေကြီး မသိပ်လို့လား'လို့ စကားတွေ တတွတ်တွတ် ပြော
ရင်း ပခုံးတစ်ဖက်မှာ ထမ်း၍ လမ်းလျှောက် ချော့သိပ်တတ်သည့်ဖ
လည်း ကိုကြီးမှာ ရှိသေးသည်။

ခုတော့ သားအမိနှစ်ယောက်စလုံး ငိုနေရတာတောင် မျက်
တိတ်အောင် ချော့မယ့်သူ မရှိပါလား ..။

"သမီး .."

ဟင်!...

ကြီးကြီးက ဘယ်တုန်းတည်းက ရပ်ကြည့်နေခဲ့မှန်းမသိဘဲ တံ
ဘောင်မှာ ပခုံးမှီရပ်နေရာကနေ ဖြည်းလေးသော ခြေလှမ်းတို့နှင့်
လာကာ ...



"သမီး ရန်ကုန်ကို အရေးတကြီး သွားရမယ်မို့လား .."

ထား မျက်ရည်တွေကို ကပျာကယာ သုတ်ပစ်ကာ သားလေး
အအဲ့အဲ့ ဖြစ်နေတာကို ပွတ်သပ်ချော့မိ၏။

ဒေါ်စုစု ကပဲ ထိုင်ရာမှထ၍ ကလေးကို ယူချီကာ အပြင်ထွက်
သွားသည်။

"သမီး .."

ဒေါ်မြမြစံ က ခုတင်ဘေးမှာ လာရပ်ကာ ထား ရဲ့ ခေါင်းလေးကို
ပွတ်သပ်ရင်း မွေ့ရာပေါ်မှာ ဖေးတင်နေသည့် ဆံနွယ်ရှည်တွေဆီ တစ်စ
တစ်ဆုံး ငေးကြည့်သည်။

လူကြီးတွေရှေ့မှာတောင် မရှောင်နိုင်ဘဲ ဒီဆံပင်တွေကို ဆွဲယူ
နမ်းခဲ့တဲ့ 'ကောင်း ..'။

လူငယ်တွေကို ဖြေသိမ့်ချင်ပေမယ့် ကိုယ်တိုင် မျက်ရည်မဆည်နိုင်
ခဲ့ဘဲ ပေါက်စနဲ့ ကြွေဆင်း၏။

"ကြီးကြီး နေမကောင်းဘူးဆို .."

"ငါတို့ ခံစားရတယ်ဆိုတာက ကျန်ခဲ့တဲ့လူအတွက်ရော ထွက်
သွားတဲ့လူအတွက် အားလုံးအတွက်ပေါ့.. ရင်ထုမနာ ဖြစ်ကြရုံပါ၊ ပြာ
ကျ အရည်ပျော်သွားလောက်အောင် လောင်မြိုက်ရတာမျိုး မဟုတ်ဘူး"

ဒေါ်မြမြစံ မျက်ရည်သုတ်ရင်း စာနာစကားကို အရင် ခင်းရှာသည်။

"အဲဒါကြောင့် ညည်းပဲ အရေးကြီးပါတယ် သမီးရယ် .. မငိုပါနဲ့
တော့၊ သူ့ကို ဆုံးရှုံးလိုက်ရတာတွေ မတွေးဘဲ သူ အများကြီး လုပ်ပေးခဲ့
ပါလားလို့ တွေးပြီး ဖြေပါ၊ သူ ဘာတွေဖြစ်စေချင်သလဲဆိုတာ စဉ်းစား
ပါ၊ ဟုတ်တယ် မဟုတ်လား .. ထား .."

"ဟုတ်ကဲ့ပါ ကြီးကြီး .. သမီး ကြိုးစားပါ့မယ် .."

"ကြိုးစားရမယ် ..၊ လူတစ်ယောက် သေဆုံးခြင်းကို ပြန်ပြည်
ဖန်တီးပြီး ရှင်သန်နိုင်းလို့ မရပေမယ့် သူ ဖန်တီးခဲ့တဲ့အရာ အားလုံး

www.burmeseclassic.com

www.burmeseclassic.com



ဆက်လက် ရှင်သန်နေရမယ်ဆိုတဲ့ ခွန်အားမျိုး ငါတို့ မွေးနိုင်ရ

သမီး ရန်ကုန်ကို သွား ...၊ တစ်ယောက်တည်း အားငယ်မှာပဲ

ကြီးကြီး တွေးမိပါတယ် .. ဒါပေမယ့် ..''

"အားငယ်နေခြင်းနဲ့ ဘဝကို ရှင်သန်လို့မှ မရတာ ...၊ သမီး

တင်းထားမှာပါ ကြီးကြီးရယ် .. စိတ်ချပါ၊ ကိုကြီး ဘာဖြစ်စေချင်

ဆိုတာ ထား အသိဆုံးမို့လို့ သူ့ဆန္ဒအတိုင်း ဖြစ်အောင် ကြိုးစား

"အင်း .. မှန်တယ် ...၊ ဒါပေမယ့် ထိုးမယ့်ဆင် ခြေတစ်လှမ်း

တယ်ဆိုတဲ့ စကားလို သမီး အချိန်ယူရဦးမှာ၊ အခု သွားပြီး ခွေး

ပါ၊ ပြီးရင် ကောင်း ရဲ့နှာရေးအတွက် ..''

"အဲဒါကြီးကို ထား မကြားပါရစေနဲ့ ကြီးကြီး ရယ် .. ဒါ

တရားပေမယ့် သမီး ဘယ်လိုမှ လက်ခံလို့ မရသေးလို့ပါ ..''

ထား မျက်ရည်ပွေ ချက်ချင်းပဲ မိုးစက်ခိုးပေါက်တွေ ရွာချသ

ကျလေသည်။

"ကိုကြီးကို သေဆုံးသွားပြီလို့ ထား လက်မခံနိုင်ဘူး၊ ဘယ်

လည်း မယုံနိုင်ဘူး၊ ဒါပေမယ့် ဒါက အဖြစ်မှန်တွေပဲ ..''

ဆံပင်တွေ ဖရိုဖရဲ ပြေကျလျက် ရှိုက်ကြီးတငင် ငိုကြွေးနေပုံသ

ဇာတ်ပွဲထဲက နောက်ပိုင်းမင်းသမီးတွေ အပူရုပ်ဖြစ်အောင် ဟန်ပြ ပြ

ဆင်ထားသည်နှင့် တစ်ထပ်တည်း ...။

သို့သော် သူမကတော့ ဟန်ပြ ငိုကြွေးနေခဲ့တာ မဟုတ်ပေ ...

"တိတ်ပါတော့ကွယ် ..''

ဒေါ်မြမြစံ သည် ထား ရဲ့ခေါင်းလေးကို ရင်ခွင်ထဲ ဆွဲယူဖက်ထာ

ရင်း ကိုယ်တိုင် မျက်ရည်ဝေ့နေရတာကို မမြင်အောင် ကာကွယ်၏

"ကြီးကြီး တစ်ခု စဉ်းစားမိတယ် ...၊ ကြီးကြီးကလည်း မလိုက်နိုင်

ဘူး .. နှာရေး ..''

လွှတ်ခနဲ ပြောလိုက်ပြီးမှ စိတ်မကောင်း ဖြစ်သွား၏။ ဒါပေမယ့်





တ်နိုင်တာမို့ ...

"နှာရေးကိစ္စကလည်း ဟိုမှာရော ဒီမှာရော လုပ်ရမှာပဲ၊ သမီးတို့

နှစ်ယောက်တည်းနဲ့ အလုပ်ကိစ္စတွေလည်း ရှင်းရ၊ ဟိုကိစ္စဒီကိစ္စ

ရှင်းရမှာနဲ့ ကြီးကြီး စိတ်မချဘူး ..''

ဒေါ်မြမြစံ က ဆက်မပြောဘဲ ခဏ ရပ်သွားပြီးမှ ...

"သမီးအစ်ကိုကို ခေါ်သွားရင် အဆင်ပြေမယ် ထင်တယ်''

"ကိုကို ..''

"အင်းလေ .. သူ တောပိုင်းကို ခဏခဏ ဆင်းနေရတယ် ကြား

ယ်၊ ဒီသတင်းကို ကြားတာနဲ့ ချက်ချင်း ရောက်လာမှာပါ၊ မောင်နှမ

း တွေ့ကြရင် ပြောကြည့်ပါလား၊ ဒါမှမဟုတ် ကြီးကြီး ခေါ်ပြောရ

ား ..''

ထား ခေါင်းခါရင်း မျက်ရည်တွေ သုတ်၏။ အငြိုး မျက်နှာကို

င်လိုက်သည်နှင့် အရာရာဟာ မလွယ်ကူဘူးဆိုသည့်အဖြေ ချက်ချင်း

က်နေခဲ့လျက် ...

"ထား တွေးမိပါတယ် .. ကိုကို့ကို ခေါ်လည်း ခေါ်ချင်ပါတယ်၊

ပေမယ့် သူကိုယ်တိုင် ရောက်လာတာ မဟုတ်ဘဲ ထား တို့ဘက်က

ကူအညီတောင်းဖို့ မဖြစ်နိုင်ဘူး ..''

"ဘာဖြစ်လို့လဲ ထား ...၊ သမီးတို့ မောင်နှမချင်း အထင်မြင်လွဲနေ

ကြတာ အငြိုး ကြောင့်ပဲ နေမှာပါ၊ ဒီကိစ္စမှာတော့ သူ သိရင် ရောက်

လာဘဲနေမှာ မဟုတ်ဘူး၊ သမီးကလည်း ဒီအချိန်မှာ ဘယ်သူ့မျက်နှာ

ိုမှ ဂရုစိုက်နေရမှာ မဟုတ်ဘူးလေ၊ ကိုယ့်အခက်အခဲရှိတာကို ပြောရ

ာပေါ့''

ပြောခွင့်ရှိလို့ ကိုကိုက ကူညီချင်တယ်ဆိုရင်တောင် ဒါ ဘယ်လိုမှ

ဆင်သလောက် မလွယ်နိုင်ဘူးဆိုတာ သူမ သိပြီးသား ...။

ကိုကိုတို့ အိမ်ထောင်ရေးနဲ့ အမေ့ရောဂါ အခြေအနေ ...

www.burmeseclassic.com



သူမ ရင်ဆိုင်ခဲ့ရသည့် အငြိုး ရဲ့ တတ်နိုင်စွမ်းသော အံ့ဩ
ပဥ္စလက်တို့အကြောင်း ..၊ ကြီးကြီးတို့ကို သူမ ဘာမှ ပြန်မပြောခဲ့
ထို့ကြောင့် မသိတဲ့လူက စေတနာနဲ့ အကြံပေးနေတာကို သိ
မယ့် ခေါင်းခါရုံအပြင် မတတ်နိုင် ..။

"ဘာဖြစ်လို့လဲ သမီး .."

"ထား ရင်ထဲမှာ အတိုက်အခံစိတ်တွေ မထားခဲ့ပါဘူး ကြီး
ရယ် .. အဲ့ဒါ ယုံပါ၊ ဒါပေမယ့် အငြိုး ခွင့်ပြုမှာ မဟုတ်ဘူး၊ အဲဒါ
လည်း ထား လိုပဲ ကြီးကြီး နားလည်ပေးပါနော် .."

နည်းနည်းပြောလိုက်တာနှင့် ဒေါ်မြမြစံ ကလည်း နားလည်သွ
ပုံပါ။

"အေးပါ .. ကြီးကြီး မခေါ်နိုင်းတော့ပါဘူး၊ ဒါပေမယ့် သူ့အ
စိတ်နဲ့ သူ ကူညီပါရစေဆိုပြီး ရောက်လာခဲ့ရင်တော့ သမီး မငြင်းနဲ့နော်
ငြင်းဖြစ်မှာ မဟုတ်ပါဘူး ကြီးကြီးရယ် ..၊ ကိုကို ရောက်လာမှာ
မဟုတ်ဘဲ ..။





## အခန်း (၃၄)

"အန်တီစံ ညှဲ့သည်လာပါတယ် .."

ဆေးဆိုင်မှာထိုင်သည့် ဝန်ထမ်းကောင်မလေးက လှမ်းခေါ်သည်။

သူမက ဆေးဆိုင်မှာ ထိုင်ဖို့အပြင် သူများအိမ်တွင်းရေးကို စပ်စု
ဘာလည်း မရှိ၊ မေးမြန်းရောနှောနေတာလည်း မရှိခဲ့သောကြောင့် ဒီဆိုင်
ခွင့်တည်းက မြဲနေခဲ့တာ ဒီနေ့ထိ ..။

လိမ္မာအောင် ကို မြင်လိုက်သည်နှင့် ဒေါ်မြမြစံ တို့ ညှဲ့သည်မှန်း
သိကာ လှမ်းခေါ်ပေးသည်။ ပြီးတော့ သူမဘာသာ ထမင်းချိုင့်လေးဖွင့်၍
စားနေပြီး နောက်ထပ် မော့မကြည့်ပေ ..။

ဒီအချိန်မှာ ကိုယ်ပဲ ထွက်မယ့်လူ ရှိတာမို့ ဒေါ်မြမြစံ စိတ်လက်
မကြည်မသာနဲ့ပဲ အပြင်ထွက်လာခဲ့ရ၏။

ဆိုင်ထဲမှာ ထိုင်စောင့်နေသည့်သူကို မြင်လိုက်ရတော့ ပိုဆိုးသွား
သည်။

"လိမ္မာအောင် .."

"အန်တီစံ .."



www.burmeseclassic.com

www.burmeseclassic.com



လိမ္မာအောင် က ရုပ်လက်တိုအဖြူ ဂျင်းဘောင်းဘီနက်ပြာ ဖြစ်ကာ ဆံပင်ကို သေသပ်စွာ သိမ်းဖြီးထား၏။

ထို့ပြင် လက်ထဲမှာ ကိုင်ထားသည့် လက်ကိုင်အိတ်ကြီးက မြို့ တွေမှာ မြင်နေရသည့် တကယ့်လုပ်ငန်းရှင် သူဌေးကြီးတွေ စတိုင် မျိုး ..၊

မနာလို မရှုဆိတ်နိုင်တာမျိုးတော့ မဟုတ်ပေမယ့် ခုချိန်မှာ ဒီ မျိုးနဲ့ ရောက်လာတော့ ဒေါ်မြမြစံ မျက်နှာက သိသာစွာ တင်းမာ ခဲ့လျက် ...

"ပြော .. ဘာကိစ္စလဲ .."

"ညီမလေး ပြန်ရောက်ပြီလားလို့ပါ"

"ဩော် .."

ဖြစ်ရလေ .. လို့တောင် ပါးစပ်က ထွက်မိတော့မတတ်ပါ။

ညီမ ဖြစ်သူက နှုတ်က ဖွင့်ဟမပြောပေမယ့် အစ်ကို လာမလား စောင့်ခဲ့ရှာတာ လည်ပင်းရှည်ထွက်မလာပေမယ့် မသိဘဲ နေမလား ..

"ထား က မနေ့ကမှ သွားတာ .. ပြန်ရောက်ပြီလို့ မင်းက ထင် တယ်ဟုတ်လား .."

"ဗျာ!..."

"နာရေးသတင်းဆိုတာ မိတ်ဆွေ အပေါင်းအသင်းအဆင့်လောက် ပဲ ပတ်သက်မှုရှိတဲ့သူတွေတောင် သိတာနဲ့ ပြေးလွှားရောက်လာပြီး ... ကြတာပါ ..၊ မင်းက အိမ်ထောင်တွေကျကုန်ကြတာနဲ့ အစတည်းက ဘာမှမ မတော်စပ်ခဲ့တာပဲဆိုပြီး သိသာအောင် ပြလိုက်တာလား .."

"မဟုတ်ပါဘူး အန်တီစံ .. ကျွန်တော် .."

သူ ဘာပြောရမလဲ ..၊

ခရီးထွက်နေမိလို့ နှစ်ရက် နောက်ကျပြီးမှ သိခဲ့ရသည်။ သူ သိ တော့ ထား က ရန်ကုန်ထွက်သွားပြီဆိုပြီး ..၊





"မင်းလို အစ်ကိုမျိုးကို လာလေမလားလို့ မျှော်နေရှာတာ .. ထား ... သနားမိပါရဲ့ .."

"အန်တီစံ .. ကျွန်တော် .."

သူ ဖြေရှင်းဖို့ ကြိုးစားသည်။ ဒေါ်မြမြစံ ကလည်း ဒီတိုင်း ရပ် ...ည်နေပြီး စောင့်ဆိုင်း နားစွင့်နေ၏။

ဒါပေမယ့် သူ ရှင်းမပြနိုင်တော့ပါ။ 'ကျွန်တော် ဒီလို သိထားခဲ့ ...ပါ' ပြောလည်း 'မင်းကို ဘယ်သူက ဒီတိုင်း ပြောခဲ့တာလဲ' မေးလျှင် ...ရော မရှိ ..။

ဒါဖြင့် တရားခံက ဘယ်သူလဲ ..၊

မေးခွန်း၏နောက်မှာ သူ တစ်ဆက်တည်း ခေါင်းခါလိုက်မိ၏။ ...ိုင်းတော့ မဖြစ်စေချင် ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၅)

"ဒါ ပေးလိုက် .."

"ရှင်!..."

"ဘာကြည့်နေတာလဲ .."

"ဟုတ်ကဲ့ပါ .."

"ကျွတ်!..."

နိုင်းလိုက်တိုင်း ပြူးပြူးပြဲပြဲဖြစ်သွားပြီးမှ ခေါင်းညိတ်တတ်တာ အမြဲမို့ စိတ်ပျက်စွာ ကျွတ်ခနဲ ဖြစ်၏။

ဓာတ်လမ်းတွေထဲမှာတော့ အိမ်ဖော်တွေက အိမ်ရှင်ကို ရှိသေ ချစ်ခင်လိုက်တာမှ သူတို့လောက် တာဝန်သိ ပျူငှာတာ ပြစရာမရှိ ..။

လူယုံ တပည့်တွေဆိုလည်း လူလိမ္မာဖြစ်ဖြစ် လူမိုက်တွေပဲ ထား ထား .. ကိုယ့်သူဌေးက ညွှန်ကြားသမျှ အရိုးကျေကျေ အရေခန်းခန်း ပါးနပ်လိုက်ကြတာများ တကယ့် လှစ်လှစ်လေး ...၊

သူမကျမှ ဒီလိုမဖြစ်ရတာ ဘာတွေ လိုအပ်နေလို့လဲ ...၊

စန်းရီ လို့ ခေါ်လိုက်တာနှင့် 'ဘာခိုင်းဦးမလို့လဲ' ဆိုသည့် ပြူးပြဲ ရောက်လာသော မျက်လုံးက သူ့ကို သေမိန့်ချတော့မယ့်အတိုင်း ...၊

ဒါ လုပ်လိုက် ဆို 'ဟုတ်ကဲ့' လို့ ဘယ်တော့မှ ချက်ချင်းဖြစ်မလာ။





"မမလေး .. သံပရာသီးကို ကျွန်မ ဘာလုပ်ပေးရမှာလဲဟင် .. ချော်ပြီးမှ ပေးရမှာလား .."

"စန်းရီ .."

"ရှင် .."

ဒေါသဖြစ်ပါသည်ဆိုမှ ထပ်မေးလိုက်တော့ လက်ကို သွဲ့ပစ်လိုက်တာ ရိုက်ချမိတော့မလို့ တည်းတည်းလေး ...၊

"တောက် .."

အငြိုး ၏ တက်ခေါက်သံကြောင့် စန်းရီ တုန်ခနဲ ဖြစ်သွား၏။ ပြီးတော့ ဒေါသထိန်းရင်း တဖြည်းဖြည်း ပြန်ကျသွားသည့်လက်ကို အလန့်တကြား မော့ကြည့်နေလျက် တုပ်တုပ်မှ မလှုပ် ...။

"ဒီလောက် မတုံးနဲ့ ...၊ ကျွန်ဘဝက ဘယ်တော့မှ မတက်နိုင်ဘဲ ဖြစ်သွားမယ်၊ ငါ နင့်ကို ပုံပေးထားရပြီး ဘာမှကို တန်အောင် ပြန်မရ သေးဘူး .. ငါ ဒီလောက် ပြောရလှပြီ၊ ငါ ဘာလုပ်နေသလဲ .. နင် ဘယ်အခန်းကလွှာက ပါရမလဲ ...၊ ဘာမှကို မသိဘူးလား ...၊ 'အ' ချင် ယောင် ဆောင်နေတာလား .."

လက်မောင်းတစ်ဖက်ကို ဆောင့်ဆွဲ အော်ပစ်လိုက်ပြီးမှ သူမ လက်ထဲမှာ ဆုပ်ကိုင်ထားသည့် သံပရာသီးကို လက်ညှိုးနဲ့ ထောက်ပြကာ...

"လိမ္မော်သီး စားချင်တယ်လို့ ပြိတ္တာလို တ 'တတ' အော်နေတယ် မို့လား ...၊ အဲဒါ သွားပေးလိုက် .."

'ဒါက လိမ္မော်သီးမှ မဟုတ်တာ.. ဘယ်လိုလုပ် ပေးရမလဲ' လို့များ ဒီတစ်ခါ မေးလိုက်မိလျှင် ခုနကလက်ဝါး ဒီတစ်ခါ ဘရိုက်မိတော့မှာ မဟုတ်တာကို စန်းရီ တွေးမိလိုက်၏။

ထို့ကြောင့် ဘာမှမမေးတော့ဘဲ ဒေါ်ယဉ်မြေ့ အခန်းထဲကို တန်းခနဲ ခဲ့လိုက်သည်။

"စန်းရီ လား .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ .. မမကြီး .."

လိမ္မော်သီး ဘယ်လောက်ထိ စားချင်နေလဲဆိုလျှင် တံခါးဖွင့်ပြီး ကြားတာနှင့် ခေါင်းထောင်သွားကာ ထိုင်ရာကနေ လက်က လှမ်းပြီး သား ...၊

"ပေး .."

"ဟုတ်.. ရော့ .."

ဒေါ်ယဉ်မေ လက်ထဲရောက်လာသည့် လိမ္မော်သီးကို သေချာ စမ်း ကိုင်ကြည့်နေပြီး နှုတ်ခမ်းက တလှုပ်လှုပ်ဖြစ်လာပြီး ဘာတွေ ပြောနေ မှန်း မသိ ...။ ပြီးတော့ နှာခေါင်းမှာ ကပ်နမ်းကာ ...

"စန်းရီ .. ဒါ လိမ္မော်သီးလား .."

"ရှင် .. ဟုတ် .. ဟုတ်ကဲ့ မမကြီး .. မမလေးကိုယ်တိုင် ပေး လိုက်တာပါ .."

"သံပရာသီးနဲ့ တူတယ် .. သေးသေးလေး .."

ပြောရင်း တရှုံ့ရှုံ့ နမ်းနေပြန်ကာ ...

"သံပရာသီးနံ့ပဲ ထွက်တယ် .."

"ဘယ့်နှယ် လိမ္မော်သီးကို သံပရာသီးလို့ ပြောနေရတာလဲ အဒေါ်"

စန်းရီ မဖြေရှင်းတတ်ဘဲ ရှိစဉ် အငြိုး က အေးဆေးစွာ လှမ်းဝင် လာ၏။ မီးခိုးရောင်ဝတ်စုံပေါ်မှာ အနက်ရောင်ကုတ်အင်္ကျီက လက်စက လောက်ပဲရှိတာမို့ ခန့်ညားနေတာမျိုးမဟုတ်ဘဲ ကြည့်ကောင်းရုံသက် သက် စတိုင်လ်ကျတာမျိုး ..။

ဖွေးနုနေသည့် အသားရောင်က ပြင်တတ်ဆင်တတ်သည့် ပညာ ကြောင့် နမွတ် ဝင်းသန့်နေသည်။ တစ်နေ့တခြား ပိုပိုပြီး လှနေ၏။ ဒါပေမယ့် ...

"ရှင်!..."

တွေးငေးနေတုန်း မျက်စောင်းလှည့်ထိုးတာ ခံလိုက်ရသဖြင့် စန်းရီ





အများသလဲ ခေါင်းညိတ်ကာ အခန်းပြင် ထွက်နေလိုက်ရ၏။

အငြိုး က ဒေါ်ယဉ်မေ ထိုင်နေသည့် ဒရင်းမ်ဘက်ဒ်ရှေ့မှာ ခြေဖျား ထောက်၍ ကြွကြွရွရွလေး ထိုင်သည်။ ပြီးတော့ သံပရာသီးကို လှည့်ပတ် ကိုင်ရင်း တွေးဆနေပုံရသည့် ဒေါ်ယဉ်မေ့ ကို မဲ့ပြုံးနှင့် ကြည့်ကာ ...

"အဒေါ့်ကို ကျွန်မက မချစ်ပေမယ့် သံပရာသီးကို လိမ္မော်သီးလို့ ပြောပြီး လိမ်ကျွေးရလောက်အောင်တော့ သဒ္ဓါတရား မခေါင်းပါးပါ ဘူး၊ အဲဒါ လိမ္မော်သီးပဲ .."

ကိုယ်က အကန်းတစ်ယောက်ပါ။ ဒါပေမယ့် မျက်လုံးတစ်ခုပဲ ကန်းသွားရုံနဲ့ ကိုယ်ဝါးမယ့် အစားအစာ ဘာမှန်းမသိရလောက်အောင် တော့ အာရုံကြောတွေ အကုန် မပျက်စီးသေးပါ ..။

ဦးနှောက်အာရုံကြောတွေ မကောင်းတော့ဘူးဆိုတာတောင် အမိုင်းကြောင်းတစ်ခုကို ဖျတ်ခနဲ သတိရမိပြီး ကြေကွဲလာတဲ့အထိ နှလုံး သားက ခံစားတတ်နေတုန်း ..။

အငြိုး ဆိုတဲ့ မိန်းကလေးဟာ သံပရာသီးကို ကြိုးကြာဥ လို့ ညာပြီး ကျွေးတဲ့ ချွေးမမျိုးလား ..၊

"အဒေါ်က မယုံဘူးထင်တယ် .. စားကြည့်လိုက်ပါလား .."

အငြိုး အသံက အနိုင်အမာမို့ ဒေါ်ယဉ်မေ လိမ္မော်သီးဆိုတာကို အခွံခွာဖို့ အစရှာနေခဲ့သည်။ ဘယ်လိုမှ ဖိနှိပ်ဖဲ့ခွာလို့ မရသည့်အဆုံးမှာ လက်သည်းနှစ်အောင် အတင်း ဖိကုတ်ကာ ကုတ်ဖဲ့ထားသည့်နေရာကို လျှာနဲ့ တို့ကြည့်၏။

ဒေါ်ယဉ်မေ့ မျက်နှာ ရှုံ့မဲ့ နောက်တွန့်သွားတော့ တစ်စတစ်ဆုံး စိုက်ကြည့်နေသည့် အငြိုး က တဟားဟား ရယ်၏။ ထိုရယ်သံကြောင့် သူမ တကယ်ပဲ အညာခံလိုက်ရပြီလို့ နားလည်သွားကာ ရှက်ရွံ့ကြေကွဲ ခြင်းက မျက်ရည်တွေအဖြစ် အသွင်ပြောင်းကုန်၏။

"ညည်း .. ညည်း အဲဒီလောက်တောင် ဒုက္ခိတတစ်ယောက်အပေါ်



www.burmeseclassic.com

www.burmeseclassic.com



ရက်စက်တယ် .. ဟုတ်လား ..”

မျက်ရည်တွေ ပြည့်သိပ်နေသည့် မျက်နှာကို စိုက်ကြည့်ပြီး အငြိုး က ထိုင်လျက်ကနေ မျက်နှာရှေ့ တိုးလိုက်၍ ...

“ရှင့်ကို ရက်စက်နေတော့ရော ဘာအရသာ ရှိမှာမို့လို့လဲ အဒေါ် ရယ် ...၊ အဲဒါ၊ လိမ္မော်သီးတော့ လိမ္မော်သီးပဲ .. ခုခေတ်မှာ ရာသီပေါ်သီးနှံ ဆိုတာ သိပ်မှ မရှိတော့တာ၊ ပေါလာတာနဲ့ ရှားတာပဲ ကွာတယ်၊ စားချင်တာ အချိန်မရွေး ရတယ်လေ .. စပါးတောင်မှ နှစ်သီးစား သုံးသီးစားတွေ စိုက်ကုန်ကြတာ မသိတာ ကျနေတာပဲ”

ဒေါ်ယဉ်မေ က နားစိုက်ထောင်၏။

သူမ စကားတွေထဲမှာ ဒီအဘွားကြီး ဟုတ်နိုးနိုး ထင်သွားပြန်ပြီကို သိလိုက်တော့ ခေါင်းတရမ်းရမ်းနှင့် ပြုံးနေရင်း ..၊ ပါးစပ်ကတော့ ...

“အဲဒါ ယိုးဒယားလိမ္မော်ပဲ .. ဒါပေမယ့် မြန်မာပြည်မှာပဲ စိုက်တာတွေပါ၊ ရာသီပေါ် မဟုတ်တော့လည်း ချိုရမယ့်အသီးက ချဉ်ချင် ချဉ်မှာပေါ့ ..”

ဒါ တကယ်လား ..၊

ဒေါ်ယဉ်မေ မျက်ရည်တွေ ပြည့်နေတာကို မျက်တောင်ခတ်၍ ဖိညှစ်ချကာ လက်ခုံနဲ့ ပွတ်သုတ်ပစ်၏။ ပြီးမှ သံပရာသီးကို နမ်းကြည့်ကာ ကိုက်ဖဲ့တော့မလိုလို .. ပြန်ချတော့မလိုလိုနှင့် ...

“ဘာဖြစ်လို့ သံပရာသီးနဲ့ပဲ ထွက်နေတာလဲ ..”

“အပြင်က ပြန်လာပြီး အင်္ကျီတောင် မလဲဘဲ ဒီရောက်နေတာလား”

ကျောနောက်က အသံကြားလိုက်တာနှင့် အငြိုး က ဒေါ်ယဉ်မေ့ လက်ထဲက သံပရာသီးကို ဖျတ်ခနဲ ဆွဲယူပစ်လိုက်၏။ ပြီးတော့ နေရာမှ အေးဆေးစွာ ထရပ်လိုက်ပြီး လိမ္မာအောင့် ဘက်ကို လှည့်လိုက်တော့ ခွင့်လွှတ်နားလည်သည့် ချစ်စနိုးအပြုံးနှင့် ...

“မောင် ..”





“မောင် အခန်းထဲရောက်ပြီးမှ အငြိုး ကို မတွေ့လို့ ပြန်ထွက်လာတာ၊ ဘယ့်နှယ် မောင့်ထက်အရင် ပြန်သွားပြီး ခုထိ အင်္ကျီမလဲရသေးဘူး ..”

“ဒီမှာ ကြည့်ပါဦး မောင်ရယ် .. အမေက သိပ်ကလေးဆန်တာပဲ”

“ဘာဖြစ်လို့လဲ ..”

လိမ္မာအောင် က အငြိုး လက်ဖဝါးဖြန့်ပြသည့်ပေါ်မှာ တင်နေသော လိမ္မော်သီးကို ကြည့်၍ နားမလည် ...။

“စားချင်တယ် ပြောလွန်းလို့ အငြိုး ဝယ်လာတာလေ၊ ရောက်တယ်ဆို အင်္ကျီတောင် မလဲနိုင်ဘူး ဝင်ပေးတာ ..”

“အခု ဘာဖြစ်လို့လဲ ..”

အငြိုး နဲ့ အမေ့မျက်နှာကို တစ်လှည့်စီကြည့်၍ လိမ္မော်သီးကြောင့် ဘာတွေဖြစ်နေတာလဲလို့ တွေးပြီး စိတ်ပူလာမိသည်။ အငြိုး ကတော့ အပြစ်တင် ညစ်ညူးဟန်တွေ မရှိပါ ...။ ထို့ပြင် အမေ့မျက်နှာကို နောက်ပြန်ငဲ့ကြည့်ပြီး ချစ်စနိုးရယ်သံနှင့် ...

“လိမ္မော်သီးကို သေချာ ကိုက်ဖဲ့ကြည့်နေပြီးမှ သံပရာသီးပါလို့ ပြောနေတယ် သိလား ..”

“ဟင်!...”

မျက်တောင် တဖျပ်ဖျပ်ခတ်၍ မော့ငေးငြိမ်သက်နေပုံက သူ့ဆီက တစ်စုံတစ်ရာ ဆုံးဖြတ်ခြင်းကို စောင့်နေတာမှန်း လိမ္မာအောင် သိလိုက်သည်။ လိမ္မော်သီးကို သံပရာသီးလို့ တကယ် ထင်နေလား ..၊ ဒါမှ မဟုတ် အမေ အငြိုး ကို သက်သက် ပြဿနာရှာချင်တာမျိုးလား ...။

ဒါဟာ သေးနုပ်သည့် စွပ်စွဲချက် မဟုတ်ပေ။ သို့သော် အငြိုး ကလည်း စိတ်ဆိုးပုံ မရှိ။

“ပြောပြလိုက်ပါဦး မောင်ရယ် .. အမေကတော့ တကယ်ပဲ”

“ဒီမှာ လိမ္မော်သီးစစ်စစ်ပါ အမေရယ် .. ဝင်းထိန်နေတာပဲ”



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး .. အမေ ကိုက်ကြည့်တော့ .. အဲ့ဒါက .."

"အမေရယ် .. ခက်တော့တာပဲ .."

"မောင် .."

လိမ္မော်သီးကို ယူ၍ အမေ့ဆီ တိုးလိုက်တာနှင့် အငြိုး က ရှေ့က နေ ပိတ်ကာထားလိုက်ပြီး အသံတိုးတိုးနှင့် ခေါင်းခါပြလိုက်ရင်း ...

"မောင် ထပ်ပြောရင် အမေ ဝမ်းနည်းပြီး ငိုသွားလိမ့်မယ်၊ ခုနက အငြိုး ကိုတောင်မှ သူ့ကို လှောင်ရယ်ပါးဆိုပြီး မျက်ရည်တွေဝဲလာလို့.."

သူ့ဆီက လိမ္မော်သီးကိုပါ အသာလေး လက်ပြောင်းယူလိုက်ကာ—

"လာပါ .. ထမင်းစားချိန်ကျကာမှ မစ်ရှိတ်လေးလုပ်ပြီး တိုက်လိုက်မယ်၊ အမေ့ကို အငြိုး ကိုယ်တိုင် ကျွေးမှာပေါ့ မောင်ရယ် ..၊ ဒီနည်းနဲ့ပဲ အမေ့ဆီက ကောင်းမွန်စွာ အသိအမှတ်ပြုခြင်းကို အငြိုး ရယူဖို့ရှိတာ .."

မျက်နှာလေးငယ်သွားရင်း ပြုံးရှာတော့ သူ စိတ်မကောင်းဖြစ်သွားမိသည်။ ထို့ကြောင့် အပြင်ကို အတူတူပြန်ထွက်ခဲ့ရင်း အငြိုး ပခုံးလေးကို ဖက်ထားလိုက်ပြီး ...

"မိဘလိုပဲ သဘောထားပြီး စိတ်ဝေဒနာရှင်အဖြစ်နဲ့ပဲ စိတ်ရှည်သည်းခံပေးပါ အငြိုး ရယ်..နော်..၊ မောင် အငြိုး ကို ကျေးဇူးတင်ပါတယ်"

မိဘလို သဘောထားပါ .. ဟုတ်လား ...။

အငြိုး နှုတ်ခမ်းလေး မဲ့သွား၏။ ထိုစဉ် အခန်းပြင်ရောက်တော့ စန်းရီ ရှေ့ကနေ ဖြတ်အထွက်မှာ လက်ဖဝါးချင်း ထပ်ကပ်၍ တစ်စုံတစ်ခု ထည့်ပေးခဲ့၏။ ပြီးတော့ ဟန်မပျက် ပြုံးကာ ...

"ဒီလိုစကားမျိုးတွေ ပြောနေဖို့ မလိုပါဘူး မောင်ရယ် .."

ချစ်ခင်အားကိုးသမှုတို့နှင့် တစ်ယောက်ကိုတစ်ယောက် ဖက်၍ ထွက်သွားကြသည့် အငြိုး တို့ကို ကြည့်လိုက် ...၊ လက်ထဲမှာ ကျန်ခဲ့သည့် သံပရာသီးကို ငုံ့ကြည့်လိုက်နှင့် စန်းရီ မျက်စိလည်နေသည်။





အပြင်ကို ထွက်နေရပေမယ့် အထဲက ပြောသမျှကို သူမ ကြားနေရသည်ပဲ ...၊

မေမေကြီးလက်ထဲကို သူမကိုယ်တိုင် ထည့်ပေးခဲ့ရတာ သံပရာသီး...၊ အစ်ကိုလေး ဝင်သွားတော့ ဘာလို့ လိမ္မော်သီးပါလို့ ပြောရတာလဲ ...။

အခု ပြန်ထွက်လာကြတော့ မမလေး သူမလက်ထဲ ကပ်ထည့်ပေးသွားတာလည်း သံပရာသီးပဲ ဖြစ်နေတာရော ဘာကြောင့်လဲ ...၊

အစ်ကိုလေးကိုယ်တိုင် မေမေကြီးကို ညာပြောတာတော့ မဖြစ်နိုင်ပေ ...။ ဒါဆို မမလေး ရဲ့အကျီအိတ်ထဲမှာ လိမ္မော်သီးတစ်လုံး အဆင်သင့်ရှိနေခဲ့တာလား ...၊

သွားသေလိုက်တော့ စန်းရီ ...။

ဒီလောက်လွယ်ကူတဲ့ ကိစ္စလေးကို နင် ခုမှ တွေးမိတာ မမလေး ပါးရိုက်မသွားခဲ့တာပဲ ကျေးဇူးတင်လိုက်ဦး ...၊

စန်းရီ အထိတ်တလန့် ပင့်သက်လေးရှိုက်မိကာ .. အခန်းထဲ ပြန်ဝင်ခဲ့၏။

ကြွမ်းပိုးကို လိပ်ဖြစ်အောင် ပြောသည်ဆိုတာ ကြားသာ ကြားဖူးခဲ့သည် မမြင်ခဲ့ဖူးပေ ...။

မမလေးကတော့ သံပရာသီးကို လိမ္မော်သီးဖြစ်အောင် ပြောနိုင်တဲ့ သူပါလား ...။

တကယ် ရှားပါ၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၆)

"ဘာ!..."

ဒေါသနှင့် အော်ပစ်လိုက်သည့်အသံက ကုန်လှောင်ရုံအတွင်းဆုံး ပိုင်းထိ ရူးရှ ထွင်းဖောက်သွားခဲ့၏။ အထဲမှာ အလုပ်လုပ်နေကြသည့် မန်နေဂျာနှင့် စာရေးမတွေပါ ဆတ်ခနဲ လှမ်းကြည့်မိကြ၏။

ပြီးမှ အလုပ်သမားတွေ ခေါင်းထောင်နေကြတာကို မေးဆတ်ပြ၍ 'ဆက်လုပ်ကြ'ဖို့ အမိန့်ပေးရသည်။ အားလုံးကိုပဲ အလုပ်သာ ဆက်လုပ် နေကြပေမယ့် နားတွေက အပြင်ရုံးခန်းဆီကို ဖြစ်နေကြကာ ...

"ကိုအေးလွင် ကို ဆူနေတာလား .."

"ဟုတ်မှာပေါ့..၊ သူဒွေး ရောက်မလာလို့ကတော့ ကိုအေး အလုပ် ပြုတ်မှာပဲ .."

"သူဒွေးကရော .. သူ့မိန်းမ သူ နိုင်တာ ကျနေတာပဲ .."

"ဟုတ်ပ .. ဒီလောက် မောက်မာလွန်းတဲ့ အလုပ်ရှင် မတွေ့ဖူးဘူး"

အလုပ်သမားတွေခေါင်းချင်းရိုက်၍ တီးတိုးသံတွေဖြစ်ကုန်ကြသည်။

"စာတွေ ဘယ်လောက်ကပ်ကပ် .. တစ်လောကလုံး ဓားတွေ တုတ်တွေနဲ့ ဝိုင်းပစ်တာတောင် ဒီမိန်းမ ဂရုစိုက်မှာ မဟုတ်ဘူး .."

ပြောသမျှ စကားတွေထဲမှာ မေတ္တာသံ မပါပေ ..။





ထိုအသံတွေကို ဂရုမစိုက်စွာ ဖုံးလွှမ်းသွားသည်က အငြိုး ရဲ့ စားပွဲ ကို တစ်စုံတစ်ရာနဲ့ ရိုက်ပုတ်ပစ်လိုက်သံ ..။

"ဘုန်း .."

"ဒီမှာ ကိုအေးလွင် .. အလုပ်က အလုပ်၊ အိမ်မီးလောင် ပြာကျနေ တာက သပ်သပ် ..၊ ဘာနဲ့မှ မရောထွေးရဘူးလို့ ကျွန်မ အစတည်းက ပြောခဲ့ပြီးသား .."

"ဟုတ်ပါတယ် မမ .. ကျွန်တော်ကလည်း အိမ်မီးလောင် ပြာကျ သွားတာဆို မမတို့ရဲ့ ငြိုငြင်ခံပြီး ဒီလိုလုပ်ခဲ့မှာ မဟုတ်ပါဘူး၊ အခုဟာ က အသက်အန္တရာယ်မို့လို့ပါ၊ မိန်းမက အသက်လေးဆယ်နားနီးမှ မွေးရတော့ .. ခက်ခဲပြီး .."

"အဲဒါ မလိုချင်ဘူး .. ကျွန်မ လိုချင်တာ ရှင် ပေးမယ့် အကြောင်း ပြချက် မဟုတ်ဘူး၊ မန္တလေးပွဲရုံက လွှဲလိုက်တဲ့ငွေနဲ့ လက်ကျန်စာရင်း အတိအကျပဲ .."

"ဟုတ်ကဲ့ပါ .. ကျွန်တော် သုံးလိုက်မိတဲ့ငွေကို ကျွန်တော့်လစာ ထဲက .."

"မလိုချင်ဘူး .."

အငြိုး စားပွဲကို လက်သီးဆုပ်လေးနဲ့ထု၍ ဆတ်ခနဲ ထရပ်သည်။ ပြီးတော့ စားပွဲရှေ့မှာ ရပ်နေသည့် ကိုအေးလွင် မျက်နှာကို စူးစူးဝါးဝါး ကြည့်၍ ...

"ရှင့်လစာက ဘယ်လောက်ရှိလို့လဲ ..၊ ကျွန်မက ရှင့်ဆီကနေ ဘယ်နှစ်လလောက် စောင့်ယူနေရမှာလဲ၊ အလုပ်ထဲကငွေကို ရှင် အဆင် ပြေသလို ဆုံးဖြတ် သုံးစွဲလာခဲ့တဲ့အပြစ်ကိုက ငွေပြန်လျော်နိုင်ရုံနဲ့ ကျေ နပ်ပေးလောက်စရာ မရှိတဲ့ အပြစ်ပဲ၊ အဲဒီတော့ ပြော .. ကျွန်မ အခု ရဲခေါ်ရမလား .. ငွေ ပြန်ဆပ်မလား .."

ကိုအေးလွင် ရုတ်တရက် ဘာမှမပြောနိုင်တော့ဘဲ ခေါင်းငုံ့ ငြိမ်



www.burmeseclassic.com

www.burmeseclassic.com



သက်လျက် ...၊ မျက်နှာတစ်ပြင်လုံးကတော့ နီရဲ ညိုမှောင်နေလေသည်။

"ရှင် ဒါကျတော့ ချက်ချင်း မဆုံးဖြတ်နိုင်တော့ဘူးလား...၊ ရတယ် ကျွန်မ ဆုံးဖြတ်ပေးမယ် .."

"အငြိုး .. နေဦး .."

ဖုန်းပေါ်ကို လက်တင်လိုက်သည်နှင့် လိမ္မာအောင့် အသံက ဝင်လာသည့်လူရိပ်နဲ့ တစ်ထပ်တည်း ...၊

"အဲဒီကိစ္စ အခု မောင် စုစမ်းခဲ့တယ်၊ သူ့မိန်းမ တကယ်ဖြစ်သွားတာ"

"မောင် .."

အငြိုး ၏ မီးတောက်မတတ် မျက်လုံးတွေက လိမ္မာအောင့် ဆီ ခပ်ရိုင်းရိုင်းပဲ စူးရောက်သွားခဲ့ပြီး ...

"အငြိုး တို့ငွေတွေက ဒီမှာရှိသမျှ အလုပ်သမားတွေ လိုအပ်သလို သုံးစွဲခွင့်ရှိနေတဲ့ ငွေတွေလား .."

"မဟုတ်သေးဘူး အငြိုး .. ဒါက .."

"သူတို့ဆီက အသက်အာမခံကြေးတွေရော မောင် ယူထား သလား .."

"အငြိုး .."

"မရဘူး မောင် .. အငြိုး ကို တားဆီးမယ်ဆိုရင်တော့ .."

"ဟုတ်ပြီ.. အဲဒီကိစ္စ မောင်တို့ အရင်ဆွေးနွေးမှ ဖြစ်မယ် .. လာ"

"ဘာ!... ပြောလိုက်တယ် .."

"လာပါ .. ခဏပဲ .."

"မောင်နော် .."

လိမ္မာအောင် က ဖုန်းပေါ်တင်ထားဆဲ အငြိုး လက်လေးကို ဆွဲယူလိုက်ကာ ကုန်လှောင်ရုံဝင်းကြီး၏ မျက်နှာစာက တိုက်ပြားလေးထဲ ခေါ်လာခဲ့ပြီး ...

"ကိုအေးလွင် က မောင်တို့ဆီမှာ တောက်လျှောက် အနေမှန်ခဲ့တဲ့





လူပဲ အငြိုး .. အခု သူ သောက်စား လောင်းကစားပစ်လို့ ကုန်လာတာလည်း မဟုတ်ဘူး၊ မေးမြန်းကြည့်လို့ အကျိုးအကြောင်း နိုင်လုံနေရင် သူ့အပြစ်အတွက် လျော့ပေါ့ စဉ်းစားပေးသင့်တယ် မဟုတ်ဘူးလား..၊ ခုပဲ သိ .. ခုချက်ချင်း ဖြေရှင်းနိုင်းတာ၊ ချောင်ပိတ်ရိုက်တာပဲ အငြိုး.."

"မရှင်းတတ်ဘဲ ရှုပ်ခဲ့တဲ့လူက မှန်တယ် .. အငြိုး က မှားတယ်ပေါ့"

"ပြဿနာဆိုမှတော့ ဖြေရှင်းဖို့လမ်းကို သိနှင့်ထားရင် ပြဿနာ ရှိလာပါ့မလား အငြိုး ရယ် ...၊ မောင်တို့ အလုပ်ရှင်ဆိုတာ အလုပ်သမားတွေရဲ့ လုပ်အားတွေအပေါ်မှာ ရပ်တည်နေရတာပါ၊ သူတို့အတွက် ထည့်မစဉ်းစားလို့ မဖြစ်ဘူး၊ ပြီးတော့ အငြိုး တို့ မောင်တို့က သူတို့ ဘဝကို ပိုပြီး စာနာသင့်တယ်မို့လား ...၊ မောင်တို့လည်း တစ်ချိန်က.."

"တော်တော့ မောင် .."

ဒီစကားတွေကို မကြားချင် ...၊ ဒီအဖြစ်တွေကို သတိမရချင်ဆုံး...၊

အငြိုး အသံက ဘာကိုမှ ဂရုမစိုက်ချင်တော့သလို စူးရှ တုန်ခါ လျက်ရှိကာ ...

"မောင်ကတော့ သင့်တော်ကောင်းမွန်တဲ့လူဖြစ်ပြီး အငြိုး က တော့ ဘဝမေ့တဲ့မိန်းမတဲ့၊ အငြိုး ကို ကြားအောင်တစ်မျိုး မကြားအောင် တစ်မျိုး .. အများသိအောင် စာကပ်တဲ့လူက ကပ်၊ မောင်ကပါ အခု ပြောချင်တာလား .."

"အငြိုး ကို ပြောရင် မောင် က ပက်လက်လှန်ပြီး တံတွေးထွေး သလို ဖြစ်မှာပေါ့ကွာ .. အခု မောင်တို့လင်မယားချင်း ပြောနေကြတာ လေ၊ ငွေကလည်း ဆယ်သိန်းပဲရှိတာ၊ သူ ပြန်ဆပ်ပါ့မယ်ဆိုတာကို လက်ခံပေးလိုက်ရင် ..."

"လက်မခံနိုင်ဘူး .. ဘဝမေ့တယ်ပြောပြော မောက်မာလို့ ကောင်းကင်မှာ လွင့်နေတယ်ပဲဆိုဆို လူဆိုတာ မကောင်းခဲ့တာကို မေ့နိုင်ရမယ်၊ ကောင်းနေတာကို လက်ခံ ပျော်မွေ့ရတယ်၊ ကိုယ် ဆင်းရဲခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



ကို တွေးပြီး ဆင်းရဲတဲ့လူတိုင်းအပေါ် စာနာ ခွင့်လွှတ်ပေးနေရ လုံးဝ ဆောရီး မောင် ..”

“အငြိုး ..”

ခုပဲ ဆုံးဖြတ်တော့မလို ပြန်လှည့်ထွက်တော့ လိမ္မာအောင် လက်ကို ဆွဲထားလိုက်ကာ ...

“ဘာလုပ်မလို့လဲ ..”

“မောင် ဝင်လာတုန်းက မြင်တဲ့အတိုင်းပဲလေ ..”

“အဲဒီလို မလုပ်ပါနဲ့ .. မောင် ခွင့်မပြုနိုင်ဘူး ..”

“ဒါက မောင် အုပ်ချုပ်တဲ့ရုံ မဟုတ်ပါဘူး ..”

သူတို့မှာ ကုန်လှောင်ရုံခွဲတွေ တစ်ခု နှစ်ခုတည်း မဟုတ်၊ ဘယ် က ဘယ်ရုံခွဲမှာထိုင်မယ်ဆိုတာမျိုး မဟုတ်သော်လည်း အမြဲတမ်း ယောက်တစ်ရုံစီမှာ ထိုင်နေကျ ..။

“အငြိုး .. တကယ်လို့ မင်း သူ့မိန်းမလို အရေးပေါ်အခြေအ ဖြစ်ခဲ့ရင်လည်း သူ့နေရာမှာဆို မောင် ဒီလိုလုပ်မိမှာပဲ ..”

လိမ္မာအောင် က အငြိုး လက်ကို မလွှတ်ဘဲ ဒါပဲ ထပ်ပြော၍

“သူ့သားသမီးတွေ.. သူ့ဇနီးနဲ့ မိဘတွေအတွက် သူက သူ့ရဲ ပါ၊ ဒုက္ခရောက်လာပြီဆို ငါ့ယောက်ျားရှိတယ်လို့ မိန်းမက အားကိုး အဖေဖြေရှင်းပေးမှာလို့ သားသမီးတွေက မျှော်လင့်နေကြမယ်၊ ခုဆို သူ အားလုံး ပျော်ရွှင်ကျေနပ်နေကြမှာ မင်း တွေးကြည့်ပေးလိုက်ပါကွာ

အငြိုး ရဲ့မျက်ဝန်းတွေ အရောင်တလက်လက် ဖြစ်နေတာ လိမ္မာအောင် က နားလည်သလို တောင်းပန် ဖျောင်းဖျသည့် မျက်ဝ ကို့နှင့် ရူးစိုက် ဆုံစည်းစေ၍ ...

“သိန်းရာချီတဲ့ ပြစ်မှုမျိုးလည်း မဟုတ်ပါဘူး အငြိုး ရယ် .. သ မိန်းမမှာလည်း သွေးနုသားနုနဲ့ .. မောင်တို့က ခုနေ အတိအကျ အပြ ယူလိုက်ရင် မိသားစုဘဝ ပျက်ကုန်ကြမှာ ..”





“ပျက်ပျက် .. အဲဒီလို မညှာတာပါလားလို့ သိကုန်မှ နောင် ဒီလို မျိုး မကျူးလွန်ရဲမှာ၊ ဒီမှာ မောင် .. အနံ့ဆိုးထွက်လာတာချင်းက တူတူပဲ၊ ငါးပိပေတာပဲဖြစ်ဖြစ် .. မစင်ပေလာတာ ဖြစ်ဖြစ် ..”

“အငြိုး ..”

“ရိုင်းလိုက်တာလို့ ပြောမလို့လား ..၊ ဟုတ်တယ် .. အငြိုး က တည်းက မိန်းမရိုင်းပဲ၊ မောင့်ကို ချစ်လွန်းလို့ မောင့်ရဲ့အမေနဲ့ ားစုအပေါ်မှာ အငြိုး ပုံချ ပေးဆပ်ထားခဲ့တာ၊ အဲဒါ မောင့်အတွက် သ်သပ်ပဲ .. အကျင့်ကို ပြုပြင်လိုက်တာ မဟုတ်ဘူး ..၊ အငြိုး ကို တော့ မောင် ဘာဖြစ်လို့ နားလည်မပေးရတာလဲ .. ဟင် ..”

“အငြိုး ရယ် .. မင်းလည်း မောင် နားမလည်နိုင်လောက်အောင် ာ်စက်ပြင်းထန်တဲ့ စကားမျိုးတွေ ထပ်မပြောပါနဲ့တော့၊ မောင်တို့ င်းက ဘဝတူတွေလေ ..”

လက်ကိုကိုင်၍ ချော့မော့ဖို့ပြင်သည်နှင့် အငြိုး က ပုတ်ချပစ်၏။ ိမ္မာအောင် က အားမလျော့ ..၊

“မောင်တို့ လင်မယားက အလုပ်ရှင် .. အလုပ်သမား မျှတရေး အတွက် နားလည်တတ်ဆုံး စံပြလင်မယားတောင် ဖြစ်သင့်တာ ..”

“မောင်နဲ့ အငြိုး လုံးဝ မီးဆက်မရအောင် ခြားနားသွားပြီထင်တယ်”

အငြိုး ကလည်း အနည်းငယ်မျှ မလျှော့ပေ ..။

“အငြိုး တို့က လူမှုရေးကူညီမှုအသင်းကြီး ထောင်ထားတာ မဟုတ် ဘူး၊ သူ ငွေတွေ သုံးပစ်တယ် .. ပြီးတော့ ရှောင်ဖို့ ကြိုးစားတယ်၊ လွတ်နိုင်မှန်း သိကာမှ လာပြီး ဝန်ခံတာ ..”

“သူ့မိန်းမသေးမှာ ရှိနေဖို့ ကြိုးစားတာ ရှောင်တာ မဟုတ်ပါဘူး”

“သူ့မိန်းမ မသေအောင် ဒီအလုပ်ကငွေနဲ့ ကယ်လိုက်နိုင်တာကို ချော မေ့ထားသင့်သလား မောင် ..၊ မသေမပျောက် ရှိနေပြီဆို ပြီးပြီပေါ့၊ ကိုယ့်အလုပ်ကို လေးစားရမှာ မဟုတ်ဘူးလား ..၊ အခု အငြိုး တို့ကို



www.burmeseclassic.com

www.burmeseclassic.com



မလေးမစားလုပ်တာ .."

"ကျွတ်!..."

သူ စုံစမ်းခဲ့သမျှ ကိုအေးလွင် လုပ်ခဲ့တာ ဒီလိုမဟုတ်ပါ။ အငြိုး က တလွဲပြောနေတာတွေကို အတိုက်အခံ ဆက်ရှင်းနေပြန်ရင်လည်း ပဋိပက္ခတွေ ပိုမို ကြီးထွားလာဖို့ပဲ ရှိတော့သည်။

"အဲ့ကိစ္စကိုတော့ ထားလိုက်တော့ကွာ ..၊ ကိုအေးလွင် ကို မောင် အလုပ်ထုတ်ပစ်လိုက်မယ် .."

"ဩော်.. အလုပ်ထုတ်ပစ်ဖို့တောင် မောင်က ခုမှဆုံးဖြတ်ချက်ချနိုင် တာလား .. အံ့သြစရာပဲ၊ အငြိုး က ဒီနေ့ပဲ သူ့ကို အချုပ်ထဲထည့်မှာ.."

ဟင်!...

အငြိုး ဒီလောက်ထိ ရက်စက်တတ်နေပြီလား ..၊

မထင်မှတ်ခြင်း ..၊ မယုံနိုင်ခြင်းတွေ ဖြစ်လာရကာ အမြဲတမ်း ခွင့်လွှတ်နိုင်ခဲ့သည့်စိတ်မှာ ပြင်းထန်စွာ ထိရှခြင်းဖြစ်၏။ ထို့ကြောင့်—

"နေဦး .."

"မောင် နော် .."

အငြိုး ကလည်း ခြေလှမ်းပြင်တိုင်း တားဆီးခံနေရသဖြင့် ဒေါသ တွေ ပေါက်ကွဲကုန်ပြီဖြစ်ကာ ...

"မောင်နဲ့ အငြိုး မျဉ်းပြိုင်တွေ ဖြစ်ကုန်လိမ့်မယ် သိလား..၊ အငြိုး က အဖြူဆို မောင်က အမည်းလား၊ လင်မယားချင်း လူတန်းစားစစ်ပွဲ တိုက်ရတော့မယ်ဆိုရင်တော့ .."

"စစ်ပွဲ မဟုတ်ပေမယ့် မောင်ကတော့ ကာကွယ်ရမှာပဲ အငြိုး.."

မထင်မှတ်ဘဲ အေးစက်စက် ဖြစ်သွားသည့်အသံကြောင့် အငြိုး တစ်ချက် ကြောင်သွားသည်။

"ခုလို ချမ်းသာလာတဲ့အတွက် မောင် ပျော်ရွှင်ခဲ့တာ အဲဒါ အဓိက လို့ ပြောလို့လည်း ရတယ် .."





"ဘယ်လို .."

"ဟုတ်တယ် .. ဒီထက် မချမ်းသာတော့ဘူးဆိုရင် နေပစေ .. ကြောင့် အနည်းအပါး ထိလာခိုက်လာနိုင်တယ်ဆိုရင်လည်း ဖြေနိုင် ယ်၊ မောင်တို့ဘဝ မပျော်ဘင့်မတ မကြောင့်မကြ နေနိုင်ရင် ရပြီကွာ.."

"အဲဒါအတွက် ဘာလုပ်ချင်တာလဲ မောင် .."

"ဆင်းရဲသားတွေအတွက် တတ်နိုင်သမျှ နားလည်ပေးနိုင်ဖို့ ကြိုး ချင်တာ ..၊ မောင် သူတို့ကို ကာကွယ်ပေးချင်တယ် .. မောင် လုပ် ာတွေက စီးပွားရေးနဲ့ မတူတော့ဘဲ ကယ်ဆယ်ရေးဌာနကြီးနဲ့ နေတယ်ဆိုဆို .."

"ဒါကြောင့် အငြိုး တို့ လမ်းခွဲရဖို့အထိ ဖြစ်လာရင်လည်း မောင် ိုင်းပဲ ရှိနေမှာလား .."

မျက်လုံးချင်း ဆုံသွားပြီး လိမ္မာအောင် က မဖြေ ...။

"အငြိုး ဆိုတဲ့မိန်းမ .. ယောက်ျားက ဂရုမစိုက်လို့ တစ်ခုလပ်ဘဝ တလေဘချေ ပျက်စီးသွားပြီဆိုရင်ရော မောင် ကျေနပ်နိုင်မလား.."

လိမ္မာအောင် မျက်နှာကြီး အိုကျနေလျက် .. တိတ်ဆိတ်နေခဲ့၏။

အငြိုး သူမဗျူဟာ ပြောင်းရတော့မှာကို သိလိုက်ကာ ...

"မောင့်ကို အကျပ်ရိုက်အောင် မေးလိုက်မိတယ်ဆိုရင် တောင်း န်ပါတယ် မောင် ..၊ အငြိုး ဒေါသကြောင့် စကားအမှားတွေ ပါကုန် ာပါ၊ ဟုတ်တယ်.. အငြိုး ဖြစ်တဲ့ ဒေါသတွေက မောင်နဲ့မှ မဆိုင်ဘဲ..၊ ငြိုး ကို နားလည်ပေးပါ မောင်ရယ် .. နော် .."

အငြိုး ရဲ့လက်လေးတွေ သူ့ပခုံးစွန်းနှစ်ဖက်ပေါ် ဖွဖွသာသာလေး ရောက်လာသည်။

"ဒါပေမယ့် အငြိုး ရဲ့ဂုဏ်သိက္ခာကို ဒီတစ်ခါလေးတော့ ငဲ့ညှာပေး ါ၊ အားလုံးရှေ့မှာ အငြိုး ဘာလုပ်မယ်ဆိုတာလည်း ကြေညာခဲ့ပြီးပြီ၊ မောင် ရောက်လာမှ အငြိုး ဒီလိုလုပ်ခွင့်မရတော့ဘူးဆိုရင် မောင်က



www.burmeseclassic.com

www.burmeseclassic.com



တော့ နာမည်ကောင်းတစ်ခု ထပ်တိုးပြီး အငြိုး ကို ပုတ်ခတ် ကဲ့ရဲ့တဲ့ စာတွေ၊ ဟောဒီ ရုံခွဲရှေ့မှာ ပိုတိုးလာတော့မှာ မောင် သိလား ..၊ အငြိုး မောင့်ကို နာမည်ကောင်းရမှာ သဝန်တိုလို့ ပြောတာ မဟုတ်ပါဘူး ဒီတစ်ခါပဲ အငြိုး ကို ပေးပါ .. နောက်ဆို မောင့်သဘောနဲ့ ဆန့်ကျင်ပြီး အငြိုး ဘာသာ မဆုံးဖြတ်မိအောင် ကြိုးစားမယ် .. ရှောင်ပါ့မယ် ..

"အငြိုး ရယ် .."

လိမ္မာအောင် က ဘာမှ မတတ်နိုင်တော့ပါ။ မျက်ရည်ခံထိုးသည့် အလုပ်ကို မကျွမ်းကျင်ခဲ့ဖူးသော မျက်နှာလေးက သူ့မျက်နှာရှေ့မှာ သနားစဖွယ်ဖြစ်နေတော့ ရင်ထဲမှာ စုတင်းထားခဲ့သမျှ တဝုန်းဝုန်း အရည်ပျော် ပြိုကျကုန်၏။

သူမနဲ့ ဘာကိုမှ အတိုက်အခံ အဆင်မပြေ မဖြစ်ချင်ခဲ့တာ ဘယ်လောက်ထိလဲဆိုလျှင် ထား နဲ့ပတ်သက်၍ သူ သိလာခဲ့တာတွေ ..၊

ပြီးတော့ ပတ်ဝန်းကျင်မှာ ပြောနေကြတဲ့ ဟိုသတင်းတွေ ဒီသတင်းတွေ သူ ဘာတစ်ခုကိုမှ ပြန်မမေးဘဲ ထားခဲ့တာပါ။

အချစ်ကြောင့် မျက်စိကန်း .. နားကန်း ဖြစ်သွားခဲ့တာမျိုး မဟုတ်ပေမယ့် အငြိုး နဲ့ ခုလို အတိုက်အခံ ငြင်းခုံပြောဆိုရဖို့တွေ ရှိလာတိုင်း သူမပါးစပ်က ရှန့်ရင်းရက်စက်သော အပြောအဆို အယူအဆတွေ ထွက်လာတတ်တာကို မကြားချင် ..။ သူမကို ဒီလိုမိန်းကလေးပါလား လို့ မမြင်ရက်လိုခြင်းလား ..၊ လက်မခံချင်တာလား ..။

'အသွင်မတူ အိမ်သူ မဖြစ်'လို့ ဆိုရိုးရှိခဲ့တာမို့ ကိုယ့်ရဲ့ဘေးမှာ တစ်သက်လုံး ရှိနေစေချင်သည့် သူမကို ကိုယ်နဲ့ အသွင်မတူတာတွေ ဘာမှ မရှိစေချင်ပေ ..။ ထို့ပြင် ကျန်တာတွေကတော့ ..၊





## အခန်း (၃၇)

"ထား .."

ခေါ်သံနှင့်အတူ နောက်ကနေ ပခုံးပေါ်ကို လက်တင်လိုက်သဖြင့် ထား လှည့်ကြည့်လိုက်မိသည်။ ခေါ်သူသည် ဘယ်တုန်းကမှ မမြင်ခဲ့ဖူးသည့် နွေးထွေးနစ်လိုသော အပြုံးတို့ဖြင့် ...

"ငါ လူများ မှားသလားလို့ ဒီဆံပင်ကြီးတွေက ထား ဟုတ်ပါတယ်လို့ စိတ်ထဲက ထင်ပြီး အရဲစွန့် ခေါ်လိုက်ရတာ .."

"နီလာ .."

"ဟုတ်ပ .. ငါ့ရုပ်ကတော့ မပြောင်းဘူး ထင်တယ်၊ ဒါမှမဟုတ် ပိုများ ဆိုးလားသလား .."

"မဆိုးပါဘူး .. နင်က ဆံပင်ကောက်တော့ မှတ်မိလွယ်လို့ပါ၊ အခု အိမ်ထောင်ကျနေပြီလား .."

"မကျပါဘူးဟာ .. ငါက ရုပ်ဆိုးတော့ ချစ်မယ့်သူ ရှားတာပေါ့၊ လာပါ .. ခဏလောက် စကားပြောရအောင် .."

နီလာ က အငြိုး သူငယ်ချင်းအရင်းကြီးဖြစ်ကာ ထား ကို ဘယ်တုန်းကမှ လိုလားတဲ့မျက်လုံးနဲ့ ကြည့်ခဲ့ဖူးတာ မဟုတ် ..။



www.burmeseclassic.com

www.burmeseclassic.com



"နင် မြစ်ကြီးနားမှာပဲ နေတော့မှာဆို .."

မေးလိုက်ပုံအရ ကိုယ့်အဖြစ်သနစ်တွေကို နီလာ သိနှင့်ပြီးခဲ့ပြီ ထင်သည်။

"အခုတော့ ရန်ကုန်ပြေးလိုက် .. မန္တလေး လာလိုက်ပဲဟာ - ကိုကြီး မင်္ဂလာတော့မှ သူ ဘယ်လောက် ကြိုးစားခဲ့သလဲ .. ဘာကြောင့် တော်နေတာလဲဆိုတာတွေ ပေါ်လာတယ် .."

"ဟုတ်တယ် .. သူ့ငွေးက လူလေးငယ်ငယ်နဲ့ တကယ်တော်တာ နော် ..၊ အဲဒါကြောင့် မက်မောခဲ့တဲ့ မိန်းကလေးတွေဆိုလည်း အငမ်းမရ ဘဲ .."

ပြော၍ ထား မျက်နှာလေးကို အကဲခတ်သည်။ ထား က နေရာမှာ ထိုင်ချလိုက်တာနှင့် မြီးရှည်နှစ်ပွဲနဲ့ အအေးနှစ်လုံး မှာလိုက်ပြီး ဘာမှ မဖြစ်သလို ..။

"ထား .."

"ဟင် .."

"နင့်ကို ငါ လိုက်ခေါ်တာ ထူးဆန်းတယ်လို့ မထင်ဘူးလား ..၊ ဟိုတုန်းကအကြောင်း တစ်ခွန်းတစ်လေတောင် မမေးဘူး .."

"ဘာမေးရမှာလဲ ..၊ ငါတို့က အတိတ်ထဲက လူတွေမှ မဟုတ်တော့တာ .. နောက်ပြီး ရန်သူတွေလည်း မဟုတ်ဘဲနဲ့ .."

"အဟွန်း .."

နီလာ က မရယ်ချင်ဘဲ ရယ်ပုံလေးနှင့် ခေါင်းညိတ်ပြီး မျက်လွှာချသည်။ ထိုအခါ အနီရောင် ပုံတော်ဖိနပ်လေးနှင့် ဖြူနုတင်းပြည့်နေသည့် ထား ၏ ခြေထောက်လေးတွေဆီ မျက်လုံးက အလိုလိုရောက်၏။

ထို့ပြင် ကြက်သွေးရောင်ပေါ်မှာ အပြာပွင့်လေးတွေပါသည့် ပိုးပျော့ထဘီအနားစလေးက ခြေဖမိုးပေါ်မှာ ခပ်နွဲ့နွဲ့ပုံဆင်းနေပုံက ယဉ်သည်။





"ရော့ .. မြီးရှည်ပဲ မှာလိုက်တာ ရတယ်မို့လား .."

မျက်နှာလေးကို ပြန်ငေးကြည့်မိစဉ် မြီးရှည်ပွဲတွေ ရောက်လာ တော့ ထား က သူ့မရှေ့ကို တိုးပေး၏။

ဖြူဝင်းသည့် နားသယ်စပ် စိမ်းမြမြ ဆံယဉ်စလေးတွေရော နီညို ရောင် အကျီလည်ပင်းဝိုင်းနှင့် ထိစပ်နေသော ရင်ဘတ်ပြည့်ပြည့်လေး ရော - ထား ရဲ့တစ်ကိုယ်လုံးမှာ မဟာဆန်သည့်အလှတို့ဖြင့် တင့်တယ် သည်။

ပြီးတော့ ပလက်တီနမ်ကြိုးပြားရှည်နှင့် ပတ္တမြားလော့ကတ်လေး က ရင်ညွန့်အောက်မှာ တဖျပ်ဖျပ် လက်နေ၏။

ဘယ်လက်မှာ နီညိုရောင်ကြိုးပြားလေးနှင့် နာရီလေးတစ်လုံး ယ်၊ လက်သူကြွယ်မှာ စိန်ပွင့်လေး လက်နေသော လက်စွပ်လေးတစ် ကွင်း ဒါပဲ ရှိသည်။

တမင် လိုက်ဖက်အောင် ဝတ်ထားတာမျိုးနဲ့လည်း မတူပါ။ တစ် ကိုယ်လုံး ညွှတ်ဝေနေအောင် ဝတ်ဆင်ထားတာလည်း မဟုတ်။ ဒါပေ မယ့် အများကြီးဝတ်ပြီး ကြွားနေတာတွေထက် ပို၍ ထည်ဝါသည်။

သူမမျက်လုံးထဲမှာ မြင်လိုက်တာက လက်နှစ်ဖက်မှာ ရွှေလက် ကောက်တွေ ချွင်ချွင်မြည်သံမပေးနိုင်လောက်အောင် ကျပ်ခဲနေအောင် ဝတ်ထားသည့် အငြိုး ..၊

"စားလေ နီလာ ..၊ ငါမှာလိုက်တာ မကြိုက်လို့လား"

"မဟုတ်ပါဘူး .. လူတွေအကြောင်း ပေါင်းမှသိ ဆိုတာကို စဉ်း စားမိလို့ .."

"ဟွန်း .."

ထား က မြီးရှည်ကို တူနဲ့ မွှေနေရင်း ပြုံးလိုက်၏။

"ဘာပြုံးတာလဲ ..၊ ငါ တကယ်ပြောတာ .. လူ့အကြောင်း ပေါင်း မှသိတာ မှန်တော့ မှန်တယ်၊ ဒါပေမယ့် ကောင်းတာဆိုးတာကတော့



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတဲ့လူကိုရော ဆိုးတဲ့လူကိုရော နှစ်မျိုးစလုံးကို ပေါင်းကြည့်မှ သိတာပါ၊ အခု ငါ သိပေမယ့် နောက်ကျသွားတယ် ..."

ထား နဲ့ နီလာ အကြည့်ချင်း ဆုံသွား၏။

"ငါနဲ့ အငြိုး အကြောင်း နင် မမေးတော့ဘူးလား၊ အငြိုး ဆီ မသွားဘဲ ဘာလို့ ငါ့ကို လာရောနေတာလဲဆိုပြီးတော့လေ .."

"နီလာ ရယ် .. ကလေးကလား စကားတွေ .."

ကိုယ်က အလေးအနက်ကြီး ခံစားပြောနေတာကို ထား က ဘာမှ မဟုတ်သလို ဖျက်ချလိုက်တော့ စိတ်ထဲ နည်းနည်းတော့ တင်းသည်။

"ကလေးကလားဆန်နေတာတော့ ဖြစ်နိုင်တယ်၊ ဒါပေမယ့် ငါ အဲဒါတွေ ပြောချင်လို့ နင့်ကို မြင်တာနဲ့ ပြေးလိုက်ခေါ်တာ၊ နင်နဲ့ အငြိုး ယောက်မတော်နေကြပေမယ့် သူ့အကြောင်း နင် ငါ့လောက်တော့ သိမှာ မဟုတ်ပါဘူး .."

"သိလည်း မသိချင်ဘူး နီလာ ..၊ ငါ သူ့ကို .."

ထား ဆက်မပြောဘဲ အသံတုန်လေးနဲ့ ရပ်ပစ်လိုက်သဖြင့် သူမ ထင်သလို မဟုတ်မှန်း ရိပ်မိသွား၏။

အငြိုး ဆိုတဲ့ မိန်းမ ဘယ်သူ့ကိုမှ စိတ်ချမ်းသာမှုပေးမှာ မဟုတ်ဘူးဆိုတာ အစတည်းက သူမ တွေးမိခဲ့ဖို့ ကောင်းသည်လို့ ကိုယ့်ကိုယ်ကိုယ် မကျေနပ်ဖြစ်သွားရင်း ...

"ငါနဲ့ သူ ဘာမှမဖြစ်ဘူး ထား ..၊ အစတည်းက ငါတို့အားလုံးက သူ့အတွက် ရံရွှေဖော်တွေလို နေခဲ့ကြတာပါ၊ ဘာဖြစ်လို့လဲဆိုတော့ သူက လှတယ် .. စိတ်ထက်တယ်လေ၊ ဒါပေမယ့်ဟာ ချစ်လို့ဆိုရင် အုတ်ခဲကျိုးနဲ့ပေါက်ပေါက် .. တုတ်နဲ့ရိုက်ရိုက် ခံနိုင်ပေမယ့် ဒေါသနဲ့ဆိုရင် မျက်စောင်းထိုးတာတောင် လူကို အက်စစ်လောင်သွားသလိုပဲ၊ သူက နင့်အစ်ကို ချမ်းသာနေကာမှ ဟိုမရဒီမရ ဖြစ်မှာစိုးလို့ မရမက ကပ်တွယ်ပြီး ရအောင် ယူခဲ့တာလေ ..၊ ဒါတွေ နင် မသိပါဘူးဟာ.."





နီလာ က မြီးရှည်ကို စိတ်မပါဘဲ ထိုးဖွ မွှေနေရင်း တူးကို ပြန်ချထားလိုက်သည်။

"လီမွှာအောင် က ယဉ်ကျေးတယ်၊ မအေကို ဂရုစိုက် အလိုလိုက်တယ်၊ နင် သူ့ရွှေးနဲ့ လက်ထပ်သွားတော့လည်း သူ အေးဆေးပဲ နေခဲ့တာ၊ မအေ အလိုကျဖြစ်စေတဲ့သားမှန်း သိလို့ နင့်အမေကို ကပ်ပေါင်းခဲ့တာက အငြိုး ..၊ စားစရာတွေ ပို့ရတာနဲ့ .. ကျန်းမာရေး မေးရတာနဲ့လေ .."

"အဲဒါတွေ မပြောပါနဲ့တော့ နီလာ ရယ် .. စားသောက်ပြီးရင် သွားရအောင် ..၊ ငါ အလုပ်ရှိသေးတယ်"

"ထူးဆန်းပါ့ ထား ရယ် .. အငြိုး ဆိုရင် သူများမကောင်းကြောင်း၊ သူ့ကောင်းကြောင်း ပြောရမယ်ဆို ပါးစပ်က အမြုပ်ထွက်တာတောင် မရပ်ဘူး၊ သူနဲ့ လီမွှာအောင် ညားသွားကာစက ငါတို့လည်း တကယ် ဝမ်းသာပါတယ်၊ သူက သူရွှေးဖြစ်ချင်တဲ့ မိန်းမလေ ..၊ လီမွှာအောင် ကလည်း သူ့ကို အစတည်းက မြတ်နိုးခဲ့တဲ့သူ၊ သူ့အတွက်က သားရွှေအိုးထမ်းလာတဲ့ ကိန်း .."

နီလာ က မပြောနဲ့ဆိုလည်း မရပါ။ မပြောလိုက်ရမှာစိုးနေသလို စားစရာကိုလည်း ပါးစပ်ထဲ ထည့်နေသည်။ ပြောနေတာလည်း မရပ်..။

"ဒါပေမယ့်ဟာ သူ ကြွားဝါနေရင် အကောင်း၊ သူများ မကောင်းကြောင်း ပြောပေးနေရင်လည်း တည့်နေတာပဲ၊ အဲ .. ငါတို့က နင်တို့ လင်မယား ကောင်းကြောင်းလေး ပြောလိုက်မိတာနဲ့ ရန်သူကြီးတွေ ကျနေတာပဲ သိလား ..၊ ငါတို့ကပဲ .. ငါတို့ကပဲ .. သူ့ပေးစာကမ်းစာ စားပြီး သူ့ကို မဖားတတ်တဲ့သူတွေလိုလို၊ ကိုယ့်ထမင်း ကိုယ်စားပြီး ငါတို့မှာ အပြောခံခဲ့ရတာ .."

ပြောနေရင်း ဒေါပါလာကာ တူကို ချမလိုဖြစ်လိုက် ပြန်ကိုင်လိုက်နှင့် ပါးစပ်ထဲကို တစ်လုတ်ရောက်ဖို့က တော်တော်ကြာနေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"နောက်ပြီးတော့ လိမ္မာအောင် က သားလိမ္မာလို့ ငါတို့က ပြော လိုက်တာဟာ နင့်ရှေ့မှာပဲ အားမနာတမ်း ပြောရရင် သူ့ အပြော လွန်းတာ သိလို့ အထိနာမှာစိုးတဲ့ စေတနာနဲ့ သတိပေးတာပါ၊ အဲ လိမ္မာဆိုတာ လင်ကောင်းဖြစ်ဖို့ မလွယ်ဘူးလို့ ပြောမိတာ အပြစ်လား အဲဒါကို သူက စိတ်ဆိုးတယ်၊ ဒါပေမယ့် နင် ပြောသလိုပါပဲ ဟိုတုန်း ကလို ကလေးကလားဆန်ဆန် ရန်ဖြစ်လိုက် .. ပြန်တည့်လိုက် ဖြစ်တာ မျိုးတော့ မဟုတ်ဘူးပေါ့၊ တွေ့လိုက်ရင် မတူသလို မတန်သလို ဖြစ် သွားတာ .."

"သူ့အကျင့်ကို အသိဆုံးဆိုရင်လည်း စိတ်ဆိုးမနေနဲ့ပေါ့ဟာ .."

"မဆိုးပါဘူး .. ငါတို့ သူ့ကိုတွေ့တိုင်း ခေါ်ပြောမပျက် နေကြတာ ပဲ၊ သူ ကြွားဝါနေတာတွေကို နားထောင်ပေးနေရတဲ့ဒုက္ခတော့ ရှိသေး တာပေါ့ .."

နီလာ က ပြောနေရင်း ရယ်သည်။

"ကြည့်လည်း ရယ်ဦး .. စားရင်းနဲ့ သီးကုန်ဦးမယ်"

စားနေတာကို လက်စသတ်လိုက်ပြီး ထား က သတိပေးသည်၊ ပြီးတော့ အအေးယူသောက်ရင်း ...

"မစားတော့ဘူးလား .."

"ဟုတ်တယ် .. ငါက စကားပြောချင်တာ၊ ဗိုက်မှ မဆာတာ"

နီလာ က ထား လိုပဲ ပန်းကန်ကို ရွှေ့၍ အအေးယူသောက်သည်၊ ပြီးမှ ...

"အခု ငါတို့အားလုံး ဆုံဖြစ်ရင် သူ့အကြောင်း ဘာတွေ ပြောမိလဲ သိလား ..၊ ရှုံစရာတွေလေ .."

"ဘာကို ရှုံတာလဲ .."

"ငါတို့မြို့မှာ အရှင်လတ်လတ် မြေကြီးထဲကို ခေါင်းစိုက်ဆင်းရ မယ့် ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ခု တိုးမှာ ကြုံသိနေလို့လေ၊ အဲဒီမိန်းမ





ဖအေကို စော်ကားတာများ ကြက်သီးထလောက်တယ် သိလား ..၊ သူ့ အဖေက အရက်သောက်တတ်ပေမယ့် လူအေးကြီးပါ၊ သူ့သမီးကိုလည်း ချစ်ရှာတယ်၊ သမီးကို ပတ်ဝန်းကျင်က ကဲ့ရဲ့မှာစိုးလို့ ဖုံးလိုက် ဖိလိုက်ရ တာ အမော ..၊ သမီးကတော့ ဘယ်မိဘကိုဖြစ်ဖြစ် ဂရုမစိုက်ဘူးဆိုတာ ကို အားပါးတရ ဟစ်ကြွေး ဂုဏ်ယူနေတာ .."

"ဘယ်မိဘဆိုတာက ဘာလဲ နီလာ ..၊ သူ့မှာ အဖေပဲရှိတာ .."

ထား မေးလိုက်ကာမှ နီလာ က ဖျတ်ခနဲ ကြည့်၍ ခေါင်းတညိတ် ညိတ် ဖြစ်သွားကာ ...

"ငါက အဲဒါကို ပြောချင်တာ ထား ..၊ ဘယ်မိဘဖြစ်ဖြစ်ဆိုတာ သူ့မှာ အဖေပဲရှိတာပေမယ့် နင့်အစ်ကိုမှာ အမေ ရှိတယ်လေ၊ နှစ်ဖက် မိဘ ရှိနေသေးတော့ .. ဘယ်မိဘဖြစ်ဖြစ် သူက စော်ကားရဲတဲ့သူပဲ.."

"အမေ .."

"သိပ်ဟုတ်တာပေါ့၊ ပြီးခဲ့တဲ့ လဆန်းပိုင်းတုန်းက ငါ မန္တလေးမှာ အလုပ်ပြုတ်ပြီး ပြန်သွားတုန်း သူ့ဆီ အလည်ရောက်တယ် .."

"ခုရော .. နင် ဒီမှာ အလုပ်ပြန်ရပြီလား .."

"ဟုတ်တယ် .. အဲဒါက အရေးမကြီးပါဘူး .. ပြောတာ နား ထောင်ပါ၊ ငါ သူ့ဆီကို သွားတာ မတွေ့ခဲ့ဘူး၊ အဒေါ်ကို ဆေးခန်း သွားပို့တယ်တဲ့၊ သူ့အဖေအိမ်ကို ရောက်တော့လည်း မဝင်ဖြစ်ခဲ့ပါဘူး ဟာ ..၊ အထဲမှာ အိမ်နီးချင်းတစ်ယောက်က အငြိုး မိုက်ရိုင်းတာတွေ ပြောပြီး ဒေါ်ကန်နေတယ်၊ ဦးလေးငြိမ်း က မျက်ရည်တွေဝဲပြီး ငိုသံပါ ကြီးနဲ့ .."

"ဟင်!..."

"ဟုတ်တယ် .. အဲဒီမိန်းမကြီးကတော့ သူတို့သားအဖနှစ် အကြောင်းသိ ဖြစ်မှာပေါ့၊ ငါ အဲဒီမှာ အငြိုး မိုက်ရိုင်းတာတွေ ဘာတွေ ကြားခဲ့သလဲဆိုတာ မပြောချင်တော့ပါဘူး ထား ရယ် ..၊ အခုမပေးဘဲ



www.burmeseclassic.com

www.burmeseclassic.com



ပြန်လှည့်လာခဲ့တာကိုပဲ တွေးကြည့်တော့ ..''

ထား မျက်နှာလေး ငယ်သွား၏။ ဖအေအပေါ်မှာတောင် ဒီလော[...] ရက်စက်နေခဲ့လျှင် အမေ့ကို ဘယ်လောက်ထိ ဆိုးဝါးပြင်းထန်စွာ [...] စက်နေမလဲ ..။

"ထား ..''

"ဟင် ..''

"သူ ဆေးခန်းသွားတယ်ဆိုတာရော ရိုးသားတယ်လို့ နင် [...] လား ..''

"ဘယ်လို ..''

ထား မျက်နှာမှာ စိုးရိမ်ခြင်းတွေ ဖြတ်ပြေးသွား၏။ နီလာ [...] ပြောလိုက်တာလဲ ..။

"နင် ဘာပြောချင်တာလဲ နီလာ ..၊ ဆေးခန်းသွားတာ အမေ့ [...] သွားပြတာ မဟုတ်ဘူးလား ..''

"အဲဒါကြောင့် မေးတာပေါ့ .. သူ သွားတဲ့ဆေးခန်းမှာပဲ ငါ့အမေ [...] လည်း ပြတယ်၊ သူ ထွက်မလာခင် အမေ ရောက်သွားတော့ ဆေးဆရာ ကို ပိုက်ဆံတွေ အများကြီးပေးပြီး မသင်္ကာစရာစကားတွေ ပြောဆိုနေ ကြတာ တွေ့တယ်တဲ့၊ မျက်နှာ အမူအရာတွေက သိသာနေလို့ ဖြစ်မှာ ပေါ့ဟာ ..၊ အမေလည်း ချောင်းကြည့်လိုက်ရတာဆိုတော့ ပြောတာတွေ ကို နားမလည်ဘူးတဲ့ ..''

ဒါ ဘာမရိုးသားစရာ ရှိလို့လဲ ..၊ ဆရာနဲ့ တိုင်ပင်ပြီး အမေ့ကို တစ်ခုခု ကြံစရာရော ဘာလိုလို့လဲ ..။

"နောက်ပြီးတော့ ရှိသေးတယ်..၊ နင့်အမေ ထွက်လာတော့ အရှင်း နာကျင်နေတဲ့ပုံစံနဲ့ ရူးသလို ကြောင်သလိုကြီး ဖြစ်နေတာတဲ့ ..''

ဘုရား!... ဘုရား ...။

ထား ရင်ခုန်သံတွေ မြန်လာသည်။





"သူ့ကို ကြည့်မရပေမယ့် အဒေါ်ကို ပစ်တော့ မထားနဲ့ပေါ့ဟာ၊ [...]တို့တောင်မှ သူ့အကြောင်း သိနေပေမယ့် ကလေးမဆန်ချင်တော့လို့ [...]ဒီလိုပဲ မျိုသိပ်ဆက်ဆံနေခဲ့ကြတာ၊ ပြောလို့မရဘူးလေ .. လူမမာကို [...]မရှည်ဖြစ်လာရင် ဒီမိန်းမ ဘာဖြစ်ဖြစ် လုပ်ရဲတယ်နော် ..''

အမေနဲ့တွေ့တုန်းက အမေ့ပုံစံကို ထား ဘယ်တော့မှ မမေ့ ..၊ အလွန် အေးဆေးတည်ငြိမ်ကာ နူးညံ့စွာနေတတ်သည့် အမေဟာ [...] ကိုတောင် သိသလိုလို မသိတော့သလိုလို ..၊ ပြီးတော့ အမေ့စကား [...]ထဲမှာ အငြိုး နာမည်ချည်းပဲ ထပ်တလဲလဲ ပါနေတာဟာ ချစ်ခင် [...]တနေတာ မဟုတ်မှန်း ထား သိသည်။

ဘာဖြစ်လို့လဲ ..၊ အငြိုး ဘာဖြစ်ချင်တာလဲ ..။

အမေ့ကို အလိုမရှိဘူးဆိုရင်လည်း ကိုယ်က ခေါ်သွားမယ်ဆိုတုန်း [...] ကြည်ဖြူသလို လုပ်နေခဲ့တာ ဘာလဲ ..။

ခေါင်းထဲမှာ ရှုပ်ထွေးလာ၏။

သူမ ကိုကိုနဲ့ တွေ့ဦးမှ ဖြစ်မှာပါ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၈)

"လာ .. မြေးက ဘွားဆီကို .."

ဒေါ်စုစု က အိတ်တွေ တစ်ဖက်ကဆွဲထားပြီး ကလေးငိုနေတာကို ဝိုင်းချော့ဖို့ ပြင်၏။ ဒါပေမယ့် ကလေးက မအော့လည်ပင်းကို ဖက်ထားပြီး ခေါ်လို့လည်း မရ၊ ငိုတာလည်း မတိတ် ..။

"ဈေးထဲမှာ ပူလို့ဖြစ်မယ် အန်တီ ..၊ အပြင်ဘက်တန်းမှာ ဝယ်စရာရှိတာတွေ ထား ဝယ်လိုက်မယ်လေ .. အန်တီ အထဲမှာပဲ ဝယ်လိုက်လို့ ရမလား ..၊ ပဲနဲ့ ကြာဆံ နှစ်မျိုးလောက်ပဲ ရှိတော့တာ ထင်တယ်"

"ဘယ်နှစ်မျိုးဖြစ်ဖြစ် ကျုပ် ဝယ်ပါ့မယ်အေ .. မြေးလေး ချွေးတွေပြန်ပြီး ပင်ပန်းလှပါပြီ၊ ကားရပ်ထားတဲ့နေရာက အရိပ်ကောင်းတယ်၊ အေးအေးဆေး သွားစောင့်နေလိုက်တော့ .."

"ရပါတယ် အန်တီကလည်း .. သားက အပြင်ရောက်ရင် တိတ်သွားမှာပါ၊ ဒီအိတ်နှစ်လုံး ထား သယ်သွားလိုက်မယ် .."

"အြော် ... ကဲ .. သွားမှာဆိုလည်း သွားပါအေ .. ဘာမှ မသယ်နဲ့၊ ဒါလေးလောက် ဘာမှမဖြစ်ဘူး"





သားလေးကို ချော့ရင်း အပြင်ရောက်လာတော့ ဟိုဒီလိုက်ငေးရင်း သားက အငိုတိတ်သွား၏။ မြစ်ကြီးနားမြို့ဟာ ထား ရဲ့ မွေးရပ်ဇာတိ..၊ ခင်တွယ်ရဆုံး မြို့လေးပါ။

ကိုယ့်ရပ်ကိုယ့်မြေမှာ ဈေးဝယ်ထွက်ရတာက ရန်ကုန်လိုမြို့ကြီးတွေမှာထက် ပို၍ အဆင်ပြေသည်။ ကိုယ်လိုချင်သည့်ပစ္စည်း ဘယ်နေရာမှာ ဝယ်ခြမ်းရနိုင်သည်ဆိုတာ သိပြီးသား ..။

ခုဟာက မနေ့ကမှ မန္တလေးက ပြန်ရောက်တာမို့ ထား သွားလေရာပါနေရသည့် သားလေးခမျာ ပင်ပန်းလွန်းလို့ ပါးပြင်လေးတွေတောင် အခန်းသီးလို ရဲတွတ်နေရှာ၏။

ထို့ကြောင့် ကိုယ်က သိလို့ တစ်ဆိုင်ပြီးတစ်ဆိုင် အလွယ်တကူ သိရုံပဲပေမယ့် တစ်ဆိုင်ဝင်လိုက်တိုင်း သားက ငိုနေသဖြင့် အဆင်မပြေ..။ ကိတ်ဆံပေး .. ပစ္စည်းကိုသယ်နှင့် သားက ငိုလာတော့ ထား ဒုက္ခရောက်သည်။

"ဘုတ် .."

"အို .. ဒုက္ခပါပဲ သားသားရယ် .. မငိုနဲ့လေ .. မငိုရဘူး .."

ကလေးတစ်ဖက်နှင့် လွတ်ကျသွားသည့် ပစ္စည်းတချို့ကို ပြန်ကောက်ရတာ ဖရိုဖရဲ ..။

"ထား .."

ထိုစဉ် ထား ရဲ့ဘေးကို လိမ္မာအောင် ပြေးလာ၏။

"ပေး .. ကိုကို့ကို .. လာ သား .."

လိမ္မာအောင် က ပစ္စည်းတွေ လွတ်ကျကုန်တာကိုလည်း လိုက်ကောက်ထည့်သည်။ အိတ်ကို သူ့ပဲဆွဲ၍ သားကို ပြောင်းယူလိုက်၏။

"သားကြီးက ဘာဖြစ်လို့ ငိုတာလဲကွ ..၊ ကြည့်ပါဦးကွာ .. နှပ်တွေဘာတွေ ထွက်လို့၊ ကလေး သနားပါတယ် ညီမလေးရာ .. နေပူကြီး ဈေးဝယ်ထွက်ရသလား၊ ပစ္စည်းဆွဲဖို့ တစ်ယောက်ယောက်လည်း ခေါ်



www.burmeseclassic.com

www.burmeseclassic.com



မလာဘူး ..."

"ကောင်မလေး ပါပါတယ် ကိုကို ..၊ သူလည်း ပစ္စည်းသယ်လိုက်ကားဆီပြေးလိုက်နဲ့ မနားရပါဘူး၊ ဈေးထဲမှာ အန်တီစု လည်း ပါတယ်"

"ဘာတွေ လုပ်မှာမို့လို့ အကြီးအကျယ် ဝယ်ခြမ်းနေတာလဲ .."

သားကို နှပ်သုတ်ပေးပြီး ပွတ်သပ် ချော့နေသဖြင့် မျက်နှာစိမ်းသည့်သူကို ငေးကာ သားက အငိုတိတ်သွားပြန်၏။

"ကိုကြီးအတွက်လေ .. တစ်လပြည့်တိုင်း ကျောင်းမှာ ဘုန်းကြီးဆွမ်းကပ် ဒါနပြုတယ် .."

ဒီတစ်လဆိုရင် ကိုကြီး ဆုံးခဲ့တာ လေးလတင်းတင်း ပြည့်ပါပြီ။ ဒါပေမယ့် ရင်ထဲမှာတော့ မနေ့တစ်နေ့ကမှ ဖြစ်ပျက်သွားခဲ့သလို ပူလောင်နေဆဲ ..။

ထား မျက်နှာလေးကိုကြည့်ကာ သူ စိတ်မကောင်း ဖြစ်သွားမိသည်။ တမင် ရှောင်ကြဉ်တာလည်း မဟုတ်ဘဲ သူမမှာလည်း နာရေးနဲ့ ကိုယ့်မှာလည်း အမြဲတမ်း ပြောဆိုဖြေရှင်းနေရတာတွေနဲ့ စိတ်ရောလူပါ ခုံးခုံးချ နားရတယ်ဆိုတာ မရှိခဲ့ပေ ..။

ညီမလေးကို ကြည့်ရှုစောင့်ရှောက်သင့်သည့်ဝတ္တရားတွေ သူ့ဘက်က ပျက်ကွက်နေခဲ့ပြီ ဖြစ်၏။ တကယ်ဆို ကိုယ့်မှာတောင် သွားလာရခက်ခဲသည့် အကြောင်းမျိုးစုံ ရှိနေသေးလျှင် ညီမလေးက သူစိမ်းမျက်နှာတွေကြားမှာ သူ့ထက် ပိုမှာပေါ့ ..။

"နင် .. အဆင်ပြေရဲ့လား ညီမလေး ..၊ မျက်နှာလေး ချောင်သွားသလိုပဲ .."

ထား မျက်နှာလေး ဖျတ်ခနဲ မော့လာ၏။

'လင်သေ မုဆိုးမ' တစ်ယောက်ရဲ့ လတ်တလောအပူက အဆင်ပြေငြိမ်းချမ်းပါ့မလား ကိုကို ..။

နာကျင်သည့် ဝေဒနာက နှုတ်ဖျားက မထွက်ခဲ့ဘဲ ရင်ထဲမှာ





ခပ်ရိုင်းရိုင်း ဆိုမိခဲ့၏။

"ပျက်စီးဆုံးရှုံးသွားတဲ့အရာကို ပြန်ရနိုင်တော့တာမှ မဟုတ်တာဟာ.. ကျန်ခဲ့တဲ့ဘဝတွေ ထပ်ပြီး လေလွင့်ပျက်စီးမသွားဖို့ပဲ နင် ကြိုးစားမေးပါ၊ ကြည့်ပါဦး.. သားလေး ဘယ်လောက် သနားဖို့ကောင်းလဲ.."

လိမ္မာအောင် က ထား အသံလေး တိတ်နေတာကို စာနာစိတ်နှင့် ငုံမိုးကြည့်သည်။ ပြီးတော့ သားလေးကို တယုတယ ပွတ်သပ် နမ်းရှိုက်၍ ...

"အခု အိမ်ပြန်တော့ .. ညနေ ကိုကို လာခဲ့မယ် .."

"ဟင်!..."

အံ့ဩသလိုဖြစ်သွားသည့် ထား ရဲ့ခေါင်းလေးကို ကလေးလို ပွတ်လိုက်ပြီး လိမ္မာအောင် က ပြုံးသည်။

"တစ်ယောက် တစ်အိမ်ထောင်နဲ့ ကိုယ့်လမ်းကိုယ်လျှောက်နေကြတုန်းကတော့ တစ်မျိုးပေါ့ဟာ .. အခု နင် ဒုက္ခရောက်နေပြီ၊ တို့မောင်နှမ ခပ်စိမ်းစိမ်းနေလို့ ဘယ်ရတော့မလဲ .."

"ဒါပေမယ့် ကိုကို .. ထား က .."

"ကိုကို ကြားပါတယ်၊ သူ့ဌေးရဲ့အလုပ်တွေကို နင် ဆက်ထိန်းထားနိုင်တယ်ဆိုတာ .."

"မဟုတ်ပါဘူး .. ကိုကြီးရဲ့ လူယုံတွေက သစ္စာရှိကြလို့ပါ၊ ပြီးတော့ ထား က ကလေးတစ်ဖက်နဲ့မို့ အားလုံးက ညှာကြတယ်၊ ခုချိန်ထိ ထား လှေလာနေရတုန်းပဲ .."

"စီးပွားရေးဈေးကွက်ဆိုတာ မျက်ခြည်ပျက်လို့မှ မရတာ၊ ဒီလိုပဲ အမြဲ လှေလာနေရတာပဲလေ .. ကြိုးစားပေါ့ဟာ စိတ်ပြေလက်ပျောက်လည်း ဖြစ်တာပေါ့၊ ဒါပေမယ့် တစ်ခုတော့ မကောင်းဘူး .."

လိမ္မာအောင် က ကလေးကို ကရုဏာမျက်ဝန်းတို့ဖြင့် စိုက်ကြည့်နေရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကလေးက သနားဖို့ ကောင်းတယ် .."

ညီမလေး ခမျာ ကလေးငယ်လေးနဲ့ ဒုက္ခများရရှာတယ်လို့ တွေး လိုက်လျှင် ပါးစပ်ထဲသွင်းမယ့် ထမင်းလုတ်တောင် ပြုတ်ကျချင်သည် ဒါကြောင့် မမြင်လက်စနဲ့ သူ တွေ့ဖို့ မကြိုးစားဘဲ နေလိုက်ဒေ တာပါ။ ထို့ပြင် မျက်နှာပူစရာကောင်းသည့် ကိုယ့်ဘက်က ပျက်ကွ ခြင်းတွေကြောင့် နောက်တစ်ခါ အပြောဆိုခံရဖို့ ဒေါ်မြမြစံ တို့ အရိပ် ကို ထပ်သွားမိတာမျိုး မဖြစ်ချင် ..။

"ကိုကို .."

"ဟင် .. ဘာလဲ .."

"ကိုကို့ကို ထား ပြောစရာရှိတယ် .."

လိမ္မာအောင် က စဉ်းစားသလို ကြည့်လိုက်ပြီးမှ ...

"ခု ပြောမှ ဖြစ်မှာလား .."

"အင်း .. ဒါပေမယ့် ခဏနဲ့ ပြောလို့ပြီးမှာ မဟုတ်ဘူး .."

အိမ်ထောင်ရေး ဒါမှမဟုတ် အမေနဲ့ပတ်သက်တာ တစ်ခုခု ဖြစ် လိမ့်မည်မှန်း လိမ္မာအောင် တွက်မိလိုက်၏။ ထို့ကြောင့် ...

"ကိုကို လာခဲ့မယ်လေ ..၊ နင် ဒီညနေ အိမ်မှာပဲ ရှိမှာမို့လား.."

"ဟုတ် .."

"ဒါဆို ဒီမှာ နေရှိန်တယ် .. ကား ဘယ်မှာလဲ ..၊ ကိုကို လိုက်ပို့ မယ်လေ .."

"ပိုလို့ မရဘူး မောင် .."

နှစ်ယောက်စလုံး ခြေလှမ်းပြင်လိုက်တာနှင့် အငြိုး က ဘယ်လို ရောက်လာခဲ့မှန်း မသိ ..။

နေပူပူမှာ အနက်ရောင်ပါတိတ်ကို ခေတ်မီဒီဇိုင်းလေးနဲ့ ဝတ် ထားလျက် ..၊ နှုတ်ခမ်းနီ ဆိုးထားတာက ရဲတွတ်နေ၏။

"မောင် .."





သူမက လိမ္မာအောင့် လက်ကိုပါ ဆွဲထားလိုက်ကာ ကလေးကို ပြောမဆို ဆွဲယူ ပွေ့လိုက်ပြီး ...

"ဟိုမှာ .. အငြိုး ကားနဲ့ သစ်သီးဆိုင်ကို ချိတ်မိလို့ .. သွားရှင်းပေး ဦး၊ ဈေးသည်တွေက အရမ်းရိုင်းတာပဲ၊ အငြိုး ရှင်းရမယ်ဆိုရင်တော့ ဒီနားမှာ သတ်ပွဲတွေ ဖြစ်ကုန်တော့မှာ .."

"ဟာကွာ .. ဘယ်နားမှာလဲ ..၊ ဒုက္ခပါပဲ"

"ဒီဘက်တန်းထောင့်မှာလေ .. မောင်ကလည်း အငြိုး စိတ်မြန် သိရဲ့သားနဲ့၊ သူတို့က ဆိုင်ကို လမ်းပေါ်ထိ ဖြန့်ခင်းထားတာကိုး.."

ကိုယ့်မိန်းမအကြောင်း ကိုယ် သိသည်။ ဒီပြဿနာကို သူ မရှင်း မဖြစ် ..၊ ထို့ကြောင့် ဆွဲထားသည့်အိတ်ကို ထား လက်ထဲ ပြန်ထည့် ...

"မိထား ပြန်တော့နော် ညီမလေး ..၊ ကိုကို လာခဲ့မယ် .."

"ရတယ် ကိုကို .. သွားပါ .."

လိမ္မာအောင် ထွက်သွားတာကို လှမ်းကြည့်နေပြီးမှ အငြိုး က ဘက် ပြန်လှည့်၍ ခပ်ချဉ်ချဉ်မဲ့ပြုံးနှင့် ...

"ဒါ .. မှုဆိုးမတွေ အားကိုးရှာတဲ့နည်း ထင်တယ်နော် .."

"ဘာ!..."

"ဟွန်း .."

အငြိုး ၏ မဲ့ပြုံးနှင့် အကြည့်အောက်က သားကို ထား ဂ၊ ဖျတ် ဆွဲယူချီလိုက်ကာ ...

"နင် ဘာစကားပြောလိုက်တာလဲ .."

"ထပ်ကြားချင်လို့လား ..၊ ဒါပေမယ့် ငါ့ယောက်ျားကို ငါက တ်ကူးလေးနဲ့တောင် မပေးလိုက်နိုင်တော့ ထပ်လည်း မပြောချင်တော့ ဘူး ..၊ နင် ငါ့ယောက်ျားနဲ့ ဝေးဝေးနေပါ"

"မိုက်ရိုင်းလှချေလား အငြိုး .. သာမန်မိတ်ဆွေတွေတောင် လမ်း



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရင် နှုတ်ဆက်စကား ပြောကြတယ်၊ ငါတို့က .."

"သာမန်ထက် ပိုနေကြလို့လား .."

အငြိုး မျက်နှာက အပြင်းထန်ဆုံး မိုက်ရိုင်းဖို့ ပြင်ဆင်ထားပြီး တင်းမာမှုတွေနှင့် ထား တစ်ကိုယ်လုံးကို စုန်ချီဆန်ချီ ကြည့်သည်။

နံ့သာရောင်ဖျော့ဖျော့ ဝတ်စုံလေးနှင့် ရှည်လျားသည့် ဆံနွယ် တွေကို နောက်မှာ အဖြူရောင်လက်ကိုင်ပဝါလေးနဲ့ ရိုးရိုးလေး စည်း ထား၏။

ဒီဆံပင်ရှည်တွေနဲ့ ဒီလိုပုံစံတွေ သုံးပြီး ကိုယ့်အပေါ်မှာ အနိုင် ဖြတ်ခုတ်သွားခဲ့တဲ့ စိတ်ထားမြတ် ..။

ကိုယ့်ရဲ့ အလှအပတွေနဲ့ နှုတ်ကျွံ နယ်လွန်ပြီးမှ သင်းကြောင့် သူငယ်ချင်းရှေ့မှာ အရှက်ကွဲခဲ့ရသည်။

"ငါတို့ ထင်သားပဲ.. သူဌေးက ထား ကို သဘောကျနေတာ" တဲ့ မကြားအောင် ပြောကြတာပေမယ့် ကြားခဲ့ရသည်။ ထို့ပြင် ကိုယ့် ကိုပဲ တမ်းတမ်းစွဲလိုက်နေသည့်လူက သင်းနဲ့လက်ထပ်ဖို့ ကျေနပ်သွား ခဲ့သေးသည်။

"ထား ပျောက်သွားလို့တဲ့ ..၊ လိမ္မာအောင် ဒေါင်ချာစိုင်းနေတာပဲ" ဆိုတာတွေ ..၊

"သူဌေးနဲ့ လက်ထပ်တော့မှာကို လိမ္မာအောင် ဖြစ်နေလိုက်တာ ကြက်ကြီးလည်လိမ်ထားတဲ့အတိုင်းပဲ သိလား ..၊ မောင်နှမလို ချစ်တာ ဆိုပြီးတော့နော် .."

"ထား ကလည်း သူဌေးကို ချစ်တာ မဟုတ်ဘူး ..၊ သူဌေးက နှုတ်ခိုးတာတဲ့ .. အံ့ဩစရာကြီး" စသည့် စကားသံတွေကြောင့် ထား ကတော့ နာမည်ကျော် သတင်းမွှေးသွားခဲ့ပြီး .. သူမသည်သာ ..။

"ဟွန်း .. နင် မပြေနိုင်တော့ဘူးလား၊ အဲဒါတွေကို ငါ သိလို့ ခုလိုမျိုး သစ်သီးဆိုင်ကို တမင် နောက်မြီးနဲ့ချိတ်ပြီး ငါ့ယောက်ျားကို





လာခွဲထုတ်တာ၊ နောက်ဆိုရင် ဒီလို နုနုညံ့ညံ့ ဖြေရှင်းမှာ မဟုတ်ဘူး ဆိုတာ ငါ ကြိုသတိပေးလိုက်မယ် ထား ..၊ ရှက်တတ်ရင် နင့်ရဲ့စိတ်ကူး တွေကို ဖျက်လိုက်တော့ .."

"ငါတို့သားအမိသုံးယောက်ရဲ့ နားလည်ဖြူစင်မှုတွေကို လူတိုင်း သိတယ်၊ လူတွေ ဘယ်လောက် ကဲ့ရဲ့နေနေ အရှက်မရှိ .. အရွဲ့တိုက်နေ တာက နင်ပဲ၊ နင့်မှာ ဂါရဝါစတရားဆိုတာ မရှိဘူး၊ လူမှုရေးအကြောင်း တရား ဘာဆိုတာလည်း နားမလည်ဘူး၊ ပြောချင်ရာ ပြောသလို လုပ် ချင်သလို လုပ်တယ် .."

"ဟုတ်တယ် .. အဲဒီတော့ ဘာဖြစ်နိုင်သလဲ ဆက်ပြော .."

"ငါက မပြောနိုင်ပါဘူး .. နင့်ဘဝ စာမျက်နှာတွေကို နင့် ကံ ကြမ္မာက ဖတ်ရှု ဆုံးဖြတ်သွားမှာ၊ လူဖြစ်လာရင် အမြဲတမ်း ကြိုးစား ရုန်းကန်နေရမှာ မှန်တယ်၊ ဒါပေမယ့် ဘယ်လောက်ပဲ ဆင်းရဲတွင်းနက် နေပစေ .. ဘယ်လောက်ထိ မြင့်မား ချမ်းသာနေနေ .. ကံ ကံ၏အကျိုး ကို မေ့လို့ မရဘူး .."

"ဟွန်း .."

"ကံ စိတ် ဥတု အာဟာရ ညီညွတ်နေတဲ့အခါ ရေပေါ်မှာ အရုပ် ရေးရင်လည်း ထင်တယ်၊ ကျရှုံးချိန်တန်လာပြီဆိုရင်တော့ တံလျှပ်ကို ရေထင်ပြီး လက်ပစ်ကူးဖို့ ကြိုးစားတော့တာပဲ၊ နင့်ကိုယ်နင် အဲလို မဖြစ်အောင်ပဲ ကြိုးစား .."

ထား က အိတ်ကို တစ်ဖက်က ဆွဲထားလျက်နှင့် ချာခနဲ လှည့် ထွက်၏။ အငြိုး မျက်နှာ နီရဲတင်းမာနေလျက် ...

"နေဦး .."

ကလေးချီထားသည့် ထား လက်မောင်းကို ဖမ်းဆွဲထားလိုက်ပြီး...

"နင့်ရဲ့ ကြောက်ကန်ကန်သွားတဲ့ စကားတွေကို ဒီမှာပဲ ထားခဲ့ လိုက်ပြီး ရင်ထဲမှာ ထာဝရ သိမ်းဆည်းသွားဖို့ကို ငါ ထပ်ပြောလိုက်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



သူများယောက်ျားကို ခိုးဖို့ စိတ်ကူးကလည်း ငရဲကြီးတတ်တယ်နော်၊ ငါ့ယောက်ျားကို ခိုးဖို့ စိတ်ကူးဆိုရင်တော့ အဲဒီငရဲက နင် သေတဲ့အထိ စောင့်မှာ မဟုတ်ဘူး .. ယုံလား .."

"တောက်!..."

လက်ကို ဆောင့်ရုန်းကာ လှည့်ထွက်လာခဲ့ရင်း ထား မျက်ဝန်းမှာ မျက်ရည်တွေ ပြည့်သိပ်လာ၏။

ဘယ်လို မိုက်ရိုင်းတဲ့ မိန်းမလဲ ..၊

ရင်ထဲမှာ တဆစ်ဆစ် နာကျင်လာခဲ့လျက် ..၊ ညနေ ကိုကို လာခဲ့မယ်ဆိုတာကို ဘယ်လို တားဆီးရမလဲ တွေးမိလာ၏။

အငြိုး လို မိန်းမက ခြိမ်းခြောက်ရုံသက်သက်နဲ့ ပြောမှာ မဟုတ်ပေ။ တကယ်တမ်း ပြဿနာဖြစ်လာပြီဆို အရှက်တကွဲ အနာတရ ဖြစ်ရမှာက ကိုယ်သာ ..။

အားလုံးသော မကောင်းခြင်းတရားများ လွှဲပါစေလို့ ဆုတောင်းမိလျက် ..၊





## အခန်း (၃၉)

"ဟုတ်ပြီ .. ပြောတဲ့အတိုင်းနော် .. ငါ ပေးထားတာနဲ့ တန်မှ ဖြစ်မှာ၊ ဘာပြောရမလဲဆိုတာ သေချာ ကျက်ထား .."

ဖုန်းပြောပြီး ကျေနပ်စွာ ပြုံးမိသည်။ ပြီးတော့ နောက်ထပ်တစ်ယောက် ..၊

"ကောင်းတယ် .. အင်အားများလေ ပိုကောင်းလေပဲ"

"... ... ... ..."

"စိတ်ချစမ်းပါ မိနိုင် ရယ် .. ငါ့စိတ်တိုင်းကျ ဖြစ်လို့ကတော့ ပစ်စလက်ခတ် ကြဲပေးလိုက်မယ် .."

"မမလေး .."

နောက်ကို ငဲ့ကြည့်လိုက်တော့ ဘယ်တုန်းက အနားရောက်နေမှန်း မသိသော စန်းရီ က သူမ ဖုန်းပြောပြီးတာကို စောင့်နေပုံနှင့် ...

"ရေချိုးဆူနေပြီ .. အဲ့ဒါ ဘာလုပ်ရမှာလဲလို့ .."

ကျောပေးနေရင်းကနေ မျက်နှာချင်းဆိုင် လှည့်ရပ်လိုက်ပြီး အငြိုး က စိုက်ကြည့်၏။

"ဘာလုပ်ရမယ်ဆိုတာ နင် လာမေးဖို့ မလိုဘူး .. နင့်အလုပ်က ငါ ခိုင်းတာကို လုပ်ဖို့ပဲ၊ နောက်ကို ငါ မခေါ်ဘဲနဲ့ အနားရောက်လာတာ မလိုချင်ဘူး .. ရှင်းတယ်နော် .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ .."

စန်းရီ လှည့်ထွက်သွားကာမှ အငြိုး က လက်ပိုက်၍ ...

"ခဏ နေဦး .."

"ရှင် .. ဟုတ် .."

စန်းရီ မျက်နှာ လှည့်လာမှ သူမ ရှေ့ကို လျှောက်သွားပြီး --

"ရေနွေးကို ကြွေဇလုံထဲ ထည့်ပြီး ဒေါ်ယဉ်မေ့ အခန်းထဲ ပို့
လိုက်၊ ပြီးရင် အပေါ်ထပ်မှာ လိုက်ကာတွေ သွားဖြုတ် .. အသစ်ပြန်
ခဲ့ပြီးမှ ဒေါ်ယဉ်မေ့ အခန်းထဲက မွေ့ရာခင်း လာလဲပေး .."

"ဟုတ်ကဲ့ .."

မမေးနဲ့ဆိုတော့လည်း မမေးရဲပါ။ ဒါပေမယ့် ပွက်ပွက်ဆူနေသည့်
ရေနွေးဇလုံကို မေမေကြီး အခန်းထဲမှာ ထားခိုင်းတာကတော့ ဘာ
အတွက်လဲဆိုတာ သိချင်မိ၏။

ရေပတ်တိုက်ဖို့.. ရေနွေးစိမ်ဖို့.. ဆေးအတွက် ဘာအတွက်ဖြစ်ဖြစ်
ရေနွေးသုံးရမှာနဲ့ပတ်သက်သမျှ မေမေကြီးကို သူမ လုပ်ကိုင်ပေးပြီး
သားပါ။

ထို့ပြင် မေမေကြီးအခန်းထဲမှာ စားပွဲက တစ်လုံးပဲရှိသည်။ ထိုပေါ်
မှာပဲ စားစရာတွေ၊ ရေချိုင့်တွေ တင်ထားတာ ဖြစ်သည်။

ရေနွေးတွေ မအေးခင် မေမေကြီး တစ်ခုခုရှာဖို့ စားပွဲပေါ်မှာ လာ
စမ်းလျှင် ခက်ပြီ ..။

"ဘာလုပ်နေတာလဲ .."

"အမလေး!..."

အခန်းဝရောက်မှ နောက်ပြန်ကြည့်မိစဉ် အငြိုး နဲ့ ပက်ပင်းတိုး
ပြန်၏။ စန်းရီ ပုံစံကိုလည်း အငြိုး မကျေနပ် ဖြစ်နေမိတာ ကြာပါပြီ။

ဒါကြောင့် အိမ်ဖော်တွေဘာတွေ လူတိုင်း မထားချင်တာ ဖြစ်မည်။
များသောအားဖြင့် စပ်စုမည်၊ အိမ်တွင်းရေးကို အပြင်မှာ ကြုံသလို





သလို အတင်းတုပ်မည်၊ ဘယ်မှာလဲ သစ္စာတရား ..။

စန်းရီ လည်း သူမ မကြိုက်သည့်အကျင့်စရိုက်တွေနဲ့ မိန်းကလေး
ဖြစ်၏။ ခိုင်းလိုက်ပြီဆို ပါးစပ်ကသာ မမေးရဲလို့ ပိတ်ချင်ပိတ်နေ
ည်။ မျက်လုံးထဲမှာ မေးခွန်းတွေချည်း အပြည့်အသိပ် ..။

"စန်းရီ လား .. စန်းရီ .."

အတွေးတွေနဲ့ ဝင်လာတုန်း ဒေါ်ယဉ်မေ ဒရင်းမ်ဘက်ဒ်ပေါ်ကနေ
ထိုင်ကာ တံခါးကို ကြည့်၍ မေးလာ၏။ ပြီးတော့ နားစွင့်ကြည့်နေ
သည်။ ဘာသံမှ တုံ့ပြန်သံ မကြားတော့ သူမဘာသာ ထလျှောက်
၏။ အငြိုး က အေးစက်စက်အပြုံးနှင့် စားပွဲခုံနားကို အသံတိတ်
လျှောက်သွားကာ ဒေါ်ယဉ်မေ ဘာလုပ်မလဲဆိုတာ ခဏ ပြန်စောင့်
ကြည့်သည်။

ဘီးဆံပတ်ထုံးထားသည့် ဆံပင်တွေ လျော့ရဲရဲ ပြေကျလျက် ..၊
မျက်နှာကြီး မို့အစ်နေသဖြင့် ဒေါ်ယဉ်မေ့ ပုံစံက အိပ်ရေးမဝသလို ဖြစ်
နေ၏။ ဒီမိန်းမကြီးကို အမေ လို့ ခေါ်လိုက်ရတိုင်း မကျေနပ်စိတ်က
အမြဲ ဒွန်တွဲပါနေတာမို့ လူကွယ်တာနှင့် ခေါ်ဖြစ်တာ 'ဒေါ်ယဉ်မေ'ပဲ
ဖြစ်သွားခဲ့၏။

ဒါမှမဟုတ် အဒေါ် ..၊ 'အမေ'လို့ တွင်တွင်ခေါ်ပေးနေရတာက
တော့ လိမ္မာအောင် ဆိုသည့်သားလိမ္မာတစ်ယောက် ရှေ့မှာပင်။ ဒါကြောင့်
ချစ်ခြင်းနဲ့ အမုန်းတရားတွေ အမြဲတမ်း စစ်ခင်းနေခဲ့ရသည့် ရင်ထဲမှာ
ဒီမိန်းမကြီးကို ပညာပေးဖို့ လိုအပ်သည့် သယံဇာတတွေ အပြည့် ..။

"ရေထည့်ထားရဲ့လား မသိဘူး .."

ဒေါ်ယဉ်မေ့ စကားသံနှင့်အတူ လက်က စားပွဲပေါ်ကို စမ်းလိုက်
လျှင် အငြိုး က ရေချိုင့်ကို အသာလေး ဆွဲယူလိုက်ပြီး ဇလုံကို ရှေ့တိုး
ပေးလိုက်ရာ ...

"ဘယ်ရောက် .. အား!..."



www.burmeseclassic.com

www.burmeseclassic.com



"ဒုန်း .."

"အမလေး .. လုပ်ကြပါဦး .. ပူလိုက်တာ .."

ရေချိုင့်ကို မစမ်းမိဘဲ ရေနွေးဇလုံထဲကို စွပ်ခနဲ ဝင်သွားသည့်လက်က အထိတ်တလန့် ပြန်ရုတ်လျှင် ဇလုံက လက်နဲ့တိုက်၍ ကြမ်းပေါ် ထိုးဆင်းသွား၏။

ထို့ကြောင့် ရေနွေးတွေ ခြေထောက်နှစ်ဖက်မှာပါ လောင်ကုန်ကာ ဖင်ထိုင်ကျသွားသည့် ဒေါ်ယဉ်မေ သည် အငွေ့တထောင်းထောင်းထနေသည့် ထဘီအနားစကို ပွတ်ခါ လူးပျံလျက် ...

"သားရေ .. စန်းရီ လာပါဦး .. ပူလွန်းလို့ပါ .."

ပူမှာပေါ့ ..၊ အဲဒါ ရှင် ကျွန်မအပေါ် ထားခဲ့တဲ့ မေတ္တာရေတွေဖဲလေ ..၊ ထား မဟုတ်တဲ့ ကျွန်မကို ရှင် မလိုလားခဲ့ဘူးမို့လား ..။

လက်ပိုက်ကြည့်နေရင်း ပခုံးတွေ လှုပ်အောင် အသံတိတ် ရယ်မိသည်။ ပူလွန်းလို့ အော်ပြီး ကြမ်းပေါ်မှာ လိမ့်နေတာ သင်းအတွက်ကတော့ ပူလှုပြီပေါ့..။ ကိုယ့်အလိုဆိုရင်တော့ နည်းနေသေးသည်။ မီးဖိုပေါ်ကချတဲ့အချိန်နဲ့ သင်းရဲ့လက် ဝင်တဲ့အချိန်က ကွာနေသေးတာကိုး ..။

ဒီနေရာမှာ တကယ်ဆို ဆီပူအိုးကြီး ဖြစ်ရမှာ ..၊

တန့်နဲ့ ထပ်ဖြစ်ရင်း အငြိုး ရယ်နေတာ ရပ်၏။ ပြီးတော့ တံခါးဆီ ပြန်ဆုတ်သွားပြီးမှ...

"ဟောတော် .. ဘာတွေ ဖြစ်ကုန်တာလဲ .."

"အငြိုး .. လာပါဦး သမီးရယ် .. လုပ်ပါဦး .. အမေ့ကို ရေနွေးပူတွေ လောင်ကုန်ပြီ ..၊ စန်းရီ ဒီပေါ်မှာ ရေနွေးတွေ ဘာလုပ်ဖို့ တင်ထားလဲ မသိဘူး .."

"ဩော် .. ရေနွေးယူလာတာ အဒေါ်ကို တစ်ခုခု လုပ်ပေးမလို့ဖြစ်မှာပေါ့၊ ရေနွေးက သူ့ဟာသူ နေတာ .. အဒေါ် မမြင်မစမ်းနဲ့ ဘာဖြစ်လို့ ဟိုဆွဲဒီဆွဲ လျှောက်ဆွဲတာလဲ .."





"အမေ ရေသောက်ချင်လို့ပါ .. လုပ်ပါဦး .. ဆေးလိမ်းပေးပါဦး သမီးရယ် .."

"ဒီရေနွေးက ဘာလုပ်ဖို့လဲ စန်းရီ .. ဟဲ့ .. စန်းရီ ဘယ်သွားနေလဲ..၊ လူမမာလည်း မကြည့် .. အလုပ်လုပ်ရင်လည်း ဟိုကျန်ဒီကျန် ..၊ ဟဲ့ .. စန်းရီ .."

အငြိုး စိတ်တို ကြိမ်းမောင်းသည့်အသံ ဝေးကွာသွားလျှင် စန်းရီ ရောက်လာတော့မှာလို့ ထင်လိုက်မိ၏။ လူမမာတစ်ယောက်ကို ပြုစုဖို့ အငြိုး စိတ်ဝင်စားမှာ မဟုတ်ဘူးဆိုတာကို နားလည်ပြီးသားမို့ စန်းရီကို သွားခေါ်လည်း အပြစ်မမြင်ခဲ့ပါ ..။

ဒါပေမယ့် ဘယ်သူမှ ရောက်မလာသည့်အခါ ..၊

"ရက်စက်လိုက်ကြတာ .."

အပူလောင်သည့် ဝေဒနာနှင့်အပြိုင် ရင်ထဲမှာ လောင်မြိုက်ခြင်းက ဘယ်သင်းက ပိုသာသည် မသိ ..၊ ဒေါ်ယဉ်မေ မျက်ရည်ပေါက်ပေါက် ကျလေသည်။

စန်းရီ အနီးအနားမှာ အမြဲရှိနေတတ်တာကို သူ သိသည်။ အော်ခေါ်တာတောင် ရောက်မလာဘူးဆိုတာကိုတော့ ..၊

'ဘုရား တပည့်တော်မ ဝဋ်ကြွေးရှိရင် ဒီဘဝမှာပဲ ကျေပါစေ'လို့သာ ဆုတောင်းမိ၏။

ဘာတွေဖြစ်ဖြစ် သားလေး သိအောင် ပြန်မပြောတော့ဘူးဆိုတာ ရင်ထဲမှာ အနိုင်အမာ ဆုံးဖြတ်ပြီးသား ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၀)

"ဘယ်လိုမှကို ထွက်လာလို့ မရလို့ပါ .. ငါ မနေ့က ည ဆယ်နာရီထိုးခါနီးမှ အိမ်ပြန်ရောက်တာ .."

"ဟုတ်လား .. အဲဒီလောက် အလုပ်များနေတာ ထား ဆီ ဘာလို့လာရတာလဲ ကိုကိုရယ် .. ထား က ခဏတဖြုတ်နေပြီး ပြန်မယ့်သူမှ မဟုတ်တာ .."

လိမ္မာအောင် က ဝင်လာကတည်းက တောင်းပန်သည်။ ဒေါ်မြမြနဲ့ ဒေါ်စုစု တို့ ညနေတိုင်း လမ်းလျှောက်ထွက်ကြတာမို့ ပြန်ဝင်လာတာနှင့် တိုးကာ လိမ္မာအောင့် ကို လှည့်ကြည့်သွားသည်။

မလိုလားသည့်မျက်နှာတွေ ရှိသော်လည်း ဘာမှမပြောဘဲ တန်းဝင်သွားကြ၏။ ထား မျက်နှာလေး မကောင်းရှာပါ။ ဒါကို သူလည်း သိသည်။

မောင်နှမနှစ်ယောက် ဟိုတစ်ချိန်က ချစ်ခင်တွယ်တာခဲ့ကြသလောက် အိမ်ထောင်တွေ ကျကုန်ကာမှ မျက်နှာချင်းဆိုင်ဖို့ ခက်ခဲရတဲ့ အခြေအနေထိ ဖြစ်သွားခဲ့ကြသည်။ ဘာကြောင့်ဆိုတာ ပြစရာမရှိပေမယ့် ရင်ထဲမှာ မကောင်း ..။





"ညီမလေး .. ကိုကိုတို့ အပြင်မှာ တစ်ခုခု သွားစားရင်း စကားပြောရအောင်လေ ..၊ စောပါသေးတယ် .."

ထား ကို သူ အားပေးချင်သည်။ ဂရုမစိုက်သလို နေခဲ့မိတာတွေအတွက်လည်း အားပေးချင်၏။ နောက်ပိုင်းမှာ အရင်လိုပဲ တစ်ယောက်ကိုတစ်ယောက် ရင်းနှီးစွာ တိုင်ပင်၍ ချစ်ချစ်ခင်ခင် နေသွားကြဖို့ပါ..။

ညီမလေးမှာ လင်သားမရှိတော့ဘူးဆိုသည့်အသိက ကိုယ့်ညီမလေးအဖြစ် ပြန်ရောက်လာလိုလို စိတ်မှာ နွေးထွေးကာ ဒီနောက်ပိုင်းမှာ ဘယ်သူတွေ ဘယ်လိုရှိရှိ ဂရုမစိုက်ချင်သောသတ္တိတွေ ဖြစ်ခဲ့သည်အထိ..။

"ဘယ်လိုလဲ .. လာပါ .. သားကြီးကိုပါ ခေါ်ခဲ့ .. ကိုကို ချီထားချင်လို့ .."

အဲဒီလိုပုံစံမျိုးနဲ့ ထွက်လို့ မသင့်တော်ဘူးဆိုတာ ပိုပြီး သတိထားရမယ့်အချက် ဖြစ်သည်။ ထား တို့အပေါ်မှာ အမြှုံး ဘယ်လိုသဘောထားလဲဆိုတာ ကိုကို မသိဘူးလား ..။

နှုတ်မှ ထုတ်ဖော်မမေးဖြစ်ပေမယ့် ထား ပြောရခက်သွားခဲ့၏။

ဈေးမှာတုန်းက ပြောစရာရှိသည်လို့ ပြောခဲ့မိတာ ကိုယ်ပဲမို့ ...

"နေညိုနေပြီဆိုတော့ အေးနေပြီ ကိုကို ..၊ ဒီမှာပဲ စကားပြောရအောင်နော် .."

ပြောလိုက်တာနှင့် လိမ္မာအောင့် မျက်နှာကလည်း နားလည်သွားသည့်အသွင်မျိုး ဖြစ်သွားကာ ...

"ပြီးရောလေ .. ဒါဆိုလည်း သားကို သွားခေါ်လိုက်ပါဦး၊ ကိုကို့ကို မချီနိုင်းတော့ဘူးလား .."

ထား ခေါင်းလေးညိတ်၍ ထသွားပြီး ပြန်လာတော့ သားလေးကို ကိုကို့လက်ထဲ ထည့်ပေးလိုက်သည်။ နောက်က နုနု ပါလာသဖြင့် ပြန်လှည့်ကြည့်ကာ ...

"ရတယ် နုနု .. သားကို ငါပဲ ထိန်းလိုက်မယ်၊ အထဲမှာ လုပ်စရာ



www.burmeseclassic.com

www.burmeseclassic.com



ရှိတာ သွားလုပ် ..''

"ဟုတ်ကဲ့ ..''

"သားကြီးက ဖွေးကစ်နေတာပဲနော်..၊ ကိုကို့သားဆို ဘယ်လောက် ကောင်းမလဲ ..''

ကလေးကို ပွေ့ပိုက် နမ်းရှုံ့ရင်း စိတ်လွတ်ကိုယ်လွတ် ပြောလိုက်မိ၏။ ပြီးမှ ဆေးဆိုင်ထဲမှာ အရောင်းဝန်ထမ်းမိန်းကလေး ရှိနေတာကို သတိရသွားသည်။ ထို့ကြောင့် ထား ကို ရှက်ရယ်ရယ်ပြမိရင်း ...

"အငြိုး ကို ကလေးယူနိုင်းဖို့ တွေးမိပြီး စကားပြော လော်သွားတာ .. ဆောရီးကွာ ..''

တောင်းပန်ပြီး ရင်နင့်ခြင်းတွေ ကျန်ခဲ့ရတာ သူပဲဖြစ်သည်။ အိမ်ထောင်ပြုပြီးကြပြီဆိုတည်းက သားသမီး လိုချင်ခဲ့တာ ရှူးလို့ပါ။

ဒါပေမယ့် အငြိုး က နည်းနည်းလေးမှ စကားစလိုက်လို့ မရ။ သားသမီးယူခြင်းဟာ သူမအတွက် ခလုတ်ကန်သင်းတစ်ခုလို မြင်နေခဲ့လျက်..၊ ဘယ်အချိန်ထိ ဒီတိုင်း ယူဆနေမလဲဆိုတာလည်း မသိ ..။

"ကိုကို့ ..''

"ဟင် ..''

"အငြိုး ရဲ့စိတ်ကို ကိုကို သိသားပဲ၊ တဖြည်းဖြည်းတော့ သူ နားလည်လာမှာပါ၊ တကယ်ဆိုရင် ချစ်ကြိုက်ကွဲညား ဖြတ်သန်းလာခဲ့ပြီး ဓာတ်ပေါင်းခန်းမှာ ကွဲကြတာ .. ညားကြတာဟာ ဓာတ်သိမ်း မဟုတ်ဘူးလေ ..၊ အဲဒီကမှ ဘဝက စတာ .. ဘဝတစ်ခုမှာ ရွှေငွေစည်းစိမ်ကချည်း အဓိကကျတာမဟုတ်မှန်း သူ တစ်နေ့ သိလာမှာပါ''

မောင်နှမအရင်း မဟုတ်ကြပေမယ့် သူ တစ်ချက် ငိုင်သွားလိုက်တာနှင့် ဘာဖြစ်သွားတာမှန်း ထား က ရိပ်မိနေသဖြင့် ပြုံးလိုက်မိသည်။ အပြုံးကတော့ မပီပြင်ပါ ..။

"အငြိုး က အရမ်း ကလေးဆန်တာ .. ချစ်ဖို့ ကောင်းတယ်၊





ါပေမယ့် တစ်ခါတစ်ခါကျတော့ လန့်မိတယ်''

"ဘာဖြစ်လို့လဲ ..''

"ဘာဖြစ်လို့ဆိုတာလည်း မသိဘူး .. သူ့ကို နားလည်နေခဲ့တယ်လို့ င်ပေမယ့် တစ်ခါတလေ နားမလည်နိုင်အောင် ဖြစ်ဖြစ်သွားတော န့်တယ်၊ ဒီလိုကွာ .. ကိုကိုက ချစ်ခဲ့ရတဲ့သူမို့လား .. အဲဒါကြောင့် ု ငြိုငြင်မှာကို ရှောင်ရှားချင်တာလေ၊ အရှောင်မတတ်လို့ ငြိမိကြရင် ဲဒါကို မရှင်းချင်ဘူး .. ထူထောင်မိတဲ့ အိမ်ထောင်ရေးကို ကိုကို့ဘက် ာ ချို့ယွင်းချက်ကြောင့် .. ဒါမှမဟုတ် သည်းမခံနိုင်လို့ ပျက်စီးကြမှာ ို ကိုကို့ကြောင့် မဖြစ်ချင်ဘူး၊ ဘာပဲဖြစ်ဖြစ် .. နှစ်ဦးနှစ်ဖက် နားလည် လည်း နိုင်မြဲမှာမို့လား ..၊ အဲဒါကြောင့် သူ့ဆီက နားလည်မှုကို လိုချင် ဲ့စိတ်က ငါတို့ ဖြစ်ကြပါ့မလားဆိုပြီး ခြောက်လှန့်လာတာ ..''

ကိုကိုပြောတဲ့ အိမ်ထောင်ရေးထဲမှာ မိဘတွေရဲ့အခန်းကဏ္ဍ မပါ ါလား ..၊ အငြိုး ရဲ့အဖေ အငြိုး နဲ့ ဘယ်လိုအနေအထား ရှိသလဲ ..။

အိမ်မှာ အမေနဲ့ အငြိုး .. တစ်နေ့ ဘယ်နှစ်ခါ မျက်နှာချင်းဆိုင်ပြီး င့်မြတ်တဲ့အချိန်က နည်းနေသလား ..၊ များရဲ့လား ..။

ကိုကို အမေ့ကိုများ မေ့နေပြီလားလို့ မထင်ချင်ပေမယ့် ထင်လာမိ ည်။ ပတ်ဝန်းကျင် မမြင်ချင်အဆုံး ..၊ မကြားချင်အဆုံး ဖြစ်လောက် အောင် အမေ အဖြစ်ဆိုးနေတာတွေ ..၊ ကိုကို တကယ်ကို မသိမမြင်ခဲ့ ူးလား ..။

"အမေ့ကျန်းမာရေး ကိုကို သေချာ စစ်ပေးရဲ့လားဟင် ..''

အိမ်ထောင်ရေးအကြောင်း ညည်းညူမိဆဲမို့ ထား က ကြားဖြတ် ေးလိုက်တော့ လိမ္မာအောင် က မျက်လုံးချင်းဆုံပြီး ကြည့်၏။

"ကိုကို အမြဲတမ်း စစ်ပေးနေတာပါ၊ အမေ့အတွက်ဆို အငြိုး ိုယ်တိုင်က လိုက်လျောဖို့ ကြိုးစားပေးတယ်၊ ဒါတော့ ကိုကို သူ့ကို ျေးဇူးတင်ပါတယ်၊ အမေ တစ်ခါတလေ စိတ်လွတ်ပြီး ထင်ရာပြော၊



www.burmeseclassic.com

www.burmeseclassic.com



အော်ငေါက်တာရှိရင်တောင် သူ ငိုမဲ့မဲ့လေးတော့ ပြုံးနေရှာတယ် ..

အငြိုး အဲဒီလောက် ဟုတ်ပါ့မလား ..။

ထား သိပ်တော့ မယုံချင်ဝေ ..၊ သတင်းကြားခဲ့ရတာ မနှစ်တုန်း ကသတင်း မဟုတ်ပေ ..။ ဒါပေမယ့် ဘယ်သူမှ သေချာသိကြ မဟုတ်တော့လည်း ဘာကိုမှ အမှန်တရားပါလို့ မပြောနိုင် ..။

"ညီမလေး တစ်ခုလောက် ပြောချင်လို့ ကိုကို .."

"ပြောလေ .."

မောင်နှမချင်း စကားကောင်းပြောမိကြပြီဆို ကိုကိုတွေ ညီမ တွေဖြစ်ကာ နှစ်ယောက်စလုံး ချစ်ခင်တွယ်တာသည့် နွေးထွေးမှု တွေနဲ့ ဆက်ဆံမိကြတာ ဟိုတုန်းတည်းက ..။

စကြ နောက်ကြနှင့် စိတ်တို အော်ဟစ်ကြပြီဆိုရင်တော့ ကိုယ်း 'မိထား နော် .. ငါနော် နဲ့ .. ဖြစ်သွားကာ ထား ကလည်း ထား ပဲ သွားလေသည်။

ကိုကို့ပေါင်ပေါ်မှာ ငြိမ်သက် လိုက်ငေးနေသည့် သား နဲ့ ကိုယ်း တစ်ချက် ငေးသွားမိရင်း ထား ရင်ထဲမှာ ဘာကို လွမ်းဆွတ် နှမ်း မှန်း မသိ ..။

"ဟိတ် .. ဘာကြည့်နေတာလဲ .. ပြောလေ .."

"ကိုကို ညီမလေးကို တစ်မျိုး မထင်ရဘူးနော် .."

"မထင်ပါဘူး .. ငါတို့က အဲဒါမျိုးတွေ စကားပလ္လင်ခံနေရ လူတွေလား ..၊ ဘာလဲ .."

"အမေ့ကိုလေ .."

"ပြောလေ .. ဘာဖြစ်လို့လဲ .."

"ညီမလေး တစ်လှည့် ပြုစုချင်လို့ပါ .."

လိမ္မာအောင် က စိုက်ကြည့်နေပြီးမှ ပြုံးကာ ...

"ညီမလေးရာ .. နင် အဆင်ပြေနေရင်တော့ ဒါကို ကိုကို ခွင့်





ပေါ၊ အခု ညီမလေးတို့ သားအမိ .."

"အဆင်ပြေပါတယ် ကိုကို .. ညီမလေး ကိုကြီးရဲ့ တစ်နှစ်ပြည့် အထိမ်းအမှတ် ဒီမှာ အလှူဒါနလေး ပြုပြီးတာနဲ့ ရန်ကုန်ပြန်တော့မှာ.. အဲဒီကျရင် ..."

"အံ့မယ် စိတ်ထား ပါလား ..၊ ငါတို့က ဒီဘက်ကကြည့်တော့ အငြိုး တို့လင်မယား ဘယ်လိုဖြစ်လို့ ဒီထဲ ရောက်နေပါလိမ့်လို့ .."

"ဟင်!..."

ဆိုင်ဘက်ကနေ လှမ်းပြောလိုက်သည့် စကားသံတွေကြောင့် ထား မျက်နှာလေး ပျက်သွား၏။

"အေးလေ .. ငါတို့က လိမ္မာအောင် ကိုပဲ လှမ်းမြင်တော့ ကလေး နဲ့ လင်မယားနှစ်ယောက်ပုံ ပေါက်နေတာနဲ့ မိသားစုလေး တစ်စလိုပဲ.."

"နင်ကလည်း .. အငြိုး က ကလေးမှ မရသေးတာ .."

"အေးနော် .. ကေ့ လိမ္မာအောင် က ကလေးလိုချင်တာနဲ့ပဲ ဒီမှာ .."

"ဟော့ .."

အငိုက်မိကာ မျက်နှာတွေ ပျက် ..၊ အသက်ရှုမှားနေကြစဉ် ထား တို့နောက်က ဒေါ်မြမြစံ အသံထွက်လာ၏။

"ညည်းတို့ အဲဒီလို မဟုတ်တမ်းတရားပြောပြီး အကုသိုလ်များ ချင်လို့ လာကြတာလား .."

"မဟုတ်ပါဘူး .. ဆေးလာဝယ်တာ .."

ဒေါ်မြမြစံ နောက်ထဲကနေ ဆိုင်ထဲဝင်လာသဖြင့် ဒေါ်ချစ်စုနဲ့ သူ့ ချွေးမတို့ မျက်နှာတွေ ချက်ချင်းလွှဲပစ်ကာ ခြေလှမ်းပြင်၏။ ဒါပေမယ့်...

"ဆေးဝယ်လာတာ ဝယ်ပြီးရင် ပြန် ..၊ စိတ်ထားမြတ် က ငါ့မြေး ချွေးမ .. ငါ့သမီး၊ ဘယ့်နှယ် .. ပါးစပ်တစ်ခုရှင်းပြီး လေ အလကား ရတိုင်း အကုသိုလ် ဝယ်နေတယ်၊ စည်းမရှိ ကမ်းမရှိ အယုတ်နှမ်းတွေ.."



www.burmeseclassic.com

www.burmeseclassic.com



"မမြ ကလည်း ဈေးရောင်းနေပြီး ဆက်ဆံရေးက ကျဲလှ
လား .."

"ဟုတ်တယ် .. ဆက်ဆံရေးကို ငါက အရောင်မတင်ဘူး၊
အတိုင်းပဲ .."

ဒေါ်မြမြစံ မျက်နှာက ဒေါသကြောင့် နီရဲနေလျက် ...

"ဈေးရောင်းရဖို့အတွက်နဲ့လည်း စည်းမရှိကမ်းမရှိ ပြောတတ်
ပါးစပ်မှန်သမျှကို သည်းခံမျိုသိပ်ပြီး လာပါ .. ဝယ်ပါ မခေါ်ဘူး၊
မယ့်လူ မရှိတော့ရင် ဆိုင်ဖွင့်ပြီး အလှူပေးပစ်လိုက်မယ် .. အဲဒီတော့
ဘာမှမဝယ်ဘဲ ပြန်လို့ရပြီ .."

အခြေအနေတွေက မထင်မှတ်ဘဲ ဆိုးဆိုးဝါးဝါးတွေ ဖြစ်ကုန်၏။
ကိုကိုနဲ့ ထား တို့ကို ဘာမှ မပြောခဲ့ပေမယ့် ထိုညက ကြီးကြီး ခေါင်းမူး
သည်လို့ဆိုကာ နောက်နေ့ နေ့လယ်စာစားချိန်အထိ နာလန်မထူခဲ့ပေ။

ဒီအဖြစ်အတွက် စိတ်မဆင်းရဲစဖူး ဆင်းရဲသွားခဲ့သူက လိမ္မာ
အောင် ဖြစ်သည်။ ပတ်ဝန်းကျင်ရဲ့ဂယက် ဒီလောက်ထိ ပြင်းထန်နေခဲ့
သည်လို့ သူ ဘယ်တုန်းကမှ အလေးအနက် တွေးမကြည့်ခဲ့ဘူးပေ။

ဒါမှမဟုတ် ဒေါ်မြမြစံ ပြောသလို လူတွေရဲ့ပါးစပ်တွေကပဲ
အလွယ်တကူ စည်းကမ်းမဲ့နေကြတာလား ...၊

အားလုံး၏နောက်ကွယ်မှာ အငြိုး ရဲ့ ဟားတိုက် ရယ်နေသံကို
တော့ ဘယ်သူမှ မကြားခဲ့ဘဲရှိရာ ...၊





## အခန်း (၄၁)

"ဘယ်သူ ရယ်နေတာလဲ ...၊ အပြင်မှာ ဘယ်သူလဲ ...၊ ငါ .. ငါ ရေဆာလို့ပါ၊ သားရေ .. အမေ့ကို ရေတိုက်စမ်းပါ .."

တံခါးကို ထုနက်ခေါ်ရင်း လက်တွေက အင်အားမဲ့လာ၏။ ဆေးတွေ လာတိုက်တိုင်း ရေက နည်းနည်းလေး ...၊ ခေါင်းတွေ ကိုက်စဲနေတာ ပြတ်ထွက်မတတ် ဖြစ်နေလို့ ဆေးတွေ သောက်နေလည်း ဝေဒနာက လျော့ပါးသွားသည် မရှိပေ။

ဆေးသောက်နေရင်း ရောဂါမပျောက်ဘဲ တစ်ကိုယ်လုံး အားအင်ကုန်ခန်းကာ ရေပဲ ဆာနေသည်။ လူက နတ်ပူးသလို ဖြစ်လာ၏။

ကြာတော့ သားရေ .. သမီးရေ .. လို့ မခေါ်ချင်တော့ဘဲ 'လာကြပါဦး .. ကယ်ကြပါဦး' လို့ အော်ချင်လာ၏။

"အပြင်မှာ လူရှိလား ...၊ ဘယ်သူဖြစ်ဖြစ် ငါ့ကို တံခါးဖွင့်ပေးပါ"

"ဒုန်း .."

"အမလေး .."

တံခါးကို ပြင်းထန်စွာ ထိမှန်လာသည့် တစ်စုံတစ်ရာကြောင့် အားရှိသမျှနှင့် ထုနက်နေသည့် ဒေါ်ယဉ်မေ့ တစ်ကိုယ်လုံး နောက်ကိုအတွန်းခံလိုက်ရသလို လန့်ထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



အစက အထိတ်တလန့် ဆုတ်လိုက်မိတာဖြစ်ကာ နောက်တော့ အပြင်မှာ လူရှိနေမှန်း သိလိုက်သဖြင့် တံခါးဖွင့်မပေးတာကို ဒေါသဖြစ်သွားလျက် ...

"ဘယ်သူလဲ အပြင်က ..၊ ဖွင့် .. အခုဖွင့် .. ဖွင့်ပေးနော် .."

ဒေါ်ယဉ်မေ တစ်ယောက်ယောက်ကို ခေါ်ချင်နေသည်။ မျက်နှာတွေ အများကြီး အာရုံထဲမှာ ပေါ်လာနေ၏။ ဒါပေမယ့် ဘယ်သူတွေမှန်း မသိ ..။

လူတွေကို တရင်းတနှီး သိနေပါလျက်နှင့် နာမည်ခေါ်ဖို့ကျမှ နှုတ်ဖျားမှာပဲ မေ့လျော့ပျောက်ကွယ်နေခဲ့သည်။

"တံခါးဖွင့်ပါ .. ဟိုကောင် .. ဟိုကောင်လေး .. ငါ့ကို ကယ်ပါဦး။ ဟိုစုန်းမ .. ဟုတ်တယ် .. သရဲမက ငါ့ကို ဒီထဲ ထည့်ထားတာ .."

ကယောင်ချောက်ချား လွှတ်ထွက်နေသည့်စိတ်ထဲမှာ သားဆိုတာ မသိ ..၊ သမီးကိုလည်း သတိမရ။ အာရုံမှာထင်နေသော မျက်နှာတစ်ခုသည်သာ ဘီလူးသရဲသဖွယ် ..၊

"ဒုန်း .. ဒုန်း .."

အခန်းထဲက ထုရိုက်သံတွေ ပြန်ပေါ်လာသည်နှင့် စန်းရီ ခြံထဲကနေ ပြေးတက်လာ၏။

"ဘာလာလုပ်တာလဲ .."

"မမလေး .."

လက်ထဲမှာ ကြေးပန်းအိုးကြီးကို ကိုင်လျက် အငြိုး မျက်နှာက တကယ့် ငြိုးသူရန်ဘက်သဖွယ် ..၊

"ဟို .. ဟိုလေ .. ကျွန်မက .. မမလေးကို တစ်ခုခုနဲ့ ပေါက်လိုက်တာလားလို့ပါ .."

"ဘာဖြစ်ဖြစ် လာကြည့်ဖို့ မလိုဘူး၊ နင့်နာမည် ငါ မခေါ်ဘဲ ခေါင်းမပြူနဲ့ .."





"ဟုတ် .. ဟုတ်ကဲ့ပါ .."

စန်းရီ လက်ဖဝါးတွေပါ အေးချင်လာ၏။ မေမေကြီးကို ရေနွေးလောင်ဒဏ်ရာ ဖြစ်စဉ်တည်းက အခန်းထဲက ပေးမထွက်စေခဲ့တာပါ။

ခုတော့ အခန်းပိတ်ထားတဲ့အထိ ဖြစ်သွားခဲ့ပြီမို့ ထိတ်လန့်နေမိသည်။ သူမ ကြားလိုက်ရသော တဒုန်းဒုန်းအသံတွေက အထဲကလား..၊ အပြင်ကလား ..။

အထဲကရော အပြင်ကရော ဖြစ်နိုင်ချေရှိနေလျက် အထဲက ထုနေတာ ပိုဖြစ်နိုင်၏။ ဘာဖြစ်လို့လဲဆိုလျှင် အပြင်မှာ လိမ့်နေသည့် ရေအပြည့်နှင့် ရေသန့်ဘူးတစ်ဘူးသာ ကြမ်းပေါ်မှာရှိနေကာ ပန်းအိုးက မမလေး ကိုင်ထားဆဲ ..၊

ဆေးတွေ ခဏပြီးခဏ ဝင်တိုက်နေရတာ သူမပဲဖြစ်ကာ စားသောက်စရာကျွေးတော့ မုန့်ပဲသွားရည်စာလောက်ပဲ ရှိသည်။ တစ်နေ့တခြား အဖြစ်ကဆိုးလာနေပြီး ကြာလျှင် မေမေကြီး ရူးသွားမလား မသိ ..။

အစ်ကိုလေးကလည်း မိုးလင်းက ထွက်သွားပြီး ည ကိုးနာရီကျော်လောက်မှ ပြန်လာရတာ သုံးရက်လောက်ရှိပြီ ထင်သည်။ ဒီတိုင်းဆိုလျှင်...

"တီ .."

ဆိုင်ကယ်လ်သံကြားလိုက်ရသဖြင့် အစ်ကိုလေး ပြန်လာသလားဆိုပြီး ဝမ်းသာသွားကာ စန်းရီ အိမ်ခေါင်းရင်းကပတ်၍ ရှေ့ကို ပြေးထွက်ခဲ့၏။

"အစ်ကိုလေး .."

တကယ်ပဲ အစ်ကိုလေး ပြန်လာတာမို့ စန်းရီ ဝမ်းသာသွားကာ သတိလက်လွှတ် ခေါ်လိုက်မိ၏။ လိမ္မာအောင် က အိမ်ထဲဝင်မိပြီးမှ နောက်ပြန်ဆုတ်လာပြီး စန်းရီ ကို တွေ့မှ ...

"ဘာလဲ .. အထဲမှာ နင့်မမ ရှိလား ..၊ အရေးကြီးတယ်ဆိုပြီး ဖုန်းဆက်လို့ .. ဘာဖြစ်နေလို့လဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ရှင်!..."

အစ်ကိုလေးက မမလေး ခေါ်လို့ ပြန်လာတာလား ..၊

စန်းရီ မျက်လုံးဝိုင်းသွားတုန်း သူမအကြောင်း သိပြီးသားမို့ ထပ်မမေးတော့ဘဲ လိမ္မာအောင် က အထဲကို တန်းဝင်သွားသည်။

မမလေး ဘာဖြစ်လို့လဲ ..၊ တစ်ခုခု အရေးကြီးတာကို သူမကို မခေါ်ဘဲ အဝေးကလူကို လှမ်းခေါ်ရသလား ..။

လိမ္မာအောင် ကတော့ စန်းရီ မျက်နှာပေါ်က အကြောင်းကြောင်း ပြူးတူးပြဲတဲ အမူအရာတွေကို အကဲခတ်မနေပါ။

ပြန်လာနေပါပြီဆိုတာတောင် ခု မြန်မြန် ပြန်ခဲ့ပါလို့ အရေးတကြီးခေါ်သံ ကြားကတည်းက တစ်ခုခုဖြစ်ပြီကို တွေးမိပြီးဖြစ်သည်။

ထို့ကြောင့် ရေးကြီးသုတ်ပျာ ပြန်လာခဲ့ရတာ ဖြစ်သည့်အတိုင်း...

"ဒုန်း .."

"အား!... လုပ်ပါဦး၊ စန်း .. စန်းရီ .. စန်းရီ လာပါဦး .."

"ဘယ့်က စန်းရီ လဲ ..၊ နင်ကမှ ဒုက္ခပေးတာ .. သရဲမ ကဝေမ နင့်ကို မုန်းတယ် .."

"အမလေး!... စန်းရီ ရေ .."

"အမေ .. အမေ့ .. မလုပ်နဲ့ .. လွှတ်လိုက်ပါ .. အမေ .."

သူ့မျက်လုံးထဲမှာ ပြာသွားသည်။ အခန်းရှေ့မှာ အငြိုး နဲ့ အမေလုံးထွေးနေကြတာ အမေက အပေါ်က ခွစီးထား၏။ အမေ့ဆံပင်တွေဖားလျားပြေကျနေကာ အငြိုး ကို လည်ပင်းညှစ်ဖို့ ကြိုးစားနေ၏။

"အမေ မလုပ်နဲ့လေ .. လွှတ် .. လွှတ်လိုက်ပါ .."

"အား .. အစ် .. အစ် .."

"ဒုန်း .."

ဘယ်လိုမှ ဖြည်မရသဖြင့် အခြေအနေတွေ ဆိုးကုန်မှာစိုးကာ အမေ့ပခုံးကို ဘောတိုက် တွန်းချပစ်လိုက်ရ၏။





ဒေါ်ယဉ်မေ ကြမ်းပေါ် လဲကျသွားမှ အငြိုး ချောင်းတဟွတ်ဟွတ်နှင့် ကတုန်ကယင်လေး ထထိုင်ရှာသည်။

"အငြိုး .."

"အဟွတ် .. အဟွတ် .. အဟင့် .. မောင် .. အဟွတ် .."

သူ့ရင်ခွင်ထဲ မှီချလိုက်ပြီး တရှိုက်ရှိုက် ငိုနေတာ အသားလေးတွေပါ ဆတ်ဆတ်တုန်နေရှာသည်။

"အငြိုး ရယ် .."

သူ ရင်နင့်အောင် သနားမိလျှင် အငြိုး ကို မွေ့ပိုက်ထားစဉ် ဒေါ်ယဉ်မေ တုံးလုံးလဲနေရာမှ တဖြည်းဖြည်း ထထိုင်ရင်း ...

"အား .. နာလိုက်တာ .."

တံခါးစောင်းနဲ့ နဖူး တိုက်မိပြီး သွေးစို့အောင် နာသွားသဖြင့် ကသောင်းကနင်းဖြစ်နေသော စိတ်တို့က နာကျင်မှုတစ်ခုဆီမှာပဲ စူးစိုက်လာ၏။ ထိုအခါ စိတ်သည် ပုံမှန်သွားနှုန်းဖြင့် လည်ပတ်ခဲ့ပြန်ရာ...

"သား .."

"ဘာလုပ်တာလဲ အမေ .. တစ်အိမ်တည်းနေနေကြတဲ့ မိသားစုချင်း အမေက ဒီလိုလုပ်ရသလား .."

"အမေ့ကို ပြောနေတာလား .. ဟုတ်လား သား .. အမေ ဘာလုပ်လို့လဲ ..၊ ဘာမှ မလုပ်ရပါဘူး သားရယ် .. ခုန .. အင်း ခုနက .."

ဒေါ်ယဉ်မေ မျက်လုံးတွေ အထက်လှန်၍ စဉ်းစားသလို မော့ငေးရင်း ...

"ခုနက အမေ ဗိုက်အရမ်းဆာနေလို့ .."

"အမေ့ကို မပြောပါနဲ့ မောင်ရယ် .. မောင့်ကို ပြောသားပဲ၊ အမေက သူ့စိတ်နဲ့ သူ့ကိုယ်မှ မဟုတ်တော့တာ၊ အဟွတ် .. အဟွတ် .. အငြိုး .. အငြိုး .. အမေ့ကို စိတ်မဆိုးပါဘူး .."

အငြိုး က လိမ္မာအောင့် လည်ပင်းကို ဖက်ထားလိုက်ကာ စကား



www.burmeseclassic.com

www.burmeseclassic.com



တွေ တတွတ်တွတ် ဆို၏။ ပြီးတော့ ငိုလည်း ငိုနေရင်း ...

"အငြိုး ကို နောက်တစ်ခါ မောင် မပြန်နိုင်သေးဘဲ ပြန်နင့်တော့ လို့ ဖုန်းမဆက်ပါနဲ့၊ အငြိုး ကို အမေနဲ့ နှစ်ယောက်တည်း မထားပါနဲ့တော့ မောင်ရယ်နော် .. အငြိုး ကြောက်တယ်.."

ငိုရှိုက်ရင်း နားနားမှာ နှုတ်ခမ်းလေးကပ်၍ ပြောနေတာ စကားသံလေးက တုန်ယင်နေ၏။

လီမှာအောင် အခြေအနေကို ဘယ်လိုထိန်းရမှန်းလည်း မသိတော့ပါ။ ဒီလို ဖြစ်နေလိမ့်မယ်လို့ မထင်ခဲ့သလို မျက်စိအောက်မှာ ဖြစ်နေတာတောင် သူ မယုံနိုင် ...။

အမေကတော့ ဒီကပြောနေတာတွေကို မကြားသလိုမျိုး မျက်လုံးတွေ တစ်နေရာမှာ စူးစိုက်လျက် နားစွင့်နေ၏။ ပြီးတော့ ...

"သား .. သား ရှိသေးလား .."

"ရှိတယ် ...၊ အမေ့ကို ကျွန်တော် ဘာပြောရမှန်းကို မသိတော့ဘူး၊ တကယ်ပဲ အံ့သြတယ် အမေရာ .."

"ဘာ .. ဘာဖြစ်လို့လဲ သားရယ် .."

"အမေ အငြိုး ရဲ့လည်ပင်းကို အတင်းခွညှစ်နေတာ .. ကျွန်တော်သာ အချိန်မီ ရောက်မလာရင် ဘာတွေ ဖြစ်ကုန်မလဲ .."

"ဟင်!... အို .. မဟုတ်တာ .. အမေ အဲ့ဒါ .."

ငြင်းဆန်မလို့ ပြင်လိုက်ခြင်းက ဖျတ်ခနဲ ပေါ်လာသည့်အရိပ်တွေကြောင့် အာရုံထဲမှာ ရှုပ်ထွေးသွားခဲ့ပြီး ...

"အဲ့ဒါ အမေက .."

ဟုတ်တယ် လည်ပင်းညှစ်နေခဲ့တာ ...၊ အဲဒါ သူမကိုယ်တိုင် ဟုတ်ရဲ့လား ...။ ဟုတ်နေရင်လည်း လူတစ်ယောက်လုံးကို သတ်ပစ်ဖို့ စိတ်ရိုင်းတွေနဲ့တော့ မဖြစ်နိုင် ...။

ဒေါ်ယဉ်မေ စဉ်းစားရင်း ခေါင်းတခါခါ ဖြစ်လာခဲ့လျက် ...





"သားရယ် .. အမေ အဲဒီလို .."

"တော်ပါတော့ အမေရယ် .."

သူ အငြိုး ကို ဖေးမ တွဲထူလိုက်ရင်း မျက်နှာတစ်ပြင်လုံးဟာ စိတ်ပျက်ခြင်း များစွာဖြင့် ...

"စန်းရီ .. စန်းရီ .."

"ရှင် .. အစ်ကိုလေး .."

အနားမှာ ရှိနေမှန်း သိလျက်နှင့် အဝေးကြီးကို ခေါ်သလို အော်ခေါ်လိုက်မိသည့်အသံက ပေါက်ကွဲချင်နေသည့် ဒေါသတွေမှန်း သိသာစွာ မာထန်နေလျက် ...

"နင်က ဘယ်ရောက်နေလို့လဲ ...၊ လူမမာနားမှာ နင်က မရှိဘဲ ဘာဖြစ်လို့ အငြိုး ဖြစ်နေရတာလဲ ...၊ ပြောစမ်း .."

"ဟို ..."

စန်းရီ ပါးစပ်ပြင်လိုက်သည်နှင့် မျက်လုံးက အငြိုး ထံ အလိုလို ရောက်သွားခဲ့၏။ ထိုအခါ ပွင့်လာသည့် ပါးစပ်က အလိုလို ပြန်ပိတ်သွားခြင်းသို့ ရောက်လျက် ...

"ကျွန်မ .."

"မောင်ရယ် .. စန်းရီ ကို အငြိုး နိုင်းထားမိတာပါ .. တော်ပါတော့ .."

ဖြည့်စွက်ဝါကျတစ်ကြောင်းဖြင့် အငြိုး က ထုံးစံအတိုင်း အနားသတ်ပေးလိုက်သည်။

မှန်ပါသည် ...၊

အားလုံးကို အဆုံးသတ်ပေးသွားမှာကလည်း သူမပဲမို့ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၂)

"သား .. သားရေ .. မဟုတ်ဘူး .. အမေ မရူးပါဘူး သားရယ်.."

ဒေါ်ယဉ်မေ သားကိုပဲ ရှာဖွေအော်ဟစ်နေ၏။ ညှိခန်းမှာ တောင့်တောင့်ကြီးရပ်နေရင်း လိမ္မာအောင် မျက်လုံးတွေ မှိတ် ..၊ အံကြိတ်ထား၏။

"လာပါ မေမေကြီးရယ် .. တခြားကို သွားရတာမှ မဟုတ်တာနော် ..၊ အပေါ်ထပ်မှာလေ .."

"ဟင့်အင်း မဟုတ်ဘူး .. ငါ့ကို ထောင်ထဲထည့်မှာ ငါ သိတယ်၊ အငြိုး ငါ့ကို ပြောပြပြီးပြီ၊ သံတိုင်တွေနဲ့တဲ့"

"မဟုတ်ပါဘူး မေမေကြီးရဲ့ .. အခန်းတံခါးကို ခိုင်အောင် လုပ်ထားတာပါ၊ မေမေကြီးနားမှာ ကျွန်မလည်း ရှိမှာလေ .."

"မဟုတ်တာတွေ မပြောနဲ့ ..၊ သား .. အမေ့ကို ကယ်ပါဦး၊ အမေ ဘာမှမလုပ်တော့ဘူးလေ .. အငြိုး ကိုလည်း ပြန်မလုပ်ဘူး၊ သားကိုလည်း တွေ့ချင်တယ်လို့ မပြောတော့ပါဘူး"

အမေ့အသံတွေကို မကြားရသည့်နေရာထိ ပြေးထွက်သွားချင်စိတ်တွေ ဖြစ်လာမိသည်။ ဒါပေမယ့် ပြေးလို့လည်း မဖြစ်သလို အမေ့ စိတ်ချမ်းသာရေးအတွက် သူ မလိုက်လျောနိုင်တော့ပေ ..။





"ကိုအောင် ရယ် .. တကယ်ပြောတာ သိလား .. ဟိုနေ့က ကျွန်မတို့ ခြံရှင်းဖို့ လာကြတော့လေ မငြိုး ကို ကိုအောင့် အမေကြီး ဆံပင်ဆိုက်ဆွဲနေတာ ကြည့်တောင် မကြည့်ရဲဘူး၊ ဆံပင်ကိုလည်း မိသွားရောခေါင်းကို ကြက်မွေးတံနဲ့ လွှဲလွှဲရိုက်တော့တာပဲ၊ အဲ့ဒါ ဘယ်နှစ်ချက်တောင် မိသွားလဲ မသိဘူး၊ မငြိုး က အသားအနာခံပြီး တွန်းထိုးဖယ်ချမပစ်တော့ အခြေအနေက ဟိုကောင်မလေးသာ ဝင်မဆွဲရင်တွေးရဲစရာပဲ သိလား ..၊ ကျွန်မတို့လည်း အိမ်ပေါ်ထိ မတက်ရဲတော့ဒီတိုင်းပဲ ကြည့်နေရတာလေ .."

အိမ်ကို ခဏတဖြုတ် အလုပ်လာလုပ်တဲ့လူတွေတောင် ပြောလာကြတဲ့အထိ ..၊

"သူ့စိတ်ထဲမှာ သားဆိုတဲ့ အသိတစ်ခုပဲ ရှိတော့တာ ထင်တယ်၊ အဲ့ဒါဆိုရင်တော့ မငြိုး အတွက် အန္တရာယ်ရှိတယ်နော် .."

လို့ သတိပေးသွားခဲ့သေးသည်။ ဒါတွေကို အငြိုး က ဘာမှပြောမပြထားခဲ့သဖြင့် သူ့မှာ ဇနီးသည်ရဲ့ သည်းခံနားလည်နိုင်မှုအတွက် အံ့ဩခီတ်မကောင်း ဖြစ်ခဲ့ရသည်။

ပြန်မေးတုန်းကတောင် အငြိုး က စိတ်တိုလို့ပါ။

"ခြံရှင်းတဲ့အဆင့်အတန်းလောက်ရှိတဲ့ ဟာတွေနဲ့ မောင်က ဒီလောက်ထိ စကားလက်ခံ ပြောရသလား၊ ကိုယ့်အမေကို ဒီလိုမိန်းမတွေဘ ဝေဖန်သွားတာများ မောင်မို့လို့ နားထောင်နေတယ်၊ ကိုယ့်မိသားစုထဲမှာ ဘာတွေဖြစ်နေနေ သူတို့နဲ့ ဆိုင်လို့လား ..၊ အဲ့ဒါ မောင် သိလား.. ကိုယ့်အမေကိုကျတော့ ပစ်ယားပြီး ယောက္ခမကျမှ ချစ်ပြနေတယ်လို့တဲ့ရဲ့ချင်လို့ .."

အငြိုး ကို သူ မယုံကြည်စိတ် အနည်းငယ်လေးတောင် မရှိတော့ပါ။ အမေ့အပေါ်မှာ သူ့အမေလို သဘောထား၍ သည်းခံခဲ့သည်။ ဆိုးတာကောင်းတာ ထစ်ခနဲရှိ ယောက်ျားပြေးတိုင်းတဲ့ အကျင့်မျိုးလည်း



www.burmeseclassic.com

www.burmeseclassic.com



မရှိ ..။ ထို့ပြင် ဒီလောက်ထိ စိတ်ဆတ်မာကျောတဲ့ မိန်းကလေး မာနကို ခဝါချ၍ အရွှံးပေးနေရှာတာ သနားဖို့ ကောင်းနေပါပြီ။

"ကြည့်ရတာ ကိုအောင့် အမေက မမငြိုး ကို တော်တော်ကြည့် ဖြစ်နေပုံပဲ .."

လို့ ပြောသွားသေးတာကိုတော့ ရင်ထဲမှာပဲ ထားရင်း အထပ်ထပ် ကြားယောင်နေမိတာ ခုချိန်ထိ ..။ ဒါ တကယ် အမှန်ပဲဆိုတာလည်း ကိုယ့်စိတ်ထဲမှာ အတည်ပြုလာခဲ့မိသည်။

ကြည့်မရ မုန်းနေရတာတွေဟာ စိတ်ကစဉ်းကလျားဖြစ်လာသည့် အခါမှာ သတ်ပစ်ဖို့ ကြိုးစားလာတဲ့အထိ မထိန်းနိုင် မသိမ်းနိုင် ဖြစ် ခြင်းသာ ..။

"မောင် .."

လက်မောင်းကို အငြိုး လာကိုင်လိုက်မှ မျက်လုံးတွေ မှိတ် တာကို ဖွင့်ကြည့်မိ၏။

"မောင့်ကို အငြိုး နားလည်ပါတယ် .. ဒါပေမယ့်လေ .."

"မောင် သိတယ် ..၊ အမေ့ကို အိမ်မှာပဲ ထားနိုင်အောင် အ စီစဉ်ခဲ့တာ .."

"ဟုတ်ပါတယ် .. ကိုယ့်အတွင်းရေးကို လူတွေ ပြန့်ကားပြော မှာ အငြိုး မလိုချင်ဘူး .. ပြီးတော့ မောင်တို့သားအမိရဲ့ ချစ်ခြင်းတွေ လည်း အငြိုး နားလည်လို့ပါ၊ အမေက မောင့်ကို သိပ်ချစ်တာ မောင် ဟိုအရင် ထား လာခေါ်တုန်းကလည်း သူ မလိုက်ဘူး၊ မောင့်ကိုလည်း သမီးနဲ့ တွေ့ချင်ပါတယ်လို့ ဘယ်နှစ်ခါများ ပူဆာခဲ့လို့လဲ ..၊ သူ့ နားမှာ နေနေရရင် ပြီးရောဆိုတဲ့ အမေကို အရူးလို့ သတ်မှတ်ပြီး ပို့ .. ဟိုပို့ဒီပို့နဲ့ အငြိုး မလုပ်ရက်ဘူး၊ ရှင်းရှင်းပြောရရင် မောင့်ကိုချစ် စိတ်က မထင်မှတ်ဘဲ ပိုပိုပြီး ခိုင်မြဲလာခဲ့လို့ ထင်တယ် ..၊ မောင့်မျက် တစ်ခုတည်းနဲ့ အငြိုး ရဲ့စိတ်နဲ့ အရာရာကို မဆုံးဖြတ်ချင်တော့တာ





သူ အငြိုး ရဲ့လက်ခုံနုနုလေးကို ထပ်ဆုပ်ကိုင်ရင်း ဖျစ်ညှစ်ထား လိုက်မိသည်။ ပြီးတော့ ...

"မောင် ယုံပါတယ် .. အမေ အော်ဟစ်နေလို့ စိတ်မကောင်းဖြစ် သွားမိတာပါ၊ ဒါပေမယ့် အမေ ကိုယ့်မျက်စိအောက်မှာပဲ ရှိနေတာဆို တော့ ဒါက ကျေနပ်စရာပါ၊ အငြိုး ကိုပဲ မောင် တောင်းပန်ချင်တယ်၊ အမေ့အတွက် အစစအရာရာ မောင် တောင်းပန်ပါတယ် .."

အငြိုး က သဘောထားပြည့်ဝ အေးချမ်းသောအပြုံးတို့ဖြင့် ငေး ကြည့်နေပြီး ဘာမှ ပြန်မပြောပေ။ သိပ်မကြာခင်မှာ အပေါ်ထပ် တက် သွားကြသည့် ဒရိုင်ဘာနဲ့ ခြံစောင့်ရယ် ပြန်ဆင်းလာကြကာ ...

"သေချာ သော့ခတ်ထားခဲ့တယ် ဆရာ .."

"အင်း .. ကုလားမျက်နှာတစ်ခြမ်း ဘာဖြစ်တာလဲ .."

"ဟင် .. ဪ ..."

ကုလား က သူ့ပါးတစ်ဖက်ပေါ်က သွေးစင်းကြောင်းနှစ်ကြောင်း ကို ဖျတ်ခနဲ စမ်းကိုင်လိုက်ကာ ...

"အဲ့ဒါ .. ဟိုလေ .. မေမေကြီး လက်နဲ့ နည်းနည်း ထိသွားတာ.."

အမှတ်တမဲ့ထိတာ မဟုတ်မှန်း ဒဏ်ရာကို မြင်လိုက်တာနဲ့ သိ သည်။

မသိချင်ယောင်ဆောင်နေလိုက်ရသည့် သုန်မှုန်နေသော မျက်နှာ ကို အားတိုက်ကနေ ကြည့်ရင်း အငြိုး နှုတ်ခမ်းတွေ ပြုံးယောင်သမ်း၏။

ရည်ရွယ်တာတွေ မကုန်သေးဘူး ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၃)

"ရရဲ့လား ဦးရယ် .. ဆေးရော အဆင်သင့်ရှိတာ ဟုတ်ရဲ့လား ဟင်၊ သမီး ဒရိုင်ဘာကို ဆေးဝယ်ခိုင်းလိုက်မယ်လေ .."

"ရှိတယ် သမီး ရှိတယ် ..၊ ဦးလေးက ဒီလို မကြာမကြာ ဖြစ်တတ်တော့ ကိုယ့်ရဲ့အသက်ကယ်ဆေးကိုတော့ ဆောင်ထားရတာပေါ့ .."

"ဒါဆို ရေနွေးရော အဆင်သင့်ရှိရဲ့လား ..၊ သမီး မီးဖိုထဲ ခဏဝင်ပေးမယ်၊ ဦးလေး အရမ်းမောနေလို့ ပြောတာပါ .. အားမနာပါနဲ့ .."

ဦးငြိမ်း မှာ မျက်နှာက ပြုံးချင်သယောင်ရှိလာပေမယ့် မဲ့မဲ့သွားကာ စကားပြောချင်ပေမယ့်လည်း လက်ကာ၍သာ ...

"ဦးလေးရယ် .. ဒီရက်ပိုင်းကျမှပဲ အမိဋ္ဌာန်ဝင်ရတယ်လို့၊ တကယ်ဆို အရက်ဖြတ်တာက သုံ့သပ်၊ လူကျန်းမာလာမှ အမိဋ္ဌာန်ဝင်တာကို သပ်သပ် လုပ်ရမှာ၊ အသက်အရွယ်က စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့ဘူးဆိုတာ သတိထားဦးမှပေါ့ .."

ဦးငြိမ်း ကို လမ်းဘေးသစ်ပင်အောက်မှာ ငုတ်တုတ်ထိုင်ရင်း အမောဖောက်နေတာ မြင်လို့ ကားနဲ့ တင်ခေါ်လာခဲ့တာပါ။





ယောဂီတာဘက်တစ်ထည်နဲ့ ခေါင်းပေါင်းထားသဖြင့် မေးကြည့်လိုက်တော့ ဘုန်းကြီးကျောင်းက ပြန်လာတာဆို၍ အံ့သြသွားခဲ့၏။

ပိုထူးဆန်းတာက အရက်ဖြတ်ချင်လို့ အဓိဋ္ဌာန်ဝင်ခြင်း ဖြစ်နေရာ..၊

"သမီး .. သမီးပြောတာ မှန်ပါတယ် .."

ဦးငြိမ်း က အိမ်ရှေ့ဧည့်ခန်းက ဒရင်းမ်ဘက်ပေါ်မှာပဲ သူ့ကို တွဲပို့စေကာ ခပ်ဖြည်းဖြည်း လှဲနေလိုက်ရင်း ...

"ဘုရားရဲ့ စစ်မှန်တဲ့ အဆိုအမိန့်အောက်မှာ မယိုင်မလဲ ရပ်တည်နိုင်မှ တစ်သက်လုံး စွဲလာခဲ့တဲ့ ဒီအရက်ကို ဦးလေး ဖြတ်နိုင်မှာ၊ မိမိစိတ်နဲ့ မိမိကိုယ် ဖြတ်ဖို့က .."

ဦးငြိမ်း က ပက်လက်ကနေ ခေါင်းကို လေးပင်စွာ ခါလိုက်ပြီး...

"ဘယ်လိုမှ ပြတ်တောက်နိုင်မှာ မဟုတ်ဘူး၊ အဲဒါကြောင့် တစ်သက်မှာ တစ်ခါတော့ ကောင်းမှုလုပ်မယ်ဆိုပြီး ဘာဖြစ်ဖြစ် လုပ်ဖို့ ဆုံးဖြတ်ခဲ့တာ၊ ဘုရား တရားနဲ့ ပျော်မွေ့ရမယ့်အရွယ်မှာ အရက်ပုလင်း ပိုက်ပြီး လဲနေရသလားလို့ .. တစ်ရပ်ကွက်လုံး .. တစ်နိုင်ငံလုံး .. တစ်လောကလုံး ဘယ်လောက် ပြောနေနေ .."

နာကျင်သည့်စကားသံတို့က တစ်စုံတစ်ယောက်က ထိုင်ပြောနေတာနှင့်မတူဘဲ အသံထုတ်လွှင့်ခြင်းတစ်ခုကို နားထောင်နေရသလို တစ်လုံးချင်း လေးလေးမှန်မှန် ကြားနေရတာ တစ်ချက်မှ ပြတ်တောက်မသွား ...။

"ကိုယ့်သားသမီးက သပောက်သဟာမ်း ပြောလာတော့ ရှက်မိတယ်၊ ကိုယ်က ပြောစရာဖြစ်အောင် နေခဲ့မိတာ တစ်သက်လုံးပဲလေ၊ ဒါပေမယ့် သမီးရယ် .. ကိုယ် ပွေ့ပိုက်မွေးမြူလာခဲ့တုန်းက ဆံပင်ဆွဲဆွဲ ရင်ဝကိုပဲ ကန်ကန် .. မြှောက်ချီဆော့နေရင်း ဝမ်းသွားတဲ့အခါ သား သမီးရဲ့ချေးက ပါးစပ်ထဲလည်း ဝင်ခဲ့တာပဲ၊ ဒါပေမယ့် ချစ်မြဲရင်း ချစ်ခဲ့ရတာ မိဘမေတ္တာပါ .."



www.burmeseclassic.com

www.burmeseclassic.com



ပြောနေသည့် မျက်နှာမှာ နီမြန်းလာကာ မျက်ရည်တွေ ဝေ့ဝေ့ တော့ ထား ပါ ငိုချင်လာမိ၏။

သနားစရာကောင်းနေသည့် ရင်နှင့်စရာအဖြစ်တွေကို သူမကျ ဘာဖြစ်လို့ ကြုံဆုံနေရတာလဲ ..၊

သားကိုချစ်၍ ဒုက္ခများနေရသည့် အမေရယ် ..၊ သမီးကိုချစ်၍ နားလည်ခွင့်လွှတ်နေခဲ့သော အဖေတစ်ယောက်ရဲ့ ဒုက္ခတွေရယ် ..၊

ဒီနှစ်ဦးစလုံးနဲ့ ပတ်သက်နေတာက အငြိုး ပဲ ဖြစ်နေလျက်၊ အငြိုး က ကိုယ့်ယောက်မ ..၊ ဒါပေမယ့်လည်း ဘာမှမတော်စပ်ဘူး ဖြစ်နေ ပြန်သည်။

"ကိုယ်က ပြန်ပြီး မှီခိုရတဲ့အချိန်မှာတော့ သူတို့ဆီက ငြူစူမှုကို တစ်ခွန်းတစ်ပါဒမှ မကြားချင်ဘူး၊ ခြေသံပြင်းပြင်း တစ်ချက်လောက် ကြားရရင် ရင်ဘတ်ကို တက်နင်းသွားသလိုပါပဲ၊ ဦးလေး အဲဒါတွေကို မခံစားနိုင်တော့လို့ပါ .."

ဆက်ပြောပြရင်း ဒါတွေ မပြောသင့်မှန်းလည်း ဦးငြိမ်း ကိုယ့် ကိုယ်ကိုယ် တွေးမိနေသည်။ ပတ်ဝန်းကျင်ကလူတိုင်းကိုလည်း သူ မပြောခဲ့ပါ။

ထား ကိုကျမှ ပြောမိတာက ဒီမိန်းကလေးက လိမ္မာအောင် ရဲ့ညီမ ဖြစ်နေသည့်ပြင် ...

"သမီးကို ဦးလေး ပြောပြချင်တာ ရှိသေးတယ် .."

တော်ရုံနဲ့ ဆုံဖြစ်ကြတာ မဟုတ်ဘဲ ဒီအချိန်မှာ တိုက်ဆိုင်စွာ လာဆုံမိတာမို့ ဒီအခွင့်အရေးကိုတော့ သူ လက်လွှတ်မခံနိုင်ပါ။

ထို့ပြင် ရင်နှင့်မဆံ့အောင် ဖြစ်နေရသည့် ကြေကွဲမှုတွေကို ဖွင့်ပြ ပြောဆိုခွင့်အတွက် ...

"ဦးလေးရဲ့သမီးက ငယ်စဉ်တည်းက မပြည့်စုံစွာ ကြီးပြင်းခဲ့ရရှာ တာ၊ သူ့ရဲ့ အပြင်းပြဆုံးတစ်ခုဟာ ချမ်းသာလိုခြင်းပဲ၊ အဲ့ဒါကြောင့်





သူ့ရဲ့အပြုအမူ ပြောဆိုပုံတွေ ရိုင်းနေခဲ့တယ်၊ မောက်မာတာတွေ ရှိတယ်"

ဦးငြိမ်း စကား ပြန်စလိုက်တာနှင့် တစ်ခုခုကို ပြောချင်လို့ ဦးတည် လိုက်တာမှန်း သိကာ ထား ဘာမှ ဝင်မမေးဘဲ နားထောင်နေမိသည်။

"ရင့်ကျက်တည်ငြိမ်မှုတွေ ရှိလာတဲ့အခါ သူ ပြောင်းလဲသွားမှာပဲ လို့ ဦးလေးက ထင်ခဲ့တာ၊ ဒါကြောင့် ကိုယ့်ကိုဖြစ်ဖြစ် .. ပတ်ဝန်းကျင် အပေါ်ဖြစ်ဖြစ် သူ ထင်မြင်သလို သုံးသပ် ယူဆနေတာတွေကို ဦးလေး ဘာမှ အကျယ်တဝင့် မရှင်းဘူး .. မတားဆီး မပြုပြင်ခဲ့မိဘူး၊ လူတွေ ပြောကြသလို 'မဆုံးမတဲ့ မိဘ'မျိုး ဖြစ်ခဲ့ရတာပေါ့ .."

"လူတစ်ယောက်မှာ သန္တေစိတ်ဆိုတာလည်း ရှိပါတယ် ဦးရယ်.."

"ထားလိုက်ပါတော့ .. သမီးကို ဦးလေး ပြောချင်တာက အငြိုး ကို သတိထားပါ .."

"ရှင်!..."

"ဦးလေး ပြောချင်တာတွေ အများကြီးရှိပေမယ့် အားလုံးကိုတော့ အခု တစ်ခါတည်း ပြောဖြစ်မှာ မဟုတ်ဘူး၊ နောက်တစ်ခါ တွေ့မှ ပြောမယ်ဆိုရင်လည်း မနက်ဖြန်ဆိုတာ မသေချာတော့တဲ့ ကိုယ့်ရဲ့ အခြေအနေကြောင့် လိုရင်းကိုပဲ သမီး နားထောင်သွားပါ"

"ဟုတ်ကဲ့ .."

"သမီးတို့အမေကို ဂရုစိုက်ပါ၊ ဦးလေး လိမ္မာအောင် နဲ့ တွေ့ဖို့ ကြိုးစားမယ်၊ ဒါပေမယ့် .."

ကိုယ့်သမီးကပဲ တိမ်းစောင်းလွဲဖယ်နေအောင် အမြဲ လုပ်ခဲ့တာကို တွေးမိပြီး ရင်ထဲမှာ နာကျင်သွားသည်။

"ဦးလေး သိတယ် ..၊ လိမ္မာအောင် နဲ့လည်း တွေ့ဖြစ်ဖို့ မလွယ်ပါ ဘူး၊ အဲဒီတော့ သူတို့ကို သမီးကပဲ စောင့်ရှောက်လိုက်ပါ၊ ဦးလေး သမီးအကြောင်းကို ဦးလေး သိတယ် .."

ဦးငြိမ်း က ပါးစပ်သာ ပြင်နေပြီး ဒီ့ထက် ဘာမှ ပိုမပြောတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထား အိမ်ပေါ်က ပြန်ဆင်းလာခဲ့ရင်း ဦးငြိမ်း ဘာကို ပြောချင်နေတာလဲ ဆိုတာ စဉ်းစားနေခဲ့ပေမယ့် အဖြေမပေါ်။ ထိုစဉ် ...

"မမ .."

လှည့်ကြည့်လိုက်တော့ စန်းရီ ဖြစ်နေကာ နောက်ကနေ ခပ်သုတ်သုတ် ပါလာတာမို့ ဦးငြိမ်း နဲ့ ထား စကားပြောနေတုန်းမှာ သူမ အိမ်ရှေ့တစ်နေရာက ကွယ်ရပ်တစ်ခုခုမှာ ရှိနေမှန်း သိလိုက်သည်။

ဒါဆို ထား တို့ ပြောနေကြတာကိုလည်း သူမ ကြားပြီး ဖြစ်လိမ့်မည်။

"မမကို ပြောစရာရှိလို့ .."

"ဘာလဲဟင် .."

ထား စိတ်ဝင်တစားဖြစ်သွားကာ ကားဆီကို လှမ်းသည့်ခြေလှမ်းက တခြားတစ်နေရာဆီ ဦးဆောင်သွားမိလျက်သား ဖြစ်သွားခဲ့သည်။

"ဘာပြောချင်လို့လဲဟင် .. ခုနက အပြင်မှာ ရှိနေတာလား၊ ဘယ်ကို လာတာလဲ .."

"ဦးလေးငြိမ်း အတွက် ပိုက်ဆံ လာပို့ပေးတာပါ၊ မမတို့ ပြောနေကြတာတွေလည်း ကြားတယ်၊ ဟိုလေ .. ဟို .."

စန်းရီ က ပိုက်ဆံအိတ်ပြားလေးကို စိတ်လှုပ်ရှားသလို ဖိဆုပ်ပုးချေနေရင်း ခေါင်းငုံ့သွားလိုက်၊ ပြန်မော့ကြည့်လိုက်နှင့် ...

"ဟို .. ကျွန်မ .."

"ပြောပါ .. အမ်ငြိုး နဲ့ ကိုကိုတို့အကြောင်းပဲမို့လား .."

"မေမေကြီးအကြောင်းပါ .."

"ဟုတ်လား .. ဒါဆိုလည်း ပြောပါ၊ စန်းရီ ဒုက္ခရောက်အောင်တို့ ဘယ်တော့မှ မလုပ်ဘူးဆိုတာ ယုံ .."

"မေမေကြီးကိုလေ .. မေမေကြီးကို အခု အခန်းထဲမှာ ထည့်ပိတ်ထားလိုက်ပြီ .."





"ဘယ်လို!..."

"ရူးနေတယ်ဆိုပြီးတော့ .."

ထား ရင်ခုန်သံတွေ မြန်သွားသည်။

အမေ ပြောတာဆိုတာတွေမှာ သတိချွတ်ယွင်းမှုတွေ ရှိနေတာ သူမလည်း သတိထားမိပါသည်။ ဒါပေမယ့် ရူးသွပ်သွားလောက်အောင် ဖြစ်နေခဲ့လို့လား ...။

စန်းရီ ပြောပုံကြည့်ရတာလည်း မရူးဘဲနဲ့ တမင် လုပ်လိုက်တာမျိုး ...။

"ပြောပါဦး စန်းရီ .. အမေက ဘာတွေဖြစ်နေလို့လဲ ...၊ တကယ်ပဲ အဲဒီလို .."

ထား ရဲ့မေးခွန်း မဆုံးခင် စန်းရီ ခေါင်းခါပြလိုက်ရင်း ...

"မရူးသေးပါဘူး .."



www.burmeseclassic.com

## အခန်း (၄၄)

"မြေးကြီးကို ကြည့်ပါဦး သမီးရယ် .. သူ့အမေနဲ့ ရန်ကုန်ပြန်ရတော့မယ်ဆိုလို့လား မသိဘူး .. ဒီနေ့ တစ်ချက်မှ မငိုသေးဘူး၊ စကားတွေ ပြောလိုက် .. ရယ်လိုက်နဲ့ .."

"ဟုတ်ပ .. ဟုတ်ပ .. မြေးက ရန်ကုန်သား ..၊ မြစ်ကြီးနားမှာ မပျော်တာပဲ နေမှာ .."

"သူ့အဖေလိုပေါ့.. မွေးလာတာနဲ့ ခြေဖဝါးမှာ မွေပေါက်သွားတာ"

အဒေါ်ဘွားအေနှစ်ယောက်က မြေးကို အင်္ကျီဝတ်ပေး၊ ဘောင်းဘီဝတ်ပေးနှင့် ပါးကွက်လေးတွေ လိမ်းထားပေးသည့် ပါးဖောင်းဖောင်းလေးတွေကိုလည်း တရှုံ့ရှုံ့ နမ်းနေကြ၏။

ထား ကတော့ စားပွဲတစ်လုံးနဲ့ ရှေ့မှာ လက်ပ်တော့ပ်ချရင်း အလုပ်တော့ လုပ်နေတာပဲဖြစ်ကာ စိတ်က လွင့်ထွက်သွားလိုက် .. ပြန်ရောက်လာလိုက် ...။

အလုပ်တွေ အရေးကြီးနေမှန်း သိပေမယ့် ဘယ်လိုမှ အာရုံစုစည်းလို့မရဘဲ နားထဲမှာ စန်းရီ ပြောခဲ့တာတွေပဲ ထပ်တလဲလဲ ကြားနေခဲ့၏။

"မမကြီး မျက်လုံးတွေ လုံးဝမမြင်ရတဲ့အထိ ဖြစ်သွားတာလည်း ခဏခဏ အဖျားတွေကြီးပြီး တစ်ညလုံး လှိမ့်ခံနေရလို့ပဲ၊ အဲဒါကြောင့် တစ်ခါ ပြန်ကောင်းလာတိုင်း ပိုပိုမှုန်သွားပြီး လုံးဝ မမြင်တော့တာ.."





"အိမ်မှာလည်းလေ .. အစ်ကိုလေးရှေ့မှာ တစ်မျိုး၊ ကွယ်တာနဲ့ မမကြီးကိုပဲ နှိပ်စက်နေတာ .."

"မမကြီးကို တခြားဆေးခန်း ပြောင်းခေါ်သွားပြီး ဘာတွေလုပ်လဲတော့ မသိဘူး မမ၊ မမကြီးကတော့ ပြန်လာတာနဲ့ နားထင်နှစ်ဖက်ကို ဖိကိုင်ပြီး ငါ့ခေါင်းကို လုပ်ကြတယ်၊ ငါ့ခေါင်းကြီး ကွဲတော့မယ်နဲ့ ဆေးခန်းသွားခါနီးတိုင်း တောင်းပန်လိုက်တာ တအားပဲ .."

"မမကြီးကို ရူးအောင် လုပ်နေတာ ထင်တယ်၊ အစ်ကိုလေးကိုယ်တိုင် ရူးနေပြီလို့ထင်ပြီး အခု အခန်းထဲ ထည့်ပိတ်ခိုင်းလိုက်တာ၊ မမလေးက တအားလည်တာပဲ သိလား ..၊ ကြောက်စရာကြီး .."

"ကျွတ်!..."

ရန်ကုန်သွားတော့မို့လည်း ဆုံးဖြတ်ပြီးနေပြီ၊ သူမ ဘာလုပ်ရမလဲ။

စားပွဲပေါ်မှာ တင်ထောက်ထားသည့် လက်ပေါ်မှာပဲ နဖူးလေးထိကပ်ကာ မျက်လုံးတွေ မှိတ်ထားလိုက်မိသည်။

"ဘာဖြစ်လို့လဲ သမီး .. နေမကောင်းဘူးလား .."

ကျွတ်ခနဲ စုတ်သပ်လိုက်တာကို ကြားပြီး ဒေါ်မြမြစံ က လှမ်းမေး၏။ ထိုအခါကျမှ ထား ဆတ်ခနဲ ပြန်မော့လာကာ ...

"မဟုတ်ဘူး ကြီးကြီး .. ဟိုလေ .."

"ဟုတ်ပါတယ် .. သမီး တစ်ခုခု ဖြစ်နေပါတယ်၊ ဘာလဲ .. လီမွှာအောင် တို့နဲ့ ပတ်သက်နေလို့လား .."

ထား မငြင်းနိုင်တော့ဘဲ ခေါင်းညိတ် ဝန်ခံရတော့သည်။

"အခု အမေ့ကို လုံးဝ အရှုံးစာရင်းသွင်းပြီး အခန်းထဲ ထည့်ပိတ်ထားလိုက်ပြီ ကြီးကြီးရယ် .."

စန်းရီ ပြောပြတာတွေကိုတော့ ချန်လှပ်၍ အမေ တကယ်မရူးသေးပါဘူးဆိုတာကိုတော့ ကြီးကြီးတို့ သိအောင် ရှင်းပြနေမိသည်။ ဒေါ်မြမြစံ က သားလေးကို ပွေ့ပိုက်ထားရင်း သက်ပြင်းချကာ ...

www.burmeseclassic.com



"သမီး စိတ်ထားနူးညံ့တာကို ကြီးကြီးတို့က နားလည်ပါတယ်၊ ဒါပေမယ့် နှုတ်ချိန်မှာ ညည်း ဘာမှ ပြောပိုင်ခွင့်မရှိဘူးဆိုတာ မှတ်ထားပါ သမီးရယ် .. အငြိုး က အပြောပက်စက်တယ်လေ၊ သူ့စိတ်ထဲမှာ သမီး အမေကို မစွန့်လွှတ်နိုင်သေးသမျှ သမီးဘက်က ပြောခွင့်မရှိတာတွေပဲ သူ ရှုတ်ပြတော့မှာ၊ အရမ်းကို လျှာစောင်းထက်တဲ့ မိန်းကလေး .."

"သမီး သိပါတယ် .."

"အဲဒါဆို ကိုယ့်စိတ်နဲ့ကိုယ် အေးချမ်းစွာ နေကာတ်ဖို့ပဲ ကြိုးစားပါ၊ မယဉ်မေ ကိုယ်တိုင်ကလည်း သူ့သားနဲ့ နီးတဲ့အရပ်မှာပဲ နေချင်တာ မို့လား .. ကြီးကြီးက သွေးထိုးစကားပြောတာ မဟုတ်ဘူးနော်၊ သူ ရင်ဆိုင်နေရတဲ့ အခြေအနေကို သူကိုယ်တိုင်က ဆင်းရဲတယ်လို့ ထင်မှာ မဟုတ်တာကိုပဲ ပြောချင်တာ .."

"ဟုတ်ကဲ့ .."

"အခု သမီး ရန်ကုန်ကို လာတော့မယ်ဆိုလို့ ဟိုက ကြိုဆိုမယ့်လူ တွေနဲ့ ဖေးမ ကူညီပြီး ဆွဲခေါ်ပေးမယ့် စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ အားလုံး အဆင်ပြေနေပြီ၊ ကိုယ့်ရဲ့အနာဂတ်မှာ တစ်ယောက်တည်း အတွက် မဟုတ်တော့ဘူးဆိုတာလည်း မေ့လို့ မရဘူး၊ သူများ စော်ကား ပြောဆိုတာ ခံပြီး ကိုယ့်အနာဂတ် ပျက်စီးမယ့်လမ်းထဲ ဖွတ်တိုးဝင် မလား ..၊ ကိုယ် ရင်ခွင်ပိုက်ထားရတဲ့ ကိုယ့်ရင်သွေးလေးနဲ့အတူ အနာ ဂတ်လှအောင် ကြိုးစားမှာလား .. အကောင်းဆုံးကို ရွေးပါကွယ် .."

"ကြီးကြီးတို့ စေတနာကို ထား သိပါတယ်၊ အခု ခေါင်းထဲမှာ ရှိနေတာကလည်း ဘယ်သူနဲ့မှ တိုက်ရိုက်ပတ်သက်ဖို့ မဟုတ်ဘူး၊ ကိုကို ရောက်လာရင် ကောင်းမှာပဲလို့ တွေးမိလို့ပါ၊ အငြိုး ကို လက်ညှိုး ထိုးပြဖို့ မဟုတ်ဘဲ အမေ့ရဲ့စိတ်ရောဂါအခြေအနေကို ကိုယ်တိုင် သေချာ ဂရုစိုက်ကြည့်ပါဦးလို့ နည်းနည်းလောက် သတိပေးရုံပဲ"

"ထား ရယ်.. သမီးက ကြီးကြီးပြောတာကို နားမှမလည်သေးဘဲ.."





"နားမလည်တာ မဟုတ်ဘူး မစံ၊ ထား စိတ်ထဲမှာ သူ့အမေကို လိမ္မာအောင် သတိထားမိသွားတာမျိုး ဖြစ်စေချင်တာ တစ်ခုတည်း မင်းမှု နေလို့ .."

ဒေါ်စုစု က ထိုင်ရာမှ ထလာပြီး ထား ရှိနေသည့် စားပွဲရှေ့မှာပဲ ထိုင်ချလိုက်ရင်း ...

"သူ့မိန်းမကို ဘယ်လောက်ထိ ယုံကြည်ပြီး ဝကွက် အပ်နှံထား သလဲဆိုတာ ဒီအခြေအနေထိ ဖြစ်လာတာပဲ ကြည့်လေ ..၊ အငြိုး ဘယ် လောက် လည်သလဲဆိုကာလည်း ပြေးကြည့်နေဖို့တောင် မလိုဘူး၊ မစာ မနာ ပြောကြကြေးဆို သူ့သားကို မခွဲနိုင်လို့ ချွေးမဆိုးကို သည်းခံပြီး နေတယ်၊ သားဖြစ်တဲ့သူကလည်း အမေအရင်းကြီးကို ဂရုစိုက်ရကောင်း မှန်း မသိတဲ့လူ .. သမီးက *အမေနဲ့သားကြီးပဲ၊ ထားလိုက်စမ်းပါကွယ်..* မဆိုင်တဲ့လူတွေလို့ သဘောထားလိုက် .."

အန်တီစု တို့က အိမ်ထဲမှာ ဖြစ်ပျက်နေတာတွေကို စုံစေအောင် သိကြတာမှ မဟုတ်ဘဲ ..။

သူမကတော့ စန်းရီ ပြောပြထားလို့ အားလုံးကို သိနေခဲ့သည့် အတွက် ရင်ထဲမှာ ပူဆောင်နေ၏။

ငါ့အမေအရင်းမှ မဟုတ်တာဆိုပြီး နေလိုက်နိုင်ဖို့ စိတ်ထဲမှာ ပြင်းပြစွာ တမ်းတမိတာက ဥပေက္ခာတရား ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၅)

"ဘယ်လိုလုပ် ဥပေက္ခာထားနိုင်မှာလဲ အငြိုး ရယ် .. ဘယ်သူတွေ ဘာပြောပြော ညီမလေးက မောင့်ရဲ့ .."

"ဘာမှမတော်ဘူး မောင် .. မတော်စပ်တဲ့အပြင် မောင်တို့ လက်ထပ်ဖို့ထိ သေချာခဲ့တဲ့အကြောင်းတွေကိုလည်း တစ်မြို့လုံး သိပြီးသား၊ အခု ပိုဆိုးသွားတာက သူက မုဆိုးမဖြစ်နေတဲ့ အချက်ပဲ .."

"အငြိုး ကလည်းကွာ .."

"မသိဘူး .. မောင် မသွားရဘူး၊ အခု သူငယ်ချင်းတွေက မေးကုန်ကြပြီ၊ မျက်နှာသိတဲ့လူတွေက ကွယ်ရာမှာ မကြားတကြား အတင်းပြောတယ်၊ မုဆိုးမလေးနဲ့ ဘင်္ဂလားအစ်ကိုဇာတ်လမ်း စနေကြပြီတဲ့ .."

"ဟား!..."

"ဘာ ဟားတာလဲ မောင် .. ပြောစရာဖြစ်နေခဲ့တာ မဟုတ်လို့လား၊ ဟိုတစ်လောကပဲ မောင် အဲဒီကိုသွားလို့ ပါးစပ်ဖွာတဲ့မိန်းမတွေ ထင်သလိုပြောတာ ခံခဲ့ရပြီ ..၊ ဒေါ်မြမြစံ ဝင်ပြီး မောင်းတင်တော့ လူသိရှင်ကြား ဖြစ်ကုန်တယ်လေ၊ ပြောပါဦး .. မောင့်ညီမလေးဆိုတာ ဘယ်မှာလဲ၊ မောင်တို့ကို မောင်နှမတွေပါလို့ လက်ခံ နားလည်မယ့်သူ ဘယ်နှစ်ယောက် ရှိလဲ .."





လိမ္မာအောင် လှမ်းမည့်ခြေလှမ်းတွေ နေရာမှာပဲ ကျောက်ရုပ်တစ်ရုပ်လို နိုင်မြဲစွာ ရပ်တန့်နေခဲ့၏။ အငြိုး က ရှေ့တိုးသွားပြီး လိမ္မာအောင့် ရင်ခွင်ထဲ တိုးဝင်ကာ ...

"နောက် .. အဆိုးဆုံးက ထား က ကလေးမွေးနိုင်တဲ့ မိန်းမ ...၊ အငြိုး တို့မှာ ကလေး မရှိဘူး"

"ဒါက .."

"မင်းမှ ကလေးမယူတာလို့ ပြောမလို့လား မောင် .."

မျက်လုံးချင်းဆုံတော့ မျက်ရည်တွေ ပြည့်သိပ်နေခဲ့သော အငြိုး ရဲ့မျက်လုံးတွေကြောင့် သူ အံ့ဩသွား၏။ အငြိုး က သူ့မေးဖျားကို လက်ဖဝါးလေးတွေနဲ့ တယုတယ ပွတ်သပ်ကိုင်ရင်း ...,

"မောင် စိတ်ဆင်းရဲမှာစိုးလို့ .. အငြိုး က အမှန်းခံပြီး မိန်းမကြမ်းကြီး လုပ်နေခဲ့ရတာ မောင်၊ တကယ်တော့ အငြိုး က ကလေးမရနိုင်တဲ့ မိန်းမပါ"

"ဘာ!..."

"အငြိုး ကို စိတ်ပျက်သွားလားဟင် .."

"မဟုတ်ဘူး .. အဲဒါ မဖြစ်နိုင်ပါဘူး အငြိုး ရယ် .."

"ဟုတ်တယ် .. မဖြစ်နိုင်တဲ့ ပြဿနာမျိုးပါ၊ ဒါပေမယ့် အငြိုး စစ်ကြည့်ပြီးပြီ၊ ဒါ တကယ့်အဖြစ်ပဲ မောင် .. အဲဒါကြောင့် ထား ကို အငြိုး သဝန်တိုနေမိတာ၊ မောင် သူ့ကို ဂရုစိုက်သမျှ အငြိုး မကြည်ဖြူနိုင်တာ၊ ဒီကလေးကို မောင် ချီပွေ့နေတာ အငြိုး ဘယ်လိုနှလုံးသားနဲ့ နားလည်ပေးရမလဲ စဉ်းစားကြည့်ပါဦး .."

လိမ္မာအောင့် မျက်နှာမှာ အကြီးအကျယ် ကျရှုံးခြင်းတစ်ရပ်အတွက် မရှိမဆဲ့ ခံစားနေရခြင်းတွေ ...၊ ပြီးတော့ ဒါကိုလည်း ဘယ်လို မယုံကြည်နိုင်လောက်အောင် မျိုသိပ်မရ ဖြစ်နေခြင်းတို့နှင့် ...

"ဟုတ်ရဲ့လား အငြိုး ရယ် .. ဒါ နောက်စရာ မဟုတ်ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရယ် .."

"မသေချာ မရေရာသေးဘဲနဲ့လည်း ထုတ်ဖော် ကြေညာသင့်တဲ့ ကိစ္စ မဟုတ်ဘူးနော် .."

အငြိုး မျက်နှာပေါ်မှာ နာကျင်အေးစက်သည့် မဲ့ပြုံးလေးတစ်ချက် ဖြစ်၏။

"မောင် အခု ခံစားသွားရပြီပေါ့ .."

"မဟုတ်ဘူး အငြိုး .. မောင့်ထက် မင်းက ပိုပြီး ခံစားရမှာကို ကာကွယ်ပေးချင်တာပါ၊ ကလေးမမွေးနိုင်တဲ့ မိန်းမတစ်ယောက်အဖြစ် မိခင်များစွာရဲ့ရှေ့မှာ တိုးထွက်ရပ်တည်ဖို့ မင်း စိတ်ဆင်းရဲစွာ ရင်ဆိုင်ရလိမ့်မယ် .."

"ဟင့်အင်း .. အဲဒါ မောင် ထင်လို့ပါ .."

လေသံသည် ချက်ချင်း တစ်မျိုးပြောင်းလဲသွားခဲ့ပြီး ...

"အငြိုး ဘာကိုမှ ဂရုမစိုက်တတ်တာ မောင် သိပါတယ်၊ မောင့်သာ အငြိုး ရဲ့ဘေးမှာ ဒီတိုင်း မပြောင်းမလဲရှိနေဖို့ လိုတာ၊ ဘယ်သူတွေ ဘာဖြစ်နေနေ .."

ရင်ခွင်တစ်ခြမ်းမှာ မှီနေရင်း မျက်နှာရှေ့တည့်တည့်က ရှိုးကေ့စ် မှန်ပေါ်မှာ ပုံရိပ်တစ်ခုကို အငြိုး မြင်နေရ၏။ သေချာကြည့်စရာမလိုဘဲ ဘယ်သူလဲဆိုတာ သူမ သိသည်။

ဒါ စန်းရီ ပဲ ဖြစ်လေသည်။

အငြိုး က လူမမြင်နိုင်သော အေးစက်စက်မဲ့ပြုံးနှင့် ရင်ခွင်ထဲမှာ မှီရင်း အံကြိတ်သည်။

အငြိုး ဆိုတဲ့မိန်းမ မသိနိုင်တာ ဘာမှမရှိသေးဘူး စန်းရီ ..။

ငါ့အတွက်တော့ နင်က သေးသေးလေးပါ ..။





## အခန်း (၄၆)

"ဟုတ်ကဲ့ မမလေး .. ကျွန်မ သွားမလို့ပါ၊ မမလေး ပြန်လာမှ သွားရမှာလားလို့ .."

"... ... ... ..."

"ဟုတ်ကဲ့ .. ဟုတ်ကဲ့ပါ၊ ဘူတာထိပ်က စောင့်နေရမှာဆိုတော့ သူတို့ မလာမချင်း စောင့်ရမှာလား .."

"... ... ... ..."

"ဟုတ်ကဲ့ပါ .."

စန်းရီ ဖုန်းချလိုက်ပြီးတာနှင့် မမလေး ယူသွားခိုင်းသည့်အိတ်ကို သွားယူလိုက်သည်။

"ဒေါ်ကြီးတင် .. မေမေကြီး ထမင်းစားချိန် ရောက်နေပြီနော် ..၊ ကျွန်မကို မမလေး ခိုင်းထားလို့ .."

အပြင်သွားခါနီးတော့ စိတ်က မဖြောင့်ပေ။ မေမေကြီးရဲ့ ဝေယျာ မှုတွေကို ကိုယ်ပဲလုပ်နေကျမို့ နောက်လူက သတိမထားမိဘဲ လစ်ဟင်း သွားမှာ စိုး၏။ အထူးသဖြင့် မမလေး မရှိတုန်းမှာ မေမေကြီးနဲ့ သူမ …နှီးကပ်နေချင်သည်။ တစ်ယောက်တည်း ချောက်ချားဝမ်းနည်းနေမည့် မျက်မမြင်တစ်ယောက်အတွက် နွေးထွေးကြင်နာစွာ ပြုစုပေးချင်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



သားကို တမ်းတရင်း တွေ့ခွင့်လည်း မရ။ တွေ့ရပြန်တော့လည်း ပြောချင်တာက တခြား၊ ပြောမိတာတွေက တခြားမို့ သားက အရှုံး ထင် ..၊ ရင်ထဲရှိသမျှကိုလည်း ဖွင့်မပြောရဲရှာသည့် အမေအိုတစ်ယောက် ကို အနီးကပ် ပြုစုမည့်သူ သူမသာ ရှိတာမို့ ဒီလိုအချိန်မှာ အပြင် မထွက်ချင်တာ အမှန်ပင် ..။

"အိတ်ကြီးက ဘာတွေလဲ .. ခရီးသွားမှာ ကျနေတာပဲ .."

အိမ်ထဲက ထွက်လာတော့ ဒေါ်ကြီးတင် က လက်ဆွဲအိတ်အ ကြီးကို စူးစိုက်ကြည့်ရင်း ပြောပုံက ဘာလိုလို ..။

"မြင်းခြံသွားမယ့် ညှေသည်အတွက် မမလေး ပို့နိုင်းလိုက်တာပါ"

အဆင်သင့် ပြင်ပေးထားသည့်အိတ်မို့ ဖွင့်ပြလို့ကလည်း မဖြစ် ဒေါ်လေးတင် မျက်နှာကတော့ ပြေပြစ်သည်မရှိဘဲ သူမ ထွက်လာ အထိ ကြည့်နေဆဲနှင့် ...

"မသိပါဘူး .. အပြင်ကို မထွက်စဖူး ထွက်နေတော့ အံ့ဩလို့ပါ ပြီးတော့ အိတ်နဲ့ဘာနဲ့ .."

"ဩော် .. ဒေါ်ကြီးတင် ကလည်း ကျွန်မက မမလေးတို့ မသိ အပြင်ကို ထွက်ရဲပါ့မလား ..၊ နိုင်းလို့သာ သွားရတာပေါ့"

စိတ်တော့ တိုသွားမိ၏။ ဒီအိမ်မှာ သူဌေးတွေအပြင် တခြား အလုပ်သမားတွေကလည်း ကိုယ့်ထက် အသက်ကြီးကြတာမို့ သူမ အတွက်က ကြောက်ရမယ့်လူတွေချည်းပဲ ဖြစ်သည်။

"ဆိုင်ကယ်လ်နဲ့ သွားမှာလား .."

"မမလေးက လမ်းစရိတ် မပေးဘူး .."

ဒါပဲဖြေပြီး အိတ်ထုပ်ကို ခေါင်းပေါ်တင်ကာ ထွက်လာခဲ့သည်။ ဒီနေ့အဖို့ ကိုလှ်ရဲ့ကံကြမ္မာ ဘယ်လိုရှိမလဲဆိုတာ ကြိုတင် မသိ မမြင် နိုင်ခဲ့တာမို့ ဘူတာကို အမြန်ရောက်ရေးအတွက် ဖြတ်လမ်းတွေကသာ သုတ်ချေတင်နေမိ၏။ ထို့ကြောင့် ...





"ဟော့ .. ခဏာရပ်နေဦး .."

ကားတစ်စီးနှင့် ယောက်ျားတစ်ဦး အရင်ဆင်းလာကာ နောက် ဆက် မြင်လိုက်ရတာက ယူနီဖောင်းအပြည့်နှင့် ရဲနှစ်ယောက် ..။

စန်းရီ ကိုယ့်အဖြစ်ကို နားမလည်သေးဘဲ ရပ်ဆိုသည့်နေရာမှာ ခြေစုံရပ်၍ ပြူးကြောင်ကြောင်လေး ကြည့်နေမိသည်။ ရဲတွေအနား ရောက်လာပြီး သူမရွက်ထားသည့် အိတ်ကြီးကို ဖွင့်စစ်တော့မှ ...

"ဟယ်!..."

အားလုံးသာမက စန်းရီ ကိုယ်တိုင် ဟယ် .. ခနဲ ဖြစ်သွားကာ နောက်ကို လူက လန့်ထွက်သွား၏။ အိတ်ထဲမှာ အဝတ်နဲ့ထုပ်ပတ်ထား သော လက်ကောက်တွေနဲ့ ဆွဲကြိုးရှည် နှစ်ကုံး ..။

"မဟုတ်ဘူး .. မဟုတ်ဘူး .. ကျွန်မ မယူဘူး .. မမလေးက .."

"ခင်ဗျား နေ့ခင်းကြောင်တောင်ကြီး အိမ်ရှင်မရှိတုန်း ပစ္စည်းတွေ ယူပြီး ထွက်ပြေးတာ .."

"မဟုတ်ပါဘူးရှင် .. တကယ်ပါ .. ဒီအိတ်ကို .."

"စခန်းရောက်တော့မှပဲ ရှင်းတော့ဗျာ .. ကျွန်တော်တို့ကတော့ ဝရမ်းရှိတဲ့အတိုင်း သက်သေခံ ခိုးရာပါပစ္စည်းတွေနဲ့အတူ ခင်ဗျားကို ဖမ်းရမှာပဲ .."

"အမလေး .. လုပ်ပါဦး၊ မမလေး .. မမလေးပဲ နိုင်းတာပါ၊ ကျွန်မ အဲဒီလိုအကျင့် မရှိပါဘူး .. ကယ်ကြပါဦးရှင့် .."

စန်းရီ ကို ကားပေါ် ဆွဲတင်သွားကြပြီးသည့်နောက် အလှမ်းကွာ သော သစ်ပင်ရိပ်တစ်ခုအောက်မှာ ကားလေးတစ်စီးက ခပ်လှုပ်လှုပ် လိမ့်ထွက်လာ၏။

ထိုကားကို မြင်လိုက်သည်နှင့် အဆောက်အဦးတစ်ခု၏ အမိုးရိပ် မှာ ခို၍ အမောဖြေနေသည့် ဦးငြိမ်း က လမ်းပေါ်ကို အားတင်း ထွက် လိုက်၏။ ခပ်မှန်မှန်လိမ့်လာသော ကားရဲ့ရှေ့မှာ မားမားမတ်မတ် ရပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး သွားတွေ ယိုင်နဲ့ကုန်မတတ် အံကြိတ်ထားမိ၏။

ဘူတာရုံမှာ သူ အလုပ်လုပ်နေတာ တစ်လကျော်နေပြီဖြစ်တာ ကျန်းမာရေးမကောင်းလို့ နားနေခဲ့တာလည်း သုံးရက်ရှိပြီ ဖြစ်၏။

ဒီနေ့ အလုပ်စဆင်းသော်လည်း အခြေအနေမဟန်လို့ နေ့ကစ်ဝက် နဲ့ပဲ လှည့်ပြန်လာခဲ့ရသည်။ တိုက်ဆိုင်စွာ မြင်ခဲ့ရသည့် ကြေကွဲဖွယ်မြင် ကွင်းက သူ့ရင်ကို အားပြင်းသောမီးညွန့်တစ်ခု ပြေးဟပ်သွားသလိုပင်။

စန်းရီ ဒီလိုလုပ်တာကို အံ့ဩနေဆဲ ကိုယ့်ရောဂါကိုတောင် မေ့ ၏။ ရှင်းသွားတာကတော့ အငြိုး ရဲ့ကားလေး ဒီနားမှာ ရှိနေတာကို မြင်လိုက်ရမှ ...

"အဖေ ဘာလုပ်နေတာလဲ ...၊ လမ်းလယ်ခေါင်မှာ .."

ကားကို ခေါင်းတိမ်းရှောင်လိုက်ပြီး ဦးငြိမ်း ရဲ့ဘေးမှာ ကပ်ရပ် လိုက်သည်။ ပြီးမှ မှန်ကိုချ၍ မျက်နှာမော့ကြည့်လိုက်ကာ ...

"ဘူတာရုံမှာ အလုပ်လုပ်နေတာဆို ..၊ အဖေ့ကိုတော့ မပြောချင် တော့ဘူး"

"မပြောပါနဲ့တော့ ..၊ အဖေက ကိုယ့်အခက်အခဲ ကိုယ်ပဲ ရှင်းဖို့ ဆုံးဖြတ်ပြီးတည်းက အသက်ရှင်နေသရွေ့ အလုပ်လုပ်ရင်း သေမယ်လို့ ဆုံးဖြတ်ပြီးသားပါ"

"သြော် .. သြော် ..."

အငြိုး မျက်နှာကလည်း ချက်ချင်း ပြောင်းသွားကာ ဖအေကိုကြည့် သည့်မျက်ဝန်းတွေက ရိုင်းစိုင်း စူးရဲလျက် ...

"ဒါကြောင့် အဖေက သူစိမ်းတွေနဲ့ ပူးပေါင်းပြီး သမီးအရင်းကို အရှုပ်ချနေတာပေါ့"

ဦးငြိမ်း မျက်မှောင်ကုတ်သွားသည်။ အငြိုး က စေ့စေ့ကြည့်၍...

"အဖေ့ကို ဟိုဟာမက ဟိုအဘွားကြီးကို အငြိုး ဘယ်လိုနှိပ်စက် နေပါတယ်လို့ လာသတင်းပေးတာလေ .."





"မဟုတ်ဘူး .."

"ဘယ်ဟုတ်မလဲ .. သူ အဖေ့ဆီ မရောက်လိုက်ဘဲ မိထား နဲ့ပဲ အလုပ်ဖြစ်သွားတာလေ .."

"ဘာ!..."

"ဟွန်း .. အငြိုး က လူလိမ်မှာ မဟုတ်ဘူး .. ဟုတ်တယ်၊ အဲဒါ ကြောင့် လူလိမ်မှာထက် လူဆိုးက အမြဲတမ်း တစ်ကွက်သာတယ်ဆိုတာ ကို သက်သေပြလိုက်တာ၊ အငြိုး လက်ခုပ်ထဲကရေတွေ အငြိုး သွန်လို သွန် မှောက်လိုမှောက် ..၊ အငြိုး ရဲ့ဆန္ဒအတိုင်းပဲလေ၊ နာမည်ကိုက အငြိုး ပဲဟာ .."

သူမက မိဘကိုတောင် နာကြည်းသည့် မဲ့ပြုံးနှင့်ကြည့်၍ ...

"ဒီသမီးကို ဒီလိုအကျင့်ဆိုးတွေနဲ့ပါလားလို့ ခုမှ သိပြီး ရင်နာသွား ပြီ ထင်တယ်၊ ဒါဆိုလည်း အစတည်းက အငြိုး ရဲ့နာမည်ကို 'ငြ'နဲ့ မညှိုးဘဲ 'ည'နဲ့ပဲ ညှိုးလိုက်ပါလား၊ ဟွန်း .. ခုတော့ ဘယ်လိုလုပ်မလဲ.. ဒီက မျက်စိထဲမှာ အငြိုးထားစရာလို့ မြင်လာပြီဆိုရင် ဘယ်လိုသတ္တဝါ ကိုမှ အလွတ်မပေးချင်ဘူး၊ ဘယ်လိုလူဖြစ်ဖြစ် ချမ်းသာမှုပေးနိုင်ဘူး.."

ဦးငြိမ်း အားလုံးကိုနားလည်သွားခဲ့၏။ မျက်ဝန်းတို့သည် နာကျင် ၍ ရင်နင့်ကြေကွဲသော မျက်ရည်ကြည်တို့ ရစ်ဝိုင်းနေခဲ့လျက် ...

"မိဘကိုရော ချမ်းသာပေးဖို့ စိတ်ကူးရှိရဲ့လား အငြိုး .."

"ဟွန့်.. ဒါကတော့ သားသမီးကို ငရဲမကျစေချင်ရင် မိဘကလည်း မိဘမေတ္တာ ရှေ့ထားနိုင်ဖို့ သတိရပေါ့"

ရှင်းသွားပါပြီ ...။

တစ်ကမ္ဘာလုံးနဲ့ ငြိုးမယ်ဖွဲ့၍ စိန်ခေါ်ချင်နေသော အငြိုး ...၊

ကိုယ်မွေးတဲ့ သမီးဟာ တစ်ခေတ်ဆန်းမယ့် မိန်းမပါ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၇)

"အို .. မဖြစ်ပါဘူး .. တကယ်ပါ တူမကြီးရယ် .. မဖြစ်လို့ပါ၊ သူဌေးရဲ့ညီမဆိုတာလည်း သိပါတယ်၊ ဒါပေမယ့် သူဌေးမပါဘဲနဲ့တော့ ဝင်လို့ မရပါဘူး၊ အေ့ .. တံခါးမဖွင့်လိုက်နဲ့ .."

ဒေါ်တင် ဆိုသည့် အမျိုးသမီးကြီးက စကားတောင် ကောင်းကောင်း ပြောချင်ပုံမရဘဲ ထိတ်ထိတ်ပျာပျာ တားသည်။ ပြီးတော့ အေးမူ ဆိုသူကို မျက်နှာအမူအရာတို့နှင့် အထူးထူးသော သတိပေးခြင်းတွေ လုပ်ခဲ့ပြီးမှ အထဲဝင်သွား၏။

ဒီကိုလာတိုင်း သူမ ရှောရှောရှူရှူ ဝင်ခဲ့ရတယ်ဆိုတာ မရှိပါလား ..၊ အလုပ်သမားတွေရဲ့မျက်နှာကို မြင်လိုက်ရတော့ ပိန်နားလည်သွားမိ၏။

အငြိုး ရဲ့အာဏာစက် ဒီလောက်ထိ ပြင်းထန်နေသလား ..။

"မမ .."

"ဟင်!..."

"မမ ဒီနားမှာ မနေပါနဲ့ .. ပြန်ပါတော့နော်၊ ကျွန်မတို့ မမလေးက ဒါဆိုဒါမှ ကြိုက်တာ .. သူ စိတ်ဆိုးအောင် ကျွန်မတို့ မလုပ်ရဲလို့ပါ"





တံခါးအတွင်းကနေ အေးမူ ဆိုသည့် မိန်းကလေးက ထပ်၍ နှင်လွှတ်နေပြန်၏။ ထား စိတ်တိုသွားကာ ဖုန်းထုတ်ကိုင်လိုက်သည်။ ကိုကို့ကို လှမ်းပြောတော့မလို့ပါ ..။

မလုပ်နဲ့ ထား ..၊

လက်က ရောက်တော့မလို ဖြစ်သွားပြီးမှ ပြန်တွန့်သွားခဲ့သည်။ ခုချိန်မှာ ကိုကိုနဲ့ သဘောတူ ကြည်ဖြူစွာ အတူတွဲ အလုပ်လုပ်တာက လွဲလျှင် အငြိုး နဲ့ သတ်ပုတ်ရန်ဖြစ်တာကမှ ဂုဏ်သိက္ခာအတွက် ကျန်ချင် ကျန်ဦးမည်။

ဒီပါးစပ်တစ်ခုကြောင့် အကြိမ်ကြိမ် သိက္ခာကျ အရှက်ကွဲရမည် ဆိုလျှင် ..၊ ထား လက်လျှော့၍ လှည့်ပြန်ခဲ့ရလေသည်။

သို့သော် အငြိုး သည် ကျားတစ်ကောင် ဖြစ်နေခဲ့သည်။ သူမက ကျားမြီးဆွဲပြီးမှ ပြန်လှည့်ပြေးခဲ့ရသူလို ..၊

"တီ .. တီ .."

အိမ်ပြန်ရောက်တာနှင့် လုပ်လက်စ အလုပ်တွေကို စားပွဲပေါ်က ရှင်းနေမိစဉ် အိမ်ရှေ့ကနေ ခပ်ဆောင့်ဆောင့် ကားဟွန်းသံက တစ်အိမ်လုံးကို ခေါင်းထောင်သွားစေကာ ...

"ဆိုင်ထဲမှာ အငြိုး ရောက်နေတယ်တဲ့၊ သမီးတို့ ဘာဖြစ်ထားကြသလဲ .."

အန်တီစု ရောက်လာပြီး ပြောလိုက်တော့ ရင်ထဲမှာ ဒိတ်ခနဲဆောင့်ခုန်သွား၏။ ပြဿနာဆိုသည့် အသိကြောင့် အန်တီစု တို့ မသိအောင် သွားခဲ့မိသည့် ကိုယ့်အဖြစ်ကို ကိုယ်တွက်မိကာ မျက်နှာ ဘယ်လိုထားရမှန်း မသိ ..။

အန်တီစု က နားလည်သလို စိုက်ကြည့်ကာ ...

"ပြဿနာရှာချင်နေတဲ့သူကတော့ အဖြစ်တွေ့အောင် သန်းကြီးမရှာသလို ရှာနေမှာပဲလေ ..၊ ဖြစ်လာတော့လည်း ရင်းရုံပေါ့၊ အန်တီတို့က



www.burmeseclassic.com

www.burmeseclassic.com



နေရာတကာ လူကြီးတန်မယ့် ဝင်မပြောချင်တော့ဘူး၊ သမီးလည်း ရန်ကုန်ပြန်တော့မှာပဲ .. တတ်နိုင်သမျှ အကျယ်တဝင့် မဖြစ်အောင် ကြည့်ရောင် ..''

ဒါပဲပြောကာ အိမ်ပေါ် ဆက်တက်သွားခဲ့၏။ အငြိုး ၏ အမူအရာ တွေက လူကို မြင်လိုက်တာနဲ့ မီးရှို့လိုက်တဲ့ ယမ်းတစ်စလို ..၊

''နောက်ကို အိမ်မှာ လူမရှိတဲ့အချိန် လာလာချောင်းတဲ့အကျင့် မလုပ်ပါနဲ့၊ အဲဒါ လာပြောတာ ..''

မျက်နှာချင်းဆိုင် လာရပ်ပြီး လိုရင်းကိုပဲ တန်းခနဲ ပြော၍ ...

''ရန်ကုန်ပြန်တော့မယ်လို့လည်း ကြားပါတယ်၊ ရှူးနေတဲ့လူကို လာချောင်းတာလား ..၊ ငါ့ယောက်ျားနဲ့ အလွမ်းသယ်ဖို့ စိတ်ကူးနဲ့လား..''

''အငြိုး .. နင် မမိုက်ရိုင်းနဲ့ ..''

''နင်လဲ ပြန်မိုက်ရိုင်းလေ .. မလိမ်ပိုးမလိမ္မာရုပ်လေးနဲ့ သူခိုးကျင့် သူခိုးကြံ ကြံနေတာ ကောင်းလား ..''

''ပြင်လွန်းလို့ ဖင်ချွန်းတာ အငြိုး ...၊ ကြောက်လို့ နှစ်ခါသေရတာ၊ ငါ နင့်ရဲ့ လူမဆန်တဲ့ပါးစပ်ကို ရှောင်ရလွန်းလို့ ခြေလှမ်းမှားခဲ့တာ .. အဲ့ဒါကို ဝန်ခံတယ်၊ မဟုတ်တမ်းတရားတွေ အရှက်မရှိ ပြောရဲမှန်းလဲ သိလို့ .. ခွေးကိုက်ခံရမှာကို လူတိုင်း ကြောက်ပါတယ်၊ နင့်ကို ကြောက် တယ်ဆိုတာ ဂုဏ်ယူနေသလား ..''

''ဟား .. ဟား .. ဟား .. ရှက်ရမ်းရမ်းနေတာတွေ နားလိုက်စမ်းပါ၊ ဒီမှာ အန်တီစုစု ..''

အငြိုး တို့ အသံကို လေလံတင်၍ လည်ပင်းရှည်ထွက်အောင် အော်၍ ...

''ခုနက မြင်လိုက်တယ်.. ဒါပေမယ့် ထွက်မလာချင်လည်း ရတယ်၊ ကျွန်မ ပြောတာကိုပဲ နားထောင်ပေးရင် ပြီးပြီ ..''

အငြိုး က အလုပ်မရှိ အလုပ်ရှာကာ မနေတတ်ပုံ ပေါက်နေသော





ဆိုင်ထဲက အရောင်းစာရေးမလေးကိုပါ စေ့ကြည့်ပြီး အိမ်ထဲကို လှမ်း အော်၏။

''နောက်ထပ် ရှင်တို့ရဲ့ မြေးချွေးမကို ကျွန်မအိမ် မလာစေနဲ့၊ တစ်ခွေတစ်မျိုးလုံး ဘယ်ဘဝ ရောက်ပစေ ဖြစ်တယ်ဆိုရင် နေပေါ့၊ အငြိုး ရဲ့မျက်စောင်းကတော့ အကြောင်းသုံးပါး ရွေးနေမှာ မဟုတ်ဘူး..''

''အငြိုး .. ..''

ထား အသံလေးက ဒေါသကြောင့် ထူးဆန်းစွာ တုန်ခါနေသည်။

''ငါ့အမေဆီကို ငါလာတာ .. လူရှိတဲ့အချိန်၊ မရှိတဲ့အချိန်တွေ ငါ ဘာမှ မသိဘူး ..''

''ဩော် .. ဩော် ...''

''နင်နဲ့ ငါကိစ္စ နင်နဲ့ငါပဲ ပြောမယ် ..၊ အခု ငါ ရန်ကုန်ပြန်ရမှာ နင်လည်း သိပြီးပြီဆိုတော့ အမေ့ကို ငါ ခေါ်သွားဖို့ လာပြောတာ ..''

''ဘယ်သူ့ကိုလဲ ..''

''ဘယ်သူနဲ့တွေ့တွေ့ ပြောဖို့သွားတာ အဲဒီစကားပဲ ..''

''ဟား .. ဟား .. ဟား ...''

အငြိုး က လက်ပိုက်လိုက်ပြီး ပခုံးတွေလှုပ်အောင် ရယ်၏။ ဒါပေ မယ့် မျက်လုံးထဲမှာ ဒေါသမိုးတွေ ဝေနေလျက် ...

''အမေ့ကို လိုချင်တာလား ..၊ အမေ့ကိုမှ အနားရှိစေချင်တဲ့ လီမွှာ အောင် ကို အမျှင်မပြတ်ချင်တာလား ..''

ကြည့်စမ်း ...၊ ထား ကိုယ့်ဒေါသကို ချုပ်တီးဖို့ ခဲယဉ်းလာခဲ့၏။ ဘယ်လောက်သည်းခံနိုင်တဲ့လူ ဖြစ်ပါစေ အတိုင်းအတာလွန်တဲ့အထိ တော့ မျိုသိပ်နိုင်ကြမှာ မဟုတ်ပေ။

သို့သော် တတ်နိုင်သမျှ အကျယ်တဝင့် မဖြစ်ပါစေနဲ့လို့ မှာလိုက် သည့် အန်တီစု စကားကြောင့် ..၊ ထို့ပြင် မဆီမဆိုင် ဆွဲထည့် စိန်ခေါ် တတ်သော အငြိုး ရဲ့အောက်တန်းကျမှုကိုလည်း အချိုးတူ တုံ့ပြန်လိုစိတ်



www.burmeseclassic.com

www.burmeseclassic.com



မမွေးမိဖို့ ကြိုးစားရင်း ...

"ဘာကြောင့်မှန်းတော့ မသိပေမယ့် အမျှင်မပြတ်ချင်တာက ငါ တော့ မဟုတ်ဘူး အငြိုး ..၊ အမေ့ကို နင် မလိုလားဘဲနဲ့ ဘာကြောင့် လက်မလွှတ်ချင်တာလဲ .."

အငြိုး မျက်ခုံးနှစ်ဖက် ဆတ်ခနဲ ကုတ်ကျသွား၏။

"ကိုကို့မျက်နှာနဲ့ ယောက္ခမကို မလိုလားစွာ လက်ခံနေရတယ်ဆို တာ ရှိတတ်ရင်တောင် နင် အဲဒီလို မိန်းမမျိုးမဟုတ်ဘူးဆိုတာ ငါ သိတယ်၊ အမေ့ကို ငါနဲ့ မထည့်နိုင်တာ ကိုကို့သဘော တစ်ခုတည်း မဟုတ်ဘူး .."

"ဟွန့် .."

"ပြောလိုက်စမ်းပါ .. နင် မကြောက်တတ်ပါဘူး၊ ငါက နင့်လို စောင်းချိတ် မဲ့ရွဲ့ချင်လို့ ကပ်ရိနေတာ မဟုတ်ဘူး၊ တကယ်ကို နားမလည်နိုင်တော့လို့ မေးတာ .."

"အေး .. နားမလည်ရင် မှတ်ထား .."

အငြိုး က မျက်နှာချင်းနီးအောင် ရှေ့တိုးကာ အသံကို အတိုးဆုံး ထိ နှိမ့်ချ၍ ...

"ဒေါ်ယဉ်မေ က ငါ အမုန်းဆုံးလူမို့လို့ .."

"ဘာ!..."

"စန်းရီ ထောင်ကျတော့မယ် ..၊ လုံးဝကို လွတ်လမ်းမရှိဘူး၊ အဲဒါ ရော ကြားမိသေးလား .."

ထား ဘာမှမပြောနိုင်ဘဲ တတ်နိုင်လွန်းသည့် အငြိုး ရဲ့နှုတ်ခမ်းတွေ ပေါ်က ပြောင်းလဲနေသော အပြုံးတွေကိုသာ ငေးကြည့်နေမိသည်။

"ဘာဖြစ်လို့ မုန်းတာလဲဆိုတော့ သူက နင့်ကိုပဲ အလိုရှိနေခဲ့တဲ့သူ မို့လို့ ..၊ ပြီးတော့ နင့်ကို မရလိုက်လို့ ငါနဲ့ လက်ထပ်ဖြစ်ခဲ့တဲ့ လိမ္မာ အောင် ဆိုတဲ့လူကိုလည်း မုန်းတယ် .."





"မဟုတ်ဘူး .. ကိုကိုက နင့်ကိုပဲ တစ်ချိန်လုံး စွဲလမ်းခဲ့တာ .."

"ဟား .. ဟား .. ဟား ..."

အငြိုး က စကားသံတိုးတိုးတွေထဲမှာ အသံကျယ်နှင့် ဟားတိုက် ရယ်၏။

"သိတယ်လေ ..၊ ဒါပေမယ့် သူက သားလိမ္မာ၊ သူ့အမေ ချစ်တဲ့ သူကို သူက ချစ်နိုင်တယ်၊ အဲဒါကြောင့် သိပ်ချစ်တဲ့သားအမိကို ငါ့ လက်ခုပ်ထဲမှာ ထည့်ထားတာပေါ့၊ ဘာလုပ်မလို့လဲဆိုတာတော့ နင် သိချင်ရင် စောင့်ကြည့် .."

"စောင့်ကြည့်ရအောင် ငါ့မှာ မျက်လုံးနှစ်လုံးပဲ ရှိနေတာမှ မဟုတ် တာ၊ လူတစ်ယောက်ရဲ့ဘဝကို နင် ထင်သလို ကြိုးဆွဲ အကွက်ရွှေ့လို့ မရဘူး .."

"စောင့်ကြည့်ပါဦး မိထား ရယ် .. နင့်မှာ ဘာအစွမ်းတွေရှိရှိ လိမ္မာအောင် ဆိုတဲ့ယောကျ်ားကို ပြောင်းလဲဖို့ မကြိုးစားနိုင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူ့မိန်းမက အငြိုး ဖြစ်နေလို့ပဲ၊ အငြိုး ဆိုတဲ့ မိန်းမကို မျက်စိနောက်အောင် လုပ်လာရင် ဘာဖြစ်သွားမလဲဆိုတာ ငါ သိစေချင်တဲ့လူတွေ သိသွားအောင် စန်းရီ ကိုယ် ပြယုဂ်လုပ်ပြီး လက်ဆောင်ပေးလိုက်တာ၊ အဲဒါကြောင့် ငြိမ်ငြိမ်လေး နေလိုက်တော့၊ ပါးစပ်ပိတ် လက်ပိုက်ပြီး ကြည့်မနေနိုင်ဘူးဆိုရင် နင် မကြာခင် ပုဏ္ဏား နှိပ်စက်ခံရတဲ့ မင်းသမီးရဲ့နောက်ပိုင်းခန်းမှာ ကိုယ်တိုင် ဝင်ပါရလိမ့် မယ် .."

"အငြိုး .."

"ဟုတ်တယ် အငြိုး ပဲ ..၊ နင်က စိတ်ထားမြတ် ဆိုတော့ အေး အေးလူလူ နေတတ်ဖို့ပဲ စဉ်းစားစမ်းပါ"

ထား မနေနိုင်ပါ။ အငြိုး ပြန်သွားတာနှင့် လိမ္မာအောင့် ဆီ ချက်ချင်း ဖုန်းခေါ်မိသည်။ သို့သော် ...



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ထားမြတ် .. နင်က ငါထင်တာထက်တောင် ပိုမြန်တာပဲ"

ဖုန်းကိုင်လိုက်တာက ကိုကို မဟုတ်ဘဲ အငြိုး ပဲ ဖြစ်နေကာ ...

"ဟွန်း .. ငါ ပြောသားပဲ၊ အငြိုး ဆိုတဲ့ မိန်းမရဲ့ လက်ခုပ်ထဲက ရေကို တခြား ဘယ်သူမှ သောက်လို သောက်၊ သွန်လိုသွန် လုပ်လို့ မရဘူး၊ နောက်ထပ် ကြိုးစားကြည့်လေ .. လူချင်းတွေ့ဖို့၊ အဲဒီကျရင်တော့ ဒီဖုန်းထဲမှာလို ငါတို့နှစ်ယောက်တည်း ကြားနိုင်တဲ့ နှုတ်လှန်ထိုးရဲ့ စကားစမြည်ပြောရင်း ပြီးသွားမှာ မဟုတ်ဘူး .. သိရဲ့လား အားကိုးရှာနေတဲ့ မုဆိုးမလက်သစ်လေး .."

ရယ်သံတွေ နားထဲမှာ ခါးသွားသည်။ မျက်ရည်စက်တွေ တစ်စက်ချင်း ကျလာကြ၏။

တော်ပါတော့လို့ ကြီးကြီးတို့ ဒီလောက် တားနေကြတာကို အငြိုးနဲ့မှ ငြိုးမယ်ဖွဲ့ဖို့ ကြိုးစားခဲ့ရသလား စိတ်ထားမြတ် ရယ် ...၊

သတ္တဝါတစ်ခု ကံတစ်ခုဆိုတာကို ဘာဖြစ်လို့ နင် မေ့ထားခဲ့တာလဲ ...၊ နင်ကိုယ်တိုင်ရော ကိုယ် ဖြစ်ချင်တာတွေ ဖြစ်ခဲ့ရလို့လား ...။

အခု နင့်အမေက သူ ပျော်တဲ့အရပ်မှာ သူ နေတာ ...၊

မျက်လုံးတွေကို ဖိမှိတ်ပစ်လိုက်စဉ် မျက်ရည်စက်တွေက တလိမ့်လိမ့် ပြိုဆင်းလျက် ...၊





## အခန်း (၄၈)

ကျနေသည့် မျက်ရည်စက်တွေကို သုတ်ပစ်လိုက်ပြီး အငြိုး အသံကြားလိုက်တာနှင့် သံတိုင်တွေရှိတဲ့ရှေ့ကို ချက်ချင်း ထလာ၏။

"ငါ့သားကို ခေါ်ပေး .. ငါ့သားလေးကို ခေါ်ပြီး ငါ သွားတော့မယ် .."

"ဘယ်ကို သွားမှာလဲ ...၊ ကိုယ့်ရောဂါနဲ့ကိုယ် အေးအေး မနေဘူး၊ တော်ကြာ အဒေါ့်သားပါ အရူးဖြစ်ပြီး ဒီထဲရောက်လာအောင်လား .."

"ဘာ!..."

သား .. ဆိုတဲ့ အသံကို ကြားလိုက်တာနှင့် ဒေါ်ယဉ်မေ ၏ ကဘောက်တိကဘောက်ချာ ပြောဆိုမှုတွေ၊ မှုမမှန်တဲ့ လှုပ်ရှားမှုတွေ၊ အားလုံးက တခဏနဲ့ ငြိမ်သွားတတ်ခဲ့ပြီး ...

"ငါ့သားက ဘာဖြစ်လို့ ရူးရမှာလဲ ...၊ ညည်းနော် ... လူတိုင်းကို အရူးလို့ပြောပြီး .."

ဒေါ်ယဉ်မေ သံတိုင်ကြားထဲကနေ လက်ထုတ်၍ အငြိုး အသံကြားတဲ့ဆီ မှန်းဆ ကိုင်တွယ်ဖို့ ကြိုးစား၏။ လက်က စမ်းနေရင်း မျက်ရည်တွေ ထပ်ကျလာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီထောင်ထဲက ငါ့ကို ထုတ်ပေးပါ သမီးရယ် .. ငါ မရူးပါဘူး သားကို ငါ မမေ့ဘူးလေ၊ အငြိုး ဆိုတဲ့မိန်းမကိုလည်း မမေ့ဘူး၊ ထား ဆိုတဲ့ ကောင်မလေးလည်း ရှိတယ်၊ ငါ အားလုံးကို သိပါတယ်၊ ငါ့ကို ထုတ်ပေးပါ .."

"အဒေါ်ကို ရူးလို့ ထည့်ထားတာ မဟုတ်ဘူး၊ မောင်က သူ့ရဲ့ပူပင်သောကတွေကို သူနဲ့ အနီးကပ်ရှိနေရင် အဒေါ် သိကုန်မှာစိုးလို့တဲ့.."

"ပူပင်သောက .."

"ဟုတ်တယ် .."

အငြိုး က ခပ်လှမ်းလှမ်းက ကုလားထိုင်မှာ သေချာသွားထိုင်ပြီးမှ ကောက်ကွေ့သော အပြုံးတို့နှင့် စိုက်ကြည့်နေပေမယ့် စာနာမှု ကြီးမားသော လေသံဖြင့် ...

"ကျွန်မ ဒေါသတွေကြီးတတ်နေတာ အဲဒါကြောင့်ပဲ၊ မောင်လည်း သူ့အမေနားကို မကပ်နိုင်လောက်အောင် အရူးမီးဝိုင်း ဖြစ်နေတာလေ .."

"ဘာဖြစ်လို့လဲ ...၊ ငါ့သားလေး ဘာဖြစ်လို့လဲဟင် .."

ဒေါ်ယဉ်မေ သံတိုင်တွေမှာ တစ်ကိုယ်လုံး ဖိကပ်တိုးရင်း အငမ်းမရ မေးသည်။ သံတိုင်တွေနဲ့အတူ ပြုတ်ထွက် ယိုင်ကျလာမတတ် အားမလိုအားမရ တိုးကပ်နေလျက် ...

"ပြောပြစမ်းပါအေ .. ငါ့သားလေး မရူးရဘူး၊ ငါတောင်မှ မရူးဘဲနဲ့ ထောင်ထဲရောက်ရတာ၊ ငါ့သားလေးကို အဖြစ်မခံနိုင်ဘူး၊ ဘာတွေဖြစ်နေလို့လဲဟင် .. ငါ တစ်ယောက်လုံး ရှိနေတာကို ငါ့သားက ဘာဖြစ်ရမှာလဲ .."

ဒေါ်ယဉ်မေ အရူးလို အော်နေသမျှ အငြိုး က ကျေနပ်အားရမဆုံး ရှိနေခဲ့၏။

ရှင် မရူးဘူးဆိုတာ ကျွန်မ သိတာပေါ့ ဒေါ်ယဉ်မေ ...၊ အဲဒါ





ကြောင့် မရူးရူးအောင် လုပ်နေရတာပေါ့ ...၊ ဒါပေမယ့် ရှင် မရူးသေးပါဘူး၊ လုံးဝ ရူးသွပ်သွားအောင် ဆက်လုပ်ဖို့ စီစဉ်ခဲ့ပေမယ့် ကိုယ့်ဘက်ကို တစ်ကွက်ချန်ဖို့တော့ ကျွန်မ မေ့လို့ ဘယ်ဖြစ်မလဲ ...။

ရှင့်ဆီက ကျွန်မ လိုချင်တာ မရသေးဘူး ...။

"အငြိုး .."

"အင်း .. ပြောတော့ ပြောချင်ပါတယ်၊ ဒါပေမယ့် အဒေါ့်သားက သူ့ကိုယ်သူ ဆင်းရဲခံပြီး ရေငုံနှုတ်ပိတ်နေတာဆိုတော့ ပြောလို့ မဖြစ်ဘူး .."

"ဟင်!..."

"ဒါပေမယ့် ကျွန်မတို့ ဒီလမကုန်ခင် အိမ်ပြောင်းကြဖို့တော့ သေချာသွားပြီ"

"အိမ်ပြောင်းမယ် ဟုတ်လား ...၊ ဘယ်ကိုလဲ .. ဘာဖြစ်လို့လဲ ...၊ လောဘမကြီးပါနဲ့အေ .. ကိုယ့်မြို့ ကိုယ့်ဒေသမှာလည်း ညည်း သူဌေးကတော် ဖြစ်နိုင်ပါတယ် .."

ဒီပြဿနာမျိုး ရှင်းခဲ့ဖူးတာမို့ ဒေါ်ယဉ်မေ က ပြောခဲ့ဖူးတဲ့အတိုင်းပဲ ပြော၏။ အငြိုး က မဲ့လိုက်ပြီး ...

"ကြီးပွားချမ်းသာချင်လို့ မဟုတ်ဘူး အဒေါ် ...၊ အခုသွားမှာက စီးပွားပျက်လို့ အိမ်ကြီးပေါ်ကနေ တဲကြီးပေါ် ဆင်းပြေးရမှာ .."

"ဘာ!... ဘာပြောတယ် .."

"မပြောချင်ပါဘူးဆိုလည်း မရဘူး .. ဒုက္ခပါပဲနော်.."

"ဘာလဲ .. ပြောပြပါ အငြိုး ရယ် .. သား ဘာဖြစ်နေတယ်ဆိုတာ ငါ သိမှ ဖြစ်မှာပေါ့၊ ငါ မရူးပါဘူး.. ငါ့သားဒုက္ခကို ငါ ကောင်းကောင်း ကာကွယ်ပေးနိုင်သေးတယ်၊ ပြောပါသမီးရယ် .. နော် .."

"ကဲ .. ဒီလောက်သိချင်နေရင် ပြောပြမယ်၊ အဒေါ့်သား စီးပွားဘက်ချင်း လုပ်ကြံခံလိုက်ရတယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို .."

"ပြောပြနေလည်း အဒေါ် နားလည်မှာ မဟုတ်ပါဘူး၊ ရှင်းရှင်း ပြောပြမယ် .. ငွေတွေ အလိမ်ခံရလို့ သူ ထွက်ပြေးနေရတယ်လေ .."

"ဘုရား!... ဘုရား .."

"အဲဒါကြောင့် အဒေါ်ဆီ လုံးဝ လာမတွေ့တော့တာ .."

"သား .. ငါ့သားလေး .."

ဒေါ်ယဉ်မေ သံတိုင်တွေကို လက်နှစ်ဖက်နဲ့ ဖိဆုပ်ကိုင်ထားရင်း နဖူးနဲ့ ထိကပ် ငို၏။ ဆံပင်တွေ ဖရိုဖရဲပြေကျနေလျက် ..၊ တဟီးဟီး ငိုချလိုက်သဖြင့် အငြိုး က ပြုံးလိုက် .. မဲ့လိုက်နှင့် နှာခေါင်းရှုံ့၍ ..

"ကျွန်မကလည်း လူတွေက မိန်းမဆိုးလို့ ပြောခံရလွန်းလို့ ဒီတစ်ခါ တော့ သက်သေပြမှာပေါ့၊ သူ့အတွက် စီးပွားရေးရှိသမျှရော .. ဟောဒီ ခြံနဲ့ တိုက်ပါ ရောင်းပစ်ပြီး အလျော်ပေးလိုက်ဖို့ ဆုံးဖြတ်ပြီးသား .."

"အဲ့ဒီလောက်တောင် များနေလို့လားဟင် .."

"မသိဘူးလေ ..၊ အဒေါ် သားလိမ္မာက ဘာမှ သေချာပြောတာ မဟုတ်ဘူး၊ ဒီလောက် သိရတာတောင် ကျွန်မကိုယ်တိုင် စုံစမ်းခဲ့ရတာ သူ အခု တောကြိုအုံကြားမှာ ခြင်ကိုက်၊ ဖြုတ်ကိုက် စားရမဲ့ သောက်ရမဲ့ ဖြစ်သလို ပုန်းနေရတဲ့ဟာကို ကျွန်မ ဘယ်လိုကြည့်နေရမလဲ .."

"ဟုတ်တယ်.. ဒါမှ ဇနီးကောင်း၊ အေးအတူ ပူအမျှ လက်တွဲဖော် ရဲဘော်ရဲဘက်ဆိုတာ ဒါပဲ .."

ဒေါ်ယဉ်မေ ပြောလိုက်သမျှ အငြိုး မျက်နှာ ရှုံ့တွ မဲ့ရွဲ့နေလေ သည်။ ကြားချင်တာက ဒီစကားတွေ မဟုတ်ပေမယ့် ဆက်လက် အောင့်အည်း၍ ...

"အစတည်းက ကျွန်မပါးစပ်က အပြောကြမ်းပေမယ့် မောင့်ကို ချစ်ပါတယ်၊ အဲဒါကြောင့် အခု သူ ငတ်ပြတ်ဆင်းရဲနေတာ ကျွန်မ ဘယ်လိုလုပ် နေနိုင်မှာလဲ၊ တောထဲမှာ သွားပုန်းနေရတာတောင်မှ သူက





အလုပ်ကိစ္စနဲ့ ခရီးသွားနေရတယ်လို့ ညာထားတာလေ၊ လူ့အသက် အန္တရာယ်ထက် ဘာက ပိုအရေးကြီးမှာလဲ၊ ပုန်းနေတာကရော ဘယ် လောက်ကြာအောင် ပုန်းနိုင်မှာမို့လဲ၊ ရှိသမျှ စီးပွားတိုက်တာ အားလုံးကို ဖြုတ်ပစ်တော့ဖို့ ဆုံးဖြတ်လိုက်တာ သူ့အတွက်ပေါ့ .."

"မလုပ်နဲ့ .. မလုပ်နဲ့ .. ငါ့သားမှာ ဒီလောက်ထိ လက်မဲ့ဖြစ်ဖို့ မလိုဘူး၊ ငါ့မှာ ရှိတာတွေ အားလုံး ပေးမယ် .."

"အမေ့မှာ ဘာရှိလို့လဲ .."

"ငါ့မှာ .."

ဒေါ်ယဉ်မေ မျက်တောင်တွေခတ်၍ စဉ်းစား၏။ ရှိနေမှန်း သိ သည်။ တန်ဖိုးကြီးရတနာတွေ .. ဒါမှမဟုတ် ပိုက်ဆံတွေလား ..၊

စဉ်းစားတော့လည်း ကိုယ့်မှာ ဘာတွေရှိတာမှန်း မသိဘဲ ဖြစ်နေ ပြန်၏။ ဒေါ်ယဉ်မေ ရှူးသလိုကြောင်သလို ဖြစ်ဖြစ်သွားတိုင်း ငိုလိုက် ရယ်လိုက်နှင့် ပြောချင်ရာတွေ ပြောနေတိုင်း အားရဝမ်းသာ ရှိနေတတ်ခဲ့ သည့် အငြိုး မှာ ..၊

ဒီတစ်ခါတော့ မျှော်လင့်ကြီးစွာ ငေးရင်း စိတ်မောလှမောနှင့် ရင် တွေပါ ခုန်ဒနခဲ့၏။ ငါ ဘာမှ သတိမရတော့ဘူးဆိုရင် သွားပြီ ..၊

ဒေါ်ယဉ်မေ မျက်လုံးတွေ မှိတ်သွားတဲ့အထိ စဉ်းစားနေသဖြင့် ပို၍ စိတ်လှုပ်ရှားလာမိသည်။

သူမ လုပ်ခဲ့တာတွေ လွန်ကုန်ပြီလားလို့ တွေးရင်း အချိန်တွေက ကုန်ခဲ့ပါဘီ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၉)

"ထား .. မှီတ် .. မျက်လုံး ဖွင့်ကြည့်ဦး .."

"ဘယ်သူလဲ .."

"ကိုယ်လေ .. မင်းကို သိပ်ချစ်တဲ့ မင်းရဲ့ယောကျ်ား ပြန်လာတာ"

"ကိုကြီး .."

ထား ဝမ်းသာအားရ ကျူးထလိုက်တာ အိပ်မက်ထဲမှာ မဟုတ်ဘဲ တကယ် ဖြစ်နေ၏။ ကြည့်လိုက်တော့ ည ခုနစ်နာရီပဲ ရှိသေးသည်။

သူမ သားလေးနဲ့ သူ့အတွက် အဝတ်စားတွေ ထည့်လျှိုပြင်ဆင်ပြီး အိပ်ရာထဲ ခဏလေး လှဲလိုက်တာပါ။

ကိုကြီး တကယ် ရောက်လာသလိုပါလား ...၊

နားထဲမှာ ကိုကြီး အနီးကပ် ပြောလိုက်တာမျိုး ...၊ အသံနဲ့အငွေ့ ခါတ်က ခုချိန်ထိ စွဲနေတုန်း ...။

ကိုကြီး တကယ် ပြန်လာခဲ့ပါ ...၊ ပြန်လာပေးပါ ဂဲ့ကြီးရယ် ...၊

ထား တို့ သားအမိဘဝမှာ ကိုကြီးမရှိဘဲ ရင်ဆိုင်ရမယ့် အနာဂတ် က အနီရောင်ရင့်နေတဲ့ ကောင်းကင်ကြီးကို မော့ကြည့် ငေးနေရသလိုမဲ့ သိလား ...။





ထား အိပ်ရာပေါ်က ဆင်းကာ မှောင်မိုက်နေသည့် အပြင်ကို ပြတင်းပေါက်ကနေ ငေးရင်း တရှိုက်ရှိုက် ငိုမိ၏။

ကိုယ့်ရှိုက်သံကို သတိထားမိတော့ နှုတ်ခမ်းမှာ လက်စုံလေး ကပ်ထားရင်း အငိုတိတ်ဖို့ ကိုယ့်ဘာသာ ကြိုးစားပေမယ့် မရ ...။

"သမီးရေ .. ထား ...၊ ထား အိပ်နေလား .."

"ဟင်!... ရှင် .. မအိပ်ဘူး အန်တီရ .. လာပြီ .."

မျက်နှာကို ကမန်းကတန်း ပွတ်သပ်ခြောက်သွေ့စေကာ အခန်း ပြင် ထွက်လိုက်လျှင် ဒေါ်စုစု နဲ့ တံခါးဝမှာပဲ ဆုံ၏။

"သမီး နေမကောင်းဘူးလား .. ရန်ကုန်က ဖုန်းလာလို့"

"ကောင်းပါတယ် အန်တီ .."

စကားပြောလိုက်ကာမှ ငိုသံကြီးနဲ့မို့ ...

"ငိုနေတာလား .."

"မဟုတ်ပါဘူး .."

လို့ ကာကွယ်ပြော၍ မျက်နှာ ငုံ့ထားမိပြီးမှ လူကြီးကို ပေါ်တင်ကြီး ဘူးကွယ်လိုက်သလို ဖြစ်သွားသဖြင့် စိတ်မကောင်းသောကြောင့်...

"ဟိုလေ .. မေ့းခနဲ့ ဖြစ်သွားတုန်း ကိုကြီး ရောက်လာတယ်လို့ အိပ်မက်တယ် .. အဲ့ဒါနဲ့ .."

ဆက်မပြောနိုင်တော့ဘဲ မျက်ရည်တွေ ကျလာလျှင် ဒေါ်စုစု က ထား ပခုံးလေးကို ဖက်၍ ...

"အေးပေါ့ သမီးရယ် .. သိပ်မှမကြာသေးတာ၊ ဘယ်မေ့နိုင်ပါ့ မလဲ၊ သွား .. သွား .. ဖုန်းကိုင်လိုက်ဦး .. အရေးကြီးတဲ့ပုံပဲ .."

"ဟုတ်ကဲ့ .."

ဘေးမှာချထားသည့် ဖုန်းကို ကောက်ကိုင်လိုက်ပြီး မနက်ဖြန်ပဲ ထွက်လာမှာဖြစ်တဲ့အကြောင်း ကိုယ်ကပဲ အရင်ပြောလိုက်ဖို့ပါ။ သို့ သော် ...



www.burmeseclassic.com

www.burmeseclassic.com



"မမထား လား .. ကျွန်တော်တို့ ဆရာ့သတင်း ရထားတယ်"

"ဟင်!... ဘယ်လို .."

"မြေလျှင်ဒဏ်ထိတဲ့ထဲမှာ နှစ်ယောက် အသက်ရှင်နေသေး တယ်တဲ့၊ စာရွက်စာတမ်းတွေနဲ့အတူ တွေ့တာ မဟုတ်တော့ ဘယ်သူ တွေလဲဆိုတာ သိပ်တော့ မတိကျသေးဘူး .."

"ဒါဆိုရင် ဘယ်လိုလုပ်ကြမလဲဟင် ..၊ အဲဒီနှစ်ယောက်ကရော အသက်ရှင်ဖို့ သေချာရဲ့လား .. ဖြစ်ဖို့ရော သေချာပါ့မလားဟင် .."

"မမထား ဘာမှ စိတ်မပူနဲ့ .. အခုက နှစ်နိုင်ငံစပ်ကြားမှာဖြစ်ပြီး သူတို့က အမေရိကားကို ရောက်သွားတာ၊ နောက်နေ့ မမထား လိုက် လာမှာစိုးလို့ ကျွန်တော် ဖုန်းဆက်တာ၊ ကျွန်တော်တို့ ဟိုကို လိုက်သွား မယ်၊ သတင်းအတိအကျရတာနဲ့ လှမ်းအကြောင်းကြားလိုက်မယ်နော်.. ဆရာ ပါကိုပါမှာ သေချာပါတယ်၊ မမထား စောင့်သာနေ .."

"ကိုဇော် .. ကိုကြီး တကယ် အသက်ရှင်နေရင် ထား ဆီကို မလာဘဲ သူ ဒီလိုနေမှာ မဟုတ်ဘူး .."

ကြားရတာကို ဘယ်လိုမှ မယုံနိုင် ..၊ ပြောလိုက်ရပေမယ့် အသံ တွေသာမက လက်တွေပါ တုန်၏။

ထို့ပြင် ကိုယ့်ကိုယ်ကိုယ် ငိုနေမှန်းမသိလိုက်ခင် ပါးပေါ်မှာ မျက် ရည်တွေနဲ့ ..။

"ဘာတဲ့လဲ .."

"ဖုန်းထဲက ဘာလဲဟင် .."

"အန်တီ .."

ရှေ့မှာ လူကြီးနှစ်ယောက် သတိလစ်မတတ် မတ်တတ်ကြီးတွေ တောင့်မတ်စွာ ရပ်နေကြတာကို ထား ခုမှ သတိထားမိသည်။

ထိုအခါ ဖုန်းကို ဒီတိုင်း လွှတ်ချလိုက်မိပြီး အနီးဆုံးမှာ ရှိသည့် ဒေါ်စုစု ရင်ခွင်ထဲ ပြေးဝင်ဖက်တွယ်၍ ...





"ကိုကြီးသတင်း ကြားတယ်တဲ့ .. ကိုကြီးတို့လူစုထဲက အသက် ရှင်တဲ့လူနှစ်ယောက် ကျန်တယ်တဲ့ အန်တီ .."

"အမလေး!... ဘုရား .. ဘုရား ... ငါ့တူလေး ပါပါစေ .."

"ပါနိုင်တာ သေချာတယ်လို့ ကိုဇော် ပြောတယ် အန်တီ .."

"ကောင်း မသေဘူး .. ဟုတ်လား .."

ဒေါ်မြမြစံ မယုံနိုင်သည့် ခြေလှမ်းတွေ စတင် ရွှေ့လျားလာရင်း မျက်ရည်တွေ ပြည့်အိုင်နေ၏။ ထား က ဒေါ်မြမြစံ ဆီကို သွား၍ ပွေ့ ဖက်ထားလိုက်ကာ ...

"ဟုတ်တယ် .. ဟုတ်တယ်တဲ့ ကြီးကြီး .. ဒါ သေချာမှာပါ၊ ထား လေ .. ခုနကပဲ မေးခနဲပျော်သွားတုန်း အိပ်မက်မက်လိုက်သေး တယ်၊ ကိုကြီး ထား ဆီကို ပြန်လာတာ တကယ် .."

"ဟုတ်တယ် .. ထား ပြောပြတယ်၊ ကောင်း မသေဘူးဆိုတာ ကျွန်မတော့ ယုံတယ်၊ သူ ရှိနေသေးလို့ စိတ်ချင်းဆက်ပြီး ရောက်လာ တာပါ"

ဘာကြောင့် အဆက်အသွယ်တွေ ပြတ်တောက်နေရသလဲဆိုတာ ကိုဇော် ပြောပြသည့်အတိုင်းပဲ ပြန်ပြောလိုက်ရင်း သုံးယောက် မျက်ရည် တွေ ပြည့်သိပ်နေကြသည့်ထဲမှာ ထား မျက်ရည်တွေသာ ဝိုးဝိုးပေါက် ပေါက် ကျလာခဲ့ပြီး ရယ်သံလေးလည်း ပါ၏။

ဆင်းရဲခဲ့ရသည့် နေ့ရက်တွေ မြန်မြန် ကုန်ဆုံးပါရစေ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅၀)

"ဘာ!... ကောင်းတာပေါ့ .. ဟုတ်လား .. အငြိုး .."

ဖုန်းထဲမှာ အငြိုး ရဲ့သက်ပြင်းချသံလေးပဲ ပျံ့လွင့်လာခဲ့သည်။ ပြီးတော့ အသံတိတ်နေပြန်ရာ ...

"အငြိုး ပြောလေကွာ .. မောင် ဒီမှာ နေရတာ လေးရက်ရှိပြီ .. ဟိုအပတ်ကလည်း အိပ်ချိန်လွန်မှ အိမ်ပြန်ရတယ်၊ အပြင်မှာပဲ မနက်စာ ညစာ ပြီးခဲ့ရတာတွေ .. ဘာတွေလဲ အငြိုး ရယ် ..၊ မောင်တို့လင်မယား အိမ်ထောင်ရေး အဆင်ပြေဖို့ .. ကြီးပွားတိုးတက်ဖို့ ယတြာတွေက စားအိုးခွဲဖို့အပြင် အခု လင်မယား ခွဲနေရဖို့ပါ ပါလာပြီ၊ တစ်ည နှစ်ည တည်းလည်း မဟုတ်ဘူးကွာ .."

သူ သည်းမခံနိုင်ဆုံးက ကိုယ့်အိမ်နဲ့ ခွဲနေရခြင်းပဲ ဖြစ်၏။ ဒီလို ပြောမိလို့ သူ တည်းသည့်အိမ်က ရှမ်းအဘိုးအို လင်မယားက ရယ်မောစနောက်တာလည်း ခံခဲ့ရပါပြီ ..။

တကယ်တော့ အိမ်ကို ခွဲမနေတတ်တဲ့အကျင့်ဟာ အမေ့ကို ညာတာစာနာရင်း နိုင်မြဲလာခဲ့သည့်အကျင့်တစ်ခုသာ ..။





"ဘယ်နေရာရောက်နေနေ အိမ်ပြန်ချိန်ကို မမေ့နဲ့"လို့ အမြဲတမ်းမှာတတ်တာ အမေပဲ ဖြစ်၏။

အဖေ အလုပ်ထွက်သွားတိုင်း မျှော်နေတတ်ခြင်းသည် သေဆုံးသွားချိန်ထိ အမေ မျှော်နေဆဲနှင့်ပဲ တစ်သက်စာ နှုတ်ဆက်လမ်းခွဲ၍ ကျန်ရစ်ခဲ့ရှာသည်။

ဒါကြောင့် ထား နဲ့ သူ အိမ်ပြန်ချိန်ကို အထူး သတိထားရင်း ယောက်ျားလေးဖြစ်သည့် သူက မိန်းမသားနှစ်ယောက်ပဲ ရှိနေသည့် အိမ်မှာ ပို၍ ဂရုစိုက်ခဲ့ရတာ ဖြစ်၏။

ခုတော့ အမေ့ကို သူ ပစ်ထားမိသလိုတောင် ဖြစ်နေခဲ့ပါပြီ။ ဟိုတစ်နေ့က ထား ပြောခဲ့တဲ့ စကားတွေကြောင့် ကိုယ့်အပြစ်ကိုလည်း တွေးမိထားခဲ့သည်။

ဒီကိစ္စတွေပြီးရင်တော့ အမေ့ကျန်းမာရေးကိုရော .. မိသားစု အရင်လို ပြန်ပြီး နွေးထွေးကြရင်း အမေ့အခြေအနေကို ပြန်လည် ဆယ်တင်လို့ရမည့်နည်းလမ်း ရှာဖို့ပါ ဆုံးဖြတ်ထားခဲ့၏။

ဒါပေမယ့် ယတြာဆိုတာကလည်း မပြီးနိုင် ..၊

ပြီးပြီးမပြီးပြီး ဒီညနေတော့ မြို့ပေါ် ပြန်တက်တော့မယ်လို့ ဆုံးဖြတ်လိုက်တော့လည်း ကားဘီးက ဘယ်တုန်းက ပေါက်နေသည် မသိဘဲ လေပိပြားလျက် ...

"တောက် .."

အထဲပြန်မဝင်ဖြစ်ဘဲ ကားဘေးမှာပဲ ဆောင့်ကြောင့်ထိုင်ချလိုက်တော့ လေပြားနေသည့် ကားနောက်ဘီးက မျက်စိရှေ့မှာ ..။

"မောင် တက်ခေါက်လိုက်တာလားဟင် .."

"ဟုတ်တယ် .. ကားကို စိတ်တိုနေတာ .."

"မောင်ရယ် .. အငြိုး ကို တိုနေတာများလား .."

"မဟုတ်ပါဘူးကွာ .. မောင် ဒီနေ့ ပြန်ကိုပြန်မယ်ဆိုတော့ ဘီးက



www.burmeseclassic.com

www.burmeseclassic.com



ပေါက်နေတယ်လေ ..”

“မောင့်ကားဘီးပေါက်တာ စိတ်မကောင်းပေမယ့် ဒီရက်ပိုင်းမှာ မောင် ပြန်မလာသေးရင် မိုကောင်းလို့ အငြိုး လွှတ်ခနဲ ပြောလိုက်မိတာပါ၊ ဒီတစ်ညတော့ နေလိုက်ပါ မောင်ရယ် ..၊ မနက်ကျရင် အငြိုး စပယ်ယာဘီးနဲ့ ဒရိုင်ဘာ လွှတ်လိုက်ပါ့မယ် ..”

“မလွှတ်ပါနဲ့ကွာ .. မောင့်မှာလည်း ဒရိုင်ဘာ ပါတာပဲဟာ .. သူ့ကိုပဲ ဘီးဖြုတ်ပြီး သွားဖာခိုင်းလိုက်တော့မယ်၊ ဒီကနေ သိပ်မှမဝေးတာ .. အငြိုး လာရရင် အဝေးကြီးပဲ၊ အမေ နေကောင်းရဲ့လား အငြိုး..၊ မောင် ပျောက်နေတာကို မေးသေးလား၊ ဒရိုင်ဘာကလည်း လူသစ်မို့လို့လား မသိဘူး .. ပြောမကောင်း ဆိုမကောင်းပါကွာ .. အငြိုး သူငယ်ချင်းရဲ့မောင်ဆိုလို့ မောင် သည်းခံနေတာ၊ ကွမ်းစား ဆေးလိပ်သောက်တာ တရားလွန်ပဲ၊ ပိုဆိုးတာက ပြောလိုက်ရင် မနာခံချင်ဘူး ..၊ တကယ်ဆို ဘီးပေါက်နေတာကို သိတာနဲ့ ပြေးဖာလိုက်ရင် ရပြီ ..”

“အချိန်မီလို့လား မောင်ရယ် .. မမီမယ့်အတူတူဆိုပြီး နေတာထင်ပါတယ် ..”

“မီလို့ မောင် ပြောတာပေါ့ အငြိုး ရဲ့ .. သူကိုက ဖင်လေးတာ၊ မောင်က အမေ စိုးရိမ်နေမှာစိုးလို့ပါ၊ ခုလို အိမ်ကနေ အကြာကြီး မောင် ဘယ်မှ မသွားခဲ့ဘူး ..”

“ဟင်း ...”

နောက်ထပ် သက်ပြင်းသံ ကြားလိုက်ရတော့ လိမ္မာအောင့် စိတ်ထဲမှာ တစ်မျိုးဖြစ်သွားသည်။ ခါတိုင်းဆို ‘မောင်က အငြိုး နဲ့ ထားခဲ့ရတာ စိတ်မချဘူးလား’၊ ‘အငြိုး ကို မယုံလို့လား’ စသည့် မေးခွန်းမျိုးသာ ထွက်လာတတ်တာ ဖြစ်၏။

“သက်ပြင်းတွေ ချလှချေလား အငြိုး ..၊ အမေနဲ့ တစ်ခုခု ဖြစ်ထားလို့လားဟင် .. အမေ နေကောင်းရဲ့လား .. ဒါမှမဟုတ်ရင် အမေ့ကို





ခုန်း ခဏပေးလိုက်ပါလား ..”

“မောင်ရယ် ..”

အငြိုး ရဲ့စကားသံလေးက တကယ်ကို မချိတရိ လှိုက်ခါလျက်...

“မောင့်ကို ဘာမှ မသိစေချင်ပေမယ့် ပြောမှဖြစ်တော့မယ် ထင်တယ် မောင် ..”

“ဟင်!... ဘာကိုလဲ ..”

“မောင်ရယ် .. မောင့်ကို ယတြာချေဖို့အကြောင်းနဲ့ လွှတ်ခဲ့ပေမယ့် ပြန်မလာစေချင်သေးတဲ့အကြောင်းကတော့ ယတြာနဲ့ မဆိုင်တော့ပါဘူး”

တစ်ဖက်က အငြိုး ရဲ့အသံမျိုး သူ တစ်ခါမှ မကြားခဲ့ဘူးသလိုပါလား။ တစ်ခုခုတော့ ထူးခြား ပြောင်းလဲမှု ရှိနေတာ သေချာပါပြီ ..။

“ဘာတွေဖြစ်နေလို့လဲ .. မောင့်ကို ရှင်းအောင် ပြောစမ်းပါ အငြိုး ရယ် .. အမေနဲ့ သက်ဆိုင်နေလို့လား ..၊ အငြိုး နဲ့ ဖြစ်ထားတာ တစ်ခုခုလား ..”

“အငြိုး ဘယ်လောက်ထိ အလျော့ပေး သည်းခံခဲ့တယ်ဆိုတာ သိရက်နဲ့ မောင်ရယ် .. ခုချိန်ထိလည်း သည်းခံဖို့ ကြိုးစားနေတုန်းပါ၊ ဘာမှမပြောသေးခင် မောင်လည်း သည်းခံပါလို့ ကြိုသတိပေးချင်တယ်”

“ဘယ်လို ..”

ပြောနေရင်း ကိုယ်ကပဲ စိတ်လှုပ်ရှားသွားမိတာလား .. ဖုန်းလိုင်းမကောင်းတာလား ..၊ နားထဲမှာ မသဲကွဲဘဲ ဖြစ်လာသောကြောင့် ဟိုလျှောက်ဒီလျှောက် ပြေးတော့မယ့်အတိုင်းဘဲ ဖြစ်လာသောကြောင့် ...

“ပြန်ပြောပါဦး အငြိုး .. အမေ ဘာဖြစ်လို့လဲ ..”

“မောင့်အမေ ထား နဲ့ လိုက်သွားတော့မလို့ အားလုံး ပြင်ဆင်ပြီးနေပြီ ..”

“ဘာ!...”

“အငြိုး ကို အော်ဟစ်ဆဲဆိုနေတာလည်း စုံနေတာ မောင်၊ မောင့်



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း သူ စိတ်နာသွားတယ် ထင်တယ် .. ကြည့်ရတာတော့ အငြိုး တို့နှစ်ယောက်စလုံးကို သူ အထင်လွဲပြီး စိတ်နာနေတယ် ..''

''နေပါဦး .. အမေက မောင့်ကိုတောင် တစ်ခါတလေ မေ့လျော့နေသလိုကြီး ကြည့်ကြည့်နေတတ်တာ .. ပြီးတော့ သူ့ကို အခန်းထဲမှာ လုံလုံခြုံခြုံထားတာပဲ အငြိုး ရယ် ..၊ မင်း ထင်တာများလားကွာ .. သူ ကြဲစည်မယ်ဆိုရင်တောင် ..''

''မောင် မယုံဘူးပေါ့ .. ဒါဆို ဒေါ်တင့် ကို ဖုန်းပေးလိုက်မယ်၊ မောင် မေးလေ ..''

''မဟုတ်သေးဘူး .. မပေးနဲ့ အငြိုး .. မောင် ပြောတာ အဲဒီလို မဟုတ်ဘူး၊ ကျွတ်!... ဘယ်လိုပြောရမလဲကွာ ..''

ရင်ထဲမှာ ဖြောင်ဆန်သွားပေမယ့် ရှိနေတာတွေ .. သိချင်တာတွေ က အငြိုး စိတ်ကွက်သွားမယ့် စကားလုံးကို ရှောင်ခနေရရင်း ဘာပြောရမှန်းမသိ ဖြစ်ကုန်၏။

''အဲဒီတော့ အငြိုး ပြောတာပဲ နားယောင်လိုက်တော့ မောင် ..၊ အငြိုး တောင်မှ မိန်းမသားဖြစ်ပြီး သဝန်တိုစိတ် မထားမိအောင် ကြိုးစားနေခဲ့တာ၊ မောင်က မောင့်အမေပဲ .. သူပိုင်တဲ့ပစ္စည်း သူ ဘယ်သူ့ကို ပေးပေးပေါ့ ..''

''ပစ္စည်း .. ဟုတ်လား ..''

''ဟုတ်တယ် .. သူ့ပစ္စည်းတွေက အငြိုး လို လောဘကြီးတဲ့မိန်းမ မရထိုက်ဘူးတဲ့ .. အစတည်းက သူ့သမီးအတွက် ကုတ်ခြစ် သိမ်းထားတာတဲ့ .. မောင်ကလည်း မယားစကား နားယောင်နေလို့ သူ ရင်နာတယ်တဲ့ ..''

''မဟုတ်တာကွာ .. မောင် ဒီည ပြန်ရောက်အောင် လာမှ ထင်တယ် ..''

''ဘာလုပ်မလို့လဲ မောင် .. အငြိုး ရဲ့ဒေါသကို ဆွပေးမလို့လား။





ဒီလောက်ထိ မျိုသိပ်ပေးရင် တော်ရောပေါ့ မောင် ရယ် .. အခု မောင့် အမေ အော်ဟစ်ပြောနေတာတွေနဲ့ပဲ အငြိုး အရှက်တွေကွဲပြီး ခေါင်း မဖော်ရဲတော့ဘူး၊ မောင့်မျက်နှာ ခုနေ အိမ်ရှေ့ပြန်ရောက်လာတာနဲ့ 'ဟိုကောင်မ လင်ကို မီးထိုးပေးတော့မယ်'လို့ အိမ်နီးချင်းတွေ ကဲ့ရဲ့ ကြမှာ ..''

''ဒါဆို မောင်က ဘာလုပ်ရမှာလဲ .. အမေ အထင်လွဲနေတာကို..''

''အမေက သူပိုင်ထားတဲ့ ပစ္စည်းတွေနဲ့ ကိုင်ပေါက်အော်နေတာ၊ အငြိုး သူ့အပေါ် သည်းခံနေသမျှ ဒါတွေကြောင့်လို့ အခု အော်ဟစ် ကြေညာပြီးပြီ မောင် သိရဲ့လား ..၊ ပတ်ဝန်းကျင် အကုန်လုံးကလည်း အငြိုး တို့အိမ်တွင်းရေးကို ကြားသိကုန်ကြပြီ ..''

''ခက်တော့တာပဲကွာ .. မောင် မရှိလို့ ဖြစ်ကုန်တာတွေ ..''

''မောင် ရှိနေတည်းက သူ စိတ်နာနေခဲ့တာတွေပါ၊ မောင့်ကို အရင်လို ဟက်ဟက်ပက်ပက် မရှိတော့တာ မောင်လည်း သိနေတာပဲ၊ အငြိုး ကလည်း ယတြာချေနေတာ သူ့ရောဂါအတွက် အများကြီးပါပါ တယ်၊ ဗေဒင်ဆရာက ဒီရက်အတွင်းမှာ အိမ်တွင်းရေး ပဋိပက္ခတွေ ကြုံရလိမ့်မယ်၊ ယတြာကို မပျက်စေနဲ့လို့ မှာထားလို့ .. တတ်နိုင်သမျှ သူ့သဘောအတိုင်း ဖြစ်အောင် လိုက်လျောနေခဲ့တာ ..''

''အခု ဘာတွေ ဖြစ်လာဖို့ ရှိနေပြီလဲ ပြောပါဦး ..''

''ဒေါ်တင့် ကို ဘာပေးမယ် ညာပေးမယ်နဲ့ စည်းရုံးပြီး ထား ဆီကို ပို့ခိုင်းနေတယ်၊ ထား က ရန်ကုန်ပြန်တော့မှာကို သူ သိတယ်၊ ထား နဲ့ လိုက်သွားတော့ဖို့ သူပိုင်သမျှ အားလုံး ထုပ်ပိုးပြီး သေချာပြန်ဖုံး ထားတာ ရှုးနေတဲ့လူလား မောင် ..''

ရှုးနေတယ်လို့ အတည်ပြုခဲ့တာလည်း မင်းပါပဲလို့ စိတ်ထဲမှာ တော့ ပြောလိုက်မိသည်။ ဒါပေမယ့် သူ့ရင်ထဲက စကားကို အငြိုး က ကြားသွားတဲ့အတိုင်းပင် ..။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လောက်ပဲ ကယောင်ချောက်ချားဖြစ်နေနေ သူ့သားကို တော့ မမေ့ဘူးလို့ တွေးပြီး သူ့ကို ဆေးရုံတောင် မပို့ရက်ခဲ့တာ မောင် သိပါတယ်၊ ခုတော့ နားလည်သွားပြီ မောင် .. အမေက အငြိုး ကိုပဲ အလိုမရှိတာ၊ အငြိုး ရှေ့မှာပဲ အရူးလို အနိုင်ယူနေတာ၊ သူ အားလုံးကို သိတယ်၊ သိနေလို့ အငြိုး ကို ချစ်နေတဲ့ မောင့်ကိုပါ သူ စိတ်ကွက်သွား တာပေါ့၊ ငါ့သား ငါ့ကိုချစ်ရင် လာတွေ့မှာပဲတဲ့၊ ဒီကောင်မမျိုးနဲ့ တစ် စက္ကန့်တောင် မနေတော့ဘူးတဲ့၊ အဲဒီလောက် ဖြစ်နေတာကို မောင် ပြန်ရောက်လာပြီး တားဆီးပိတ်ပင်လိုက်ရင် အငြိုး ရဲ့ စနက်လို့ပဲ အားလုံး ထင်မှာ..၊ သူလည်း ဒီတိုင်း ထင်မှာပဲ မောင်.. အဲဒါကြောင့် မတားပါနဲ့.."

"ဟုတ်ပြီ .. မောင် နားလည်ပါပြီ၊ ဒါပေမယ့် ထား နဲ့ အမေနဲ့က မောင်တို့သုံးယောက် မဆုံရဲစရာ ဖြစ်ရမယ့်လူတွေမှ မဟုတ်ဘဲ ..၊ ထား နဲ့သွားနေချင်ရင်လည်း မောင်က ထည့်ပေးလိုက်မှာပါ၊ ထား ကို မောင် က ပြန်အပ်လိုက်တာမျိုးတော့ လုပ်ပေးချင်တယ်လေ ..၊ အမေ့ကို မျက်နှာ လွှဲခဲပစ် လွှတ်လိုက်တာမျိုး .."

"တော်ပါတော့ မောင် .. မောင် အခုချိန်မှာ ဂရုစိုက်ချင်လည်း သူပိုင်တဲ့ပစ္စည်းတွေကြောင့်လို့ ထင်မှာပဲ .."

"အမေနဲ့ မောင့်ကြားမှာ ဒီလောက်ထိ .."

"သူက စိတ်မနှံ့တော့ဘူးလေ .. သူ ပြောချင်တာ ပြောသမျှ အရူး ပြောတာလို့ ပတ်ဝန်းကျင်က တွက်တာ မဟုတ်ဘူး၊ လူမသိစေချင်လို့ နံရံတွေအမြင့်ကြီး ကာထားပေမယ့် အငြိုး ကာထားတဲ့ နံရံတွေက ပတ်ဝန်းကျင်နဲ့ လူရော .. လေရော အားလုံးနဲ့တော့ စည်းခြားမပေးနိုင် ဘူး၊ အငြိုး ထပ်ပြီးတော့လည်း အရှက်မကွဲချင်တော့ဘူး မောင်ရယ်.."

အငြိုး ငိုနေမှန်းသိတော့ သူ စိတ်မကောင်းဖြစ်သွားမိသည်။ မိန်း ကလေးပီပီ ဒီပစ္စည်းတွေကို မက်မောတဲ့စိတ်တော့ ရှိရှာပေလိမ့်မည်။

ဒီလောက် စိတ်ဆတ်တဲ့လူက သည်းခံ အလိုလိုက်လာခဲ့တာ





လည်း မျှော်လင့်ချက်ဖြစ်ဖြစ်တော့ ထားခဲ့မှာပေါ့။ တကယ်တမ်း ဒီလို တွေ အပြောခံလိုက်ရသည့်အချိန်မှာ ဘယ်သူမဆို ရှက်မှာပဲဖြစ်သည်။

သူ ဘာလုပ်ပေးသင့်သလဲလို့ တွေးနေမိဆဲ ..၊

"အဲဒီတော့ မောင့်ကို သူ ဖုန်းဆက်လာရင်လည်း ပေးလိုက်ပါ ဆိုတဲ့စကား မောင် ပြောပေးပါ၊ ထား ရသွားတာပဲ မောင်လည်း ကြည် ဖြူမှာပါ၊ အငြိုး လည်း ကြည်ဖြူပါ့မယ် မောင် .. တစ်ခုပဲ တောင်းဆို ပါရစေ 'ပေးလိုက်ပါ'ဆိုတဲ့ စကားအပြင် မောင် ဘာမှထပ်မမေးပါနဲ့၊ ပြောတာရှင်းတာတွေ ဘာမှမလုပ်ပါနဲ့ .. အငြိုး ကတော့ မောင် စကား အပိုပြောလိုက်တာ သိတဲ့နေ့ ချွေးမယုတ်လို့တော့ ထပ်ကဲ့ရဲ့မခံဘူး၊ ဘာလုပ်သွားမယ်ဆိုတာ မောင် စောင့်ကြည့်လိုက် .."

"အငြိုး .. ဟာကွာ .. ဘာတွေ လျှောက်ပြောနေတာလဲ .."

"သူတို့ သွားပြီးမှ မောင် ပြန်လာခဲ့ပါ .. ဒါပဲ မောင် .."

လိမ္မာအောင် ကမန်းကတန်း တားဆီးလိုက်သည့်ကြားကနေ အငြိုး က ဖုန်းပိတ်ပစ်လိုက်သည်။

"ဟွန်း .."

ပါးပြင်ထက်က မျက်ရည်အတုတွေကို မဲ့ပြုံးနှင့် ပွတ်တိုက်သုတ် နေရင်း ဖုန်းကို အိပ်ရာပေါ် ပစ်ချလိုက်၏။

"ရှင့်ကားကို ဘီးဖောက်ထားတာလည်း အငြိုး ရဲ့ဒရိုင်ဘာ လုပ် တာပဲ"

"ရှင်တို့ဘဝကို ဖောက်ထိုးမိုးမျှော်ဖြစ်ကုန်မယ့်စကားတွေ ပြော ပေးလိုက်တာလည်း အငြိုး ရဲ့ပါးစပ်ပဲ လိမ္မာအောင် .."

"မျက်ရည်အတုတွေ လုပ်ရတာလည်း လွယ်တယ်မှတ်နေလို့ လား ..၊ အလွယ်တကူရတာ ဘာမှမရှိဘူးဆိုတာ ရှင် သိပါတယ်"

စိတ်ထဲက စကားတွေ နှုတ်ဖျားမှ အားပါးတရ ပွင့်အံထွက်လာ ရင်း အရူးလို ခေါင်းမော့ ရယ်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့် အငြိုး ရဲ့သရုပ်ဆောင်ခတွေ၊ စိုက်ထုတ် ရင်းနှီးခဲ့ရတဲ့ ပေးဆပ်သမှုတွေအတွက် ဒေါ်ယဉ်မေ ဆီက ပြန်ရမှုဖြစ်မယ်၊ အငြိုး ရဲ့ အမုန်းဒဏ်ထိတဲ့သူ ဖြစ်တဲ့အတွက် သူ့ကို အလိုမရှိတော့ဘူးဆိုတော့ .."

တဟားဟားရယ်သံတွေ အိပ်ခန်းကျယ်ထဲမှာ ပဲ့တင်ထပ်သွားသည်။

"လောကမှာ ငွေရှိရင် အရာရာကို ဖန်တီးယူလို့ရတယ်ဆိုတာ ဘယ်သူမှ သဘောမပေါက်ကြဘူး၊ လိမ္မာအောင် လည်း ဘာမှမသိဘူး၊ အလကားယောက်ျား ဟား .. ဟား .. ဟား .. ဟား .. ရှင့်ရဲ့ဘေးမှာ အစစ်အမှန် ဘာမှမရှိဘူးဆိုတာ သိရတဲ့နေ့ .. အဲဒီအချိန်မှာ ရှင် ဘာမှ ပြန်မရနိုင်တော့ဘူး .. သိရဲ့လား .."

ကိုယ်မှလွဲ၍ တစ်လောကလုံး ငတုံး ...၊





အခန်း (၅၁)

"အငြိုး .. ငါ .. ငါ့သားလေးကို တစ်ခါတည်း ပြန်ခေါ်လာလို့ ရပါ့မလား .."

"သူတို့လိုချင်တာ သူတို့ရရမယ့် ငွေပါပဲ၊ အမေ့ပစ္စည်းကိုသာ ပေးလိုက် .. အမေ့သား ပြန်လာလို့ရပြီ"

ဒေါ်ယဉ်မေ သည် အနက်ရောင်လက်ကိုင်အိတ်ကို လက်မှာချိတ်လျက် ပခုံးပေါ်မှာ တဘက်လေးတစ်ထည် တင်ထားပြီး သွားခါနီးတောင်မှ ဘုရားစင်ရှေ့ ပြေးလိုက်ချင်သေးသည်။

တကယ်က သား ဒုက္ခရောက်နေပြီ ...၊ ပိုက်ဆံတွေ သွားပေးရမည်။ သူမ ဒါကိုပဲ စွဲမှတ်ထားခဲ့ပြီး ဘာတွေ ဖြစ်နေတာလဲဆိုတာကို မေ့သွားလိုက် .. စဉ်းစားနေရလိုက် ...၊

အငြိုး ကတော့ မမြင်မစမ်းနှင့် တွေဝေလေးဖင့်နေသည့် ဒေါ်ယဉ်မေ့ ပုံစံကို အသည်းယားနေပါပြီ။

"လုပ်ထား .. ပစ္စည်းလိုချင်တာလောက်နဲ့ အငြိုး ဒီလောက်ထိ ပင်ပန်းမခံဘူး၊ ဒီနေ့ ဟောဒီအိမ်ပေါ်က ဆင်းလိုက်တာနဲ့ ရှင့်ခြေအတွက် မနက်ဖြန် မရှိတော့ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"အငြိုး .."

"ဟင် .."

"ညည်းပြောသလို သူတို့က လူကြီးလူကောင်းတွေဆိုရင် ငါ့သား ကလည်း သူဌေးပါပဲအေ .. ကြွေးမရတာလေးနဲ့ ဝရမ်းပြေးဖမ်းသလို ကြီး ဘာလို့လုပ်ရတာလဲ ..၊ ငါက ဒါတွေ သွားပေးပေမယ့် လွှင့်ပစ် လိုက်ရသလို ဖြစ်သွားရင်ရော .."

စိတ်ထဲမှာ တစ်ချက်လေး ကောင်းစိတ်ဝင်လိုက်တာနဲ့ ဒေါ်ယဉ် မေ တွေးတော ဆင်ခြင်လိုက်တာ အဟုတ် ..။

"မယုံရင်လည်း မပေးနဲ့ပေါ့ အဒေါ် .."

စိတ်တိုလာတော့ အမေဖြစ်လိုက် .. အဒေါ်ဖြစ်လိုက်နှင့် ကိုယ့် ပါးစပ်ကို ထိန်းမရချင် ..။

"မဟုတ်ပါဘူး .. အမေကလည်း မမြင်မစမ်းနဲ့လေ၊ သမီးက လည်း သား ငြိုငြင်မှာစိုးလို့ ကြားမဝင်ချင်ဘူးဆိုတော့ .."

"အဲဒီတော့ အဒေါ် ဘာလုပ်ချင်တာလဲ .."

"အမေတို့ သားအမိ သွားမယ်၊ ထား လေ .. ထား ရန်ကုန်မပြန် ခင် သူ့အစ်ကိုကိစ္စ .."

"ပိုဆိုးကုန်ပြီ အမေ .. အမေ အလိမ်ခံရမယ် ထင်နေရင် အမေ့ သားကို ဖုန်းဆက်လိုက်မယ်၊ အမေ ပေးလိုက်မယ့်အကြောင်းပဲ ပြော၊ သူ့စကား နားထောင်ပြီးမှ သွား .."

ပြောနေရင်း အငြိုး က ဖုန်းခေါ်လိုက်၏။

ဒေါ်ယဉ်မေ စောင့်ဆိုင်း နားစွင့်နေပုံက အားတက်သရော ..၊ စိုက်ကြည့်ရင်း အငြိုး နှုတ်ခမ်းမဲ့သွားကာ ...

"မောင်လား.. ပစ္စည်းတွေနဲ့ မောင့်အမေ သွားတော့မယ်၊ သူ ဒါကို လုပ်ရမှ စိတ်ချမ်းသာမှာပါ မောင်၊ အငြိုး လည်း စွန့်လွှတ်စွန့်စားခဲ့ပြီးပြီ ပဲ၊ မောင်နားလည်ပေးလိုက်ပါ.. သူ စိတ်ချမ်းသာအောင် ပြောပေးလိုက်ပါ"





ဖုန်းပေးလာတော့မှာကို သိနေသလို ဒေါ်ယဉ်မေ က ရှေ့ကို တိုး လိုက်ပြီး လက်လှမ်းဖို့ ပြင်နေ၏။

"ရော့ အမေ .."

ရော့ .. ဆိုမှ ပျာပျာသလဲ လှမ်းယူကာ ...

"သား .."

"ပြောပါ အမေ .."

"အမေက သား ဖြစ်နေတာတွေကိုလေ .."

"ရတယ် အမေ .. အမေ့ကိုပဲ စိတ်ချမ်းသာစေချင်တာပါ၊ အဲဒါ တွေက အမေ ပိုင်တာတွေ၊ အမေက လုပ်မယ်ဆိုရင် ကျွန်တော်က ဘာကို တားရမှာလဲ .."

"အေး .. အေး .. ဒါဆို နုပဲ သွားတော့မယ် ..၊ သားက .."

ဒေါ်ယဉ်မေ ပြောနေရင်း မျက်နှာပျက်သွား၏။

"သား .. သားကြီး .. ကြားရဲ့လား သား .."

ရင်နာလုံးကြွပြီး လိမ္မာအောင် ဖုန်းချပစ်လိုက်ပြီမှန်း သိကာ ဟား တိုက် ရယ်လိုက်ချင်၏။

မသေခင် မှတ်ထားဦး .. အဲဒါ အငြိုး ရဲ့စက်ကွင်း ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅၂)

"ကောင်လေး .. လူလေး ခဏနေပါဦး .. ဒီနားမှာ ပဒုမ္မာဆေးလိပ်ခုံ ရှိတယ်လေ ..၊ ဟို .. အဲ .. ဆေးဆိုင် .. ဆေးဆိုင် ဖြစ်သွားပြီထင်တယ် .. ဒေါ်မြမြစံ တို့ အိမ် .."

"ရှိတယ် .. မမထား တို့အိမ်ကို ပြောတာမို့လား၊ ရှေ့မှာ ရောက်တော့မယ် .."

"ရောက်တော့မယ် .."

ဒေါ်ယဉ်မေ ခေါင်းတညိတ်ညိတ် ဖြစ်သွားကာ ...

"ခဏလောက် ရပ်ပေးပါလား လူလေးရယ် .."

"ဘာလုပ်မလို့လဲ မေမေကြီး .."

ပြောရင်း အိမ်ရှေ့ ရောက်နေပြီမို့ ကားက ရပ်လိုက်ပြီးဖြစ်ကာ...

"မမလေးက ဘယ်ကိုမှ မဝင်ရဘူးတဲ့ .."

"မဝင်ပါဘူး .. ဟိုလေ .. အမေ့သမီးရဲ့အသံလေးဖြစ်ဖြစ် ကြားချင်လို့ပါ၊ ဘာမှလည်း မပြောပါဘူး၊ ဒီကို ခဏလေး လာခဲ့ဖို့ပဲ သွားပြောပေးပါနော် .. အမေ တောင်းပန်ပါတယ် .."





အပြင်ကို ထွက်ခွင့်ရလိုက်တာဟာ တစ်ကိုယ်လုံးမှာရှိသမျှ အုံ့မှိုင်းပူလောင်မှုတွေကို ရေစင်အေးနဲ့ ငြိမ်းသတ်လိုက်သလိုဖြစ်ကာ ဒေါ်ယဉ်မေ့ စိတ်တွေ အားလုံး အကောင်းတိုင်း ပြန်ခံစားမိနေခဲ့၏။

သမီးလေးနဲ့ အဝေးကြီးမှာ ခွဲခွာနေခဲ့ရသလို လိုက်မော လွမ်းဆွတ်ခြင်းက သမီးရဲ့ 'အမေ ..'လို့ ခေါ်သံလေးဖြစ်ဖြစ် ကြားချင်မိသည်။

သမီးလေး ကိုယ့်ဆီ ရောက်မလာခဲ့တာ အငြိုး နဲ့ ပတ်သက်နေသည်မှန်းလည်း ဟိုအစက ပြန်ပြီး အကောင်းတိုင်း မှတ်မိလာခဲ့၏။

ထို့ကြောင့် အပြင်ထွက်ခွင့်ရတုန်း သမီးရဲ့အသံလေးကို ကြားနိုင်ခွင့်အတွက် ကြိုးစားမိခြင်း ဖြစ်သည်။

သို့သော် ...

"အို .. မဖြစ်ဘူး .. မဖြစ်ဘူး .."

နောက်ခန်းထဲမှာ ပါလာသည့် ဒေါ်တင် က အထူးလွှဲအပ်ခြင်းခံထားရသော အာဏာရှိသူလေသံနှင့် ခေါင်းထောင်လာပြီး ...

"မမလေးက သေချာ မှာလိုက်တာ၊ တော်ကြာ စကားပြောဖြစ်ကြရင်း ဟိုမေးဒီမေးနဲ့ ကြွေးကိစ္စတွေ လူသိပြီး အရှက်ရမယ်၊ ဘယ်မှ မဝင်ရဘူး .. ဘယ်သူနဲ့မှ မတွေ့ရဘူးတဲ့၊ ကုလား ဆက်မောင်း .."

"ခဏလေးပါ .. သမီးလေး ခေါ်ရရင် တော်ပါပြီ .."

ကလေး ပူဆာသလို အောက်ကျ ခယစွာ ပြောနေရင်း ဒေါ်ယဉ်မေ ကယောင်ချောက်ချားတွေ ပြန်ဖြစ်၏။ သို့သော် ကားလေးက ဆက်လက် ထွက်ခွာခဲ့ပြီဖြစ်၏။

မြင်နေရသည့် ဒေါ်တင် ကတော့ ဒေါ်မြမြစံ တို့ ခြံကြီးရှေ့မှာ ရပ်သွားသည့် ကားနက်ကြီးကို တစ်ချက် ငဲ့ကြည့်မိသေး၏။

မမလေးက ဒီအိမ်ကလူတွေနဲ့ အစိက မဆက်ဆံချင်တာပဲ၊ ကိုယ်လည်း ဒီတိုင်းပဲ နာခံရမည်သာ ..။

'သူ့ဆန်စား .. ရဲရမည် ..'



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်လေးမှာ ရှက်စိမ်းတို့ တစ်ခြမ်းဖုံးနေသော ဝရန်တာလေးမှာ ထား ရှိနေခဲ့၏။

ထို့ကြောင့် အိမ်ရှေ့တည့်တည့်မှာ ကားရပ်လိုက်တာကို မြင်လိုက်သည်။ အထဲမှာ အမေ့မျက်နှာကိုလည်း သေချာ မြင်လိုက်၏။

ဒါပေမယ့် အမေ အပြင်ထွက်လာခဲ့သည်။ အိမ်ရှေ့ထိ ရောက်လာခဲ့သည်ဆိုတာတွေက အံ့အားသင့်စရာတွေမို့ ရုတ်တရက် ကြောင်ငေးကြည့်နေမိ၏။

"အမေ .."

နောက်ထပ် အမေ့မျက်နှာ ဖျတ်ခနဲ ဒီဘက်လှည့်ပြီး ရှာဖွေလာတာမြင်လျှင် ထား ဝမ်းသာအားရ ခေါ်ကာ အိမ်ထဲကို ချက်ချင်း ပြန်လှည့်ပြေးသည်။

လှေကားတွေကို ကျော်ခွဆင်းချင်အောင် စိတ်က ကြည်နူးဝမ်းမြောက်နေကာ အပြေးတစ်ပိုင်း ထွက်သွားခဲ့သော်လည်း ...

"အမေ .."

အမေ မရှိတော့ပါလား ...၊

ထွက်ခွာသွားသည့်ကားကို မြင်လိုက်သော်လည်း ထိုကား၏မြင်ကွင်း ပိတ်ကွယ်ပစ်လိုက်သလို ဖြတ်ဝင်လာသည့် ကားတစ်စီးက သူမရှေ့မှာပဲ တည့်တည့်ရပ်ကာ ...

"မမထား .."

"ဟင်!..."

"ဘယ်သူလဲလို့ ကြည့်ပါဦး .."

အမေ့ကားနောက်က လိုက်သွားဖို့ ဖျတ်ခနဲ ဝင်လာသည့်စိတ်ကူးက အနီးကပ်အသံနှင့် ပုံရိပ်တွေကြောင့် နောက်ထပ် အာရုံတစ်ခုသို့ ပြောင်းသွားခဲ့ပြီး ...

"ကိုကြီး .. .."





"ထား .."

ကောင်းမှူး သည် ခြေထောက်တစ်ဖက်ကို ဒါပ်အားမပြုနိုင်ဘဲ တံခါးရွက်ကို အားပြုဆင်းနေစဉ် ထား က သူ့ရင်ခွင်ထဲ ရောက်သွားခဲ့ပြီးဖြစ်ကာ ...

"ကိုကြီး မသေဘူး"

"ထား ရယ် .. ပိန်သွားလိုက်တာ .."

"ကိုကြီးကို ချစ်တယ် .. ကိုကြီး မသေဘူးနော် .. ကိုကြီးရယ်.."

ထား အသံတွေ တုန်ကာ ဘာကြောင့်မှန်း မသိဘဲ ကလေးတစ်ယောက်လို ရှိုက်ငိုမိလေသည်။

"ကြီးကြီးစံ .. အန်တီစု .."

ကားပေါ်မှာ ပါလာကြသည့်လူတွေက အိမ်ထဲကလူတွေကို မွတ်လောရိုက်အောင် လှမ်းခေါ်၏။ ထား ကတော့ ဘာကိုမှ သတိမရ..။

ဒီတစ်ခါ ပြန်လည် ပျောက်ကွယ်သွားမှာကို အသက်နဲ့လဲ၍ ကာကွယ်ဖို့ ဆုံးဖြတ်ထားသည့်နှယ် ကောင်းမှူး ကို တစ်ချက်မှ မလွှတ်..၊

ယခုမှစ၍ ချစ်ခင်အားကိုး မှီတွယ်မိခြင်းဟာ ..၊ နောက်ထပ် ဘယ်လိုမှ ခွဲခွာခံစားနိုင်မှာ မဟုတ်သော အောက်ချင်းငှက်မောင်နှံလို အချစ်မျိုးဖြင့် ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅၃)

"ဒါ .. ဘယ်နေရာလဲ မတင် .. တိုက်ထဲမှာလည်း မဟုတ်ဘူး"

ထင်ထားခဲ့တာက ကြီးကျယ်ခမ်းနားတဲ့ တိုက်ကြီးတစ်လုံး ဖြစ်နေမည်။ သားနဲ့ ဘယ်လို စတင်ရှုပ်ထွေးပြီး ဘယ်လိုတင်ခဲ့တဲ့ ကြွေးမြီတွေလဲဆိုတာ ကိုယ်က မေးသမျှ စာနာငဲ့ညာစွာ ပြန်လည် ပြောပြပေးမည့် သူဌေးဆိုသည့် ပုဂ္ဂိုလ်ကြီးလည်း ရှိနေမည်လို့ ..။

ခုတော့ ခြေထောက်အောက်မှာ နင်းမိထားတာ မြေပြင်ဖြစ်လျက်.. သစ်ကိုင်းခြောက်လိုလို .. ဆူးချုံလိုလို လမ်းမ မဟုတ်သောလမ်း၊ ဒါမှ မဟုတ် ချောင်ကျသည့် လမ်းကြားလား ..၊ တောင်မို့လား၊ မမြင်နိုင်သည့် ဘဝမို့ ဘာမှကြည့်ခွင့်မရှိပေမယ့် ကိုယ်တစ်သက်လုံး နေလာခဲ့တဲ့ မြို့..

ဒါ ဘယ်နေရာဖြစ်နိုင်မလဲဆိုတာ တွေးကြည့်လိုက်တာနှင့် အနီးစပ်ဆုံးကို မှန်းလို့ ရသည်။

"မတင် .. မတင် ရှိသေးလား ..၊ ငါ့ကို ဘယ်ခေါ်လာတာလဲ"

"ဘယ်နေရာဆိုတာ ခင်ဗျား သိမှာပါ .."

ဟင်!...

ကြားလိုက်ရတာ ယောက်ျားတစ်ယောက်ရဲ့ အသံ ..။





ကုလား လည်း မဟုတ်ပါလား ..၊ သူတို့ လာကြတာ ကုလားရယ် .. မတင် ရယ် .. ကိုယ်နဲ့မှ သုံးယောက်တည်း။ မြို့နဲ့ အလှမ်းမဝေးပေမယ့် ဒါက လူသူကင်းရှင်းတဲ့နေရာပါ ..။

"မင်းက ဘယ်သူလဲ ..၊ မတင် တို့ရော .."

"ဒေါ်တင် တို့က သေရမယ့်ထဲမှာ မပါဘူးလေ ..၊ ခင်ဗျားပဲ ပါတာ၊ ကဲ .. ပစ္စည်းတွေ ပေး .. ပြီးရင် ကိုယ့်ရဲ့နောက်ဆုံးခရီးအတွက် အေးဆေး ဆုတောင်း .."

"ဘာ!... ဘာပြောတာလဲ ..၊ နင်တို့က .."

ဒေါ်ယဉ်မေ နောက်ကို ကမန်းကတန်း ဆုတ်လိုက်တာနှင့် ခြေထောက်က ချိုင့်ခွက်တစ်ခုထဲ ကျကာ တစ်ကိုယ်လုံး ဖင်ထိုင်လျက် ခ်လဲသွားတာ အင့်ခနဲ ..။

လူကြီးမို့ ကိုင်ပေါက်ခံလိုက်ရသလို ဖြစ်သွားပြီး သတိလစ်မတတ် ကျင်သွားကာ ရုတ်တရက် ပြန်မထနိုင် ..။ ထိုအချိန်လေးမှာ လက် ချိတ်ထားသည့်အိတ်ကိုပါ ဆောင့်ဆွဲယူသွားခြင်း ခံလိုက်ရကာ ...

"ဒီတစ်ခါ လူသတ်ရတာလောက် ပျင်းဖို့ကောင်းတာ မရှိဘူး၊ ဒီလောက် သချိုင်းကို ခြေနစ်ဖက်စလုံး လှမ်းနေတဲ့ အရွယ်ကြီးကိုများ ထွေ့ူလိုခေါက်ပြီး စာအုပ်ထဲ ထည့်ညှပ်ထားလိုက်ရုံပဲ၊ အလုပ်ရှုပ်ခံပြီး သတ်ဖြတ်နေသေးတယ် .."

ထိုလူဆီမှ နောက်ထပ် ကြားနေရသည့် စကားသံတွေကလည်း သာယာနာပျော်ဖွယ် မရှိပေ။ ဒါပေမယ့် ဒေါ်ယဉ်မေ တစ်ခုခုကိုတော့ နားလည်သွားသလို ရှိနေပြီမို့ ...

"ငါ့ကို သတ်ပစ်မှာလား ..၊ ဘယ်သူကလဲဟင် .. ငါနဲ့ ဘာရန်ငြိုးရှိလို့လဲ ..၊ ငါ့သားလေးကိုရော .."

"ခင်ဗျားသားကို သတ်ခိုင်းရင်တော့ အပျင်းပြေနိုင်ပါတယ်၊ ဒါပေမယ့် ခုကတော့ တကယ် စိတ်ပျက်စရာပဲ၊ ပိုက်ဆံရတော့လည်း



www.burmeseclassic.com

www.burmeseclassic.com



သတ်ရဦးမှာပေါ့လေ ..."

"ဘယ်သူလဲ ...၊ ငါ့ကို ဘယ်သူက သတ်ခိုင်းတာလဲ၊ မဖြစ်နိုင်ဘူး— ငါ့မှာ သတ်ပစ်ချင်အောင် မုန်းတဲ့လူ မရှိဘူး .."

"ဘာကို မဖြစ်နိုင်တာလဲ ...၊ မှတ်ထား .. ဘုရားတောင် မာရ်နတ်ရန် ရှိတယ်၊ ဗိုလ်ချုပ်အောင်ဆန်းလည်း သူများသတ်လို့ သေသွားတာ ခင်ဗျားကြီးက ဘာမို့လို့တုံး .."

"ဒါဆို ပြောပြပါ ...၊ ငါ့ကို ဘယ်သူက သတ်ချင်တာလဲ .."

"ခင်ဗျား ချွေးမ .."

"အငြိုး .. .."

ဒီနာမည်ကြားတော့ အောင်မြင်ပိုင်နိုင်သည့် ရယ်သံကြီး ထိုလူဆီမှ ထွက်လာ၏။ ဒါ အမှန်ပဲလို့ ဖြေလိုက်တာမျိုး ...။

ကြောက်ရွံ့တုန်လှုပ်သွားခြင်းသည် ဒေါ်ယဉ်မေ့ အသိစိတ်တွေကိုပါ ကစဉ့်ကလျား ဖြစ်လာစေလျက် မနိုင်သည့်ကိုယ်ကို ထိုင်လျက်ကနေ တရွတ်ဆွဲလျက် နောက်ဆုတ် လိမ့်ပြေးသည်။

ငါ့သား ဆိုသည့် သားဇောက အနီးဖြူဖြူလေးနဲ့ ထုပ်ပတ်ထားသည့် ကလေးငယ်လေး ဒီတိုင်း လွတ်ကျကျန်ခဲ့သလို နှလုံးသားတစ်ခုလုံး ကြေပြုန်းမတတ်နှင့် ...။

"ငါ့သားကို မသတ်ရဘူး .. မသတ်ရဘူးနော် ...၊ ငါ့သားကို မထိနဲ့ .."

"လာသေးတယ် .. ဟား .. ဟား .. ဟား .."

ဒေါ်ယဉ်မေ မျက်ရည်တွေ ကျလာခဲ့၏။ စိတ်တို့သည် ကောင်းသည့်ဘက်ကို ပြေးလာလိုက်၊ ဂေါ်လီလို ခုန်ပေါက်နေသော အမြန်နှုန်းနှင့် ရောက်ချင်ရာ ရောက်နေလိုက်နှင့် ရှိနေပြီး ...

ဒီအဖြစ်မျိုး .. ဟုတ်တယ် .. ဒါမျိုး သူမ ကြုံဖူးခဲ့တာ အိပ်မက်ထဲမှာ ...၊ သည်စဉ်က သားနဲ့ လဲယူဖို့ သူမ စည်းစိမ်ဥစ္စာတွေကို ထုပ်မွေ့ထားခဲ့သည်။





ငါ့သားလေးကို ဒီမိန်းမ မက်စရာရှိလို့ ယူခဲ့တာဆိုရင်လည်း အမြဲတမ်း မက်မောစရာတွေ ပြည့်နေတဲ့ သူဌေးလေးဖြစ်နေဖို့ ကိုယ့်မှာ ရှိထားတဲ့ပစ္စည်းတွေကို သားအတွက် သိမ်းဆည်း ရုံထားခဲ့သည်။

ခုတော့ အားလုံးလည်း ပါသွားပါပြီ ...၊

"အငြိုး .. ဒီမိန်းမ ဘာလုပ်လိုက်တာလဲ ...၊ ချမ်းသာတဲ့လူကို ပိုင်ထားပြီးတာတောင် လူတွေ ထပ်ငှားဟ်ပြီး ဘာကို ထပ်ပိုင်ချင်သေးတာလဲ .."

အသိတွေမဲ့ကုန်ကာ ဒေါ်ယဉ်မေ စိတ်ထဲရှိတဲ့အတိုင်း စူးစူးဝါးဝါး ထအော်၏။ ပြီးတော့ နေရာမှ ကတုန်ကယင် ကုန်းကျုံးထကာ ...

"သားရေ .. အဲဒီကောင်မနားမှာ မနေနဲ့ .. မင်းကို သတ်တော့မှာ သိလား ...၊ ပြေး .. ပြေး .."

အော်ရင်း အတင်းစွတ်ပြေးလျှင် ခြေလှမ်း ဆယ်လှမ်းကျော် လောက်မှာပဲ ...

"ဖောင်း .."

ခေါင်းတစ်ခုလုံး မြည်ဟီးသံကြီးတစ်ချက်နှင့် အစိတ်စိတ်အမွှာမွှာ ကွဲကြေသွားခဲ့သည်လား ...၊

"ခွပ် .."

နောက်ထပ် ခံလိုက်ရမှ ခေါင်းကို တစ်စုံတစ်ခုနှင့် အားပြင်းစွာ ထုနှက်ပစ်နေခြင်းဖြစ်ကြောင်း နောက်ဆုံး အသိတစ်ချက်နှင့်အတူ ...

"သား .."

နာကျင်မှုတိုင်းမှာ သည်သို့သော နာကျင်မှုတွေ သားလေး ခံစားရတော့မှာဆိုသည့်ဇော တစ်ခုမှလွဲ၍ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅၄)

"ဒုန်း .."

"ဟင်!..."

မျက်လုံးရှေ့မှာ အဖြူရိပ်ကြီးတစ်ရိပ် ဘွားခနဲ ပေါ်လာသလို ဖြစ်သွားကာ ရုတ်တရက် လန့်ပြီး စတီယာရင်ကို ဆွဲလှည့်ပစ်လိုက်တော့ ကားက လမ်းဘေးချိုင့်ထဲ ဦးစိုက်ဆင်းသွားပြီး ပုံပန်းမကျစွာ ရပ်၏။

ထို့ပြင် ခေါင်းမှာ ပူထူသွားလျက် ရင်ဘတ်တစ်ခုလုံး အောင့်တက် နာကျင်သွား၏။

"ဘာဖြစ်သွားတာလဲ .."

အသက်မှန်မှန်ရှူရင်း ပတ်ဝန်းကျင်ကို ခေါင်းထောင်ကြည့်မိလျှင် သူ့မျက်လုံးထောင့်မှာ အပိုင်းအစလေးတစ်ခု ရိပ်ခနဲ တွေ့လိုက်ရတာ ယုန်ဖြူလေးတစ်ကောင် ...၊

မဟုတ်သေးပါဘူး .. သူ မြင်လိုက်တာ သေးသေးလေး မဟုတ်...၊ လူတစ်ယောက် ဒါမှမဟုတ်လျှင် လူရိပ်လို ပုံသဏ္ဌာန် အဖြူရောင်အရိပ်ကြီးတစ်ရိပ် ဖြစ်သည်။





ပြီးတော့ နားထဲမှာ ကြားလိုက်တာလည်း တစ်ခုခုဖြစ်သွားသည့် ဝေါခနဲ ဆူညံသံလိုမျိုး ...၊ ဒီလို ဖြစ်စရာ လိုလို့လား ...။

လူသူကင်းရှင်းနေသည့် ကားလမ်းမဟာ မှောင်ရီဖျိုးဖျ အလင်းရောင်အောက်မှာ သူ့အတွက် အေးချမ်းစွာ ဝပ်စင်း ခစားနေခဲ့တာ တိတ်တိတ်ဆိတ်ဆိတ် ...၊

စိတ်ထဲမှာ မကျေမနပ် ငိုင်တွေနေမိဆဲ ...၊ နဖူးထက်မှာ တဖျင်းဖျင်း နာကျင်ခြင်းနှင့်အတူ ပူနွေးသောစီးကြောင်းတစ်ခုကြောင့် လက်က ရောက်သွားမိလျှင် ...

"ဟင်!..."

သွေးတွေပါလား ...၊

စိတ်ထဲမှာ လေးလံထိုင်းမှိုင်းသွားသဖြင့် ကားထဲက တစ်သျှူးတွေ ဆွဲထုတ် သုတ်ပစ်လိုက်ရင်း ဖုန်းကိုပါ ထုတ်၍ ...

"တောက် .."

လိုင်းမမိသည့်နေရာမှာ ရောက်နေတာ သိလိုက်ရသောကြောင့် ကားကို လမ်းပေါ်ပြန်တက်လိုက်သည်။ ပြီးတော့ ဖုန်းခေါ်ရင်း ရှေ့ဆက်မောင်းလာတော့ လိုင်းမိသွားသည့်နေရာမှာ ကားကို ပြန်ရပ်၍ ...

"အငြိုး .."

"... ... ... ..."

"မောင့်စိတ်ထဲမှာ တစ်မျိုးကြီး ခံစားနေရတာ ဘယ်လိုကြီးမှန်း မသိဘူး၊ မင်း နေကောင်းရဲ့လား .. အမေနဲ့ရော အဆင်ပြေလား .."

"... ... ... ..."

"သိတယ်လေ .. အဲဒါကိုပဲ မေးတာ ..၊ ထား နဲ့ အမေ တစ်ခါတည်း လိုက်သွားတာလား .."

"... ... ... ..."

"ကျွတ်!..."



www.burmeseclassic.com

www.burmeseclassic.com



အငြိုး စကားပြောပုံက ရင်နာနေသလိုလို .. နာကြည်းချက်တစ်ခုခုနဲ့ ရှဲ့နေသလိုလို ..။

"အငြိုး .. မောင် မေးနေတာက အမေနဲ့ အငြိုး တို့ တစ်ခုခု အကြီးအကျယ် ဖြစ်နေကြသလားလို့ကွာ .. ခက်တာပဲ .."

ဘာလိုလို ထွေငေါ်နေတာတွေကို သည်းမခံနိုင်တော့သည့်အဆုံး..ကားကို ဘေးတစ်ချက် ပြန်ဆွဲကာ ထွက်လာခဲ့တဲ့လမ်းအတိုင်း နောက်ကို အကြမ်းပတမ်း ပြန်လှည့်လိုက်သည်။

အမေ စိတ်ဖြောင့်လက်ဖြောင့် လိုက်သွားပါစေတော့ဆိုပြီး အငြိုးဆီက သတင်းကိုပဲ စောင့်ဖို့ ဆုံးဖြတ်ချက်က ချက်ချင်း အိမ်ပြန်ဖို့ဖြစ်သွားခဲ့ပြီး ..၊

အိမ်မှာ တစ်ခုခုတော့ ဖြစ်နေပြီဆိုတာ ဓိဟ်ထဲမှာ သေချာနေခဲ့လျက် ..၊ တစိမ့်စိမ့် စီးကျနေဆဲ သွေးတို့ကို နောက်ထပ် တစ်သျှူးနဲ့ သုတ်ပစ်ရင်း ..၊

တစ်ခုခု ဖြစ်နေတာ အမေ မဟုတ်ပါစေနဲ့ ..။





## အခန်း (၅၅)

"သားကြီးက ဘာလဲကွာ .. ကြည့်ဦး .."

ကောင်းမှူး က အမေ့ဆီ လက်လှမ်းနေသည့် သားရဲ့လက်လေးတွေကို ဆွဲချုပ်ဖက်ထားလိုက်ရင်း နမ်းလို့မဝ ..ချစ်လို့မဝသည့်အပြုံးတွေနှင့်..၊

"ဖေကြီးကို မမေ့သေးဘူးဆိုပြီး ဒီကတော့ ချစ်လိုက်ရတာ.. တွေ့လား ကြီးကြီး .. မအေကို မြင်တာနဲ့ ဖြစ်သွားတာ .."

"ဟုတ်ပ .. ဒီကောင်လေး သူ့အမေကို သိပ်ချစ်တာ .."

ကြီးကြီးတို့ကပါ ထောက်ခံနေတော့ သားအတွက် သိုးမွေးဦးထုပ်လေး ယူလာရင်း ထား က ဘေးမှာ ဝင်ထိုင်ကာ ...

"ရင်ခွင်ပိုက်အရွယ်လေးမှာတော့ ဒီလိုပါပဲ ကိုကြီးရယ် .. အထူးသဖြင့် သားလေးတွေက .."

ဖြင်းရှသည့် ခံစားချက်နှင့်အတူ ကိုကို့မျက်နှာချောချောကို မြင်ယောင်လာကာ ထား နှုတ်ခမ်းမှာ နာကျင်သည့်အပြုံးလေးဖြစ်သွားခဲ့၏။

"သူတို့အတွက် အချစ်ဆုံးမိန်းမဆိုတာ တစ်ယောက်ပဲရှိကြတာ.."

"ဟော့ .. အမေနဲ့ ဇနီးက တစ်ကန့်စီလေ .."

ကောင်းမှူး က ထား ရဲ့နဖူးလေးကို လှမ်းထုပြီး ရယ်သည်။ ဒေါ်မြမြစံ တို့ကလည်း ရယ်နေလျက် ...

www.burmeseclassic.com



"အေးလေ .. ကောင်မလေး .. သူများသားကိုကျတော့ ယူထားပြီး ကိုယ့်သားကျမှ သဝန်မတိုနဲ့လေ .."

အားလုံး ဝိုင်းစကြသဖြင့် ထား က ကိုယ့်ခံစားချက်ကို ပြန်လည် သိမ်းဆည်းဖို့ ကြိုးစားသည်။

"ဟုတ်ပါတယ် .. ထား ပြောတာကလည်း သားတစ်ယောက်ဆို တာကို သပ်သပ်၊ အမေ .. ညီမ .. ဇနီးမယားဆိုပြီး ကွဲပြားနေတဲ့ မိန်းမ အမျိုးမျိုးကို တခြား ပြောပြတာပါ၊ ဘာပဲဖြစ်ဖြစ် သဘာဝတရားက မမှားဘူး .. လက်ခံဖို့ကြိုးစားရင်း မခံစားနိုင်ကြတဲ့လူတွေမှာပဲ အပြစ် မကင်းတာ .."

ထား ရဲ့ ခံစားချက်ကို တွေးမိသွားကြကာ အားလုံး မျက်နှာတွေ ပျက်ကုန်ကြ၏။

"ကဲ .. ကဲ .. လမ်းလျှောက်ထွက်ကြမလို့မို့လား ..၊ အပြန် ဈေးဝင် နဲ့ကြဦးနော် .."

"ပေး .. သမီး ကလေးကို ..၊ သမီး အကျႌသွားလဲလိုက် .."

"ဟုတ် .."

ထား တို့ မနက်ဖြန်ဆို ရန်ကုန်ပြန်ကြတော့မှာဖြစ်သည်။ အမေ့ကို နောက်ဆုံးအနေနဲ့ တွေ့ချင်သည်။ ကိုကိုနဲ့ အမေ့ကို အားပါးတရ စကား တွေပြောရင်း၊ ဒါ နောက်ဆုံးလည်းဖြစ်နိုင်ပါတယ်လို့ နှုတ်ဆက်ခဲ့မည်။

အငြိုး လည်း ကျေနပ်သွားမှာပါ။ သူမ အမေ့ကို ဘာကြောင့်ပဲ မုန်းမုန်း ကိုယ်ကတော့ ကိုယ့်ကြောင့် မဖြစ်ရအောင် တခြားတစ်နေရာ ရာမှာပဲ အားလုံးကို ကျောခိုင်းနေလိုက်တော့ဖို့ စိတ်ကူးမိ၏။

ဒါပေမယ့် အိမ်မှာ ကိုကို မရှိဘူးလို့ သတင်း အတိအကျ ရထား သည်။ ဒီတိုင်းဆို အငြိုး နဲ့တော့ နောက်ထပ် ရင်မဆိုင်ချင်သည့်စိတ်နဲ့ အမေ့ကို ထား နှုတ်ဆက်ခွင့်ရတော့မှာ မဟုတ်ပေ ..။

ဖော့ဝဲလာသည့် မျက်ရည်တို့ကို မျက်တောင်တို့နှင့် ပုတ်ခတ် သိမ်း





ဆည်းကာ ဝတ်ထားသည့်ဆွယ်တာအင်္ကျီကို ဆွဲချွတ်ပစ်လိုက်ကာ ပခုံး ပေါ်ကို တဘက်လေးနဲ့ ပတ်ခြုံထားလိုက်သည်။

ပြီးတော့ အဝတ်ဗီရိုကိုဖွင့်၍ လည်ကပ် လက်ရှည်တစ်ထည် ဆွဲ ထုတ်လိုက်ပြီး ဗီရိုကို ပြန်ပိတ်လျှင် ...

"ထား .."

ဆွဲကာထားသည့် ကန့်လန့်ကာစကို ဆွဲဖယ်ကာ ကောင်းမှူး က သူမနောက်ကို ရောက်လာပြီး ...

"ဘာဖြစ်နေတာလဲ ချာတိတ်ရာ .. ကလေးလို ခုန်ပေါက်မတတ် ပျော်သွားတာ ခဏလေးပဲ မြင်လိုက်ရတယ်"

ထား လှည့်ကြည့်လိုက်တာနှင့် သိမ်းပိုက်ပွေ့ဖက်ထားလိုက်သည့် ကောင်းမှူး ရင်ခွင်ထဲမှာ မှန်းကျပ်သွားခဲ့သည်။

"ဘာတွေ စိတ်ညစ်နေသေးတာလဲ .."

မေးတော့ မေးသည်။ ဖြေလို့မရအောင် အတင်းနမ်းနေသည့် မြတ် နိုးခြင်းများက ကြာရှည်စွာ ဖြန့်ကြက်နေခဲ့၏။ ပြီးမှ ထား ရဲ့ဆံပင်ရှည် တွေ ဖြန့်ချထားတာကို ဆွဲယူ နမ်းရင်း ...

"ပြောလေ .. ကိုယ် ဘာလုပ်ပေးရမလဲ ..၊ ဟိုအရင်က တားဆီး ပိတ်ပင်တာတွေ ရှိခဲ့တာ မှန်တယ်၊ အဲ့ဒါ မင်းကို စိတ်မချလို့ပါ၊ နူးညံ့မှု နဲ့ မာကျောခြင်းကို ထိပ်တိုက် ထိခိုက်စေလိုက်ရင် နူးညံ့နေတဲ့အရာပဲ .. ပျက်စီးသွားမှာပေါ့၊ အဲဒါကို စိုးရိမ်လို့ တားခဲ့တာ .."

"ထား နားလည်ပါတယ် ကိုကြီးရယ် .. ကိုကြီး အသက်လုပြီး ခဲခဲယဉ်းယဉ်း ပြန်ရောက်ခဲ့တာတောင် ထား က မရှင်မပျနဲ့ စိတ်ညစ် အောင် လုပ်မိတယ် ..၊ ထား တောင်းပန်ပါတယ် .."

"မဟုတ်ဘူး .. အဲဒါမျိုး ကိုယ်လည်း မလိုချင်ဘူး၊ လက်ထပ်ယူ ထားတာ ကိုယ်ချည်းပဲ သာယာချင်လို့မှ မဟုတ်ဘဲကွ၊ 'မင်းအတွက် အရာရာ ကိုယ်' ဖြစ်ချင်တာလေ၊ မင်း ဖြစ်ချင်တာတွေကို ဖြည့်ဆည်း



www.burmeseclassic.com

www.burmeseclassic.com



ဖန်ဆင်းပေးနိုင်တဲ့ကိုယ် ဖြစ်နေရတာကိုပဲ ကျေနပ်ချင်တာ၊ အကြောင်းအမျိုးမျိုးနဲ့ ကိုယ် ပြန်လာလို့မရတဲ့အချိန်တွေမှာ မင်း ဘယ်လိုနေမလဲလို့ တွေးပူနေရတာတွေက မင်းအတွက် ဖြည့်ဆည်းပေးရမယ့် တာဝန်ဝတ္တရားတွေကို ထမ်းပိုးထားရတာထက် ပိုပြီး ပူပြင်း လေးလံတယ်သိရဲ့လား ..."

"ကိုကြီးရယ် .."

ထား ကိုကြီးရင်ခွင်ထဲ တိုးဝင်ပြီး တင်းကျပ်နေအောင် ဖက်ထားလိုက်မိသည်။

"ကိုကြီးကို အရမ်းချစ်တယ် .."

"ကိုယ့်ဘဝနဲ့ အရာအားလုံးကလည်း မင်းနဲ့ သားလေးပါပဲ"

ကောင်းမှူး က ထား ကိုင်ထားတဲ့အကျီကို ဆွဲယူကာ ပခုံးလေးပေါ်မှာ လွှားခြုံထားသည့်တဘက်ကို ဖယ်ချပစ်လိုက်သည်။ ထား က ရင်ဘတ်လေးကို လက်နှစ်ဖက်နဲ့ကွယ်ပြီး ရှက်ကိုးရှက်ကန်းလေးပြုံးတော့ မျက်နှာလေးကို မော့ယူလိုက်ကာ မျက်ရည်စတို့ကို သုတ်ပေးသည်။

"မငိုနဲ့တော့ .."

ဖြူစင် ဝင်းမွတ်သည့် ပခုံးစွန်းလေးကို ငုံ့နမ်းလိုက်ရင်း ...

"အန်တီမေ့ ကို တွေ့ချင်တယ်မို့လား.. ဒီညနေ ကိုယ် လိုက်ပို့မယ်"

"ဟင်!..."

"လိမ္မာအောင် နဲ့ပါ တွေ့လို့ရအောင် သူ့နဲ့ ကွန်တက်လုပ်ပေးထားမယ်၊ တကယ်ဆို ကိုယ်လည်း သိပ်သွားလာလို့ မကောင်းသေးတော့ ချက်ချင်း မပြန်ချင်ပါဘူး၊ အလုပ်တွေက ပစ်ထားသလို ဖြစ်ခဲ့တာကြာပြီလေ၊ အားလုံးက မင်းကို ညာတာဖေးမခဲ့ကြတာ သိရလို့လည်း သူတို့ကို နောက်ထပ် အလုပ်တွေ ပိမနေစေချင်ဘူး၊ နောက်ထပ်တစ်ခုက အလုပ်တွေရှုပ်နေမယ့်အချိန်မှာ မင်းနဲ့ သားကို မခေါ်သေးဘဲ ဟိုမှာ သွားရှင်းသင့်ပေမယ့် အဲဒီလို ကိုယ်က မနေနိုင်တော့ .."





"ကိုကြီးကလည်း ကိုကြီးက နေခဲ့ပါဦးဆိုရင်ရော ထား က နေခဲ့မယ် မှတ်လို့လား .."

"တကယ်လားကွာ .. နေခဲ့ဦးနော်လို့ ပြောလိုက်ရင်း 'အင်း'လို့ မင်း ခေါင်းညိတ်လိုက်မှာစိုးလို့ ကိုယ် ဟန်ဆောင်ပန်ဆောင်နဲ့တောင် မပြောရဲခဲ့ဘူး .."

"တွေ့လား .. ကိုကြီးပဲ ချစ်တယ်၊ လွမ်းတတ်နေတွယ်ပေါ့ .."

"အဲဒီလိုပဲ ကိုယ်က စခဲ့ရတာလေ .."

"ပြီးရော .."

ထား က နှုတ်ခမ်းလေးစူကာ သူ့လက်ထဲက အကျီကို ပြန်ဆွဲလုသည်။ ကောင်းမှူး က ရယ်လိုက်ပြီး အတင်းပြန်ဖက်ထားလျက် ...

"ကိုယ် ဝတ်ပေးမယ် .."

"ဟာ .. ကိုကြီးကလည်း မနေတတ်ပါဘူး၊ ဖယ်ပါ .. [illegible]"

"ကိုယ့်ယောက်ျားကို ရှက်စရာလားကွ .."

ရယ်သံများနှင့် လုံးထွေး ရစ်ပတ်နေစဉ် ...

"သမီးရေ .. ထား .."

"ရှင် .."

ထား တို့ အဝတ်လဲသည့်ကန့်လန့်ကာနောက်ကို ရောက်နေကြမှန်းသိတာနှင့် ဒေါ်စုစု အသံက ခပ်တွန့်တွန့်နောက်ပြန်ဆုတ်သွားပုံပေါ်လျက်

"ထွက်ခဲ့ဦး သမီး .. လိမ္မာအောင် ဖုန်းဆက်တယ် ..၊ ဆေးရုံက.."

"ဟင်!..."

"သမီးအမေ ဆေးရုံမှာတဲ့ .."

ရယ်မောခြင်းတွေ တခဏ တိတ်ကျသွားခဲ့သည့်နောက် ...၊ ကံကြမ္မာသာ အရာရာကို ဖန်ဆင်း၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၆)

"အမေ .. .."

ဝိုင်းခဲ့နေကြသည့် လူတွေထဲမှာ အမေ့ကို ဟုတ်ရဲ့လားလို့ ပြူးပြဲကြည့်နေရင်း ထား ခေါင်းပဲ ခါနေမိသည်။

"ညီမလေး .."

လိမ္မာအောင် သည် ငိုသံကြီးနှင့် ခေါ်ရင်း ထား ရဲ့ ပခုံးလေးပေါ် လက်တင်၏။ ဒါပေမယ့် ဘာမှ ဆက်မပြောနိုင်သေးဘဲ မျက်ရည်စက်တွေသာ ကျနေလေသည်။

"ရုပ်ပျက်ဆင်းပျက်ကြီးပဲ .."

"ခေါင်းတွေကွဲထားတာ စိစိညက်ညက်ကို ကြေနေတာဟဲ့၊ ပစ္စည်းလိုချင် ယူပေါ့ .. အသက်ကြီးတဲ့လူကို ဒီလောက် လုပ်စရာ မလိုပါဘူး"

"မဟုတ်ပါဘူး .. လူကို တမင်သတ်ချင်လို့ သတ်တာ အသိသာကြီး .."

"အေးလေ .. ပစ္စည်းလုရအောင် ဘာတွေ ပါမှာမို့လဲ .."

ဝိုင်းဝန်း ဝေဖန်သံတွေသာ ထား ရဲ့နားထဲမှာ ပဟေဠိတွေဖြစ်လိုက်၊ ညီမျှခြင်းကျသွားသလို အဖြေတစ်ခုခုကို မြင်ယောင်သလိုရှိလိုက်..၊





ဘာမှ မရေရာသေးသော်လည်း ရင်ဝမှာ ကျပ်ခဲ ဆို့နင့်လျက် ..၊ မျက်ဝန်းမှာ ပြည့်သိပ်နေခဲ့သည့် မျက်ရည်တွေကလည်း ပြိုဆင်းမလာ..၊

တင်းတင်းစေ့နေသည့် နှုတ်ခမ်းသားတို့က လှုပ်ခတ်နေပေမယ့် ရှိုက်သံနည်းနည်းလေးမှ မထွက် ..။

မနေ့ကမှ အမေ အိမ်ရှေ့ကို ရောက်လာခဲ့သေးသည်။

ဒါဆို ကိုယ်ပဲ အမြင်မှားခဲ့တာလား ..၊

"ညီမလေး .."

ကိုကို့အသံကို ထပ်ကြားလိုက်ပြန်သည်။ ပြီးတော့ ပခုံးချင်းထိအောင် တိုးကပ်လိုက်ပြီး လိမ္မာအောင် က ရှိုက်သံသဲ့သဲ့နှင့် ...

"နင် ပြန်ရင် လိုက်မယ်ဆိုပြီး အမေ နင့်ဆီကို ထွက်သွားတာ.."

ထား ကိုယ်လေး မသိမသာ တောင့်မတ်သွား၏။

"အငြိုး မသိအောင် မမြင်မစမ်းနဲ့ ထွက်သွားပြီး သူ့မှာ ပါသွားတာတွေကို ရိုက်လုခံလိုက်ရတာ .."

မဟုတ်ဘူး ..၊

ထား မျက်နှာ တက်ခနဲ မော့လာကာ လိမ္မာအောင့် ကို စူးစိုက်ကြည့်၏။

"ဘာပြောလိုက်တယ် ကိုကို .."

"နင့်ကိုပဲ တမ်းတပြီး အမေ ခိုးထွက်သွားတာ ထား ..၊ အလောင်းကို .."

"အမေက မမြင်မစမ်းနဲ့ အထုပ်ပိုက်ပြီး ကြမ်းပေါက်က ခိုးဆင်းတယ်ပေါ့ .. ဟုတ်လား ..၊ ကိုကို့ကို ဘယ်သူ ပြောတာလဲ .."

အငြိုး လို့ စိတ်ထဲမှာ ဖြေဖို့ရှိပေမယ့် ထား မျက်လုံးတွေ စူးစူးရဲရဲ ဖြစ်နေတာကို မြင်တော့ ရုတ်တရက် မဖြေဖြစ် ..။

သူ့ကိုယ်တိုင် ဒီအခြေအနေအထိ အငြိုး စိတ်ကောက်နေခိုင်တာကို အောင့်သက်သက်နဲ့ နားလည်ပေးနေခဲ့ရတာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး မောင် ...၊ သေနေကာမှတော့ လိုက်ငိုနေလည်း အပိုပဲ၊ အငြိုး ဟန်လည်း မဆောင်ချင်ဘူး .. မောင့်အမေက သူ ချစ်တဲ့သူနဲ့ မုန်းတဲ့သူကို ခွဲခြားပြသွားပြီးပြီ၊ သူပိုင်တာ သူပိုက်ပြီး မနေချင်တဲ့နေရာကို ကျောခိုင်းသွားတာ.. သေသွားပြီဆိုပြီးရင်လည်း အငြိုး မျက်ရည်ကျလို့ မရတော့ဘူး"တဲ့ ...။

သူလည်း သည်းခံခဲ့ရှာတာပဲ .. သူ့ဘက်က လွတ်လပ်စွာ ခံစားခွင့်ရှိတယ်လို့ တွေးပြီး တစ်ယောက်တည်းပဲ ဆေးရုံကို လိုက်ခဲ့ရတဲ့အဖြစ်...၊

"ကိုကို ပြောလေ .."

ထား က သူ့ဘက်ကို တည့်တည့်လှည့် ရင်ဆိုင်ရင်း ...

"အမေ ကိုကို့အိမ်က ကားနဲ့ ထွက်သွားတာ ထား ကိုယ်တိုင် မြင်လိုက်တာ .."

"ဘာ!..."

"ဘာကြောင့် ထွက်လာမှန်း မသိဘူး .. အနားမှာ ဘယ်သူတွေ ပါသေးလဲလည်း မသိဘူး၊ ဒါပေမယ့် အဲဒီနေ့ညနေမှာပဲ အမေ အသတ်ခံရတာ.. ကိုကို အမေ့ကိုပစ်ထားပြီး အငြိုး ပြောသမျှ ဘာဖြစ်လို့ ယုံနေရတာလဲ .."

မျက်ရည်စက်တို့ ပါးပြင်ပေါ် ဖြတ်ဆင်းသွားကြပေမယ့် ထား အမူအရာတွေမှာ ရှိုက်ငို ကြေကွဲနေခြင်းတို့ မရှိဘဲ နိုင်မာပြတ်သားသည့် စကားသံတို့သည် ...၊

"အမေ့ကို ပစ်ထားပြီး ကိုကို ဘယ်တွေ သွားနေတာလဲ ...၊ ဘယ် အလုပ်တွေ ဒီလောက် အရေးကြီးနေတာလဲ .."

အငြိုး ရဲ့ တစ်သွေး တစ်သံ တစ်မိန့်ကြောင့်ဆိုတာ ဖျတ်ခနဲ ပေါ်လာပြီး လိမ္မာအောင့် မျက်နှာ အုံ့မှိုင်း ညိုမှောင်သွား၏။

"အမေ သေရတဲ့အထိ ကိုကို ဥပေက္ခာထားခဲ့တာ အဲဒါ သားလိမ္မာလား ...၊ ပြောပါဦး ကိုကို .. ကိုကို အမေ့ကို အိမ်ထဲမှာ ထား ...၊





ကျွေးမွေးနေရုံနဲ့ အမေ့အပေါ်မှာ သိတတ်တဲ့ သားလိမ္မာဆိုပြီး ဂုဏ်ယူနေတာလား ...၊ အဲဒီအမေက သံပရာသီးကို ကြိုးကြာဥပါလို့ ညာကျွေးတဲ့ ချွေးမမျိုးရဲ့လက်ထဲ ရောက်နေရတာဆိုရင် .. ကိုကိုက ဘယ်လိုလူလဲ .. စဉ်းစားကြည့်ပါဦး .."

လိမ္မာအောင့် မျက်နှာမှာ အမျိုးမျိုးသော ပြောင်းလဲခြင်းတို့ဖြင့် တင်းမာခြင်းတို့ ပိုကဲလာ၏။ ထား က ဂရုမစိုက်တော့ပေ ...။

"အခု ကိုကို လိမ္မာလွန်းလို့ အမေက ခိုးသားငါးရာသတ်လို့ သေပြီ"

"ထား .."

"အခု အငြိုး က ပါမလာဘူးပေါ့ ...၊ ဘယ်လို သရုပ်ဆောင်ပညာတွေ သုံးလိုက်လို့ ကိုကိုက ကျေနပ်ကြည်ဖြူစွာ ထားခဲ့ရတာလဲ .."

ထား က မျက်ရည်တွေကို ပွတ်သပ် ဖျက်ချလိုက်ပြီး နေရာမှ ချာခနဲ လှည့်ထွက်သွား၏။

"ညီမလေး .."

"ဖယ်ပေး ကိုကို... ဒါ သည်းခံနေရမယ့်အပိုင်း မဟုတ်တော့ဘူး"

ဘေးကနေ လက်ကိုဆွဲတော့ ထား က ခါချပစ်၍ ...

"သည်းခံခဲ့တာတွေက ကြောက်လို့ မဟုတ်ဘူးဆိုတာ သူ သိမှ ဖြစ်မယ် ...၊ အမေ့ကို သူ သတ်တာ .."

မောင်နှမနှစ်ယောက် ပုံပန်းမကျစွာ ထွက်လာကြတာ မြင်သည်နှင့် အပြင်မှာ စောင့်နေသော ကောင်း စိုးရိမ်သွားသည်။

"ထား .. ဘယ်ကိုလဲ .."

တားဆီးမယ့်သူတွေကို ဂရုမစိုက်ဘဲ ထား က ကားတွေဆီ ရောက်အောင် အပြေးတစ်ပိုင်း သွားသည်။

ထိုစဉ် ပါကင်မှာ သေချာမထိုးဘဲ လာရောက် ရပ်တန့်သွားသည့် ကားပေါ်ကနေ ဆင်းလာတာ အငြိုး ...၊

"အငြိုး .. .."



www.burmeseclassic.com

www.burmeseclassic.com



ထား ခြေလှမ်းတွေ တုံ့ခနဲ ဖြစ်သွားပြီးမှ နှုတ်ဖျားက ရေရွတ်ရင်း ဆက်လျှောက်သွားသည်။

သူမဆီ လှမ်းလာကြသည့်လှသိုက်ကို မြင်လိုက်သည်နှင့် အငြိုး မျက်နှာလေး တစ်ချက်ပျက်သွား၏။

လိမ္မာအောင် က ရှေ့က ကာသည်လည်း မဟုတ်ဘဲ အငြိုး နားကို အရင်ရောက်အောင် သွားကာ ဘေးမှာပဲ ရပ်နေလိုက်ပြီး ...

"အမေ မနေ့က အိမ်ကကားနဲ့ ထွက်သွားတာဆို .."

လိမ္မာအောင့် ထံမှ မေးခွန်းထွက်လာသော်လည်း အငြိုး က သရုပ်ဆောင်ပညာကို ကျွမ်းကျင်အဆင့်နှင့် အောင်မြင်လာခဲ့တဲ့အတိုင်း တည်ငြိမ်သည့်အကြည့်တို့ဖြင့် နှစ်ယောက်စလုံးကို ကြည့်သည်။

ပြီးတော့ သိထားကြသဖြင့် မလှမ်းမကမ်းကနေ လိုက်ပါ စပ်စုကြသော လူရိပ်တွေဆီ ခပ်မှဲ့မှဲ့ တစ်ချက်ဝှေ့ကာ ...

"မောင်တို့ကို လုံးဝ ပေးမတွေ့ရဲလောက်အောင် စိုးရိမ်နေရတာ.. အဲဒီသံယောဇဉ်တွေကို သိနေလို့ပဲ .."

မျက်ရည်တို့ဖြင့် မျက်ဝန်းတို့ကို ပြိုးပြက်လက်စေကာ မချိတရိ ခံစားသွားရသည့်ကြေကွဲမှုတို့ ဝိပြင်လျက် ..၊ နောက်ထပ်အကြည့်က ကောင်းမှုး ထံ ဝှေ့၏။

"အငြိုး တစ်သက်လုံး သည်းခံ ပေးဆပ်ခဲ့ရတာတွေက မောင့်ညီမ ဆိုတဲ့ ထား ရဲ့ ခဏလေး ပြောစကားတွေအောက်မှာ ပိပြားကြေမွကုန်ပြီပေါ့ .."

"ဒါတွေ ဒီအချိန်မှာ ရှင်းနေရမှာ မဟုတ်ဘူး အငြိုး ..၊ မောင် မေးတာကို ဖြေ .."

"မောင်နဲ့ အငြိုး သိထားပြီးသားတွေပဲ .. ဘာကို ထပ်ဖြေရမှာလဲ..၊ ပစ္စည်းတွေနဲ့ သွားရမှာမို့လို့ သူ့ဟာသူ လုံခြုံအောင် ကားခေါ်သွားတာ နေမှာပေါ့၊ အငြိုး မသိအောင် ထွက်သွားတယ်ဆိုတာ မောင် မယုံဘူး





လား .."

လိမ္မာအောင် တွေဝေသွားပြန်သည်။ ခဏလေး ငိုင်သွားသည့် အချိန်မှာ ထား တစ်ယောက်တည်း မြင်အောင် ကောက်ကျစ်စွာ မဲ့ပြုံးလိုက်သော နှုတ်ခမ်းတို့က အောင်နိုင်သူလို ..၊

ထား မျက်လုံးတွေ ဝိုင်းသွား၏။ ပြီးတော့ တဖြည်းဖြည်း ကျဉ်းမြောင်းသွားပြီး အံကြိတ်မိသည်။ အငြိုး ရဲ့ မဲ့ပြုံးမှာ သူမ အဖြေတွေ့လိုက်ပြီ ဖြစ်သည်။

"သိဝ်ချစ်ကြတဲ့ သားအမိကို ငါ့လက်ခုပ်ထဲ ထည့်ထားတာလေ"

"ဘာဆက်လုပ်မလဲဆိုတာတော့ စောင့်ကြည့်လိုက် .."

"ဒေါ်ယဉ်မေ က ငါ အမုန်းဆုံးလူပဲ .."

နားထဲမှာ ကြားခဲ့ဖူးသည့်စကားတွေပဲ အထပ်ထပ် ပြန်ကြားလာခဲ့သည်။ စူးစိုက်ကြည့်နေမိသော အငြိုး ရဲ့ မဲ့ပြုံးကလည်း ခိုင်မြဲနေဆဲ..၊

ထား လက်သီးလေးနှစ်ဖက်ကို ဆုပ်ကျစ်လိုက်မိရင်း ...

"ငါ သိတယ် .. အမေ့ကို နင် သတ်တာ ..၊ စန်းရီ ကို ထောင်ချလိုက်သလို .."

"ဘာ!..."

လိမ္မာအောင့် အသံ ထွက်လာသည်နှင့် ဆံပင်တွေဖုံးအောင် ငိုက်ချပြုံးနေသည့် အငြိုး မျက်နှာလေး ကွက်ခနဲ ပျက်သွားပြီး မော့လာ၏။

"ဖြစ်သွားပြန်ပြီလား မောင် .. ဒီတစ်ခါ အငြိုး ကို အယုံအကြည်မဲ့တဲ့စကား မောင် ထပ်ပြောရင် အငြိုး တစ်ခုခုလုပ်ပြီး သက်သေပြတော့မယ် .."

ပြောပြီး ခြေနှစ်လှမ်းလောက် နောက်ပြန်ဆုတ်သည်။ လိမ္မာအောင် အသံတိတ်သွားပေမယ့် ထား က သူမခြေလှမ်းအတိုင်း လိုက်တိုး...

"သူ့ကို သက်သေမပြလည်း နင် ပြောတိုင်း ယုံနေတဲ့သူ... ငါကတော့ မယုံဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဖြန်း .."

မျက်နှာချင်းဆိုင် ရပ်လိုက်တာနှင့် ရိုပ်ခနဲ လွှဲရိုက်လိုက်သည့် ရိုက်ချက်က အရှိန်ပြင်းစွာ ကျ၏။ အငြိုး နောက်ထပ် ယိမ်းယိုင် နောက်ဆုတ်သွားပြန်သည်။

ပြန်လည် တည့်မတ်လာသည့်မျက်နှာက နီရဲညိုပုတ်နေကာ ...

"နင်ကလား .. ငါ့ကို .."

"မမ.. နောက်ဆုတ်လိုက် .."

မထင်မှတ်သည့်အချိန်လေးမှာ ထား တို့ရှေ့ကို ရောက်လာတာက စန်းရီ ဖြစ်နေ၏။ သူမ မျက်နှာမှာ ကြောက်ရွံ့မှုတွေ ရှိနေပေမယ့် နှုတ်ခမ်းလေး ကိုက်ထားတာလည်း မြင်ရကာ အားလုံးကို ကြည့်၏။

ပြီးတော့ လိမ္မာအောင် ကို ရင်ဆိုင်ကာ ...

"ကျွန်မကို သူပဲ နိုင်းပြီးတော့ အိတ်ထဲမှာ ရွှေတွေ ထည့်လွှတ်လိုက်တာ အစ်ကိုလေး ..၊ မေမေကြီးကို သူ နှိပ်စက်သမျှ ကျွန်မက သိပြီး မမကို သတင်းပေးမိတာနဲ့ပဲ ထောင်ချတဲ့နည်းနဲ့ နှုတ်ပိတ်ဖို့လုပ်တာ ..၊ အဲဒါကို ဘဘဉီးမြ်း က ပြန်ထုတ်လာပေးလို့ .."

"ဟဲ့ ကောင်မ .. အကျင့်ပျက်တဲ့ပါးစပ်နဲ့ လာမပြောနဲ့.. ဖယ်စမ်း"

"အငြိုး မလုပ်နဲ့ ..၊ ဟေ့ .."

စန်းရီ ကို အင်အားနဲ့ ဆောင့်တွန်းပစ်လိုက်သဖြင့် လိမ္မာအောင် ဝင်ဆွဲလိုက်ပေမယ့် မမီ ..၊ စန်းရီ သည် ပိုးစိုးပက်စက် လဲကျသွားမှ ဒေါသနှင့်ပေါင်း၍ အော်ကြီးဟစ်ကျယ် ဖြစ်လာ၏။

"သူ အရမ်းယုတ်မာတာ အစ်ကိုလေး ..၊ မေမေကြီးကို သူပဲ ရူးအောင် လုပ်တာ၊ သူ့ဆရာနဲ့သူ ကြံစည်ပြီး လုပ်ကြံတာ၊ ရေနွေးပူလောင်အောင် .. ငတ်ပြတ် ချိနဲ့အောင် .. ကြောက်လန့် ရူးသွားအောင်.. သူပဲ အမျိုးမျိုးကြံခဲ့တာ၊ မေမေကြီးပစ္စည်းတွေကို ယူပြီး လူကိုပါ အားရအောင် နှိပ်စက်ပြီးမှ သတ်ဖို့ သူ နေတိုင်း ကြိမ်းဝါးနေတာပဲ .."





"တောက် .."

ဝိုင်းဝန်း အုံခဲနေအောင် များလာသည့် လူတွေထဲမှာ ရှက်တာရော.. တဆစ်ဆစ် နာကျင်လာတာတွေရော .. မျက်ရည်တွေ အဆက်မပြတ် ကျလာခဲ့၏။

"တော်တော် ယုတ်မာတဲ့ မိန်းမ .. နင် .."

ထား အတင်းပြေးထွက်ကာ နောက်ထပ် ပါးရိုက်ဖို့ ကြိုးစားလျှင် အငြိုး က လက်ကိုင်အိတ်ထဲက ဓားထုတ်နေပြီမို့ ယောကျ်ားနှစ်ယောက်စလုံး ပျာယာခတ်သွား၏။

"ဟိတ် .."

"ထား .. မကပ်နဲ့ .."

ကောင်းမှူး က အငြိုး လက်ထဲက ဓားကို ပုတ်ထုတ်ပစ်ကာ လိမ္မာအောင် က ထား ရှေ့က ကာကွယ် ရပ်ထားလိုက်၏။

ဓားလွတ်ကျသွားသည့် အငြိုး သည် အခြေအနေကို ကြည့်၍ နာကြည်းခံပြင်းစွာ မဲ့လိုက်သည်။ ပြီးတော့ နောက်ပြန် တစ်လှမ်း နှစ်လှမ်း ဆုတ်နေရင်းကနေ ဖျတ်ခနဲ လှည့်ပြေး၏။

သူမနောက်ကို မရမက လိုက်ဖမ်းကြဖို့ ဘယ်သူမှ စိတ်ကူးမိခြင်း မရှိသေးဘဲ ကံကြမ္မာက သူမအတွက် ထိုက်တန်သည့် အပြစ်တစ်ခုကို အယူခံဝင်ခွင့် မပြုတော့ဘဲ ချမှတ်ခဲ့လေသည်။

"ဒုန်း .."

"အား!..."

မိမိဘာသာ ခြေချင်းချိတ်ကာ နောက်ပြန် ပက်လက်လဲကျသွားစဉ် တမင်းကတန်း ဘက်ခ်ဆုတ်လာသည့် ကားတစ်စီး၏ နောက်ဘီးအောက်မှာ လည်စင်းပေးလိုက်သလို ဖြစ်သွား၏။

"ဟာ!..."

"လည်ပင်း ပြားပြီ .."



www.burmeseclassic.com

www.burmeseclassic.com



"သေကုန်ပြီလား .."

"ပွဲချင်းပြီးပဲ .."

"အဲဒါပဲ .. ယုတ်မာတာကိုး .. ဖြစ်မှာပေါ့ .."

ကြားလိုက် မြင်လိုက်တဲ့လူတိုင်း သနားစုပ်သပ်သည့် စကားသံ ထွက်မလာခဲ့ပေ။ လူအုပ်ကြီးသာ ပိုမို ထူထပ်လာခဲ့ပြီး စောစောကလို ဒေါသစကား ..၊ ခနဲ့သံ .. ရွံ့သံများ အားလုံးတို့ ဆိတ်သုဉ်းသွားခဲ့၏။

ထား သည် မြင်ကွင်းကို မကြည့်ရဲသဖြင့် လီမွှာအောင့် ရင်ခွင် ထဲမှာ မျက်နှာလေး ကပ်ကွယ်နေခဲ့ပြီး ...

"ကိုကို .."

ငိုမလွယ် အရှိက်ခက်သော လီမွှာအောင့် ရဲ့ဆုပ်ထားသည့်လက်သီး တို့ တဆတ်ဆတ် တုန်နေတာ သတိထားမိသွားခဲ့၏။

ဒီလို ရည်ရွယ်ခဲ့တာဖြင့် မဟုတ်ခဲ့ပါ ..။

"ကိုကိုရယ် .. ထား တောင်းပန်ပါတယ် ..၊ ကိုကို့ကိုလေ .."

"တော်တော့ .."

လီမွှာအောင် က ထား ကိုယ်လေးကို ရင်ခွင်ထဲက ခွာ၍ အနား ရောက်လာသည့် ကောင်းမှုုး ဆီ တွန်းပို့သည်။

"ငါ့ကို ခွင့်လွှတ်ဖို့ပဲ ကြိုးစားပေးပါ .."

တိုးသဲ့သည့် စကားသံနှင့် ဆို၍ သူတို့ကို ကျောခိုင်း၏။

အရာရာကို အကောင်းတိုင်း ဖြစ်စေချင်သော်လည်း ..၊

ပရိသတ်အတွက်
ထားဝရ



BURMESE CLASSIC .com

www.burmeseclassic.com